၁၄၉၈

ငါးရာ့ငါးဆယ်

# နိပါတ်တော်စကားပြေ

## ပဉ္စမတွဲ

( စတုက္ကနိပါတ် ကုဋိဒူသကဇာတ်မှ-သတ္တကနိပါတ်
ဒဗ္ဗပုပ္ဖဇာတ် အထိ၊ ဇာတ်ပေါင်း ၁၀။ )

မဟာပညာဗလ-ပဌမကျော်ဦးကြီးဝေ
ရေးသားစီရင်သည်။

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၈

# နိဒါန်း

စိရံ တိဋ္ဌတု သဒ္ဓမ္မော။ ။သဒ္ဓမ္မော၊ သူတော်ကောင်း တရားသည်။စိရံ၊ကြာမြင့်စွာ။တိဋ္ဌတု၊ တည်ပါစေသတည်း။

## နိပါတ်တော်

ငါးရာ့ငါးဆယ် နိပါတ်တော်မှာ မြတ်စွာဘုရား ဟော ကြားတော်မူအပ်သော နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ တွင် ခုဒ္ဒကနိကာယ် သုတ္တန်ပိဋကတ်အဝင်အပါ ပါဠိဇာတ် ပါဠိတော်ပင် ဖြစ်ပါသည်၊ ထိုပါဠိဇာတ် ပါဠိတော်ကို ဧကကနိပါတ်အစ အသီတိနိပါတ်အဆုံး အခဏ်းပေါင်း နှစ်ဆယ့်တခဏ်း၊ ဇာတ်ပေါင်း ငါးရာ့သုံးဆယ်ခုနစ်ဇာတ် တို့ဖြင့် တန်ဆာဆင်ကာ ဟောကြား ထားပါသည်၊ မဟာ နိပါတ် ဇာတ်ပေါင်း တဆယ် ဇာတ်ကြီး ဆယ်ဖွဲ့ တို့နှင့် ပေါင်းလျှင် ငါးရာ့လေးဆယ်ခုနစ်ဇာတ်တို့ ဖြစ်ပါသည်၊ အခေါ်အဝေါ်လွယ်ကူစေရန် ဇာတ်သုံးဇာတ် လျော့နေ သော်လည်း ငါးရာ့ငါးဆယ် နိပါတ်တော်ဟု ခေါ်ဝေါ် စမှတ်ပြုကြပါသည်။

## အဋ္ဌကထာ

ပါဠိဇာတ် အဋ္ဌကထာကို သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူစဉ်- အရှင်မဟာ ဗုဒ္ဓဃောသ မထေရ် ပြုစီရင်တော်မူသည်၊ သာသနာသက္ကရာဇ် (၉၃၀) လောက်တွင် မြန်မာပြည် အောက်ပိုင်း သထုံမြို့သို့ ရောက်လာသည်၊ သာသနာ

သက္ကရာဇ် (၁၆၀၀) ကျော်၊ ကောဇာသက္ကရာဇ်(၄၀၀) ကျော်လောက်တွင် မြန်မာပြည်အထက်ပိုင်း ပုဂံပြည်သို့ အနော်ရထာမင်း ဆောင်ယူတော်မူသဖြင့် တပြည်လုံး တဖြည်းဖြည်းပျံ့နှံ့ခဲ့ပါသည်။

## ဋီကာများ

ပါဠိဇာတ်ဋီကာတို့တွင်လီနတ္ထပကာသနီမည်သောဋီကာ ဟောင်းကို သီဟိုဠ်ကျွန်း အနုရာဓမြို့ ဗဒရတိတ္ထကျောင်း၌ သီတင်းသုံးတော်မူသော ဆရာဓမ္မပါလမထေရ် ပြုစီရင်တော်မူသည်၊ အသမ္မောဟဝိလာသိနီမည်သော ဋီကာသစ်ကိုကား၊ မြန်မာပြည်ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်း လက်ထက် မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာရာမတိုက်တော်၌ သီတင်းသုံးတော်မူသော "ပညာသာမိ သိရိကဝိဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်တော်ရ မောင်းထောင်ကြီးရွာ ဇာတိ ဒုတိယမောင်းထောင် ဆရာတော် ပြုစီရင်တော် မူပါသည်။

## နိသျနှင့်ဂဏ္ဌိများ

ပါဠိဇာတ် ပါဠိတော် နိသျနှင့် အဋ္ဌကထာနိသျများကို ဆရာတော် အသီးသီးတို့ စီရင်တော်မူကြသည်၊ ဇာတက-ဝိသောဓနီခေါ် ပါဠိဇာတ်ဂဏ္ဌိကို စစ်ကိုင်းမြို့ ထူပါရုံစေတီ တော်ဒါယကာ နရပတိမင်းလက်ထက် ပင်းယမြို့ စကား အင်းရွာဇာတိ အရိယဝံသမဓမ္မသေနာပတိမထေရ် ပြုစီရင် တော်မူပါသည်။

## ဝတ္ထုများ

ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုကို ဒိပဲယင်းမြို့ မုံတိုင်ဆရာတော်ပြုစီရင်တော်မူသည်ဟု ပိဋကတ်သမိုင်းတွင် အဆိုရှိသည်၊ စာအုပ်ရိုက်၍ ယခုသုံးစွဲလျက်ရှိသော ငါးရာ့ငါးဆယ်နိပါတ် ဇာတ်ဝတ္ထုကိုကား၊ ဘိုးတော်မင်းတရားလက်ထက် ကောဇာသက္ကရာဇ် (၁၁၀၁) ခုတွင် မင်္ဂလာဘုံကျော်ကျောင်း၌ သီတင်းသုံးတော်မူသော "ကဝိန္ဒာ-ဘိဝံသ သိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ဒုတိယ ညောင်ကန်ဆရာတော်- ပြုစီရင်တော်မူပါသည်။

## အနှစ်သာရများ

ထိုငါးရာ့ငါးဆယ် နိပါတ် ဇာတ် ဝတ္ထုတို့မှာ ဓမ္မကြောင်း, လောကကြောင်း,ရာဇကြောင်း စုံလင်လှသည်၊ စီးပွါးရေး,ကြီးပွါးချမ်းသာရေး,ကျန်းမာရေး, ပညာဉာဏ်ဗဟုသုတတိုးပွါးရေး, လိမ္မာယဉ်ကျေးရေး, ပေါင်းသင်းဆက်ဆံရေး စသည်တို့နှင့် ပြည့်နှက်လျက်ရှိသည်၊ မှတ်ယူသုံးစွဲ၍ မကုန်နိုင်အောင် အနှစ်သာရအမျိုးမျိုးနှင့် ပြည့်စုံလှလောက်သည်၊ ငါးရာ့ငါးဆယ် နိပါတ်ဇာတ်ဝတ္ထုတို့၌ လိမ္မာကျွမ်းကျင်ပါလျှင်၊ သူတပါးတို့ မှီခိုအားထားရာ, ကိုးကွယ်ရာ,ဆည်းကပ်ပူဇော်ရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတဦးဖြစ်လာနိုင်ပါသည်။

## ရှေးခေတ်အခါ

ရှေးခေတ်အခါက ပျို့,ကဗျာ,လင်္ကာ,ချောင်း,မော်ကွန်း, သမိုင်း,သံပိုင်း, ရတု,သီချင်းကြီး, သီချင်းခံ,ကြိုး,ပတ်ပျိုး,

ယိုးဒယားစသည့်တို့ကို ဖန်တီးကြသော ကဗျာပါရဂူကြီးတို့မှာ၊ ထိုငါးရာ့ငါးဆယ်နိပါတ်ဇာတ်ဝတ္ထုတခုခုကိုပင် မူတည်ကြရသည်၊ ဝတ္ထု, ပုံပြင်, ပြဇာတ်စသည့်တို့ကို ရေးသားကြသော ပညာရှိတို့လည်း ထိုငါးရာ့ငါးဆယ်နိပါတ်ဇာတ်ဝတ္ထုတို့ကို အမှီပြု၍ ရေးသားကြရသည်၊ ကပြသော ပွဲလမ်းသဘင်တို့၌လည်း နှစ်ပါးသွားခန်း, လွမ်းခန်း, ဆွေးခန်း၊ အကြမ်း,အနု,ဇာတ်လမ်း, ဇာတ်ကွက်ဖော်၍ သရုပ်တင်ကာ လူအများရှုစားချင်လောက်အောင်လည်း ထိုငါးရာ့ငါးဆယ်နိပါတ် ဝတ္ထုတို့ကိုပင် ကပြအသုံးခံကြရပါသည်။

## အခက်အခဲများ

ယခုခေတ်အခါ၌ကား ရှေးခေတ်အခါ ပညာရှိတို့လို ပါဠိဘာသာကို ကောင်းစွာ မကျွမ်းကျင်ကြသဖြင့် ရှေးဟောင်းဖြစ်သော ဇာတ်ပါဠိတော်, အဋ္ဌကထာ, ဋီကာ, နိဿျ, ဂဏ္ဌိ, ဝတ္ထုစကားပြေတို့ကို မကြည့်ရှုနိုင်ကြသောကြောင့် ပညာဗဟုသုတလိုလားရှာမှီးသူများ အတွက် အခက်အခဲနှင့် ရင်ဆိုင်တွေ့နေကြရသည်၊ ရှေးဟောင်းဖြစ်သော နိပါတ်ဇာတ်နိဿျ, ဝတ္ထုစကားပြေတို့လည်း ဇာတ်ပါဠိတော်,ဇာတ်အဋ္ဌကထာပါဠိတို့၏ဘာသာပြန်များသာဖြစ်သဖြင့် စကားဝါကျအထပ်ထပ်ပါနေခြင်း, မပြေမပြစ်ရှိခြင်း, ကျယ်ဝန်းခြင်း, ပါဠိနှင့်အနက်ရောထွေးနေခြင်း, စကားအသုံးအနှုန်း ရှေးကျနေခြင်းတို့ကြောင့် ယခုခေတ်လူများ လွယ်ကူစွာမသိနိုင်၊ မသုံးစွဲနိုင်၊ သို့အတွက် အကျွန်ုပ်တို့သည် လွန်ခဲ့သောနှစ်ပေါင်း (၂၅) နှစ်လောက်

ကပင် ခေတ်လူများနှင့် လျော်အောင် ပေါ်လွင်ထင်ရှား သော နိပါတ်တော်စကားပြေကို ရေးသားမည်ဟု ကြံစည် ခဲ့ပါသည်၊ သို့သော်လည်း အလုပ်ချိန်မရ အကြောင်းမညီ ညွတ်သဖြင့် အထမမြောက်ခဲ့ပါ။

## သူဌေး ဦးညွန့်

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးအေးငြိမ်း၍လာသောအခါ ရှေးအခါက ကြံစည်ခဲ့ဘူးသော နိပါတ်တော်စကားပြေကို ရေးသားရန် တဖန်သတိရပြန်၏၊ ထိုအခါ ရန်ကုန်မြို့ ဟံသာဝတီတိုက်ရှင် သူဌေးဦးညွန့်အား ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေ ရေးသားရန် ပြောကြားပါ၏၊ သူဌေးဦးညွန့်လည်း ရတနာသုံးပါးကို လေးစားယုံကြည် လျက် အစလသဒ္ဓါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး ဖြစ်သည့် အလျောက်အမြန်ရေးသားပါရန်တိုက်တွန်းပါ၏၊အကျွန်ုပ် လည်း နှစ်ပေါင်းများစွာ ကြံစည်လာခဲ့သော အကြံအစည် ကြီး ပြီးမြောက်ပေပြီ၊ မိမိ၏ပညာဉာဏ်ကို အရင်းခံကာ အတိုင်းမသိ အကျိုးများသော ဓမ္မဒါနကုသိုလ်ကြီးကို ပြုရ ပေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ မနေမနား ရေး သားလာခဲ့ရာ၊ ထိုနိပါတ်တော်စကားပြေသည် ဘေးရန် ကင်းလျက် တဆယ့်ရှစ်လပြည့်သောအခါပြီးစီးအောင်မြင် ခြင်းသို့ရောက်ခဲ့ပါသည်။

## ဥယျောဇဉ်

အို–ပညာရှိ သူတော်ကောင်း အပေါင်းတို့···· အနှစ် သာရနှင့်ပြည့်ဝစုံလင်သော ဤနိပါတ်တော် စကားပြေကို ကြည့်ရှုလေ့ကျက် မှတ်သားကြပါကုန်၊ လောကီ, လော

ကုဏ္ဍရာ ပညာဗဟုသုတနှင့် ပြည့်စုံကြလျက် လူအများတို့ အားထားမှီခိုရာဖြစ်ကြပါကုန်၊ ပစ္စုပ္ပန်,သံသရာ,အတ္တ,ပရ နှစ်ဝသော အကျိုးတို့ကို သည်ပိုးရွက်ဆောင် ကြပါကုန်ဟု ကောင်းမြတ်သော စိတ်ဖြင့် နှိုးဆော် တိုက်တွန်း အပ်ပါ သတည်း။

ဦးကြီးဖေ-ပဌမကျော်

# မာတိကာ

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

## ၃။ ကုဋိဒူသကဝဂ်


၃၂၁ ကုဋိဒူသကဇာတ် ... ၁

အရှင်မဟာကဿပ၏ ကုဋိကျောင်းငယ်ကိုမီးရှို့ ဖျက်ဆီးသည့်ရဟန်း၏ အတိတ်ဘဝ မျောက်ဖြစ်စဉ်က ငှက်သိုက်ကိုဖျက်ဆီးခဲ့သောအကြောင်း။

၃၂၂ ဒုဒ္ဒုဘဇာတ် ... ၇

ထန်းရွက်ပေါ် အုပ်ရှစ်သီးကြွေကျရာ မြေပြိုပြီဟု ထင်၍ ပြေးသော ယုန်ငယ်နောက်သို့ တောတိရစ္ဆာန်အားလုံး အဆင်အခြင်မဲ့ကာ လိုက်ပြေးကြခြင်းအကြောင်း။

၃၂၃ ဗြဟ္မဒတ္တဇာတ် .... ၁၂

အလွန်ကြည်ညိုသော ဗြဟ္မဒတ်မင်းကြီးကိုပင်အကြည်ညို ပျက်မည်စိုးသဖြင့် ထီးဘိနပ်ကိုအလိုရှိလျက် မတောင်းဘဲနေခဲ့ရာ ၁၂-နှစ်ကျော်မှ တောင်းဖြစ်သောရသေ့အကြောင်း။

၃၂၄ စမ္မသာဋကဇာတ် ... ၁၈

ဝှေ့ခတ်ရန် သိုး၏နောက်ဆုတ်ခြင်းကို မိမိအား အရိုအသေပြုသည်ဟုထင်၍ သိုးကို ရှိခိုးကျူးနေစဉ် သိုးဝှေ့ခတ်သဖြင့် သေဆုံးရသည့် စမ္မသာဋကပရိဗိုဇ်အကြောင်း။

၃၂၅ ဂေါဓရာဇဇာတ် .... ၂၁

မိမိအား နေ့စဉ်ရှိခိုးပူဇော်လေ့ရှိသော ဖွတ်မင်း၏အသားကိုစားလို၍ လက်ရိုက်ဖြင့် စောင့်နေသော ရသေ့ပျက်အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၃၂၆ ကဏ္ဍာရဇာတ် ... ၂၅
ကိုယ်ကျင့် သီလရှိခြင်း စိတ်ထား မြင့်မြတ်ခြင်း စသောဂုဏ်တို့နှင့်ပြည့်စုံသူမှသာ ပန်ဆင်ထိုက်သော ကဏ္ဍာရနတ်ပန်းကို ဂုဏ်မရှိဘဲ ဂုဏ်ရှိပါသည်ဟု မုသားဆိုကာ နတ်သား ၄-ဦးထံတောင်း၍ပန်ဆင်ရာ ဆင်းရဲကြီးစွာခံစားရသော ပုရောဟိတ်ပုဏ္ဏားအကြောင်း။

၃၂၇ ကာကဝတီဇာတ် ... ၃၁
ဗြဟ္မဒတ်မင်းထံမှဆောင်ကြဉ်းခဲ့၍ဂဠုန်မင်းသိမ်းပိုက်ထားစဉ်မှာပင် စောင်းသမားနှင့်တွေ့၍ ဖောက်ပြန်သော ကာကဝတီမိဖုရားအကြောင်း။

၃၂၈ အနနုသောစိယဇာတ် ... ၃၅
မောင်မယ်စုံတောထွက်၍ ရသေ့ ရဟန်းပြုနေရာ ရသေ့မသေလွန်သောအခါတွင် အနည်းငယ်မျှ စိုးရိမ်မှုမရှိသော ရသေ့အကြောင်း။

၃၂၉ ကာဠဗာဟုဇာတ် ... ၄၁
နှစ်လိုဘွယ်ပြုသဖြင့် နန်းတော်တွင် အစဉ်နေရသော ကျေးသားညီနောင်နှင့် နှစ်လိုဘွယ် မပြုသဖြင့် မကြာမီ အနှင်ခံရသော ကာဠဗာဟု မျောက်ညိုအကြောင်း။

၃၃၀ သီလဝီမံသဇာတ် ... ၄၅
သီလကိုစုံစမ်းလို၍ရွှေပန်းထိမ်သည်အိမ်မှဆက်ကာဆက်ကာ အသပြာခိုးယူသော ပုရောဟိတ်ပုဏ္ဏားအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

## ၄။ ကောကိလဝဂ်

၃၃၁ ကောကိလဇာတ် .... ၄၉

အချိန်အခါမရောက်မီအသံပြုမိသဖြင့် ကျီးသိုက်မှ ကျီးမ၏ ထိုးဆွနှင်ထုတ်ခြင်းခံရသော ဥသြငှက်ငယ် ကိုသာဓကပြ၍ စကားများသောမင်းကို ဆုံးမသော အကြောင်း။

၃၃၂ ရထလဋ္ဌိဇာတ် ... ၅၂

ပုရောဟိတ်သည် လှည်းသမားကိုနှင်တံဖြင့် ရိုက် နှက်ရာ ရထားဦးကိုခတ်မိပြီးမှ မိမိနဖူးကို ပြန်လည် ခတ်မိပါလျက် မင်းထံ လှည်းသမားအား တရားစွဲဆို ရာ မဆင်မခြင် တဘက်သတ် အပြစ်ဒဏ်ပေးသော မင်းအကြောင်း။

၃၃၃ ပက္ကဂေါဓဇာတ် ... ၅၆

တောတွင်းမှုဆိုးထံမှရအပ်သောဖွတ်ကင်ကို မင်း သမီး ရေခပ်ယူခိုက် အမြီးသာချန်၍ ဖွတ်ကင် အား လုံးစားပြီး ''ဖွတ်တွင်းထဲဝင်သွား၍ဆွဲရာ အမြီးသာ ရလိုက်သည်''ဟု ပြောသောမင်းသား အကြောင်း။

၃၃၄ ရာဇောဝါဒဇာတ် .... ၆၂

မင်းစိုး ရာဇာတို့ တရားကျင့်ခိုက် သစ်ဥ သစ်သီး စသည်တို့ သြဇာပြည့်ဝပုံ, မတရားကျင့်ခိုက် သြဇာ မပြည့်ဝပုံကို ပညောင်သီးမှည့်ဖြင့် လက်တွေ့သာ ဓကပြကာ မင်းအားဆုံးမသော ရသေ့အကြောင်း။

၃၃၅ ဇမ္ဗုကဇာတ် ... ၆၆

ခြင်္သေ့စားကြွင်းကိုစား၍ ခြင်္သေ့မာန်တက်ကာ ခြင်္သေ့တု-တုမိသဖြင့် ဆင်၏ခြေအောက်၌ အသက် ပျောက်ရသော ဇမ္ဗုကမြေခွေးအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၃၃၆ ဖြဟာဆတ္တဇာတ် .... ၇၀
ဗာရာဏသီမင်း ဥယျာဉ်သို့ ရသော့ အသွင်ဖြင့် လာ၍ အဘကောသလမင်း၏ ဥစ္စာများကိုတူးဖော် ယူငင်ပြီး ထွက်ပြေးသော ဆတ္တမင်းသား ရသေ့ အကြောင်း။

၃၃၇ ပီဌဇာတ် .... ၇၆
မိမျိုးဘမျိုးတို့၏ အလေ့အကျင့်ဖြင့် ရသေ့ရဟန်း တို့အား လှူဒါန်းပူဇော်သော သူဌေးအကြောင်း။

၃၃၈ ထုသဇာတ် ... ၈၀
ကြွက်သည်ဆန်နှင့်ဖွဲ့ ခွဲခြားသိစေသောဆရာပေး လိုက်သည့် ၄-ခုသော ဂါထာကြောင့် ၄-ကြိမ် တိုင်တိုင် အသက်ဘေးမှလွတ်သောမင်းအကြောင်း။

၃၃၉ ဗာဝေရုဇာတ် ... ၈၇
ငှက်မရှိသော ဗာဝေရုတိုင်းပြည်၌ ဦးစွာရောက် သော ကျီးငှက်သည် ဥဒေါင်းမရောက်မီ လာဘ် လာဘပေါ်များ၍ ဥဒေါင်းငှက် ရောက်သောအခါ လာဘ်လာဘဆုတ်ယုတ်ခြင်းအကြောင်း။

၃၄၀ ဝိသယှဇာတ် .... ၉၂
အလှူပေးလွန်း၍ ဆင်းရဲသဖြင့် သိကြားမင်း လာရောက် တားမြစ်ခြင်းကိုခံရသော ဝိသယှသူဌေး အကြောင်း။

---

၅။ ရုဋ္ဌကုဏာလဝဂ်

၃၄၁ တဏ္ဍာရိယဇာတ် .... ၉၈
[ကုဏာလဇာတ်နှင့်တူ၏။]

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၄၂ ဝါနရဇာတ် ... ၉၈
ဥပါယ်တမျဉ် ကောင်းလှသဖြင့် မိကျောင်း လက်တွင်းမှ ဘေးကင်းစွာ သဖန်းပင်သို့ ပြန်လာသော မျောက်မင်းအကြောင်း။

၁၄၃ ကုန္တိနီဇာတ် ... ၁၀၁
မိမိသားငယ်တို့အား သတ်ဖြတ်သည့် သူငယ်တို့ကို လက်စားချေ သတ်ဖြတ်စေသော ကြိုးကြာမ အကြောင်း။

၁၄၄ အမ္ဗဇာတ် ... ၁၀၅
သရက်သီးပျောက်ဆုံးသဖြင့် သူဌေးသမီး ၄-ဦး တို့အား အရှက်တကွဲ ကျိန်ဆိုသော ရသေ့စဉ်းလဲ အကြောင်း။

၁၄၅ ရာဇာကုမ္ဘဇာတ် .... ၁၁၀
တနေ့တနေ့ လက်တသစ် လက်နှစ်သစ်ခန့်သာ သွားလေ့ရှိသော ရာဇကုမ္ဘပျင်းအကြောင်း။

၁၄၆ ကေသဝဇာတ် ... ၁၁၄
ချစ်ကျွမ်းဝင်သူနှင့် ကွေကွင်းရသဖြင့် အိပ်မရ စားမဝင် အစာမကြေ ဝမ်းသွေးသွန် စိတ္တဇရောဂါ စွဲကပ်ရာ ချစ်ကျွမ်းဝင်သူရသေ့နှင့် ပြန်တွေ့မှ စိတ္တဇ ရောဂါပျောက်သော ကေသဝရသေ့အကြောင်း။

၁၄၇ အယကူဋဇာတ် ... ၁၂၁
လူတို့သည် သားကောင်များကို မသတ်ရဟု မင်းမိန့်ထုတ်သဖြင့် သွေးသား မစားသောက်ရသော ဘီလူးတို့ အမျက်ထွက်၍ မင်းကြီးဦးထိပ်ကို သံတူဖြင့် ခွဲမည်ပြုရာ သိကြားမင်း စောင့်ရှောက် ရခြင်း အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၃၄၇ အရညဇာတ် ... ၁၂၄
မိန်းမ ဖျက်သော်လည်း သီလ မပျက် စီးသော တောတွင်းနေရသေ့ငယ်အကြောင်း။

၃၄၉ သန္ဓိဘေဒဇာတ် ... ၁၂၇
မြေခွေးကုန်းချောသဖြင့် အချစ်ပြယ်ကာ အချင်းချင်းသတ်၍ သေကြရသော ခြင်္သေ့နှင့် နွားလား ဥသဘအကြောင်း။

၃၅၀ ဒေဝတာပဉှဇာတ်အကြောင်း။ .... ၁၃၁
[မဟာဥမင်ဇာတ်နှင့်တူ၏။]

၁။ ပဉ္စကနိပါတ် မဏိကုဏ္ဍလဝဂ်

၃၅၁ မဏိကုဏ္ဍလဇာတ် ... ၁၃၂
ပတ္တမြား နားဒောင်းနှင့်တကွ ရွှေနန်းစည်းစိမ်ကုန်ဆုံးသော်လည်း စိုးရိမ်ပူဆွေးခြင်း မရှိသော ဗာရာဏသီမင်းအကြောင်း။

၃၅၂ သုဇာတ ဇာတ် ... ၁၃၅
နွားသေကောင်ကို မြက်ကျွေးသော အားဖြင့် ဘခင်၏ စိုးရိမ် ပူဆွေး ငိုကြွေးခြင်းကို ကင်းဝေးစေသော သုဇာတ သတို့သားအကြောင်း။

၃၅၃ ဝေနသာခဇာတ် ... ၁၄၀
အခက်အလက် ဝေဆာသော ပညောင်ပင်တွင် မင်းတထောင်ဆွဲ၍ သတ်သဖြင့် ဒုက္ခကြီးစွာ ခံစား၍သေရသော မင်းအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၃၅၄ ဥရဂဇာတ် ... ၁၄၆
မြွေကိုက် သေလွန်သော သားအလောင်းကို စိုးရိမ်ပူဆွေးငိုကြွေးခြင်း မရှိမူ၍ မရဏာဿတိကိုပင် ပွားများနိုင်သော ပုဏ္ဏားနှင့်အိမ်သူအိမ်သား ၆-ဦး တို့အကြောင်း။

၃၅၅ ဃဋဇာတ် ... ၁၅၄
ရန်သူမင်း၏ အချုပ်အနှောင်ကို ခံနေရစဉ်မှာပင် ဈာန်သမာပတ်ရသော ဃဋမည်သော မင်းအကြောင်း။

၃၅၆ ကောရဏ္ဍိယ ဇာတ် .... ၁၅၉
မြင်မြင်သမျှ လူတို့ကို သီလအစောင့်ခိုင်းသော တက္ကသိုလ် ဆရာကြီးအား သဘော မကျသဖြင့် ''ချောက်ကြီးကို ခဲလုံးငယ်တို့ဖြင့် ပစ်ကာပစ်ကာပြု၍''သတိပေးသော ကောရဏ္ဍိယလုလင်အကြောင်း။

၃၅၇ လဋုကိကဇာတ် ... ၁၆၄
ရန်သူဖြစ်သည့် အားကြီးသော ဆင်ပြောင်ကြီး ကိုပင် အားနည်းသော သူ့ဘို့နှင့် မိတ်ဆွေဖွဲ့ကာ သေအောင်ပြုစွမ်းနိုင်သော နှံ့စုတ်ငှက်မအကြောင်း။

၃၅၈။ စူဠဓမ္မပါလဇာတ် ... ၁၇၁
မိဖုရားကို အမျက်ထွက်ကာမျှနှင့် ၇-နှစ်မျှသာ ရှိသော မိမိသားရင်းသည်းခံခြင်းနှင့် ပြည့်စုံသည့် ဓမ္မပါလမင်းသားအား လက်ခြေဖြတ်ကာ အသက်ကို အဆုံးစီရင်သဖြင့် မြေမျိုခံရသော မဟာပတာပ မင်းအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၅၉ သုဝဏ္ဏမိဂဇာတ် .... ၁၇၇
ရွှေသမင်မင်း ကျော့ကွင်း၌မိရာ သမင်မသည် ထွက်မပြေးဘဲ သတ်မည်ပြုသော မုဆိုးအား လူ့ဘာသာစကားပြောကြား၍ တောင်းပန်သဖြင့် အသက်ဘေးမှ ချမ်းသာရသော ရွှေသမင်မင်းအကြောင်း။

၁၆၀ သုယောနန္ဒီဇာတ် ... ၁၈၄
ဗာရာဏသီမင်းလက်မှ ဂဠုန်မင်း ဆောင်ကြဉ်းကာ မွေ့လျော်နေစဉ်မှာပင် သဂ္ဂခေါ် စောင်းသမားနှင့် မွေ့လျော်ပြန်သော သုယောနန္ဒီမိဖုရားအကြောင်း။

## ၂။ ဝဏ္ဏာရောဟဝဂ်

၁၆၁။ ဝဏ္ဏာရောဟဇာတ် .... ၁၉၀
မြေခွေးကုန်တိုက်သော်လည်း မယုံကြည် အချင်းချင်းတဦးအား တဦးချီးမွမ်းစကား ပြောကြားကာ အသက်ထက်ဆုံး မိတ်ဆွေဖြစ်ကြသော ခြင်္သေ့နှင့်ကျားအကြောင်း။

၁၆၂ သီလဝီမံသဇာတ် .... ၁၉၅
သီလရှိသောကြောင့် ငါ့အား မင်းကြီး ချီးမြှောက်သလောဟု သီလကို စုံစမ်းလို၍ ရွှေပန်းထိမ်သည်၏ အသပြာကိုခိုးယူသော ပုရောဟိတ်ပုဏ္ဏားအကြောင်း။

၁၆၃ ဟိရိဇာတ် ... ၁၉၈
အရှက်မရှိသော အဆွေခင်ပွန်းသည် စက်ဆုတ်ဘွယ်ရှိ၏ စသည်ဖြင့် အဆွေခင်ပွန်းကောင်းကို ညွှန်ကြားသော ဗာရာဏသီသူဌေး အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၃၆၄ ခဇ္ဇောပနကဇာတ် ... ၂၀၁
[မဟာဥမင်္ဂဇာတ်နှင့်တူ၏။]

၃၆၅ အဟိတုဏ္ဍိကဇာတ် ... ၂၀၁
အလမ္ပာယ်သမားနှင့် မျောက်အကြောင်း။

၃၆၆ ဂုမ္ဗိယဇာတ် ... ၂၀၅
ဂုမ္ဗိယမည်သော ဘီလူးနှင့် လှည်းကုန်သည်တို့အကြောင်း။

၃၆၇ သာလိယဇာတ် ... ၂၀၉
မြွေကိုက်လျှင် ဆေးကုရမည်ဟု ကြံစီကာ သူငယ်အား မြွေကို ဆက်ရက်ဟု လိမ်လည်ပြီး သစ်ခေါင်းတွင်အနိုက်ခိုင်းသော ဆေးသမားအကြောင်း။

၃၆၈ တစသာရဇာတ် .... ၂၁၂
ပညာရှိသူငယ်ကြောင့် သူငယ်အများ အနှောင်အဖွဲ့မှလွတ်ခြင်း အကြောင်း။

၃၆၉ မိတ္တဝိန္ဒကဇာတ် ... ၂၁၅
နတ်သမီးတို့နှင့် ချမ်းသာစွာ ခံစားရပါလျက် အလိုကြီး၍ မရောင့်ရဲနိုင်သဖြင့် သင်ဓုန်းစက်ငရဲတွင် ဒုက္ခကြီးစွာခံစားရသော မိတ္တဝိန္ဒကအကြောင်း။

၃၇၀ ပလာသဇာတ် .... ၂၁၈
ပေါက်ပင်ခွကြား၌ပေါက်သော ပညောင်ပင်ကို ငယ်စဉ်က မနုတ်သဖြင့် မိမိဗိမာန်ပျက်စီး၍ ပူဆွေးရသော ပေါက်ပင်စောင့်နတ်အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

## ၃။ အဘွဝဂ်

၃၇၁ ဒီဃိတိကောသလဇာတ် ... ၂၂၂

အဘဖြစ်သော ဒီဃိတိကောသလမင်း၏ စကားကို နားထောင်ကာ ရန်သူ ဗြဟ္မဒတ်မင်းအား ရန်တုံ့မမူသဖြင့် ထီးနန်းရသော ဒီဃာဝု မင်းသားအကြောင်း။

၃၇၂ မိဂပေါတကဇာတ် .... ၂၃၂

သားအမှတ်ဖြင့် မွေးထားသော သမင်ငယ်သေသဖြင့် ပူဆွေးသောရသေ့အား သိကြားမင်းလာ၍ တရားဟောခြင်းအကြောင်း။

၃၇၃ မူသိကဇာတ် ... ၂၃၆

ကြွက်သေကိုအကြောင်းပြု၍ ဆရာသင်ပေးလိုက်သော ဂါထာကြောင့် စည်းစိမ်နှင့်အသက် မပျက်စီးသော မင်းအကြောင်း။

၃၇၄ စူဠဓနုဂ္ဂဟဇာတ် ... ၄၂၂

လင်ဖြစ်သော စူဠဓနုဂ္ဂဟနှင့် ခိုးသူကြီးတို့သတ်ပုတ်လုံးထွေးနေရာ သူခိုးကိုချစ်ကြိုက်သဖြင့် လင်ကိုဓားသွားကမ်း၍ သူခိုးကိုဓားရိုးလှမ်းသော မိန်းမယုတ်အကြောင်း။

၃၇၅ ကပေါတဇာတ် ... ၂၄၉

ခိုနှင့်မိတ်ဆွေဖွဲ့ကာ စဖိုအိမ်တွင် အမဲသားခိုးစားသဖြင့် ကြီးစွာဆင်းရဲ၍ သေပွဲဝင်ရသော ကျီးမိုက်အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁။ ဆတ္တနိပါတ်အဝါရိယဝဂ်

၃၇၆ အဝါရိယဇာတ် ... ၂၅၄
မကောင်းမှုကို မပြုရန် ဆုံးမ တားမြစ်သည့် ရသေ့သူမြတ်ကိုပင် လှေခအတွက် အသက်ဆုံးရှုံးစေသော ကူးတို့သမားအကြောင်း။

၃၇၇ သေတကေတုဇာတ် ... ၂၆၀
မာနကြီး၍ ပျက်စီးရသော သေတကေတုမည်သောသူအကြောင်း။

၃၇၈ ဒရီမုခဇာတ် ... ၂၆၇
ဒရီမုခမည်သော ပုရောဟိတ်သည် ရဟန်းပြု၍ ရှင်ပစ္စေကဗုဒ္ဓါဖြစ်သောအခါ မင်းကြီးအား ကာမဂုဏ်အပြစ်ကို ဟောကြားခြင်း အကြောင်း။

၃၇၉ နေရုဇာတ် ... ၂၇၄
ဤနေရုမည်သောရွှေတောင်သည်အယုတ်အမြတ်မခွဲခြားတတ် ကျီးမဲကိုရွှေရောင်ပေး၍ အလေးမူသည် ဟုဆိုကာ ထွက်ခွါသွားသော ရွှေဟင်္သာညီနောင်အကြောင်း။

၃၈၀ အာသင်္ကဇာတ် ... ၃၇၀
ဟိမဝန္တာတောအတွင်း သိကြားမင်းပေးသော ဖလ်ပြာသာဒ် နတ်သမီးတမျှ လှပသော အာသင်္ကာသတို့သမီးကို ဇွဲကောင်းသောမင်းတပါး သိမ်းပိုက်ရခြင်းအကြောင်း။

၃၈၁ မိဂါလောပဇာတ် ... ၂၈၆
အဘစကားကို မနာယူမူ၍ မြင့်စွာ ပျံသန်းသဖြင့် သေရသော မိဂါလောပ လင်းတအကြောင်း။

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၁၀၂ သိရိကာလကဏ္ဏိဇာတ် ... ၂၀၉
သုစိပရိဝါရမည်သော သူဌေးကြီးထံ မိမိတို့၏ ကိုယ်ရည်သွေးစကားကိုပြောဆို၍ အိပ်ရာနေရာကို အပြိုင်အဆိုင်တောင်းကြသော သိရီနတ်သမီး ကာလကဏ္ဏိနတ်သမီးတို့အကြောင်း။
၁၀၃ ကုက္ကုဋဇာတ် .... ၂၉၇
ကိလေသာဖြင့် လှည့်စားလာသော ကြောင်မကို ပြေးစေသော ကြက်မင်းအကြောင်း။
၁၀၄ ဓမ္မဓဇဇာတ် .... ၃၀၁
မိမိကိုယ်ကိုသီလစောင့်သူ တရားရှိသူဟု ထင်မှတ်ရန် တရားတံခွန်အလံထူ၍ ငှက်ငယ်နှင့် ငှက်များကိုစားသောက်သည့် ကောက်ကျစ်စဉ်းလဲသော ကျီးအကြောင်း။
၁၀၅ နန္ဒိယမိဂဇာတ် ... ၃၀၆
မိဘ လုပ်ကျွေးခြင်းနှင့် မေတ္တာတန်ခိုးကြောင့် မင်း၏ ဘေးမဲ့ဆုကိုရသော နန္ဒိယ သမင်မင်း အကြောင်း။

---

## ၂။ ခရပုတ္တဝဂ်

၁၀၆ ခရပုတ္တဇာတ် .... ၃၁၂
အလုံးစုံသောသတ္တဝါတို့၏ စကားသံကိုသိသည့် (သဗ္ဗရုတညုဇာနန) မန္တန်ကိုရသော သေနကမင်း အကြောင်း။
၁၀၇ သူစိဇာတ် ... ၃၂၀
အပ်လုပ်သည့်ပန်းဘဲရွာသို့ အပ်ရောင်းလာသော လုလင်၏ ထူးဆန်းသောအပ်ကြောင့် သမီးကညာ ရရှိသောအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၃၈၈ တုဏ္ဍိလဇာတ် ... ၃၂၈
တပြည်လုံးကြားအောင် တရား ဟောစွမ်းနိုင်သော မဟာတုဏ္ဍိလဝက်မင်းအကြောင်း။

၃၈၉ သုဝဏ္ဏကက္ကဋဇာတ် ... ၃၃၄
မြွေဟောက်ကိုက်သဖြင့် မြွေဆိပ်တက်သောမိတ်ဆွေပုဏ္ဏားကို မြွေဆိပ်ပြယ်စေပြီး မြွေနှင့်ကျီးကို မိမိလက်မဖြင့်ညှပ်၍သတ်သော ရွှေပုဇွန်အကြောင်း။

၃၉၀ မယှကဇာတ် .... ၃၄၀
ပုဗ္ဗစေတနာကောင်းမှုကြောင့် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာ၍ ပရစေတနာယုတ်မှုကြောင့် စည်းစိမ် မခံစားရ အစ်ကို့သားကို သတ်ခဲ့ဘူး၍ သားသမီး မရသော သူဌေးအကြောင်း။

၃၉၁ ဝိဇ္ဇာဓရဇာတ် .... ၃၄၇
မိဖုရားအား ပြစ်မှားသောဝိဇ္ဇာဓိုရ်ကို ရဟန်းဟု မှတ်၍ ရဟန်းတို့ကိုဖမ်းစေရာ ရဟန်းများတခြား တိုင်းပြည်သို့ သွားကြသဖြင့်၊ တရားပြသ ဆုံးမသူကင်းသောကြောင့် တပြည်လုံး ရုန်းရင်းခြင်းအကြောင်း။

၃၉၂ သိဃ်ပုပ္ဖဇာတ် ... ၃၉၂
ကြာပန်းကို အငေးမှနမ်းကာမျှနှင့် နံ့သာခိုးဟု စွပ်စွဲသော နတ်သမီးနှင့် အစွပ်စွဲခံရသော ရသေ့ အကြောင်း။

၃၉၃ ဝိဃာသာဒဇာတ် ... ၃၅၇
တော၌ နေကာ ပျော်ပါးနေသော ရသေ့ညီနောင်တို့အား စားကြွင်းစား စကားဖြင့် အရှက်ရစေသော အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၃၉၄ ဝဋ္ဋကဇာတ် .... ၃၆၁
ကြုံလှီရခြင်းအကြောင်းကို ဆိုသောကျီးနှင့် ဆူဖြိုးရခြင်းအကြောင်းကို ဆိုသော ငုံးတို့အကြောင်း။

၃၉၅ ပါရာဝတဇာတ် ... ၃၆၄
အမွေးအတောင်နုတ်၍ လည်ပင်းတွင် အိုးခြမ်းကွဲ အဆွဲခံရသော ကျီးနှင့်ခိုတို့ စကားပြောဆိုခြင်းအကြောင်း။

---

၁။ သတ္တကနိပါတ်ကုက္ကုဝဂ်

၃၉၆ ကုက္ကုဇာတ် ... ၃၆၈
အိမ်အထွတ်, ရှောက်သီး, ကြာပွင့်တို့ကို ပမာပြု၍ ပညာရှိအမတ် ဆိုဆုံးမအပ်သော ဗြဟ္မဒတ်မင်းအကြောင်း။

၃၉၇ မနောဇ ဇာတ် .... ၃၇၂
ယုတ်မာသော မြေခွေးနှင့် ပေါင်းသင်းသဖြင့် မကြာမီ သေပွဲဝင်ရသော မနောဇခြင်္သေ့အကြောင်း။

၃၉၈ သုတနုဇာတ် ... ၃၇၇
အမိအတွက် အသက်စွန့်ကာ ဘီလူးထံ ထမင်းပို့သော သုတနုလုလင်အကြောင်း။

၃၉၉ ဂိဇ္ဈဇာတ် ... ၃၈၆
မိအို-ဘအိုတို့ကို အစာရှာဖွေယူဆောင် ကျွေးသောလင်းတမင်း ကျော့ကွင်းမိခြင်းအကြောင်း။

၄၀၀ ဒဗ္ဘပုပ္ဖဇာတ် .... ၃၉၀
ငြင်းခုံနေသော ဖျံနှစ်ကောင်အား ငါးကြင်းအမြီးပိုင်းနှင့် ခေါင်းပိုင်းကိုပေး၍ တရားသူကြီး လုပ်ခအလယ်ပိုင်းကိုယူပြေးသော သမန်းမြက်ပွင့် အဆင်းရှိသည့် မြေခွေးအကြောင်း။

## ငါးရာ့ငါးဆယ်

# နိပါတ်တော်စကားပြေ

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

### ပဏာမနှင့် ပဋိညာဉ်

(၁) မုနိန္ဒမုခသရဇေ၊
နိပါတ ပဒုမေ သုဘေ။
ဖုလ္လိံသု ဇာတကာသုမာ၊
နာနာ ဇနာလိစုမ္ဗိတာ။ ။

(၂) ဝိဘူသိယ ဝေတေ သုမေ၊
သုဂန္ဓေ မမ မတ္တကေ။
အတ္ထာယ သုတကာမာနံ၊
ဝက္ခံ နိပါတစုဏ္ဏိကိယံ။ ။

(၃) ကောဝိသတိ ခဏ္ဍေဟိ၊
မဏ္ဍိတံ အတ္ထသံဟိတံ။
သတ္တတိံသပဉ္စသတ၊
ဇာတကေဟိ သုလက္ခိတံ။ ။

(၄) သုဏန္တု တံ သာရဏီယံ၊
သာဓူနံ ကဏ္ဏ ဘူသနံ။
ဗဟုဿုတေဟိ သမ္ပုဏ္ဏံ၊
ပညဝန္တေဟိ မာနိတံ။ ။

(၅) ဝမ္မန္တ၊ တံ သုဏာန္တာနံ၊
လောကုတ္တရာ စ လောကိယာ။
အတ္ထာ ဟိတာ သုခါ သဗ္ဗေ၊
နဒီသောတာ ဒိနေဒိနေ။ ။

(၁) မုနိန္ဒမုခသရဇော၊ မုနိငါး၀၊ အစိုးရသည့်၊ဘုရား့ခံတွင်း၊ အိုင်တို့မင်း၀ယ်၊ ထင်လင်းလျှစွာ၊ ပေါက်ပွားရ၍လာထသော။ သုဘော၊ ကောင်းမြတ်စံပယ်၊ တင့်တယ်စွာသော။ နိပါတပဒုမေ၊ ကေ, ဒုက၊စသည်တည်ရှိ၊ အသီတိအဆုံး၊ပေါင်းရုံးဟောဘော်၊ နိပါတ်တော်အစုံ၊ ပဒုမာကြာရုံ၌။ နာနာဇနာလိစုမ္ဗိတာ၊ အထူးထူး အထွေထွေရှိသော ညွှတ်ရုံး၊ လူသုံးပါးတည်းဟူသော ပျားပိတုန်းတို့၊ စားသုံးစုပ်နမ်းအပ်ကုန်သော။ ဇာတကသုမာ၊ အပဏ္ဏကာ၊ စသည်မည်ဆန်း၊ ပဒုမာကြာပန်းတို့သည်။ ဖုလ္လိံသု၊ ကားကားစွင့်စွင့်၊ မားမားတင့်လျက်၊ ပွင့်ကြလေကုန်ပြီ။

(၂-၃) သုဂန္ဓေ၊ ခေတ်တွင်းအာဏာ၊ ကောင်းစွာလှိုင်လှိုင်၊ တကြိုင်ကြိုင်သင်းပျံ့၊ ကောင်းသော ရနံ့ရှိကုန်သော။ တေသုမေ၊အပဏ္ဏကာ၊စသည်မည်ဆန်း၊ထိုပဒုမာကြာပန်းတို့ကို။ မမ၊ ကြီးဖေပဌမကျော်၊ မည်ခေါ်သမုတ်၊ အကျွန်ုပ်၏။ မတ္တကေ၊ အမြတ်အင်္ဂါ၊ စဉ်လာမပျက်၊ ဦးခေါင်းထက်၌။ ဝိဘူသိယ၊ ဝေဝေဆာဆာ၊ ရှိစေငှါဟု၊ ကောင်းစွာရှင်လန်း၊ ပန်ဆင်မြန်း၍။ သုတကာမာနံ၊ကြားမြင်လိုလား၊အမျိုးသားတို့၏။အတ္တာယ၊လောကုတ်,လောကီ၊ နှစ်လီအကျိုး၊ပွားတိုးစေခြင်းငှါ။ ကေဝီသတိခဏ္ဍေဟိ၊ ကေကနိပါတ်အစ၊ အသီတိနိပါတ်အဆုံး၊ ပေါင်းရုံးတင့်

ဆန်း၊ နှစ်ဆယ့်တခဏ်းတို့ဖြင့်။ မဏ္ဍိတံ၊ စုံစုံလင်လင်၊ တန်ဆာဆင်အပ်သော။ အတ္တသံဟိတံ၊ အကျိုးစီးပွါး၊ ထွန်းကားအစဉ် စပ်ယှဉ်သော။ သတ္တတိံသ ပဋ္ဌသတဇာတကေဟိ၊ ငါးရာ့သုံးဆယ်၊ စွန်းကယ်ခုနစ်ဖြာ၊ ဇာတ်များစွာတို့ဖြင့်။ လင်္ကတံ၊ သေချာပိုင်းခြား၊ မှတ်သားအပ်သော။ နိပါတစုဏ္ဏိယံ၊ ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေကို။ အဟံ၊ ငါသည်။ ဝက္ခံ၊ ရေးသားပြဆိုပေအံ့။

(၄) သာရဏီယံ၊ အသက်ထက်ဆုံး၊ ရှင်ပြီးအောက်မေ့အပ်သော။ သာဓူနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ၊ အရိယာအပေါင်း၊ သူတော်ကောင်းတို့၏။ ကဏ္ဏဘူသနံ၊ နား၌ဆင်ရာ၊ တန်ဆာသဘွယ်ဖြစ်သော။ ဗဟုသုတေဟိ၊ များများဖြင်ဖြင်၊ ကြားအမြင်တို့နှင့်။ သမ္ပုဏ္ဏံ၊ စုံလင်ကုံလုံ၊ ကောင်းစွာပြည့်စုံသော။ ပညဝန္တေဟိ၊ ဝရဇိန်တန်၊ ဖေါက်ခွဲသိမြင်၊ ပညာရှင်တို့သည်။ မာနိတံ၊ မြတ်နိုး စုံမက်အပ်သော။ တံနိပါတစုဏ္ဏိယံ၊ ထိုငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေကို။ သာဓဝေါ၊ လောကုတ်, လောကီ၊ နှစ်လီအစီးအပွါး၊ လိုလားကြသော သူတော်ကောင်း တို့သည်။ သုဏန္တု၊ ရိုသေလေးစား၊ သဒ္ဓါပွားလျက်၊ နာကြားကြပါစေကုန်သတည်း။

(၅) တံ၊ ထိုငါးရာ့ငါးဆယ်၊ နိပါတ်တော် စကားပြေကို။ သုဏန္တာနံ၊ ရိုသေလေးစား၊ သဒ္ဓါပွါးလျက်၊ နာကြားကုန်သောသူတို့အား။ ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း။ နဒီသောတာဣဝ၊ အဟုန်ဒီးဒီး၊ စီးဆင်းအစဉ်၊ မြစ်ရေအလျဉ်ကဲ့သို့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ လောကုတ္တရာစ၊ လော

ကုဿရာလည်း ဖြစ်ကုန်သော၊ လောကိယာစ၊ လောကီလည်းဖြစ်ကုန်သော။ အဿာစ၊ ကြီးကျယ်ဖွံ့ဖြိုး၊ ကောင်းသော အကျိုးတို့သည်ငှင်း။ ဟိတာစ၊ ကြီးကြီးထွားထွား၊ ကောင်းသော အစီးအပွါးတို့သည်ငှင်း။ သုခါစ၊ ကြီးကျယ်လှစွာ၊ ကောင်းသောချမ်းသာတို့သည်ငှင်း။ ဝဍ္ဎန္တု၊ ကိုးစားလောက်အောင်၊ တန်ခိုးထွားလျက်၊ တိုးပွားပါစေကုန်သတည်း။

# ငါးရာငါးဆယ်

# နိပါတ်တော်စကားပြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ပဌမတွဲ

## ၃၂၁-ကုဋိဒူသကဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

ရဟန်းပေါ့ပျက်
ဆုံးမခက်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာကဿပမထေရ်သည် ရာဇဂြိုဟ်ပြည်ကို အမှီပြုကာ ကုဋီကျောင်း၌နေတော်မူ၏၊ ထိုမထေရ်အား ရဟန်းငယ် နှစ်ပါးတို့သည် လုပ်ကျွေးလျက်ရှိကုန်၏၊ တပါးကား အရှင်မဟာကဿပအား ကျေးဇူးများ၏၊ တပါးကား အဆုံးမခက်၏၊ ကျေးဇူးများသော ရဟန်းငယ်ပြုလုပ်တိုင်း ပြုလုပ်

တိုင်း အဆိုးမခက်သော ရဟန်းငယ်သည် အတုလိုက်၍ ပြုလုပ်လေ့ရှိ၏၊ သူတပါး ပြုလုပ်ထားသောအမှုကို မိမိပြုလုပ်ထားလေဟန်ပြုလေ့ရှိ၏။

ကျေးဇူးများသော ရဟန်းငယ်သည် မျက်နှာသစ်ရေ တည်ထားပြီးသောအခါ အဆိုးမခက်သော ရဟန်းငယ်သည် မထေရ်မြတ်ထံသွား၍ မျက်နှာ သစ်တော်မူရန် လျှောက်ထား၏၊ သောက်ရေ သုံးဆောင်ရေ တည်ထားရာ၌၎င်း, တံမြက်လှည်းရာ၌၎င်း,ဝတ်ကြီးဝတ်ငယ် ဟူသမျှတို့၌၎င်း ကျေးဇူးများသော ရဟန်းငယ် ပြုလုပ်ပြီးသောအခါ အဆိုးမခက်သောရဟန်းငယ်သည် မထေရ်မြတ်ထံဦးအောင်သွား၍ လျှောက်ထားကာ မျက်နှာယူလေ့ရှိ၏။

**ဝတ်ပြည့်စုံမှု ထင်ရှားမှု**

တနေ့သ၌ ကျေးဇူးများသော ရဟန်းငယ်သည် ဤအဆိုးမခက်သော ရဟန်းငယ်ကား ငါပြုလုပ်ထားသမျှ သူပြုလုပ်ထားလေဟန်မျက်နှာယူလေ့ရှိသည်၊ ဤအမှုကို ထင်ရှားအောင်ပြုမည်ဟု ကြံစည်ကာ အဆိုးမခက်သော ရဟန်းငယ်အိပ်နေစဉ် မီးတင်းကုပ်၌ ချိုးရေကိုနွေး၍ ထိုရေနွေးကို ရေချိုးအိုး ပြင်ပ၌ထားကာ တမှုတ်စာမျှသော ရေနွေးကိုချန်၍ အိုးကိုခုံလှောက်ထက်တွင်ထားလေ၏။

ထိုအခါ အဆိုးမခက်သောရဟန်းငယ်သည် အိပ်ရာမှနိုး၍သွားကာ ရေနွေးအိုး၌ အငွေ့ထွက်နေသည်ကို မြင်လျှင် ရေနွေးအိုး ရေချိုးအိုး၌ထားသည် ဖြစ်လိမ့်မည်ဟု အောက်မေ့လျက် မျက်နှာရအောင် မထေရ်မြတ်ထံသွား၍ ရေချိုးရန်လျှောက်ထားလေ၏၊မထေရ်မြတ်လည်းရေချိုး

ရန် ထိုရဟန်းနှင့်အတူလိုက်လာရာ ရေချိုးအုံသို့ ရောက်လျှင် ရေနွေးမမြင်၍ မေးသောအခါ လျင်မြန်စွာမီးတင်းကုပ်သို့သွား၍ ရေနွေးအိုးတွင် ရေရှိသည် မှတ်ထင်လျက် ရေမှုတ်ကိုချ၏၊ရေမရှိသဖြင့် အိုးသည် ခေါက်ခေါက်မည်လေ၏၊ထိုအခါမှစ၍ အဆုံးမခံသော ရဟန်းငယ်အား ဥလုက်သဒ္ဒဟူသောအမည်တွင်လေ၏။

**ဆုံးမသည့်တွက် အမျက်ထွက်**

ထိုခဏ၌ ကျေးဇူးများသော ရဟန်းငယ်သည် ပြင်ပမှ ရေနွေးအိုးကိုယူခဲ့၍ မထေရ်မြတ်အား ရေချိုးရန် ကပ်လေ၏၊မထေရ်မြတ်သည် ရေချိုးစဉ် ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍ ညချမ်းသောအခါ ဆည်းကပ်ရန် လာသော ဥလုက်သဒ္ဒကို "ငါ့ရှင်....ရဟန်း မည်သည်ကား မိမိပြုသောအမှုကိုသာပြုသည် ဟုပြောဆိုရာ၏၊ မပြုသောအမှုကိုပြုသည်ဟု မပြောဆိုရာ၊ ဆိုခဲ့သော် မုသာဝါဒ ဖြစ်၏၊ ဤနေ့မှစ၍ ဤလိုအမှုမျိုးကို မပြုလင့်"ဟု ဆုံးမလေ၏။ ဥလုက်သဒ္ဒသည် မထေရ်မြတ်အား အမျက်ထွက်၍ ရန်ငြိုးဖွဲ့ကာ မထေရ်မြတ်နှင့်ဆွမ်းအတူမခံတော့ပေ။

**ရန်ငြိုးဖွဲ့ပြန် မနာခံ**

ဥလုက်သဒ္ဒသည် တပါးတည်း ဆွမ်းခံဝင်ကာ မထေရ်မြတ် အလုပ်အကျွေး အိမ်သို့ဝင်၍ ဒါယကာတို့ မထေရ်မြတ်ကိုမေးရာ မကျန်းမာ၍ ကျောင်းမှာနေရစ်သည်၊ မည်သည့်အာဟာရကို အလိုရှိသည်ဟု ပြောဆိုအလှူခံကာ မထေရ်မြတ်ကိုမလှူဘဲ မိမိအလိုရှိတိုင်း စားလေ၏၊ နောက်တနေ့ မထေရ်မြတ်သည် အလုပ်အကျွေးအိမ်ကြွပြန်ရာဒါယကာ

တို့သည် မနေ့က မည်သည့်အာဟာရကို လှူလိုက်ကြောင်း လျှောက်ထားလျှင် ဆိတ်ဆိတ်သာနေ၍ ဆွမ်းဘုဉ်းပေး ပြီးလျှင် ကျောင်းသို့ပြန်ခဲ့၏၊ညချမ်းသောအခါ ဆည်းကပ် ရန်လာသော ဥလုက်သဒ္ဒကို "ငါ့ရှင်…သင်ကား မည် သည့်အိမ်မှ မည်သည့်အာဟာရကို မထေရ်မြတ်ဘို့ဆို၍ တောင်းရမ်းကာစားသတတ်၊ ဝစီဝိညတ် မည်သည်ကား မအပ်၊ဤလိုအမှုကို ဤနေ့မှစ၍ မပြုလင့်"ဟု ဆုံးမပြန်၏။ ဥလုက်သဒ္ဒသည် မနာယူဘဲ အမျက်ထွက်၍ရန်ငြိုးဖွဲ့ပြန်၏။

ရဟန်းဒုဿီ မိန်ရှို့ပြီ

နောက်တနေ့ မထေရ်မြတ် ဆွမ်းခံဝင် သည်ရှိသော် ဥလုက်သဒ္ဒသည် လက် ရိုက်ဖြင့် မထေရ် မြတ်၏ အသုံး အဆောင်တို့ကို ရိုက်နှက်ထုချေကာ သစ်ရွက်မိုး ကုဋိ ကျောင်းကို မီးတိုက်၍ ပြေးလေ၏၊ ထိုရဟန်းငယ်သည် အသက်ရှင်စဉ်လျှင် လူပြိတ္တာဖြစ်၍ သေလွန်သော အခါ အဝီစိငရဲ၌ကျလေ၏။

ထိုအခါ အချို့ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်မှ မြတ်စွာ ဘုရားထံ အဖူးအမျှော်သွားကြရာ မြတ်စွာဘုရားသည် ပဋိသန္ထာရပြုတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်မှ လာကြောင်း ကိုသိ၍ ရှင်မဟာကဿပအကြောင်းကို မေးတော်မူသော အခါ ရဟန်းတို့သည် ရှင်မဟာကဿပ၏တပည့် ဥလုက် သဒ္ဒ ရဟန်းအကြောင်းကို လျှောက်ထားကြပြန်ရာ မြတ် စွာဘုရားသည် "ရဟန်းတို့…ဤရဟန်းငယ်သည် ယခုအခါ ၌သာ ကုဋိကိုဖျက်သည်မဟုတ်၊ ရှေးအခါ၌လည်း ဖျက် ဘူးပြီ၊ယခုအခါ၌သာ ဆုံးမသောသူအား အမျက်ထွက်

သည်မဟုတ်၊ ရှေးအခါ၌လည်း အမျက်ထွက်ဘူးပြီ''ဟုမိန့်တော်မူကာ အောက်ပါအတိတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ပညာမဲ့မျောက် အိမ်မဆောက်**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် သိဂ်ါလငှက်မျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ဟိမဝန္တာအရပ်ဝယ် နှစ်သက်ဘွယ်ရှိ၍ မိုးလုံသော အသိုက်ကို ပြုလုပ်ကာနေလေ၏။

ထိုအခါ မျောက်တကောင်သည် မိုးအခါ အယဉ်မပြတ်မိုးရွာလတ်သော် ချမ်းအေးခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ မေးခေါက်လျက် သိဂ်ါလငှက်၏ အနီး၌နေ၏၊ သိဂ်ါလငှက်သည် ပင်ပန်း ဆင်းရဲနေသော မျောက်ကို မြင်လျှင်—

"အို-မျောက်····သင်၏ ဦးခေါင်းသည် လူ၏ ဦးခေါင်းနှင့်တူ၏၊ လက်ခြေတို့လည်း လူ၏လက်ခြေနှင့်တူကုန်၏၊ သို့ပါလျက် သင်အား အဘယ်ကြောင့် အိမ်မရှိသနည်း"။

ဟု မျောက်အား မေးလေ၏၊ မျောက်သည် သိဂ်ါလငှက်၏စကားကိုကြားလျှင်—

"အို-သိဂ်ါလငှက်····ငါ၏ ဦးခေါင်းသည်လူ၏ ဦးခေါင်းနှင့်တူ၏၊ လက်ခြေတို့လည်း လူ၏လက်ခြေ

တို့နှင့်တူကုန်၏၊ သို့သော်လည်း လူတို့မှာ မွန်မြတ်
သော ပညာရှိကုန်၏၊ငါ့မှာကား မရှိပေ”–

ဟု သိင်္ဂါလငှက်အား ပြန်၍ပြောဆိုလေ၏၊ ထိုအခါ သိင်္ဂါလငှက်သည်–

“အို-မျောက်….မတည်မကြည် ပေါ့ပျက်သည်
ဖြစ်၍ ခင်ပွန်းကို ပြစ်မှားသောစိတ်ရှိလျက် သီလ
မရှိသောသူအား ချမ်းသာမည်သည် မရှိလေ၊
အိုမျောက် - သင်ကား အားအစွမ်းကို ပြုလော့၊
သီလမရှိသော အဖြစ်ကို လွန်မြောက်စေလော့၊
အချမ်းလေကို ကာကွယ်နိုင်သောအိမ်ကို ဆောက်
လုပ်လော့”–

ဟု မျောက်အား ပြောဆိုတိုက်တွန်းပြန်၏၊ ထိုအခါ မျောက်သည် ဤငှက်ကား မိုးမစိုရာအရပ်တွင်နေရ၏၊ ဤအသိုက်၌မနေစေရဟု ကြံစည်ကာ ငှက်ကိုဖမ်းလိုသည်ဖြစ်ရကား ပြေး၍လာ၏၊ ငှက်သည်ပျံ၍ တနေရာသို့သွားလေ၏၊ မျောက်သည် အသိုက်ကိုမှုန့်မှုန့်ညက်ညက်ကျေအောင် ဖျက်ဆီး၍သွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့….

※ ထိုအခါမျောက်သည်- ယခုအခါကုဋိကိုဖျက်သော
ရဟန်းငယ်။

※ သိင်္ဂါလငှက်သည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ခေါင်း,လက်,ခြေဟန်၊လူသညာ်န်၊ဥဏ်မဲ့မျောက်တို့မှာ။
(၂) ပေါ့,မတည်ငြား၊ ဆွေပြစ်မှား၊ မဲ့ငြားချမ်းသာ-ဒုဿီမှာ။

ကုရုဓမ္မသကဇာတ်ပြီး၏။

---

# ၁၂၂- ဒုဒ္ဒုဘဇာတ်

## ပဉ္စုပ္ပန်ဝတ္ထု

**တိတ္ထိကျင့်နည်း အချည်းနှီး**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာသနာတော်မှ အပဖြစ်ကုန်သော တိတ္ထိတို့သည် ဇေတဝန်ကျောင်းတော် အနီးဝယ် ခင်းထားအပ်သောအခင်းတို့၌ အိပ်ကြကုန်၏၊ ပဥ္စာတပအကျင့်ကိုကျင့်ကြကုန်၏၊ အထူးထူး အပြားပြား ရှိသော မိစ္ဆာအကျင့်ကို ကျင့်ကြကုန်၏။

ထိုအခါရဟန်းတို့သည် မိစ္ဆာအကျင့်ကို ကျင့်ကုန်သော တိတ္ထိတို့ကိုမြင်လျှင် မြတ်စွာဘုရားအား လျှောက်ကြကုန်၏၊မြတ်စွာဘုရားသည်''ရဟန်းတို့····တိတ္ထိတို့ကျင့်အပ်သောအကျင့်၌အနှစ်သာရမရှိ၊အကျိုးစီးပွားမရှိ၊ ဆင်ခြင်သည်ရှိသော် မစင်စွန့်ရာအရပ်သို့သွားသော လမ်းခရီးနှင့်တူ၏၊ ယုန်ငယ်၏ ဒုဒ္ဒုဘအသံနှင့် တူ၏''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**မြေပြိုလိမ့်ခြား ယုန်ကြီးမှား**

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ခြင်္သေ့မျိုး၌ဖြစ်၍ အရှယ်သို့ရောက်လတ်သော် တောတခု၌နေလေ၏။

ထိုအခါ အနောက်သမုဒ္ဒရာအနီးဝယ် အုတ်ရှစ်ပင်နှင့် ရောထွေး၍ပေါက်နေသော ထန်းတောသည်ရှိလေ၏၊ ယုန်ငယ်တကောင်သည် အုတ်ရှစ်ပင်အနီး ထန်းပင်ငယ်တခု၏ အရွက်အောက်တွင်နေ၏၊ ထိုယုန်ငယ်သည် တနေ့လုံးအစာရှာပြီးလျှင် မိမိနေရာ ထန်းရွက်အောက်တွင် ဝပ်၍နေကာ ဤမြေကြီးသည် အကယ်၍ ပြိုသွားပါမူ အဘယ်သို့သွားရအံ့နည်းဟု ကြံစည်လေ၏။

**ဒုတ်ဒုတ်သံကို မြေပြိုဆို**

ထိုယုန်ငယ် ကြံစည်ခိုက်တွင် အုတ်ရှစ်သီးတလုံးသည် ထန်းရွက်ပေါ်၌ကျသဖြင့် "ဒုတ်ဒုတ်"ဟုမြည်လေ၏၊ ထိုယုန်ငယ်သည် ဒုတ်ဒုတ်သံကိုကြားလျှင် ဤမြေကြီးသည် အမှန်ပြိုခဲ့ပြီဟု ခုန်၍ သေဘေးမှကြောက်သဖြင့် နောက်သို့ပင်လှည့်၍မကြည့်ဂရုတော့ဘဲ တအားပြေးလေ၏၊ အခြားယုန်မြင်၍မေးရာ နောက်သို့ပြန်မကြည့်တော့ဘဲ ဤနေရာ၌ မြေကြီးပြိုခဲ့ပြီဆို၍ပြေး၏၊ ထိုယုန်ငယ်လည်း မစဉ်းစားဘဲ ထိုယုန်နောက်မှ လိုက်၍ပြေးလေ၏၊ ထိုယုန်တို့ကိုမြင်ပြန်လျှင် အခြားယုန်တို့လည်း ပြေးကြကုန်၏၊ ဤသို့သောနည်းဖြင့် ယုန်တသိန်းမျှစုမိကာ အစုလိုက်ပြေးကြကုန်၏။



P.9 ထန်းရွက်ပေါ်အုတ်ရှစ်သီးကျသည်ကို မြေပြိုပြီထင်၍ ပြေးသောယုန်မိုက်နောက်သို့ တောကောင်များ မစူးမစမ်းလိုက်ပြေးကြပုံ

**ဆင့်ဆင့်မေးကာ ပြေးကြရာ**

ယုန်တို့ကို သမင်တို့မြင်၍မေးရာ မြေပြိုသည်ဟု သတင်းရသဖြင့် ပြေးကြပြန်ကုန်၏၊ ထိုနောက်အဆင့်ဆင့်မြင်၍ အဆင့်ဆင့်ပြောကာ ဝက်တို့သည်၎င်း, စိုင်တို့သည်၎င်း, ကျွဲတို့သည်၎င်း, နွားနောက်တို့သည်၎င်း, ကြံ့တို့သည်၎င်း, ကျားတို့သည်၎င်း, ခြင်္သေ့တို့သည်၎င်း, ဆင်တို့သည်၎င်းပြေးကြပြန်ကုန်၏၊ ဤနည်းဖြင့် တယူဇနာမျှ အကျယ်အဝန်းရှိသော တိရစ္ဆာန်တို့သည် ပြေးကြကုန်၏။

ထိုအခါ ခြင်္သေ့မင်းသည် တိရစ္ဆာန်အပေါင်းတို့ ပြေးကြသည်ကိုမြင်၍ မေးလတ်သော် မြေပြိုသည်ဟုကြားလျှင် မြေပြိုခြင်းမည်သည်ကား တရံတခါမျှမဖြစ်စဘူး၊ စင်စစ်ထိုသတ္တဝါတို့သည် တစုံတခုသောအသံကို မကောင်းသဖြင့်ကြားကြသည်ဖြစ်လတ့်၊ ငါသည်လုံ့လမပြုခဲ့သော် အလုံးစုံသော သတ္တဝါတို့သည် ပျက်စီးကြကုန်လတ့်၊ ထိုသတ္တဝါတို့အား အသက်ကိုပေးမည်ဟု ကြံစည်ကာ ခြင်္သေ့၏အဟုန်ဖြင့် တောင်ခြေရင်းသို့ပြေးသွား၍ သုံးကြိမ်ဟောက်လေ၏၊ ပြေးနေသောသတ္တဝါတို့သည် ခြင်္သေ့မှကြောက်သဖြင့် နောက်သို့ပြန်လည်ကာ တစုတဝေးတည်း တည်နေကြကုန်၏။

**ယုန်ကိုစစ်ဆေး ခြင်္သေ့မေး**

ခြင်္သေ့မင်းသည်လာလတ်၍ သတ္တဝါတို့အတွင်းသို့ဝင်ပြီးလျှင် "အချင်းတို့.... အဘယ်ကြောင့်ပြေးသနည်း" ဟုမေးလေ၏၊ "အရှင်....မြေပြိုပါသည်"ဟု ပြော၏၊ "အချင်းတို့.... မြေပြိုသည်ကို အဘယ်သူမြင်ခဲ့သနည်း"ဟု မေးပြန်

ရာ၊ဆင်တို့သိကုန်၏၊ခြင်္သေ့တို့သိကုန်၏စသည် တဦးကိုတဦး လွှဲချ၍နေကြရာ နောက်ဆုံးတွင် ရှေးဦးစွာပြေးသော ယုန်ငယ်ကို ဤယုန်ငယ်သိသည်ဟု ပြောကြကုန်၏၊ ထိုအခါ ခြင်္သေ့မင်းသည် "အချင်း····မြေပြိုသည်ဟူရာ ဟုတ်မှန်သလော"ဟုမေး၏၊ "အရှင်····ဟုတ်မှန်ပါသည် အကျွန်ုပ်မြင်ခဲ့ပါသည်"ဟု ပြော၏၊ "အချင်း···· ဘယ်အရပ်နေ၍ မြင်သနည်း"ဟု မေးလေ၏၊ "အရှင်····အကျွန်ုပ်သည် အနောက်သမုဒ္ဒရာအနီး အုတ်ရှစ်ပင်နှင့်ရောထွေး၍ပေါက်နေသော ထန်းတောဝယ် ထန်းပင်ငယ်တခု၏ အရွက်အောက်တွင်နေခဲ့ရာ ဤမြေကြီးသည် ပြိုခဲ့သော် အဘယ်သို့ သွားရအံ့နည်းဟု ကြံစည်၍နေခိုက် မြေပြိုသံကိုကြား၍ ပြေးပါသည်"ဟု အကြောင်းစုံကိုပြန်၍ ပြောလေ၏။

**အုတ်ရှစ်ကြွေသံ မြေပြိုဟန်**

ယုန်ငယ်၏စကားကို ကြားလျှင် ခြင်္သေ့သည် စင်စစ်သဖြင့် ထန်းရွက် ပေါ်သို့ အုတ်ရှစ်သီးကြွေကျသဖြင့် "ဒတ်ဒတ်" မြည်သံကိုကြားလတ္တံ့၊ ထိုအခါ မြေပြိုသည်ဟူသော အမှတ်ဖြင့် ပြေးသည်ဖြစ်လတ္တံ့၊ အဟုတ်အမှန် အားဖြင့် ထိုအကြောင်းကိုသိအောင်ပြုမည်ဟု ကြံစည်လျက် ယုန်ငယ်ကို သက်သာရာကိုရစေ၍ "အချင်းတို့····ငါသည် ဤယုန်ငယ်ကိုယူ၍ ၎င်းမြင်ရာအရပ်၌မြေပြိုသည် မပြိုသည်ကိုသိရအောင် ငါကိုယ်တိုင်သွား၍ စုံစမ်းမည်၊ သင်တို့ငါလာသည်တိုင်အောင် စောင့်ရစ်ကြလော့"ဟု မှာထားကာ ယုန်ငယ်ကို ကျောပေါ်တွင်တင်၍ ခြင်္သေ့၏အဟုန်ဖြင့် ပြေးသွားရာ ထိုအရပ်သို့ရောက်လျှင် ယုန်ငယ်ကိုချ၍ "အချင်း-ယုန်ငယ်····

လာလော့၊သင်မြင်ရာအရပ်ကိုပြလော့''ဟုပြော၏၊''အရှင် မပြဝံ့ပါဟု''ပြော၏၊''အချင်း··မကြောက်လင့်ပြသာပြပါ'' ဟု ပြောလတ်သော် ယုန်ငယ်သည် အုတ်ရှစ်ပင်ရင်းသို့ မကပ်ဝံ့ရကားအဝေးမှရပ်ကာ—

"အရှင်···· အရှင်မှာ ကောင်းခြင်း မင်္ဂလာ ဖြစ်ပါစေ၊ ထိုအရပ်ကား အကျွန်ုပ်နေသောအရပ် ဖြစ်ပါ၏၊ ထိုအရပ်၌ "ဒတ်ဒတ်" ဟုမြည်ပါ၏၊ မြည်ခြင်းအကြောင်းကိုကား အကျွန်ုပ်မသိပါ''—

ဟု ခြင်္သေ့မင်းအား မိမိနေရာကိုပြောဆိုညွှန်ပြလေ၏။

**ခြင်္သေ့ကယ်မ ချမ်းသာရ**

ခြင်္သေ့မင်းလည်း ယုန်ငယ်၏ စကားကို ကြားလျှင် အုတ်ရှစ်ပင်ရင်းသို့ သွား၍ ထန်းပင်အောက်ယုန်ငယ်အိပ်ရာအရပ် ကိုဇင်း,ထန်းရွက်ပေါ်သို့ကြွေကျသော အုတ်ရှစ်သီးကိုဇင်း မြင်လျှင်မြေမပြိုကြောင်းကို အဟုတ်အမှန်အားဖြင့် သိခဲ့ပြီး လျှင် တဖန်ယုန်ငယ်ကိုကျောပေါ်သို့တင်ကာ ခြင်္သေ့မင်း၏ အဟုန်ဖြင့် လျင်မြန်စွာပြေးသွား၍၊ သတ္တဝါအပေါင်းတို့ အထံသို့ရောက်လျှင် အလုံးစုံသော အကြောင်းကို ပြော ကြားကာ အသင်တို့မကြောက်ကြကုန်လင့်ဟု ပြောဆိုဆုံးမ ၍ သားအပေါင်းတို့ကို သက်သာရာ ရစေကုန်လျက် လွှတ် လိုက်၏၊ ထိုအခါက ခြင်္သေ့မင်းမရှိပါမူ သတ္တဝါအပေါင်း တို့ သမုဒ္ဒရာသို့ဝင်ကာ ပျက်စီးကြကုန်လတံ့၊ အလုံးစုံသော သားတို့သည် ခြင်္သေ့မင်းကိုမှီ၍သာ အသက်ချမ်းသာရာရ ကြကုန်၏။

၃၂၇

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ခြင်္သေ့မင်းသည်- ယခုအခါ ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) မဆင်ခြင်ဘဲ၊ အရမ်းစွဲ၊မရဲ,မကြောက်ရာ။
(၂) ရဲမှု,ကြောက်မှု၊ဤနှစ်ခု၊ ထောက်မှုဉာဏ်ဖြင့်သာ။
(၃) ဒတ်ဒတ်မြည်သံ၊ မြေပြိုဟန်၊ ကြောက်လွန်ယုန်ပမာ။

ဒုဒ္ဒုဘဇာတ်ပြီး၏။

---

## ၃၂၃-ဗြဟ္မဒတ္တဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

တောင်းရမ်းများမှု ကဲ့ရဲ့ပြ

နတ်လူတို့ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည်အာဠဝီပြည်ကိုမှီ၍ အဂ္ဂါဠဝစေတီတော်၌ သီတင်း သုံးတော်မူစဉ် ရဟန်းတို့သည် အတောင်းအရမ်းများကာ ဝိညတ်များ ကုန်လျက် နေကုန်၏။

ထိုအကြောင်းကို မြတ်စွာဘုရားသိတော်မူလျှင် ရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍“ရဟန်းတို့....ရှေးပညာရှိတို့သည်ရေမြေကို အစိုးရသော မင်းသည် ပင့်ဖိတ် အပ်ကုန်လျက်

လည်း သစ်ရွက်ထီးနှင့် လှော်ခြင်းဘိနပ်ကို တောင်းသည်ရှိသော် ဟိရိဩတ္တပ္ပပျက်စီးမည်ကို ကြောက်ခြင်းကြောင့် လူများအလယ်၌မဆိုမူ၍ ဆိတ်ကွယ်ရာအရပ်၌ဆိုဘူးကုန်ပြီ” ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

ရသေ့မြတ်ကို မင်းကြည်ညို

လွန်လေ ပြီးသောအခါ ကပိလတိုင်း ဥတ္တရပဉ္စာလမြို့ဝယ် ဥတ္တရပဉ္စာလမင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည်နိဂုံးရွာဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော်တက္ကသိုလ်ပြည်၌ အလုံးစုံသော အတတ်ပညာတို့ကို သင်ကြား ပြီးလျှင် နောက်အဘို့၌ ရသေ့ရဟန်းပြုကာ ဟိမဝန္တာအရပ်၌ သစ်သီးကြီးငယ်ဖြင့် မျှတလျက် ကြာမြင့်စွာနေလေ၏။

တနေ့သ၌ ချဉ်ဆားမှီဝဲအံ့သောငှါ လူတို့နေရာသို့လှည့်လည်လတ်သော် ဥတ္တရပဉ္စာလမြို့သို့ ရောက်၍ မင်းကြီး ဥယျာဉ်တော်၌နေပြီးလျှင် နံနက်အခါ မြို့တွင်းသို့ ဆွမ်းခံဝင်လတ်သော် မင်းကြီးအိမ်တံခါးသို့ရောက်လေ၏၊ မင်းကြီးသည် ရသေ့၏ငြိမ်သက်သော ဣန္ဒြေ၌ကြည်ညို၍ မြတ်သောပြာသာဒ်အပြင်သို့ ပင့်ဆောင်လျက် မင်းအား ထိုက်တန်သော ခဲဘွယ်ဘောဇဉ်တို့ကို ကပ်လှူပူဇော်ပြီးလျှင် အမြဲသီတင်းသုံးရန် ဝန်ခံစေလျက် ဥယျာဉ်တော်၌ နေစေ၏၊ ရသေ့လည်း နေ့တိုင်းနေ့တိုင်း မင်းကြီးအိမ်၌သာ ဆွမ်းဘုဉ်းပေးလေ၏။

ထိုအခါ ရသေ့သည်မိုးကာလလွန်လတ်သော်ဟိမဝန္တာသို့သွားလို၍ ခရီးသွားသော ငါ့အား သစ်ရွက်ထီးနှင့်လွှာခြင်းဘိနပ်တရံကိုရခြင်းငှါ သင့်၏၊ မင်းကြီးကိုတောင်းမည်ဟု ကြံစည်ထားလေ၏၊

**တောင်းခံပေးမှု စဉ်းစားပြ**

တနေ့သ၌ ဥယျာဉ်တော်သို့လာပြီးလျှင် ရှိခိုး၍နေသော မင်းကြီးကို သစ်ရွက်ထီးနှင့်လွှာခြင်းဘိနပ်တရံကိုတောင်းတော့မည်ဟု ကြံစည်ပြန်ကာ တဖန်သူတပါးကို ဤဥစ္စာကိုပေးပါဟု တောင်းသောသူသည် ငိုသည်မည်၏။

မရှိဟု ဆိုသော ဥစ္စာရှင်လည်း အတုငိုသည်မည်၏၊ ငိုသောငါနှင့်ငိုသော မင်းကြီးကိုလူအများမမြင်စေပါလင့်၊ ဆိတ်ကွယ်ရာအရပ်၌ ငါတို့နှစ်ဦးလုံးငိုကြမည်ဟု ကြံစည်ကာ''မြတ်သောမင်းကြီး····ဆိတ်ကွယ်ခြင်းကို အလိုရှိ၏'' ဟုပြောလေ၏၊မင်းကြီးလည်း ထိုစကားကိုကြားလျှင် မင်းချင်းယောက်ျားတို့ကို ဘဲလေ၏၊ ရသေ့သည် မင်းချင်းတို့ဘဲလေလျှင် ငါတောင်းလတ်သော် မင်းကြီးသည် မပေးပါမူ၊ ငါ့အားအချစ်ပျက်လတံ့၊ ထိုကြောင့် ငါမတောင်းဟု ထိုနေ့၌ ထီးဘိနပ် အမည်မျှကို ပင် ရခြင်းငှါ မတတ်နိုင်လျှင် ''မြတ်သောမင်းကြီး····သွားပါဦးလော့၊ နောက်နေ့မှသိရမည်''ဟု ပြောလေ၏။

**ဆယ့်နှစ်နှစ်တိုင် မတောင်းနိုင်**

နောက်တနေ့မင်းကြီးလာသော ကာလ၌လည်း ရှေးနည်းအတူလျှင် ဆိတ်ကွယ်ခြင်းကိုတောင်းကာ နှစ်ဦးတည်းကျန်သောအခါ မတောင်းနိုင်ဘဲရှိပြန်၏၊ တဖန်နောက်တနေ့

လည်း မတောင်းနိုင်ဘဲရှိပြန်၏၊ ဤသို့မတောင်းနိုင်ဘဲလျှင် ဆယ့်နှစ်နှစ်တို့သည် လွန်ခဲ့ကုန်၏၊ ထိုအခါ မင်းကြီးသည် ငါ၏အရှင်ရသေ့သည်ဆိတ်ကွယ်ခြင်းကိုအလိုရှိ၏ဟုတောင်းဆိုကာ မင်းချင်းတို့ဘဲလတ်သော် တစုံတရာစကားကိုမပြောဆိုဝံ့ချေ၊ ပြောဆိုခြင်းငှါ အလိုရှိသောအရှင်အား ယခုအခါ ဆယ့်နှစ်နှစ်တို့လွန်ခဲ့ကုန်ပြီ၊ မြတ်သော အကျင့်ကို ကြာမြင့်စွာ ကျင့်ရသော ရသေ့အား ငြီးငွေ့ပျင်းရိသဖြင့် လူထွက်၍စည်းစိမ်ခံစားလိုသည် ဖြစ်လိမ့်မည်၊ မင်းအဖြစ်၏အမည်မျှကိုပင် မပြောဆိုဝံ့၍ ဆိတ်ဆိတ်နေဟန် တူ၏၊ ယနေ့ငါသည် အရှင်ရသေ့အား မင်းအဖြစ်ကိုအစပြု၍လိုရာဝတ္ထုကို လှူဒါန်းမည်ဟု ကြံစည်ကာ ရသေ့ထံသို့ဆည်းကပ်ရန်သွားလေ၏။

ရသေ့လည်း မင်းကြီးရောက်လာလျှင် ရှေးနည်းအတိုင်း ဆိတ်ကွယ်ရာကို အလိုရှိ၏ဟု တောင်းဆို၍ မင်းချင်းတို့ဘဲသွားကြလျှင် စကားတစုံတရာမဆိုဝံ့ဘဲရှိပြန်သော် မင်းကြီးသည် ရသေ့အား“အရှင်ဘုရား....အရှင်တို့သည် ဆယ့်နှစ်နှစ်တို့ပတ်လုံး ဆိတ်ကွယ်ရာရသော်လည်း စကားတစုံတရာကိုမပြောဝံ့ဘဲ ရှိခဲ့သည်၊ မင်းအဖြစ်မှအစပြု၍ အလုံးစုံကို ဘိတ်ကြားပါ၏၊ ကြောက်ရွံ့ခြင်းမရှိဘဲ အလိုရှိရာဝတ္ထုကို တောင်းဆိုတော်မူပါ”ဟု လျှောက်လေ၏။

**ထီးဘိနပ်လိုမှု**
**အလှူခံပြ**

ထိုအခါ ရသေ့သည်-“မြတ်သောမင်းကြီး.... ငါတောင်းဆိုရာဝတ္ထုကို ပေးမည်လော”ဟုမေး၏၊“အရှင်ဘုရားပေးပါမည်”ဟု လျှောက်၏၊ ခရီးသွားသောငါ့အား သစ်ရွက်

ထိးနှင့် လွှာခြင်းဘိနပ်တရံကို အလိုရှိပါ၏'' ဟု ပြော၍၊ ''အရှင်ဘုရား····ဤမျှလောက်သောဝတ္ထုကို ဆယ့်နှစ်နှစ်တို့ပတ်လုံး တောင်းဆိုရန်မဝံ့ဘဲရှိရာသလော''ဟု လျှောက်၏၊ ''မြတ်သော မင်းကြီး····မတောင်းဆိုဝံ့ပါ''ဟု ပြောသောအခါ၊''အရှင်ဘုရား····အဘယ်ကြောင့် မတောင်းဆိုဝံ့ဘဲရှိသနည်း''ဟုလျှောက်ပြန်၏၊ ထိုအခါရသေ့သည်—

''မြတ်သောမင်းကြီး···· တောင်းသောသူသည် ဥစ္စာကိုရခြင်းမရခြင်းနှစ်ပါးသော သဘောဖြစ်ရ၏၊ စင်စစ်တောင်းခြင်းမှာ ဤသို့ရခြင်းမရခြင်းသဘောရှိရမြဲဖြစ်၏။

မြတ်သောမင်းကြီး····ပညာရှိတို့သည် တောင်းခြင်းကို ငိုခြင်းဟု ပြောဆိုကုန်၏၊ တောင်းသောဥစ္စာကိုမပေးဟု မြစ်ပယ်ခြင်းကိုလည်း အတုငိုခြင်းဟုပြောဆိုကုန်၏။

ငိုသော ငါ့ကိုဂုင်း,အတုငိုသော သင်မင်းကြီးကိုဂုင်း ပဉ္စာလတိုင်း၌စည်းဝေးကုန်သော သူတို့မမြင်ခြင်းငှါ အလိုရှိပါ၏၊ သို့အတွက် ငါသည်ဆိတ်ကွယ်ရာကို အလိုရှိပါ၏''—

ဟု မင်းကြီးအား မိန့်တော်မူ၏၊ မင်းကြီးသည် ရသေ့၏စကားကိုကြားလျှင် ရိုသေခြင်းလက္ခဏာ၌ အလွန်ကြည်ညို၍—

''အရှင်ရသေ့···· အရှင်ရသေ့အား နွားလားဥသဘနှင့်တကွ နီမြန်းသော နွားမတထောင်ကို ပေးပါ၏၊ စင်စစ်အရှင်မြတ်၏ တရားနှင့်ယှဉ်သော စကားတို့ကို ကြားနာ၍ မြတ်သောအကျင့်နှင့်ပြည့်စုံ

သူသည် မြတ်သော အကျင့်နှင့် ပြည့်စုံသူအား-
အဘယ်ကြောင့် မလှူဘဲရှိအံ့နည်း”—

ဟု ရသေ့အား လျှောက်ထားလေ၏၊ ရသေ့လည်း မင်းကြီးစကားကိုကြားလျှင်“မြတ်သောမင်းကြီး·· ငါသည် ကိလေသာကာမ,ဝတ္ထုကာမတို့၌အလိုမရှိ၊ငါတောင်းသော ထီးနှင့်ဘိနပ်ကိုသာ ငါ့အားပေးပါလော့”ဟု ဆို၍ သစ်ရွက်ထီးနှင့်လွှာချင်းဘိနပ်ကို အလှူခံတော်မူပြီးလျှင် “မြတ်သောမင်းကြီး···· ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ပါလင့်၊အလှူကိုပေးလော့၊သီလကိုစောင့်ရှောက်လော့၊ဥပုသ်ကို ဆောက်တည်လော့”ဟု မင်းကြီးကို အဆုံးအမပေး၍ မင်းကြီးတောင်းပန်စဉ်လျှင်ဟိမဝန္တာသို့သွားပြီးလျှင် အဘိညာဉ်သမာပတ်ကိုဖြစ်စေလျက်သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့လားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ပဉ္စာလမင်းသည်-ယခုအခါ အာနန္ဒာ။

※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) တောင်းခြင်းဟူက၊ ရ,မရ၊ မုချရှိမြဲသာ၊
(၂) တောင်းသူလည်းငို၊ မပေးငို၊ ဆိုကြပညာဝါ။
(၃) ဝစီဝိညတ်၊ တောင်းရမ်းတတ်၊ သူမြတ်စက်ဆုပ်ရှာ။

မြဟ္မဒတ္တဇာတ်ပြီး၏။

# ၃၂၄- စမ္မသာဋကဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

ချီးမြှောက်လွဲ ကကဲ့ရဲ့ကြ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော် မူစဉ် ပရိဗိုဇ် တယောက်သည် သားရေအဝတ်ကို ဝတ်ရုံလေ့ရှိ၏၊ တနေ့သ၌ ထိုစမ္မသာဋကပရိဗိုဇ်သည်မိမိအရံမှထွက်၍ သာဝတ္ထိပြည်တွင်း၌ ဆွမ်းခံသွားသည်ရှိသော် သိုးတွေ့ရာ အရပ်သို့ရောက်လေ၏၊ သိုးသည် ပရိဗိုဇ်ကိုမြင်လျှင် တွေ့လိုသဖြင့် နောက်သို့ဆုတ်လေ၏၊ ပရိဗိုဇ်ကား ဤသိုးသည် ငါ့အားရိုသေသောအမူအရာကို ပြသည်ဟု မှတ်ထင်ကာ နောက်သို့မဆုတ်ဘဲနေ၏၊ ထိုအခါ သိုးသည် လျင်မြန်သောအဟုန်ဖြင့် ပြေးလာပြီးလျှင် ပရိဗိုဇ်ပေါင်ကို တွေ့ကာ လဲစေ၏။

ထိုပရိဗိုဇ်သည် သူတော်ကောင်း မဟုတ်သော သိုးကို ချီးမြှောက်ခြင်းကိုပြုခြင်းသည် သံဃာဘောင်၌လည်း ထင်ရှားလေ၏၊ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ထိုစမ္မသာဋကပရိဗိုဇ်အကြောင်းကိုစကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင်-''ရဟန်းတို့….ဤစမ္မသာဋက ပရိဗိုဇ်သည် ယခုအခါ၌သာ သူတော်ကောင်းမဟုတ်သော သိုးကိုချီးမြှောက်ခြင်းကိုပြု၍ ပျက်စီးသည်မဟုတ်၊ ရှေးအခါ၌လည်း ပျက်စီးဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

သိုးကိုထင်မှား ချီးမြှောက်ခြား

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ကုန်သည်မျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ကုန်သွယ်ခြင်းအမှုကိုပြုလေ၏။

ထိုအခါ စမ္မသာဋကပရိဗိုဇ်တဦးသည် ဗာရာဏသီပြည်၌ ဆွမ်းခံဝင်သည်ရှိသော် သိုးဝှေ့တတ်သောအရပ်သို့ရောက်လျှင် ဝှေ့မည်ဟု အားယူရန် နောက်သို့ဆုတ်သောသိုးကိုမြင်၍ ဤသိုးသည် ငါ့ကိုပူဇော်ဘိ၏ဟု နောက်သို့မဆုတ်ဘဲနေကာ ဤမျှလောက် လူတို့အထဲ၌ လူတဦးတယောက်မျှလည်း ဂုဏ်ကျေးဇူးကိုမသိဟု ထိုသိုးအားလက်အုပ်ချီကာရပ်လျက်—

"အချင်းတို့.... အမြီအရံများသော သိုးမြတ်သည် အမျိုးမြတ်၍ ဗေဒင်တတ်သော ပုဏ္ဏားကိုပူဇော်ဘိ၏၊ အခြေလေးချောင်းရှိသော သိုးမြတ်သည် အလွန်ကောင်းသော သဘောရှိစွတကား၊ အလွန်ကောင်းသော ကျေးဇူးရှိစွတကား၊ အလွန်သီလကို ချစ်ခင်ပေစွတကား"—

ဟု သိုး၏ဂုဏ်ကျေးဇူးကို ချီးကျူးကာနေလေ၏၊ ထိုအရပ်၌နေသော ကုန်သည်ပညာရှိသည်—

"အို-ပုဏ္ဏားပရိဗိုဇ်.... တခဏချင်းမြင်ကာမျှဖြင့် အခြေလေးချောင်းရှိသော သိုးနှင့်အကျွမ်းမ

ဝင်ပါလင့်၊ သိုးကား ပြင်းထန်စွာ ဖွေ့လိုသဖြင့် နောက်သို့ ဆုတ်ဘိ၏၊ ထိုသိုးသည် သင့်ကို ဖွေ့လိမ့်မည်”–

ဟု ပရိဗိုဇ်ကိုတားမြစ်လေ၏။

**မိုက်သူချီးမြှောက်ဘေးရန်ရောက်**

ထိုသိုးသည် ကုန်သည်ပညာရှိ တားမြစ်စဉ်လျှင် လျင်မြန်သောအဟုန်ဖြင့်ပြေးလာပြီးလျှင် ထိုပရိဗိုဇ်ပေါင်၌ဖွေ့၍လဲစေ၏၊ ပရိဗိုဇ်လည်း ပြင်းထန်သောဝေဒနာသို့ ရောက်လတ်သော်အိပ်လျက်–

“အချင်းတို့….ငါ့၏ပေါင်ရိုးတို့သည် ကျိုးကုန်ပြီ၊ အရိက္ခရာဖြင့် ပြည့်သောဝန်ထုပ်သည် လိမ့်ခဲ့ပြီ၊ အလုံးစုံသော ဘဏ္ဍာသည်ကွဲခဲ့ပြီ၊သိုးသည် ငါ့ကို ဖွေ့၍သတ်ဘိ၏၊ သင်တို့သည် အမြန်ပြေးကြကုန်”

ဟု လက်မောင်း နှစ်ဘက်တို့ကို မြှောက်ကာငိုကြွေးလေ၏။

ထိုနောက်တဖန် ပရိဗိုဇ်သည်–

“အချင်းတို့…. ယနေ့ ပညာမရှိသောငါသည် သိုးဖွေ့၍ သေရသကဲ့သို့ ထို့အတူ မပူဇော်အပ်မချီးမွမ်းအပ်သောသူကိုပူဇော်ချီးမွမ်းသောသူသည် သေရ၏”–

ဟုငိုကြွေးလျက်ထိုအရပ်မှာပင်သေရလေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ စမ္မသာဋကပရိဗိုဇ်သည်-ယခုအခါလည်း စမ္မသာဋကပရိဗိုဇ်။

※ ကုန်သည်ပညာရှိသည်-ငါဘုရားဖြစ်လာပြီ-

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) မမြော်ကိတ်ထိုက်သူ၊ချီးမြော်ကမ်မူ၊ထိုသူပျက်စီးရာ၊

(၂) သိုးကိုမြော်လိုက်၊ပရိဗိုဇ်၊သိုးတိုက်သေရရှာ။

စမ္မသာဋကဇာတ်ပြီး၏။

---

# ၃၂၅-ဂေါဓရာဇဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**အံ့ဘွယ်ထင်မှတ်**
**ရဟန်းပြုလတ်**

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌သီတင်းသုံးတော်မူစဉ် အံ့ဘွယ်သရဲကို ပြုလုပ်တတ်သော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။ ။[အောက်ကဝတ္ထုများ၌ချဲ့ပြီ။]

## အတိတ်ဝတ္ထု

**သူတော်ထင်ကာ**
**ဆည်းကပ်ရှာ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဖွတ်မျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ခွန်[illegible]

စုံကာ တော၌နေ၏၊ ထိုတောတွင် သီလမရှိသော ရသေ့စဉ်းလဲတပါးလည်း ထိုဖွတ်၏ နေရာအနီး၌ ကျောင်းဆောက်၍နေလေ၏။

ထိုအခါဖွတ်မင်းသည် အစာရှာသွားလတ်သော် ရသေ့ကျောင်း၌ရသေ့ကိုမြင်လျှင် သီလရှိသောရသေ့သူကောင်းဖြစ်လတံ့ဟုနှလုံးသွင်းကာရသေ့ကိုရှိခိုးပြီးလျှင်မိမိနေရာသို့သွားလေ၏။

တနေ့သ၌ ရသေ့စဉ်းလဲသည် အလုပ်အကျွေး ဒါယကာအိမ်၌ ကောင်းစွာ စီရင်ချက်ပြုတ်အပ်သော ဖွတ်သားကို စားရလျှင် "ဤအသားကား အဘယ်အသားနည်း" ဟု မေးမြန်းရာ"ဖွတ်သား"ဟု ပြောကြားအပ်သည်ရှိသော် ဖွတ်သား၌ တပ်စွန်းသော ရသတဏှာသည် နှိပ်စက်အပ်သည်ဖြစ်၍ ကျောင်းသို့မပြတ်လာသော ဖွတ်ကြီးကိုသတ်ပြီးလျှင် အလိုရှိတိုင်း ချက်ပြုတ်၍စားမည်ဟု ကြံစည်ကာ ထောပတ်နို့ဓမ်းစသော ဘဏ္ဍာတို့ကိုယူပြီးလျှင် ကျောင်းသို့ပြန်လေ၏။

**ဖွတ်ကိုသတ်ရန် ရသေ့ကြံ**

ကျောင်းသို့ ရောက်လျှင် လက်ရိုက်ကိုကိုင်လျက်သင်္ကန်းဖြင့်ဖုံးလွှမ်းကာဖွတ်ကြီးလာခြင်းကိုမျှော်၍ ကျောင်းတံခါးဝတွင် ငြိမ်သက်စွာနေလေ၏၊ ဖွတ်မင်းလည်းရသေ့ကိုရှိခိုးရန်လာလတ်သော်ဣန္ဒြေပျက်နေသော ရသေ့စဉ်းလဲကိုမြင်လျှင် ဤရသေ့ကား ဖွတ်သားကို စားရသည် ဖြစ်လတံ့၊ စုံစမ်းမည်ဟု လေအောက်မှရပ်၍ အနံ့ကို ခံလတ်သော်

ဖွတ်သားနံ့ရ၍ ဖွတ်သားစားထားသည်ကိုသိလျှင် အနား
သို့မချဉ်းကပ်တော့ဘဲ ဆုပ်ခွါ၍သွားလေ၏။

ရသေ့စဉ်းလဲလည်း ဖွတ်မင်း မလာသည်ကို သိလျှင်
ကိုင်ထားသော လက်ရိုက်ဖြင့်ပစ်လေ၏၊ လက်ရိုက်သည်
ကိုယ်၌မကျဘဲ အမြီးဖျား၌ကျလေ၏၊ ထိုအခါ ရသေ့စဉ်း
လဲသည်"ဟယ်-ဖွတ်....သွားလေတော့ ချော်လေ၏" ဟု
ပြောဆိုလေ၏၊ ဖွတ်မင်းသည်"ငါ့ကိုကား ချော်လေ၏၊
အပါယ်လေးပါးကိုကား မချော်လေ"ဟု ပြောဆိုလျက်
ပြေးပြီးလျှင် ရသေ့၏ စင်္ကြံဦး၌ရှိသော တောင်ပို့သို့ဝင်၍
ကယ်ပေါက်မှဦးခေါင်းကိုထောင်လျက်---

**ရသေ့ပျက်အား ဖွတ်ပြောကြား**

"ဟယ်-ရသေ့ပျက်....ကိုယ်နှုတ်, နှလုံး
ကိုမစောင့်ရှောက်သောသင့်ကိုငါသည်
ရသေ့ကောင်းထင်မှတ်၍ ဆည်းကပ်
မိ၏၊ သင်သည်ငါ့ကို လက်ရိုက်နှင့်ပစ်သော အခြင်းအရာ
ကိုမြင်သဖြင့် ရသေ့ကောင်းမဟုတ်မှန်းသိရ၏။

"ဟယ်--ရသေ့ပျက်....ပညာမဲ့သောသင့်အား
ဆံကျစ်တို့ဖြင့် အကျိုးမရှိ၊ သစ်နက်ရေ ဖြင့်လည်း
အကျိုးမရှိ၊ သင့်ကိုယ်တွင်း၌ ကိလေသာ တော
အုပ်ရှိ၏၊အပ၌ကား ပြေပြစ်လှ၏"—

ဟုရသေ့အား ပြောဆိုလေ၏၊ ဖွတ်မင်းစကားကိုကြား
လျှင်ရသေ့သည်—

"ဟယ်—ဖွတ်.... ငါ့ထံလာဦးလော့, ပြန်ခဲ့ဦး
လော့,သလေးထမင်းကို စားလှည့်လော့ ငါ့အား

ဆီ,ဆားလည်းရှိ၏၊ ငါ့အား ရှိန်းခို,ဇီယာ, ချင်း
စသောများစွာသောစပ်သောဘဏ္ဍာလည်းရှိ၏”-
ဟုဖွတ်မင်းအား ပြောဆိုပြန်၏၊ ဖွတ်မင်းလည်းရသေ့
၏စကားကိုကြားပြန်လျှင်—

**ခြိန်းခြောက်ပြောကာ မောင်းနှင်ရာ**

“ဟယ်-ရသေ့ပျက်....ငါကား အသူ
တရာနက်သောတောင်ပို့တွင်းသို့လျှင်
စွာဝင်တော့မည် သင်သည်ဆီ,ဆား,
စသည်ကို ပြောကြားဘိ၏၊ ငါ့အားရှိန်းခို,
ဇီယာ, ချင်းစသော များစွာသော အစပ်
ဘဏ္ဍာသည်မလျောက်ပတ်”—

ဟု ပြောဆိုပြီးလျှင်“ရသေ့ပျက်....သင်သည် အကယ်
၍ ဤအရပ်၌နေပါမူ သင့်ကိုဆွမ်းခံရွာ၌ လူတို့ကိုဤရသေ့
ကား သူခိုးဖြစ်သည်ဟု ဖမ်းစေပြီးလျှင် ဖောက်ပြန်ခြင်းသို့
ရောက်စေမည်၊လျင်မြန်စွာပြေးလေလော့”ဟု ခြိမ်းခြောက်
လေ၏၊ရသေ့စဉ်းလဲလည်းကြောက်လန့်သဖြင့် ထိုအရပ်မှ
လျင်စွာပြေးလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်
တန်သောဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ရသေ့စဉ်းလဲသည်-ယခုအခါ အံ့ဘွယ်
သရဲကိုပြုတတ်သောရဟန်း။

※ ဖွတ်မင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အံ့ဘွယ်ဖြစ်ဆန်း၊ ဝတ်သက်နန်း၊ကြမ်းတန်းစိတ်, နွတ်, ကိုယ်။
(၂) လက်ရိက်ကိုင်ကာ၊ဖွတ်မင်းလာ၊လျင်စွာပစ်သကို။
(၃) ရသေ့စဉ်းလဲ၊ပြုသည့်နဲ၊ငရဲရောက်ဘို့ကို။

ဂေါဓရာဇဇာတ်ပြီး၏။

---

# ၁၂၆-ကဏ္ဍာရူဇာတ်

## ပဉ္စုပ္ပန်ဝတ္ထု

**မုသားဆိုချက် သွေးအန်ထွက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မုသားဆို၍သံဃာကို သင်းခွဲခဲ့ရာ ပရိသတ်ကို အဂ္ဂသာဝက နှစ်ပါးတို့ယူဆောင်သွားသဖြင့် ခံတွင်းမှသွေးပုပ်အန်ထွက်လေ၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ဒေဝဒတ်သည် မုသားဆို၍ သံဃာကိုသင်းခွဲသဖြင့် ပြင်းထန်သော ရောဂါဝေဒနာကိုရ၏ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင်“ရဟန်းတို့····ဒေဝဒတ်သည် ယခုအခါ၌သာ မုသားဆို၍ကြီးစွာသော ဆင်းရဲကို ရသည်မဟုတ်၊ ရှေးအခါ၌လည်း ရဘူးပြီ”ဟု မိန့်တော်မူကာအောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

ဗာရာဏသီပွဲတော်
နတ်တို့ပျော်

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် တာဝတိံသာနတ်ပြည်ဝယ် မထင်ရှားသောနတ်သားဖြစ်လေ၏။

ထိုအခါ ဗာရာဏသီပြည်ဝယ် ကြီးစွာသော ပွဲသဘင်ဖြစ်၍ နဂါး, ဂဠုန်, ဘုမ္မစိုးနတ်များစွာတို့သည် လာ၍ ပွဲသဘင်ကို ရှုကြည့်ကြကုန်၏၊ တာဝတိံသာ နတ်ပြည်မှ နတ်သားလေးယောက်တို့လည်း ကက္ကာရုနတ် ပန်းကုံးကို ပန်ဆင်ကာ ပွဲသဘင်ကြည့်ရှုရန် လာကြကုန်၏၊ ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်သည် နတ်တို့ပန်းနံ့ဖြင့် မွှေးကြိုင် ပျံ့နှံ့လျက်ရှိ၏၊ လူတို့သည် ဤပန်းနံ့ကားအဘယ်သူ၏ ပန်းနံ့ဖြစ်သနည်း ဟု ဆင်ခြင်၍ သွားကြကုန်၏၊ နတ်သား လေးယောက်တို့လည်း လူတို့ဆင်ခြင်၍ သွားသည်ကိုသိကြကုန်၏။

နတ်ပန်းရနံ့
ပြည်လုံးနှံ့

ထိုနတ်သားလေးယောက်တို့သည် မင်းရင်ပြင်ဝယ် အထက်ကောင်းကင်၌ကြီးစွာသော အာနုဘော်ဖြင့် ရပ်လျက်ကြည့်ရှုကြကုန်၏၊ မင်းနှင့်တကွ တိုင်းသူပြည်သားတို့လည်း သူ့ထက်ငါပွဲသဘင်ကို ကြည့်ရှုကြကုန်၏၊ ထိုအခါ လူတို့သည် နတ်သားလေးယောက်တို့ကို မြင်လျှင် "အရှင်တို့… အဘယ်နတ်ပြည်မှ လာကြသနည်း"ဟု မေး၏၊ "အချင်းတို့…. တာဝတိံသာ နတ်ပြည်မှ လာကြကုန်၏" ဟုပြော၏၊"ဘယ်အတွက် လာကြသနည်း"ဟု မေးပြန်ရာ

"ပွဲသဘင် ကြည့်ရှုရန် လာကြကုန်၏"ဟု ပြော၏"သင်တို့ ပန်ဆင်ထားသော ပန်းတို့ကား အဘယ်ပန်းတို့နည်း" ဟု မေး၏၊ "ကက္ကာရု နတ်ပန်းတို့ဖြစ်ကုန်၏" ဟု ပြော၏၊ "အကျွန်ုပ်တို့အား ပေးပါကုန်လော့" ဟု တောင်းကြ၏၊ "ဤကက္ကာရုနတ်ပန်းကား အာနုဘော်ကြီးကုန်၏ နတ်တို့ သာထိုက်တန်ကုန်၏၊ လူ့ပြည်၌ ယုတ်မာသူ, နှလုံးသွင်း မကောင်းသူ, ပညာမရှိသူ, သီလမရှိသူတို့နှင့် မထိုက်တန် ကုန်၊ မယုတ်မာသူ, နှလုံးသွင်းကောင်းသူ, ပညာရှိသူ, သီလရှိသူတို့သာ ထိုက်တန်ကုန်၏"ဟု ပြောဆိုပြီးလျှင် ထိုနတ်သားတို့တွင် နတ်သားကြီးသည်-

"အချင်းတို့.... ကိုယ်ဖြင့် သူ့ဥစ္စာကို မခိုးသူ, နှုတ်ဖြင့်မုသားမဆိုသူ,စည်းစိမ်ချမ်းသာကို ရပြီး၍ မမေ့မလျော့သူတို့သာ စင်စစ်ကက္ကာရုနတ်ပန်းကို ပန်ဆင်ထိုက်၏"-

ဟု လူတို့အားပြောဆိုလေ၏။

**တရားစောင့်မှ နတ်ပန်းရ**

ထို စကားကို ပုရောဟိတ် ကြားလျှင် ငါ့အား စင်စစ်ဤဂုဏ်ကျေးဇူးတို့တွင် တစုံတခုသော ဂုဏ်ကျေးဇူးမျှ မရှိပေ၊ မုသားဆို၍ထိုပန်းကိုပန်ဆင်လတ်သော် လူများသည်ငါ့ကို ဤပုဏ္ဏားကား ဤသို့သောကျေးဇူးဂုဏ်နှင့် ပြည့်စုံသော သူဖြစ်သည်ဟု သိကြလတ့ံဟု ကြံစည်ပြီးလျှင် နတ်တို့ကို အကျွန်ုပ်အား ဤဂုဏ်ကျေးဇူးတို့နှင့်ပြည့်စုံသည်ဟုမုသား ပြောဆို၍ နတ်ပန်းကိုပေးစေပြီးလျှင် ပန်ဆင်ကာ နှစ် ယောက်မြောက်နတ်သားကို တောင်းပြန်၏၊ ထိုအခါ ထို နတ်သားသည်-

"အချင်း-ပုဏ္ဏားး....တရားသဖြင့်ဥစ္စာကိုရှာမှီးသူ,စဉ်းလဲသဖြင့် ဥစ္စာကိုမဆောင်ယူသူ, စည်းစိမ်ချမ်းသာကိုရပြီး၍ မမေ့မလျော့သူတို့သာ စင်စစ်ကဏ္ဍာရုနတ်ပန်းကို ပန်ဆင်ထိုက်၏"—

ဟု ပုရောဟိတ်အား ပြောကြားပြန်၏၊ ပုရောဟိတ်လည်း ဤဂုဏ်ကျေးဇူးတို့နှင့်လည်း ပြည့်စုံသည်ဟု မုသားပြောဆို၍ နတ်ပန်းကိုပေးစေပြီးလျှင် ပန်ဆင်ကာ သုံးယောက်မြောက်နတ်သားကို တောင်းပြန်၏၊ ထိုနတ်သားလည်း—

"အချင်း-ပုဏ္ဏားး....နန္တင်းရည်ဆိုးထားသကဲ့သို့ မဟုတ်ဘဲ စိတ်တည်ကြည်သူ အနည်းငယ်မျှသော အကြောင်းဖြင့် မပျက်စီးဘဲ ကံ,ကံ၏အကျိုးကို ယုံကြည်သူ, ကောင်းသောဘောဇဉ်ကို တယောက်တည်းမစားသူတို့သာ စင်စစ် ကဏ္ဍာရုနတ်ပန်းကို ပန်ဆင်ထိုက်၏"—

ဟု ပုရောဟိတ်အား ပြောကြားပြန်၏။

**မုသားလိမ်ကောက်ဆင်းရဲရောက်**

ပုရောဟိတ်လည်း ဤဂုဏ်ကျေးဇူးတို့နှင့်လည်း ပြည့်စုံသည်ဟု မုသားပြောဆို၍ နတ်ပန်းကိုပေးစေပြီးလျှင် ပန်ဆင်ကာ လေးယောက်မြောက်နတ်သားကို တောင်းပြန်၏၊ ထိုနတ်သားလည်း—

"အချင်း-ပုဏ္ဏားး.... မျက်မှောက် မျက်ကွယ်၌ သူတော်ကောင်းတို့ကို မဆဲရေးသူ, ပြောဆိုတိုင်း

ပြုလုပ်လေ့ရှိသူတို့သာ စင်စစ်ကက္ကာရုနတ်ပန်းကို ပန်ဆင်ထိုက်၏”—

ဟု ပုရောဟိတ်အား ပြောကြားပြန်၏၊ ပုရောဟိတ်လည်း ဤဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသည်ဟု မုသားဆို၍ နတ်ပန်းကို ပေးစေပြီးလျှင် ပန်ဆင်ပြန်၏၊ ဤသို့လျှင် နတ်သား လေးယောက်တို့သည် နတ်ပန်းကုံးလေးခုတို့ကို ပုရောဟိတ်အားပေး၍ နတ်ပြည်သို့ ပြန်ကြကုန်၏။

ထိုအခါ ပုရောဟိတ်ဦးခေါင်း၌ ကြီးစွာသောဝေဒနာသည်ဖြစ်လေ၏၊ အသွားထက်သောဆောက်ဖြင့် ဖြတ်သကဲ့သို့ငှင်း၊ သံပြားဖြင့် နှိပ်သကဲ့သို့ငှင်း ဖြစ်လေ၏၊ မခံမရပ်နိုင်ဖြစ်သဖြင့် လူးလည်းကာ ကျယ်စွာသောအသံဖြင့် ဟစ်ကြွေးလေ၏၊ လူတို့သည် ပုရောဟိတ်အား မေးကြလျှင် ပုရောဟိတ်သည်—

“အချင်းတို့····ငါကားငါ့ကိုယ်တွင်း၌မရှိသော ဂုဏ်ကျေးဇူးတို့ကိုရှိ၏ဟု မုသားပြောဆိုကာ နတ်ပန်းကုံးတို့ကို တောင်း၍ပန်ဆင်မိ၏၊ သို့အတွက်ငါ့အား ကြီးစွာဆင်းရဲခြင်းသို့ရောက်ရ၏၊ ထိုပန်းကုံးတို့ကို ငါ၏ဦးခေါင်းမှ ပယ်ရှားကြပါကုန်”—

ဟု ပြောဆိုလေ၏၊ မည်သူမျှမပယ်ရှားနိုင်၊ ပန်းကုံးတို့သည် သံပြားဖြင့်ဖွဲ့သကဲ့သို့ဖြစ်ကုန်၏၊ ထိုအခါပုရောဟိတ်ကိုချီမကာ အိမ်သို့ဆောင်ယူကြကုန်၏၊ ခုနစ်ရက်ပတ်လုံး တစာစာဟစ်ကြွေးကာ နေရ၏။

နတ်တို့ရောက်လာ ဆုံးမရှာ

မင်းကြီးသည် အမတ်တို့နှင့် တိုင်ပင်၍ ဤပုရောဟိတ်ကားသီလမရှိသူဖြစ်လတံ့၊ အဘယ်သို့ပြုရအံ့နည်းဟု ဆိုလတ်သော် "မြတ်သောမင်းကြီး.... တဘန်ပွဲသဘင်ခံရမည်၊ နတ်တို့ လာကြပြန်ကုန်လတ့ံ"ဟု လျှောက်ထားကုန်၏၊ မင်းကြီး လည်း တဘန်ပွဲသဘင်ကိုခံစေပြန်၏၊ ထိုအခါ နတ်သား တို့သည် လာကြပြန်ကုန်၍ ကောင်းကင်၌ရပ်လျက် တမြို့ လုံးမွှေးကြိုင်စေ၍ ပွဲသဘင်ကြည့်ရှုကြကုန်၏။

ထိုအခါ သီလမရှိသောပုရောဟိတ်ကိုဆောင်ယူ၍ နတ် သားတို့ရှေ့မှာ ဝပ်စေကုန်၏၊ ပုရောဟိတ်သည် ဝပ်လျက် "အရှင်နတ်သားတို့.... အကျွန်ုပ်အသက်ကို ပေးကြပါ ကုန်"ဟု တောင်းပန်၏၊ နတ်သားတို့လည်း "အချင်း ပုဏ္ဏား.... သီလမရှိ ယုတ်မာသောသင့်အား ဤနတ်ပန်း ကုံးတို့နှင့် မထိုက်တန်၊ သင်ကား ငါတို့ကို လှည့်စားလို၍ မုသားဆိုကာ ပန်ဆင်ဘိ၏၊ယခုအခါသင့်မှာမုသားအကျိုး ကိုခံစားရ၏"ဟု လူတို့အလယ်မှာကဲ့ရဲ့ရှုတ်ချကာ ပုဏ္ဏား ၏ဦးခေါင်းမှပန်းကုံးတို့ကို ပယ်ရှားပြီးလျှင် လူတို့ကိုအဆုံး အမပေး၍ နတ်ပြည်သို့ပြန်ကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်— ရဟန်းတို့....

※ ထိုအခါပုဏ္ဏားသည်- ယခုအခါဒေဝဒတ်။

※ နတ်သားတယောက်သည်- ကဿပ။

※ နတ်သားတယောက်သည်- မောဂ္ဂလာန်။
※ နတ်သားတယောက်သည်- သာရိပုတ္တရာ။
※ နတ်သားတယောက်သည်- ငါဘုရားဖြစ်လာပြီ- ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) သိလကင်းကွာ၊ ကျင့်ယုတ်မာ၊ လူညာပုဏ္ဏားငြင်း။
(၂) မုသားသုံးက၊ နဘ်ပန်းရ၊ သေဝဆင်းရဲခြင်း။

ကဏ္ဍာရဇာတ်ပြီး၏။

---

## ၃၂၇-ကာကဝတီဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

**မိန်းမကျင့်ပျက် စောင့်ရှောက်ခက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းတပါးသည် ကိလေသာအစွမ်းဖြင့် သာသနာတော်၌ ငြီးငွေ့ပျင်းရိလေ၏။

မြတ်စွာဘုရားသည် ထိုရဟန်းအကြောင်းကို သိတော်မူလျှင် "ချစ်သားရဟန်း....မိန်းမ မည်သည်ကား စောင့်ရှောက်ခြင်းငှါမတတ်ကောင်း၊ ရှေးပညာရှိတို့သည် မိန်းမကို သမုဒ္ဒရာအလယ် လက်ပံပျိုပင် ဗိမာန်၌ထား၍ စောင့်ရှောက်သော်လည်း စောင့်ရှောက်ခြင်းငှါ မတတ်နိုင်ကုန်"ဟု မိန့်တော်မူကာ အောက်ပါ အတိတ် ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**မိဖုရားဆောင် ကြဉ်း ဂဠုန်မင်း**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် အဘမင်းကြီးသေလွန်သဖြင့် မင်းအဖြစ်ကိုရလေ၏၊ ထိုမင်း၏ မိဖုရားကြီးကား ကာကဝတီမည်၏၊ နတ်သမီးကဲ့သို့ အလွန်အဆင်းလှ၏၊ [ဤဇာတ် အတိတ် ဝတ္ထုကား ကုဏာလဇာတ်၌ ထင်စွာဖြစ်လတံ့။]

ထိုအခါ ဂဠုန်မင်းတဦးသည် လူ့အသွင်ဖြင့် လာ၍ ဗာရာဏသီမင်းနှင့် ကြွေအန်ကစားလတ်သော် ကာကဝတီ မိဖုရားကြီးကိုမြင်လျှင် တပ်စွန်းသော စိတ်ရှိသည် ဖြစ်၍ ထိုမိဖုရားကြီးကိုယူပြီးလျှင် ဂဠုန်ပြည်သို့ ဆောင်၍ အတူတကွ မွေ့လျော်ကာနေ၏။

**စောင်းသမားရှာဖွေ ဂဠုန်ပြည်**

မင်းကြီးသည် ကာကဝတီ မိဖုရားကြီးကို မမြင်လတ်သော် နဋကုဝေရ မည်သော စောင်းသမားကိုခေါ်၍ စုံစမ်းရန်စေခိုင်းလေ၏၊ နဋကုဝေရ စောင်းသမားလည်း စုံစမ်းလတ်သော် ထိုအကြောင်းကိုသိ၍ ဂဠုန်မင်း လာသောအခါ မသိရအောင် အတောင်ကြား၌ စီး၍လိုက်ပြီးလျှင် အိုင်ငယ်တခု၏အနီး ပြိတ်မြက်တော၌အိပ်လေ၏၊ ဂဠုန်မင်းသွားသောအခါ အတောင်ကြား၌ စီး၍လိုက်ပြန်ကာ ဂဠုန်ပြည်သို့ရောက်လျှင် အတောင်ကြားမှထွက်၍ ကာကဝတီမိဖုရားကြီးနှင့် အလိုရှိတိုင်းမွေ့လျော်ပြီးလျှင် ဂဠုန်မင်း

ဗာရာဏသီပြည်သို့ သွားသောအခါ အတောင်ကြား၌ စီး၍လိုက်ပြန်၏။

**စုံစမ်း သိမြင်**
**မင်းလျှောက်တင်**

ဂဠုန်မင်းသည် ဗာရာဏသီ မင်းနှင့် ကြွေအန် ကစားသောအခါ စောင်း သမားသည် စောင်းကိုယူ၍ ကြွေအန် ကစားသောပွဲသို့ သွား၍ မင်းကြီးအထံ၌နေလျက်–

"အချင်းတို့····ဂဠုန်ပြည်မှာ ငါ့မယားနေ၏၊ ဂဠုန်ပြည်မှ၍နတ်နံ့သာကို လိမ်းကျံသော ကာက ဝတီမိဖုရား၏ကိုယ်နံ့သည် မွှေးကြိုင်၏၊ ထိုကာက ဝတီမိဖုရားကြီး၌ ငါ၏စိတ်သည် မွေ့လျော်ဘိ၏၊ ထိုမိဖုရားကြီးသည် ဤဗာရာဏသီပြည်မှ ဝေး သော ဂဠုန်ပြည်မှာနေ၏"–

ဟု သီချင်းကိုသီဆိုကာ စောင်းကိုတီးလေ၏၊ ထိုစကား ကိုကြားလျှင် ဂဠုန်မင်းသည်–

"အို-စောင်းသမား··သင်သည်သမုဒ္ဒရာကြီးကို ဘယ်လိုကူးသနည်း၊ သီဒါခုနစ်တန်ကို ဘယ်လို ကူးသနည်း၊ သီဒါခုနစ်တန်တို့ကိုကူးပြီးလျှင် လက် ပံပင်ကို ဘယ်လိုတက်သနည်း"။

ဟု နဋကုဝေရစောင်းသမားအား မေးလေ၏ ထိုအခါ စောင်းသမားသည်–

**ဂဠုန်မင်းမေး**
**အဖြေပေး**

"အို-ဂဠုန်မင်း··အကျွန်ုပ်ကား သမုဒ္ဒ ရာကြီးကို သင့်ကိုယ်ဖြင့်ကူး၏၊ သီဒါ ခုနစ်တန်ကို သင့်ကိုယ်ဖြင့်ကူး၏၊ သီဒါ

ခုနစ်တန်ကိုကူးပြီး၍ လက်ပံပင်ကို သင့်ကိုယ်ဖြင့် တက်၏''။

ဟု ဂဠုန်မင်းအား ပြောဆိုပြန်၏၊ထိုနောက်မှ ဂဠုန်မင်းသည်—

''အို-စောင်းသမား···· ငါကား ငါ့မယား၏ သယောက်လင်ဖြစ်သော စောင်းသမားကို ဂဠုန်ပြည်သို့၎င်း, ဤလူ့ပြည်သို့၎င်း ပို့ဆောင်ရ၏၊ ထို့ကြောင့် ကိုယ်ကြီးသော ငါ့ကိုကဲ့ရဲ့မိ၏၊ ပေါ့သည်လေးသည်အဖြစ်ကိုမသိသောငါ့ကို ကဲ့ရဲ့မိ၏''—

ဟုစောင်းသမားအား ပြောဆိုပြီးလျှင် ဂဠုန်မင်းသည် ကာကဝတီမိဖုရားကြီးကိုယူဆောင်၍ ဗာရာဏသီ မင်းကြီးအား ပြန်ပေးပြီးလျှင် သွားလေ၏၊တဖန် ဗာရာဏသီပြည်သို့ မလာတော့ပြီ။

မြတ်စွာ ဘုရားသည် ဒေသနာတော်ကို ဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-ရဟန်းတို့····

※ ထိုအခါ နဋကုဝေရ စောင်းသမားသည် - ယခုအခါငြီးငွေ့သောရဟန်း။

※ ဗာရာဏသီမင်းသည်—ငါဘုရား-ဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိန်းမမျိုးကား၊လင်စောင်ထား၊ဖေါက်ပြားကျင့်မိစ္ဆာ။
(၂) သမုဒ္ဒရာထည်း၊ထားသော်လည်း၊စောင့်စည်းမရပါ။
(၃) ဂဠုန်စီးသွား၊စောင်းသမား၊ညားချေမယ်ကာကာ။

ကာကဝတီဇာတ်ပြီး၏။

---

## ၃၂၈-အနနုသောစိယဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**မယားတွက်ဆွေး လွမ်ငိုကြွေး**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော် မူစဉ် သူကြွယ် တယောက်သည် မယားသေလွန်သဖြင့် သောက နှိပ်စက်ကာ မစားနိုင်,မသောက်နိုင်,မအိပ်နိုင်ဘဲ သုသာန်သို့သွား၍ ငိုကြွေးလျက် လှည့်လည်သတတ်၊ အိုး၌ထွန်းအပ်သော ဆီမီးကဲ့သို့ ထိုသူကြွယ်၏ သန္တာန်၌ကား သောတာပတ္တိမဂ်ဉာဏ်၏ ဥပနိဿယသည် ထွန်းပလျက်ရှိ၏။

ထိုအခါ မြတ်စွာဘုရားသည် မိုးသောက်ထ ကာလ၌ လောကကို ကြည့်ရှုလတ်သော် သူကြွယ်ကိုမြင်တော်မူ၍ ဤသူကြွယ်အား သောကကိုပယ်၍ သောတာပတ္တိမဂ်ဉာဏ်ကိုပေးရန် ငါမှတပါး တစုံတယောက်သောသူ မရှိသည်ကို သိတော်မူ၍ ထိုသူကြွယ်အား ချီးမြှောက်လိုသဖြင့် ဆွမ်းဘုဉ်းပေးပြီးလျှင် နောက်ပါ ရဟန်းတပါးကို ခေါ်ကာ သူကြွယ်အိမ်သို့ကြွ၍ ခင်းထားအပ်သော နေရာ၌နေတော်မူ၏၊သူကြွယ်လည်း မြတ်စွာဘုရားကိုရှိခိုးလျက်နေ၏။

မြတ်စွာဘုရားသည်သူကြွယ်အား "သီတင်းသည်..သင်သည် ဆိတ်ဆိတ်နေသလော"ဟုမေး၏၊ "အရှင်ဘုရား.. မှန်ပါ၏၊အကျွန်ုပ်မှာ မယားသေလွန်သဖြင့် သောက နှိပ်စက်၍နေပါ၏"ဟုလျှောက်၏၊ "သီတင်းသည်....ပျက်စီးတတ်သော သဘောမည်သည် ပျက်စီးမြဲ ဖြစ်၏၊ ပျက်စီးသဖြင့် စိုးရိမ်သောက ဖြစ်ခြင်းသည်မသင့်၊ ရှေးပညာရှိတို့သည် မယားသေလွန်သော်လည်း စိုးရိမ်သောက မဖြစ်ကုန်"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု။

**သားအိမ်ထောင်ဘက် ရွှေရုပ်နှင့်ထွက်**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရား အလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အလုံးစုံသော အတတ်ပညာတို့ကို သင်ကြား၍ မိဘတို့အထံတွင်နေ၏၊ ထိုသတို့သားသည် သူငယ်အဖြစ်မှစ၍ မြတ်သောအကျင့်ကိုသာကျင့်၏။

မိဘတို့သည် သားလုလင်အား မယားရှာပေးမည်ဟု ပြောကြားကြကုန်၏၊သတို့သားသည် "အိမ်ရာထောင်ခြင်းကိုအကျွန်ုပ်အလိုမရှိပါ၊မိဘတို့သေလွန်လျှင် ရသေ့ရဟန်းပြုမည်"ဟု ပြောလေ၏၊ မိဘတို့သည် အဘန်တလဲလဲ တောင်းပန်လတ်သော် ရွှေရုပ်တခုကိုထုလုပ်စေ၍"ဤရွှေရုပ်နှင့်တူသော မိန်းမကိုရလျှင် အိမ်ရာ ထောင်မည်"ဟု ပြောလေ၏၊ထိုအခါ မိဘတို့သည် ရွှေရုပ်ကို ယာဉ်ပေါင်း

ချုပ်၌တင်၍ "ဇမ္ဗူဒိပ်ကျွန်း၌ လှည့်လည်ကြကုန်၊ ဤရွှေ ရုပ်နှင့်တူသော ပုဏ္ဏေးမယ်ကို အကယ်၍တွေ့ပါမူ ရွှေရုပ် ကိုပေးခဲ့၍ ထိုပုဏ္ဏေးမယ်ကို ဆောင်ယူ ခဲ့ကြကုန်"ဟု မှာထားကာ အခြံအရံများစွာဖြင့်လူတို့ကိုစေလွှတ်ကုန်၏။

**ရွှေရုပ်အလား ပေးထိမ်းမြား**

ထိုအခါ ကာသိတိုင်း နိဂုံးရွာဝယ်ကုဋေ ရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားအား သမ္မိလ ဟာသိနီမည်သောသမီး ပုဏ္ဏေးမယ် တယောက် ရှိသတတ်၊ ထိုပုဏ္ဏေးမယ်သည် အသက် တဆယ့်ခြောက်နှစ် ရှိသောကာလ၌ အလွန် အဆင်းလှ၏၊ ကြည်ညိုဘွယ်ရှိ၏၊နတ်သမီးနှင့်တူ၏၊အလုံးစုံသော လက္ခ ဏာနှင့်ပြည့်စုံ၏၊ ယော်ရွယ်စဥ်မှစ၍ ကိလေသာ စိတ်သည် မဖြစ်စဘူး၊မြတ်သောအကျင့်ကိုသာကျင့်၍နေ၏။

ရွှေရုပ်ကိုယူဆောင်ကာ လှည့်လည် ကုန်သော သူတို့ လည်း ထိုနိဂုံးရွာသို့ရောက်ကြကုန်၏၊ လူတို့သည် ရွှေရုပ်ကို မြင်လျှင် ရွှေရုပ်မှန်း မသိကြ၍"သမ္မိလဟာသိနီ အဘယ် ကြောင့် ဤ၌နေသနည်း"ဟု မေးကြကုန်၏၊ထိုအခါ လှည့် လည်သူတို့သည် အိမ်ကိုမေးမြန်းကာ သွားကြ၍ မိဘတို့ အား စေ့စပ်ပြောဆိုပြီးလျှင် သမ္မိလဟာသိနီကို တောင်းကြ ကုန်၏။

သမ္မိလဟာသိနီ လည်း အကြောင်းကို ကြားလျှင် "အကျွန်ုပ် အိမ်ရာမထောင်လိုပါ၊ မိဘတို့ သေလွန်လျှင် ရသေ့ရဟန်း ပြုပါမည်"ဟု မိဘတို့အား တောင်းပန်၏၊ မိဘတို့သည် မနာယူကြဘဲ ရွှေရုပ်ကို သိမ်းဆည်းပြီးလျှင် သမ္မိလဟာသိနီကို များစွာသောအခြံအရံဖြင့်ပေးလိုက်ကြ

ကုန်၏၊လှည့်လည်သူတို့လည်း သတ္တိသမီးကို ဆောင်ယူကာ မိမိတို့နေရာသို့ ပြန်ကြကုန်၏၊ ထိုအခါ မိဘတို့သည် အလို မရှိသော သားသမီးတို့ကို ထိမ်းမြားလက်ထပ် ကြကုန်၏။

စည်းစိမ်စွန့်ကာ တောထွက်ရာ

ထို ဇနီးမောင်နှံ နှစ်ယောက်တို့သည် တနေရာတည်း၌ အိပ်ကြ သော်လည်း တယောက်နှင့် တယောက် ကိလေသာ စိတ်ဖြင့်မကြည့်ဘူးကြကုန်၊ရသေ့ရဟန်းတို့ကဲ့သို့ မြတ်သော အကျင့်ကိုသာကျင့်၍နေကုန်၏၊ သတ္တိသား၏ မိဘတို့ သေ လွန်လတ်သော် သတ္တိသားသည် သမ္မိလဟာသိနီကိုခေါ်၍ "ရှင်မ…သင်သည် ငါ့မိဘဥစ္စာ ကုဋေရှစ်ဆယ်နှင့် သင့် ဥစ္စာကုဋေရှစ်ဆယ် ဤကုဋေ တရာခြောက်ဆယ်သောဥစ္စာ ဖြင့် အသက်မွေးရစ်လော့၊ ငါကား ရသေ့ ရဟန်း ပြုတော့ မည်"ဟု ပြောဆို၏၊"အရှင်သား…သင် ရသေ့ ရဟန်းပြု သော်အကျွန်ုပ်လည်း ရသေ့ရဟန်းပြုပါအံ့၊အရှင်သားကို စွန့်ခြင်းငှါ မတတ်နိုင်ပါ"ဟု ပြန်၍ပြောလေ၏၊ ထိုအခါ ဇနီးမောင်နှံ တို့သည် နှစ်ဦးသဘောတူ အလုံး စုံသော စည်းစိမ်ဥစ္စာတို့ကို လှူဒါန်း စွန့်ကြဲပြီးလျှင် ရသေ့ ရဟန်း ပြု၍ ဟိမဝန္တာအရပ်၌ သစ်သီး ကြီးငယ်ဖြင့် မျှတကာနေကြ ကုန်၏။

ရသေ့မဝေဒနာ သေလွန်ရှာ

တနေ့သ၌ နှစ်ယောက်သော ရသေ့ တို့သည် ချဉ်ဆားမှီဝဲရန် လူတို့နေရာသို့ သွားလတ်သော် ဗာရာဏသီ ပြည်သို့ ရောက်၍ မင်းဥယျာဉ်၌နေကြကုန်၏၊ထိုအခါ ရသေ့မအား ဩဇာမရှိ ရောနှောသောဆွမ်းကိုစားရသဖြင့် ဝမ်းသွေး

သွန်သောရောဂါသည် ဖြစ်ပေါ်လေ၏၊ သင့်လျော်သော ဆေးဝါးကိုမရသဖြင့် အလွန်အားနည်း ခဲ့လေ၏၊ ရသေ့သည် ဆွမ်းခံချိန်၌ ရသေ့မကို ယူဆောင်ကာ မြို့တံခါး အနီးရှိ စရပ်တခုအင်းပျဉ်ပေါ်တွင် အသာထား၍ ဆွမ်းခံသွားလေ၏၊ ရသေ့ မပြန်လာမီပင်ရသေ့မသည် သေလွန်လေ၏၊လူတို့သည် ရသေ့မ၏ တင့်တယ်သောအဆင်းကိုမြင်လျှင် ငိုကြွေးကြကုန်၏။

**ဖြစ်ပျက်ဆင်ခြင် သင်္ခါရတင်**

ရသေ့သည် ဆွမ်းခံပြန်လာ၍ ရသေ့မ သေလွန်သော အဖြစ်ကိုသိလျှင် ပျက်စီးတတ်သော သဘောသည် ပျက်စီး၏၊ အလုံးစုံသောသင်္ခါရတို့သည် အမြဲမရှိကုန်ဟု ပြောဆိုကာ ရသေ့မ လျောင်းသော အင်းပျဉ်၌ပင် ဆွမ်းဘုဉ်းပေးလေ၏၊လူတို့သည် "အရှင်ဘုရား.... ဤရသေ့မသည် အရှင်ဘုရားနှင့် အဘယ်သို့ တော်စပ် သနည်း" ဟု မေးကြကုန်၏၊ "အချင်းတို့....လူဖြစ်စဉ် ငါ၏ ခြေရင်းအလုပ်အကျွေးဖြစ်သည်"ဟု ပြော၏၊"အရှင်ဘုရား....အကျွန်ုပ်တို့ပင်သဘောအားဖြင့်မတည်တံ့နိုင်ကုန် ငိုကြွေးမြည်တမ်းကြကုန်၏၊ အရှင်ဘုရားကား အဘယ်ကြောင့် မငိုကြွေးသနည်း"ဟု မေးလျှောက်ကုန်၏၊ ထိုအခါရသေ့သည်—

"အချင်းတို့....ဤပုဏ္ဏေးမကား- ငါတို့ကိုစွန့်၍ သူသေများစွာတို့ အတွင်းမှာဖြစ်ရ၏၊ ထိုသေသူပုဏ္ဏေးမသည် ငါနှင့်အဘယ်သို့ တစုံတရာတော်စပ်လိမ့်မည်နည်း၊ သို့အတွက် မယားဖြစ်ဘူးသော ဤသမ္မိလဟာသိနီကိုငါမစိုးရိမ်"။

"အချင်းတို့… စိုးရိမ်သူအား သေတိုင်း, သေတိုင်းသော သူတို့သည်မရှိ၊ ချုပ်ပျက်ကုန်ပြီ၊ သေတိုင်း,သေတိုင်းသောသူတို့ကို အကယ်၍ စိုးရိမ်နေပါမူ စင်စစ်သေရမည်ဖြစ်သော မိမိကိုယ်ကိုပင် စိုးရိမ်နေရာ၏"။

"အချင်းတို့…အာယုသင်္ခါရမည်သည် ရပ်နေသူကို မဆိုင်းငံ့ပေ၊လျောင်းနေသူကိုလည်း မဆိုင်းငံ့ပေ၊ မွေလျော့နေသူကိုလည်းမဆိုင်းငံ့ပေ၊ မျက်စိကိုမှိတ်ရုံ ဖွင့်ရုံကာလအတွင်း၌ပင် အရွယ်သည် ဆုတ်ယုတ်ပျက်စီး၏"။

"သို့ဖြစ်၍ စင်စစ်မိမိကိုယ်၌အရွယ်၏ချို့တဲ့ခြင်း ပျက်စီးခြင်း၌ ယုံမှားမရှိရာ၊ မသေသေးသောသူကိုသာ အနာရောဂါ ကင်းအောင်, ကြောင့်ကြကင်းအောင် မေတ္တာပွါးရာ၏၊သေလွန်ပြီးသောသူကိုမစိုးရိမ်ရာ"—

ဟု လူအပေါင်းအား မမြဲသောအနိစ္စ အခြင်းအရာကို ပြလျက် တရားဟောလေ၏၊လူအပေါင်းလည်း ရသေ့မ၏ အလောင်းကို သင်္ဂြိုဟ်ကြကုန်၏၊ ရသေ့လည်းဟိမဝန္တာ အရပ်သို့ပြန်၍ အဘိညာဉ် သမာပတ်ကို ဖြစ်စေလျက် သေလွန်သောအခါ ဗြဟ္မာပြည်သို့လားလေ၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကို ဆောင်ပြီးလျှင် သစ္စာကိုပြသည့်၏အဆုံး၌ မယားသေလွန်သော သူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါသမ္မိလဟာသိနီသည်- ယခုအခါ ရာဟုလာမယ်တော်။

※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သက်ရှိသူများ၊သေခြင်းကား၊မမှားမြဲသည်သာ။
(၂) သေတိုင်းသူကို၊စိုးရိမ်ပို၊ ကိုယ်ကိုစိုးရိမ်ရာ၊
(၃) မျက်စိမှိတ်ဖွင့်၊ ခါမလင့်၊ရွယ်ရင့်ပျက်စီးရှာ။
(၄) သေသူကိုထား၊ရှင်သူများ၊ပွားများချစ်မေတ္တာ။

အနနုသောစိယဇာတ်ပြီး၏။

---

# ၃၂၉-ကာဠဗာဟုဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဘုရားရှင်ပြစ်မှား လာဘ်ကွယ်ခြား — နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံး တော်မူစဉ် ဒေဝဒတ်သည် အရာမဟုတ်သည်၌ မြတ်စွာဘုရားအား ပြစ်မှားသော အပြစ်သည် ထင်ရှားလာသောအခါ ရရှိပြီးသော လာဘသက္ကာရကို တည်မြဲအောင်မတတ်နိုင်၊ လာဘသက္ကာရ ပျောက်ကွယ်လေ၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ဒေဝဒတ်၏ အကြောင်း စကားစပ်မိ၍ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင် "ရဟန်း တို့···ဒေဝဒတ်သည် ယခုအခါ၌သာ လာဘသက္ကာရကို ပျောက်ကွယ်သည်မဟုတ်၊ ရှေးအခါ၌လည်းလာဘသက္ကာ ရပျောက်ကွယ်ဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

**ကျေးညီနောင်များ မင်းမွေးထား**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဓနဉ္စယမင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် ကျေးမျိုး ၌ဖြစ်၍ ကြီးသောဖြည့်ဖြိုးသောကိုယ်ရှိ၏၊ အမည်အားဖြင့် ရာဓမည်၏၊ ညီကျေးကား ပေါဋ္ဌပါဒမည်၏။

တနေ့သ၌ မုဆိုးတယောက်သည် ထိုကျေးညီနောင်တို့ ကို ဖမ်းယူခဲ့ပြီးလျှင် တန်ဆာဆင်ကာ ဗာရာဏသီ မင်း ကြီးအား ဆက်သလေ၏၊ မင်းကြီးသည် ကျေးညီနောင် တို့ကို ရွှေချိုင့်၌ထားကာ ရွှေခွက်ဖြင့် ပျားရည် ပေါက် ပေါက်တို့ကိုစားစေလျက် သကြားရည်ကို သောက်စေ၍ ကောင်းစွာမွေးမြူ၏၊ ကျေးညီနောင်တို့အား များစွာ ပူ ဇော်သက္ကာရသည်ဖြစ်လေ၏။

**ညီငယ်မျက်ထွက် လာဘ်အတွက်**

ထိုအခါ မုဆိုးတယောက်သည် ကာဠ ဗာဟု မည်သော မျောက်ညိုကြီး တ ကောင်ကို ဖမ်းယူခဲ့ပြီးလျှင် မင်းကြီး

အား ဆက်သပြန်၏၊ ထိုမျောက်ညိုကြီးအား နောက်မှ ရောက်လာသည့်အတွက် အလွန်များပြားသော လာဘ သက္ကာရသည် ဖြစ်လေ၏၊ ကျေးသားတို့အား လာဘ သက္ကာရသည် ဆုတ်ယုတ်လေ၏။

ရာဓကျေးသားသည် သည်းခံနိုင်သဖြင့် တစုံတခုသော စကားကို မဆိုလေ၊ ပေါဋ္ဌပါဒကျေးသားကား မျောက်ညို ကြီးအားဖြစ်သောလာဘသက္ကာရကိုသည်းမခံနိုင်သဖြင့်—

> "အစ်ကိုကြီး.... ရှေးအခါ အကျွန်ုပ်တို့သည် ဓနဉ္စယမင်း၏အထံမှကောင်းသောထမင်းအဖျော် တို့ကိုရကုန်၏၊ ယခုအခါ မျောက်ညိုကြီးသာရကုန် ၏၊ အစ်ကိုကြီး.... ဓနဉ္စယမင်းထံမှ ပူဇော်သက္ကာ ရကိုမရကုန်သောကြောင့် ယခုအခါ တောသို့သွား ကြကုန်အံ့"—

ဟု အစ်ကိုကြီးအား ပြောကြားလေ၏၊ ရာဓကျေးသား သည် ပေါဋ္ဌပါဒကျေးသား၏စကားကိုကြားလျှင်—

လောကဓံပြ ဆိုဆုံးမ

> "ညီထွေး.... လူတို့၌ လာဘ်ရခြင်း, မရခြင်း,စည်းစိမ်အခြံအရံရှိခြင်း, မရှိ ခြင်း,ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်း, ချမ်းသာ ခြင်း, ဆင်းရဲခြင်း ဤလောကဓံတရား ရှစ်ပါးတို့ သည် မမြဲကုန်၊ မစိုးရိမ်လင့်၊အဘယ်ကြောင့်စိုးရိမ် ရအံ့နည်း"—

ဟု ပေါဋ္ဌပါဒအား လောကဓံတရား ရှစ်ပါးကို ပြကာ တရားဟောလေ၏၊ ပေါဋ္ဌပါဒလည်း အစ်ကိုကြီး တရား

ဟောသော်လည်း မျောက်ညိုကြီး၌ ဖြူစူခြင်းကို မပယ်ဖျောက်နိုင်သည်ဖြစ်၍—

"အစ်ကိုကြီး....သင်ကား စင်စစ်ပညာရှိပေ၏၊ မိမိ၌ မရောက်လာ ကုန်သေးသော အကျိုးတို့ကို သိနိုင်၏၊ အဘယ်အကြောင်းဖြင့် ယုတ်မာသော မျောက်ညိုကြီးကို မင်းအိမ်မှ နှင်ထုတ်အပ်သည်ကို မြင်ရကုန်အံ့နည်း"—

ဟု ရာဓအား မေးမြန်းပြန်၏၊ ထိုအခါ ရာဓကျေးသားသည်—

**လာဘ်ဆုတ်ယုတ်မှု မိမိပြု**

"ညီထွေး.... ဤမျောက်ညိုကြီးကား နားလှုပ်ခြင်း, မျက်မှောင်ကြုတ်ခြင်းကို ပြုတတ်၏၊ ခဏခဏ မင်းသားငယ်တို့ကို လန့်စေ၏၊ ထိုအကြောင်းဖြင့် လာဘသက္ကာရမှပျောက်ကွယ်ခြင်းကို မိမိကိုယ်တိုင်ပင် ပြုလုပ်လိမ့်မည်"—

ဟုပေါဋ္ဌပါဒအားပြောကြားလေ၏၊မျောက်ညိုကြီးသည် နှစ်ရက်,သုံးရက်လွန်လျှင် မင်းသားငယ်တို့၏ရှေ့မှ နားလှုပ်ခြင်း,နှာခေါင်းလှုပ်ခြင်းစသည်တို့ကိုပြုလုပ်လျက်မင်းသားငယ်တို့ကိုချောက်လေ၏၊ မင်းသားငယ်တို့သည် ထိတ်လန့်တုန်လှုပ်ကြလျက် ဟစ်အော်ငိုကြွေးကြကုန်၏၊ မင်းကြီးသည် မင်းသားငယ်တို့အသံကို ကြား၍ မေးမြန်းရာ ထိုအကြောင်းကိုသိလျှင် ကာဠုဗာဟုမျောက်ညိုကြီးကို မင်းအိမ်မှနှင်ထုတ်စေကုန်၏၊ ထိုအခါမှစ၍ ကျေးညီနောင်တို့အား ပကတိအတိုင်း လာဘသက္ကာရသည် ပေါများ၍ လာပြန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ကာဠဗာဟု မျောက်သည်- ယခုအခါ ဒေဝဒတ်။

※ ပေါဋ္ဌပါဒကျေးသားသည်-အာနန္ဒာ။

※ ရာဓကျေးသားသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ဖြစ်ပြီးလာဘ်မှာ၊ သူယုတ်မာ၊ မြဲရာမပြနိုင်။

(၂) ကာဠဗာဟု၊ လာဘ်ပျက်မှု၊ ပြု၏သူ့ကိုယ်တိုင်။

ကာဠဗာဟုဇာတ်ပြီး၏။

---

# ၃၃၀-သီလဝီမံသဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**သီလကြောင်းပြ စုံစမ်းမှု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သီလကိုစုံစမ်း သောပုဏ္ဏားကိုအကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ ။[ပစ္စုပ္ပန်,အတိတ်ဝတ္ထုတို့ သည် အောက်၌ဆိုအပ်ပြီးသောဇာတ်တို့နှင့်တူကုန်ပြီ။]

အတိတ်ဝတ္ထု၊

**ပုဏ္ဏားစုံစမ်း သီလစွမ်း**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားဖြစ်လေ၏။

ထိုပုရောဟိတ်ပုဏ္ဏားသည် တနေ့သ၌သီလကို စုံစမ်းလိုသည်ဖြစ်၍ နှစ်ရက်,သုံးရက်တို့ပတ်လုံး ရွှေပန်းထိမ်သည်၏ ပျဉ်ပြားမှ အသပြာတို့ကိုယူလေ၏၊ ထိုအခါ ပုရောဟိတ်ပုဏ္ဏားကို သူခိုးဟု ဖမ်း၍ မင်းကြီးအား ပြကြကုန်၏၊ မင်းကြီးထံသို့ရောက်လျှင် ပုရောဟိတ်ပုဏ္ဏားသည်—

"အချင်းတို့···· လောက၌ သီလသည်သာ ကောင်းသတတ်၊ သီလသည်သာ မွန်မြတ်သတတ်၊ ကြည့်ရှုကြကုန်၊ အဆိပ်ပြင်းထန်သော မြွေကိုပင် သီလရှိသောမြွေဟူ၍ မညှဉ်းဆဲအပ်"—

ဟု သီလ၏ဂုဏ်ကျေးဇူးကို ချီးမွမ်းပြီးလျှင် မင်းကြီးကို ရဟန်းပြုရန်ခွင့်ပန်ကာ သွားလေ၏။

**သားတစ်ပမာ ယင်းတဏှာ**

ထိုအခါ တနေ့သ၌ စွန်တကောင်းသည် အမဲဈေးမှ သားတစ်ကိုချီ၍ ကောင်းကင်၌ ပျံလေ၏၊ အခြား စွန်တို့သည် ဝန်းရံကာ ထိုးဆိတ်ကြကုန်၏၊ ထိုသားတစ်ချီ၍ပျံသောစွန်သည် သည်းမခံနိုင်သဖြင့် သားတစ်ကို စွန့်ချလေ၏၊ စွန်တကောင်သည် ထိုသားတစ်ကိုချီ၍ ပျံပြန်၏၊ အခြားစွန်တို့ ထိုးဆိတ်ကြပြန်လျှင် သည်းမခံနိုင်သဖြင့် စွန့်ချပြန်၏၊အခြား

စွန်သည် ချိ၍ပုံပြန်၏၊ ထိုးဆိတ်ကြပြန်သဖြင့် စွန့်ချရပြန်၏၊ ဤသို့လျှင် သားတစ်ရှိသောငှက်သည် ဆင်းရဲ၏၊ သားတစ် မရှိသောငှက်သည် ချမ်းသာ၏၊ ဤကာမသည် ကား သားတစ်နှင့်တူ၏၊ ထိုကာမကို ယူဆောင်သူတို့သည် ဆင်းရဲကုန်၏၊ စွန့်ပစ်သူတို့သည် ချမ်းသာကုန်၏။

"အချင်းတို့....လောက၌ စွန်အားနှုတ်သီးဖြင့် ချိ၍ထားသော သားတစ်ရှိသမျှ ကာလပတ်လုံး ထိုစွန်ကို အခြားစွန်အပေါင်းတို့သည် ချဉ်းကပ်ကာ ထိုးဆိတ်ကုန်၏၊ သားတစ်မရှိသောစွန်ကို အခြားစွန်အပေါင်းတို့သည် မထိုးဆိတ်ကြကုန်"–

ဟု ကြံစည်တွေးတောလျက် သွားရာခရီးအကြားဝယ် ရွာငယ်သို့ညချမ်းသောအခါရောက်၍ အိမ်တအိမ်တွင်အိပ်လေ၏၊ ထိုအိမ်၌လည်း ပိင်္ဂလာမည်သောကျွန်မသည် ညဉ့်အခါလာရန် ယောကျ်ားတယောက်နှင့် အချိန်းအချက်ပြုပြီးလျှင် အရှင်တို့ကို ဝတ်ကြီးဝတ်ငယ်ကိုပြု၍ အရှင်တို့အိပ်လတ်သော် ထိုချိန်းချက်သောယောကျ်ား လာလိမ့်မည်ဟု မြော်မှန်းကာ တံခါးခုံ၌ မအိပ်ဘဲထိုင်လျက် စောင့်နေခဲ့ရာ မိုးလင်းသောအခါရောက်မှ မလာမှန်းသိ၍ လျောင်းကာအိပ်ပျော်လေ၏။

**အာသာစွန့်မှ ချမ်းသာရ**

ထိုအခါပုရောဟိတ်သည် ထိုအကြောင်းကိုမြင်၍ ဤကျွန်မသည် ချိန်းချက်ထားသောယောကျ်ားလာလိမ့်မည်ဟူသော အမှတ်ဖြင့် ဤမျှလောက်ကာလပတ်လုံး ထိုင်လျက်နေ၏၊ ယခုအခါ ထိုယောကျ်ားမလာမှန်းသိ၍အာသာပြတ်ရကား ချမ်းသာစွာ အိပ်ရလေ၏၊ ထိုကြောင့် ကိလေသာတို့၌

တောင့်တခြင်း အာသာရှိသောသူသည်ဆင်းရဲ၏၊အာသာ မရှိသောသူသည် ချမ်းသာ၏။

"အချင်းတို့.... အာသာပြတ်ခြင်းကြောင့် ချမ်းသာစွာအိပ်ရ၏၊ အာသာအကျိုးကို ရခြင်းသည် ချမ်းသာ၏၊ပိဂ်လာမည်သောကျွန်မသည် အာသာပြတ်ခြင်းကိုပြု၍ ချမ်းသာစွာအိပ်ရ၏"—

ဟု ကြံစည်ပြန်၏၊ ပုဏ္ဏားသည် နက်ဖြန်ထိုရွာမှထွက်၍ တောသို့ဝင်လတ်သော် ဈာန်ဝင်စားနေသော ရသေ့တပါးကိုမြင်ပြန်လျှင်—

"အချင်းတို့....ပဉ္စပွန်,တမလွန်နှစ်တန်သောလောက၌ သမာဓိထက်လွန်မြတ်သော သုခတရား မရှိ၊ တည်ကြည်သူကား သူတပါးကိုငင်း,မိမိကိုယ်ကိုငင်း မညှဉ်းဆဲပေ"—

ဟုကြံစည်ပြန်၏၊ ဤသို့ ကြံစည်ပြီးလျှင် ပုရောဟိတ်သည်တောသို့ဝင်၍ ရသေ့ရဟန်းပြုပြီးလျှင် ဈာန်အဘိညာဉ်ကိုဖြစ်စေလျက် မယုတ်သောဈာန်ရှိသည်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာပြည်သို့လားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပဉ္စပွန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပုရောဟိတ် ပုဏ္ဏားသည်- ယခုအခါ ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ကာမယူသူ၊ ဆင်းရဲပူ၊ စွန့်သူချမ်းသာသည်။
(၂) အာသာရှိသူ၊ ဆင်းရဲပူ၊ စွန့်သူချမ်းသာသည်။
(၃) သမာဓိသာ၊ မှန်မြတ်စွာ၊ ချမ်းသာသုခမည်။
(၄) ကိုယ့်,သူတပါး၊ မညှဉ်းငြား၊ မှတ်သားတည်သူမည်။

သီလဝိမံသဇာတ်ပြီး၏။

---

# ၃၃၁—ကောကိလဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**ကျိုးကြောင်းနှိုင်းယှဉ် အပြောဆင်ခြင်** နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောကာလိကကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ [ပစ္စုပ္ပန်ဝတ္ထုသည် ဆိုခဲ့ပြီးသော တက္ကာရိယဇာတ်နှင့်တူ၏။]

## အတိတ်ဝတ္ထု

**ကျိုးသိုက်တွင်းမှ ဥသြငယ်ချ** လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် မင်းကြီးအား ဆုံးမတတ်သော ပညာရှိအမတ်ဖြစ်လေ၏၊ မင်းကြီးသည် စကားများ၏၊ပညာရှိအမတ်သည် ထိုမင်းကြီးစကားများသောအဖြစ်ကို တားမြစ်ရန် တခုသော ဥပမာကိုရှာ၍ နေ၏။

ထိုအခါ တနေ့သ၌ မင်းကြီးသည် ဥယျာဉ်တော်သို့ သွား၍ မင်္ဂလာကျောက်ဖျာ၌နေ၏၊ ကျောက်ဖျာထက်ရှိ

သရက်ပင်လည်းရှိ၏၊ထိုသရက်ပင်တွင်ကျီးသိုက်တခု၌ ဥသြ မသည် မိမိဥကိုထား၍သွားလေ၏၊ ကျီးမသည် ဥသြဥကို မိမိဥမှတ်၍စောင့်ရှောက်၏၊ နောက်အဘို့၌ ဥသြငယ်သည် ပေါက်လေ၏၊ ကျီးမသည် ငါ့သားဟူသော အမှတ်ဖြင့် အစာကိုချီကာ ဥသြငယ်ကိုမွေးမြူလေ၏။

ဥသြငယ်သည် အခါမဟုတ် အမွေးအတောင်မစုံမီက ပင် ဥသြသံကိုမြည်၏၊ ထိုအခါကျီးမသည် ဤငှက်ငယ် ကား ယခုအခါကပင်အခြားငှက်သံကိုမြည်ဘိ၏၊ကြီးသော အခါ အသို့ပြုလတံ့နည်းဟု နှုတ်သီးဖြင့်ထိုးသတ်ကာ အ သိုက်မှချလေ၏၊ ဥသြငှက်ငယ်သည် မင်းကြီး၏ခြေရင်း၌ ကျလေ၏။

ဥပမာပြ
လျှောက်ထားရ

ထိုအခါ မင်းကြီးသည် ပညာရှိအမတ် ကို "ပညာရှိ… ဤဥသြငယ်ကျလာခြင်း ကား အကြောင်းအသို့ရှိသနည်း" ဟု မေး၏၊ ပညာရှိအမတ်သည် ငါကား မင်းကြီးစကားများ သည်ကို တားမြစ်မည်ဟု ဥပမာတခုကိုရှာနေရာ ယခုရခဲ့ ပြီဟု ကြံစည်ကား "အရှင်မင်းကြီး…. အလွန်နှုတ်ကြမ်း ၍ အခါမဟုတ်သည်၌ စကားများသောသူတို့သည် ဤဥသြ ငယ်ကဲ့သို့ ဆင်းရဲရမြဲ ဖြစ်ကုန်၏၊ ဤဥသြငယ်ကား ဥသြမ၏သားဖြစ်သည်၊ အခါမဟုတ် အမွေးအတောင်မစုံ မီက ဥသြသံကိုမြည်မိသောကြောင့် ကျီးမသည် ဤငှက်ငယ် ကား ငါ့သားမဟုတ်ဟုသိ၍ နှုတ်သီးဖြင့် ထိုးသတ်ကာ အသိုက်မှချဘိ၏၊ လူဖြစ်စေ,တိရစ္ဆာန်ဖြစ်စေ အခါမဟုတ် သည်၌ စကားများသောသူတို့သည် ဤသို့သော ဆင်းရဲကို ရကုန်၏"ဟု လျှောက်ထားပြီးလျှင်—

"အရှင် မင်းကြီး.... အခါမဟုတ် အမွှေး အတောင်မစုံမီ မြည်မိသော ဥဩငှက်ငယ်သည် သေရသကဲ့သို့၊ ထို့အတူ အခါကာလသို့ မရောက်မီ အပိုင်းအခြားကိုလွန်၍ စကားပြောဆိုမိသော သူသည် စင်စစ်သေရ၏"-

"အရှင်မင်းကြီး.... မကောင်းသဖြင့် ဆိုအပ်သောစကားသည် ခဏခြင်းသတ်သကဲ့သို့၊ ကောင်းစွာ သွေးထားအပ်သော ဓားသည် မသတ်ပေ၊ မကောင်းသဖြင့် ဆိုအပ်သောစကားသည် ခဏခြင်းသတ်သကဲ့သို့၊ လတ်တလောသေစေတတ်သော အဆိပ်သည် မသတ်ပေ၊ ထို့ကြောင့် ပညာရှိသည် အခါကာလ ဟုတ်သည်၌ရင်း, မဟုတ်သည်၌ရင်း စကားကိုစောင့်ရှောက်ရာ၏၊ စင်စစ်သဖြင့် မိမိနှင့် သဘောတူသူထံ၌လည်း အပိုင်းအခြားကို လွန်၍ မပြောဆိုရာ"-

"ဂဠုန်မင်းသည် နဂါးကို ဖမ်းယူ သကဲ့သို့၊ ဉာဏ်ပညာ ရှေ့သွား ရှိသော ပညာရှိကား လျောက်ပတ်သောအခါ နှိုင်းယှဉ်အပ်သောစကားကိုဆိုရာ၏၊ ပညာရှိကား ရန်သူအလုံးစုံကို ဖမ်းယူနိုင်၏"-

ဟု မင်းကြီးအား တရားဟောလေ၏၊ မင်းကြီးလည်း ပညာရှိအမတ်၏တရားစကားကိုကြားရလျှင် ထိုအခါမှစ၍ လျောက်ပတ်သောအခါ အတိုင်းအရှည်ရှိသော စကားကို သာပြောဆိုလေ၏၊ ပညာရှိအမတ်အားလည်း ကြည်ညို သဖြင့် စည်းစိမ်ဥစ္စာများစွာကို ပေးလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဥဩငှက်ငယ်သည်- ယခုအခါ ကောကာလိက။

※ ပညာရှိအမတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) နှုင်းယှဉ်,ပိုင်းခြား၊ ချိန်ရောက်ငြား၊ စကားကောင်းစွာဆို။
(၂) စကားဖြင့်သာ၊ ပညာဝါ၊ လိုရာပြီးသကို။
(၃) စကားဖြင့်သာ၊ သူယုတ်မာ၊ လျှင်စွာပျက်သကို။

ကောကိလဇာတ်ပြီး၏။

---

## ၃၃၂- ရထလဋ္ဌိဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ပုရောဟိတ်မာန်သုံး တရားရုံး**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကောသလမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားသည် မိမိစားသော ရွာသို့ ရထားဖြင့်သွားသည်ရှိသော် ကျဉ်းမြောင်းသော လမ်းခရီးဝယ် လှည်းတစည်းနှင့်ရင်ဆိုင်ဆုံမိလေ၏။

ထိုအခါ ပုရောဟိတ်သည် လှည်းကိုအဖယ်ခိုင်းရာ ယုတ်တရက်မဖယ်နိုင်သဖြင့် အမျက်ထွက်၍ နှင်တံဖြင့်ရိုက်ရာ

ရှေးဆိုးလှည်းဝယ် လှည်းမောင်းသမားမျက်စိကို ရိုက်မိပြီးလျှင် ရထားဦးကိုလည်းရိုက်မိပြန်ကာ တဖန်ပုရောဟိတ်၏ နဖူးကိုရိုက်မိပြန်၏၊ ထိုအခါ ပုရောဟိတ်နဖူး၌ ဖူးရောင်၍ ထလေ၏။

ပုရောဟိတ်သည်ပြန်၍ မိမိကို လှည်းသမား ရိုက်နှက်ကြောင်း မင်းကြီးအားလျှောက်ထားလေ၏၊ မင်းကြီးသည် လှည်းသမားကိုခေါ်၍ စစ်မေးလတ်သော် လှည်းသမား၌ အပြစ်မရှိ၊ ပုရောဟိတ်၌သာ အပြစ်ရှိလေ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ပုရောဟိတ်နှင့်လှည်းသမားတရားဖြစ်ကြရာ ပုရောဟိတ် ရှုံးကြောင်းစကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့.... ဤပုရောဟိတ်သည် ယခုအခါ၌သာ ဤသို့သော အမှုကိုပြုသည်မဟုတ်၊ ရှေးအခါ၌လည်းပြုဘူးပြီ" ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**ပုဏ္ဏားလှည့်စားဆုံးဖြတ်မှား**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရား အလောင်းသည် ထိုဗြဟ္မဒတ်မင်း၏တရားဆုံးဖြတ်သော အမတ်ဖြစ်လေ၏။

ထိုအခါ ပုရောဟိတ်သည် မိမိစားရသော ရွာသို့ရထားဖြင့်သွားသည်ရှိသော် ကျဉ်းမြောင်းသော လမ်းခရီးဝယ် လှည်းနှင့်ရင်ဆိုင်ဆုံမိရာ အဖယ်ခိုင်း၍ မရသဖြင့် အမျက်

ထွက်၍ နှင်တံဖြင့်ရိုက်ရာ လှည်းသမား၏ မျက်စိနှင့် ရထား ဦးကိုရိုက်မိပြီးမှ နဖူးကိုရိုက်မိပြန်ကာ ဖူးဖူးရောင်၍ထ လေ၏။

ပုရောဟိတ်သည်ပြန်လာ၍ မင်းကြီးအား ထိုအကြောင်း ကိုလျှောက်ထား၏၊ မင်းကြီးသည်ကိုယ်တိုင် တရားဆုံးဖြတ် သောနေရာ၌နေ၍ လှည်းသမားကိုခေါ်စေပြီးလျှင် အမှုကို မစစ်ဆေးမစုံစမ်းဘဲသင်သည်ပုရောဟိတ်နဖူးကိုရိုက်သဖြင့် ဖူးဖူးရောင်စေသည်ဆို၍ လှည်းသမား၏ပစ္စည်းဥစ္စာအလုံး စုံကိုသိမ်းယူစေဟု တဘက်သတ်ဆုံးဖြတ်ချက်ချလေ၏။

**ပညာရှိလျှောက်မှု တရားမှန်ကျ**

ထိုအခါ တရားဆုံးဖြတ်သော အမတ် သည် မင်းကြီး၏ဆုံးဖြတ်ချက်ကို ကြား လျှင် တရားနည်းလမ်း မကျသည်ကို သိ၍—

"မြတ်သောမင်းကြီး.... လောက၌ အချို့သူ တို့သည် စင်စစ်မိမိတို့ကိုယ်ကို မိမိတို့ပင် ရိုက်နှက် ၍ သူတပါး ရိုက်နှက်သည်ဟု ပြောဆို တတ်ပါ၏၊ မိမိက အောင်နိုင်ပါလျက် သူတပါးအောင်နိုင် သည်ဟု ပြောဆိုတတ်ပါ၏၊ စင်စစ်တရားလိုပြောဆို သောစကားကိုမယုံကြည်ထိုက်ပါ။

ထို့ကြောင့် ပညာရှိတို့သဘောမှာ တရားခံ ပြောဆိုသော စကားကိုလည်း နားထောင်ရာ၏၊ တရားလိုတရားခံ နှစ်ဦးတို့စကားကို နားထောင်ပြီး ၍ တရားနည်းလမ်းကျနအောင် ဆုံးဖြတ်ရာ၏"—

"မြတ်သောမင်းကြီး.... ကာမစည်းစိမ်ခံစားသူသည် ပျင်းရိလျှင် မကောင်း၊ ရသေ့ရဟန်းသည် ဣန္ဒြေကိုမစောင့်ရှောက်လျှင် မကောင်း၊ မင်းသည် မစူးစမ်း မဆင်ခြင်ဘဲပြုလျှင် မကောင်း၊ ပညာရှိသည် အမျက်ထွက်လျှင် မကောင်း"—

"မြတ်သောမင်းကြီး....မင်းမည်သည် စူးစမ်းဆင်ခြင်၍ပြုရာ၏၊ မစူးစမ်း မဆင်ခြင်ဘဲ မပြုရာ၊ စူးစမ်း ဆင်ခြင်၍ ပြုသောမင်းအား စည်းစိမ်အခြံအရံအကျော်အစောသည် တိုးပွား၏"—

ဟု မင်းကြီးအား အကျိုးအကြောင်းပြကာ တရားဟောလေ၏၊ မင်းကြီးလည်း တရားဆုံးဖြတ်သော အမတ်စကားကိုကြားလျှင် တရားလိုတရားခံနှစ်ဦးလုံးတို့၏ အဖြစ်အပျက်မေးမြန်းစိစစ်ကာ တရားနည်းလမ်း ကျနစွာ ဆုံးဖြတ်လတ်သော် ပုရောဟိတ် အားသာလျှင် အပြစ်ရ၍ ရှုံးလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါပုဏ္ဏားသည်-ယခုအခါလည်းပုဏ္ဏား။
※ ပညာရှိအမတ်သည်-ငါဘုရားဖြစ်လာပြီ—
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) တရားဘက်မျှ၊ဆိုစကား၊မှတ်သားနာယူရာ။
(၂) ဆင်ခြင်စူးစမ်း၊တရားလမ်း၊ဖြောင့်တန်းဆုံးဖြတ်ပါ။
(၃) စည်းစိမ်ခံစား၊သူတို့ကား၊ပျင်းငြားမကောင်းပါ။
(၄) ရဟန်းဖြစ်သည်း၊မစောင့်စည်း၊ချည်းနှီးမကောင်းပါ။
(၅) မင်းမြတ်ဘုရင်၊မဆင်ခြင်၊ပြုလျှင်မကောင်းပါ။
(၆) ပညာရှိလျက်၊အမျက်ထွက်၊သက်သက်မကောင်းပါ။

ရထလဋ္ဌိဇာတ် ပြီး၏။

---

## ၃၃၃-ပက္ကဂေါဓဇာတ်

ပစ္စုပ္ပန်ဝတ္ထု

မယားလှည့်စား ဖွတ်ကင်စား

နတ်လူဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကြွေးမြီတောင်း၍ ပြန်လာကြသော သူကြွယ်လင်မယားတို့အား ခရီးလမ်းအကြား၌ မူဆိုးတယောက်သည် လင်မယား နှစ်ယောက်လုံး စားကြကုန်ဟု မှာထားကာဖွတ်ကင်တခုကို ပေးလေ၏၊ ထိုအခါ သူကြွယ်သည် မယားကိုရေယူခိုင်း၍ ဖွတ်ကင်တခုလုံး ကုန်အောင်စားပြီးလျှင် မယား လာသောအခါ "ရှင်မ····ဖွတ်ကင်ပြေးလေပြီ" ဟု ပြောလေ၏၊ မယားလည်း"အရှင်····ဖွတ်ကင်ပြေးသည်ကို အဘယ်သို့ တတ်နိုင်မည်နည်း"ဟုပြောလေ၏။

ထိုလင်မယားနှစ်ယောက်တို့သည် ဇေတဝန် ကျောင်းတော်သို့ဝင်၍ ရေသောက်ပြီးလျှင် မြတ်စွာဘုရားထံဆည်း

ကပ်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် "သီတင်းသည်မ….ဤသီတင်းသည်ယောကျ်ားသည် သင့်အစီးအပွားကို လိုလားပါ၏လော၊သင့်အားချစ်ပါ၏လော" ဟုမေးတော်မူ၏၊ "အရှင်ဘုရား….အကျွန်ုပ်သည် ဤသီတင်းသည်ယောကျ်ားအစီးအပွားကို လိုလားပါ၏၊ ဤသီတင်းသည်ယောကျ်ားအားချစ်ပါ၏၊ ဤသီတင်းသည်ယောကျ်ားကား အကျွန်ုပ်အစီးအပွားကို မလိုလားပါ၊ အကျွန်ုပ်အားမချစ်ပါ" ဟုလျှောက်ထားလေ၏၊ "သီတင်းသည်မ….သင်လျှောက်ဆိုတိုင်းမှန်၏၊မစိုးရိမ်လင့်ဤလိုပြုခြားသော်လည်း သင်၏ကျေးဇူးကိုအောက်မေ့သောအခါ သင့်အားအလုံးစုံသောစည်းစိမ်ကိုပေးဘူးပြီ" ဟု မိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**တောမှပြန်လာ ဖွတ်ကင်ပါ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုမင်းကြီး၏ ပညာရှိအမတ်ဖြစ်လေ၏၊ ထိုအခါ မင်းကြီးသည် သားတော်အိမ်ရှေ့မင်းကို ပြစ်မှားလိမ့်မည်ဟု ယုံမှားသံသယရှိသဖြင့် ငါသေလွန်မှ လာ၍မင်းပြုရမည်ဟု တိုင်းပြည်မှနှင်ထုတ်ရာ မင်းသားသည် မိမိမယားကိုခေါ်ယူ၍တောသို့သွား၍နေရလေ၏။

မင်းကြီးသေလွန်သောအခါ မင်းသား, မင်းသမီးတို့သည်ဗာရာဏသီပြည်သို့ ပြန်လာကြရာ ခရီးလမ်းအကြား၌ မုဆိုးသည် ခရီးပန်းလာသော မင်းသား,မင်းသမီးတို့ကို

မြင်လျှင် နှစ်ယောက်လုံး စားကြကုန်ဟု မှာထားကာ ဖွတ်ကင်တခုကိုပေးလေ၏၊ မင်းသမီးသည် နွယ်ကြိုးဖြင့် ခြည်၍ဖွတ်ကင်ကိုဆောင်ယူခဲ့၏၊ ထိုမင်းသား,မင်းသမီးတို့ သည် ရေကန်တခုကိုမြင်လျှင် ခရီးလမ်းမှဖဲကာ ညောင် ဗုဒ္ဓေပါပင်ရင်း၌နားကြကုန်၏၊ မင်းသားသည် "ရှင်မ…. သွားချေ ပဒုမာကြာရွက်ဖြင့်ရေကိုယူခဲ့လော့ ဖွတ်သားကို စားကြကုန်အံ့" ဟု စေခိုင်း၏၊ မင်းသမီးလည်း ဖွတ်ကင်ကို ညောင်ကိုင်းတွင်ဆွဲကာ ရေယူသွားလေ၏။

**ဖွတ်ကင်စားကာ မိန်းမညာ**

မင်းသားသည် မင်းသမီး သွားနေခိုက် ဖွတ်ကင် တခုလုံးစား၍ အမြီးဖျားကို ကိုင်ကာမျက်နှာလွှဲ၍နေ၏၊ မင်းသမီးရေ ယူ၍လာလတ်သော်မင်းသားသည် "ရှင်မ….ဖွတ်ကင်သည် ညောင်ခက်မှဆင်းကာ တောင်ပို့သို့ဝင်သွား၏၊ ငါအပြေး လိုက်၍ဆွဲရာ အမြီးဖျားပြတ်၍ကျန်ရစ်သည်" ဟု အမြီး ဖျားကိုပြကာပြောလေ၏၊ မင်းသမီးလည်း ဖွတ်ကင်ပြေး၍ တောင်ပို့တွင်းသို့ဝင်သွားသည်ကို အဘယ်သို့တတ်နိုင်မည် နည်းရှိပါစေတော့ဟု ပြန်၍ပြောကာ လာ သွားကြစို့ဟု နှစ်ယောက်လုံး ရေသောက်ပြီးသွားကြလျှင် ဗာရာဏသီ ပြည်သို့ရောက်ကြကုန်၏။

**မိဖုရားတိုင်ပင် အမတ်လျှောက်တင်**

အမတ်ကြီးတို့သည် မင်းသားကို မင်း မြှောက်ကြကုန်၏၊ မင်းသားသည် မင်း အဖြစ်ကိုရပြီးသော်မင်းသမီးကိုမိဖုရား ကြီးအရာမျှ၌သာထားလေ၏၊ စည်းစိမ်ဥစ္စာပေးခြင်း မြတ် နိုးတနာပြုခြင်းမရှိ၊ ပညာရှိအမတ်သည် ထိုအကြောင်းကို သိလျှင် မိဖုရားကြီးအား ကျေးဇူးများသဖြင့် စည်းစိမ်

ဥစ္စာပေးစေလိုခြင်း, မြတ်နိုးတနာပြုစေလိုခြင်း ရှိသည်ဖြစ်၍ မိဖုရားကြီးနှင့်တကွ မင်းကြီးထံသို့ဆိုမိကြသောအခါ—

"အရှင်မိဖုရားကြီး....အကျွန်ုပ်တို့သည် အရှင်မိဖုရားကြီးတို့ထံမှတစုံတခုမျှမရဘူးပါကုန်၊အကျွန်ုပ်တို့ကို မကြည့်ရှုကုန်ပြီလော"ဟု လျှောက်၏၊ "ဘခင်....အကျွန်ုပ်သည်ပင် မင်းကြီးထံမှ တစုံတခုမျှမရပါ၊ ဘခင်အား အဘယ်မှာ ပေးနိုင်ပါမည်နည်း၊ ဤမင်းကြီးကား ယခုအခါ အကျွန်ုပ်အား အဘယ်ကိုပေးမည်နည်း တောမှ နှစ်ယောက်အတူလာစဉ် ဖွတ်ကင်တခုရရာ အကျွန်ုပ်ရေခပ်သွားခိုက် ဖွတ်ကင်တခုလုံးစားပြီး ပြန်လာသောအခါ အမြီးဖျားကိုသာပြသည်"ဟု ပြော၏၊ "မိဖုရားကြီး...ဤလိုမပြောပါလင့် မင်းကြီးသည် ဤလိုပြောမည်မဟုတ်ပါ" ဟုလျှောက်ပြန်၏၊"ဘခင့်..ထိုစဉ်အခါကဖြစ်သောအမှုမှာ ဘခင်တို့အား မထင်ရှားပါ၊အကျွန်ုပ်နှင့် မင်းကြီးအားသာ ထင်ရှားပါ၏"ဟု ပြောဆိုပြီးလျှင်—

"အို-တိုင်းသူပြည်သားတို့ အကြီးအမြတ် ဖြစ်သောအရှင်မင်းကြီး.. သန်လျက်ကိုလွယ်ကာ ချပ်တန်ဆာကိုဖွဲ့၍ သစ်ခုံအဝတ်ကို ဝတ်ဆင်ရသော အသင်မင်းကြီးသည် ခရီးလမ်းအကြား၌အကျွန်ုပ်အားမပေး၊ ညောင်ဗုဒ္ဓဟေ ခက်မှဆင်းကာ ဖွတ်ကင်ပြေးသည်ဟု ပြောဆိုဘိ၏၊ ဤအဖြစ်ကို သင်မင်းကြီးသိပါ၏"—

ဟု မင်းကြီးပြုသောအပြစ်ကို ပရိသတ်အလယ်၌ ထင်စွာပြု၍ ပြောဆိုလေသော် ပညာရှိအမတ်သည် မိဖုရား

ကြီးအား''ရှင်မိဖုရား····မင်းကြီးသည် မချစ်သောကာလ မှစ၍ နှစ်ယောက်လုံး မချမ်းသာခြင်းကိုပြုကာ အဘယ် ကြောင့် နေဘိသနည်း''လျှောက်ထားပြီးလျှင်—

''အရှင်မိဖုရားကြီး···· မိမိသို့ ကိုင်းညွတ်သူ အား ကိုင်းညွတ်ရမည်၊ မိမိသို့ ဆည်းကပ်သူ အား ဆည်းကပ်ရမည်၊ မိမိအမှုကိစ္စကို ပြုလုပ်သူ ၏အမှုကိစ္စကို ပြုလုပ်ရမည်၊ မိမိအကျိုးစီးပွားကို အလိုရှိသူ၏အကျိုးစီးပွားကို အလိုရှိရမည်၊ မိမိ သို့မဆည်းကပ်သူသို့ မဆည်းကပ်ရ၊ မိမိကိုပယ် စွန့်သူကို ပယ်စွန့်ရမည်၊ ချစ်ခြင်းကိုမပြုရ၊တပ်စွန်း ခြင်းကင်းသောစိတ်ဖြင့် မဆည်းကပ်ရာ၊ ငှက်သည် အသီးကုန်သော သစ်ပင်ကိုသိ၍ အခြားသစ်ပင် ကိုကြည့်ရှုရမည်၊ စင်စစ်လူတို့နေရာကားကျယ်ဝန်း လှ၏''—

ဟုမိဖုရားကြီးအား အကျိုးအကြောင်းပြကာလျှောက် သားလေ၏။

**ကျေးဇူးဂုဏ်ရပ် စည်းစိမ်အပ်**

မင်းကြီးသည်ပညာရှိအမတ်ပြောတိုင်း, ပြောတိုင်း မိဖုရားကြီး၏ဂုဏ်ကျေးဇူးကို အောက်မေ့၍''ရှင်မ··· ဤမျှလောက် ကာလပတ်လုံး သင်၏ဂုဏ်ကျေးဇူးကို ငါမအောက်မေ့မိ၊ ယခုအခါ ပညာရှိအမတ်၏စကားဖြင့် အောက်မေ့မိပါ ပြီ၊ ငါ၏အပြစ်ကို သည်းခံပါ အလုံးစုံသော မင်းအဖြစ်ကို သင်မိဖုရားအားငါပေးပါ၏''ဟုဆို၍—

''အို-မိဖုရားကြီး··ကျေးဇူးသိသည်၏ အဖြစ်ကို ကြည့်ရှုတတ်သောမင်းဖြစ်သောငါသည်သင်မိဖုရား

ကြီးအား အစွမ်းသတ္တိ အလျောက် ပြုစုပါမည်၊ သင်အလိုရှိလျှင် စည်းစိမ်အလုံးစုံကို ငါပေးပါ၏၊ သင့်အား အစိုးရခြင်း အလုံးစုံကိုလည်း ငါပေးပါ၏"-

ဟု ပြောဆိုတောင်းပန်ကာ မိဖုရားကြီးအား စည်းစိမ်အလုံးစုံကိုပေးလေ၏၊ ဤပညာရှိအမတ်သည် မိဖုရားကြီး၏ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရအောင် လျှောက်ထားပေ၏ဟုကျေးဇူးတင်ကာ ပညာရှိ အမတ်အားလည်း စည်းစိမ် များစွာကိုပေးလေ၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကို ဆောင်ပြီးလျှင် သစ္စာကိုပြတော်မူသည်၏အဆုံး၌ သူကြွယ် လင်မယား နှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်၌တည်ကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့...

※ ထိုအခါ မင်း,မိဖုရားတို့သည်-ယခုအခါ သူကြွယ် လင်မယား။

※ ပညာရှိအမတ်သည်-ငါဘုရားဖြစ်လာပြီ-

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကိုယ့်ကိုညွတ်သူ၊ ညွတ်တုံ့မူ၊ ကပ်သူ, ကပ်ကြရာ။

(၂) ကိုယ့်ကိစွပြု၊ တုံ့ပြန်ပြု၊ လိုမှု ကျိုးလိုရာ။

(၃) ကိုယ့်ကိုစွန့်သူ၊စွန့်ကြဟူ၊ချစ်သူ့,ချစ်ကြရာ။
(၄) အသီးကုန်ကြွေ၊သစ်ပင်များ၊စွန့်သွားငှက်ပမာ။

ပဏ္ဏဂေါဓဇာတ်ပြီး၏။

## ၃၃၄-ရာဇောဝါဒဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

မင်းကျင့်တရား နှတ်ပြည်သွား

နတ် လူတို့၏ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလ မင်းကြီးကို ဆုံးမတော်မူ၏၊ "မြတ်သောမင်းကြီး····ရှေးမင်းတို့သည် ပညာရှိတို့၏ စကားကိုကြား၍ တရားသဖြင့်မင်းပြုကုန်သျက် နတ်ပြည်ကိုပြည့်စေသည်" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ [ပစ္စုပ္ပန်ဝတ္ထုသည် တေသကုဏဇာတ်၌ ထင်စွာဖြစ်တံ့။]

### အတိတ်ဝတ္ထု

မင်းကြီးရှပ်ဖျက် စုံစမ်းထွက်

လွန်လေ ပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အလုံးစုံသောအတတ်ပညာတို့ကို သင်ကြားပြီးလျှင်ရသေ့ရဟန်းပြုကာ အဘိညာဉ် သမာပတ်တို့ကိုဖြစ်စေလျက် မွေ့လျော်ဘွယ်ရှိသော ဟိမဝန္တာအရပ်ဝယ် သစ်သီးကြီးငယ်တို့ကို သုံးဆောင်မှီဝဲကာနေလေ၏။

ထိုအခါ ဗာရာဏသီ မင်းကြီးသည် မိမိ၏ ကျေးဇူးမဲ့ကို ရှာလိုသောကြောင့် ငါ၏ကျေးဇူးမဲ့ ပြောဆို တတ်သော တစုံတယောက်သောသူ ရှိသလောဟု လှည့်လည် စုံစမ်း လတ်သော် နန်းတွင်း,နန်းပ,မြို့တွင်း,မြို့ပတို့၌ မိမိ၏ ကျေး ဇူးမဲ့ပြောဆိုသူကိုမမြင်၊တဘန် ဇနပုဒ်သားတို့သည် ပြောဆို ကုန်သလောဟု မထင်ရှားသော အသွင်ဖြင့် လှည့်လည် စုံစမ်းသော်လည်း ကျေးဇူးမဲ့ပြောဆိုသောသူကိုမမြင်လေ။

**မင်းကျင့်လုံခြုံ ဩဇာပြည့်စုံ**

တဘန် ဟိမဝန္တာအရပ်၌ ပြောဆိုကုန် သလောဟု တောသို့ဝင်ကာ လှည့်လည် စုံစမ်း ပြန်လတ်သော် ရသေ့ နေရာ ကျောင်းသို့ရောက်၍ ရသေ့ကိုရှိခိုးလျက် စကား ပဋိသန္ထာ ရပြုပြီးလျှင် လျောက်ပတ်သော အရပ်၌နေ၏၊ ထိုအခါ ရသေ့သည် တောမှ ပညောင်သီးမှည့်တို့ကို ယူဆောင်ကာ သုံးဆောင်လေ၏၊ ပညောင်သီးမှည့်တို့သည် ချိုကုန်၏၊ ဩဇာရှိကုန်၏၊သကြားမှုန့်နှင့်တူကုန်၏။

ရသေ့သည် မင်းကြီးကိုခေါ်၍ "ဘုန်းကြီးသော ဒါယကာ....ဤပညောင်သီး မှည့်ကိုစား၍ ရေသောက်လော့" ဟုပြောလေ၏၊မင်းကြီးသည် ပညောင်သီးမှည့်တို့ကို စား၍ ရေသောက်ပြီးလျှင် "အရှင်ဘုရား....ဤပညောင်သီး မှည့် တို့သည်အဘယ်ကြောင့် အလွန်ချိုကုန်သနည်း"ဟုလျှောက် ထား၏၊"ဘုန်းကြီးသောဒါယကာ....မင်းတို့ တရားသဖြင့် မင်းပြုသောကြောင့် ချိုကုန်၏"ဟုပြော၏၊"အရှင်ဘုရား.. မင်းတို့တရားမစောင့်သောအခါ မချိုခြင်းဖြစ်သလော"ဟု

လျှောက်၏၊"ဘုန်းကြီးသောဒါယကာ....သင်ပြောဆိုတိုင်း မှန်၏၊ မင်းတို့တရားမစောင့်သည်ရှိသော် ဆီ,ပျား, တင်လဲ စသည်တို့သည်၎င်း၊တောသစ်မြစ် သစ်သီးတို့သည်၎င်း၊မချို ကုန်၊ဩဇာမရှိကုန်၊တိုင်းပြည်အလုံးစုံသည် ဩဇာမရှိလေ၊ မင်းတို့တရားစောင့်သည်ရှိသော် အလုံးစုံသော အစာအာ ဟာရတို့သည် ချိုကုန်၏၊ ဩဇာရှိကုန်၏၊တိုင်းပြည် အလုံးစုံ လည်း ဩဇာရှိလေ၏၊"ဟု ပြောလေ၏၊ "အရှင်ဘုရား.... အမိန့်တော်ရှိတိုင်း ဖြစ်ပေလိမ့်မည်"ဟု လျှောက် ထား လေ၏။

**မင်းတရားမျက်ရသာပျက်**

မင်းကြီးသည် မင်းအဖြစ်ကို မသိစေဘဲ ရသေ့ကိုရှိခိုး၍လာရာ ဗာရာဏသီပြည်သို့ ရောက်လတ်သော် ရသေ့စကားကို စုံစမ်းမည်ဟု ကြံစည်လျက် မတရားသဖြင့် မင်းပြုပြီးလျှင် ယခုပင်ဟုတ်မဟုတ်သိရလတ့်ံဟု အနည်းငယ်သောကာလ ကိုလွန်စေလျက် ထိုရသေ့ကျောင်းသို့ တဘန်သွား၍ ရသေ့ ကိုရှိခိုးကာ တင့်အပ် လျှောက်ပတ်သော နေရာ၌နေ၏၊ ရသေ့လည်း မင်းကြီးအား ရှေးနည်းအတူ ပြောဆိုကာ ပညောင်သီးမှည့်တို့ကိုပေးလေ၏၊ မင်းကြီး စားလတ်သော် မချို ခါးသောအရသာရှိ၏၊ထိုအခါ မင်းကြီးသည်ပညောင် သီးမှည့်ကို တံတွေးနှင့်တကွထွေး၍ "အရှင်ဘုရား....ရှေး အခါကဲ့သို့မချိုပါ၊ခါးသောအရသာရှိ၏"ဟု လျှောက်လေ ၏၊ထိုအခါ ရသေ့သည် "ဘုန်းကြီးသောဒါယကာ....မင်း တရားမစောင့်သည်ဖြစ်လတ့်ံ၊မင်းတရားမစောင့်သော ကာ လ၌ အလုံးစုံသော အစာအာဟာရသည် မချို၊ဩဇာမရှိ ဖြစ်ရ၏"ဟု မိန့်တော်မူပြီးလျှင်—

ရှေ့ဆောင် နွားလား မင်းတရား

"ဘုန်းကြီးသော ဒါယကာ.... မြစ်ကို ကူးသော နွားတို့တွင် ရှေ့ဆောင် နွားလားသည် အကယ်၍ ကောက်ကောက် သွားသည် ရှိသော် အလုံး စုံသော နောက်လိုက် နွားတို့သည် ကောက် ကောက် သွားကြကုန်၏၊ ထို့အတူ-လူတို့တွင် မွန်မြတ်သူဟု သမုတ် အပ် သောမင်းသည်အကယ်၍တရားမစောင့်ပါမူ တပါး သော သူတို့သည် အဘယ်မှာ ဆိုဘွယ်ရှိရအံ့နည်း၊ မင်းတရား မစောင့်ပါမူ အလုံးစုံသော တိုင်းသူ ပြည်သားသည် ဆင်းရဲစွာနေကြရ၏"။

"ဘုန်းကြီးသော ဒါယကာ....မြစ်ကို ကူးကုန် သော နွားတို့တွင် ရှေ့ဆောင် နွားလား သည် အကယ်၍ ဖြောင့်ဖြောင့်သွားသည် ရှိသော် အလုံး စုံသော နောက်လိုက် နွားတို့သည် ဖြောင့်ဖြောင့် သွားကြကုန်၏၊ထို့အတူလူတို့တွင် မွန်မြတ်သည်ဟု သမုတ်အပ်သောမင်းသည် အကယ်၍ တရားစောင့် ပါမူတပါးသောသူတို့သည် အဘယ်မှာ ဆိုဘွယ်ရာ ရှိအံ့နည်း၊ မင်းသည် တရားစောင့်ပါမူ အလုံးစုံ သော တိုင်းသူ ပြည်သားသည် ချမ်းသာစွာနေ ကြရ၏"—

ဟု မင်းကြီးအားတရားဟောလေ၏၊ မင်းကြီးသည် ရသေ့၏တရားစကားကိုကြားရလျှင် မိမိ မင်းအဖြစ်ကို သိ စေ၍ "အရှင်ဘုရား....ရှေးအခါ ပညောင်သီးမှည့်တို့ကို အကျွန်ုပ်ပင် ချိုအောင်ပြုပြီးလျှင်ယခုအခါ ခါးအောင်ပြု ပါ၏၊ နောက်တဘန် ချိုအောင်ပြုပါဦးမည်"ဟုလျှောက်

ထား၍ ရသေ့ကိုရှိခိုးပြီးလျှင် တိုင်းပြည်သို့ပြန်၍ တရားသဖြင့်မင်းပြုလေ၏၊ ပညောင်သီးမှည့်တို့လည်း ရှေးကအတိုင်း ချိုမြဲချိုပြန်ကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါမင်းကြီးသည်- ယခုအခါ အာနန္ဒာ။

※ ရသေ့သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရှေ့ဆောင်နွားလား၊ အကောက်သွား၊ နောက်နွားကောက်သလို။

(၂) မင်းမတရား၊ တိုင်းသူများ၊ တရားမကျင့်လို။

(၃) ရှေ့ဆောင်နွားလား၊ အဖြောင့်သွား၊ နောက်နွားဖြောင့်သလို။

(၄) မင်းတရားပြန်၊ တိုင်းသူမှန်၊ ကျင့်ကြံတရားကို။

(၅) တရားစောင့်ရာ၊ စားအစာ၊ ရသာဆိမ့်၍ချို။

(၆) တရားမစောင့်၊ ခါးရန်ကောင့်၊ စနောင့်ဆင်းရဲပို။

ရာဇောဝါဒဇာတ်ပြီး၏။

---

## ၃၃၅-ဇမ္ဗုကဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဘုရားဖြိုင်မှု အတုပြု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်ဒေဝဒတ်သည် မြတ်

စွာဘုရားအတုကိုပြု၍ နေသတတ်၊ ထိုအခါ မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာကို မေးတော်မူရာ ဒေဝဒတ်အကြောင်းကို လျှောက်ထားသဖြင့် သိတော်မူလျှင် "ချစ်သားသာရိပုတ္တရာ···· ဒေဝဒတ်သည် ယခုအခါ၌သာ ငါဘုရား၏အတုကိုပြု၍ ဆင်းရဲကိုခံရသည်မဟုတ်၊ ရှေးအခါ၌လည်း ခံရဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**ခြင်္သေ့မွေးကျွေးတောမြေခွေး**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ခြင်္သေ့မျိုး၌ဖြစ်၍ ဟိမဝန္တာအရပ်တွင် လိုဏ်ဂူတခု၌နေလေ၏။

တနေ့သ၌ ခြင်္သေ့မင်းသည် ကျွဲကိုသတ်၍ စားပြီးလျှင် ရေသောက်၍လိုဏ်ဂူသို့ပြန်လာရာ မြေခွေးတကောင်သည် ခြင်္သေ့မင်းကိုမြင်လျှင် မပြေးနိုင်ရကား ရင်ဖြင့်ဝပ်လေ၏၊ ခြင်္သေ့မင်းသည် "မြေခွေး····အဘယ်ကြောင့်ဝပ်သနည်း" ဟုမေး၏၊ "အရှင်····အရှင်ကိုခစားလို၍ဝပ်ပါသည်"ဟု ပြော၏၊ "မြေခွေး···· ကောင်းပြီလာလော့"ဟု ခေါ်ကာ မိမိနေရာ လိုဏ်ဂူသို့ဆောင်ပြီးလျှင် နေ့တိုင်းနေ့တိုင်း အမဲသားကိုပေး၍ မွေးလေ၏။

မြေခွေးသည် တနေ့ဘခြား ဝဖြိုး၍လာလတ်သော် မာန်မာနတက်ကြွလတ်၍ ခြင်္သေ့သို့ကပ်ပြီးလျှင် "အရှင်····အကျွန်ုပ်သည် အခါခပ်သိမ်း အရှင်တို့အလုပ်အကျွေးကိုခံရ၏၊ အခါခပ်သိမ်း အမဲသားကိုပေး၍ ကျွေးမွေးကြကုန်၏၊

ယနေ့အရှင်သည် ဤလိုဏ်ဂူ၌နေရစ်ပါ၊ အကျွန်ုပ်သည် ဆင်ကိုသတ်၍ အသားကိုစားပြီးလျှင် အရှင်တို့ဘို့လည်း ဆောင်ယူခဲ့ပါမည်”ဟု ပြော၏၊ “မြေခွေး… ဆင်သတ်ခြင်းအမှုကို သင်မနှစ်သက်လင့်၊ သင်ကား ဆင်ကိုသတ်၍ စားသောအမျိုး၌ မဖြစ်ပေ၊ သင့်အားငါသတ်၍ပေးမည်” ဟု ပြောဆိုပြီးလျှင် ငါ့စကားကိုနားထောင်လော့—

> “မြေခွေး…. ဆင်ကား ကိုယ်ကြီး၏၊ အရပ်လည်းမြင့်၏၊ အစွယ်လည်းရှည်၏၊ ခြင်္သေ့မျိုးသာ ဆင်ကိုဖမ်းနိုင်၏၊ သင်ကား ထိုခြင်္သေ့မျိုး၌ မဖြစ်လေ”—

ဟု မြေခွေးအား အကြောင်းပြကာ တားမြစ်လေ၏။

**ခြင်္သေ့တုလေ ခွေးမိုက်သေ**

မြေခွေးသည် ခြင်္သေ့မင်းတားမြစ်စဉ်လျှင် လိုဏ်ဂူမှထွက်ပြီးလျှင် သုံးကြိမ် ခွေးဟောင်သံကိုမြည်၍ တောင်ထိပ်၌ရပ်ကာ တောင်ခြေရင်းကိုကြည့်လတ်သော် မည်းသော ဆင်တကောင်ကိုမြင်၍ ဆင်ဦးကင်း၌ကျစေမည်ဟု ခုန်ချလေ၏၊ ဦးကင်း၌မကျဘဲ လိမ့်၍ ဆင်ခြေရင်း၌ကျလေ၏၊ ထိုအခါဆင်သည် ခြေဖြင့် မြေခွေးဦးခေါင်းကို ညက်ညက်ကြေအောင်နင်းလေ၏၊ မြေခွေးသည် ထိုအရပ်၌ပင်ညည်းညူလျက်သေရ၏၊ ဆင်လည်း ကြိုးကြာသံမည်လျက် ဖဲသွားလေ၏။

ခြင်္သေ့မင်းသည် တောင်ထိပ်၌ရပ်လျက် ကြည့်လတ်သော် ဆင်းရဲပျက်စီးနေသော မြေခွေးကိုမြင်လျှင် မြေခွေးသည် မိမိမာနကိုမှီ၍ ဆင်းရဲပျက်စီးရသည်ဟုဆင်ခြင်ကာ—

"အချင်းတို့....ခြင်္သေ့မဟုတ်ပါဘဲလျက် ခြင်္သေ့မာန်ဖြင့် မိမိကိုယ်ကို ဘောက်ပြန်ခြင်းကိုပြုသော မြေခွေးသည် ဆင်ထံသို့ရောက်၍ ညည်းညူလျက် မြေ၌အိပ်ရ၏၊ မြေခွေးသည်အစိုးရ၍မွန်မြတ်သဖြင့် ကောင်းစွာတည်သော ပခုံးရှိလျက် ခွန်အားကြီးသော ခြင်္သေ့မင်း၏ အစွမ်းအားရှိသည်ကို မဆင်ခြင်မိသောကြောင့် ဆင်ပြောင်သတ်အပ်သည်ဖြစ်၍ အိပ်လျက်သေရ၏။

ဤလောက၌ နှိုင်းယှဉ်၍ မိမိ၌ရှိသော အစွမ်းအားကိုသိမြင်လျက် မန္တရားဖြင့်၎င်း, အတိုင်အပင်ဖြင့်၎င်း, ကောင်းစွာဆိုအပ်သော စကားဖြင့်၎င်း, အမှုကိစ္စကိုပြုလုပ်သောပညာရှိသည် အကျိုးများစွာဖြစ်နိုင်၏"—

ဟု လောက၌ ပြုလုပ်အပ်သည်နှင့်ယှဉ်သော အမှုကိစ္စကို ပြောဆိုလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမြေခွေးသည်- ယခုအခါ ဒေဝဒတ်။

※ ခြင်္သေ့မင်းသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ခြသေ့ဲတုလျှင်း၊ မြေခွေးဖျင်း၊ ဆင်နင်းသေရသည်။
(၂) မိမိစွမ်းအင်၊ မဆင်ခြင်၊ မာန်ဝင်မှားတတ်သည်။
(၃) မန္တရားဖြင့်၊ တိုင်ပင်လင့်၊ ဆိုသင့်စကားရှည်။
(၄) ဤသည့်သုံးပါး၊ မှုဆောင်ငြား၊ ကျိုးများပညာသည်။

ဇမ္ဗုကဇာတ်ပြီး၏။

---

## ၃၃၆–ဗြဟာဒတ္တဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

**အံ့ဘွယ်ရဟန်းပြု ဟောကြားမှု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အံ့ဘွယ်သရဲကို ပြုလုပ်တတ်သောရဟန်းတပါးကို အကြောင်းပြု၍အောက် ပါအတိတ်ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**အသက်လွတ်ရေး မင်းသားပြေး**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် ထိုဗြဟ္မ ဒတ်မင်းအား အကျိုးအကြောင်းကိုပြ၍ ဆုံးမတတ်သော ပညာရှိအမတ်ဖြစ်လေ၏။

ထိုဗာရာဏသီ မင်းကြီးသည် များစွာသော စစ်သည် ဗိုလ်ပါဖြင့် စစ်ထိုး၍ သာဝတ္ထိ ပြည်တွင်းသို့ ဝင်ပြီးလျှင် ကောသလမင်းကို ဖမ်းလေ၏၊ ထိုကောသလ မင်းအား

ဆတ္တမည်သော သားတော် တယောက်ရှိလေ၏၊ ထိုသား တော်သည် အဘမင်းကြီးကို ဖမ်းလတ်သော် မထင်ရှား သောအသွင်ဖြင့် တိမ်းရှောင် ထွက်ပြေးပြီးလျှင် တက္ကသိုလ် ပြည်၌ အတတ်ပညာ အလုံးစုံကို သင်ကြား တတ်မြောက် သောအခါ ထွက်ခဲ့၍ ပစ္စန္တရွာတခုသို့ရောက်လေ၏၊

**ပညာလိုမှု ရသေ့ပြု**

ထိုပစ္စန္တရွာကိုအမှီပြု၍ ရသေ့ ငါးရာတို့ သည် တော တခုဝယ် သစ်ရွက်မိုး ကျောင်းဆောက်၍နေကြကုန်၏၊ ဆတ္တ မင်းသားသည် ရသေ့ ငါးရာတို့ထံဝယ် တစုံ တခုသော အတတ်ပညာကို သင်ကြားရန် ရသေ့ရဟန်း ပြု၍နေ၏၊ အတတ်ပညာသင်ကြားပြီးသော နောက်အဘို့၌ရသေ့တို့၏ အကြီးအမှူးဂိုဏ်းဆရာဖြစ်လေ၏။

တနေ့သ၌ ဆတ္တရသေ့သည် ရသေ့အပေါင်းကို ခေါ်၍ "အရှင်ဘုရားတို့....အဘယ်ကြောင့် မဇ္ဈိမဒေသသို့ မသွား ကြကုန်သနည်း" ဟုမေး၏၊ "ငါ့ရှင်....မဇ္ဈိမဒေသ၌ လူတို့ သည် ပညာရှိကုန်၏၊ ထိုလူတို့သည် ပြဿနာကို မေးကုန် လတ္တံ့၊ အနုမောဒနာကိုပြုစေကုန်လတ္တံ့၊ မင်္ဂလာကိုရွတ်ဘတ် စေကုန်လတ္တံ့၊ မစွမ်းနိုင်သော် ကဲ့ရဲ့ကြကုန်လတ္တံ့၊ အကျွန်ုပ် တို့သည် ထိုဘေးမှကြောက်ရွံ့ ကြသောကြောင့် မသွားပါ ကုန်" ဟုပြော၏၊ "အရှင်ဘုရားတို့..မကြောက်ကြကုန်လင့်၊ အလုံးစုံသောအမှုကိစ္စတို့ကို အကျွန်ုပ်ပြုလုပ်မည်" ဟု ဝန် ခံကာ ရသေ့တို့ကိုခေါ်၍ သွားကြရာ ဗာရာဏသီ ပြည်သို့ ရောက်ကုန်၏။

**ပြဿနာဖြေဆို မင်းကြည်ညို**

ဗာရာဏသီ မင်းကြီးသည် ကောသလ မင်းကြီးကိုဖမ်း၍ သာဝတ္ထိ ပြည်တွင် မင်းချင်းတို့ကို ထားခဲ့၍ ပစ္စည်းဥစ္စာ အလုံးစုံကိုယူဆောင်ပြီးလျှင် ဗာရာဏသီပြည်သို့ ပြန်ကာ ကြေးအိုးတို့၌ ထည့်သွင်းလျက် ဥယျာဉ်တော်၌ မြှုပ်နှံ၍ ဗာရာဏသီပြည်မှာပင်နေလေ၏။

ရသေ့ကိုလည်း မင်းကြီးဥယျာဉ်တော်၌နေကာ နံနက် အခါ မြို့တွင်းသို့ဆွမ်းခံဝင်ကြရာ မင်းကြီး အိမ်တံခါးသို့ ရောက်ကုန်၏၊မင်းကြီးလည်း ရသေ့တို့ ဣရိယာပုထ်၌ကြည် ညိုသဖြင့်ပြာသာဒ်ထက်သို့ပင့်ပြီးလျှင် မွန်မြတ်သောယာဂု ခဲဘွယ်ဘောဇဉ်တို့ကို လှူဒါန်း၏၊ ဆွမ်းဘုဉ်းပေးသည် တိုင် အောင် ပြဿနာကိုမေးလျှောက်၏၊ ဆတ္တရသေ့လည်း ခပ် သိမ်းသောပြဿနာတို့ကိုဖြေဆို၏၊ ဆွမ်းဘုဉ်းပေးပြီးသော အခါအနုမောဒနာပြု၏၊မင်းကြီးသည်အတိုင်းထက်အလွန် ကြည်ညိုသဖြင့် ပင့်ဘိတ်ကာဥယျာဉ်တော်၌နေစေ၏။

**ဥယျာဉ်တော်မှ ဥစ္စာယူကြ**

ဆတ္တရသေ့သည် ဥစ္စာကို ထုတ်ဖေါ်နိုင် သောမန္တရားတတ်၏၊ ဤဥယျာဉ်တော် ဝယ် အဘယ် အရပ်၌ ငါ့အဘ ကော သလမင်းကြီး၏ ဥစ္စာတို့ကိုမြှုပ်နှံ ထားသနည်းဟု မန္တရား ကိုမန်းမှုတ်ကာကြည့်ရှုလတ်သော် ဥစ္စာမြှုပ်ရာ အရပ်ကို မြင်၍ ဤဥစ္စာကိုယူကာငါတို့တိုင်းပြည်ကိုယူမည်ဟုကြံစည် ပြီးလျှင် ရသေ့တို့ကိုခေါ်၍ "အရှင်ဘုရားတို့....အကျွန်ုပ် ကား ကောသလမင်းကြီး၏ သားတော်ဖြစ်သည်၊ဗာရာဏ သီမင်းသည် အကျွန်ုပ်အဘကိုဖမ်း၍ တိုင်းပြည်ကို ယူသည်

ရှိသော် မထင်ရှားသောအသွင်ဖြင့် ထွက်ပြေး တိမ်းရှောင်ကာ ဤမျှလောက်ကြာမြင့်အောင် အသက်ကိုစောင့်၍နေရ၏၊ ယခုအကျွန်ုပ်အဘ၏ ဥစ္စာတို့ကို ပြန်၍ရပြီ၊ ဥစ္စာတို့ကို ဖေါ်ထုတ်ကာ တိုင်းပြည်ကိုပြန်၍ ယူမည်''ဟု ပြော၏၊ “အရှင်ဘုရားတို့....အဘယ်သို့ပြုကြမည်နည်း''ဟု မေး၏၊ “ငါ့ရှင်....အကျွန်ုပ်တို့လည်း အရှင်နှင့်အတူ လူထွက်၍ လိုက်ကြမည်”ဟုပြော၏၊ “အရှင်ဘုရားတို့.... ကောင်းပြီ လိုက်ခဲ့ကြပါ” ဟု တိုင်ပင်ပြောဆိုပြီးလျှင် ကြီးစွာသော သားရေအိတ်တို့ကို လုပ်စေ၍ ညဉ့်အခါ ဥစ္စာတို့ကို တူး ဖေါ်၍ယူကာအိတ်တို့၌ထည့်စေလျက် အိုးတို့၌ မြက်တို့ကို ထည့်ခဲ့ပြီးလျှင် ရသေ့ငါးရာနှင့်တကွ လူတို့ကိုသယ်ယူစေ၍ သာဝတ္ထိပြည်သို့သွားလေ၏။

**ဥစ္စာ ဆုံးရ မင်းသောက**

သာဝတ္ထိပြည်သို့ ရောက်လျှင် အလုံးစုံသော မင်းချင်းတို့ကိုဖမ်းစေ၍ တပြည်လုံးသိမ်းယူကာ ပစ္စင်,ရင်တား,တံတိုင်းစသည်တို့ကို ပြုလုပ်စေ၍ ရန်သူမင်း စစ်မထိုး နိုင်အောင် အခိုင်အလုံစီမံ၍နေလေ၏၊ ရသေ့တို့သွားလျှင် လူတို့သည် ဗာရာဏသီမင်းကြီးအားဥယျာဉ်တော်မှဥစ္စာတို့ကို ရသေ့တို့ ယူသွားကြောင်း လျှောက်ကုန်၏၊ ဗာရာဏသီ မင်းကြီး လည်း ဥယျာဉ်တော်သို့သွား၍ ဥစ္စာအိုးတို့ကို ကြည့်ရှုလျှင် မြက်တို့ကိုသာမြင်၍ ကြီးစွာသော စိုးရိမ်ခြင်း ဖြစ်လျက် မြို့သို့ပြန်၍ ‘‘မြက်သာတည်း-မြက်သာတည်း’’ဟု မြည်တမ်းကာနေတော့၏၊မင်းကြီး၏စိုးရိမ်သောက ငြိမ်းအောင် မည်သူမျှမတတ်နိုင်လေ။

ပညာရှိဟောပြ
ဖြိမ်းချမ်းရ

ထိုအခါ ပညာရှိအမတ်သည် မင်းကြီး စိုးရိမ်သောကဖြစ်နေသည်ကို မည်သူမျှ မတတ်နိုင်၊ ငါ ပယ်ဖျောက်၍ ချမ်းသာ ရာရစေမည်ဟုကြံစည်လျက် တနေ့သ၌ မင်းကြီးနှင့် တကွ ချမ်းသာစွာနေစဉ် မင်းကြီးမြည်တမ်းသောအခါ၌—

"မြတ်သော မင်းကြီး....သင် မင်း ကြီးသည် "မြက်သာတည်း-မြက်သာတည်း"ဟုမြည်တမ်းဘိ ၏၊ သင်မင်းကြီး၏ မြက်ကို အဘယ်သူ ဆောင်ယူ သနည်း၊သင်မင်းကြီးအားမြက်ဖြင့်ပြုဘွယ်ကိစ္စရှိပါ သလော၊မြက်ကိုသာ မြည်တမ်းဘိ၏"။

ဟု မင်းကြီးအားလျှောက်လေ၏၊မင်းကြီးသည် ပညာရှိ အမတ်၏စကားကိုကြားလျှင်—

"ပညာရှိ....မြတ်သောအကျင့်ကိုကျင့်၍ ကျယ် ပြန့်သော ဗဟုသုတ ရှိသော ဆတ္တ ရသေ့သည် ဥဗာရာဏသီပြည်သို့ လာခဲ့၏၊ ထိုရသေ့သည် စင် စစ်ဥစ္စာအလုံးစုံတို့ကိုယူ၍ အိုးတို့၌ မြက်ကိုထည့်၍ သွား၏"။

ဟု ပညာရှိ အမတ်အား ပြောကြားလေ၏၊ ပညာရှိ အမတ်သည် မင်းကြီးစကားကိုကြားပြန်လျှင်—

"မြတ်သော မင်းကြီး.... အနည်း ငယ်သော မြက်ဖြင့် ဥစ္စာအလုံးစုံကိုအလိုရှိသော ဆတ္တ ရသေ့ သည် မိမိဥစ္စာ အလုံးစုံကို ယူသွားခြင်းကိုရင်း၊ မြက်ကိုအိုးတို့၌ ထည့်ကာထားခဲ့၍ မယူခြင်းကိုရင်း

ပြုဘိ၏၊ ထိုသို့ပြုခြင်း၌ မြည်တမ်း နေခြင်းကား အဘယ်အကျိုးရှိမည်နည်း''။—

ဟု မင်းကြီးအား လျှောက်ထားပြန်၏၊ မင်းကြီးလည်း ပညာရှိအမတ်စကားကိုကြားပြန်လျှင်—

''ပညာရှိ····သီလရှိသော သူတို့သည် ဤအမှုမျိုးကိုမပြုလုပ်ကြကုန်၊ သူမိုက်တို့သာ ဤအမှုမျိုးကို ပြုလုပ်ကြကုန်၏၊ သီလမရှိသော ဒုဿီလ ပုဂ္ဂိုလ်၌ ပညာဗဟုဿုတ ရှိနေခြင်းကား ဘယ်အကျိုးရှိမည်နည်း''။

ဟုပညာရှိအမတ်အား ပြောကြားကာ ဆတ္တရသေ့ကို ကဲ့ရဲ့လျက် ပညာရှိအမတ်ဆုံးမသောစကားဖြင့်စိုးရိမ်သော ကငြိမ်းလျက် မင်းကြီးသည် တရားသဖြင့်မင်းပြုလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါမြဟာဆတ္တ ရသေ့သည်-အံ့ဘွယ်သရဲကို ပြုလုပ်သော ရဟန်း။

※ ပညာရှိအမတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) စိုးရိမ်သောကါ၊နှိပ်စက်ကာ၊ဒုက္ခရောက်တတ်သည်။

(၂) ပညာရှင်ဆေး၊တရားပေး၊ငြိမ်းအေးစေနိုင်သည်။

မြဟာဆတ္တဇာတ် ပြီး၏။

# ၃၃၇-ပီဌဇာတ်

ပဌမပိန်ဝဂ်

ဆွမ်းမရမှု ကဲ့ရဲ့ပြ

နတ်လူတို့ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဇနပုဒ်မှလာ သော ရဟန်းတပါးသည် သာမဏေငယ်, ရဟန်းငယ်တို့ ကို သာဝတ္ထိပြည်သို့လာသောရဟန်းတို့တွင် "အဘယ်ဒါယ ကာ ကျေးဇူးများသနည်း"ဟုမေးရာ အနာထပိဏ်သူဌေး ကြီးနှင့် ဝိသာခါဒါယိကာမကြီးတို့ ကျေးဇူးများကြောင်း လျှောက်ထားကြလျှင်ထိုရဟန်းသည်နံနက်စောစောအနာ ထပိဏ်သူဌေးကြီး အိမ်တံခါး၌ရပ်လေ၏၊ စောလွန်း၍ အဘယ်သူမျှမကြည့်တစုံတရာမရလျှင် ဝိသာခါ ဒါယိကာ မကြီးအိမ်တံခါး၌ ရပ်ပြန်၏၊ စောလွန်း၍ အဘယ်သူမျှ မကြည့်တစုံတခုကိုမျှမရလေ။

ထိုရဟန်းသည် တဖန်ယာဂုကုန်ချိန်တွင် သွား၍ရပ် ပြန်၏၊ ဆွမ်းကုန်ချိန်တွင်လည်း သွား၍ရပ်ပြန်၏၊ တစုံတခု ကိုမျှမရလေ၊ကျောင်းသို့ရောက်သောအခါ ရဟန်းတို့အား ထိုဒါယကာတို့သည် သဒ္ဓါကြည်ညိုခြင်းမရှိကုန်ဟုအမျက် ထွက်ကာရှုတ်ချကဲ့ရဲ့လေ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် "ငါ့ရှင် တို့....ဆွမ်းမရသောကြောင့် ဒါယကာတို့အား ကဲ့ရဲ့ရှုတ် ချသော ဇနပုဒ်ရဟန်းအကြောင်းကို စကားစပ်မိ၍ ပြော ဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်း ကိုသိတော်မူလျှင် ထိုရဟန်းအား "ချစ်သားရဟန်း....

အဘယ်ကြောင့် အမျက်ထွက်သနည်း၊ ရှေးအခါ၌ ရသေ့တို့သည်လည်း ဆွမ်းမရကြသော်လည်း အမျက် မထွက်ကုန်'' ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**သူဌေးမြင်မှ ဆွမ်းလှူရ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာတို့ကို သင်ကြားပြီးလျှင် နောက်အဘို့၌ရသေ့ရဟန်းပြုကာ ဟိမဝန္တာအရပ်၌နေလေ၏။

တနေ့သ၌ ချဉ်ဆား မှီဝဲအံ့သောငှါ ဗာရာဏသီပြည်သို့သွား၍ မင်းကြီးဥယျာဉ်တော်၌နေပြီးလျှင် နံနက်အခါ မြို့တွင်းသို့ဆွမ်းခံဝင်လေ၏၊ ဗာရာဏသီသူဌေးသည် သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ ရသေ့လည်း လူတို့ကို မေးမြန်း၍ ဤသူဌေးသည် သဒ္ဓါတရားနှင့် ပြည့်စုံကြောင်း ပြောကြားကြသောကြောင့် သူဌေးအိမ်တံခါး၌ ရပ်၏၊ ထိုခဏ၌ သူဌေးလည်း မင်းကြီးကို အခစားသွားခိုက်ဖြစ်လေ၏၊ အိမ်သူအိမ်သားတို့လည်း ရသေ့ကို မမြင်ကြကုန်၊ ရသေ့လည်းပြန်၍သွားလေ၏၊ ထိုအခါ သူဌေးသည် မင်းကြီးအိမ်မှပြန်လာလတ်သော် ရသေ့ကိုမြင်လျှင် သပိတ်ကိုယူကာ အိမ်သို့ပင့်ဆောင်လျက် ဝတ်ကြီးဝတ်ငယ် ပြုပြီးလျှင် ယာဂုခဲဘွယ်ကပ်၍ အနည်းငယ် ပဋိသန္ထာရစကား ပြောကြားလေ၏။

ရသေ့အိမ်ရောက် တောင်းပန်လျှောက်

ထိုနောက် ဆွမ်းကပ်၍ ဘုဉ်းပေးပြီးသောအခါ "အရှင်ဘုရား… အကျွန်ုပ်အိမ်သို့ရောက်လာသောသူတောင်းစားနှင့်ရဟန်းပုဏ္ဏားတို့အားပူဇော်သက္ကာရကိုမရကုန်ဘဲသွားကြရဘူးသည်မရှိပါ၊အရှင်ဘုရားကိုကား အိမ်သူအိမ်သားတို့မမြင်ကြသောကြောင့် နေရာခင်းခြင်း, သောက်ရေကပ်ခြင်း,ခြေဆေးခြင်း,ယာဂုဆွမ်းကပ်ခြင်းတို့ကို မရဘဲသွားရပါ၏၊ ဤသို့မရခြင်းကား အကျွန်ုပ်၏အပြစ်ဖြစ်ပါသည်၊ ထိုအပြစ်ကိုသည်းခံပါ"ဟုလျှောက်ထားပြီးလျှင်—

"မြတ်သော အကျင့်ရှိသော အရှင်ဘုရား…. အရှင်ဘုရားအား နေရာကိုမခင်းကြကုန်၊ သောက်ရေကိုမလှူကြကုန်၊ ဆွမ်းကိုမလှူကြကုန်၊ ဤသို့မလှူကြခြင်းမှာ အကျွန်ုပ်၏ အပြစ်ဖြစ်ပါ၏၊ ထိုအပြစ်ကိုသည်းခံတော်မူပါ"—

ဟုရသေ့အား တောင်းပန်လေ၏၊ ရသေ့သည်သူဌေးစကားကိုကြားလျှင်—

"သူဌေး….ငါသည်မစွန်းငြိပါ၊ အမျက်လည်းမထွက်ပါ၊မုန်းခြင်းလည်းမရှိပါ၊ စင်စစ်ကား ဤသို့သောအလေ့အကျင့်ကား အမျိုး၏ အလေ့အကျင့်ဖြစ်လိမ့်မည်ဟု ငါ့အားစိတ်အကြံ မျှသာ ဖြစ်ပါ၏"—

ဟု သူဌေးအား ပြောကြားလေ၏၊ သူဌေးသည် ရသေ့၏စကားကိုကြားလျှင်—

"မြတ်သော အကျင့်ရှိသော အရှင်ဘုရား....
နေရာခင်းခြင်း, ရေလှူခြင်း, ခြေဆေးခြင်း စသော
အလုံးစုံသော အလေ့အကျင့်ကား အကျွန်ုပ်တို့
အမျိုး၌ အခါခပ်သိမ်း အဘိုး,အဘတို့ ဥစ္စာဖြစ်
သော အလေ့အကျင့် ဖြစ်ပါ၏"။

"မြတ်သော အကျင့်ရှိသော အရှင်ဘုရား....
အကျွန်ုပ်တို့သည် မွန်မြတ်သော မိဘဆွေမျိုးကဲ့သို့
ရဟန်းပုဏ္ဏားတို့ကို ရိုသေစွာလုပ်ကျွေးပါကုန်၏၊
ဤအလေ့အကျင့်ကား အကျွန်ုပ်တို့အမျိုး၌ အခါ
ခပ်သိမ်းအဘိုး, အဘတို့ဥစ္စာဖြစ်သော အလေ့
အကျင့်ဖြစ်ပါ၏"-

ဟုရသေ့အားလျှောက်ထားပြန်၏၊ ရသေ့သည် နှစ်ရက်
သုံးရက်နေ၍ ဗာရာဏသီသူဌေးအား တရားဟောပြီးလျှင်
ဟိမဝန္တာသို့သွား၍ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ
လျက် သေလွန်သောအခါ ဗြဟ္မာပြည်သို့လားရ၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကို ဆောင်ပြီးလျှင်
သစ္စာကို ပြသည်၏အဆုံး၌ ရှုတ်ချကဲ့ရဲ့သော ရဟန်းသည်
သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်
သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့····

※ ထိုအခါ ဗာရာဏသီသူဌေးသည် - ယခုအခါ အာနန္ဒာ။

※ ရသေ့သည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) မလျှသည့်တွက်၊ ဒကာထက်၊ မမျက်ရဟန်းမှာ။

(၂) ရဟန်းပုဏ္ဏား၊ ဆွေမျိုးလား၊ လေးစားသူတော်မှာ။

(၃) လျှဒါန်းဝတ်ကျေ၊ လွန်ရိုသေ၊ ရှိလေသူတော်မှာ။

ပဉ္စမဇာတ်ပြီး၏။

---

## ၃၃၈—ထုသဇာတ်

**ပဉ္စမပဏ္ဏာသ၊**

**ချင်ခြင်းပြေရေး သွေးပေါက်ပေး** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အဇာတသတ်မင်းသည် ဝေဒေဟီမိဖုရားကြီး၏ဝမ်း၌ ပဋိသန္ဓေနေလတ်သော် ထိုဝေဒေဟီမိဖုရားကြီးသည် ဗိမ္ဗိသာရမင်းကြီး၏ လက်ျာပုဆစ်ဒူးသွေးကို သောက်လိုသော ချင်ခြင်းဖြစ်လေ၏။

ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီး ကြားလတ်သော် နိမိတ်ဘတ်တတ်သူတို့ကို ခေါ်စေ၍မေးမြန်းရာ နိမိတ်ဘတ်တတ်သူတို့က မိဖုရားကြီး၏ ဝမ်း၌ဖြစ်သောသားမှာ အဘမင်းကြီးကိုသတ်၍ မင်းအဖြစ်ကိုယူလိမ့်မည်ဟု နိမိတ်ဘတ်

ကြကုန်၏၊ မင်းကြီးသည် ထိုစကားကိုကြားလျှင် ငါ၏သား သည် ငါ့ကိုသတ်၍ မင်းအဖြစ်ကိုအကယ်၍ယူပါမူ၊ငါ့အား အဘယ်အပြစ်ရှိမည်နည်းဟု မိန့်ဆိုကာ လက်ျာပုဆစ်ဒူး ကို ခါးဖြင့်ခွဲကာ ရွှေခွက်ဖြင့် သွေးကိုယူစေ၍ မိဖုရားကြီး အား တိုက်စေသဖြင့် ချင်ခြင်းငြိမ်းလေ၏။

**သားဖွားမြင်လာ**
**လွှန်ချစ်ရှာ**

မိဖုရားကြီးသည် ထိုအကြောင်းကိုသိ လျှင် အဘကိုသတ်မည့်သားဖြင့် အ ဘယ်အကျိုးရှိအံ့နည်းဟု ကြံစည်ကာ ဝမ်းကိုနှိပ်နယ်စေ၍ငင်း, ဆေးစား၍ငင်း ကိုယ်ဝန်ကိုဖျက် ဆီးလေ၏၊ မင်းကြီးသိပြန်လျှင် မိဖုရားကြီးကိုခေါ်စေ၍ "အရှင်မ····ငါ့သားသည် ငါ့ကိုသတ်၍ မင်းအဖြစ်ကိုယူ သော် ယူပါစေ၊ ငါလည်း မအို မသေ နေရမည်မဟုတ်၊ ငါသည် သား၏မျက်နှာကို ကြည့်ရှုလိုပါသည် မဖျက်ဆီး ပါလင့်"ဟု တားမြစ်၍ထားလေ၏။

ကိုယ်ဝန်ရင့်မာသောအခါ သားတော်ကိုမွေးဘွားလေ ၏၊ ထိုသားတော်ကို မမွေးဘွားမီကပင် အဘ၏ရန်သူဖြစ် သောကြောင့် အဇာတသတ်ဟု မှည့်ခေါ်ကြကုန်၏၊ မင်း ကြီးလည်း ထိုအခါ ဘုရားအမှူးရှိသော သံဃာတော်အား ပင့်ဖိတ်ကာဆွမ်းလုပ်ကျွေး၏၊မြတ်စွာဘုရားဆွမ်းဘုဉ်းပေး ပြီးလျှင် အနီး၌နေကာ တန်ဆာဆင်အပ်သောသားတော် ကို ပေါင်ပေါ်တွင်ထား၏၊ သား၏ချစ်ခြင်းဖြင့် တရား တော်ကိုပင် မနာယူနိုင်လေ။

မြတ်စွာဘုရားသည် မင်းကြီး မေ့လျော့နေသည်ကို သိ တော်မူလျှင် "မြတ်သောမင်းကြီး····ရှေးမင်းတို့သည် သား

၌ ရှိ ရှာကုန်ရကား ပုန်းကွယ်ရာအရပ်၌ထားကုန်၍ငါသေ
လွန်မှ မင်းအဖြစ်ကို ပေးကြကုန်''ဟု မိန့်တော် မူကာ
အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

ဆရာမှာထား ဂါထာများ

လွန်လေပြီးသောအခါ ဗာ ရာ ဏ သီ
ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ
သော် ဘုရားအလောင်းသည် တက္က-
သိုလ်ပြည်၌ ဒိသာပါမောက္ခ ဆရာဖြစ်၍တပည့်များစွာတို့
အား အတတ်ပညာ သင်ကြားကာနေ၏၊ ထိုတပည့်တို့တွင်
ဗာရာဏသီမင်းသားသည် အတတ်ပညာအလုံးစုံကို သင်
ကြားပြီးလျှင် ပြည်တော်သို့ပြန်ရန် ဆရာထံ ပန်ကြား
လေ၏။

ထိုအခါဆရာသည် အင်္ဂဝိဇ္ဇာအတတ်ဖြင့် ကြည့်ရှုလတ်
သော် ဤမင်းသားမှာ သားကိုမှီ၍ အသက်အန္တရာယ်ရှိ
သည်၊ ငါသည် ငါ၏အာနုဘော်ဖြင့် ကာကွယ်ပေးမည်ဟု
ကြံစည်ကာ ဂါထာလေးဂါထာကိုဖွဲ့၍မင်းသားအားပေး
လိုက်၏၊ ''တပည့်.... ပဌမဂါထာကိုမင်းဖြစ်၍ သားတော်
ဆယ့်ခြောက်နှစ်ရှိသောအခါ ထမင်းစားစဉ် ရွတ်လော့၊
ဒုတိယဂါထာကိုများစွာသော မှူးမတ်ဗိုလ်ပါတို့ ခစားလာ
သောအခါရွတ်လော့၊ တတိယဂါထာကိုပြာသာဒ်သို့တက်
သောအခါ စောင်းတန်းဦး၌ရပ်၍ ရွတ်လော့၊ စတုတ္ထဂါ
ထာကို အိပ်ရာကြက်သရေတိုက်သို့ ဝင်သောအခါ တံခါး
မှုခ်၌ရပ်၍ရွတ်လော့''ဟု မှာထားလိုက်၏။

**အဘသတ်ရန် မင်းသားကြံ**

မင်းသားလည်း ဆရာဆိုးမသော အတိုင်း မှတ်သားကာ ဆရာပေးသော လေးဂါထာကို သင်ယူပြီးလျှင် ဆရာကို ရှိခိုး၍ ဗာရာဏသီပြည်သို့ပြန်လေ၏၊ ရောက်လျှင် အိမ်ရှေ့မင်းအဖြစ်ကိုရ၏၊ အဘမင်းကြီးသေလွန်သောအခါ မင်းအဖြစ်ကိုရလေ၏၊ သားတော်မွေးဘွား၍ ဆယ့်ခြောက်နှစ်ရှိသောအခါ ဉယျာဉ်တော်သို့ ကစားရန်ထွက်သောမင်းကြီး၏ အသရေကိုမြင်လျှင် အဘကိုသတ်၍ မင်းအဖြစ်ကိုယူမည်ဟု မိမိအလုပ်အကျွေးတို့ကို ပြောကြားလေ၏၊ အလုပ်အကျွေးတို့လည်း အရှင်မင်းသားကောင်းပြီ အိုမှ ရသောမင်းစည်းစိမ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ တစုံတခုသောဥပါယ်ဖြင့် မင်းကြီးကိုသတ်၍ မင်းစည်းစိမ်ကိုယူရန် သင့်၏ဟု လျှောက်ထားကြကုန်၏။

**ပဌမဂါထာ မင်းရွတ်ရာ**

မင်းသားသည် အဆိပ်ကျွေး၍ သတ်မည်ဟု အဘနှင့်အတူ ညစာစားနေစဉ် အဆိပ်ကို ကိုင်၍နေ၏၊ မင်းကြီးသည် ထမင်းစားရန်ပြင်ဆင်လျက် ဆရာပေးလိုက်သော ဂါထာတို့ကို သတိရ၍ ဆရာမှာထားသောအတိုင်း ပဌမဂါထာကိုရွတ်ဆို၏။

**ပဌမဂါထာ၏အဓိပ္ပါယ်**

"ကြွက်တို့အား ဖွဲသည် ညဉ့်မှောင်မိုက်၌လည်း ဖွဲအဖြစ်ထင်ရှား၏၊ ဆန်သည်လည်း ဆန်အဖြစ်ထင်ရှား၏၊ ဖွဲတိုင်း,ဖွဲတိုင်းကို ဖယ်ရှားကြလျက် ဆန်ကိုသာစားကြကုန်၏"။

ထိုအခါ မင်းသားသည် မင်းကြီးရွတ်ဆိုသော ဂါထာကိုကြားလျှင် မင်းကြီးသိချေပြီဟု ကြောက်၍ ထမင်းခွက်၌ အဆိပ်မထည့်ဝံ့တော့ဘဲ ထ၍ပြေးလေ၏၊ ထိုအကြောင်းကို မိမိအလုပ် အကျွေးတို့အား ပြောကြား၍ အကြံဉာဏ်တောင်းပြန်လျှင် အလုပ်အကျွေးတို့သည် ဉယျာဉ်တော်၌ ပုန်းကွယ်၍တိုင်ပင်ကြကုန်လျက် မင်းသားအား "အရှင်မင်းသား.... သန်လျက်ကိုဂှက်၍ထားကာ မင်းကြီးအား များစွာသော မှူးမတ်ဗိုလ်ပါတို့ခစားသောအခါ အမတ်တို့အတွင်းမှနေ၍ မင်းကြီးအမေ့တွင် သန်လျက်ဖြင့်ခုတ်၍ သတ်ပါ"ဟု အကြံဉာဏ်ပေးကြကုန်၏။

**ဒုတိယဂါထာ ရွတ်ပြန်ရာ**

မင်းသားလည်း သံလျက်ကိုဂှက်၍ထားကာ မင်းကြီးအား များစွာသော မှူးမတ်ဗိုလ်ပါတို့ ခစားသောအခါ မင်းကြီးထံသွား၍ခစား၏၊ ထိုထို၍ကြည့်လည်ကာ သတ်ခွင့်ကိုစုံစမ်း၏၊ ထိုခဏ၌ မင်းကြီးသည် ဆရာမှာထားသော အတိုင်း ဒုတိယဂါထာကို ရွတ်ဆိုပြန်၏။

**ဒုတိယဂါထာ၏အဓိပ္ပါယ်**

> "ဉယျာဉ်၌ဖြင်း,ရွာ၌ဖြင်း အနားအနီးသို့ကပ်၍ တိုးတိုးတိုင်ပင်ခြင်း၊ တိုင်ပင်တိုင်း, တိုင်ပင်တိုင်း ငါ့အား သတ်ရန်ကြံစည်ခြင်း အလုံးစုံတို့ကို ငါသိပေ၏"။

ထိုအခါ မင်းသားသည် ခမည်းတော်ကား ငါ့ကိုရန်သူဖြစ်မှန်းသိချေပြီဟု ပြေး၍ထိုအကြောင်းကို အလုပ်အကျွေးတို့အား ပြောကြားပြန်၏၊ အလုပ်အကျွေးတို့လည်း ခုနစ်ရက်,ရှစ်ရက်လွန်လျှင် "အရှင်မင်းသား....အရှင်၏ခမည်း

တော်သည် ရန်သူအဖြစ်ကိုမသိချေ၊ သူ့ကိုယ်တိုင် ကြံစည်ခြင်းမျှသာဖြစ်သည် သတ်ရန် ထပ်မံကြိုးစားပါ" ဟုတိုက်တွန်းကြပြန်၏။

**တတိယဂါထာ စည်းဖြန်းကာ**

တနေ့သ၌ မင်းသားသည် သန်လျက်ကိုကိုင်ကာ စောင်းတန်းဦး၌ ရပ်၍ မင်းကြီးပြာသာဒ်သို့ တက်ရန် အလာကိုစောင့်ကာနေ၏၊ မင်းကြီးရောက်လာရာ စောင်းတန်းဦး၌ ရပ်၍ တတိယဂါထာကို ရွတ်ဆိုပြန်၏။

**တတိယဂါထာ၏အဓိပ္ပါယ်**

"အဘမျောက်သည် မွေးဘွား လာသော မျောက်ငယ်၏ မျိုးစေ့ကို "ဝှေးစေ့" ကိုငယ်ရွယ်စဉ်ကပင်လျှင် သဘောအားဖြင့်သွားတို့ဖြင့် ကိုက်ဖြတ်၍ ယောကျ်ားအဖြစ်ကို ဖျက်ဆီးဘိ၏"။

ထိုအခါ မင်းသားသည် ခမည်းတော်ကား သိချေပြီ၊ ငါ့ကိုဖမ်းလို၏ဟု ကြောက်ရကားပြေး၍ အလုပ်အကျွေးတို့အား ခမည်းတော်သည် ငါ့ကိုခြိမ်းချောက်၏ဟု ပြောကြားပြန်၏၊ အလုပ်အကျွေးတို့လည်း လခွဲလွန်လတ်သော် "အရှင်မင်းသား.... မင်းကြီးမသိပါ၊ အကယ်၍ သိပါမူ အရှင်သားကို ဖမ်းရာပြီ၊ သူ့အကြံအစည်ရှိတိုင်း ရွတ်ဆိုခြင်းသာဖြစ်၏၊ သတ်ရန်ထပ်၍ ကြိုးစားပါဦး"ဟု တိုက်တွန်းကြပြန်၏။

**လေးကြိမ်ရွတ်မှ ချမ်းသာရ**

တနေ့သ၌ မင်းသားသည် သန်လျက်ကိုယူ၍ မင်းကြီးအိပ်ရာ ကြက်သရေတိုက်သို့ ဝင်လာစဉ်သတ်မည်ဟု ကြံစည်ကာ

ပြာသာဒ်သို့တက်၍ ကြက်သရေတိုက်သို့ ဝင်ပြီးလျှင် ပလ္လင်အောက်သို့ဝင်ကာ ပုန်းလျှိုး၍ စောင့်လင့်၏၊မင်းကြီးလည်း ညစာစားပြီးသော် ပရိသတ်ကိုလွှတ်လိုက်၍ အိပ်တော့မည်ဟု ကြက်သရေတိုက်သို့ ဝင်လတ်သော် တံခါးခုံ၌ ရပ်၍ စတုတ္ထဂါထာကိုရွတ်ဆိုပြန်၏။

### စတုတ္ထဂါထာ၏အဓိပ္ပါယ်

"သင်ကား မုန့်ညင်းခင်းသို့ ဝင်သော အခါ ဆိတ်ကဲ့သို့ ကြောက်ခြင်းကြောင့် ထိုထို၌၌ လှုပ်ရှား၏၊ ယခုအခါ ငါ့ကိုသတ်မည်ဟု ပလ္လင်အောက်တွင် ပုန်းလျှိုးကာ နေဘိ၏၊ ဤအလုံးစုံကို ငါသိပေ၏"။

**ဆရာကျေးဇူး မင်းချီးကျူး**

ဤသို့လျှင် မသိသည်သာလျှင်ဖြစ်သော မင်းကြီး ရွတ်ဆိုသော ဂါထာသည် မင်းသားအားသိသည်ဟူသော အနက်ကိုပြဘိ၏၊ ထိုကြောင့် မင်းသားသည် ငါ့ကိုခမည်းတော် မင်းကြီးသိချေပြီ၊ ယခုငါ့ကို မုချသတ်လိမ့်မည်ဟု အလွန်ကြောက်ရွံ့လှ၍ ပလ္လင်အောက်မှထွက်ကာ သန်လျက်ကို မင်းကြီးခြေရင်း၌ ချပြီးလျှင် "ခမည်းတော် မင်းကြီး.... အကျွန်ုပ်အား သည်းခံတော်မူပါ"ဟု ခြေရင်း၌ ရင်ဖြင့်ဝပ်ကာ တောင်းပန်လေ၏၊ မင်းကြီးလည်း သိဿယောင်ပြုကာ မင်းသားအား သင်ကား ငါ့အကြံအစည်ကို ဘယ်သူမျှ မသိဟု မှတ်ထင်ဘိ၏ဟုခြိမ်းချောက်ပြီးလျှင် မင်းသားကို သံခြေချင်းဖြင့်နှောင်ဖွဲ့၍နှောင်အိမ်သို့သွင်းစေကာအစောင့်အရှောက်ဖြင့် ထားလေ၏။

ထိုအခါ မင်းကြီးသည် တက္ကသိုလ်ဆရာ၏ ကျေးဇူးကို အမှတ်ရလေ၏၊ နောက်အဘို့၌ မင်းကြီးသည် သေလွန်လေ၏၊ အမတ်တို့သည် မင်းကြီး၏အလေ့အလာကို သင်ကြားစေပြီးမှ... ပြဲခြင်းကိစ္စကိုပြု၍ မင်းသားကိုနန်းတော်ဆိပ်မှ ထုတ်ယူပြီးလျှင် အဘိသိက်သွန်းကာ မင်းမြှောက်ကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ဒိသာပါမောက္ခဆရာသည်- ယခုအခါ ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) စည်းစိမ်ထီးနန်း၊ ရမ္မက်လွှမ်း၊ သားကြမ်းသတ်မည်ပြု။

(၂) တက္ကသိုလ်ဆရာ၊ ပေးဂါထာ၊ ရွတ်ကာငြိမ်းစေမှု။

(၃) သားရင်းကိုပင်၊ ရှိန့်ရှာလျှင်၊ ပြည်နှင်နှောင်ဖွဲ့မှု။

ထုသဇာတ်ပြီး၏။

---

# ၃၃၉-ဗာဝေရုဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**ဘုရားဂုဏ်ရောင် တိတ္ထိပျောက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် တိတ္ထိတို့သည်

ဘုရားမပွင့်မီ လာဘသက္ကာရကို များစွာရကုန်၏၊ ဘုရားပွင့်တော်မူသည်ရှိသော် နေထွက်သောအခါ ပိုးစုန်းကြူးတို့ကဲ့သို့ လာဘသက္ကာရဆုတ်ယုတ်ကုန်၏။

ရဟန်းတို့သည် တရားသဘင်၌ တိတ္ထိတို့အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့... ယခုအခါ၌သာ ဂုဏ်ရှိသူတို့မဖြစ်ပေါ်မီ ဂုဏ်မရှိသူတို့ မြတ်သောလာဘ် မြတ်သောအခြံအရံကိုရ၍ ဂုဏ်ရှိသူတို့ ဖြစ်ပေါ်လာသောအခါ ပျောက်သော လာဘသက္ကာရ ပျောက်သော အခြံအရံရှိသည်မဟုတ် ရှေးအခါ၌လည်း ဤသို့ဖြစ်ဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု။**

**ကျီးမဲကိုပင် အလှဆုံးထင်**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ဥဒေါင်းမျိုး၌ဖြစ်၍ ကြီးပြင်းလတ်သော် လှပတင့်တယ်လျက် တော၌ကျက်စားကာနေ၏။

ထိုအခါ အချို့ကုန်သည်တို့သည် ဒိသာကာက ကျီးကို ယူ၍ ဗာဝေရုတိုင်းသို့သွားကြကုန်၏၊ ထိုအခါ ဗာဝေရုတိုင်းဝယ် ငှက်မည်သည်မရှိလေ၊လာတိုင်း,လာတိုင်းသော သူတို့သည် တောင်း၌ထားသော ကျီးကိုမြင်လျှင် ဤငှက်သည် အဆင်းအင်္ဂါနှင့် ပြည့်စုံ၏ဟု ချီးမွမ်းကြကုန်လျက် ကုန်သည်တို့ကို"အဆွေတို့....ဤငှက်ကို အကျွန်ုပ်တို့အား

ပေးခဲ့ကြပါကုန်၊ အဆွေတို့တိုင်းမှာ တပါးသောငှက်ကို ရကြပါလတံ့''ဟု ပြောကြ၏၊ ''အမောင်တို့....ယူလိုလျှင် အဘိုးဖြင့် ယူကြကုန်လော''ဟု ပြော၏၊ ''အဆွေတို့.... တသပြာပေးပါမည်''ဟု ပြော၏၊''အမောင်တို့.... မပေးနိုင်ပါ''ဟုပြောသောအခါ၊ နှစ်သပြာပေးပါမည်, သုံးသပြာပေးပါမည် စသည်ဖြင့် အစဉ်အတိုင်း တိုး၍တိုး၍ပေးသွားရာအသပြာတရာတိုင်အောင်ပေး၍ဝယ်ယူကြရကုန်၏။

ကျီးကိုရလျှင် ထိုဗာဝေရုတိုင်းသားတို့သည် ရွှေချိုင့်တွင်ထည့်၍ အထူးထူးသော ငါး, အမဲ, သစ်သီးတို့ဖြင့် ကျွေးမွေးပြုစုကြကုန်၏၊ အခြားငှက်မရှိရာအရပ်၌ မသူတော်တရား ဆယ်ပါးနှင့်ပြည့်စုံသော ကျီးသည်ပင်လျှင် မြတ်သော လာဘ်လာဘအခြံအရံ အကျော်အစောကို ရလေ၏။

**ဥဒေါင်းလိုရေး တထောင်ပေး**

နောက်တဖန်ကုန်သည်တို့သည်ဥဒေါင်း တကောင်ကို ဖမ်းယူပြီးလျှင် လက်ဖျစ်တီးသံဖြင့် တွန်မြည်အောင်, လက်ခုပ်တီးသံဖြင့် ကအောင်သင်ပြကာ ဗာဝေရုတိုင်းသို့ ယူသွားကြပြန်၏၊လူအများစည်းဝေးရောက်လာကြသောအခါ ထိုဥဒေါင်းသည် လှည်းဦးတွင်ရပ်ပြီးလျှင် သာယာစွာသောအသံဖြင့် တွန်မြည်ကာ ကလေ၏၊ လူတို့သည် ဥဒေါင်းကို မြင်လျှင်ဝမ်းမြောက်ကြကုန်၏။

ထိုအခါ လူတို့သည် ''အဆွေတို့.... ဤငှက်ကိုလည်း အကျွန်ုပ်တို့အား ပေးပါကုန်'' ဟု တောင်းကြပြန်၏၊ ကုန်သည်တို့သည် ''အမောင်တို့.... ကျီးကိုလည်း ယူကြပြီ

ယခုဥဒေါင်းကိုလည်း တောင်းကြပြန်ပြီ သင်တို့နေရာသို့ ငှက်ကိုယူမလာဝံ့အောင် ဖြစ်နေပြီ”ဟု ပြော၏၊ “အဆွေတို့…မှန်ပါသည် သို့သော်လည်း ဤငှက်ကိုပေးပါကုန်” ဟု တောင်းကြပြန်၏၊ ထိုအခါကုန်သည်တို့သည် အဘိုးကို တဖြည်းဖြည်းတိုးပွားစေသဖြင့် အသပြာ တထောင်တိုင်အောင် ပေး၍ဝယ်ကြရကုန်၏။

ဥဒေါင်းကိုမြင် ကျီးကိုနှင်

ဥဒေါင်းကိုကား ရတနာ ခုနစ်ပါးဖြင့် စီခြယ်အပ်သော ရွှေချိုင့်၌ထား၍ငါး, အမဲ,သစ်သီးကြီးငယ် ပျားရေပေါက်ပေါက်သကြား စသည်တို့ဖြင့် ကျွေးမွေး ပြုစုကြကုန်၏၊ ဥဒေါင်းသည် မြတ်သောလာဘ်လာဘ အခြံအရံအကျော်အစောတို့ကို ရလေ၏၊ ဥဒေါင်း ရောက်သောအခါမှစ၍ ကျီးအား လာဘသက္ကာရဆုတ်ယုတ်လေ၏၊ ကြည့်ရှုရုံမျှပင် အလိုမရှိကြကုန်၊ ကျီးသည် ခဲဘွယ်ဘောဇဉ်ကို မရလတ်သော်(ကာကာ) ဟုမြည်လျက်ပျံသွား၍ မစင်စွန့်ရာမြေ၌ကျက်စားရလေ၏။

မြတ်စွာဘုရားသည် နှစ်ပါးသောဝတ္ထုတို့ကို ဆက်စပ်ပြီးလျှင် ဘုရားဖြစ်တော်မူသောအခါ—

“ရဟန်းတို့… ဦးစွန်းရှိ၍ အသံ သာသော ဥဒေါင်းကို မမြင်ရသေးခြင်းကြောင့် ဗာဝေရုတိုင်းသားတို့သည် ကျီးကိုပင် ငါး, အမဲ, သစ်သီးကြီးငယ်တို့ဖြင့် ပူဇော်ကြကုန်ပြီ၊ ဦးစွန်းရှိ၍ အသံသာသော ဥဒေါင်းငှက် ဗာဝေရုတိုင်းသို့ ရောက်လာသောအခါ၌ကား ကျီးအားလာဘသက္ကာရ ဆုတ်

ယုတ်ခဲ့၏၊ တရားမင်းဖြစ်၍ လောက သုံးပါး၌ အရောင်အဝါကိုပြုတတ်သော မြတ်စွာဘုရားသည် မပွင့်ပေါ်သေးသမျှ ကာလပတ်လုံး များစွာသော ရဟန်းပုဏ္ဏားတို့ကို ပူဇော်ကြကုန်၏၊ ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံရှိတော်မူသော မြတ်စွာဘုရားသည် သစ္စာလေးပါး တရားတော်ကို ဟောသောအခါ၌ကား တိတ္ထိတို့အား လာဘသက္ကာရသည်ဆုတ်ယုတ်ခဲ့၏”-

ဟုရဟန်းတို့အားဟောကြားဆုံးမတော်မူ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါကျီးသည်-ယခုအခါ နိဂဏ္ဌနာဋပုတ္တ။

※ ဥဒေါင်းသည်-ငါဘုရားဖြစ်လာပြီ-

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဒေါင်းကိုမမြင်၊ ကျီးကိုပင်၊ များဖြင်ပူဇော်ကာ။

(၂) ဒေါင်းရောက်လာငြား၊ ကျီးလာဘ်ပါး၊ ဒေါင်းအားပူဇော်ကာ၊

(၃) ဘုရားပွင့်ငြား၊ တိတ္ထိများ၊ ယုတ်ပါးလာဘ်လာဘာ။

(၄) ဘုရားကိုသာ၊ လောကဘွင်၊ များဖြင့်ပူဇော်ကာ၊

ဗာဝေရုဇာတ်ပြီး၏။

# ၃၄၀—ဝိသယှဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

ဒါနပြုရေး နည်းလမ်းပေး

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အနာထပိဏ် သူဌေးကြီးကို ခေါ်တော်မူ၍ "သူဌေးကြီး····ရှေးပညာရှိတို့ကား အလှူကို လှူကုန်၏၊ သိကြားမင်း ကောင်းကင်၌ ရပ်လျက်တားမြစ်ပိတ်ပင်ခြင်းကို ပယ်လျက် လှူကြကုန်၏" ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

တနေ့လှူရေး ခြောက်သိန်းပေး

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဝိသယှ သူဌေးကြီးဖြစ်လေ၏၊ ထိုသူဌေးကြီးသည် ပဉ္စသီနှင့် ပြည့်စုံ၍၊ အလှူပေး၏၊ အလှူပေးခြင်း၌ မွေ့လျော်၏၊ မြို့တံခါးလေးမျက်နှာ မြို့လယ် အိမ်တံခါး ၌ခြောက်ဌာနတို့၌ အလှူတင်းကုပ်တို့ကို ဆောက်လုပ်လျက် နေ့တိုင်း, နေ့တိုင်း အလှူတင်းကုပ် တဆောင်လျှင် တသိန်းစီးအားဖြင့် အသပြာခြောက်သိန်းတို့ကိုအကုန်အကျခံကာ ပေးလှူ၏၊ မိမိစားသော ထမင်းနှင့်သူတောင်းစားတို့အား ပေးလှူသောထမင်းသည် ထပ်တူထပ်မျှဖြစ်၏။

**သိကြားဝန်တိုမှ တားဆီးပြု**

ထိုဝိသယှ သူဌေးကြီး၏ တန်ခိုးအာနုဘော်ကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် တုန်လှုပ်လျက် ပဏ္ဍုကမ္ဗလာကျောက်နေရာသည် တင်းမာပူလောင်သော အခြင်းအရာကိုပြဘိ၏၊ ထိုအခါသိကြားမင်းသည် ငါ့ကိုအဘယ်သူသည် ဤသိကြားမင်းနေရာမှ ရွေ့လျောစေဘိသနည်းဟု ကြည့်ရှုဆင်ခြင်လတ်သော် ဝိသယှသူဌေးကြီးကို မြင်လျှင်ဤသူဌေးကြီးကား ဇမ္ဗူဒိပ်ကျွန်း၌ အမှုကိစ္စမလုပ်ဆောင်ရအောင် အကြီးအကျယ်လှူဒါန်းဘိ၏၊ ဤအလှူဖြင့် သိကြားနေရာမှ ရွေ့လျောစေဘိ၏၊ သိကြားစည်းစိမ်ကိုယူလိုယောင်တကား၊ ထိုသူဌေးကြီး ဥစ္စာကို ဖျက်ဆီး၍ ဆင်းရဲစေပြီးလျှင်အလှူမပေးနိုင်အောင် ပြုလုပ်မည်ဟု ကြံစည်ကာ သိကြားတန်ခိုးဖြင့် အလုံးစုံသော စည်းစိမ်ဥစ္စာ ကျေးကျွန် အခြံအရံတို့ကို ကွယ်ပျောက်စေ၏။

**သူဌေးစေတနာဟုန် စည်းစိမ်ကုန်**

ထိုအခါ အလှူပေးခြင်း၌ အားထုတ်လုပ်ကိုင်နေသော သူတို့သည် သူဌေးကြီးထံလာလတ်၍ "အရှင်သူဌေးကြီးအလှူတင်းကုပ်၌ အလှူဝတ္ထုတွေ မရှိတော့ပါ၊ ပျက်စီး၍ကုန်ပါပြီ"ဟုပြောကြကုန်၏၊ "အမောင်တို့....မရှိလျှင်အိမ်မှရိက္ခာကို ဆောင်ယူကြကုန်၊ အလှူဝတ်ကို မဖြတ်ကြကုန်လင့်"ဟု ပြောဆိုကာ သူဌေးကတော်ကို ခေါ်၍"ရှင်မ....အလှူအတွက် ရိက္ခာကို ပေးလော့"ဟု ပြောဆိုသောအခါ သူဌေးကတော်သည် တအိမ်လုံး၌ ရှာဖွေလတ်သော် တစုံတခုသောအလှူဝတ္ထုကိုပင်မမြင်တော့သဖြင့် "အရှင်သူဌေး

ကြီး····အကျွန်ုပ်တို့ကိုယ်တွင်ဝတ်ထားသောအဝတ်မှတပါး အိမ်၌ တစုံတခုသော ဥစ္စာမရှိတော့ပါ၊ အိမ်၌အချည်းနှီး ဖြစ်နေပါပြီ” ဟု ပြောလေ၏၊ ထိုအခါ သူဌေးကြီးသည် ရတနာတိုက်ကို ဖွင့်၍ကြည့်ရာ တစုံတခုသော ဥစ္စာကိုမမြင် တော့ချေ၊ သူဌေးကြီးနှင့် သူဌေးကတော်မှတပါး ကျွန် အမှုလုပ်တို့ကိုလည်း မမြင်တော့ချေ။

**မြက်ရိတ်လှူလတ် အစာပြတ်**

တဖန် သူဌေး ကတော်ကို ခေါ်၍ “ရှင်မ····အလှူဝတ်ကို ဖြတ်ခြင်းငှါမ သင့်၊ အိမ်၌တစုံတခုသော ဥစ္စာကိုရလို ရငြားကြည့်ရှုဦးလော့” ဟုပြောဆိုကာ ရှာဖွေစေပြန်၏၊ သူဌေးကတော်သည် အိမ်၌ နှံ့အောင် ရှာဖွေပြန်ရာ မြက် ရိတ်သမားပစ်၍ ထားခဲ့သော တံဇဉ်,ထမ်းပိုးနှင့်မြက်စည်း သော ကြိုးကို မြင်၍ သူဌေးကြီးကို ပြောကြားလေလျှင် သူဌေးကြီးသည် “ရှင်မ····ငါသည် ဤမျှ ကာလပတ်လုံး မြက်ကိုမရိတ်စဘူး၊ ယနေ့မှစ၍ မြက်ကိုရိတ်၍ ရောင်းချ ကာ ရသမျှကို လှူမည်”ဟု ပြောဆိုကာ တံဇဉ်ထမ်းပိုးနှင့် ကြိုးတို့ကိုယူပြီးလျှင် မြို့မှထွက်၍ မြက်တို့ကို ရိတ်ကာ စည်း နှောင်ထမ်းပိုးခဲ့၍ မြို့တံခါး၌ရောင်းလျှင် အသပြာတပဲကို ရသဖြင့် ဆန်ဝယ်၍ထမင်းချက်ပြုတ်ပြီးလျှင် တဘို့ကို မိမိတို့ စားရန်ထား၍ တဘို့ကို သူတောင်းစားတို့အား ပေးလှူ လေ၏၊ သူတောင်းစားတို့ များပြားလှသဖြင့် သူမရ, ငါမရ ဖြစ်နေပြန်ရာ ကျန်သောအဘို့ကိုလည်း လှူပြန်၏၊ထိုအခါ သူဌေးလင်မယားတို့သည် အစာအာဟာရ ပြတ်ကြကုန်၏၊



ဤနည်းအတူ ခြောက်ရက်တို့ပတ်လုံး အစာအာဟာရပြတ် ကြကုန်၏။

**သိကြားမြစ်တား ရှုမှုများ**

ခုနစ်ရက်မြောက်သောနေ့၌သူဌေးကြီးသည် မြက်ရိတ်၍ ပြန်အလာတွင် ဤကဲ့သို့သော အလုပ်ကြမ်းကို မလုပ်စဘူးတသက်လုံး ချမ်းချမ်းသာသာ နေလာသူ ဖြစ်ပါလျက် မြက်ရိတ်ရ ထမ်းရသဖြင့် အလွန်ပင်ပန်းကာ အစာအာဟာရကိုလည်း ခုနစ်ရက်တိုင် မစားရ၍ မျက်နှာကို နေပူရှိန်ကလည်း ဟပ်ပြန်သဖြင့် မျက်စိပြာဝေလျက် မျက်ထုံးပေါ်တွင် လဲကာ မေ့မြော၍သွားလေ၏။

ထိုအခါ သိကြားမင်းသည် သူဌေးကြီးကို စုံစမ်းလိုရကား ခဏခြင်းလာလတ်၍ ကောင်းကင်၌ ရပ်တည်ကာ—

"အို-ဝိသယှသူဌေးကြီး....ရှေးအခါ သင်သည် အလှူကို လှူခဲ့သောကြောင့် သင့်အား စည်းစိမ်ဥစ္စာတွေကုန်ခမ်းခဲ့ပြီ၊ ဤအခါမှစ၍ နောက်အခါ၌ အလှူကို မလှူဘဲ စောင့်ရှောက် သိမ်းစည်းပါမူ သင့်အား စည်းစိမ်ဥစ္စာတို့ တည်တံ့ပြန်လိမ့်မည်" ဟု သူဌေးကြီးအား ပြောဆိုလေ၏။

**သိကြားပြစ်တင် သူဌေးနှင်**

ထိုအခါ သူဌေးကြီးသည် မေ့မြောနေရာမှ ရုတ်တရက် သတိရ၍သိကြားမင်းစကားကိုကြားလျှင် မျက်စိကို အသာဖွင့်၍ ကောင်းကင်သို့ကြည့်ကာ "အသင်ဘယ်သူနည်း" ဟု မေး၏၊ "အကျွန်ုပ်သိကြားမင်းဖြစ်ပါသည်"ဟု ပြော၏၊ သိကြားမင်းမည်သည်မှာ ကိုယ်တိုင် အလှူပေး၍ သီလ

ဆောက်တည်ပြီးလျှင်* ကျင့်ဝတ်ခုနစ်ပါးကိုဖြည့်ကျင့်သော ကြောင့် သိကြားမင်းဖြစ်ရသည်၊ သို့ပါလျက် သင်သည် အလှူပေးခြင်းကို တားမြစ်ဘိ၏၊ ယုတ်မာသောအမှုကိုပြုဘိ၏ဟုဆို၍—

''သိကြားမင်း.... အကျင့်စင်ကြယ်၍ အလွန်ဆင်းရဲသော သူသည်လည်း ယုတ်မာသော မပေးလှူခြင်းအမှုကို မပြုကျင့်အပ်ဟု အရိယာ သူတော်ကောင်းတို့ ဆိုကုန်၏၊ စည်းစိမ်ဥစ္စာ အကြောင်းကြောင့် ငါတို့သည် သဒ္ဓါတရားကို စွန့်လွှတ်ရပါမူ ထိုစည်းစိမ် ဥစ္စာမျိုးသည် မဖြစ်ပါစေ သတည်း''။

''သိကြားမင်း....တခုသော ရထားသည်သွားသောခရီးလမ်းဖြင့် နောက်ရထား သည်လည်း သွား၏၊ ငါသည် ရှေးဖြစ်သောအကျင့်ကို ဆောက်တည်အပ်ပါ၏၊ ငါဆောက်တည်အပ်သော ကျင့်ဝတ်သာ တည်ပါစေ၊ သင်တို့သည် မတည်ပါစေသတည်း၊ ဥစ္စာဖြစ်လာပါမူ ပေးလှူအံ့၊ ဥစ္စာ မဖြစ်လာပါမူ အဘယ်မှာ ပေးလှူနိုင်အံ့နည်း၊ဤသို့ မြက်ရိတ်ရငြားသော်လည်း ပေးလှူပါအံ့၊ ပေးလှူခြင်းကို မမေ့နိုင်ပါ''—

ဟု သိကြားမင်းအားကဲ့ရဲ့ရှုတ်ချကာ ပြန်ကြားပြောဆိုလေ၏၊ သိကြားမင်းလည်း ဝိသယှ သူဌေးကြီးအား

---

*သိကြားဖြစ်ကြောင်း ကျင့်ဝတ်ခုနစ်ပါးကို ကေကနိပါတ် မာဃဇာတ်၌ပြခဲ့ပြီ။

တားမြစ်ရန်မတတ်နိုင်ရကား-"အို-သူဌေးကြီး....အဘယ် အကျိုးငှါပေးလှူပါသနည်း"ဟုမေး၏၊"အို-သိကြားမင်း.. အကျွန်ုပ်ကား၊ သိကြားမင်း အဖြစ်ကိုရင်း, ဗြဟ္မာမင်း အဖြစ်ကိုရင်း တောင့်တ၍မပေးလှူပေ၊သဗ္ဗညုတဉာဏ်တော် ကိုသာတောင့်တ၍ ပေးလှူပေ၏"ဟု ပြောကြားလေ၏။

**သဒ္ဓါထက်လှ စည်းစိမ်ရ**

သိကြားမင်းသည် ဝိသယှ သူဌေးကြီး စကားကို ကြားလျှင် အလွန် နှစ်သက် သဖြင့် ကျောကုန်းကိုလက်ဖြင့် ဆုပ် နယ်လေ၏၊ ထိုခဏခြင်း၌လျှင် သူဌေးကြီးအား စားရဘိ သကဲ့သို့ ကိုယ်အလုံးသည် ပြည့်စုံ တောင့်တင်း၍ လာ၏၊ သိကြားမင်း အာနုဘော်ကြောင့်လျှင် အလုံးစုံသော စည်းစိမ်ဥစ္စာ အခြံအရံသည် ရှေးပကတိ အတိုင်းဖြစ်၍ လာ၏၊ ထိုအခါ သိကြားမင်းသည်"သူဌေးကြီး....ဤနေ့မှ စ၍ နေ့တိုင်း,နေ့တိုင်း တသန်းနှစ်သိန်းမျှ အသပြာတို့ကို စွန့်လွှတ်၍အလှူပေးပါလော့"ဟု ပြောဆိုကာ သူဌေးကြီး အိမ်၌ မရေတွက်နိုင် အတိုင်းအရှည်မရှိသော ဥစ္စာကို ပြုလုပ်ခဲ့ပြီးလျှင် သူဌေးကြီးကို လွှတ်လိုက်၍ မိမိနေရာ တာဝတိံသာနတ်ရွာသို့ပြန်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ထိုအခါ သူဌေးကတော်သည်-ယခုအခါ ရာဟုလာ မယ်တော်။

※သူဌေးကြီးသည်-ငါဘုရားဖြစ်လာပြီ-
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အရိယာများ၊ဆင်းရဲငြား၊လှူကားမစွန့်ပါ။
(၂) စည်းစိမ်ရန်း၊သဒ္ဓါမျိုး၊စွန့်ရိုးမရှိပါ။
(၃) ရှေးသူတို့ငြိမ်း၊ကျင့်မြဲလမ်း၊ဖြောင့်တန်းလိုက်အပ်စွာ။
(၄) သိကြားနတ်ညစ်၊အလှူမြစ်၊လှူလစ်ဝိသယှာ။

ဝိသယှဇာတ်ပြီး၏။

---

## ၃၄၁—တက္ကာရိယဇာတ်

[တက္ကာရိယ ဇာတ်သည် ကုဏာလ ဇာတ်၌ထင်စွာ
ဖြစ်လတံ့။]

---

## ၃၄၂—ဝါနရဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**အသက်သေမှု ရန်ငြိုးပြု** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကိုသတ်ရန် လုံ့လပြုနေသည်ကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။
[ပစ္စုပ္ပန်ဝတ္ထုအကျယ်ကို အောက်၌ပြဆိုခဲ့ပြီ။]

အတိတ်ဝတ္ထု၊

**မျောက်မင်းသတ်လိုပရိယာယ်ဆို** လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည်ဟိမဝန္တာအရပ်ဝယ် မျောက်မျိုး၌ဖြစ်၍ အရှယ်သို့ ရောက်လတ်သော် ဂင်္ဂါမြစ်နား၌နေလေ၏။

ထိုအခါ ဂင်္ဂါမြစ်၌မိကျောင်းမတကောင်သည် မျောက်မင်းကိုမြင်လျှင် နှလုံးသားကို စားလိုသော ချင်ခြင်းဖြစ်၍ မိကျောင်းဖိုအား ပြောလေ၏၊ မိကျောင်းဖိုသည် မျောက်မင်းကို ရေတွင်နှစ်၍ သတ်ပြီးလျှင် နှလုံးသားကို ယူ၍ မိကျောင်းမအားပေးမည်ဟု ကြံစည်ကာ မျောက်မင်းအား "အဆွေ····လာပါ၊ဂင်္ဂါမြစ်၏ အလယ်ကျွန်းမှာ သစ်သီးကြီးငယ်တို့ကို စားရန်သွားမည်" ဟုပြော၏၊ "အဆွေ····ငါအဘယ်လိုသွားရအံ့နည်း"ဟု မေးလေ၏၊ "အဆွေ····ငါ့ကျောကုန်း ပေါ်မှာသင့်ကိုစီးစေ၍ ဆောင်ယူပါမည်" ဟု ပြောဆိုလေ၏။

**မိကျောင်းနိုင်ထုံးဥပါယ်သုံး** မျောက် မင်း လည်း မိ ကျောင်း အကောက် ကြံထားသည်ကို မသိ၍ အဆွေ ကောင်းပြီဟု ပြောဆိုကာ မိကျောင်းကျောပေါ်သို့ ခုန်တက်၍စီးလေ၏၊ မိကျောင်းလည်း အနည်းငယ်သွားပြီးလျှင် ရေ၌ငုပ်လေ၏၊ မျောက်မင်းသည် "အဆွေ····ငါ့ကိုအဘယ်ကြောင့် ရေတွင် နှစ်ဘိသနည်း"ဟု-မေး၏၊"ဟယ်မျောက်····ငါသည် သင့်ကိုသတ်၍ သင့်နှလုံးသားကို မိကျောင်းမအား ပေးမည်" ဟု

ပြောဆိုပြန်လေ၏၊ ထိုအခါမျောက်မင်းသည်ပရိယာယ်ဖြင့် လွတ်စေမည်ဟုကြံစည်လျက် "အဆွေ…သင့်မှာ ပညာ ဉာဏ်နည်းပါး၍ ငါ၏နှလုံးသားကို ရင်တွင်း၌ ရှိသည်ဟု ထင်မှတ်ဘိသည်"ဟု ပြောဆိုပြန်၏။ ထိုအခါ မိကျောင်း သည် အဟုတ်ထင်မှတ်၍ "အဆွေ…ရင်တွင်း၌ မရှိလျှင် အဘယ်မှာ ထားသနည်း"ဟု မေးပြန်၏၊ "အဆွေ… ရေသဖန်းပင်၌ ဆွဲထားသောနှလုံးသားတို့ကို သင်မမြင် သလော"ဟု ရေသဖန်းသီးတို့ကို ပြလေ၏၊ "အဆွေ… ငါ့အား ပေးမည်လော" ဟုမေး၏၊ "အဆွေ…ပေးပါ မည် ငါ့ကိုလိုက်၍သာပို့ပါ" ဟု ပြောလေ၏၊ ထိုအခါ မိကျောင်းသည် ပညာဉာဏ် နည်းပါးလှသဖြင့် အဟုတ် ထင်မှတ်ကာ မျောက်မင်းအား ရေသဖန်းပင် အနီးသို့ ပို့လေ၏၊မျောက်မင်းလည်း နီးလတ်သော် ရေသဖန်းပင် ရင်းသို့ ခုန်လွှား၍တက်ကာ—

"ဟယ်-မိကျောင်းမိုက်…ငါသည် မိမိကိုယ်ကို ရေထဲမှ ကြည်းကုန်းသို့တက်ရန် စွမ်းဆောင်နိုင်ပေ ပြီ၊ ယခုတဖန် ငါကား သင်၏အလိုသို့ မလိုက် တော့ပေ။

သမုဒ္ဒရာ၏ တဘက်ကမ်းသို့ ကူးသွား၍ စား သောက်ရန် ဖြစ်သော သရက်သီး, ပိန္နဲသီး, သပြေသီးတို့ဖြင့် ငါအလိုမရှိတော့ပြီ၊ ငါ့အား ရေ သဖန်းသီးသည်သာ မွန်မြတ်လှ၏။

လတ်တလော ဖြစ်ပေါ်လာသော အမှုကိစ္စကို လျင်မြန်စွာ မသိသောသူတို့မှာ ရန်သူ၏အလိုသို့ လိုက်ရသဖြင့် နောက်အခါ ဆင်းရဲပူပန်ရတတ်၏။

လတ်တလော ဖြစ်ပေါ်လာသော အမှုကိစ္စကို
လျင်မြန်စွာ သိသောသူတို့မှာကား ရန်သူနှိပ်စက်
ခြင်းမှ လွတ်မြောက်၍ နောက်အခါ မဆင်းရဲ
မပူပန်ရပေ”–

ဟု မိကျောင်းအား လူတို့ အမှုကိစ္စ ဖြစ်ခြင်း၏ အကြောင်းကို ရှင်းလင်းပြောဆိုပြီးလျှင် ချမ်းသာစွာတော သို့ဝင်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့….

※ထိုအခါမိကျောင်းသည်-ယခုအခါ ဒေဝဒတ်။

※မျောက်မင်းသည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) လတ်တလောဖြစ်လာ၊ကိစ္စမှာ၊လျင်စွာသိရမည်။

(၂) သုံး၍ဥပါယ်၊အန္တရာယ်၊ကိုယ်ဝယ်လွတ်မြောက်သည်။

(၃) သဖန်းပင်ထား၊နှလုံးသား၊ပြောကြားထုံးရှိသည်။

ဝါနရဇာတ်ပြီး၏။

---

## ၃၄၃–ကုန္တနီဇာတ်

ပစ္စုပ္ပန်ဝတ္ထု

မင်းတမန်လုပ်ရ ကြိုးကြာမ

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကောသလမင်း

ကြိုးနန်းတော်ဝယ် ကြိုးကြာမတကောင်သည် မင်းကြီး၏ တမန်သည်အမှုကို ပြုလေ့ရှိ၏၊ ထိုကြိုးကြာမကား သား ငယ်နှစ်ကောင်တို့လည်းရှိကုန်၏။

မင်းကြီးသည် ကြိုးကြာမကို မင်းတပါးထံအမှာစာပေး ပို့ရန် စေလွှတ်လိုက်၏၊ ကြိုးကြာမ မရှိခိုက်နန်းတော်၌သူ ငယ်တို့သည် ကြိုးကြာငယ်နှစ်ကောင်တို့ကို လက်တို့ဖြင့်နှိပ် စက်၍ သတ်ကုန်၏၊ ကြိုးကြာမပြန်လာ၍ သားငယ်တို့ကို မမြင်၍မေးရာ ဤသူငယ်တို့ သတ်ကြသည်ဟု ပြောကြ ကုန်၏။

**သားကိုသတ်မှု အတုံ့ပြု**

ထိုအခါ မင်းကြီးနန်းတော်ဝယ် မွေး ထားသော ကျားလည်းရှိ၏၊ ရုံ့ရင်း ကြမ်းကြုတ်၏၊ အနှောင်အဖွဲ့ဖြင့်ထား ရ၏၊ ထိုသူငယ်တို့သည် ကျားကိုကြည့်ရှုရန်သွားကြကုန်၏၊ ကြိုးကြာမလည်း သူငယ်တို့နှင့် အတူတကွ သွားပြီးလျှင် ဤသူငယ်တို့သည် ငါ့သားငယ်တို့ကို သတ်သကဲ့သို့သတ်စေ မည်ဟု ကြံစည်ကာ သူငယ်တို့ကိုခေါ်၍ ကျားအနီးတွင် ထား၏၊ ကျားသည် သူငယ်တို့ကိုဖမ်း၍ ကျွပ်ကျွပ်မြည် အောင်ဝါး၍စားလေ၏။

ကြိုးကြာမသည် ငါ၏စိတ်နှလုံး အလိုပြည့်ပြီဟု ပျံ သန်းကာ ဟိမဝန္တာသို့ သွားလေ၏၊ ထိုအကြောင်းကို ကြားလျှင် ရဟန်းတို့သည် တရားသဘင်၌ စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော် မူလျှင်“ရဟန်းတို့.... ဤကြိုးကြာမသည် ယခုအခါ၌သာ မိမိသားငယ်တို့ကို သတ်သော သူငယ်တို့ကို ကျားအနီး၌

ထား၍ ဟိမဝန္တာသို့ပျံသွားသည်မဟုတ် ရှေးအခါ၌လည်း ဤနည်းအတူသွားဘူးပြီ”ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**တမန်ပြဲပြောင်း မင်းခစား**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဘုရားအလောင်းသည်တရားသဖြင့် မင်းပြုသည်ရှိသော် ထိုမင်းနန်းတော်၌ ကြိုးကြာမတကောင်သည် မင်းကြီး၏ တမန်သည်အမှုကိုပြုလေ့ရှိ၏။ [စကား အလုံးစုံသည် ပစ္စုပ္ပန်ဝတ္ထုနှင့်တူပြီ။]

ကြိုးကြာမသည် ကျားကိုသူငယ်တို့ကို သတ်စေပြီးလျှင် ယခုအခါငါသည် ဤအရပ်၌နေခြင်းငှါ မတတ်ကောင်း မင်းကြီးအား ပြောကြား၍ သွားတော့မည်ဟု ကြံစည်ပြီးလျှင် မင်းကြီးထံသို့ ချဉ်းကပ်၍ ရှိခိုးကာ—

**မင်းကြီးလျှောက်ကြား တောသို့သွား**

“အရှင် မင်းကြီး.... အရှင်တို့ ပင်စေခိုင်း၍ မေ့လျော့သဖြင့် အကျွန်ုပ်သားငယ်တို့ကို သူငယ်တို့သတ်ကြကုန်ပြီ အကျွန်ုပ်လည်း အမျက်ဒေါသကို သည်းမခံနိုင်သဖြင့် ထိုသူငယ်တို့ကို သတ်စားသတ်အပ်ပြီ သို့အတွက်ယခုအခါ အကျွန်ုပ်သည် ဤအရပ်၌ နေခြင်းငှါ မတတ်ကောင်း သွားတော့မည်”ဟု လျှောက်ထား၍—

“အရှင်မင်းကြီး.... အကျွန်ုပ်တို့မှာ အရှင်မင်းကြီးနန်းတော်ဝယ် အမြဲမပြတ် ပူဇော်ခြင်းကို ခံယူ

ကာနေကြရပြီ ယခုအခါ အရှင်မင်းကြီးပင်လျှင်
အကျွန်ုပ်၏ နှလုံးမသာယာခြင်း အမှုကို ပြုခဲ့ပြီ
ခွင့်ပြုပါအကျွန်ုပ်သွားတော့မည်”—

ဟု မင်းကြီးထံခွင့်ပန်လေ၏၊ မင်းကြီးသည် ကြိုးကြာမ
စကားကိုကြားလျှင်—

“ကြိုးကြာမ…စင်စစ် မိမိသားငယ်ဘိုကိုသတ်
သောသူတပါးကို မိမိကလည်း တဖန်သတ်စား
သတ်လိုက်ရသည်ရှိသော် ငါသည် သတ်စားသတ်
ရပေပြီဟုသိခဲ့၏၊ ဤမျှဖြင့် ထိုရန်သူသည် ငြိမ်းလေ
၏၊ သင်မသွားပါလင့်”—

ဟုကြိုးကြာမကို အကျိုးအကြောင်းပြကာ မသွားရန်
တားမြစ်လေ၏၊ ကြိုးကြာမလည်း မင်းကြီးစကားကို
ကြားလျှင်—

“မြတ်သောမင်းကြီး… အနှိပ်စက်ခံရသူနှင့်
နှိပ်စက်သူနှစ်ယောက်တို့မှာ ချစ်ခြင်းသည် နောက်
ထပ်တဖန် မစေ့စပ်နိုင်ပါ၊ အကျွန်ုပ်၏စိတ်နှလုံး
လည်း မနှစ်သက်ပါ သွားမည်သာတည်း”

ဟုမင်းကြီးအားလျှောက်ထားပြန်၏၊မင်းကြီးလည်း-

“ကြိုးကြာမ… အနှိပ်စက်ခံရသူနှင့် နှိပ်စက်
သူနှစ်ယောက်တို့မှာ ပညာရှိတို့ဖြစ်ပါမူ ချစ်ခြင်း
သည် တဖန်စေ့စပ်နိုင်ပါ၏၊ သူမိုက်များဖြစ်ပါမူ
တဖန် မစေ့စပ်နိုင်ပါ နေသာနေပါ မသွားပါ
လင့်”—

ဟုကြိုးကြာမအား ဆုံးမကာတားမြစ်ပြန်၏၊ ထိုအခါ
ကြိုးကြာမသည် “အရှင်မင်းကြီး… ဤသို့ဖြစ်ငြားသော်

လည်း အကျွန်ုပ်သည် ဤအရပ်တွင် မနေလိုတော့ပါ” ဟု လျှောက်ထားတောင်းပန်ကာ မင်းကြီးကို ရှိခိုး၍ ပျံသန်းကာ ဟိမဝန္တာအရပ်သို့သွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ ကြိုးကြာမသည်- ယခုအခါလည်း ကြိုးကြာမ။

※ ဗာရာဏသီမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ပညာရှိမှန်၊မုန်းခဲ့ပြန်၊တဖန်စေ့စပ်မြဲ။
(၂) သူမိုက်တို့ကား၊မုန်းခဲ့ငြား၊ကွဲပြားကြစမြဲ။
(၃) မုန်းပြီးသူချင်း၊စေ့စပ်လျှင်း၊ချစ်ခြင်းဖြစ်နိုင်ခဲ။

ကုန္တိနီဇာတ်ပြီး၏။

## ၃၄၄-အမ္ဗဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**သရက်သီးပျောက်မှု ကျိန်ဆိုပြ** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မထေရ်တပါး သည် အိုမင်းသောအခါမှ ရဟန်းပြုပြီးလျှင် ဇေတဝန်

ကျောင်းတော် အစွန်ဖြစ်သော သရက်ဥယျာဉ် တောဝယ် ကျောင်းဆောက်ကာနေ၏၊ သရက် ဥယျာဉ်ကို စောင့် ရှောက်လျက် ကြွေကျသော သရက်သီးတို့ကိုလည်း စား လေ့ရှိ၏၊ မိမိအထံသို့ရောက်လာသူတို့အားလည်း သရက် သီးတို့ကိုပေးလေ့ရှိ၏။

မထေရ်အို ဆွမ်းခံဝင်စဉ် သူခိုးတို့သည် သရက်သီးတို့ ကို ခိုးယူ၍သွားကြကုန်၏၊ ထိုအခိုက် သူဌေးသမီး လေး ယောက်တို့သည် အစိရဝတီမြစ်မှ ရေချိုးပြီးလျှင် လှည့် လည်ကာသရက်ဥယျာဉ်သို့ ဝင်ကြကုန်၏၊မထေရ်အိုလည်း ဆွမ်းခံရာမှ ပြန်လာ၍ သူဌေးသမီးတို့ကို မြင်လျှင် "သူငယ် မတို့….သင်တို့သည် သရက်သီးတို့ကို စားကြသလော"ဟု မေး၏၊ "အရှင်ဘုရား….အကျွန်ုပ်တို့ ယခုပင်ရောက်လာ ကြပါ၏၊ မစားကြပါ" ဟု လျှောက်၏၊ "သူငယ်မတို့…. ငါမယုံကြည်နိုင်၊ မစားကြလျှင် ကျိန်ဆိုကြလော့" ဟုပြော ဆိုလေ၏။

ထိုအခါ သူဌေးသမီးတို့သည် အသီး အသီး ကျိန်ဆိုကြ ကုန်၏၊ မထေရ်အိုသည် သူဌေးသမီးတို့ကို ကျိန်ဆိုစေ၍ အရှက်ရစေပြီးလျှင် လွှတ်လိုက်၏၊ ထိုအကြောင်းကို ကြား ကြလျှင် ရဟန်းတို့သည် တရားသဘင်၌ စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော် မူလျှင်"ရဟန်းတို့….ဤရဟန်းကြီးသည် ယခုအခါ၌သာသူ ဌေးသမီးလေးယောက်တို့ကို ကျိန်စေ၍ အရှက်ကွဲစေပြီး လျှင် လွှတ်လိုက်သည်မဟုတ် ရှေးအခါလည်း ကျိန်စေ၍ အရှက်ကွဲစေပြီးလျှင်လွှတ်လိုက်ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

ရသေ့စဉ်းလဲ အကျင့်လွဲ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည်သိကြားမင်းဖြစ်လေ၏၊ ထိုအခါ ရသေ့စဉ်းလဲတပါးသည် ဗာရာဏသီပြည်ကိုအမှီပြု၍ မြစ်အနီးသရက်ဥယျာဉ်တောဝယ် စောင့်ရှောက်ကာနေ၏၊ ကြွေကျသော သရက်သီးတို့ကိုလည်းစား၏၊ ရောက်လာသူတို့အားလည်း ပေး၏၊ ဤသို့ မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးလေ့ရှိ၏။

ထိုအခါ သိကြားမင်းသည် လူ့ပြည်၌ အဘယ်သူသည် မိဘကို လုပ်ကျွေးသနည်း၊ အသက်အရွယ် ကြီးရင့်သူတို့ကို ရိုသေသနည်း၊ အလှူပေးသနည်း၊ သီလကို စောင့်ရှောက်သနည်း၊ ဥပုသ်ဆောက်တည်သနည်း၊ အဘယ်ရဟန်းသည် ရဟန်းတရားကို အားထုတ်ကုန်သနည်း၊ မကျင့်အပ်သော အကျင့်ကို ကျင့်သနည်း ဟု လူ့ပြည်သို့ ကြည့်ရှုလတ်သော် သရက်ဥယျာဉ်တွင် မကျင့်အပ်သော အကျင့်ကို ကျင့်၍နေသော ရသေ့စဉ်းလဲကိုမြင်၍ ဤရသေ့စဉ်းလဲကား…. ကသိုဏ်း ပရိကံစသော ရဟန်းတရားကို ပယ်ပြီးလျှင် သရက်ဥယျာဉ်ကို စောင့်၍နေဘိ၏၊ ထိုရသေ့စဉ်းလဲကို ထိတ်လန့်စေမည်ဟု ကြံစည်လျက် ရသေ့စဉ်းလဲ ဆွမ်းခံဝင်စဉ် သရက်သီးတို့ကို ကြွေကျစေ၍ သူခိုးတို့ ခိုးယူဘိသကဲ့သို့ပြု၍ ထားနှင့်၏။

သူဌေးသမီးများ ရောက် ဥယျာဉ်အောက်

ထိုအခိုက်တွင်ဗာရာဏသီပြည်မှသူဌေးသမီးလေးယောက်တို့လာ၍ လှည့်လည်ကာ သရက်ဥယျာဉ်သို့ ဝင်ကြကုန်၏၊

ရသေ့စဉ်းလဲ ပြန်လာ၍ သူဌေးသမီးလေးယောက်တို့ကို မြင်လျှင် "သူငယ်မတို့.... သင်တို့ ငါ့သရက်သီးတွေကို စားကြသလော" ဟု မေး၏၊ "အရှင်ဘုရား....အကျွန်ုပ်တို့ ယခုပင်လာကြပါ၏၊ အရှင်သရက်သီးတို့ကိုမစားကြပါ" ဟု လျှောက်၏၊ "သူငယ်မတို့....သင်တို့စကားကိုငါမယုံ ကြည်နိုင်၊မစားလျှင် ကျိန်ဆိုကြလော့"ဟုပြော၏၊"အရှင် ဘုရား....ကျိန်ဆိုလျှင် သွားခွင့်ရပါမည်လော"ဟု မေး၏၊ "သူငယ်မတို့ သွားခွင့်ရကြမည်၊ ကျိန်ဆိုပါ"ဟု ပြောဆို လေ၏။

**လွတ်မြောက်စေမှု ကျိန်ဆိုပြ**

ထိုအခါ သူဌေးသမီး လေးယောက်တို့ တွင် အကြီးဆုံးဖြစ်သော သူဌေးသမီး သည်—

"အရှင်ဘုရား....အကျွန်ုပ်သည် အရှင်ဘုရား သရက်သီးတို့ကို အကယ်၍ ခိုးယူမိပါမူ မည်းနက် သော ဆံပင်တို့အကြားဝယ် ပေါက်နေသော ဆံ ပင်ဖြူတို့ကိုမွေးညှပ်ဖြင့်နုတ်နေသော ယောကျ်ား၏ အလိုသို့ လိုက်ရပါစေသား"။

ဟု ကျိန်ဆိုလေ၏၊ ရသေ့စဉ်းလဲသည် ထိုသူဌေးသမီးကို သင်ကားသင့်ရာအရပ်တွင် နေဦးလော့ဟုဆို၍ နှစ်ယောက် မြောက်သူဌေးသမီးကို ကျိန်ဆိုစေပြန်၏၊ ထိုသူဌေးသမီး လည်း—

"အရှင်ဘုရား.... အကျွန်ုပ်သည် အရှင်ဘုရား သရက်သီးတို့ကို အကယ်၍ ခိုးယူမိပါမူ မွေးသည်မှ အသက်နှစ်ဆယ် နှစ်ဆယ့်ငါးနှစ်၊ နှစ်ဆယ့်ကိုးနှစ်

တိုင်အောင် ကြီးရင့်သော အရွယ်သို့ ရောက်၍
လည်း လင်မရပါစေသား”။

ဟု ကျိန်ဆိုပြန်လေ၏၊ထိုသူဌေးသမီးကိုလည်း ကျိန်ဆိုပြီး၍သင့်ရာအရပ်၌နေဦးလော့ဆိုပြီးလျှင် သုံးယောက်မြောက်သူဌေးသမီးကို ကျိန်ဆိုစေပြန်၏၊ ထိုသူဌေးသမီးလည်း—

“အရှင်ဘုရား…. အကျွန်ုပ်သည် အရှင်ဘုရား
၏ သရက်သီးတို့ကို အကယ်၍ ခိုးယူမိပါမူ လင်ကို
တောင့်တလျက် လင်၏အထံသို့ သွားသောကြောင့်
အတိသာရိက မိန်းမဖြစ်၍ တယောက်ထီးတည်း
တဂါဝုတ် နှစ်ဂါဝုတ်ရှည်ဝေးသော ခရီးသို့ သွား
ရစေသား၊ လင်နှင့်ချိန်းဆိုရာ အရပ်တွင်လည်း
လင်ကိုမမြင်ရစေသား”—

ဟု ကျိန်ဆိုပြန်၏၊ကျိန်ဆိုပြီးလျှင် သင့်ရာအရပ်၌နေဦးလော့ဆို၍ လေးယောက်မြောက် သူဌေးသမီးကို ကျိန်ဆိုစေပြန်၏၊ ထိုသူဌေးသမီးလည်း—

“အရှင်ဘုရား….အကျွန်ုပ်သည် အရှင်ဘုရား
သရက်သီးတို့ကို အကယ်၍ ခိုးယူမိပါမူ- တန်ဆာ
ဆင်လျက် ကောင်းစွာဝတ်လျက်, ပန်း ပန်လျက်,
စန္ဒကူးနံ့သာ လိမ်းကျံလျက် တယောက်ထီးတည်း
အိပ်ရာတွင် အိပ်ရပါစေသား”—

ဟု ကျိန်ဆိုပြန်၏။

**ရသေ့မြိမ်းချောက်သိကြားရောက်**

ထိုအခါ ရသေ့စဉ်းလဲသည် သင်တို့ကား အလွန် ဝန်လေးသော ကျိန်စာတို့ကို ကျိန်ဆိုကြကုန်ပြီ၊ သူတပါး ခိုးယူစား

သည် ဖြစ်ရာ၏၊ သင်တို့အလိုရှိရာ သွားကြကုန်လော့ ဟု သူဌေးသမီးလေးယောက်တို့ကို လွှတ်လိုက်၏၊ သိကြားမင်းလည်း ကြောက်မက်ဘွယ်သော အာရုံကိုပြ၍ ရသေ့စဉ်းလဲကို ထိုသရက်ဥယျာဉ်မှ ပြေးစေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိ,တ်ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ရသေ့စဉ်းလဲသည်-ယခုအခါ ရဟန်းအို။

※ သူဌေးသမီး လေးယောက်တို့သည်- သူဌေးသမီးလေးယောက်တို့ပင်။

※ သိကြားမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) လင်ကိုမှီမှ၊ ကြီးပွားရ၊ မိန်းမဓမ္မတာ။

(၂) လင်ကိုမရ၊ မကောင်းရ၊ ဘဝဆုံးရှုံးရှာ၊

(၃) လင်ကောင်းကိုရွေး၊ ရဘို့ရေး၊ ဆွေးနွေးစဉ်းစားရာ၊

(၄) လင်ရရှိက၊ လိုလိုက်ရ၊ ခယလုပ်ကျွေးရာ။

အမွှဇာတ်ပြီး၏။

## ၃၄၅—ရာဇကုမ္ဘဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

လုံ့လမရှိ
ပျင်းရိဘိ

နတ်လူတို့ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိ

ပြည်သား ရဟန်းတပါးသည် သာသနာတော်၌ အသက်ကိုစွန့်၍ ရဟန်းပြုပါလျက် လုံ့လမရှိပျင်းရိလေ၏။

ထိုရဟန်းသည် ပါဠိသင်ခြင်း, အဋ္ဌကထာ သင်ခြင်း, အသင့်အတင့် နှလုံးသွင်းခြင်း, ဝတ်ကြီးဝတ်ငယ် ပြုခြင်းစသည်တို့၌ လုံ့လမပြုကြဘဲ နီဝရဏတရားဆိုးတို့နှိပ်စက်ကာ ဣရိယာပုထ်လေးပါးတို့၌ပျင်းရိ၍ အချိန်ကုန်စေ၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ထိုရဟန်းအကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင်''ရဟန်းတို့....၌ရဟန်းသည် ယခုအခါ၌သာ ပျင်းရိသည်မဟုတ် ရှေးအခါ၌လည်း ပျင်းရိဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ဥယျာဉ်ပျော်မှ လူပျင်းတွေ့**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုမင်း၏ ပညာရှိအမတ်ဖြစ်လေ၏၊ မင်းကြီးသည် ပျင်းရိသောသဘောရှိ၏၊ ပညာရှိအမတ်သည် မင်းကြီးကို သိစေမည်ဟု အကြောင်းဥပါယ်တခုကို ရှာလျက်နေ၏။

တနေ့သ၌ မင်းကြီးသည် ဥယျာဉ်တော်သို့ သွား၍ အမတ်အပေါင်း ခြံရံလျက် လှည့်လည်သည်ရှိသော် ရာဇကုမ္ဘမည်သော ပျင်းရိသော သူတယောက်ကို မြင်လေ၏၊ ထိုရာဇကုမ္ဘကား ပျင်းရိလှ၍ တနေ့လုံးသွားသော်လည်း လက်တသစ်,နှစ်သစ်မျှသာ သွားလေ၏၊ မင်းကြီး

သည် ထိုလုပျင်းကိုမြင်လျှင်''ပညာရှိ…ဤသူကားအဘယ် သူနည်း''ဟုမေး၏၊ ''မြတ်သော မင်းကြီး…. ရာဇကုမ္ဘ မည်ပါ၏၊ ပျင်းရိခြင်းသဘောရှိ၏၊ တနေ့လုံး သွားသော် လည်း ပျင်းရိလှ၍ လက်တသစ်, နှစ်သစ်သာသွားလေ့ ရှိပါ၏''ဟုလျှောက်ထားလေ၏။

ထိုအခါမင်းကြီးသည် ထိုရာဇကုမ္ဘကို—

**မင်းကြီးစစ်ဆေး လူပျင်းမေး**

''ပျင်းရိလှသောအချင်း-ရာဇကုမ္ဘ…. သင်ကား လုံ့လမရှိ နှေးကန်လှစွာ၏၊ အကယ်၍ မီးလောင်လာပါမူ သင် အဘယ်သို့ပြုမည်နည်း''—

ဟု မေးလေ၏၊ ရာဇကုမ္ဘသည် မင်းကြီး စကားကို ကြားလျှင်—

''အရှင်မင်းကြီး…. များစွာသော သစ်ခေါင်း နှင့် ထူးတွင်းပေါက်တို့ ရှိပါကုန်၏၊ ထိုသစ်ခေါင်း နှင့် ထူးတွင်းပေါက်သို့ မရောက်နိုင်ခဲ့ပါမူ ငါတို့ အား သေခြင်းသည် ဖြစ်ရပေလိမ့်မည်''—

ဟုမင်းကြီးအားလျှောက်ထားလေ၏။

ပညာရှိအမတ်သည် ရာဇကုမ္ဘစကားကိုကြားပြန်လျှင်—

**ပညာရှိဆုံးမ မင်းသတိရ**

''အချင်း-ရာဇကုမ္ဘ…. ဖြည်းညှင်းစွာ ပြုရမည့်အခါ၌ လျင်မြန်စွာပြုသူ, လျင် မြန်စွာ ပြုရမည့်အခါ၌ ဖြည်းညှင်းစွာ ပြုသူတို့ကား သစ်ရွက်ခြောက်ကို နင်း၍ ဖျက်ဆီး သကဲ့သို့ မိမိအကျိုးစီးပွားကိုဖျက်ဆီးတတ်ကုန်၏''။

"အချင်း-ရာဇကုမ္ဘ....ဖြည်းညှင်းစွာ ပြုရမည့် အခါ၌ ဖြည်းညှင်းစွာပြုသူ၊ လျင်မြန်စွာ ပြုရမည့် အခါ၌ လျင်မြန်စွာပြုသူတို့ကား- လဆန်းသည်မှ စ၍ လသည်တဖြည်းဖြည်း ပြည့်ဖြိုး လာသကဲ့သို့ အကျိုးစီးပွားသည် ပြည့်ဖြိုးလာကုန်၏"-

ဟုမင်းကြီးအား လျှောက်ထားလေ၏၊ မင်းကြီးသည် ပညာရှိအမတ်စကားကို ကြားသောအခါမှစ၍ မပျင်းမရိ လုံ့လရှိတော်မူလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ ရာဇကုမ္ဘသည်-ယခုအခါ ပျင်းရိသော ရဟန်း။

※ ပညာရှိအမတ်သည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဖြည်းညှင်းပြုရာ၊ လျင်မြန်စွာ၊ လျင်ရာဖြည်းညှင်းသူ။
(၂) ရွက်ချောက်နင်းလား၊ ကျိုးစီးပွား၊ မမှားပျက်၏ဟူ။
(၃) ဖြည်းညှင်းပြုရာ၊ ဖြည်းညှင်းစွာ၊ လျင်ရာလျင်ပြုသူ။
(၄) လပြည့်အလား၊ ကျိုးစီးပွား၊ မမှားပြည့်ဖြိုးဟူ။

ရာဇကုမ္ဘဇာတ်ပြီး၏။

---

# ၃၄၆-ကောသဝဇာတ်

ပဋုပ္ပန်ဝတ္ထု

အနာထပိဏ်အရှင်မင်းတုယူ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အနာထပိဏ် သူဌေးကြီးအိမ်ဝယ် သံဃာငါးရာတို့အား မပြတ်ဆွမ်း လုပ်ကျွေး၏၊ သူဌေးကြီးအိမ်သည် သံဃာတို့ ရေတွင်း သဘွယ်ဖြစ်၏၊ သင်္ကန်းရောင်ဖြင့် ထွန်းပ၏၊ ရဟန်းတို့ ကွေးခြင်း,ဆန့်ခြင်း စသည်တို့ကြောင့်ဖြစ်သော လေတို့ဖြင့် တိုက်ခတ်အပ်၏။

တနေ့သ၌ ကောသလမင်းကြီးသည် မြို့တော်သို့လှည့်လည်လတ်သော် အနာထပိဏ်သူဌေးကြီးအိမ်၌ ရဟန်း သံဃာတော်တို့ကိုမြင်တော်မူလျှင် "ငါသည်လည်းအရိယာ သံဃာတော်တို့အား အမြဲမပြတ် ဆွမ်းလုပ်ကျွေးမည်"ဟု ကြံစည်လျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် နေ့စဉ် နန်းတော်သို့ သံဃာတော်ငါးရာ ဆွမ်းဘုဉ်းပေး ကြွတော်မူရန် တောင်းပန်လျှောက်ထား၏၊ မွှေး၍မွန်မြတ်သော သလေးဆွမ်းဖြင့် လုပ်ကျွေး၏၊ ကျွမ်းဝင်ချစ်ခင်လေးမြတ်လျက် မိမိလက်ဖြင့်လှူသူကားမရှိ၊ မင်းချင်းယောကျာ်းတို့ကို လှူစေ၏။

ချစ်ကျွမ်းဝင်ပြီး ရှုခံစား

ရဟန်းတို့သည် မင်းကြီး နန်းတော်၌ ချစ်ခင်ကျွမ်းဝင်သူမရှိသဖြင့်ဆွမ်းမဘုဉ်း ပေးလိုကုန်၊မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ကို ယူဆောင်ကာ မိမိတို့ချစ်ကျွမ်းဝင်ရာ အလုပ်

အကျွေးဒါယကာတို့ အိမ်သို့သွား၍ အလုပ်အကျွေး ဒါယကာတို့အား ပေးကာ မွန်မြတ်သည်ဖြစ်စေ, ရှန့်ရင်း သည်ဖြစ်စေ ထိုဒါယကာတို့လှူသောဆွမ်းကိုသာဘုဉ်းပေး ကြကုန်၏။

ထိုအခါ ကောသလမင်းကြီးအား များစွာသော သစ် သီးကြီးငယ်တို့ကို ဆက်သလာကုန်၏၊ မင်းကြီးသည်သံဃာ တော်တို့အား လှူစေ၏၊ မင်းချင်းတို့သည် အလှူတင်းကုပ် သို့ လှူရန်သွားကြရာ မတွေ့ကြောင်းကို မင်းကြီးအား လျှောက်ထားကြကုန်၏၊ မင်းကြီးသည် ဤအချိန်ကား ဆွမ်းဘုဉ်းပေးချိန်မဟုတ်လောဟု မေးပြန်လျှင် မှန်ပါ၏၊ သို့သော်လည်း ရဟန်းတို့သည် နန်းတော်တွင် မဘုဉ်းပေး ကြဘဲ အကျွမ်းဝင်ရာ, ချစ်ခင်ရာဒါယကာအိမ်သို့ သွား၍ ဘုဉ်းပေးကြကြောင်းလျှောက်ထားကုန်၏။

ကောသလမင်းကြီးသည် ထိုအကြောင်းကို မြတ်စွာ ဘုရားအား လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် "မြတ်သောမင်းကြီး....ဘောဇဉ်မည်သည်ကား အကျွမ်း ဝင်သူတို့ ပေးလှူအပ်သောဘောဇဉ်သည်မြတ်၏၊ အကျွမ်း ဝင်ခြင်းနှင့်တူသော တပါးသော အရသာမည်သည်မရှိ၊ အကျွမ်းမဝင်သူတို့ပေးလှူအပ်သော စတုမဓုသည်ပင် ဟင်း ရွက်လောက်မထိုက်တန် ရှေးပညာရှိတို့သည် ရောဂါဖြစ် လတ်သော် ဆေးသမားငါးယောက်တို့ ကြပ်မကုသပါ လျက် ရောဂါမပျောက်ငြိမ်းနိုင်ဘဲ အကျွမ်းဝင်သူထံရောက် ၍ ဆားခတ်ရသော ကြိတ်ဆန်, မြက်သီးဆန် ယာဂု, ဆားမခတ်ရသော ရေဖြင့်ပြုတ်ဖျော့အပ်သော သစ်ရွက်

ပြုတ်တို့ကို စားသုံးရ၍ ရောဂါပျောက်ငြိမ်းဘူးကုန်၏''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ရသေ့နှစ်ဦးပင် ချစ်ကျွမ်းဝင်**

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည်ကာသိက တိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အမည်အားဖြင့် ကပ္ပဟု ထင်ရှားသတတ်၊ ထိုကပ္ပလုလင်သည် အရွယ်သို့ရောက် လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာတို့ကိုသင်ကြား ပြီးလျှင် နောက်အဘို့၌ ရသေ့ရဟန်းပြုလေ၏။

ထိုအခါ ကေသဝ မည်သောရသေ့သည် ရသေ့ငါးရာ ခြံရံကာ ဂိုဏ်းဆရာကြီးဖြစ်၍ ဟိမဝန္တာအရပ်၌ နေ၏၊ ကပ္ပရသေ့သည် ကေသဝရသေ့ထံဆည်းကပ်ကာ ရသေ့ငါး ရာတို့ အကြီးအကဲတပည့်ဖြစ်လျက်နေ၏၊ ကေသဝရသေ့ ကြီးကား ကပ္ပရသေ့အား အလွန်ချစ်မြတ်နိုး၏၊ အစီးအ ပွားကိုအလိုရှိ၏၊ ထို ဆရာ, တပည့် ရသေ့နှစ်ပါးတို့သည် အချင်းချင်း အလွန်အကျွမ်းဝင်ကြကုန်၏။

**ချဉ်ဆားရှာသွား မင်းပင့်ထား**

နောက်အဘို့၌ ကေသဝ ရသေ့ကြီး သည် ချဉ်,ဆားမှီဝဲလိုသဖြင့် တပည့်တို့ ကိုခေါ်၍သွားရာ ဗာရာဏသီ ပြည်သို့ ရောက်လျှင် မင်းကြီးဥယျာဉ်တော်၌နေ၏၊နောက်နေ့နံနက် ဆွမ်းခံဝင်လတ်သော် မင်းကြီးအိမ်တံခါးသို့ ရောက်လေ၏၊

မင်းကြီးသည် မြင်လျှင်ရသေ့တို့ကိုပင့်၍ ဆွမ်းကပ်လှူပြီးလျှင် ဥယျာဉ်တော်၌သီတင်းသုံးရန် တောင်းပန်လေ၏။

မိုးလလွန်လျှင် ကေသဝရသေ့သည် ဟိမဝန္တာသို့သွားရန် ပန်ကြား၏၊ မင်းကြီးလည်း "အရှင်ဘုရားတို့....အိုမင်းပါပြီ အကျွန်ုပ်ထံ အမြဲသီတင်းသုံးရစ်ပါ၊ တပည့်တို့ကိုသာ ပြန်၍လွှတ်တော်မူပါ"ဟု တောင်းပန်လျှောက်သဖြင့် ကေသဝရသေ့ကြီးလည်း တပည့်တို့ကို ဟိမဝန္တာအရပ်သို့လွှတ်ကာ မိမိမူကားဥယျာဉ်တော်၌သာနေရစ်၏၊ ကပ္ပရသေ့လည်း တပည့်အပေါင်းခြံရံကာ ဟိမဝန္တာသို့ ပြန်၍နေလေ၏။

**ကျွမ်းဝင်သူကွဲ ရောဂါစွဲ**

ကေသဝ ရသေ့ကြီးသည် ကပ္ပရသေ့နှင့် ကွဲကွာလတ်သော် ငြီးငွေ့ ပျင်းရိကာ ကပ္ပရသေ့ကို မြင်လိုသောကြောင့် အိပ်၍မပျော်လျှင် စားသောအစာသည် ကောင်းစွာမကြေ၊ ဝမ်းသွေးသွန်သောရောဂါဖြစ်လေ၏၊ ဝေဒနာ သည်းထန်လတ်သော် မင်းကြီးသည် ဆေးသမားကြီး ငါးယောက်တို့ကို ခေါ်ကာ ကြပ်မကုသစေ၏၊ ရောဂါကား မသက်သာလေ။

ထိုအခါ ရသေ့ကြီးသည် မင်းကြီးကို "မြတ်သောမင်းကြီး....သင်တို့သည် ငါ၏သေခြင်းကို အလိုရှိသလော၊ သို့မဟုတ် ရောဂါပျောက်ကင်းခြင်းကိုအလိုရှိသလော"ဟုမေး၏၊ "အရှင်ဘုရား....ရောဂါ ပျောက်ကင်းခြင်းကို အလိုရှိပါသည်"ဟုလျှောက်၏၊ "မြတ်သောမင်းကြီး..သည်လိုဖြစ်လျှင် ငါ့ကိုဟိမဝန္တာသို့ပို့ပါ"ဟုပြော၏၊ "အရှင်ဘုရား....ကောင်းပြီ"ဟုလျှောက်ထားပြီးလျှင်—

**မိတ်ဆွေထံရောက် ရောဂါပျောက်**

နာရဒအမတ်ကိုခေါ်၍လမ်းပြမုဆိုးနှင့် တကွရသေ့ကြီးကို ဟိမဝန္တာသို့ ပို့ရန် စေခိုင်းတော်မူ၏၊ နာရဒအမတ်လည်း ရသေ့ကြီးကို ဟိမဝန္တာသို့ အရောက်ပို့ကာ ပြန်လာခဲ့၏။

ကေသဝရသေ့ကြီး စိတ္တဇရောဂါသည် ကပ္ပရသေ့ကို မြင်ကာမျှဖြင့် ပျောက်ကင်းလေ၏၊ ငြိးငွေ့ ပျင်းရိခြင်း လည်း ပြေလေ၏၊ကပ္ပရသေ့သည် ကေသဝရသေ့ကြီးအား ဆားမခတ်သောရေဖြင့် ပြုတ်ဖျော အပ်သောသစ်ရွက်နှင့် တကွကြိတ်ဆန်,မြက်သီးဆန် ယာဂုကိုပေးလေ၏၊ ခဏချင်း လျှင်ဝမ်းသွေးသွန်သော ရောဂါလည်း ငြိမ်းလေ၏။

**ရောဂါပျောက်ကြောင်း မင်းလျှောက်ထား**

တဖန် မင်းကြီးသည် ကေသဝ ရသေ့ ကြီးအကြောင်းကို သိအောင်စုံစမ်းချေ ဟု နာရဒအမတ်အား ဟိမဝန္တာသို့ လွှတ်ပြန်၏၊ နာရဒအမတ်လည်း သွား၍ စုံစမ်းရာ ရောဂါ ကင်းပျောက်နေသော ကေသဝရသေ့ကြီး ကိုမြင်လျှင်- "အ ရှင်ဘုရား.... ဗာရာဏသီမင်းကြီးသည် ဆေးသမား ငါး ယောက်ကိုကြပ်မ၍ ကုသစေပါလျက် ရောဂါပျောက်ကင်း အောင် မတတ်နိုင်ဘဲ ကပ္ပရသေ့သည် အဘယ်သို့ကုသပါ သနည်း"ဟု မေးမြန်းပြီးလျှင်—

"အရှင်ဘုရား.. .ဘုန်းကြီးသောကေသဝရသေ့သည် အလုံးစုံ လိုရာဝတ္ထုနှင့် ပြည့်စုံသော ဗာရာဏသီ မင်းကြီးကိုစွန့်လွှတ်၍ ကပ္ပရသေ့၏သင်္ခမ်းကျောင်း ၌ အဘယ်ကြောင့် မွေ့လျော်ဘိသနည်း"—

ဟုသူတပါးနှင့် စကားပြောနေသည့်အလား ကေသဝ ရသေ့ကြီး၏မွေ့လျော်ခြင်းအကြောင်းကိုမေးလေ၏။

**ရောဂါပျောက်ကြောင်း ဆေးနည်းကောင်း**

ကေသဝရသေ့ကြီးလည်း နာရဒ အမတ်စကားကိုကြားလျှင်—

"နာရဒအမတ်....ကပ္ပရသေ့၏သင်္ခမ်းကျောင်း၌ ကောင်းသော မွေ့လျော်ဘွယ်, ကြည်နူးဘွယ် သစ်ပင်များရှိကုန်၏၊ ကပ္ပရသေ့၏ ကောင်းသော စကားတို့သည်လည်း ငါ့ကိုမွေ့လျော်စေကုန်၏"—

ဟု နာရဒအမတ်အား ပြောကြားပြီးလျှင် ငါ့ကိုမွေ့လျော်စေသော ကပ္ပရသေ့သည် ဆားမခတ်သောရေဖြင့် ပြုတ်ဖျော့အပ်သောသစ်ရွက်နှင့် ကြိတ်ဆန်,မြက်သီး ဆန်ယာဂုကို သောက်စေသဖြင့် ငါ့ကိုယ်၌စွဲကပ်သော ရောဂါသည်ပျောက်ကင်းလေ၏ဟု ပြောကြားပြန်၏၊ ထိုအခါ နာရဒအမတ်သည်—

"အရှင်ဘုရား....စင်ကြယ်သော သလေးဆန်သားပွမ်းဆွမ်းသည် အရှင်ကို မနှစ်သက်စေဘဲ အဘယ်မူ၍ဆားမပါသောသစ်ရွက်ပြုတ်ကြိတ်ဆန်, မြက်သီးဆန် အာဟာရသည် နှစ်သက် စေဘိသနည်း"—

ဟုကေသဝရသေ့ကြီးအား မေးမြန်းပြန်၏။

**ကျွမ်းဝင်မိတ်ဟောင်း ရသာကောင်း**

ထိုအခါ ကေသဝရသေ့ကြီးသည်—

"နာရဒအမတ်....အကျွမ်းဝင်သူရှိရာ၌ သာယာအပ်သောဘောဇဉ်ဖြစ်စေ, မသာယာအပ်သော ဘောဇဉ်ဖြစ်စေ, နည်းသော ဘောဇဉ်ဖြစ်စေ, များသော ဘောဇဉ် ဖြစ်စေ,

စားအပ်သောဘောဇဉ်သည် ကောင်း၏၊အရသာ
ရှိ၏၊ အဘယ်ကြောင့်နည်းဟူမူ အကျွမ်းဝင်ခြင်း
ကား မွန်မြတ်သော အရသာ ဖြစ်ခြင်းကြောင့်
ကောင်း၏၊အရသာရှိ၏"—

ဟု နာရဒအမတ်အား အကျိုးအကြောင်း ပြကာ ပြောကြားလေ၏၊ နာရဒအမတ်လည်း ကေသဝရသေ့ကြီးစကားကိုကြားလျှင် အကြောင်းစုံ သိရသဖြင့် ရသေ့တို့ကိုရှိခိုးပြီးလျှင် ဗာရာဏသီပြည်သို့ပြန်ကာ မင်းကြီးအား ကေသဝရသေ့ကြီး ပြောကြားလိုက်သော စကားအလုံးစုံကို လျှောက်ထားလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူ၍ သစ္စာ-ရဟန်းတို့....

※ တိုအခါ ဗာရာဏသီ မင်းသည်- ယခုအခါ
အာနန္ဒာ။

※ နာရဒအမတ်သည်-သာရိပုတ္တရာ။

※ ကေသဝရသေ့သည်-ဗကဗြဟ္မာ။

※ ကပ္ပရသေ့သည်- ငါဘုရားဖြစ်လာပြီ"-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ဆိုး,ကောင်း,နည်း,များ၊ဘောဇဉ်များ၊သုံးစားကြလေရာ။
(၂) ကျွမ်းမဝင်ဘိ၊ မွန်မြတ်ဘိ၊ မရှိအရသာ။
(၃) ကျွမ်းဝင်ဘိတောင်း၊ဆိုးညံ့တောင်း၊ကောင်း၏အရသာ။

ကေသဝဇာတ်ပြီး၏။

# ၃၄၇- အယကူဋဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**လောကတ္ထစရိယ ကျင့်ကြံရ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် လောက၏အကျိုးစီးပွားများရန် ကျင့်ခြင်းကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ [ပစ္စုပ္ပန်ဝတ္ထုသည် မဟာကဏှဇာတ်၌ ထင်ရှားစွာဖြစ်လတ္တံ့။]

## အတိတ်ဝတ္ထု

**သက်သတ်သည့်ယဇ် မင်းတားမြစ်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် အတတ်ပညာ သင်ကြားပြီးလျှင် အဘမင်းကြီးသေလွန်သဖြင့် မင်းအဖြစ်ကိုရလေ၏၊ တရားသဖြင့် မင်းပြုလေ၏။

ထိုအခါလူတို့သည် ဆိတ်များစွာတို့ကို သတ်ဖြတ်ကာ နတ်တို့အားပူဇော်ကြကုန်၏၊ မင်းကြီးသည် အသက်မသတ်ရဟူသော စည်ကိုလည်စေ၏၊ ဘီလူးတို့သည် ပူဇော်ခြင်းကိုမရကုန်လတ်သော် ဟိမဝန္တာဝယ် အစည်းအဝေးပြုကာ မင်းကြီးကိုသတ်ရန် အလွန်ကြမ်းကြုတ်သော ဘီလူးတယောက်ကိုလွှတ်လိုက်၏။

**ဘီလူးလာရေး မင်းကြီးမေး**

ထိုဘီလူးသည်ကြီးမား၍ ပြောင်ပြောင်တောက်သော သံတူကိုယူပြီးလျှင် သတ်မည်ဟု မင်းကြီးထံသို့လာလတ်သော်

ည၌ မဇ္ဈိမယာမ်တွင်မင်းကြီးအိပ်ရာ အထက်ကောင်းကင်၌ ရပ်လျက်နေ၏၊ ထိုခဏ၌ သိကြားမင်းသိလတ်၍ ဝရဇိန်လက်နက်ကိုယူပြီးလျှင် သွား၍ ဘီလူးအထက်၌ရပ်လျက်နေ၏၊ မင်းကြီးသည် ဘီလူးကိုမြင်လတ်သော် "ဤဘီလူးကား ငါ့ကိုစောင့်ရှောက်လိုသလော၊ သို့မဟုတ် သတ်လိုသလော"ဟုတွေးတောကာ စကားပြောလိုရကား—

"အို-ရက္ခိုသ်.... သင်ကား အလွန်ကြီးမား၍ ပြောင်ပြောင်တောက်သော သံတူကို ကိုင်ကာ ကောင်းကင်တွင် ရပ်လျက်နေဘိ၏၊ယနေ့သင်သည် ငါ့ကိုစောင့်ရှောက်ရန် စီရင်ဘိသလော၊သို့မဟုတ် သတ်ရန် ကြိုးစားဘိသလော"—

ဟု ဘီလူးအားမေးလေ၏၊ မင်းကြီးကား ဘီလူးကိုသာ မြင်၏၊ သိကြားမင်းကိုမမြင်လေ၊ ဘီလူးလည်း သိကြားမင်းကိုကြောက်သောကြောင့် မင်းကြီးကို ပုတ်ခတ်ခြင်းငှါ မဝံ့ပေ။

**မင်းအန္တရာယ် သိကြားကယ်**

မင်းကြီး၏စကားကိုကြားရလျှင် ဘီလူးသည်—

"မြတ်သောမင်းကြီး.... ဤအရပ်၌ ရပ်တည်နေသောငါကား ရက္ခိုသ်တို့တမန်ဖြစ်သော ဘီလူးဖြစ်၏၊ သင့်အားသတ်ရန် ငါ့ကိုစေလွှတ်လိုက်၏၊ သိကြား နတ်မင်းသည် သင့်ကိုစောင့်၍ နေဘိ၏၊ ထိုကြောင့် သင့်ဦးခေါင်းကိုငါမခွဲဝံ့ပါ"—

ဟု မင်းကြီးအား မကွယ်မဝှက် အတိအလင်းပြောကြားလေ၏၊ မင်းကြီးလည်း ဘီလူးစကားကိုကြားလျှင်—

"အို-ဘီလူး....နတ်တို့ကိုအစိုးရသောသိကြားမင်းသည် ငါ့ကိုအကယ်၍စောင့်ရှောက်ပါမူ ဘီလူးအလုံးစုံတို့ ထင်ရှားစွာ အကယ်၍ကြော်ငြာကြသော်လည်း ငါသည်မထိတ်လန့်တော့ပေ"။

"အို–ဘီလူး....လျှို့ဝှက်သောအင်္ဂါ အိုးပမာဏရှိ၍ တံမြက်ချေးစွန့်ရာအရပ်၌ နေကုန်သောကုမ္ဘဏ်တို့သည် အကယ်၍သတ်ဖြတ်စေကုန်၊ ဘီလူးတို့စစ်ထိုးရန် မစွမ်းနိုင်ကုန် ကြီးစွာကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်ကုန်ရာ၏၊ ငါမူကားမကြောက်ရွံ့ပေ"–

ဟု ဘီလူးအား ရဲတင်းစွာပြောကြားလေ၏၊ သိကြားမင်းလည်း ဘီလူးကိုပြေးစေပြီးလျှင် မင်းကြီးကိုဆုံးမ၍ "မြတ်သော မင်းကြီး.... မကြောက်လင့် ဤနေ့မှစ၍ သင်မင်းကြီးအား ငါတို့စောင့်ရှောက်ကြမည်"ဟု မှာထားပြီးလျှင် မိမိနေရာ နတ်ရွာသို့သွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့...

※ ထိုအခါသိကြားမင်းသည်- ယခုအခါ အနုရုဒ္ဓါ။

※ ဗာရာဏသီမင်းသည်- ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အာဇာနည်မျိုး၊ လောကကျိုး၊ ကြိုးစားကျင့်ရသည်။
(၂) ကောင်းကျိုးပြုငြား၊ သူတော်အား၊ သိကြားစောင့်ရှောက်သည်။

အယက္ကူဋဇာတ်ပြီး၏။

---

## ၃၄၈-အရညဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**မိန်းမဖြားယောင်း ရဟန်းအကြောင်း**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အပျိုကြီး ဖြားယောင်း၍ သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းတပါးကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ [ပစ္စုပ္ပန်ဝတ္ထုသည် စူဠနာရဒကဿပဇာတ်၌ ထင်ရှားစွာဖြစ်လတ္တံ့။]

### အတိတ်ဝတ္ထု

**သီလကျင့်လျက် မိန်းမဖျက်**

လွန်လေပြီးသောအခါ ဗာ ရာ ဏ သီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားပြီးလျှင် အိမ်ရာထောင်ခြင်းကို ပြုလေ၏၊ သားတယောက်မွေးဖွားပြီး၍ မယားသေလွန်သည်ရှိသော် သားကိုခေါ်ယူကာ ရသေ့ရဟန်းပြု၍ ဟိမဝန္တာအရပ်၌ နေလေ၏။

တနေ့သ၌ရသေ့ကြီးသည် သားငယ်ရသေ့ကို ကျောင်း၌ထားခဲ့၍ သစ်သီးရှာသွားလေ၏၊ ထိုအခါသူခိုးတို့သည် ပစ္စန္တရွာကိုလုယက်ပြီးလျှင် သတို့သမီးငယ်တို့ကို ယူငင်၍ ပြေးကြသည်ရှိသော် သတို့သမီးငယ်တယောက်သည် ပြေး၍ ရသေ့ကျောင်းသို့ရောက်လျှင် ရသေ့ငယ်ကိုဖြားယောင်းပြီးလျှင် သီလကိုဖျက်ဆီးလျက် မိမိနောက်သို့လိုက်ရန်ခေါ်လေ၏။

**တဏှာတွဲ၍ရွာထွက်ချင်**

ရသေ့ငယ်လည်း "ငါ့အဘ ရသေ့ကြီးလာစေပါဦး အဘကို ဖူးမြင်ခွင့်ပန်ပြီးမှ လိုက်နိုင်မည်"ဟု မပြောလေ၏၊ သတို့သမီးငယ်သည် "ကောင်းပြီ ခရီးလမ်းအကြား၌ ဆိုင်းငံ့၍နေမည် လာခဲ့လော"ဟု မှာထား၍သွားလေ၏။

ရသေ့ငယ်သည် အဘရသေ့ကြီး တောမှပြန်လာသည်ရှိသော်—

"ဘခင်.... အကျွန်ုပ်သည် ဤတောမှရွာသို့သွားတော့မည်၊ ဘယ်သို့သော သီလအကျင့်ရှိသူကို မှီဝဲဆည်းကပ်ရမည်နည်း၊ ဘခင်သည်အကျွန်ုပ်မေးမြန်းသောအကြောင်းကို ပြောကြားပါ"—

ဟု ဘခင်အား မေးမြန်းတောင်းပန်လေ၏၊ ထိုအခါ အဘ ရသေ့ကြီးသည်—

"ချစ်သား.... ဤတောအရပ်မှ ရွာသို့သွားသည်ရှိသော် သင့်ကိုအကျွမ်းဝင်သူ,သင်၏အကျွမ်းဝင်ခြင်းကို နှစ်သက်သူ,အကျွမ်းဝင်သောစကားကို နားထောင်လိုသူ, အပြစ်ကို သည်းခံသူတို့ကို မှီဝဲဆည်းကပ်ရမည်"

"ချစ်သား····ကိုယ်, နှုတ်, နှလုံး သုံးပါးဖြင့် မကောင်းမှု ဒုစရိုက်မပြုသူကို ရင်ဝယ်တည်၍ ကြီးပွားသောသားကဲ့သို့မှိဲဝဲဆည်းကပ်ရမည်"။

"ချစ်သား····နန္ဒင်းရည်ဆိုးသကဲ့သို့ မမြဲသောစိတ်ရှိသူ, မျောက်စိတ်ကဲ့သို့ လျင်မြန်သော စိတ်ရှိသူ, ခဏချင်းချစ်ခင်တတ်, မုန်းတီးတတ်သူတို့ကိုဇမ္ဗူဒိပ်မြေအပြင်ဝယ် လူမရှိငြားသော်လည်း မှိဲဝဲဆည်းကပ်ခြင်းကိုမပြုလင့်"–

ဟု သားရသေ့ငယ်အား အဆုံးအမ ပေးလေ၏။

**ဘခင်ဆုံးမ နောင်တရ**

ရသေ့ငယ်လည်း ဘခင်၏အဆုံးအမကို နာယူရလျှင်"ဘခင်···· အကျွန်ုပ်သည် ဤကဲ့သို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူကို အဘယ်မှာရနိုင်မည်နည်း မသွားတော့ပါ ဘခင်အထံ၌သာ နေပါတော့မည်"ဟု ပြောဆိုကာ သတို့သမီးနောက်သို့မလိုက်တော့လေ၊ ထိုအခါ ဘခင်သည် သားရသေ့ငယ်အား ကသိုဏ်းပရိကံကိုပြောကြား၏၊သား,အဘနှစ်ယောက်လုံးပင် ဈာန်အဘိညာဉ်ကို ရကြ၍ ဈာန်မှမဆုတ်ယုတ်ကြရကား သေလွန်သောအခါ ဗြဟ္မာပြည်သို့လားကုန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါရသေ့ငယ်သည်- အပျိုကြီး ဖြားယောင်းသောရဟန်း။

※ သတို့သမီးငယ်သည်-အပျိုကြီး။
※ အဘရသေ့သည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အကျွမ်းဝင်သူ၊နှစ်သက်သူ၊တမူနားထောင်ပါ။
(၂) မကောင်းမှုကင်း၊သည်းခံခြင်း၊ထံရင်းဆည်းကပ်ပါ။
(၃) နန္ဒင်းဆိုးနွယ်၊မျောက်စိတ်နွယ်၊မုန်းလွယ်,ချစ်လွယ်ပါ။
(၄) လူမရှိလျှင်း၊ဇမ္ဗူတွင်း၊ရှောင်ကွင်းဝေးဝေးခွါ။

အရည်ဇာတ်ပြီး၏။

---

# ၁၄၉-သန္ဓိဘေဒဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**ခိုက်ရန်ဖြစ်မှု ကဲ့ရဲ့ပြ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ရဟန်းတို့အား အချင်းချင်း ကုန်းတိုက်ကုန်၏၊ ထိုကြောင့် မဖြစ်ကုန်သေးသော ခိုက်ရန် ငြင်းခုံခြင်းတို့လည်း ဖြစ်လာကုန်၏၊ ဖြစ်ပြီးသော ခိုက်ရန် ငြင်းခုံခြင်းတို့လည်း အတိုင်းထက်အလွန် တိုးပွား၍လာကုန်၏။

ထိုအခါ မြတ်စွာဘုရားသိတော်မူလျှင် ဆဗ္ဗဂ္ဂီရဟန်းတို့ကိုခေါ်တော်မူ၍ ကဲ့ရဲ့တော်မူပြီးလျှင် "ရဟန်းတို့.... ကုန်းတိုက်သောစကားမည်သည်ကားထက်လှစွာသောဓားလှံလက်နက်နှင့်တူ၏၊ ကုန်းတိုက်သောစကားဖြင့် လျင်မြန်စွာ ပျက်စီးတတ်၏"ဟုမိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

ခြင်္သေ့နှင့်နွားပင်
ချစ်ကျွမ်းဝင်

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထို ဗြဟ္မဒတ်မင်း၏ သားဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာတို့ကို သင်ကြား တတ်မြောက်ပြီးလျှင် အဘမင်းကြီး သေလွန်သောအခါ မင်းအဖြစ်ကို ရ၍တရားသဖြင့်မင်းပြုလေ၏။

ထိုအခါ နွားကျောင်းသားတယောက်သည် တောအရပ်ဝယ် နွားတို့ကိုခြံ၌ထားလျက် စောင့်ရှောက်ကာနေ၏၊ တနေ့သ၌ ကျက်စားရာအရပ်မှ နွားတို့ကိုခြံသို့မောင်းနှင်စုရုံးလာသည်ရှိသော် မေ့လျော့သဖြင့်ကိုယ်ဝန်ရှိသော နွားမတကောင်ကျန်ရစ်လေ၏။

ထိုနွားမသည် ခြင်္သေ့မတကောင်နှင့် ချစ်ကျွမ်းဝင်ကာ တောတွင်နေလေ၏၊ ခြင်္သေ့မနှင့် နွားမတို့သည်မြဲမြံသော အဆွေခင်ပွန်းဖြစ်ကြလျက် အတူတကွကျက်စားကြကုန်၏၊ နောက်အဘို့၌ ခြင်္သေ့မသည် ခြင်္သေ့ငယ်ကို မွေးဖွား၍ နွားမလည်း နွားငယ်ကို မွေးဖွားလေ၏၊ ခြင်္သေ့ငယ်နှင့် နွားငယ်တို့လည်း အမိမှ ဆင်းသက်လာသော အဆွေခင်ပွန်းဖြစ်၍ အလွန်ချစ်ကျွမ်းဝင်လျက်အတူတကွ နေထိုင်ကာကျက်စားကြကုန်၏။

တောမြေခွေးမိုက်
ကုန်းချောတိုက်

မုဆိုးတယောက်သည် တောသို့လာရာ ချစ်ကျွမ်းဝင်သော ခြင်္သေ့နှင့် နွားတို့ကို မြင်လျှင် မြို့သို့ ရောက်သောအခါ



P.129 အဆွေခင်ပွန်းဖြစ်ကြသော ခြင်္သေ့နှင့်ဥသဘတို့သည် မြေခွေးကုန်းတိုက်သဖြင့် အချစ်ပျက်ကာ သတ်ဖြတ်နေကြပုံ။

ထိုအကြောင်းကို မင်းကြီးအားလျှောက်ထားလေ၏၊ ထိုအခါဉာဏ်ပညာ အမြော်အမြင်ရှိသောမင်းကြီးသည် မုဆိုးအား "သုံးယောက်မြောက်အဘော်သည် ဖြစ်လတ်သော်ဘေးဖြစ်လိမ့်မည်၊ သုံးယောက်မြောက်အဘော်ကိုမြင်လျှင်ငါ့ကိုလျှောက်ထားလော့"ဟု မှာထားလေ၏။

တနေ့သ၌မြေခွေးတကောင်သည် ခြသေ့်နှင့်နွားဥသဘတို့ကို ခစားလျက် အဆွေခင်ပွန်းဖွဲ့၍ အတူတကွကျက်စားလေ၏၊ မကြာမီပင် ထိုမြေခွေးသည်"ငါကား ခြသေ့်သားကိုဖင်း,ဥသဘသားကိုဖင်း မစားဘူးလေ သို့အတွက်ခြသေ့်နှင့် ဥသဘတို့ကို အချစ်ပျက်အောင် ကုန်းတိုက်ကာအချင်းချင်းသတ်စေမည်"ဟု ကြံစည်၍ ခြသေ့်ထံကပ်ကာဥသဘသည် သင့်ကို၌သို့ပြော၏၊ တဖန်ဥသဘထံ ကပ်ပြန်ကာ ခြသေ့်သည် သင့်ကို၌သို့ပြော၏"ဟုခြသေ့်ဥသဘတို့အကြားတွင် ကုန်းတိုက်လေ၏။

**ရန်သူထင်မှတ် မိတ်ဆွေသတ်**

ခြသေ့်နှင့်ဥသဘတို့သည် မြေခွေးစကားကိုယုံကြည်၍ တဦးနှင့်တဦး အချစ်ပျက်ပြီးလျှင် ခိုက်ရန်ဖြစ်လျက် အချင်းချင်းသတ်၍သေခြင်းသို့ရောက်ကုန်၏၊ ထိုအခါ မြေခွေးသည်နှစ်သက်ရွှင်လန်းစွာ ခြသေ့်သားကိုတကြိမ်, ဥသဘသားကိုတကြိမ် တလှည့်စီ စားကာနေ၏။

မုဆိုးလည်း တောသို့ သွားပြန်ရာ ခြသေ့် ဥသဘတို့အကြားတွင် မြေခွေးကိုမြင်လျှင် မြို့သို့ပြန်၍ မင်းကြီးအား "မြတ်သောမင်းကြီး…ခြသေ့်နှင့်ဥသဘအပြင် သုံးယောက်မြောက် အဘော်ကို မြင်ခဲ့ပါပြီ" ဟု လျှောက်ထား၏၊

"မင်းကြီးသည်အချင်းမုဆိုး····အဘယ်တိရစ္ဆာန်နည်း"ဟု မေး၏၊ "အရှင်မင်းကြီး···· မြေခွေးဖြစ်ပါသည်" ဟု လျှောက်၏၊"မုဆိုး···ခြင်္သေ့နှင့်ဥသဘတို့ကို မြေခွေးသည် အချစ်ပျက်အောင် ကုန်းတိုက်၍ သတ်စေလတံ့၊ ယခုအခါ ခြင်္သေ့နှင့် ဥသဘတို့ သေသောအခါသို့ ရောက်လောက်ပြီ ငါတို့သွား၍ကြည့်ရှုမည်" ဟု မိန့်ဆိုကာ ခဏချင်းပင် ရထားစီး၍မုဆိုးကိုလမ်းညွှန်စေလျက် ထိုအရပ်သို့ သွားလေ၏။

**နိက်ရှန်အမှု ဆုံးမပြ**

မင်းကြီးသည် ခြင်္သေ့နှင့်ဥသဘတို့သေ၍ ရှင်လမ်းနှစ်သက်စွာ တကြိမ်စီစားနေ သောမြေခွေးကိုမြင်လျှင်—

"အို-ရထားထိန်း····ဤခြင်္သေ့နှင့် နွားဥသဘ တို့အား မိန်းမတို့၌ ဆက်ဆံခြင်းလည်း မရှိကုန်၊ အစာတို့၌ဆက်ဆံခြင်းလည်း မရှိကုန်၊ ထိုသို့ဖြစ် လျက် အချစ်ကို ဖျက်ဆီးတတ်သော မြေခွေး၏ အလွန် အကြံကောင်းသည်ကို ရှုကြည့်လော့—

ယုတ်မာသော မြေခွေးသည် ခြင်္သေ့နှင့် ဥသဘ တို့အကြားတွင် ကုန်းတိုက်လျက် ခြင်္သေ့သားကို၎င်း, နွားဥသဘသားကို၎င်း စားဘိ၏၊ အလွန် ထက်သော သန်လျက်ကဲ့သို့ ကုန်းတိုက်ခြင်းကား အချစ်ကို ဖြတ်တတ်၏၊ အချင်း—ရထားထိန်း···· ခြင်္သေ့နှင့် ဥသဘတို့၏ သေလျက် အိပ်ရခြင်းကို မြင်ပြီမဟုတ်လော၊ အချစ်ကို ဖျက်ဆီးတတ်သော ကုန်းတိုက်သူ၏ စကားကို ယုံကြည်သောသူသည်

လည်း ဤကဲ့သို့သေလျက် အိပ်ရ၏၊ အချစ်ကို ဖျက်ဆီးတတ်သော ကုန်းတိုက်သူ၏ စကားကို မယုံကြည်သောသူသည် နတ်၏ စည်းစိမ်ချမ်းသာကဲ့သို့ စည်းစိမ်ချမ်းသာကိုရရှိ၏''—

ဟု ရထားထိန်းအား အကျိုးအကြောင်းပြ၍ ဆုံးမ**ကာ** ခြင်္သေ့၏ အစွယ်တို့ကို ယူခဲ့စေပြီးလျှင် မိမိနေရာမြို့တော်သို့ ပြန်လေ၏။

တ်,ပစ္စုပ္ပန် နှစ် ဤသို့လျှင် မြတ်စွာဘုရားသည် အတိ

်တော်မူလျက်— တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်

ရဟန်းတို့····

အခါ ငါဘုရား ※ ထိုအခါဗာရာဏသီမင်းသည်-ယခု

ဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

ားပျက်တတ်သည်၊ (၁) ကုန်းတိုက်စကား၊သန်လျက်လား၊မိတ်မျ

ည်။ (၂) ကုန်းစကားယုံ၊ လူမိုက်နုံ၊ လုံးစုံပျက်စီး

ချမ်းသာမည်။ (၃) ကုန်းကိုမယုံ၊ ဉာဏ်လောက်လုံ၊ ပြည့်စုံ

သန္ဓိဘေဒဇာတ်ပြီး၏။

၃၅၀—ဒေဝတာပဥှဇာတ်

ာတ်၌ ထင်စွာ [ဒေဝတာပဥှဇာတ်သည် မဟာဥမင်ဇ

ဖြစ်လတံ့။]

၏။ စတုက္ကနိပါတ် စကားပြေ ပြီး၏

# ၃၅၁–မဏိကုဏ္ဍလဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

လော်လည် ပေါက်ပြား
မင်းလျှောက်ထား

နတ်လူတို့ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည်ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလ မင်းကြီး၏ နန်းတော်တွင်း၌ ဖြစ်မှားသော အမတ်ကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း၊ [ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထုတို့ကို အောက်ပါနိပါတ်တို့၌ ချွဲခဲ့ပြီ၊ အထူးကိုသာ ရေးသားပေအံ့။]

## အတိတ်ဝတ္ထု

အမတ်နှင်ထုတ်
မင်းရန်လုပ်

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်း၏ နန်းတွင်း၌ ဖြစ်မှားသော အမတ်တယောက်ရှိသတတ်၊ ထိုအမတ်ကို မင်းကြီးသည် တိုင်းပြည်မှ နှင်ထုတ်လေ၏၊ ထိုအမတ်သည် ပြည်နီးချင်းဖြစ်သော ကောသလမင်းကို ခစားကာ စစ်သည် ဗိုလ်ပါနှင့်တကွ ကောသလမင်းကို ဆောင်ယူလျက်ဗာရာဏသီပြည်သို့ရောက်လျှင် တပြည်လုံး သိမ်းယူစေ၍ ဗာရာဏသီမင်းကြီးကိုလည်း နှောင်အိမ်၌ ထားစေ၏။

ကောသလမင်းမေး
ပူပန်ရေး

ဗာရာဏသီမင်းကြီးသည် နှောင်အိမ်တွင်း၌ နေလျက်ပင် ဈာန်ကို ဖြစ်စေ၍ ကောင်းကင်၌ ထက်ဝယ် ဘွဲခွေကာ

နေ၏၊ထိုအခါကောသလမင်းကိုယ်၌ပြင်းစွာ ပူလောင်ခြင်းသည်ဖြစ်လတ်သော်ဗာရာဏသီမင်းကြီးထံသို့ချဉ်းကပ်၍—

"မြတ်သောမင်းကြီး····သင်မင်းကြီးကား—
ယခုအခါ ရထား, မြင်း, ပတ္တမြား နားဒောင်း, သား,မယားတို့ကို စွန့်ရဘိ၏၊ အကြွင်းအကျန်မရှိ စည်းစိမ်အလုံးစုံ တို့၌ ဆုံးရှုံးဘိ၏၊ အဘယ်ကြောင့် စိုးရိမ် ပူပန်သင့်သောအခါ၌ မစိုးရိမ် မပူပန်ပါသနည်း"—

ဟု ဗာရာဏသီ မင်းကြီးအား မေးမြန်းလေ၏၊ ထိုစကားကိုကြားလျှင် ဗာရာဏသီမင်းကြီးသည်—

"ကောသလမင်းကြီး···စည်းစိမ်တို့က မူလည်း စည်းစိမ်ရှင် သတ္တဝါကို ရှေးဦးစွာ စွန့်ကုန်၏၊ စည်းစိမ်ရှင် သတ္တဝါကမူလည်း စည်းစိမ်တို့ကို ရှေးဦးစွာ စွန့်၏၊စည်းစိမ်နှင့် စည်းစိမ်ရှင်တို့သည် မမြဲသောကြောင့် ငါသည် စိုးရိမ်ပူပန်သင့်သောကာလ၌ မစိုးရိမ်မပူပန်ပါ"—

"ကောသလမင်းကြီး····ငါသည်လောကဓံတရားကိုသိ၏၊လမင်းသည် ထွက်၍လာ၏၊ ပြည့်၍လာ၏၊ ဝင်၍သွား၏၊နေမင်းသည်အမိုက်မှောင်ကိုဖျက်ဆီးကာထွန်းပ၍လာ၏၊ဝင်၍သွား၏၊ဤအတူစည်းစိမ်တို့သည်ဖြစ်တတ် ပျက်တတ်သောကြောင့် ငါသည် စိုးရိမ်ပူပန်သင့်သောကာလ၌ မစိုးရိမ်မပူပန်ပါ"—

ဟု ကောသလမင်းကြီးအား တရားဓမ္မပြောဟောဆုံးမပြီးလျှင် တဖန်မင်းကြီးကို ချီးမြှောက်လိုရကား—

"ကောသလမင်းကြီး··ကာမစည်းစိမ်ကို ခံစားသောသူသည် ပျင်းရိလျှင် မကောင်းပါ၊ ရသေ့ရဟန်းသည် မစောင့်စည်းလျှင် မကောင်းပါ၊မင်းသည် မဆင်ခြင် မစူးစမ်းဘဲပြုလျှင် မကောင်းပါ၊ ပညာရှိသည် အမျက်ထွက်လျှင်မကောင်းပါ။

မင်းသည် ဆင်ခြင်စူးစမ်း၍ ပြုရမည်၊မဆင်ခြင်မစူးစမ်းဘဲ မပြုရာ၊ ဆင်ခြင်စူးစမ်း၍ ပြုသောမင်းအား စည်းစိမ်ချမ်းသာ အခြံအရံ အကျော်အစောသည် တိုးပွား၍လာ၏"–

ဟု ပြောဆိုပြန်၏၊ ထိုအခါ ကောသလ မင်းကြီးသည် ဗာရာဏသီ မင်းကြီးကို ကန်တော့တောင်းပန်၍ မင်းအဖြစ်ကို အပ်နှင်းပြီးလျှင် မိမိတိုင်းပြည်သို့ပြန်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါကောသလမင်းသည်-ယခုအခါ အာနန္ဒာ။

※ ဗာရာဏသီမင်းသည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ဥစ္စာတို့ကား၊ အရှင်အား၊ စွန့်သွားရှေးဦးစွာ။
(၂) အရှင်သော်ငြား၊ ဥစ္စာအား၊ စွန့်သွားရှေးဦးစွာ။
(၃) ဥစ္စာ,အရှင်၊နှစ်မျိုးပင်၊ ဖြစ်လျှင်ပျက်တတ်စွာ။
(၄) ပျက်မမြဲစု၊ ပူပန်မှု၊ မပြုပညာဝါ။

မဟာကုဏ္ဍလဇာတ်ပြီး၏။

## ၃၅၂—သုဇာတဇာတ်

ပစ္စုပ္ပန်ဝတ္ထု။

အဘသေလွန်
သောကမှုန်

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သူကြွယ် တယောက်သည် အဘသေလွန်လတ်သော် စိုးရိမ်သောကကို ပယ်ဖျောက်အံ့သော၄ါ မတတ်နိုင်သဖြင့် ငိုကြွေးလျက်နေလေ၏။

မြတ်စွာဘုရားသည် ထိုသူကြွယ်၏ သောတာပတ္တိဖိုလ် ရခြင်း * ဥပနိဿယကိုမြင်တော်မူ၍ နောက်လိုက်ရဟာန်း တပါးကို ခေါ်လျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ပြီးလျှင် သူကြွယ်အိမ်သို့ကြွ၍ ခင်းထားအပ်သောနေရာ၌နေတော်မူ၏၊ သူကြွယ်လည်း မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရှိခိုးလျက်နေလျှင် "သီတင်းသည်ဒါယကာ.... သင်သည် စိုးရိမ်ပူဆွေးသလော" ဟု-မေး၏၊ "အရှင်ဘုရား....စိုးရိမ်ပူဆွေးပါသည်" ဟု-လျှောက်၏၊ "ဒါယကာ...ရှေးပညာရှိတို့သည်ပညာရှိတို့စကားကိုကြား၍အဘသေလွန်သော်လည်း စိုးရိမ် ပူဆွေးခြင်းမရှိကြကုန်" ဟု-မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

အဘသေရေး
လွန်ပူဆွေး

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်သူကြွယ်

---

* ဥပနိဿယ-အားကြီးသောအကြောင်းအထောက်အပံ့။

မျိုး၌ဖြစ်၍ အမည်အားဖြင့် သုဇာတဟုခေါ်တွင် သတတ်၊ ထိုသုဇာတသတို့သားသည် အရွယ်သို့ ရောက်လတ်သော် အဘိုးသည် သေလွန်လေ၏။

ထိုအခါ သုဇာတ၏ အဘ သူကြွယ်သည် အဘသေလွန်သည်ရှိသော် စိုးရိမ်သောက နှိပ်စက်လျက် သုသာန်သို့ သွား၍ အရိုးတို့ကိုယူဆောင်ပြီးလျှင် မိမိဥယျာဉ်၌မြေစေတီ တည်ထားကာ ထိုစေတီ၌အရိုးတို့ကိုမြှုပ်နှံလေ၏၊ဥယျာဉ် သို့ရောက်လာသောအခါ ထိုစေတီကို ပန်းတို့ဖြင့် ပူဇော်၍ ဆင်ခြင်စဉ်းစားလျက် ငိုကြွေး၏၊ ရေလည်းမချိုး၊ နံ့သာ လည်းမလိမ်းကျံ၊ စားလည်းမစား၊ သောက်လည်းမ သောက်၊ အမှုကိစ္စတို့ကိုလည်း မစီရင်လေ။

သူကြွယ်သိအောင် ဥပါယ်ဆောင်

သားဖြစ်သော သုဇာတသည် အဘကို မြင်လျှင်"ငါ့အဘကား ငါ့အဘိုး သေလွန်သော ကာလမှစ၍ သောက နှိပ်စက်ကာနေဘိ၏၊ ငါမှတပါး အဘ၏သောကကို ငြိမ်းစေခြင်းငှါစွမ်းနိုင်သူမရှိ၊ငါသည် ဥပါယ်တခုဖြင့် ငြိမ်းအောင် ပြုမည်"ဟု ကြံစည်လျက်နေခိုက်ရွာ၏အပ၌ နွားသေတကောင်ကိုမြင်လျှင် မြက်နှင့်ရေတို့ကို ယူဆောင်ကာ နွားသေ၏ရှေ့၌ထား၍ စားပါ၊သောက်ပါ"ဟု ပြောဆိုလျက် နေ၏။

လာတိုင်း,လာတိုင်းသောသူတို့သည် သုဇာတကို မြင်ကြလျှင်"အချင်းသုဇာတ‥သင်သည်နွားသေအားမြက်နှင့် ရေကိုပေးဘိ၏၊ သင်ရူးသလော"ဟုဆိုကြကုန်၏။ သုဇာတသည် တစုံတခုသောစကားကိုပြန်၍မပြောလေ၊ ထိုအခါ သုဇာတ၏အဘထံသွားကြ၍"သင့်သားသည်နွားသေအား

မြက်နှင့်ရေကိုပေးဘိ၏၊ ရှူးနေသည်’’ဟု-ပြောဆိုကြကုန်၏၊ ထိုစကားကိုကြားလျှင် သူကြွယ်သည်အဘ၌ဖြစ်သောစိုးရိမ်သောက ပြေပျောက်၍ သား၌ဖြစ်သော စိုးရိမ် သောက တည်လေ၏။

**သူကြွယ်ကမေး သတိပေး**

သူကြွယ်သည် သားထံအမြန်သွား၍—“ချစ်သား သုဇာတ….သင်ကား လျှင် မြန်စွာ မြက်နှင့် ရေတို့ကို ယူဆောင် လျက် သေလွန်လေပြီးသော နွားအိုကို စားပါ၊ သောက်ပါ-ဟုအဘယ်ကြောင့်ပြောဆိုဘိသနည်း၊

အစားကျွေးခြင်း ရေတိုက်ခြင်းတို့ဖြင့် နွားသေမှာ မထတော့ပေ၊ ပညာမရှိသောသူသည် ထိုစကားမျိုး ပြောဆိုဘိသကဲ့သို့ ထို့အတူ သင်သည်လည်း အချည်းနှီးသောစကားကိုပြောဆိုဘိ၏’’—

ဟု—သား သုဇာတအား ပြောကြားလေ၏၊ သားသုဇာတသည် အဘစကားကိုကြားလျှင်—

“ဘခင်….ဤနွားကားဦးခေါင်းသည် ရှေးကကဲ့သို့ တည်ရှိသေး၏၊ လက်ခြေတို့လည်း ရှေးကကဲ့သို့ တည်ရှိကြကုန်သေး၏၊ အမြီးလည်း ရှေးကကဲ့သို့တည်ရှိသေး၏၊ ထိုကြောင့် နွားသေသည်ထလာလိမ့်ဦးမည်’’ဟုအကျွန်ုပ်အောက်မေ့မိ၏။

“ဘခင်….အဘိုး၏ဦးခေါင်းသည်ငင်း,လက်ခြေတို့သည်ငင်း မထင်ကုန်၊ ထိုကြောင့် မြေစေတီ၌ ငို၍နေသော သင်ဘခင်သာ ပညာမရှိသည် မဟုတ်ပါလော’’—

ဟု—ဘခင်အား ပြန်ကြားပြောဆိုလေ၏။

သားပညာရှင်
ကျေးငှက်တင်

ထိုအခါ အဘသူကြွယ်သည် ငါ့သား ကား ပညာရှိပေ၏၊ ပစ္စုပ္ပန်လောက, တမလွန်လောက ကိစ္စကိုသိပေ၏၊ ငါ့ကိုသတိရစိမ့်သောငှါ ဤသို့သောအမှုကို ပြုဘိ၏-ဟု ကြံစည်အောက်မေ့ပြီးလျှင် "အမောင် သုဇာတ....သင်ကား ပညာရှိပေ၏၊ ခပ်သိမ်းသော သင်္ခါရတို့ အမြဲမရှိသည်ကို ငါသတိရပေပြီ၊ ယနေ့မှစ၍ ငါသည် မစိုးရိမ် မပူပန်တော့အံ့၊ အဘ၏ စိုးရိမ်သောကကို ပယ်ဖျောက် တတ်သော သားမည်သည်ကား သင်ကဲ့သို့ ဖြစ်ရာ၏"-ဟု ပြောဆိုပြီးလျှင်—

"ချစ်သား သုဇာတ....ထောပတ်ဖြင့် သွန်းလောင်းအပ်သော မီးကို ရေဖြင့် သွန်းလောင်းသကဲ့သို့၊ သောကမီးဖြင့် ပြောင်ပြောင် တောက်နေသောငါ့ကို သင် သုဇာတသည် ငြိမ်းပေစွတကား၊ အလုံးစုံသော သောကကို ငြိမ်းစေဘိ၏"။

"ချစ်သား သုဇာတသည်-သောက နှိပ်စက်နေသောငါ၏ အဘ၌ စိုးရိမ်ခြင်းကို ပယ်ဖျောက်ပေ၏၊ ငါ၏စိတ်နှလုံး၌မှီ၍နေသော သောကဟူသော ငြောင့်ကို စင်စစ်နုတ်ပယ်အပ်ပေ၏"။

"ချစ်သားသုဇာတ...သင်၏စကားကိုကြား၍ ငါသည် သောကငြောင့်ကို နုတ်၍ပြီးပေပြီ၊ စိုးရိမ်ခြင်းကင်းပေပြီ၊ နောက်ကျုခြင်းကင်းပေပြီ၊ မစိုးရိမ်တော့ပါ၊ မငိုကြွေးတော့ပါ"။

"ချစ်သားသုဇာတသည် အဘကို စိုးရိမ်ခြင်းမှ ဆုတ်နစ်ပျောက်ကင်းစေသကဲ့သို့၊ ထို့အတူသနား တတ်သော ပညာရှိတို့သည် လူတို့ကို စိုးရိမ်ခြင်းမှ ဆုတ်နစ်ပျောက်ကင်းစေကုန်၏"—

ဤသို့လျှင်- မြတ်စွာဘုရားသည် ဒေသနာတော်ကို ဆောင်၍ သစ္စာကို ပြတော်မူသည်၏အဆုံး၌ သူကြွယ် သည် သောတာပတ္တိဖိုလ်၌တည်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ သုဇာတသည်—ယခုအခါ ငါဘုရားဖြစ် လာပြီ—

ဟု—ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) သောကတရား၊ နှိပ်စက်ငြား၊ နွမ်းပါးဆင်းရဲလေ။

(၂) သောကငြိမ်းရ၊ ဥပါယ်ပြ၊ ဆုံးမခေါင်ကာဝေ။

(၃) ထောပတ်ဖြင့်မွေး၊ ရေဖြင့်အေး၊ မီးဘေးငြိမ်းသည့်နှေ။

(၄) အဘသောက၊ သုဇာတ၊ သားလှငြိမ်းအေးစေ။

သုဇာတဇာတ်ပြီး၏။

# ၃၅၃—ဓောနသာခဇာတ်

## ပစ္စုပ္ပန်ဝတ္ထု၊

ဝန်တိုစိတ်ယုတ် မျက်စိထုတ်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုံသုမာရဂိရိ ပြည်ကိုအမှီပြု၍ ဘေသကဠာတော၌ သီတင်းသုံးတော်မူစဉ် သုံသုမာရဂိရိမြို့၌နေသော ဗောဓိမင်းသားကား ဥတေနမင်းကြီး၏ သားတော်ဖြစ်သတတ်၊ ထိုမင်းသားသည် အလွန်တတ်မြောက်လိမ္မာသော လက်သမားကိုခေါ်စေ၍ မင်းတပါးတို့ ပြာသာဒ်နှင့်မတူအောင် ပြုကာ ကောကနဒမည်သောပြာသာဒ်တော်ကိုဆောက်လုပ်စေ၏၊ ပြီးသောအခါ "ဤလက်သမားသည် မင်းတပါးတို့အား ဤကဲ့သို့သောပြာသာဒ်တော်ကို ဆောက်လုပ်၍ ပေးလိမ့်ဦးမည်" ဟုဝန်တိုသည်ဖြစ်၍ထိုလက်သမား၏မျက်စိတို့ကိုထုတ်စေ၏၊ ထိုအကြောင်းသည် သံဃာ့ဘောင်၌ ထင်ရှားလေ၏။

ရဟန်းတို့သည် တရားသဘင်၌ ဗောဓိမင်းသားသည် လက်သမား၏မျက်စိတို့ကို ထုတ်စေသတတ်၊ ရှန့်ရင်းကြမ်းကြုတ်သည်ဖြစ်၍ နိုင်ထက်ကလူ ပြုမူတတ်စွ တကားဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့.... ဤဗောဓိမင်းသားကား ယခုအခါ၌သာ ရှန့်ရင်းကြမ်းကြုတ်သည် နိုင်ထက်ကလူပြုမူတတ်သည်မဟုတ်၊ ရှေးအခါ၌လည်း မင်းတထောင်တို့ မျက်စိတို့ကိုထုတ်ယူစေပြီးလျှင် သတ်၍ အသားတို့ဖြင့်

နတ်ပူဇော်စေဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**ပညာသင်သွား မင်း၏သား**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာဖြစ်လေ၏၊ ဇမ္ဗူဒိပ်ကျွန်း၌ မင်းသားလုလင်နှင့် ပုဏ္ဏားလုလင်တို့သည် ထိုဆရာအထံ၌သာ အတတ်ပညာ သင်ကြားကြကုန်၏၊ ဗာရာဏသီမင်း၏ သားတော် ဗြဟ္မဒတ်မင်းသားလည်း ထိုဆရာအထံ၌ပင် ဗေဒင်သုံးပုံကိုသင်ကြားလေ၏၊ ထိုမင်းသားကား ပကတိအားဖြင့် ရုန့်ရင်းကြမ်းကြုတ်၏၊ နိုင်ထက်ကလူပြုမူတတ်၏။

**တပည့်မင်းသွေး ဆုံးမပေး**

ဆရာသည် အင်္ဂဝိဇ္ဇာအတတ်ဖြင့် ထိုမင်းသား၏ အကြောင်းကိုသိ၍ ''အမောင်....သင်သည် ရုန့်ရင်းကြမ်းကြုတ်၏၊ နိုင်ထက်ကလူပြုမူတတ်၏၊ ကြမ်းကြုတ်သဖြင့် ရရှိသောစည်းစိမ်သည် တာရှည်စွာမတည်နိုင် အစိုးရခြင်းလည်း ပျက်စီးတတ်၏၊ကြမ်းကြုတ်သောသူသည် သမုဒ္ဒရာအလယ်၌လှေပျက်သောသူကဲ့သို့ ထောက်တည်ရာမရ ဖြစ်တတ်၏၊ ထိုကြောင့် ဤသို့ ရုန့်ရင်းကြမ်းကြုတ်ခြင်းကို မပြုလင့်''ဟု ဆုံးမလိုသည်ဖြစ်၍—

> ''ဗြဟ္မဒတ်မင်းသား.... ခန္ဓာကိုယ်၌ ဘေးကင်းခြင်း, ဝပြောခြင်း, ချမ်းသာခြင်း ဤအလုံးစုံကား

အမြဲမရှိဖြစ်ရာ၏၊ အစိုးရခြင်း ကင်းလတ်သော် သမုဒ္ဒရာလယ်တွင် လှေပျက်သောသူကဲ့သို့ တွေတွေ ဝေဝေ မဖြစ်စေလင့်။

မည်သူမဆို မိမိတို့ပြုလုပ်ခဲ့သော ကောင်းမှု,မကောင်းမှုတို့၏ အကျိုးကိုခံစားရသည်ရှိသော် မိမိတို့ကိုယ်တိုင် ထိုကောင်းမှု, မကောင်းမှုတို့အကျိုးကိုမြင်ရ၏၊ ကောင်းမှုကိုပြုလေ့ရှိသူသည် ကောင်းခြင်းကိုမြင်ရ၏၊ မကောင်းမှုကို ပြုလေ့ရှိသူသည် မကောင်းခြင်းကိုမြင်ရ၏၊ မိမိတို့စိုက်ပျိုးအပ်သော မျိုးစေ့နှင့် တူမျှသောအသီးကို ရရှိသကဲ့သို့ဖြစ်၏”- ဟု အကျိုးအကြောင်းပြကာ ပြောဆိုဆုံးမလေ၏။

**ပုဏ္ဏားဆွေးနွေး မင်းကြီးပေး**

ထို ဗြဟ္မဒတ် မင်းသားလည်း ဆရာကို ရှိခိုးခွင့်ပန်ပြီးလျှင် ဗာရာဏသီပြည်သို့ ပြန်ခဲ့၍ အိမ်ရှေ့မင်းအဖြစ်ကိုရပြီးလျှင် အဘမင်းကြီးသေလွန်သောအခါ မင်းအဖြစ်ကို ရလေ၏၊ ထိုမင်းအား ပိင်္ဂလမည်သော ပုရောဟိတ်ပုဏ္ဏားလည်း ရှိ၏၊ ထိုပုရောဟိတ်လည်း ရန့်ရင်းကြမ်းကြုတ်၏၊ နိုင်ထက်ကလူပြုမှုတတ်၏။

တနေ့သ၌ ထိုပုရောဟိတ်ပုဏ္ဏားသည် စည်းစိမ်၌တတ်မက်လှသဖြင့်“ငါသည်ဇမ္ဗူဒိပ်ကျွန်းအလုံးစုံ၌ ရှိသောမင်းတို့ကို ဖမ်းယူစေရမှုကောင်း၏၊ မင်းကြီးလည်း ကေရာဇ်မင်းဖြစ်လတံ့၊ ငါလည်းမြတ်သောပုရောဟိတ်ဖြစ်လတံ့”ဟု ကြံစည်၍ မင်းကြီးကို မိမိအကြံအတိုင်းလိုက်နာစေ၏။

**ပုဏ္ဏားနည်းပေး စစ်နိုင်ရေး**

ဗာရာဏသီမင်းကြီးသည် ပုရောဟိတ် ပုဏ္ဏား အကြံပေးသည့်အတိုင်းစစ်သည် ဗိုလ်ပါနှင့်တကွ မြို့တော်မှ ထွက်၍ အခြားမင်းတပါးကိုဖမ်းယူ၏၊ထိုမင်း၏ ဗိုလ်ပါနှင့်ပေါင်း ပြန်၍ အခြားမင်းကိုဖမ်းယူပြန်၏၊ ဤသို့သောနည်းဖြင့် အလုံးစုံသောမင်းတို့ကို ဖမ်းယူပြီးလျှင် မင်းတထောင် ခြံရံ ကာ တက္ကသိုလ်မင်းကိုဖမ်းယူရန် တက္ကသိုလ်ပြည်သို့သွား ပြန်၏၊ ဒိသာပါမောက္ခဆရာကြီးသည် သူတပါးတို့မဖျက် ဆီးနိုင်အောင် မြို့ကိုပြုပြင်၍ထားလင့်၏။

ဗာရာဏသီမင်းကြီးသည် ဂင်္ဂါမြစ်နားဝယ် ပညောင် ပင်ကြီးရင်း၌ တင်းတိမ်ကာရံ၍ အထက်ကဗိတာန်ကြက် ကာ အိပ်ရာတွင်နေ၏၊ မင်းတထောင်ခြံရံကာ တက္ကသိုလ် ပြည်ကို စစ်ထိုးကြသော်လည်း မအောင်မြင်သည်ဖြစ် ၍ ပုရောဟိတ်ပုဏ္ဏားကို "ဆရာ····ငါတို့သည် မင်းတ ထောင်ခြံရံ၍ စစ်ထိုးကြသော်လည်း တက္ကသိုလ်ပြည် ကို မအောင်မြင်၊ ယခုအဘယ်သို့ ပြုအံ့နည်း"ဟု မေး၏၊ "မြတ်သောမင်းကြီး···· မင်းတထောင်တို့ မျက်စိကိုထုတ် ကာ သတ်၍ ဝမ်းကိုခွဲပြီးလျှင် ကောင်းမြတ်သောအသား ကိုယူ၍ ညောင်စောင့်နတ်အားပူဇော်လျက် အအူတို့ဖြင့် ပညောင်ပင်ကိုရစ်၍ သွေးတို့ဖြင့် လက်ငါးချောင်းရာပေး သည်ရှိသော် အောင်မြင်လတံ့"ဟု လျှောက်ထားလေ၏။

**ကြမ်းကြုတ်စွာကျင့် ဒုက္ခသင့်**

မင်းကြီးလည်း ကောင်းပြီဟု ဝန်ခံပြီး လျှင် ပုရောဟိတ်ပုဏ္ဏား စေခိုင်းတိုင်း ပြု၍ စည်ကိုတီးလျက် စစ်ထိုးရန်သွား

ပြန်၏၊ ထိုအခါ ဘီလူးတယောက်လာ၍ ဗာရာဏသီမင်း၏ လက်ျာမျက်စိကို ထုတ်၍သွား၏၊ ဗာရာဏသီမင်းသည် သည်းထန်သောဝေဒနာ ရလတ်သော် ပြန်လည်၍လာကာ မိမိနေရာ ပညောင်ပင်ကြီးရင်းဝယ် အိပ်လေ၏၊ ထိုအခါ လင်းတဘကောင်သည် ပညောင်ပင် ခွကြားၥနား၍ အသားကိုစားပြီးလျှင် အချွန်ထက်လှစွာသော အရိုးတခုကို ပစ်ချရာ မင်းကြီးလက်ဝဲမျက်စိ၌ကျ၍ သံတံကျင်လျှိုသကဲ့သို့ဖြစ်ကာ မျက်စိပေါက်ပြန်၏။

ဆရာဆုံးမ နောင်တရ

ထိုအခါမင်းကြီးသည် တက္ကသိုလ်ဆရာ၏စကားကိုသတိရလေ၏၊ “မျိုးစေ့အားလျော်စွာ အသီးကိုရသကဲ့သို့ ကံအားလျော်စွာ ခံစားရ၏ဟုဆိုသော ငါ့ဆရာစကား ယခုပင်ကြားယောင်တကား” ဟုဆို၍–

“ဗြဟ္မဒတ် မင်းသား .... သင်ပြုအပ်သော မကောင်းမှုသည် နောက်အခါ ပူပန်စေရာ၏၊ ထို့ကြောင့် မကောင်းမှုကိုမပြုလင့်ဟူသော ဤစကားမှာ ဆရာ၏စကားဖြစ်၏၊ ထိုစကားကို ရှေးအခါကငါ့ဆရာသည် ငါ့ကိုပြောဆိုခဲ့ဘူးပြီ၊ ငါသည် ပြန့်ကျယ်သော အခက်ရှိသော ဤပညောင်ပင်၌ သာလျှင် စန္ဒကူးနှစ်တို့ဖြင့် လိမ်းကျံအပ်သောမင်းပေါင်းတထောင်တို့ကို သတ်ခဲ့ပြီ၊ ထိုပညောင်ပင်၌ သာလျှင် ငါပြုလုပ်အပ်သောဆင်းရဲသည် ငါ့ထံသို့ တဖန် ပြန်၍လာပြန်ပြီ”-

ဟုပြောဆိုကာ အဖန်ဖန် ငိုကြွေးမြည်တမ်းလေ၏၊

နောက်တဖန်မိမိ မိဖုရားကြီးကိုအောက်မေ့ပြန်၍—

"ငါ၏မိဖုရားကြီးကား ဝါဝင်းသောအဆင်းရှိ၏၊ ကိုယ်ကို စန္ဒကူးလိမ်းကျံအပ်၏၊ အထက်သို့ တက်၍ ဖြည်းညှင်းစွာတိုက်ခတ်သောလေဖြင့် တုန်လှုပ်သော ဒန့်သလွန်ပင်၏အခက်ကဲ့သို့ တင့်တယ်လှ၏၊ ထိုမိဖုရားကြီးကို မမြင်ရဘဲသေရတော့အံ့၊ငါအား မိဖုရားကြီးကို မမြင်ရခြင်းသည် ဤသေရခြင်းထက် အလွန်ဆင်းရဲလှ၏"—

ဟု ငိုကြွေးမြည်တမ်းစဉ်လျှင် သေလွန်၍ ငရဲ၌ဖြစ်လေ၏၊ အစိုးရခြင်း၌ တပ်မက်မောသော ပုရောဟိတ်ပုဏ္ဏားလည်း မင်းကြီးကိုကာကွယ်ရန် မတတ်နိုင်လေ၊ မင်းကြီးသေလွန်လေလျှင် စစ်သည် ဗိုလ်ပါ အပေါင်းသည် မြို့ကွဲကာ ပြေးလွှားကြကုန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ဗာရာဏသီ မင်းကြီးသည်- ယခုအခါ ဗောဓိမင်းသား။

※ ပိင်္ဂလပုရောဟိတ်သည်-ဒေဝဒတ်။

※ ဒိသာပါမောက္ခဆရာကြီးသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) နိုင်ထက်မှုခြင်း၊ကြမ်းကြုတ်ခြင်း၊အလျင်းမပြုရာ။
(၂) မျိုးစေ့နှင့်တူ၊အသီးမှု၊စိုက်သူရမြဲသာ။
(၃) အကုပြုမျိုး၊မကောင်းကျိုး၊ကောင်းကျိုးကုပြုရာ၊
(၄) ကောင်း,မကောင်းပင်၊ခံစားစဉ်၊တွေ့မြင်ပြုသူမှာ။
ဝေနသာ့ခဇာတ်ပြီး၏။

---

## ၃၅၄-ဥရဂဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

**သားသေသောက ပူဆွေးလှ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သူကြွယ် တယောက်သည် သားသေလွန်သဖြင့် စိုးရိမ်သောက နှိပ်စက်၍နေလေ၏၊ [မယား သေသောဝတ္ထု, အဘသေသော ဝတ္ထုများနှင့်တူပြီ။]

ထိုအခါ မြတ်စွာဘုရားသည် နောက်ပါ ရဟန်းတပါး နှင့် ထိုသူကြွယ်အိမ်သို့ ကြွတော်မူ၍ သူကြွယ်အား– "ဒါယကာ····ပြိုကွဲတတ်သော သဘောရှိသောဝတ္ထုသည် ပြိုကွဲတတ်သည်သာတည်း၊ ပျက်စီးတတ်သော သဘောရှိ သော ဝတ္ထုသည် ပျက်စီးတတ်သည်သာတည်း၊ ထိုပြိုကွဲ ပျက်စီးခြင်းသည်လည်း တအိမ်၌သာမဟုတ် စကြဝဠာ အနန္တ၌ရှိသော သုံးဆယ့်တဘုံလုံး၌ ပြိုကွဲပျက်စီးကြကုန် ၏၊ ရှေးပညာရှိတို့သည် သားသေသော်လည်း သေတတ် သော သဘောရှိသောဝတ္ထုသည်သေမြဲဖြစ်၏၊ပျက်စီးတတ်

သော သဘောရှိသော ဝတ္ထုသည် ပျက်စီးခြင်းဖြစ်၏ ဟု နှလုံးသွင်း၍ မစိုးရိမ်ကြကုန်”ဟု မိန့်တော်မူကာ အောက် ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**ခြောက်ယောက်အိမ်သူ အကျင့်တူ** လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ဗာ ရာဏသီပြည် တံခါးရွာဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ လယ်လုပ် သောအမှုဖြင့် အသက်မွေးလေ၏၊ ထိုပုဏ္ဏားအား သား တယောက် သမီးတယောက်အားဖြင့် နှစ်ယောက် ဖြစ် ကုန်၏၊ အရွယ်သို့ ရောက်သောသားအား အမျိုးတူရာမှ သတို့သမီးကို ဆောင်၍ပေးသဖြင့် ချွေးမတယောက်ဖြစ် ပြန်၏၊ ဤသို့လျှင် တအိမ်တည်း၌ ပုဏ္ဏားကြီး, ပုဏ္ဏေးမ, သား,သမီး,ချွေးမ, ကျွန်မဟူ၍ ခြောက်ယောက် တို့သည် အတူတကွ နေထိုင်ကြကုန်၏။

ပုဏ္ဏားကြီးသည် အိမ်သူ အိမ်သားတို့အား “သင်တို့ သည် အလှူကိုလှူကြကုန်, သီလကိုစောင့်ကြကုန်,ဥပုသ်ကို ဆောက်တည်ကြကုန်, သေခြင်းတရားကို အောက်မေ့ကာ မရဏဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းကြကုန်”ဟု အမြဲဆုံးမ လေ့ရှိ၏၊ခပ်သိမ်းသောသတ္တဝါတို့သည် မမြဲကုန် သေကြရ ကုန်လတ့်၊ ခပ်သိမ်းသော သင်္ခါရတို့သည် မမြဲကုန် ပျက် တတ် ကုန်ဆုံးတတ်ကုန်၏၊ မမေ့မလျော့ သတိရှိကြကုန် လောဟု ဆုံးမလေ့ရှိ၏၊ အိမ်သူအိမ်သားတို့သည် ဆုံးမ တိုင်းလည်း လိုက်နာကြကုန်၏။

သားကိုမြွေခဲ
မစိုးရိမ်ဘဲ

တနေ့သ၌ ပုဏ္ဏားသည် သားနှင့်တကွ လယ်တောသို့သွားကာ လယ်ထွန်လေ၏၊ သားလုလင်သည် အမှိုက်ကိုစုပုံကာ မီးတိုက်လေ၏၊ ထိုအခါ အနီးရှိ တောင်ပို့၌နေသော မြွေသည် မီးခိုးဖြင့် မျက်စိကိုခတ်မိ၍ အလွန်အမျက်ထွက်ရကား တောင်ပို့မှထွက်ကာ သားလုလင်ကို ကိုက်လေ၏၊ အလွန်အဆိပ်ပြင်းထန်လှသဖြင့် လုလင်သည် ပြန်၍လဲလေ၏၊ အဘပုဏ္ဏားကြီးမြင်၍လာရာ အသက်မမီတော့ချေ၊ ထိုခဏ၌ သားအလောင်းကိုချီမကာ သစ်ပင်ရင်းတခုဝယ် အသာထား၏၊ ငိုကြွေးမြည်တမ်းခြင်းမရှိ၊ မျက်ရည်မျှပင် မယို ထွန်မြဲတိုင်းသာ ထွန်လေ၏။

အိမ်နီးယောက်ျား
မယားမှာကြား

ထိုအခါ လယ်အနီးဖြင့် သွားသော အိမ်နီးချင်း ယောက်ျား တယောက်ကို မြင်လျှင် "အမောင်.... ငါတို့အိမ်သို့ ရောက်အောင်သွားပါ၊ ပုဏ္ဏေးမကိုပြောပါ၊ ယနေ့ခါတိုင်းကဲ့သို့ နှစ်ယောက်စာထမင်းကို မယူခဲ့တော့ဘဲ တယောက်စာသာ ယူခဲ့ပါ၊ ကျွန်မတယောက်တည်းသာ မလွှတ်ဘဲ တအိမ်လုံးလာခဲ့ကြပါ၊အဝတ်သစ်တို့ကို ဝတ်ဆင်ကာ ပန်းနံ့သာတို့ကိုလည်း ယူဆောင်ခဲ့ကြပါ"ဟု မှာကြားလိုက်၏၊ အိမ်နီးချင်းယောက်ျားလည်း ကောင်းပြီဟုဝန်ခံ၍ တစုံတရာကို မမေးမြန်းတော့ဘဲ အိမ်ပြန်ရင်းပုဏ္ဏားအိမ်သို့သွား၍ ပုဏ္ဏားကြီးမှာလိုက်သောအတိုင်း ပုဏ္ဏေးမအား ပြောကြားလေ၏။



စိုးရိမ်ပူဆွေးငိုကြွေးခြင်းမရှိဘဲ သားသေအလောင်းမီးသဂြိုဟ်နေသည်ကို သိကြားမင်းအံ့ဩ၍ မေးမြန်းနေပုံ။

**သားသေဆုံးလိုက်ပြီ ကမ္မဋ္ဌာန်းရှု**

ထိုအခါပုဏ္ဏားမသည် "အမောင်.... ဘယ်သူမှာလိုက်သနည်း" ဟု မေး၏၊ "အရှင်မ....ပုဏ္ဏားကြီး မှာလိုက်ပါ၏"ဟု ပြောဆိုလျှင် ကေန်ငါ့သားသေခဲ့ပြီဟု သိလေ၏၊ စိုးရိမ်ပူဆွေးခြင်းမရှိ၊ စိတ်မျှပင်မတုန်လှုပ်လေ၊အိမ်သူအိမ်သားတို့ကိုသာ ပုဏ္ဏားကြီးမှာလိုက်သောအတိုင်း အပြည့်အစုံစီမံစေပြီးလျှင် လယ်တောသို့သွားကြကုန်၏၊ ရောက်လျှင် သားသေမှန်းသိသော်လည်းစိုးရိမ်ခြင်းမရှိ၊အိမ်သားအားလုံးပင် စိုးရိမ်ခြင်းမရှိ၊ မရဏာဿတိကမ္မဋ္ဌာန်းကိုသာ စီးဖြန်း၍နေကြကုန်၏။

ပုဏ္ဏားလည်း သားအလောင်းထားသော သစ်ပင်ရိပ်မှာပင် ထမင်းစားလေ၏၊ပြီးလျှင် အိမ်သားအားလုံးကိုပင် ထင်းတို့ကိုစုရုံးစေ၍ထင်းပုံထက်သို့အလောင်းကိုတင်လျက် ပန်းနံ့သာတို့ဖြင့် ပူဇော်ကာ မီးသင်္ဂြိုဟ် ကြကုန်၏၊ တယောက်သောသူမျှလည်း မျက်ရည် ယိုစီးခြင်းမရှိ၊ မရဏာဿတိကမ္မဋ္ဌာန်းကိုသာ ပွားများကြကုန်၏။

**သိကြားရောက်လာ မေးမြန်းကာ**

ထိုသူတို့ သီလတန်ခိုးကြောင့် သိကြားမင်းနေရာသည် ပူလောင်သော အခြင်းအရာကို ပြလေ၏၊ ထိုအခါ သိကြားမင်းသည် ဆင်ခြင်ကြည့်ရှုလတ်သော် ပုဏ္ဏားအိမ်သားတစုတို့ကို မြင်လျှင် ငါသည် ထိုသူတို့ထံသွား၍ မေးမြန်း ပြောဆိုစေပြီးလျှင် အိမ်၌ရတနာ ခုနစ်ပါးဖြင့် ပြည့်စေမည်ဟု ကြံစည်၍ အမြန်သွားကာ မီးသင်္ဂြိုဟ်ရာ အနီး၌ ရပ်လျက် "အမောင်တို့....ဘယ်အမှုကို ပြုကြသနည်း"ဟု မေး၏၊

"လူတယောက်ကို မီးသင်္ဂြိုဟ်ပါသည်"ဟုပြောသောအခါ သင်တို့သည် လူကိုမီးသင်္ဂြိုဟ်သည်မဟုတ်၊ သမင်ကို သတ်၍ ဖုတ်ကြယောင်တကား" ဟုမေးပြန်၏၊ "မဟုတ်ပါ၊ လူကိုသာ မီးသင်္ဂြိုဟ်ကြပါသည်" ဟုပြောပြန်၏၊ "သင်တို့ရန်သူလား"ဟုမေး၏၊ "မဟုတ်ပါ ရင်၌ဖြစ်သော သားအရင်းဖြစ်ပါသည်"ဟု ပြော၏၊"မချစ်သော သားဖြစ်သလော" ဟုမေး၏၊ "အလွန်ချစ်သော သားဖြစ်ပါသည်"ဟုပြော၏၊ "အလွန်ချစ်သောသားဖြစ်လျက်အဘယ့်ကြောင့် မငိုကြွေးကြသနည်း" ဟုမေးလေ၏၊ ထိုအခါ ပုဏ္ဏားကြီးသည်—

"အရှင်····မြွေသည် အရေဟောင်းကို စွန့်၍ သွားသကဲ့သို့၊ ငါ့သားကား ကိုယ်ကိုစွန့်၍သွားပါ၏၊ ဤသို့တမလွန်ဘဝသို့ သွားသည်ရှိသော် မီးသင်္ဂြိုဟ်အပ်သော သားသည် ဆွေမျိုးတို့ ငိုကြွေးခြင်းကို မသိပါ၊ သားကားမိမိသွားရာ ဂတိသို့ သွားပေ၏၊ ထိုကြောင့် ငါသည် သားအတွက်မစိုးရိမ်ပါ မငိုကြွေးပါ"—

ဟု သိကြားမင်းအား မငိုကြွေးခြင်း, မစိုးရိမ်ခြင်း၏ အကြောင်းကိုပြောပြလေ၏။

**မိခင်မငိုကြွေး သိကြားမေး**

ထိုအခါ သိကြားမင်းသည် ပုဏ္ဏားကြီး စကားကိုကြားလျှင် ပုဏ္ဏေးမအား— "မိခင်····သေသောသူနှင့် အဘယ်သို့တော်သနည်း"ဟု မေး၏၊"အရှင်····ဆယ်လလွယ်၍မွေးရသောသားအရင်းပါ" ဟုပြော၏၊ "မိခင်····အဘမူကား ယောကျာ်းဖြစ်၍ စိတ်နှလုံးခိုင်သောကြောင့် မငိုကြွေးသည်

ကားရှိစေတော့၊အမိမည်သည် စိတ်နှလုံး နူးညံ့လှသည် အဘယ်ကြောင့် မငိုကြွေးသနည်း''ဟု မေးပြန်၏၊ထိုအခါ မိခင်ပုဏ္ဏေးမသည်—

''အရှင်···· ငါ၏သားကား မခေါ်ယူရဘဲ ဘဝ တပါးမှ အိမ်သို့ရောက်လာ၏၊ ခွင့်မပြုဘဲ ဤအိမ်မှ ဘဝတပါးသို့ပြောင်းသွားပြန်၏၊ အလိုအလျောက် လာ၍ အလိုအလျောက်ပြန်သွားရာ၌ ငိုကြွေးခြင်း မှာ အဘယ်အကျိုးရှိမည်နည်း၊ မီးသင်္ဂြိုဟ်အပ် သော သားသည် ဆွေမျိုးတို့ငိုကြွေးခြင်းကိုမသိပါ၊ မိမိသွားရာ ဂတိသို့သာသွားပေ၏၊ ထို့ကြောင့် သားအတွက်မစိုးရိမ်ပါ မငိုကြွေးပါ''—

ဟုသိကြားမင်းအား မငိုကြွေးခြင်းအကြောင်းကို ပြော ပြပြန်၏။

**နှစ်မမငိုကြွေး သိကြားမေး**

ထိုအခါသိကြားမင်းသည် သေသူ၏နှမ ကို ''မိခင်···· သင်ကား သေသူနှင့် အဘယ်သို့တော်စပ်သနည်း''ဟုမေး၏၊ ''အရှင် အကျွန်ုပ်၏ မောင်အရင်းဖြစ်ပါ၏''ဟု ပြော၏၊ ''နှမမည်သည် မောင်ကို ချစ်တတ်၏၊ အဘယ်ကြောင့် မငို ကြွေးသနည်း''ဟု မေးပြန်၏၊ထိုအခါ နှမသည်—

''အရှင်··အကျွန်ုပ်အကယ်၍ ငိုကြွေးပါမူ ပိန် ချုံးကြုံလှီရာ၏၊အဘယ်အကျိုးရှိမည်နည်း၊ ဆွေမျိုး ဉာတိ အဆွေခင်ပွန်း ချစ်ကျွမ်း ဝင်သူတို့အား အလွန် မမွေ့လျော်ခြင်းဖြစ်ကြပေရာ၏၊ မီးသင်္ဂြိုဟ် အပ်သော မောင်ကား ဆွေမျိုးတို့ ငိုကြွေးခြင်းကို

မသိပါ၊ မိမိသွားရာလားရာဂတိသို့သာ သွားပေ၏၊ ထိုကြောင့်မောင်အတွက်မစိုးရိမ်ပါ၊မငိုကြွေးပါ”-

ဟု သိကြားမင်းအား ပြောပြပြန်လေ၏။

**လင်သေပူရေး မယားမေး**

ထိုအခါ သိကြားမင်းသည် သေသူ၏ မယားကို“မိခင်….သေသူသည်သင်နှင့် အဘယ်သို့ တော်သနည်း” ဟုမေး ပြန်၏၊ “အရှင်….လင်ယောကျ်ားဖြစ်ပါ၏” ဟု ပြော၏၊ “မိခင်….မိန်းမတို့မှာလင်ယောကျ်ားသေလတ်သော် ကိုးကွယ်ရာမရှိကုန်၊ မုဆိုးမဖြစ်ကုန်၏၊ အဘယ်ကြောင့် မငိုကြွေးသနည်း”ဟုမေးပြန်၏၊ထိုအခါမယားသည်-

“အရှင်….သေသူကို စိုးရိမ် ငိုကြွေးနေသောသူသည် ကောင်းကင်၌ သွားနေသော လမင်းကို မြင်၍ ပေးပါ,ပေးပါဟု တောင်းရမ်းကာ ငိုကြွေးနေသောသူငယ်ကဲ့သို့ ဖြစ်ပေ၏၊ မီးသဂြိုဟ်အပ်သော လင်ယောကျ်ားသည် ဆွေမျိုးတို့ ငိုကြွေးခြင်းကို မသိပါ၊ မိမိသွားရာလားရာ ဂတိသို့သာသွားပေ၏၊ ထိုကြောင့် လင်ယောကျ်ားအတွက် မစိုးရိမ်ပါ၊ မငိုကြွေးပါ”-

ဟု သိကြားမင်းအား ပြောကြားပြန်၏။

**ကျွန်မ,မငိုကြွေး သိကြားမေး**

ထိုအခါ သိကြားမင်းသည် ကျွန်မကို “မိခင်….သေသူသည် သင်နှင့် အဘယ်သို့ တော်သနည်း” ဟု မေးပြန်၏၊ “အရှင်….အရှင်သခင်ဖြစ်ပါ၏”ဟု ပြော၏၊ “မိခင်…. သေသူသည်သင့်အား ရိုက်နှက်ပုတ်ခတ်သူ ဖြစ်လိမ့်မည်၊

သေသွားသည့်အတွက် ကောင်းစွာလွှတ်ပေပြီဟု မငိုကြွေး သည်မဟုတ်လော” ဟုမေး၏၊ “အရှင်…ဤသို့ မပြော ပါလင့်၊အရှင်စကားသည် သေသူအား မလျောက်ပတ်ပါ၊ အကျွန်ုပ်အရှင်သည် ခန္တိ,မေတ္တာ, ကရုဏာနှင့် ပြည့်စုံပါ ၏၊ ရင်မှ မွေးသော သားသမီးကဲ့သို့ အောက်မေ့ပါ၏” ဟုပြော၏၊ “မိခင်..ဤသို့ဖြစ်ပါလျက် အဘယ်ကြောင့်မငို ကြွေးသနည်း” ဟု မေးပြန်၏၊ ထိုအခါ ကျွန်မသည်–

“အရှင်…သေလွန်ပြီးသောသူကို စိုးရိမ်ငိုကြွေး နေခြင်းသည်ကွဲလေပြီးသော အိုးသည်၊တဖန်ပြန်၍ မစေ့စပ်သကဲ့သို့ ဖြစ်ပါ၏၊ မိုးသဂြိုဟ်အပ်သော အရှင်သည် ဆွေမျိုးတို့ ငိုကြွေးခြင်းကို မသိပါ၊ မိမိသွားရာလားရာဂတိသို့သာ သွား၏၊ ထိုကြောင့် အရှင်အတွက် မစိုးရိမ်ပါ၊ မငိုကြွေးပါ”–

ဟု သိကြားမင်းအား ပြောကြားပြန်၏။

**ဘာဝနာပွါးရေး စည်းစိမ်ပေး**

ထိုအခါ သိကြားမင်းသည် အလုံးစုံ သောသူတို့ တရားစကားကို ကြားရ၍ ကြည်ညိုသောကြောင့် “အမောင်တို့.. သင်တို့သည် မမေ့မလျော့ မရဏာဿတိကမ္မဋ္ဌာန်းစီးဖြန်း ကြကုန်လော့၊ ဤနေ့မှစ၍ မိမိတို့ လက်အမှုကိုမပြုကြကုန် လင့်၊ ငါသည်သင်တို့အိမ်၌ မရေတွက်နိုင်သော ရတနာ ခုနစ်ပါးတို့ ပြည့်စုံအောင် ပြုလုပ်ပေးမည်၊အလှူကိုပေးကြ ကုန်၊ သီလကို စောင့်ကြကုန်၊ ဥပုသ်ကို ဆောက်တည်ကြ ကုန်”ဟု အဆုံးအမပေး၍ အိမ်ကို မရေတွက်နိုင်သော ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေပြီးလျှင် မိမိနေရာ တာဝတိံ သာ နတ်ရွာသို့ပြန်လေ၏။

မြတ်စွာဘုရားသည် ဤဒေသနာတော်ကို ဆောင်တော်မူ၍သစ္စာကို ပြတော်မူသည်၏အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ် ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်လျက်—
ရဟန်းတို့....
※ ထိုအခါ ကျွန်မသည်- ယခုအခါ ခုဇ္ဇုတ္တရာ။
※ သမီးသည်- ဥပ္ပလဝဏ်၊
※ သားသည်- ရာဟုလာ။
※ အမိပုဏ္ဏေးမသည်- ခေမာ။
※ ပုဏ္ဏားသည်-ငါဘုရားဖြစ်လာပြီ—
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ပျက်စီးတတ်လှ၊ သဘာဝ၊ မုချပျက်စီးရာ။
(၂) ပြိုကွဲတတ်လှ၊ သဘာဝ၊ မုချပြိုကွဲရာ။
(၃) သေလွန်ခိုက်ကြိမ်၊ ပျက်,ပြိုကြိမ်၊စိုးရိမ်မရှိရာ။
(၄) မရဏာသတိ၊ စီးဖြန်းဘိ၊ ကဝိထုံးစဥ်လာ။

ဥရဂ ဇာတ်ပြီး၏။

---

## ၃၅၅—ဃဋဇာတ်

ပဉ္စုပ္ပန်ဝတ္ထု၊

ချုပ်နှောင်တွင်းကြ တရားထူးရ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဥ် ကောသလ မင်း

ကြီးသည် မိမိအား ကျေးဇူးများသော အမတ်တယောက် အား စည်းစိမ်များစွာပေး၍ ချီးမြှောက်လေ၏။

တနေ့သ၌ မင်းကြီးသည် ကုန်းတိုက်တတ်သော သူတို့ စကားကိုယုံကြည်ကာ ထိုအမတ်ကို နှောင်အိမ်၌သွင်းစေ ၏၊ ထိုအမတ်သည် နှောင်အိမ်၌နေလျက်ပင် သောတာ ပတ္တိဖိုလ်ကိုဖြစ်စေ၏၊ မင်းကြီးလည်း အမတ်၏ကျေးဇူး ကိုသတိရသဖြင့် နှောင်အိမ်မှလွှတ်စေ၏။

ထိုအခါ အမတ်သည် ပန်းနံ့သာလက်စွဲလျက် မြတ်စွာ ဘုရားထံ ဆည်းကပ်လေ၏၊ မြတ်စွာဘုရားသည် အမတ် အား "ဒါယကာ....သင့်အားအကျိုးမဲ့ဖြစ်သလော"-ဟု မေး၏၊"အရှင်ဘုရား....အကျိုးမဲ့ကားဖြစ်ပါ၏၊ သို့သော် လည်း ထိုအကျိုးမဲ့ဖြင့်သာ သောတာပတ္တိဖိုလ်ကို ဖြစ်စေ သဖြင့် အကျိုးရှိပါ၏"ဟု-လျှောက်၏၊ "ဒါယကာ....သင် သည်သာ ယခုအခါအကျိုးမဲ့ဖြင့် အကျိုးကိုဆောင်သည်မ ဟုတ်၊ရှေးအခါ ပညာရှိတို့သည် အကျိုးမဲ့ဖြင့် အကျိုးကို ဆောင်ဘူးကြပြီ" ဟု-မိန့်တော်မူကာ အောက်ပါအတိတ် ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**အမတ်နှင်ထုတ် ရန်ပြုလုပ်** လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် ထိုဗြဟ္မ ဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်၍ ဃဋသတို့သား ဟူ သောအမည်ကို မှည့်ကြကုန်၏၊ ထိုဃဋ မင်းသားသည်

တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားပြီးလျှင် နောက်အဘို့၌ မင်းအဖြစ်ကိုရ၍ တရားသဖြင့်မင်းပြု၏။

ထိုအခါ ဃဋမင်းသည် နန်းတွင်း၌ ဖြစ်မှားသော အမတ်တယောက်အပြစ်ကို ကိုယ်တိုင်မျက်မှောက်သိ၍ တိုင်းပြည်မှနှင်ထုတ်လေ၏၊ ထိုအမတ်သည် တိုင်းပြည်မှ ထွက်ပြီးလျှင် သာဝတ္ထိပြည် ဇက်မင်းကြီးထံ ခစားလေ၏၊ ထိုအမတ်သည်ဇက်မင်းကြီးကို မိမိအလိုသို့ပါအောင်သွေးဆောင်ကာ စစ်သည်ဗိုလ်ပါနှင့်တကွ ဗာရာဏသီပြည်သို့လာ၍ တပြည်လုံးသိမ်းယူစေပြီးလျှင် ဃဋမင်းကို သံခြေချင်းခတ်လျက် နှောင်အိမ်၌သွင်းစေ၏၊ ဃဋမင်းသည် နှောင်အိမ်တွင်း၌နေလျက်ပင် ဈာန်ကိုဖြစ်စေ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေ၏။

**တရားနှလုံးသွင်း ချုပ်နှောင်တွင်း**

ထိုအခါ ဇက်မင်း၏ကိုယ်၌ ပြင်းစွာပူလောင်လေ၏၊ဇက်မင်းသည် ဃဋမင်းထံသို့သွား၍ ပွင့်သော ပဒုမာကြာအသွင် ရွှေကြေးမုံပြင်ကဲ့သို့ ကြည်လင်သော မျက်နှာကိုမြင်လျှင်—

"အို-ဃဋမင်းမြတ်···· တပါးသော သူတို့သည် စိုးရိမ်ကြကုန်၏၊ ငိုကြွေးကြကုန်၏၊ မျက်ရည်ယိုစီးသော မျက်နှာရှိကြကုန်၏၊သင်မင်းမြတ်ကား ကြည်လင်သောမျက်နှာရှိဘိ၏၊ အဘယ်ကြောင့် မစိုးရိမ်သနည်း"—

ဟု—ဃဋမင်းအား မေးလေ၏၊ ထိုအခါ ဃဋမင်းသည်—

"အို-ဇက်မင်းမြတ်.... စိုးရိမ်ခြင်းကား— လွန်ပြီးသော ချမ်းသာကိုမဆောင်နိုင်၊ လာလတ္တံ့သော ချမ်းသာကိုလည်း မဆောင်နိုင်၊ ထိုကြောင့် အကျွန်ုပ်သည် မစိုးရိမ်ပါ၊ ဈာန်ဟူသော အဖေါ်ကြောင့် စိုးရိမ်ခြင်းမရှိပါ။

စိုးရိမ်သူသည် ခန္ဓာကိုယ်ဖျော့တော့၍၊ ကြုံလှီပိန်ချုံး၍၊ အစာကိုလည်းမစားလို၊စိုးရိမ်ခြင်းဟူသော ငြောင့်စူးဝင်၍ ဘောက်ပြန်သူအားရန်သူတို့သည် ဝမ်းမြောက်ကြကုန်၏။

ရွာ၌ဖြစ်စေ,မြို့၌ဖြစ်စေ, ချိုင့်ဝှမ်းရာ၌ဖြစ်စေ, ကြည်းကုန်း၌ဖြစ်စေ စိုးရိမ်ခြင်းကြောင့် ဖြစ်လာသော ပျက်စီးခြင်းကား အကျွန်ုပ်ထံသို့လာရောက်လိမ့်မည်မဟုတ်၊ အကျွန်ုပ်သည် ဤသို့မြင်အပ်သောဈာန်ရှိပါ၏။

မည်သည့် မင်းအားမဆို အကျိုး စီးပွားကိုဆောင်သော အဆွေခင်ပွန်းတို့သည် ရှိကြကုန်၏၊ ထိုအဆွေခင်ပွန်းတို့တွင် တယောက်သော အဆွေခင်ပွန်းမျှ ဈာန်ချမ်းသာဟူသော အလုံးစုံသော အရသာကိုဆောင်ခြင်းငှါ စွမ်းနိုင်မည်မဟုတ်၊ မြေပြင်အလုံးသည်လည်း ထိုမင်းအား ဈာန်ချမ်းသာကိုဆောင်နိုင်လိမ့်မည်မဟုတ်"—

ဟု—ဇက်မင်းအား မစိုးရိမ်ခြင်းအကြောင်းကို ဟောကြားဆုံးမလေ၏။

**တိုင်းပြည်စွန့်ခွာ တောထွက်သွား**

ဇက်မင်းသည် ဃဋမင်း၏ တရားတော်ကို ကြားနာရ၍ အလွန် ကြည်ညိုသဖြင့် ကန်တော့ တောင်းပန် ပြီးလျှင် တိုင်းပြည်ကို ပြန်လည်အပ်နှင်းကာ မိမိတိုင်းပြည်သို့သွားလေ၏။

ဃဋမင်းလည်း အမတ်တို့အား တိုင်းပြည်ကို အပ်နှင်းပြီးလျှင် ဟိမဝန္တာသို့သွား၍ ရသေ့ရဟန်းပြုကာ မယုတ်သောဈာန်ရှိသည်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာပြည်သို့ လားရ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဇက်မင်းသည်-ယခုအခါ အာနန္ဒာ။

※ ဃဋမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) အကျိုးမဲ့ပြု၊ ကျိုးရှိမှု၊ ပြုကြပညာဝါ။
(၂) စိုးရိမ်သောက၊ ဖြစ်လာက၊ ဒုက္ခရောက်မည်သာ။
(၃) စိုးရိမ်ခြင်းကား၊ လွန်,လာခြား၊ စီးပွားမဆောင်ပါ။
(၄) ဖျော့တော့ကြုံပိန်၊ စားမမြိန်၊စိုးရိမ်သူတို့မှာ။
(၅) စိုးရိမ်ကြောင့်ရန်၊ ဖူးဝင်ပြန်၊ ရန်သူဝမ်းမြောက်မှာ။

ဃဋဇာတ်ပြီး၏။

## ၃၅၆-ကောရဏ္ဍိယဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**သီလစောင့်လော တိုက်တွန်းပြော**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရှင်သာရိပုတ္တရာသည် မှုဆိုး,တံငါစသော ဒုဿီလတို့အား မြင်တိုင်း မြင်တိုင်း သီလကိုယူကုန်လော,သီလကိုယူကုန်လောဟု ပြောဆိုတိုက်တွန်းကာ သီလကိုပေးလေ့ရှိ၏၊ ထိုသူတို့သည် မထေရ်ကို ရိုသေသဖြင့် စကားကိုမပယ်ဝံ့ဘဲ သီလကို ခံယူကြကုန်၏၊ ခံယူကြပြီးလျှင် မစောင့်ရှောက် ကြကုန်၊ မိမိတို့ပြုမြဲတိုင်းအမှုကိုသာ ပြုကြကုန်၏။

ထိုအခါ ရှင်သာရိပုတ္တရာသည် တပည့်တို့အား''ငါ့ရှင်တို့.... ဤမည် ဤမည်သော သူတို့သည် ငါ့ထံ၌ သီလယူကြကုန်လျက် မစောင့်ရှောက်ကြကုန်''ဟုပြောကြား၏၊ ''အရှင်ဘုရား.... အရှင်ဘုရားသည် အလိုမရှိဘဲလျက် သီလကိုပေးလေ၏၊ လူတို့သည် အရှင်ဘုရားကို ရိုသေသဖြင့် စကားကိုမပယ်ဝံ့၍သာ ခံယူကြရကုန်၏၊ ယနေ့မှစ၍ အလိုမရှိသော သူတို့အား သီလကို မပေးပါလင့်'' ဟု လျှောက်ထားကြကုန်၏၊ မထေရ်သည် နှစ်သက်တော်မမူ။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ရှင်သာရိပုတ္တရာအကြောင်းကို စကားစပ်မိ၍ ပြောဆို နေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် ''ရဟန်းတို့....သာရိပုတ္တရာသည် ယခုအခါ၌သာ မြင်တိုင်းမြင်တိုင်း

သောသူတို့အား သီလကိုပေးသည်မဟုတ်၊ ရှေးအခါ၌လည်း ပေးခဲ့ဘူးပြီ''ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**သီလစောင့်ရေး တိုက်တွန်းပေး**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အမည်အားဖြင့် ကောရဏ္ဍိယဟု ခေါ်ကြသတတ်၊ ထိုကောရဏ္ဍိယသည် အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ဆရာကြီးထံ ပညာသင်ကြားလျက် တပည့်ကြီးဖြစ်လေ၏။

ထိုတက္ကသိုလ်ဆရာကြီးသည် မြင်တိုင်း မြင်တိုင်းသောသူတို့အား သီလကိုယူကြကုန်လော၊ သီလကို ယူကြကုန်လော့ဟု တိုက်တွန်း၍ သီလကိုပေးလေ့ရှိ၏၊ လူတို့သည် သီလယူပြီး၍ မစောင့်ရှောက်ကြကုန်၊ ထိုအခါဆရာကြီးသည် တပည့်တို့အား ထိုအကြောင်းကိုပြောကြားလေ၏၊ တပည့်တို့သည် ''ဆရာကြီး.... လူတို့အလိုမရှိကုန်ဘဲလျက် သီလကိုပေးဘိ၏၊ ထိုကြောင့် လူတို့သည် မစောင့်ရှောက်ကြကုန်၊ ယနေ့ကစ၍ တောင်းသောသူတို့အားသာ သီလကိုပေးပါလော့၊မတောင်းသောသူတို့အား မပေးပါလင့်'' ဟု ပြောကြကုန်၏၊ ဆရာကြီးသည် နှလုံးမသာဖြစ်လေ၏၊ နောက်အခါ၌လည်း မြင်တိုင်းမြင်တိုင်းသော သူတို့အား ပေးပြန်၏။

**ဆရာပြောချင်ပရိယာယ်ဆင်**

တနေ့သ၌ လူတို့သည် ပုဏ္ဏားတို့အား မင်္ဂလာရွတ်ရန် ပင့်ဘိတ်ကြ ကုန်၏၊ ဆရာကြီးသည် ကောရဏ္ဍိယကို ခေါ်၍ "အမောင်.... မင်္ဂလာရွတ်ရာသို့ ငါမလိုက်လို ပုဏ္ဏားလုလင် ငါးရာကိုခေါ်၍သင်သွားလေ၊ ပူဇော်သက္ကာရအလှူဝတ်ကိုခံယူ၍ငါ့အတွက်လည်းဆောင်ယူခဲ့လေ့"ဟုမှာကြား၍လွှတ်လိုက်၏၊ ကောရဏ္ဍိယလုလင်သည် မင်္ဂလာရွတ်ရာသို့သွား၍ ပြန်လတ်သော် ခရီးလမ်းကြား၌ချောက်တခုမြင်လျှင် ငါတို့ဆရာသည် မတောင်းဘဲ မြင်တိုင်း မြင်တိုင်းသောသူတို့အား သီလကိုပေးဘိ၏၊ ယနေ့မှ စ၍ တောင်းသောသူတို့အားသာလျှင် သီလပေးအောင် ငါပြုမည်ဟု ကြံစည်ပြီးလျှင် တပါးသောလုလင်တို့ ချမ်းသာစွာ နေကုန်စဉ်ထ၍ ကြီးစွာသော ကျောက်ခဲတို့ကို ချီ၍ ချောက်ထဲသို့ အဖန်ဖန်ချလေ၏။

**ဆရာလာမေးအဖြေပေး**

ထိုအခါ ကောရဏ္ဍိယလုလင်ကို တပါးသောလုလင်တို့သည်"ဆရာ...အဘယ်ကြောင့် ဤသို့ပြုဘိသနည်း"ဟု မေးကြသော်လည်း တစုံတခုသောစကားကိုမျှမဆို၊ထိုအခါလုလင်တို့သည် လျင်စွာသွားကုန်၍ ဆရာကြီးအား ထိုအကြောင်းကို ပြောကြကုန်၏၊ ဆရာကြီးလည်း လျင်စွာလာလတ်၍—

"ကောရဏ္ဍိယ....သင်သည် တောထဲ၌ လျင်မြန်စွာ ကျောက်ခဲကြီးတို့ကို ယူ၍ယူ၍ အဖန်ဖန်

ချောက်ထဲသို့ချဘိ၏၊ ဤချောက်ကိုဘို့ရာ၌ သင့်အား
အဘယ်အကျိုးရှိသနည်း”—

ဟု ကောရဗ္ဗကြိယအား မေးလေ၏၊ ကောရဗ္ဗကြိယသည် ဆရာကြီး၏စကားကိုကြားလျှင်—

“ဆရာကြီး····မြစ်သမုဒ္ဒရာတို့တည်ရာဖြစ်သော
ဤမြေကြီးကို မြေတောင်ကျောက်တောင်တို့ကို ဖြို၍ လက်ဝါးပြင်ကဲ့သို့ ညီညွတ်အောင်ပြုမည်၊ ထို့ကြောင့် အကျွန်ုပ်သည် ကျောက်ခဲကြီးတို့ကို ယူ၍ ယူ၍ ချောက်ထဲသို့ချပါ၏”—

ဟုဆရာကြီးကို ပြန်ကြားပြောဆိုလေ၏။

**ဥပမာပြော၍ သတိရ**

ကောရဗ္ဗကြိယစကားကိုကြားလျှင်ဆရာကြီးသည်—

“ကောရဗ္ဗကြိယ···· တယောက်ထည်းသောလူသည် လက်ဖြင့်ပြုလုပ်၍ ညီညွတ်အောင်ပြုခြင်းငှါမတတ်ကောင်း၊ဤချောက်ကိုပြည့်စေခြင်းငှါ ကျောက်ခဲတို့ကိုရှာစဉ် သင်သည် အသက်ရှည်သောလူ့ပြည်ကို စွန့်ရလိမ့်မည်ဟု ငါထင်မိ၏”—

ဟု ကောရဗ္ဗကြိယအား အကြောင်းပြကာ ပြောဆိုပြန်၏၊ ကောရဗ္ဗကြိယလုလင်သည်ထို စကားကိုကြားလျှင်—

“ဆရာကြီး····လူတယောက်ဖြစ်သော အကျွန်ုပ်သည် ဤမြေကြီးကို ညီညွတ်အောင် ပြုခြင်းငှါ အကယ်၍ မစွမ်းနိုင်ပါမူ ဤအတူ ဆရာကြီးလည်း အထူးထူးအပြားပြား များစွာသော အယူရှိကုန်

သော ဤသူတို့ကို သင့်အလိုသို့ဆောင်ခြင်းငှါ စွမ်းနိုင်လိမ့်မည်မဟုတ်”–

ဟု ဆရာကြီးကို ဥပမာ ဥပမေယျဖြင့် ပြောဆိုပြန်၏။

**တပည့်ဥာဏ်စွမ်း ဆရာချီးမွမ်း**

ထိုအခါ ဆရာကြီးသည် မိမိ၏ အမှုအရာကို မနှစ်သက်၍ ပြုလုပ်ကြောင်းသိသဖြင့် “ကောရဏ္ဍိယ….သင်သည် သင့်လျော်သောစကားကို ဆိုဘိ၏၊ ယခုအခါငါသည် ဤသို့ သဘောရှိသောအမှုကိုမပြုတော့အံ့”ဟု ဝန်ခံကာမိမိကိုယ်ကို ဆန့်ကျင်သောအဖြစ်ကို သိသဖြင့်–

“ကောရဏ္ဍိယ….သင်ကား ငါ့ကိုအကျဉ်းချုပ်ဥပမာဖြင့် အကျိုးစီးပွားကို ပြောဆိုဘိ၏၊ သင့်စကားသည် သင်ဆိုတိုင်းမှန်ပေ၏၊ ဤမြေကြီးကို ညီညွတ်အောင် ပြုခြင်းငှါ မတတ်ကောင်း သကဲ့သို့ ထို့အတူ လူတို့ကို ညီညွတ်အောင် ပြုခြင်းငှါ မတတ်ကောင်းပေ”–

ဟု ကောရဏ္ဍိယပြောဆိုသောစကားကို နှစ်သက်လျက် ကောရဏ္ဍိယကိုလည်း ချီးမွမ်းပြီးလျှင် အိမ်သို့ခေါ်၍သွားလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့….

※ ထိုအခါ တက္ကသိုလ်ဆရာကြီးသည်- ယခုအခါ သာရိပုတ္တရာ။

※ ကောရဉ္ဇိယလုလင်သည်-ငါဘုရားဖြစ်လာပြီ–ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) တောင်းခံလာကြ၊ ကျင့်သီလ၊ ပေးမှသင့်သည်သာ။
(၂) မြင်မြင်တိုင်းလှူ၊ ပေးပြန်မူ၊ စောင့်သူရခဲစွာ။
(၃) လှူဟူသမျှ၊ ကျင့်သီလ၊ ညီမျှပြုခဲစွာ။
(၄) တောင်,ချိုင့်,မြစ်တွေ၊ တည်သည့်မြေ၊ ညီစေပြုခဲစွာ။

ကောရဉ္ဇိယဇာတ်ပြီး၏။

---

# ၃၅၇- လဋုကိကဇာတ်

## ပဥ္စမပဏ္ဏာသ၊ ပဌမဝဂ်

သနားကင်းမှု နှိုင်ထက်ပြု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည်ရှုန့်ရင်းကြမ်းကြုတ်၏၊ နှိုင်ထက်ကလူပြုမူတတ်၏၊ သတ္တဝါတို့၌ သနားခြင်းကရုဏာမျှပင်မရှိ။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ဒေဝဒတ်အကြောင်းကို စကားစပ်မိ၍ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကိုသိတော်မူလျှင် "ရဟန်းတို့.... ဒေဝဒတ်သည် ယခုအခါ၌သာ သနားခြင်းကရုဏာမရှိသည်မဟုတ် ရှေးအခါ၌လည်း သနားခြင်းကရုဏာမရှိ"ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**ဝမ်းရေးအတွက် အစာရှာထွက်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဆင်မျိုး၌ဖြစ်၍ ကြည်ညိုဘွယ်သောအဆင်းရှိ၏၊ ကြီးသောကိုယ်ရှိ၏၊ ဆင်အပေါင်း ရှစ်သောင်းခြံရံလျက် ဆင်မင်းဖြစ်၍ ဟိမဝန္တာအရပ်၌နေ၏။

ထိုအခါ နှံစုတ်ငှက်မတကောင်သည် ဆင်တို့သွားရာအရပ်ဝယ် အသိုက်ပြုကာ အဥတို့ကိုထား၏၊ ထိုအဥတို့သည်ရင့်လတ်သော် ငှက်ငယ်တို့ပေါက်ဖွားကုန်၏၊ အမွေးအတောင်မစုံသေး၍ မပျံနိုင်သေးမီလျှင် ဆင်မင်းသည် ဆင်ရှစ်သောင်းခြံရံကာ အစာရှာသွားအံ့သော်ငှါ လာလတ်၏။

**သားသမီးတွက် တောင်းပန်ချက်**

နှံစုတ်ငှက်မသည် ဆင်မင်းကိုမြင်လျှင် ဤဆင်မင်းသည် ငါ့သားငယ်တို့ကိုနင်း၍သတ်လိမ့်မည်ဟု စိုးရိမ်သဖြင့် အရံအတားဖြစ်စေရန် ဆင်မင်းကို တရားနှင့်ညီညွတ်သောအစောင့်အရှောက်ကို တောင်းမည်ဟုကြံစည်လျက် အတောင်နှစ်ဘက်တို့ကိုယှက်ကာ ဆင်မင်း၏ရှေ့တွင် ရပ်တည်လျက်-

''အိုဆင်မင်း....နှစ်ပေါင်းခြောက်ဆယ်ရှိသောကာလ၌ အားယုတ်လျက် တော၌ကျက်စားလေ့ရှိ၍ ဆင်အပေါင်းတို့မင်းဖြစ်ကာ အခြံအရံများလှသောသင်ဆင်မင်းကို ရှိခိုးပါ၏၊ အတောင်နှစ်ဘက်

တို့ဖြင့် လက်အုပ်ချီပါ၏၊ အားနည်းလှသော အကျွန်ုပ်၏သားငယ်တို့ကို မသတ်ပါလင့်”–

ဟု ပြောဆိုကာ ဆင်မင်းအားခယတောင်းပန်လေ၏။ ထိုအခါဆင်မင်းသည်“အို-နှံစုတ်ငှက်မငယ်…. သင်မစိုးရိမ်ပါလင့်၊ သင့်သားငယ်တို့ကို ငါစောင့်ရှောက်မည်ဆို၍ သားငယ်တို့အထက်၌ရပ်လျက် ဆင်ရှစ်သောင်း တို့ကို သွားစေပြီးလျှင် နှံစုတ်ငှက်မကိုခေါ်၍ အို-နှံစုတ်ငှက်မငယ်.. ငါတို့နောက်၌ တကောင်တည်းသာ ကျက်စားလေ့ရှိသောဆင်သည် လာလိမ့်မည်၊ ထိုဆင်သည် ငါတို့စကားကိုနားမထောင်၊ထိုဆင်လာလတ်သော် ရှိခိုးတောင်းပန်ကာ သားငယ်တို့ကို ချမ်းသာအောင်ပြုရစ်ပါလေ”ဟု မှာထား၍သွားလေ၏။

**တောင်းပန်သော်လည်း အချည်းနှီး**

နှံစုတ်ငှက်မသည် တကောင်တည်း ကျက်စားလေ့ရှိသော ဆင်လာသည်ကိုမြင်ပြန်လျှင် ခရီးဦးကြိုဆို၍ အတောင်နှစ်ဘက်တို့ကိုယှက်ကာ လက်အုပ်ချီပြီးလျှင်–

“ဆင်မင်း….တကောင်တည်းသာ ကျက်စားလေ့ရှိ၍ တော၌နေလျက် ကျောက်တောင် မြေတောင်တို့၌ အစာကိုယူလေ့ရှိသော သင်ဆင်မင်းကို အကျွန်ုပ်ရှိခိုးပါ၏၊ အတောင်နှစ်ဘက်တို့ဖြင့် လက်အုပ်ချီပါ၏၊ အားနည်းလှသော အကျွန်ုပ်၏ သားငယ်တို့ကို မသတ်ပါလင့်”–

ဟု ပြောဆိုကာ ခယတောင်းပန်ပြန်၏၊ ထိုတကောင်တည်း ကျက်စားလေ့ရှိသောဆင်သည် နှံစုတ်ငှက်မစကားကိုကြားလျှင်–

"ဟယ်-နှံစုတ်ငှက်မငယ်···· သင်၏သားတို့ကို ငါသတ်မည်၊ သင်ကားအားနည်းလှ၏၊ ငါ့အား အဘယ်သို့ပြုအံ့နည်း၊ သင်တို့လိုငှက်မျိုး တသိန်း တို့ကိုလည်း ငါသည် လက်ဝဲခြေဖြင့် နင်း၍သတ် မည်"—

ဟု ပြောဆိုကြိမ်းမောင်းကာ နှံစုတ်ငှက်မ၏သားငယ် တို့ကို ခြေဖြင့်နင်းချေ၍ အပေါ်၌ ကျင်ငယ်စွန့်၍ ကျင်ငယ် တွင် ချောစေလျက် မြည်ဟီးကာသွားလေ၏။

**ရန်တုံ့ချေမှု မိတ်ဆွေပြု**

နှံစုတ်ငှက်မသည် သစ်ခက်၌နားနေရင်း ထိုအခြင်းအရာကိုမြင်လျှင် "ဟယ်ဆင် မိုက်···· သင်ကား ယခုမြည်ဟီးလျက် သွား၏၊ နှစ်ရက်သုံးရက်ဖြင့် ငါ့အစွမ်းကို မြင်ရလိမ့်မည်၊ ကိုယ်အားထက် ဉာဏ်အားကကြီးကြောင်းကို သင်မသိ လေ၊ သင်နေနှင့်ဦး သင့်ကိုငါသတ်မည်"ဟု ခြိမ်းချောက် ပြီးလျှင်—

"ဟယ်-ဆင်မင်းယုတ်···ကိစ္စအလုံးစုံ၌ ကိုယ်အား ဖြင့်သာ ပြုလုပ်အပ်သည်မဟုတ်၊ စင်စစ်ကိုယ်အား မှာ လူမိုက်တို့အား သတ်ဖြတ်ဘို့ရန် ဖြစ်လာ၏၊ သင်သည် အားနည်းသော ငါ့သားငယ်တို့ကိုသတ် ဘိ၏၊ သင့်အကျိုးမဲ့ကိုပြုလုပ်တော့မည်"—

ဟု ဆင်ကြီးအား ပြောဆိုပြီးလျှင် နှစ်ရက် သုံးရက် အတွင်းမှာပင် ကျီးကိုခစားကာ မိတ်ဖွဲ့လေ၏။

**ဆင်ယုတ်သေအောင် ပရိယာယ်ဆောင်**

ထိုအခါ ကျီးသည် အလွန်နှစ်သက်သ ဖြင့်-"အဆွေ···· ဘယ်အမှုကို ပြုရမည် နည်း"ဟု-မေး၏၊ "အရှင်··အကျွန်ုပ်

အား အခြားပြုဘွယ်ကိစ္စမရှိပါ၊ တကောင်တည်း ကျက်စားသော ဆင်ကြီးမျက်စိတို့ကို နှုတ်သီးဖြင့်ဆိတ်၍ ဖေါက်ပေးပါ''ဟု ပြော၏၊ ''အဆွေ····ကောင်းပြီ-စိတ်ချပါ'' ဟု ဝန်ခံလေ၏၊ နှံစုတ်ငှက်မသည် တဖန် ယင်မ မဲရိုင်းကို ခစားကာ မိတ်ဆွေဖွဲ့ပြန်လေ၏၊ ထိုအခါ ယင်မမဲရိုင်းသည် နှစ်သက်သဖြင့် ''အဆွေ···· ဘယ်အမှုကို ပြုရမည်နည်း''ဟု-မေး၏၊ ''အရှင်····တကောင်ထည်းကျက်စားသောဆင်ကြီးမျက်စိတို့ပေါက်လတ်သော် ထိုအပေါက်တို့၌ ပိုးလောက်တို့ကိုလွှတ်ပေးပါ''ဟု ပြောပြန်၏၊ ''အဆွေ·· ကောင်းပြီ-စိတ်ချပါ''ဟု ဝန်ခံပြန်လေ၏၊တဖန် ဘားကို ခစားကာမိတ်ဖွဲ့ပြန်လေ၏၊ ဘားလည်း နှစ်သက်သဖြင့်— ''အဆွေ····ဘယ်အမှုကိုပြုရမည်နည်း''-ဟု မေး၏၊ ''အရှင်····တကောင်ထည်းကျက်စားတတ်သောဆင်ကြီးသည် မျက်စိကန်း၍ ရေရှာလိမ့်မည်၊ ထိုအခါ တောင်ထိပ်က နေ၍အော်ပါ၊ နောက်ရေရှိသည်မှတ်၍ တောင်ထိပ်သို့ တက်လာသောအခါ ဆင်းသက်ပြီး တောင်ကမ်းပါးပြတ်က နေ၍အော်ပါ'' ဟု-ပြောပြန်၏၊ ''အဆွေ····ကောင်းပြီ-စိတ်ချပါ''ဟု ဝန်ခံပြန်လေ၏၊ နှံစုတ်ငှက်မသည် ဤသို့အသင့်စီမံပြီးလျှင် ဆင်ကြီးပျက်စီးရန်ကိုသာ မြော်လင့်ကာ နေလေ၏။

**အားနည်းပေါင်းလေ အားရှိသေ**

တနေ့သောအခါ နှံစုတ်ငှက်မစီမံသော အတိုင်း ကျီးသည်ထိုဆင်ကြီးမျက်စိတို့ကို နှုတ်သီးဖြင့် ဆိတ်၍ဖေါက်လေ၏၊ အပေါက် ဖြစ်လာသောအခါ ယင်မ မဲရိုင်းသည် ပိုးလောက်တို့ကိုလွှတ်လေ၏၊ထိုအခါ ဆင်ကြီးသည် လောက်

ကိုက်သဖြင့် မျက်စိကန်းလျက်ကြီးစွာသော ဆင်းရဲဝေဒနာ သို့ရောက်လေ၏၊ ရေအလွန်ငတ်လှသဖြင့် ရှာဖွေလတ်သော်- ဘားသည် တောင်ထိပ်ကနေ၍အော်လေ၏၊ ဆင်ကြီးသည် ဘားအော်သံကြားရာတွင် ရေရှိသည်ထင်မှတ်၍ တောင်ထိပ်သို့ တဖြည်းဖြည်း တက်လေ၏၊ ဘားလည်း ဆင်ကြီး တောင်ထိပ်သို့ရောက်သောအခါ အောက်သို့ဆင်း၍ တောင်ကမ်းပါးပြတ် ချောက်ထဲကနေ၍ အော်ပြန်၏၊ ထိုအခါ ဆင်ကြီးသည် တောင်ထိပ်တွင် ရေကိုမတွေ့ရသဖြင့် ဘားအော်သံကြားရာသို့ လိုက်ပြန်ရာ တောင်ကမ်းပါးပြတ်ကြီးမှ ချောက်ထဲသို့ကျကာ သေဆုံး ပျက်စီးခြင်းသို့ရောက်လေ၏။

အားရှိအားမဲ့ မေတ္တာဖွဲ့

ထိုအခါ နှံ့စုတ်ငှက်မသည် ဆင်သေသည်အဖြစ်ကိုသိ၍ ရန်သူ ပျက်စီးခြင်းကိုမြင်ရပေပြီ-ဟု နှစ်သက်ဝမ်းမြောက်လျက် ဆင်ကြီးကျောပေါ်တွင် ခေါက်တုံ့ခေါက်ပြန်သွားလာလျက် အောင်ပွဲခံလေ၏။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ “ရဟန်းတို့…. ခိုက်ရန်မည်သည်ကို တစုံတယောက်သောသူနှင့်မျှ မပြုအပ်၊၍သို့လျှင် ခွန်အားဗလနှင့်ပြည့်စုံသောဆင်ကြီးကိုစဉ်လျက်လည်း အားနည်းသောသတ္တဝါ လေးကောင်တို့သည် တပေါင်းတည်းညီညွတ်လျက် သေကြေပျက်စီးခြင်းသို့ ရောက်အောင် ပြုစွမ်းနိုင်ကုန်၏”ဟု မိန့်တော် မူပြီးလျှင်—

"ရဟန်းတို့..နှံ့စုတ်ငှက်,ကျီး,ဘား,ယင်မမဲရှိင်း ဤလေးကောင်သောသတ္တဝါတို့ကိုရှုကြလော့၊ ထို လေးကောင်သောသတ္တဝါတို့သည် ဆင်ပြောင်ကြီး ကိုသတ်ကြကုန်၏၊ ရန်သူတို့ ခိုက်ရန်ဖြစ်ခြင်းကိုရှု ကြလော့၊ ထိုကြောင့် မချစ်သော တစုံတယောက် သောသူနှင့်တကွ ခိုက်ရန်ကိုမပြုရာ"—

ဟု ဟောတော်မူ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန် နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ တကောင်ထည်း ကျက်စားသော ဆင် သည်-ယခုအခါ ဒေဝဒတ်။

※ ဆင်မင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ခိုက်ရန်ပြုခြင်း၊ တုံ့မူခြင်း၊ ချင်းချင်းပျက်စီးရာ။
(၂) ကြီး,ယင်မခြား၊ ခိုက်ရန်ကား၊ မီးပွားတူသည်သာ။
(၃) ကိုယ်အားဉာဏ်အား၊ ပြိုင်ဆိုင်ခြင်း၊ ဉာဏ်အားသာမြဲရာ။
(၄) ဆင်ပြောင်နိုင်ရ၊ နှံ့စုတ်မ၊ ရ၍ မိတ်များစွာ။

လဋုကိကဇာတ်ပြီး၏။

## ၃၅၈—ဓမ္မပါလဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

ရန်ငြိုးဖွဲ့လတ် ဒေဝဒတ်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီ တင်း သုံး တော် မူ စဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်ရန် လုံ့လ ပြုခြင်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

မိမိသားပင် ရန်ငြိုးတင်

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် မဟာပတာပမင်း မင်းပြုသည်ရှိသော် ဘုရား အလောင်းသည် ထိုမင်း၏ စန္ဒာဒေဝီမည်သော မိဖုရားကြီးဝမ်း၌ ဖြစ်၍ ဓမ္မပါလ ဟူသောအမည်ကို မှည့်ကြကုန်၏။

ထိုဓမ္မပါလမင်းသား ခုနစ်လအရွယ်သို့ ရောက်သောအခါ မယ်တော် မိဖုရားကြီးသည် သားတော်ကို နံ့သာရေဖြင့်ချိုးပြီးလျှင် ကစားစေလျက်နေ၏၊ မင်းကြီးသည် မိဖုရားနေရာသို့ သွားလတ်သော် မိဖုရားသည် သားတော်နှင့် ကစားကာ သား၌ချစ်ခြင်းဖြင့် မင်းကိုမြင်သော်လည်း နေရာမှ မထလေ။

ထိုအခါ မင်းကြီးသည် ဤမိဖုရားကား ယခုကပင်လျှင် သားတော်ကိုအမှီပြု၍ ငါ့ကို မာနထားဘိ၏၊ တစုံတခုမျှမမှတ်၊ သားတော်ကြီးပြင်းလာလျှင်ကား ငါ့အပေါ်၌ လူဟူ

သောအမှတ်ကိုပင် ပြုလိမ့်မည်မဟုတ်၊ ယခုပင်လျှင် သားတော်ကိုသတ်မည်ဟုကြံစည်၍ ပြန်လည်ကာ မင်း၏နေရာ၌ နေ၍ မိမိအစီအရင်ဖြင့် ငါ့ထံသို့လာစေဟု ခိုးသူသတ်ကို ခေါ်စေ၏။

**သားကိုယူစေ အမိန့်ပေးလေ**

ခိုးသူသတ်သည် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်လျက် နီသောပန်းကို ပန်၍ ပုဆိန်ကို ပခုံး၌ထားကာ စဉ်းတီးတုံးကိုယူဆောင်လျက် မင်းကြီးထံသို့လာ၍ ရှိခိုးကာ— "အရှင် မင်းကြီး···· အဘယ် အမှုကို ပြုရအံ့နည်း"ဟု— လျှောက်၏၊ "အချင်း···· အသရေရှိသော အိပ်ရာတိုက်ခန်းသို့သွား၍ ဓမ္မပါလသတို့သားကို ဆောင်ယူချေလော့" ဟု-အမိန့်ပေးလေ၏။

မိဖုရားကြီးလည်း မင်းကြီး အမျက်ထွက်၍ ပြန်သွားသောအဖြစ်ကိုသိ၍ ဓမ္မပါလသတို့သားကို ရင်ခွင်၌ ထားကာ ငိုလျက်နေ၏၊ ခိုးသူသတ်လည်းသွား၍ မိဖုရားကြီးကျောကိုပုတ်ခတ်လျက် ဓမ္မပါလ သတို့သားကို ယူပြီးလျှင် မင်းကြီးထံသွားကာ— "အရှင်မင်းကြီး···· အဘယ်သို့ ပြုရအံ့နည်း" လျှောက်ပြန်၏၊ "အချင်း····ပျဉ်ချပ်တခုကို ယူဆောင်ကာ ရှေ့မှာချပြီးလျှင် ဓမ္မပါလကို အိပ်စေလော"အမိန့်ပေးပြန်၏၊ခိုးသူသတ်လည်း မင်းကြီးအမိန့် ပေးတိုင်းပြုလေ၏၊ စန္ဒာဒေဝီ မိဖုရားကြီးလည်း နောက်မှ ငိုလျက်လိုက်၍လာ၏။

**သားယေ်လက်တွေ ဖြတ်နိုင်းလေ**

တဖန် ခိုးသူသတ်သည် "အရှင်မင်းကြီး····အသို့ပြုရအံ့နည်း"ဟု လျှောက်ပြန်၏၊ "အချင်း····ဓမ္မပါလ၏ လက်

တို့ကို ဖြတ်လော့”ဟု အမိန့်ပေးပြန်၏၊ စန္ဒာဒေဝီမိဖုရား ကြီးသည် “အရှင်မင်းကြီး.... ခုနစ်လသာ ရှိသေးသော အကျွန်ုပ်၏သားငယ်ကလေးသည် တစုံတခုကိုမျှ မသိပါ၊ သားငယ်ကလေးအား အပြစ်မရှိပါ၊ အပြစ်ဖြစ်ပါလျှင် အကျွန်ုပ်၌သာ ဖြစ်ရာ၏၊ ထို့ကြောင့် အကျွန်ုပ်၏ လက် တို့ကိုဖြတ်ပါ” ဟုလျှောက်လိုရကား—

> “အရှင်မင်းကြီး....အကျွန်ုပ်သာလျှင် အရှင် မင်းကြီး၏ အပြစ်ကို ပြုပါ၏၊ အကျိုးစီးပွားကို ဖျက်ဆီးပါ၏၊ အရှင်မင်းကြီး.... ဤဓမ္မပါလကို လွှတ်ပါလော့၊ အကျွန်ုပ်၏ လက်တို့ကို ဖြတ်ပါ လော”—

ဟုမင်းကြီးကို လျှောက်ထားပြန်၏၊ မင်းကြီးလည်း ခိုးသူသတ်ကိုကြည့်၏။

ထိုအခါခိုးသူသတ်သည် “အရှင်မင်းကြီး....အသို့ပြုရ အံ့နည်း”ဟု လျှောက်၏၊ “အချင်း....မကြာမြင့်စေလင့်၊ လက်တို့ကိုဖြတ်လော့”ဟု အမိန့်ပေးပြန်၏၊ထိုခဏ၌ ခိုးသူ သတ်သည် ထက်လှစွာသော ပုဆိန်ဖြင့် နုလှစွာသော ဝါးညှောက်ကို ဖြတ်သကဲ့သို့ ဓမ္မပါလ၏ လက်တို့ကို ဖြတ် လေ၏၊ မင်းသားသည် မျက်ရည်မယို မငိုကြွေးဘဲလျှင် ခန္တီမေတ္တာကို ရှေ့ထား၍ သည်းခံလေ၏။

**ခြေနှစ်ဘက်ပါ ဖြတ်စေရာ**

စန္ဒာဒေဝီမိဖုရားကြီးကား ပြတ်သော လက်စွန်းတို့ကို ယူ၍ ခါးပိုက်၌ ထည့် ကာ သွေးလိမ်းကျံလျက် ငိုကြွေးကာ နေ၏၊ တဖန်ခိုးသူသတ်သည် “အရှင်မင်းကြီး....အဘယ်

သို့ ပြုရအံ့နည်း” ဟုလျှောက်ပြန်၏၊ “အချင်း….ခြေနှစ်ဘက်တို့ကို ဖြတ်လော့”ဟု အမိန့်ပေးပြန်၏၊ ထိုအခါ စန္ဒာဒေဝီ မိဖုရားကြီးသည်–

“အရှင်မင်းကြီး..အကျွန်ုပ်သာလျှင်အရှင်မင်းကြီး၏ အပြစ်ကို ပြုပါ၏၊ အကျိုးစီးပွားကို ဖျက်ဆီးပါ၏၊ ဤဓမ္မပါလကို လွှတ်ပါ၊ အကျွန်ုပ်၏ ခြေတို့ကိုဖြတ်ပါလော”–

ဟုလျှောက်ထားပြန်၏၊ မင်းကြီးလည်း တဖန်သူသတ်ကိုစေခိုင်းပြန်၏၊ သူသတ်သည် ခြေနှစ်ဘက်တို့ကိုလည်း ဖြတ်ပြန်၏။

**ရင်စက်စွာလတ် ဦးခေါင်းဖြတ်**

စန္ဒာဒေဝီ မိဖုရားကြီးသည် ခြေပြတ်တို့ကိုကောက်ကာ ခါးပိုက်၌ ထည့်ပြီးလျှင် ငိုကြွေးလျက်“အရှင်မင်းကြီး…. လက်ခြေမရှိသော သားကို အမိလုပ်ကျွေးရပါ၏၊အကျွန်ုပ်လုပ်ကျွေးပါမည်၊ သားကို အကျွန်ုပ်အား ပေးပါ” ဟု လျှောက်ထားပြန်၏၊ သူသတ်လည်း “အရှင်မင်းကြီး…. အကျွန်ုပ် ကိစ္စ ပြီးပြီလော” ဟု လျှောက်ထားပြန်၏၊ “အချင်း…မပြီးသေး”ဟု ပြောပြန်၏၊“အရှင်မင်းကြီး…. အဘယ်သို့ ပြုရမည်နည်း” ဟု လျှောက်သောအခါ “အချင်း….ဓမ္မပါလ၏ဦးခေါင်းကို ဖြတ်လော့”ဟုအမိန့်ပေးပြန်၏။ ထိုစကားကိုကြားလျှင် စန္ဒာဒေဝီမိဖုရားကြီးသည်–

“အရှင်မင်းကြီး….အကျွန်ုပ်သာလျှင် အရှင်မင်းကြီး၏အပြစ်ကို ပြုပါ၏၊အကျိုးစီးပွားကို ဖျက်

ဆီးပါ၏၊ ဤဓမ္မပါလကို လွှတ်ပါ၊ အကျွန်ုပ်၏
ဦးခေါင်းကို ဖြတ်ပါလော”–

ဟု လျှောက်ထားပြန်၍ မိမိဦးခေါင်းကိုစင်း၍ ခံလေ၏၊ သူသတ်လည်း ဓမ္မပါလ၏ ဦးခေါင်းကို ဖြတ်ပြန်၏။

**ခန္ဓာကိုယ်လေး သန်လျက်ကျွေး**

စန္ဒာဒေဝီ မိဖုရားကြီးသည် ပြတ်သော ဦးခေါင်းကိုကောက်ယူကာ ခါးပိုက်တွင် ထည့်ပြန်၏၊ တဖန် သူသတ်သည်– “အရှင်မင်းကြီး··အဘယ်သို့ ပြုရမည်နည်း” ဟု လျှောက်ပြန်၏၊ “အချင်း····သန်လျက်သွားဖြင့် ဓမ္မပါလကို ခံ၍ သန်လျက်ပန်းမည်သည်ကို ပြုလော့”ဟု အမိန့်ပေးပြန်၏၊ သူသတ်လည်း ဓမ္မပါလကို ကောင်းကင်သို့ ပစ်၍ သန်လျက်သွားဖြင့် အောက်ကခံကာ သန်လျက်ပန်းမည်သည်ကိုပြုလေ၏၊ အသားအသွေးတို့သည် ပြသာဒ်အပြင်ဝယ် ဖရိုဖရဲကြဲ၍ကျလေ၏။

စန္ဒာဒေဝီမိဖုရားကြီးလည်း ဓမ္မပါလ၏ အသားတို့ကို ကောက်ယူ၍ ခါးပိုက်တွင် ထည့်ကာ ပြာသာဒ်အပြင်၌ ငိုကြွေးမြည်တမ်းလျက်–

“အချင်းတို့····အကျွန်ုပ်တို့မင်းကြီးကို အရှင်
မင်းကြီး····ရင်သွေးဖြစ်သော သားတော်ကလေး
ကို မသတ်ပါလင့်-ဟု ပြောဆို တားမြစ်ကြမည့်
စိတ်နှလုံးနူးညံ့၍ အဆွေခင်ပွန်းဖြစ်သော အမတ်
ကြီးတို့ မရှိကြကုန်ယောင် တကား”–

“အချင်းတို့···· အကျွန်ုပ်တို့မင်းကြီးကို အရှင်
မင်းကြီး ရင်သွေးဖြစ်သော သားတော်ကလေးကို

မသတ်ပါလင့်-ဟု ပြောဆိုတားမြစ်မည့်-စိတ်နှလုံး နူးညံ့သော ဆွေမျိုးဉာတိတို့ မရှိကုန်ယောင် တကား"-

ဟု ဟစ်အော်လျက် ငိုကြွေးမြည်တမ်းကာ လက်နှစ်ဘက်တို့ဖြင့် ရင်သားကိုမလျက်-

**မင်းယုတ်မာကို မြေကမျို**

"အရှင် မင်းကြီး.... ထီးမွေ နန်းမွေ ခံဖြစ်သော ဓမ္မပါလသတို့သားကလေး၏ စန္ဒကူးနှစ်တို့ဖြင့် လိမ်းကျံအပ်ကုန်သော လက်မောင်းနှစ်ဘက်တို့သည် မြေ၌ပြုတ်ကုန်၏၊ အရှင်မင်းကြီး.... အကျွန်ုပ်၏ အသက်တို့သည် ကျင်နာလှပါကုန်၏"-

ဟု ငိုကြွေးမြည်တမ်းစဉ်ပင် စန္ဒာဒေဝီမိဖုရားကြီး၏ နှလုံးသည် မီးလောင်သော ဝါးဝယ် ဝါးကွဲသကဲ့သို့ ဖျန်းဖျန်းကွဲကာ သေဆုံးလေ၏၊မင်းကြီးလည်း ပြာသာဒ်အပြင်မှ မြေသို့ကျလေ၏၊ မြေကြီးလည်း မဟာပတာပ မင်းကြီး၏ ကျေးဇူးမဲ့ကို ရွက်ဆောင်ထားရန် မတတ်နိုင်တော့သဖြင့် နှစ်ဖြာကွဲ၍ ဟင်းလင်းဖြစ်လေ၏။

ထိုအခါ အဝီစိငရဲကြီးမှ မီးတောက် မီးလျှံ တက်လာပြီးလျှင် ကမ္ဗလာနီခြုံသကဲ့သို့ မဟာပတာပမင်းကြီးကိုယူ၍ အဝီစိငရဲကြီး၌ ပစ်ချလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

ရဟန်းတို့…

※ ထိုအခါ မဟာပတာပ မင်းသည်- ယခုအခါ ဒေဝဒတ်။

※ စန္ဒာဒေဝီ မိဖုရားကြီးသည်- မဟာပဇာပတိ-ဂေါတမီ။

※ ဓမ္မပါလမင်းသားသည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) နည်းနည်းများများ၊အကုကား၊လားကြောင်းအပါယ်သာ။
(၂) ခုနစ်လသား၊ရင်၌သား၊ သတ်ငြားရက်စက်စွာ။
(၃) မဟာပတာပ၊ကြမ်းကြုတ်လှ၊ခံရဝီစိမှာ။

စူဠဓမ္မပါလဇာတ်ပြီး၏။

---

# ၃၅၉-သုဝဏ္ဏမိဂဇာတ်

ပဉ္စမပဏ္ဏာသ၊

**လက်ထပ်မှုရေး မျိုးနွယ်မေး**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အမျိုးသမီး တယောက်သည်သာဝတ္ထိပြည်၌အဂ္ဂသာဝကနှစ်ပါးတို့အလုပ်အကျွေးဖြစ်၏၊ သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ ရတနာသုံးပါးကို ကြည်ညိုမြတ်နိုး၏၊ ပညာရှိ၏၊ ကုသိုလ်ကောင်းမှု၌ မွေ့လျော်၏။

ထိုအမျိုးသမီးကို မိစ္ဆာဒိဋ္ဌိအမျိုးသားအတွက်တောင်းလာ၏၊ ထိုအခါ မိဘတို့သည်"ငါတို့သမီးကား ဗုဒ္ဓဘာသာအယူရှိ၏၊ သင်တို့သားကား မိစ္ဆာဒိဋ္ဌိအယူရှိ၏၊ အယူချင်းမတူ ငါတို့သမီးကိုပေးလိုက်၍ သင်တို့အိမ်ရောက်လျှင် ကုသိုလ်ကောင်းမှုကိုပြုရတော့မည်မဟုတ်"ဟု ပြောဆိုကာ ငြင်းပယ်လေ၏။

**အမျိုးသမီးလိမ်မာ ပင့်လျှောက်ကာ**

မိစ္ဆာဒိဋ္ဌိအမျိုးတို့သည် "ငါတို့သားနှင့် သင်တို့သမီးမှာ အယူမတူသော်လည်း အိမ်သို့ရောက်လျှင်မတားမြစ်ပါ၊ အလိုရှိတိုင်း ကုသိုလ်ကောင်းမှုကို ပြုခွင့်ပေးပါမည်"ဟု ဝန်ခံ၍ အမျိုးသမီးကိုတောင်းယူကာ အိမ်သို့ ဆောင်ယူကြကုန်၏၊ အမျိုးသမီးသည် အိမ်သို့ရောက်လျှင် လင်ကိုနတ်ကဲ့သို့ လုပ်ကျွေး၏၊ယောက္ခမတို့ဝတ်ကြီးဝတ်ငယ်ကိုလည်း မချွတ်ယွင်းရအောင် ပြုစု၏။

တနေ့သ၌ အမျိုးသမီးသည် ဆရာမထေရ်တို့အားအလှူပေးရန် လင်ယောကျ်ားထံ ခွင့်ပန်၍ အိမ်သို့ ပင့်ဘိတ်ကာ ကြီးစွာသော ပူဇော်သက္ကာရကိုပြု၏၊ မထေရ်တို့ကိုလည်း "အရှင်ဘုရားတို့····အကျွန်ုပ်တောင်းပန်ပါ၏၊ ဤအမျိုးကား မိစ္ဆာဒိဋ္ဌိအမျိုးဖြစ်ပါသည်၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုမသိပါ၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုသိလာသည်တိုင်အောင် ဤအိမ်သို့ အမြဲဆွမ်းခံကြွပါကုန်" ဟုလျှောက်ထားလေ၏၊မထေရ်တို့လည်း ဝန်ခံကာ နေ့စဉ်ဆွမ်းခံကြွလာကြလေကုန်၏။

တိုင်ပင်ညီကြ
မင်္ဂိုလ်ရ

ထိုအခါ အမျိုး သမီးသည် လင်ယောကျ်ားအား မထေရ်တို့ နေ့စဉ်ကြွလာကြောင်း၊ဖူးမြင်ရန်ခေါ်၍ မထေရ်တို့ထံ ဆည်းကပ်ကြကုန်၏၊ ပဋိသန္ထာရပြုပြီးလျှင် ရှင်သာရိပုတ္တရာသည် တရားဟောလေ၏၊ လင်ယောကျ်ားသည် မထေရ်တို့ကိုကြည်ညို၍ နေ့စဉ် ဝတ်ကြီးဝတ်ငယ် ပြုကာ မိစ္ဆာအယူကိုပယ်စွန့်၍ ဗုဒ္ဓဘာသာ အယူကို ယူလေ၏၊ တနေ့သ၌ မထေရ်တို့သည် တရားဟော၍သစ္စာကိုပြသည်၏အဆုံး၌ လင်မယားနှစ်ယောက်လုံး သောတာပတ္တိဖိုလ်၌တည်ကြကုန်၏၊ ထိုအခါမှစ၍ ယောကျ်ား၏ အမိအဘတို့ကိုအစပြု၍ ကျေးကျွန် အမှုလုပ်တို့သည်လည်း မိစ္ဆာအယူကိုပယ်စွန့်၍ ဗုဒ္ဓဘာသာအယူကို ယူပြီးလျှင် ရတနာသုံးပါး၌ ကြည်ညိုလေးမြတ်ကြကုန်၏။

တနေ့သောအခါ အမျိုးသမီးလင်မယားတို့သည် တဦးထံတဦး ခွင့်ပန်ပြီးလျှင် တိုင်ပင်ညီညွတ်၍ သာသနာတော်၌ ရဟန်းပြုကြပြီးလျှင် ဝိပဿနာကို ပွားများကြသဖြင့် မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ထိုရဟန်း မိန်းမငယ်၏ အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင်“ရဟန်းတို့····ထိုရဟန်းမိန်းမငယ်သည် ယခုအခါ၌သာ လင်ကို ရာဂကျော့ကွင်းမှလွတ်စေသည်မဟုတ်၊ ရှေးပညာရှိတို့ကိုလည်း သေခြင်းတည်းဟူသော ကျော့ကွင်းမှလွတ်စေဘူးပြီ”ဟုမိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

**သမင်များမိပတိ ကျော့ကွင်းမိ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် သမင်မျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် အလွန်အဆင်းလှ၏၊ ကြည်ညိုဘွယ်ရှိ၏၊ ဆန်းကြယ်သော သမင်ရှစ်သောင်းတို့၏ အကြီးအမှူး မင်းဖြစ်၏၊ ထိုသမင်မင်း၏ မယားလည်း နှပျို၏၊ အလွန်အဆင်းလှ၏၊ ကြည်ညိုဘွယ်ရှုချင်စဘွယ်ရှိ၏။

ထိုအခါ မုဆိုးတို့သည် သမင်တို့ သွားလာရာလမ်း၌ ကျော့ကွင်းတို့ကို ထောင်၍ ထားကြကုန်၏၊ တနေ့သ၌ သမင်မင်းသည် သမင်အပေါင်းတို့ရှေ့မှ သွားလတ်သော် ခြေ၌ကျော့ကွင်းမိလေ၏၊ ဖြတ်ရန် ဆွဲငင်ရုန်းကန်၏၊ ထိုအခါ အရေသည်ပြတ်ခဲ့၏၊ တဘန်ဆွဲငင်ပြန်လျှင် အသားသည်ပြတ်ခဲ့၏၊ တဘန်ဆွဲငင်ပြန်လျှင် အကြောသည် ပြတ်ခဲ့၏၊ ကျော့ကွင်းသည်အရိုးသို့ထိလေ၏။

**သမင်မအားပေး လွတ်မြောက်ရေး**

ထိုအခါ သမင်မင်းသည် ကျော့ကွင်းကို ဖြတ်အံ့သော၄ါ မတတ်နိုင်သဖြင့် သေဘေးမှကြောက်ရကား ကျော့ကွင်းမိသောအသံမျိုးဖြင့် အော်လေ၏၊ သမင်အပေါင်းတို့သည် အော်သံကိုကြားလျှင် ပြေးကြကုန်၏၊ မယား သမင်မလည်းပြေးပြီးလျှင် သမင်အပေါင်းတို့တွင် လင်ယောကျ်ားသမင်ကို ကြည့်ရှုလတ်သော် မမြင်၍ ဤသေဘေးကား ငါ့ချစ်လင်အား ဖြစ်သောဘေးဖြစ်ရာသည်ဟု လျင်မြန်စွာ ပြေးသွား၍ မျက်ရည်ယိုစီးကာ ငိုကြွေးလျက်—

"ရွှေအဆင်းနှင့်တူသော ခြေရှိသော သမင်မင်း…ဆွဲငင်ပါလော့၊ ဆွဲငင်ပါလော့၊ သားရေလွှန်ကျော့ကွင်းကိုဖြတ်ပါလော့၊ အကျွန်ုပ်သည် တကောင်ထီးတည်း တော၌မပျော်မွေ့နိုင်ပါ"—

ဟု တိုက်တွန်းအားပေးလေ၏၊သမင်မင်းသည် သမင်မစကားကိုကြားလျှင်—

"ရှင်မ….ငါသည်ဆွဲငင်ပါ၏၊ သားရေကျော့ကွင်းကိုဖြတ်ရန် မတတ်နိုင်ပါ၊ ပြင်းသောအဟုန်ဖြင့် မြေကိုကျောက်ကန်ပါ၏၊ သားရေကျော့ကွင်းသည်မြဲမြံလှ၏၊ငါ၏ခြေပတ်လည်၌ အရေ အသားအကြောတို့ကိုဖြတ်ဘိ၏"—

ဟုသမင်မအား ပြောကြားလေ၏။

**မုဆိုးတောင်းပန်လွှတ်ဘို့ရန်**

ထိုအခါ သမင်မသည် "အရှင်…. မကြောက်ပါလင့် အကျွန်ုပ်သည် မိမိကိုယ်စွမ်းဖြင့် မုဆိုးကိုတောင်းပန်ကာ အရှင်၏အသက်ကို ချမ်းသာစေမည်၊ အကယ်၍တောင်းပန်မရပါမူ အကျွန်ုပ်အသက်ကိုပေး၍ အရှင်၏အသက်ကိုကယ်ဆယ်မည်ဟု ပြောဆို၍ သမင်မင်းအား သက်သာရာကိုရစေပြီးလျှင် သမင်မင်းကို မိမိကိုယ်၌မှီစေလျက် ရပ်တည်လေ၏။

မုဆိုးသည် သန်လျက်နှင့်လှံကိုယူ၍ ကမ္ဘာမီးလောင်သကဲ့သို့လာလေ၏၊သမင်မသည်မုဆိုးကိုမြင်လျှင်"အရှင်… မုဆိုးလာချေပြီ မကြောက်ပါလင့်"ဟု အားပေးကာမုဆိုးအား ခရီးဦးကြိုဆိုကာ ရှိခိုးလျက်"အရှင်….အကျွန်ုပ်၏

လင် ရွှေသမင်မင်းသည် အကျင့်သီလနှင့်ပြည့်စုံပါ၏၊ ရှစ်သောင်းသော သမင်တို့၏ မင်းဖြစ်ပါ၏''ဟု ရွှေသမင်၏ ဂုဏ်ကျေးဇူးကိုပြောဆို၍ လည်ပင်းကိုစင်းလျက် မိမိအား သတ်ခြင်းငှါ တောင်းပန်ပြီးလျှင်—

"အို-မုဆိုး····သင်သည် ပေါက်ဘက်တို့ကိုခင်းပါလော့၊ သန်လျက်ကို အိမ်မှထုတ်ပါလော့၊ရှေးဦးစွာ အကျွန်ုပ်ကိုသတ်ပြီးမှ သမင်မင်းကိုသတ်ပါ''—

ဟုမုဆိုးကို လူတို့ဘာသာစကားဖြင့် သာယာစွာပြောကြားလေ၏။

မေတ္တာရှေ့ပြေး လွှတ်၍ပေး

မုဆိုးကြားလျှင် လူဖြစ်သော မိန်းမသည်လည်း လင့်အတွက် အသက်ကို မစွန့်ပေ၊ တိရစ္ဆာန်ဖြစ်လျက် အသက်ကိုစွန့်ဘိ၏၊ လူတို့ဘာသာစကားဖြင့်လည်း သာယာစွာ ပြောဆိုဘိ၏၊ ယနေ့ငါသည် သမင်မအားရင်း, သမင်မင်းအားရင်း အသက်ကို ပေးတော့မည်ဟု ကြံစည်လျက်—

"ကောင်းမြတ်လိမ္မာသောရွှေသမင်မ····ငါသည် ဤအခါမှ ရှေး၌ လူတို့ဘာသာစကားကို ပြောဆိုသော သမင်မကို ကြားလည်း မကြားဘူး၊ မြင်လည်း မမြင်ဘူး၊ သင်လည်း ချမ်းသာပါစေ၊ ဤသမင်မင်းလည်း ချမ်းသာပါစေ''—

ဟုပြန်ကြား ပြောဆိုကာ သမင်မကို နှစ်သက်စေ၍ သမင်မင်းထံသို့ သွားပြီးလျှင် သားရေလွှန်ကို ဖြတ်၍ ခြေ၌ ငြိသော သားရေကျော့ကွင်းကို မနာကျင်ရအောင်

အသာဖြေ၍အသား-အသားချင်း,အကြော-အကြောချင်း, အရေ-အရေချင်းဆက်စပ်၍ ခြေကိုလက်ဖြင့်ဆုပ်နယ်လေ၏၊ ထိုခဏ၌ပင်လျှင် သမင်မင်း၏ခြေသည် ပါရမီ၏အာနုဘော်ကြောင့်၎င်း၊ မုဆိုး၏ မေတ္တာအာနုဘော်ကြောင့်၎င်း၊ သမင်မင်း၏ အဆွေခင်ပွန်း၌ စောင့်ရှောက်သော တရား၏ အာနုဘော်ကြောင့်၎င်း၊အရေ,အသား,အကြော တို့သည် အချင်းချင်းဆက်စပ်ပြီးလျှင် အနာပျောက်ကင်းလျက် ပကတိအတိုင်း ဖြစ်လေ၏။

မေတ္တာတံ့ရေး ဥစ္စာပေး

သမင်မသည် ချမ်းသာသောလင် သမင်မင်းကို မြင်ရ၍—

"အို-မုဆိုး····အကျွန်ုပ်သည် ယနေ့ကျော့ကွင်းမှ လွတ်မြောက်သော သမင်မင်းကို မြင်ရ၍ နှစ်သက်ဝမ်းမြောက်သကဲ့သို့၊ ထို့အတူ သင်မုဆိုးသည် ဆွေမျိုးဉာတိ အလုံးစုံတို့နှင့် တကွ နှစ်သက်ဝမ်းမြောက်ပါစေ"—

ဟု မုဆိုးအား အနုမောဒနာ ပြုလေ၏၊ ထိုအခါ သမင်မင်းသည် ဤမုဆိုးကား ငါ၏ကိုးကွယ်ရာ ဖြစ်ပေပြီ၊ ငါသည်လည်း မုဆိုး၏ ကိုးကွယ်ရာဖြစ်သင့်၏ဟု နှလုံးသွင်းကာ မိမိတို့ကျက်စားရာ အရပ်၌ မြင်ခဲ့သော ပတ္တမြား တုံးတခုကို မုဆိုးအားပေး၍ "အသင်မုဆိုး···· ယနေ့မှစ၍ ပါဏာတိပါတစသည်ကိုမပြုပါလင့်၊ ဤပတ္တမြားတုံးဖြင့် ဥစ္စာကို ဖြစ်စေ၍ သားမယားကို မွေးမြူကာ ကုသိုလ်ကောင်းမှုကို ပြုပါလော့" ဟု တိုက်တွန်းဆုံးမပြီးလျှင် တောသို့ဝင်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မူဆိုးသည်- ယခုအခါဆန္န။

※ ရွှေသမင်မသည်- ရဟန်းမိန်းမငယ်။

※ သမင်မင်းသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) မိမိချစ်လင်၊ နိမ္မာန်ခွင်၊ ၀င်စေမယားမြတ်။

(၂) မိ,တိရစ္ဆာန်၊ သက်စွန့်ပြန်၊ လွတ်ရန်ကျော့ကွင်းမှတ်။

သုဝဏ္ဏမိဂဇာတ်ပြီး၏။

---

# ၃၆၀-သုယောန္ဒီဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**တဏှာအရင်းပြု ပျင်းရိမှု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တန်ဆာဆင် အပ်သော မိန်းမကို မြင်၍ သာသနာတော်၌ ငြီးငွေ့ပျင်း ရိသော ရဟန်းကို အကြောင်းပြု၍ အောက်ပါအတိတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**မိဖုရားဂဠုန်မြင်
ချစ်ကြိုးငင်**

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် တမ္ဗမင်း မင်းပြုသည်ရှိသော် ထိုမင်းအား သုယောနန္ဒီ အမည်ရှိသော မိဖုရားကြီး ရှိလေ၏၊ ထိုမိဖုရားကြီးသည် မြတ်သော အဆင်းကို ဆောင်၏။

ထိုအခါ ဘုရားအလောင်းသည် ဂဠုန်မျိုး၌ဖြစ်၍ ရှေးအခါ[နာဂဒိပ]ထိုစဉ်အခါ[သေဒုမ]အမည်ရှိသော ကျွန်း ဂဠုန်ပြည်၌ နေလေ၏၊ ထိုဂဠုန်မင်းသည် ဗာရာဏသီ ပြည်သို့သွား၍ လုလင်အသွင် ဘန်ဆင်းကာ တမ္ဗမင်းကြီး နှင့် အတူ ကြွေအန်ကစားလေ့ရှိ၏။

အလုပ်အကျွေးတို့သည် ကြွေအန်ကစားသော လုလင် ကိုမြင်လျှင်သုယောနန္ဒီမိဖုရားကြီးအား ရုပ်ရည်လှပသော လုလင်တယောက်သည် အကျွန်ုပ်တို့ မင်းကြီးနှင့် မပြတ် ကြွေအန်ကစားလေ့ရှိ၏ ဟု လျှောက်ထားကြကုန်၏၊ ထို အခါ မိဖုရားကြီးသည် ထိုလုလင်ကို မြင်လိုသဖြင့် တန်ဆာ ဆင်ကာ မင်းကြီး ကြွေအန်ကစားရာသို့သွားလေ၏၊ ဂဠုန် မင်းနှင့် သုယောနန္ဒီမိဖုရားကြီးတို့ အချင်းချင်း မြင်ကြလျှင် အလွန်တပ်စွန်းသော စိတ်ရှိကြကုန်၏။

**နန်းလုံးမိုက်မှောင်
မိဖုရားဆောင်**

ဂဠုန်မင်းသည် သုယောနန္ဒီကို ခိုးယူမည်ဟု ကြံစည်လျက် မိမိဂဠုန်တို့ အာနုဘော်ဖြင့် ဗာရာဏသီ တပြည် လုံးကို လေပြင်းမုန်တိုင်းကျစေ၏၊ နန်းတော်သည် တသိမ့် သိမ့်တုန်လေ၏၊ထိုအခါ နန်းတွင်းရှိလူတို့သည် နန်းတော်

ကြီးပြိုလိမ့်မည်ကို ကြောက်သောကြောင့် အလျင်အမြန် အပြင်သို့ ထွက်ကြကုန်၏၊ ဂဠုန်မင်းသည် တဘန်အမိုက် မှောင်ကို ကျစေလျက် မိဖုရားကြီးကို ကောင်းကင်ခရီးဖြင့် ဆောင်ယူကာ ဂဠုန်ပြည် မိမိဗိမာန်၌ထားလေ၏၊မိဖုရား ကြီးရောက်ရာအရပ်ကို သိသောသူမရှိလေ။

ဂဠုန်မင်းလည်း သုယောနန္ဒီနှင့်တကွ အလိုရှိတိုင်း မွေ့လျော်၍ တမ္ဗမင်းကြီးထံ သွားကာ ကြွေအန်ကစား မြဲကစားလေ၏၊ တမ္ဗမင်းကြီးလည်း မိဖုရားကြီးရောက်ရာ အရပ်ကို မသိသဖြင့် သဂ္ဂမည်သော စောင်းသမားကိုခေါ် ၍ "အမောင်....မိဖုရားကြီး မည်သည့်အရပ်သို့ရောက်နေ သည်ကိုမသိ သို့အတွက် အမောင်၏အစွမ်းဖြင့် အနှံ့အ ပြားရှာဖွေလျက် မိဖုရားကြီးရောက်ရာအရပ်ကို သိအောင် စုံစမ်းချေ"ဟု စေလွှတ်လိုက်၏။

**စောင်းသံအတွက် သဘောပျက်**

သဂ္ဂစောင်းသမားလည်း ရိက္ခာအပြည့် အစုံယူ၍ မြို့တော်မှထွက်ကာ စုံစမ်း လျက် သွားလတ်သော် [ကုရုကစ္ဆ] သဘောဆိပ်သို့ရောက်လေ၏၊ ထိုအခါ ကုန်သည်တို့သည် သုဝဏ္ဏဘူမိသို့သွားရန် လှေတို့ကိုပြင်ဆင်လျက် ရှိကြကုန် ၏၊ သဂ္ဂစောင်းသမားသည် ကုန်သည်တို့ထံကပ်၍ "အရှင် တို့.... အကျွန်ုပ်စောင်းသမားဖြစ်ပါ၏၊ လိုက်ပါရစေ လှေ ခအတွက် စောင်းတီး၍ပြပါမည်"ဟု တောင်းပန်လေ၏၊ ကုန်သည်တို့လည်း ကောင်းပြီလိုက်ခဲ့ဟုခွင့်ပြုကာ သမုဒ္ဒရာ၌ အတူသွားကြကုန်၏။

ကုန်သည်တို့သည် အတော်သွားမိကြလျှင် စောင်းသံကိုနားထောင်လိုသဖြင့် စောင်းသမားကိုခေါ်၍ "အမောင်···· စောင်းတီးပါနားထောင်လိုကြ၏"ဟု ပြော၏၊ "အရှင်တို့···· အကယ်၍ အကျွန်ုပ်စောင်းတီးပါမူ ငါးတို့ တုန်လှုပ်ချောက်ခြားလာကြလိမ့်မည်၊ ထိုအခါ လှေပျက်စီးလိမ့်မည်"ဟုပြောကြား၏၊ "အမောင်···· စောင်းတီးသဖြင့် ငါးတို့ တုန်လှုပ်ချောက်ခြားခြင်းမည်သည် မရှိခဲ့စဘူး၊ တီးသာတီးပါ"ဟု ပြော၏၊ "အရှင်တို့····ကောင်းပြီ၊အမျက်မထွက်ကြလင့် တီးပါမည်"ဟု စောင်းသံကိုလွှတ်ကာ သီချင်းဆို၍တီးလေ၏၊ စောင်းသံနှင့်သီချင်းသံသည် ကိုက်ညီလျက် အလွန် သာယာနာပျော်ဘွယ် ရှိလေ၏။

**စောင်းသွားတွေပြန်ကျင့်ဖေါက်ပြန်**

ထိုအခါ ငါးတို့သည် စောင်းသံဖြင့် အလွန်ယစ်ကုန်လျက် တုန်လှုပ် ချောက်ခြားလာကုန်၏၊ မကာန်း တကောင်သည် ခုန်သဖြင့် လှေတွင်း၌ကျရကား လှေသည် ကွဲပျက်စီးကာ နစ်မြုပ်လေ၏၊ သဂ္ဂစောင်းသမားသည် ပျဉ်ချပ်တခုကိုရ၍ ပျဉ်ချပ်ပေါ်၌အိပ်လျက် လေစုန်အတိုင်းသွားလတ်သော် သေဒုမကျွန်း ဂဠုန်မင်း၏ ဗိမာန်ဖြစ်သောပညောင်ပင်ကြီးအနီးသို့ရောက်လေ၏၊ ဂဠုန်မင်းလည်းကြွေအန်ကစားသွားခိုက် ဖြစ်လေ၏။

သုယောနန္ဒီသည် ဗိမာန်မှဆင်းသက်ကာ ကမ်းနား၌လှည့်လည်လတ်သော် သဂ္ဂစောင်းသမားကိုမြင်လျှင် သိ၍ "အချင်း···· အသင်ဘယ်မှလာသနည်း"ဟု မေးလေ၏၊

စောင်းသမားလည်း အကြောင်းစုံအဖြစ်အပျက်ကို ပြောကြားလေ၏၊ သုဿောန္ဒိလည်း ''မကြောက်လင့်''ဟုအားပေး၍ စောင်းသမားကို လက်နှစ်ဘက်တို့ဖြင့် ပိုက်ချီကာ ဗိမာန်သို့တင်၍ အပန်းဖြေစေပြီးလျှင် နတ်တို့ဘောဇဉ်ကိုပေး၍ နတ်တို့နံ့သာရေကိုချိုးစေလျက်နတ်တို့အဝတ်ကိုဝတ်စေကာ တဖန် နတ်တို့အိပ်ရာ၌အိပ်စေပြီးလျှင် ကာမဂုဏ်ဖြင့် အလိုရှိတိုင်းမွေ့လျော်စေ၏၊ ဂဠုန်မင်းလာသောအခါ ဖုံးလွှမ်း၍ထားလျက် ဂဠုန်မင်းသွားသောအခါ စောင်းသမားနှင့်မွေ့လျော်လေ၏။

**စောင်းသမားတွေ့ကြုံ မင်းလျှောက်ပုံ**

စောင်းသမားသည် လခွဲ တလလွန်သောအခါ ဗာရာဏသီပြည်မှ ကုန်သည်တို့ရောက်လာပြန်သဖြင့် ထိုကုန်သည်တို့နှင့်အတူ လှေဖြင့် ဗာရာဏသီပြည်သို့ပြန်လေ၏၊ ရောက်လျှင် မင်းကြီးနှင့်ဂဠုန်မင်းတို့ ကြွေအန်ကစားရာသို့သွား၍ စောင်းကိုတီးလျက်—

''အို-တမ္ဗမင်းကြီး....ဤဗာရာဏသီပြည်မှ ဝေးသော ဂဠုန်ပြည်၌ သုဿောန္ဒိနေပါ၏၊ ထိုအရပ်၌ပဿောင်ပင်ကြီးကို ခြံရံ၍ပေါက်နေသော ကြည်းပန်းတို့အနံ့သည် မွှေးကြိုင်လှ၏၊ သမုဒ္ဒရာယ်လည်း အလွန်မြည်ဘိ၏၊ အကျွန်ုပ်ကို ကာမဂုဏ်တို့ထိုးကျင့်လှပါ၏''—

ဟု သီချင်းဆိုကာ တမ္ဗမင်းကြီးအား လျှောက်ထားလေ၏၊ သဂ္ဂစောင်းသမားစကားကို ဂဠုန်မင်းကြားလျှင်—

"အို-သဂ္ဂစောင်းသမား… သင်ကား အဘယ်သို့ သမုဒ္ဒရာကိုကူးသနည်း၊ အဘယ်သို့ သေဒုမကျွန်းကိုမြင်သနည်း၊ အဘယ်သို့ သုယောနန္ဒီနှင့် သင်တို့ ပေါင်းဘော်ရခြင်းဖြစ်သနည်း"–

ဟု စောင်းသမားအား မေးလေ၏။

**အဖြစ် ကုန်စင် လျှောက်ထားတင်**

ထိုနောင်မှ စောင်းသမားသည်–

"အို-တမ္ဗမင်းကြီး….အကျွန်ုပ်သည် ကုရုကစ္ဆ သင်္ဘောဆိပ်မှ သွားသောကုန်သည်တို့နှင့် လိုက်ပါသွားရာ မကာန်းတို့ကြောင့် လှေပျက်စီးခဲ့ရ၏၊ ထိုအခါ ပျဉ်ချပ်တခုဖြင့် ကူးခဲ့၏"။

"အို-တမ္ဗမင်းကြီး….အမြဲ စန္ဒကူးနံ့သာလိမ်းကျံ၍ ရှုချင်ဘွယ် ကြည်ညိုဘွယ်ရှိသော သုယောနန္ဒီသည် အကျွန်ုပ်ကို သိမ်မွေ့ နူးညံ့သောစကားဖြင့် နှစ်သက်စေ၍ အမိသည်သားကို ချီမသကဲ့သို့ လက်နှစ်ဘက်တို့ဖြင့် ချီမခဲ့ပါ၏"။

"အို-တမ္ဗမင်းကြီး….အမူအရာ နူးညံ့စွာကြည့်လေ့ရှိသော သုယောနန္ဒီသည် အကျွန်ုပ်ကို ထမင်းအဖျော် အဝတ်တန်ဆာ အိပ်ရာ နေရာဖြင့်၎င်း, ကိုယ်အတွေ့ဖြင့်၎င်း မွေ့လျော် ရောင့်ရဲစေပါ၏၊ သင်မင်းကြီးသည် ဤသို့သိတော်မူပါလော့"–

ဟု တမ္ဗမင်းကြီးအား လျှောက်ထားပြန်၏၊ ဂဠုန်မင်းသည် စောင်းသမားပြောဆိုနေစဉ်လျှင် နှလုံးမသာသည်ဖြစ်၍ ငါသည် ဂဠုန်ပြည်၌နေလျက်လည်း မိန်းမကို

စောင့်ရှောက်ခြင်းငှါ မတတ်နိုင်၊ သီလမရှိသောမိန်းမဖြင့် အဘယ် အကျိုးရှိအံ့နည်းဟု သုယောနန္ဒီကို တဖန်ယူ ဆောင်ကာ တမ္ဗမင်းကြီးအားပေး၍ ဂဠုန်ပြည်သို့ပြန် လေ၏၊ ထိုအခါမှစ၍ တဖန်မလာတော့ပြီ။

မြတ်စွာဘုရားသည် ဒေသနာတော်ကိုဆောင်၍ သစ္စာ ကိုပြသည်၏အဆုံး၌ သာသနာတော်၌ ငြီးငွေ့သောရဟန်း သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါတမ္ဗမင်းသည်- ယခုအခါ အာနန္ဒာ။

※ ဂဠုန်မင်းသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိန်းမမိညဲ၊ စောင့်နိုင်ခဲ၊ အမြဲကျင့်ယုတ်မာ။

(၂) သုယောနန္ဒီ၊ ကျင့်ပလီ၊ ဌာနီဂဠုန်ရွာ။

(၃) သဂ္ဂမည်ငြား၊ စောင်းသမား၊ ပျော်ပါးနှစ်ချိုက်စွာ။

သုယောနန္ဒီဇာတ် ပြီး၏။

---

## ၃၆၁—ဝဏ္ဏာရောဟဇာတ်

ပဥ္စုပ္ပန်ဝတ္ထု

**ကုန်းတိုက်လျှောက်ထား စားကြွင်းစား** နတ်လူတို့ဆရာဖြစ်တော်မူသောမြတ် စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အဂ္ဂသာဝက

နှစ်ပါးတို့သည် ဤဝါတွင်းဝယ် ဆိတ်ငြိမ်ရာ အရပ်၌ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်း ပွားများကြမည်ဟု မြတ်စွာ ဘုရားထံ ပန်ကြားပြီးလျှင် အခြံအရံကိုခွါ၍ ဇေတဝန် ကျောင်းတော်မှ ထွက်လျက် ပစ္စန္တရွာတခုကိုမှီ၍ တော၌ နေကြကုန်၏။

ထိုအခါ မထေရ်တို့ကို မှီ၍နေသော စားကြွင်းစား တယောက်သည် ရှိသတတ်၊ ထိုစားကြွင်းစားသည်မထေရ် တို့ အညီအညွတ်နေခြင်းကိုမြင်၍ဤမထေရ်တို့ကားအလွန် ညီညွတ်ကြကုန်၏၊ အချင်းချင်းကွဲပြားစိမ့်သော၄ါ တတ်နိုင် ကောင်း၏ဟု ကြံစည်လျက် ရှင်သာရိပုတ္တရာထံ ဆည်း ကပ်၍– "အရှင်ဘုရား.... အရှင်ဘုရားတို့အား ရှင် မောဂ္ဂလာန်နှင့် တစုံတရာ ခိုက်ရန်ဖြစ်ဘူးပါသလော" ဟု လျှောက်၏၊ "ဒါယကာ.... အဘယ်သို့ ဆိုသနည်း"ဟု ပြော၏၊ "အရှင်ဘုရား..အရှင်မောဂ္ဂလာန်သည်အကျွန်ုပ် ဆည်းကပ်သောအခါ၌ ရှင်သာရိပုတ္တရာကား အမျိုး အနွယ်ဇာတ်အားဖြင့်ရင်း, အကြားအမြင် ဉာဏ် ပညာ အားဖြင့်ရင်း,တန်ခိုးအာနုဘော်အားဖြင့်ရင်း အဘယ်မှာ ထူးခြားအံ့နည်းဟု အရှင်တို့ ဂုဏ်ကျေးဇူးမဲ့ကိုပြောဆို ပါ သည်"ဟု ကုန်းတိုက်လေ၏၊ ရှင်သာရိပုတ္တရာသည် ပြုံး၍ "ဒါယကာ....သွားလော့"ဟု ဆိုလိုက်၏။

**သာဝကနှစ်ပါးပင် ကွဲစေချင်**

ထို စားကြွင်းစားသည် နောက်အခါ ရှင်မောဂ္ဂလာန်ထံ ဆည်းကပ် ပြန်၍ ရှေးနည်း အတူ ကုန်းတိုက် ပြန်၏၊ ရှင်မောဂ္ဂလာန်လည်းပြုံး၍"ဒါယကာ....သွားလော့"ဟု

ဆိုလိုက်ပြန်၏၊ ရှင်မောဂ္ဂလာန်သည် ရှင်သာရိပုတ္တရာထံ သွား၍“အရှင်ဘုရား··ဤစားကြွင်းစားသည် အရှင်ဘုရား တို့ထံမှာ တစုံတခုသော စကားကို ဆိုလာ ပါသလော” ဟု လျှောက်၏၊“ငါ့ရှင်··ဆိုလာသည်”ဟုပြောကြားလျှင် “ထိုစားကြွင်းစားကို နှင်ထုတ်ရန်သင့်၏” ဟု တိုင်ပင်ကာ စားကြွင်းစားကို နှင်ထုတ်ပြီးလျှင် မထေရ်နှစ်ပါးတို့သည် ညီညွတ်စွာနေကြကုန်၏။

နောက်အခါ မထေရ်နှစ်ပါးတို့သည် မြတ်စွာဘုရားထံ ဆည်းကပ်၍ ထိုစားကြွင်းစားအကြောင်းကို လျှောက်ထား ကြရာ မြတ်စွာဘုရားသည် “ချစ်သားတို့···· ထိုစားကြွင်း စားသည် ယခုအခါ၌သာ သင်တို့ကို ကွဲပြားအောင် မပြု လုပ်နိုင်သဖြင့် ထွက်ပြေးရသည် မဟုတ်၊ ရှေးအခါ၌လည်း ထွက်ပြေးရဘူးပြီ”ဟု မိန့်တော်မူကာ အောက်ပါအတိတ် ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ချစ်သူနှစ်ဦးကို ပျက်ပြားလို**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရား အလောင်းသည် တော တခုဝယ် ရုက္ခစိုးနတ်ဖြစ်လေ၏၊ ထိုအခါ ခြင်္သေ့နှင့် ကျား တို့သည် အဆွေခင်ပွန်းဖြစ်၍ လိုဏ်ဂူတခုတွင်နေကြကုန်၏၊ မြေခွေးတကောင်သည် ခြင်္သေ့နှင့် ကျားတို့ကို ခစားကာ စားကြွင်းကိုစားလျက် ဝဖြိုးသောကိုယ်ရှိ၏။

တနေ့သ၌ မြေခွေးသည် ငါကား ခြင်္သေ့နှင့် ကျားတို့ အသားကို မစားစဘူး၊ ခြင်္သေ့နှင့်ကျားတို့ကို အချစ်ပျက်

အောင် ကုန်းတိုက်မည်၊ တဦးနှင့်တဦး ခိုက်ရန်ဖြစ်၍ ကိုက်သတ်ကြသည်ရှိသော် အသားတို့ကို စားရလိမ့်မည် ဟု ကြံစည်လျက်—

**မြွေခွေးယုတ်မိုက် ကုန်းချောတိုက်**

ခြင်္သေ့ထံကပ်၍ "အရှင်···· ကျားနှင့် တစုံတရာ ခိုက်ရန်ဖြစ်ဘူးပါသလော" ဟု မေး၏၊"အချင်း···· ခိုက်ရန်မဖြစ်ဘူးပါ"ဟု ပြော၏၊"အရှင်···· ဤကျားကား အကျွန်ုပ်သွားသောအခါ အဆင်းသဏ္ဌာန် အလုံးအရပ် အမျိုးဇာတိ လုံ့လဝီရိယအားဖြင့် ဆယ့်ခြောက်စိတ် စိတ်၍ ငါ့ကို တစိတ်မျှ မမှီနိုင်ဟု အရှင်၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုပါသည်"ဟု ကုန်းတိုက်လေ၏၊ထိုအခါ ခြင်္သေ့သည်"ဟယ် မြေခွေး···· သင်သွားလော့၊ ကျားသည် ဤသို့မပြောဆိုတန်ရာ"ဟု ပြော၍ မြိန်းချောက်လိုက်၏။

မြေခွေးသည် တဘန်ကျားထံသို့ ကပ်ပြန်၍ ရှေးနည်းအတူကုန်းတိုက်ပြန်၏၊ထိုအခါကျားသည်ခြင်္သေ့ထံသွား၍-

"အဆွေခြင်္သေ့မင်း···· သင်သည် ကျားကား အဆင်းသဏ္ဌာန် အလုံးအရပ် အမျိုးဇာတိ လုံ့လဝီရိယအားဖြင့် ငါ့ထက် မမြတ်လွန်းဟု ပြောဆိုမိပါသလော"—

ဟု ခြင်္သေ့အား မေးလေ၏။

**မိတ်ဆွေအတွက် ချစ်မပျက်**

ထိုအခါ ခြင်္သေ့သည် ကျား၏ စကားကိုကြားလျှင်—

"အဆွေကျား…. သင်နှင့် အညီအညွတ် နေသောငါ့ကို မြေခွေးကုန်းတိုက်စကားကို ယုံကြည်၍ သင် ငါ့ကို ပြစ်မှားပါမူ ငါသည် ယခုအခါ သင်နှင့်အတူတကွ မနေလိုတော့ပြီ"။

"အဆွေကျား….သူတပါးတို့ကုန်းတိုက်သောစကားကို အဟုတ်အမှန် ထင်မှတ်ကာ ယုံကြည်သောသူမိုက်၌ အဆွေခင်ပွန်းသည် လျင်မြန်စွာ ပျက်စီးရာ၏၊ ရန်လည်း များစွာတိုးပွါးရာ၏"။

"အဆွေကျား….အခါခပ်သိမ်း မမေ့မလျော့ သတိရှိသည်ဖြစ်၍ အဆွေခင်ပွန်း၏ ပျက်စီးခြင်းကို အလိုမရှိသောသူ, အဆွေခင်ပွန်း ပျက်စီးခြင်းကို ရှုံ့ရှာသောသူ, အဆွေခင်ပွန်း ပျက်စီးခြင်းအကြောင်းကို အစဉ်ရှုသော သူသည်သာ အဆွေခင်ပွန်းဖြစ်၏"။

"အဆွေကျား…. သားသည် အမိ ရင်ခွင်၌ ရှုံ့ရှာခြင်းကင်းလျက် နေသကဲ့သို့ ရှုံ့ရှာခြင်းကင်းလျက်နေသောသူ, သူတပါးတို့ကြောင့် မကွဲပြားသောသူသည်သာ စင်စစ်အဆွေခင်ပွန်းဖြစ်၏"–

ဟု ကျားအား အဆွေ ခင်ပွန်းတို့ ဂုဏ်ကျေးဇူးကို ပြောဆိုသည်ရှိသော် ကျားသည် ခြသေ့မင်းအပေါ်၌ သံသယကင်းလျက် ငါ့အားသာအပြစ်ရှိပေသည်ဟု ခြသေ့မင်းကို ကန်တော့တောင်းပန်လေ၏၊ ထိုကျားနှင့်ခြသေ့တို့သည် ရှေးနည်းအတူသာလျှင် အဆွေခင်ပွန်း မပျက်ကြဘဲ အညီအညွတ်နေကြကုန်၏၊ ထိုအခါ မြေခွေးသည် မနေဝံ့သဖြင့် အရပ်တပါးသို့ ထွက်ပြေးလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-
ရဟန်းတို့....
※ ထိုအခါမြေခွေးသည်-ယခုအခါစားကြွင်းစား။
※ ခြင်္သေ့သည်-သာရိပုတ္တရာ။
※ ကျားသည်-မောဂ္ဂလာန်။
※ ရုက္ခစိုးနတ်သည်-ငါဘုရားဖြစ်လာပြီ-
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကုန်းတိုက်စကား၊မယုံငြား၊ရှည်လျားချစ်မိတ်ဆွေ။
(၂) ကုန်းကိုယုံချက်၊အဆွေပျက်၊ရန်ဆက်ပွါးတတ်လေ။
(၃) မပျက်လိုမူ၊ရှုံ့ရှာမူ၊ကြောင်းရှုချစ်မိတ်ဆွေ၊
(၄) ရှုံ့ရှာကင်းလစ်၊ပေါင်းသင်းသစ်၊စင်စစ်ချစ်မိတ်ဆွေ။

ဝဏ္ဏာရောဟဇာတ်ပြီး၏။

---

## ၃၆၂-သီလဝီမံသဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**သီလစောင့်မှု ကျေးဇူးပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သီလကိုစုံစမ်းသောပုဏ္ဏားကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ ။[ပစ္စုပ္ပန် ဝတ္ထုကား အောက်၌ပြဆိုခဲ့ပြီးသော သီလဝီမံသဇာတ်တို့နှင့်တူပြီ။]

အတိတ်ဝတ္ထု၊

သံသယရှိမှု
စုံစမ်းပြု

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ် ပြည်၌ အတတ်ပညာ သင်ကြားပြီးလျှင် ဗာရာဏသီ မင်းကြီး၏ ပုရောဟိတ်ပုဏ္ဏား ဖြစ်လေ၏၊ပဉ္စသီကို အမြဲစောင့်ရှောက်၏၊ မင်းကြီးလည်း ပုရောဟိတ်အား သီလရှိသောသူ ဖြစ်သည်ဟု အလေးအမြတ်ပြုကာ ကြည့်ရှုချီးမြှောက်၏။

ထိုအခါ ပုရောဟိတ်သည် မင်းကြီးသည် ငါ့ကိုသီလနှင့် ပြည့်စုံ၏ဟု ကြည့်ရှုချီးမြှောက်သလော၊ သို့မဟုတ်အကြား အမြင် ပညာရှိသူဟု ကြည့်ရှု ချီးမြှောက်သလောဟု စုံစမ်းလိုသည်ဖြစ်၍ တနေ့သ၌ ရွှေပန်းထိမ်သည်၏ အသပြာကို သုံးကြိမ်တိုင်အောင် ခိုးယူ၏၊ သုံးကြိမ် စေ့သော အခါ ရွှေပန်းထိမ်သည်သည် သည်းမခံနိုင်တော့ သဖြင့် သူခိုးတည်းဟု ဖမ်းဆီး ချုပ်နှောင်လျက် မင်းကြီးထံပို့ လေ၏။

သီလဂုဏ်ထူး
ပုဏ္ဏားချီးကျူး

မင်းကြီး သည် ပုရော ဟိတ်အား "ပုဏ္ဏား.... အဘယ်ကြောင့် ခိုးယူသနည်း" ဟု မေးသောအခါ ပုရောဟိတ်သည် "အရှင်မင်းကြီး....အကျွန်ုပ်သည် မခိုးယူပါ၊ သီလနှင့် အကြားအမြင်ပညာသည် ဘယ်တရားက မွန်မြတ်သည်ကို စုံစမ်းလို၍ယူခြင်းဖြစ်ပါသည်"ဟု လျှောက်ထားပြီးလျှင် တဖန်–

"မြတ်သောမင်းကြီး…. အကျွန်ုပ်အား သီလ သည်မွန်မြတ်သလော၊ အကြားအမြင်ပညာသည် မွန်မြတ်သလောဟု ယုံမှားသံသယဖြစ်ခဲ့ပြီ၊ ယခု အခါ အကြားအမြင်ပညာထက် သီလကမွန်မြတ် ကြောင်းကို သိရပါပြီ၊ယုံမှားသံသယမရှိတော့ပါ"

"မြတ်သော မင်းကြီး….အမျိုးဇာတ် အဆင်း သဏ္ဌာန်သည် အကျိုးမရှိပါ၊ သီလသာလျှင် မွန် မြတ်၏၊ သီလနှင့် ပြည့်စုံသောသူအား အကြား အမြင် ပညာဖြင့် အကျိုးမရှိပါ"။

"တရားနှင့်မပြည့်စုံသောမင်း၊ တရားနှင့်မပြည့် စုံသော ကုန်သည်၊ ဤနှစ်ဦးတို့ကား လူ့ပြည် နတ် ပြည်တို့ကို စွန့်ခွါကာ ဒုဂ္ဂတိ၌ ဖြစ်ကြရကုန်၏"။

"မင်း, ပုဏ္ဏား,ကုန်သည်,သူဆင်းရဲ,စဏ္ဍာလ ပန်းမှိုက်သွန် ဤသူတို့ကား ဤပစ္စုပ္ပန်ဘဝ၌ တရား ကို ကျင့်ကုန်၍ နတ်ပြည်၌ အတူတကွ ဖြစ်ကြရ ကုန်၏"။

"ဗေဒင်တို့သည် တမလွန်ဘဝ၌ စည်းစိမ်ချမ်း သာကို မပေးနိုင်ကုန်၊ အမျိုးဇာတ် သည်လည်း တမလွန်ဘဝ၌ စည်းစိမ်ချမ်းသာကိုမပေးနိုင်ကုန်၊ ဆွေမျိုးလည်း တမလွန်ဘဝ၌ စည်းစိမ်ချမ်းသာကို မပေးနိုင်ကုန်၊ စင်ကြယ်သော မိမိ၏သီလသည် သာလျှင် တမလွန် ဘဝ၌ စည်းစိမ်ချမ်းသာကို ပေး နိုင်ကုန်၏"။

ဟု မင်းကြီးအား သီလ၏ ဂုဏ်ကျေးဇူးကို ချီးကျူး လျက် လျှောက်ထားပြီး၍ ရသေ့ရဟန်းပြုရန် ခွင့်တောင်း

ပြီးလျှင် ဟိမဝန္တာတောသို့ ဝင်ကာ ရသေ့ ရဟန်းပြု၍ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေလျက် သေလွန်သော အခါ ဗြဟ္မာပြည်သို့လားရ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ သီလကို စုံစမ်း၍ ရသေ့ရဟန်း ပြုသော ပုရောဟိတ်သည်- ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) အဆင်းမျိုးဇာတ်၊ ပညာရပ်၊ မမြတ်မမွန်ပေ။
(၂) စည်းစိမ်ချမ်းသာ၊ မပေးရာ၊ နောက်ခါဘဝတွေ။
(၃) သီလမွန်မြတ်၊စည်းစိမ်ရပ်၊ပေးတတ်နောက်ဘဝေ။

သီလဝီမံသဇာတ်ပြီး၏။

---

# ၃၆၃-ဟိရိဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**ကျေးဇူးမသိလတ် ပျက်စီးတတ်**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံး တော်မူစဉ် အနာထပိဏ်သူဌေး၏ အဆွေခင်ပွန်းဖြစ်သော ပစ္စန္တရစ်သူဌေးကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ ။[ပစ္စုပ္ပန်ဝတ္ထု, အတိတ်ဝတ္ထုတို့သည် ဧကက နိပါတ် နဝမဝဂ်အဆုံး ဇာတ်နှင့်တူကုန်ပြီ။]

## အတိတ်ဝတ္ထု၊

**ကျေးဇူးတုံ့လတ်မိတ်ဆွေမြတ်**

ဤဟိရိဇာတ်၌ကား ပစ္စန္တရစ် သူဌေး၏ လူတို့သည် ဥစ္စာပစ္စည်း အလုံးစုံကို အလုအယက် ခံကြရကုန်၍ ဗာရာဏသီပြည်မှ ထွက်ပြေးကြရကုန်၏ ဟု ဗာရာဏသီ သူဌေးအား ကြားလျှောက်ကုန်သည်ရှိသော် ဗာရာဏသီသူဌေးသည် မိမိထံသို့လာသောသူတို့အားပြုအပ်သောကျေးဇူးကို တဘန်ပြန်၍ မပြုသော သူတို့မည်သည်ကား ကျေးဇူးတုံ့ပြုတတ်သော သူတို့ကို မရကုန်သည်သာတည်းဟု ပြောဆိုပြီး၍—

"အချင်းတို့····ရှက်ခြင်းကိုလွန်၍အဆွေခင်ပွန်းအဖြစ်ကို စက်ဆုပ်အပ်သည်ဖြစ်၍ ငါကား သင်၏အဆွေခင်ပွန်းဖြစ်၏ဟု စကားမျှကိုသာ ပြောဆိုလျက် မြတ်သော အမှုကိစ္စတို့ကို မပြုသောသူကို ဤသူကား ငါ၏အဆွေခင်ပွန်းမဟုတ်ဟု သိရာ၏။

ပြုလုပ်သော အမှုကိုသာ ပြောဆိုရာ၏၊ မပြုလုပ်သောအမှုကို မပြောဆိုရာ၊ ပြောဆိုပါလျက် မပြုလုပ်သောသူကို ပညာရှိတို့ သိကြကုန်၏။

အခါခပ်သိမ်း မမေ့မလျော့သော သတိရှိသည်ဖြစ်၍ အဆွေခင်ပွန်း ပျက်စီးခြင်းကို အလိုမရှိသောသူ၊ အဆွေခင်ပွန်းပျက်စီးခြင်းကို ရှုရှာသောသူ၊ အဆွေ ခင်ပွန်း ပျက်စီးခြင်း အကြောင်းကို အစဉ်ရှုသောသူတို့သာ အဆွေခင်ပွန်းဖြစ်၏"။

မိတ်ဆွေကျင့်မြတ်ကျညီအပ်

“သားသည် အမိ၏ရင်ခွင်၌ ရွှံ့ရှားခြင်းကင်းလျက် နေသကဲ့သို့ ရွှံ့ရှားခြင်းကင်းလျက်နေသောသူ၊ သူတပါးတို့ကြောင့် မကွဲပြားသော သူသည်သာ စင်စစ်အဆွေခင်ပွန်းဖြစ်၏”။

“အကျိုးအာနိသင်ကို မြင်၍ ယောကျ်ားတို့ ရွက်ဆောင်အပ်သော ဝန်ကို ရွက်ဆောင်သော သူသည် ဝမ်းမြောက် ခြင်းကို ပြုတတ်သော အကြောင်းကိုရင်း၊ ချီးမွမ်းခြင်းကို ဆောင်တတ်သော ချမ်းသာကိုရင်း တိုးပွားစေ၏၊ ပဝိဝေက ကို မှီ၍ ဖြစ်သော ဝမ်းမြောက်ခြင်းအရသာကိုရင်း၊ ကိလေသာ ငြိမ်းခြင်း၏အစွမ်းဖြင့် ရအပ်သော ဝမ်းမြောက်ခြင်း အရသာကိုရင်း၊ ဓမ္မပီတိဟု ဆို အပ်သော ဝိမုတ္တိအရသာကိုရင်း သောက်သော သူသည် ကိလေသာ ပူပန်ခြင်းမရှိ၊ အကုသိုလ် လည်းမရှိ”—

ဟု ယုတ်မာသော အဆွေခင်ပွန်းနှင့် ပေါင်းဘော်မိ ခြင်းကြောင့် ထိတ်လန့်ခြင်းဖြစ်၍ ပဝိဝေက၏ အစွမ်းဖြင့် အမြိုက်နိဗ္ဗာန်သို့ ရောက်စေပြီးလျှင် ဒေသနာတော်၏ အထွတ်ကိုယူကာ ပြောဆိုဆုံးမလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ ဗာရာဏသီ သူဌေးသည်- ယခုအခါ ငါ
ဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ခင်ပွန်းဖြစ်ရန်၊ စက်ဆုပ်ပြန်၊ ကျော်လွန်အရှက်ကို။
(၂) စကားကောင်းနှုတ်၊ မှုမလုပ်၊ မဟုတ်ခင်ပွန်းဆို။
(၃) မပျက်လိုမှု၊ ရှုံ့ရှာမှု၊ ကြောင်းရှုခင်ပွန်းဆို။
(၄) ရှုံ့ရှာကင်းလစ်၊ ပေါင်းသင်းလစ်၊ စင်စစ်ခင်ပွန်းဆို။

ဟိရိဇာတ်ပြီး၏။

---

## ၃၆၄—ခဇ္ဇောပနကဇာတ်

[ဤ ခဇ္ဇောပနကဇာတ်သည် မဟာဥမင်္ဂဇာတ်၌ ထင်
စွာဖြစ်လတံ့။]

---

## ၃၆၅—အဟိတုဏ္ဍိကဇာတ်

ပဉ္စ၊ပဉ္စ၊ဝ၊၈၊

**ကိုယ်နှုတ်ကြမ်းကြုတ် လွန်စက်ဆုတ်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းကြီးတပါး သည် ရွာသူသားငယ်ကို ရှင်သာမဏေ ပြုစေပြီးလျှင် ဆဲရေးပုတ်ခတ်၏၊ သာမဏေငယ်သည် ပြေး၍လူထွက်

၏၊ နှစ်ကြိမ်မြောက်လည်း ရှင်သာမဏေ ပြုစေ၍ ရှေးနည်းအတူပြုပြန်၏၊ သုံးကြိမ်မြောက်လည်း ရှေးနည်းအတူပြုပြန်၏၊ သာမဏေငယ်သည် လှုထွက်၍ တဘန်တောင်းပန်သော်လည်း ထိုရဟန်းကြီးကို ကြည့်ရှုခြင်းငှါ အလိုမရှိပေ။

ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့.... ဤမည်သော ရဟန်းကြီးသည် သာမဏေငယ်နှင့် အတူတကွနေခြင်းငှါလည်းမတတ်နိုင်၊ကင်း၍နေခြင်းငှါလည်း မတတ်နိုင်၊ သာမဏေငယ်သည် ရဟန်းကြီး၏အပြစ်ကို မြင်၍ကြည့်ရှုခြင်းငှါပင် အလိုမရှိပေ"ဟုစကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့.... ဤသာမဏေငယ်သည် ယခုအခါ၌သာ လိမ်မာသောစိတ်ရှိသဖြင့် တကြိမ်အပြစ်ကိုမြင်၍ ပြန်၍ကြည့်ခြင်းငှါ အလိုမရှိသည်မဟုတ်၊ရှေးအခါ၌လည်း အလိုမရှိသည်သာတည်း"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု၊

**မျောက်ကိုအပ်သွား အလမ္ဗာယ်သမား**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် စပါးကုန်သည်မျိုး၌ဖြစ်၍ စပါးကိုရောင်းချကာ အသက်မွေးလေ၏၊ထိုအခါအလမ္ဗာယ်သမားတယောက်သည် မျောက်ကိုယူ၍ အတတ်ပညာသင်ပြီးလျှင် မြွေကို ကစားစေ၍

ဗာရာဏသီ ပြည်၌ ပွဲသဘင် ကြွေးကြော် လတ်သော် မျောက်ကို စပါးကုန်သည်ထံတွင် အပ်နှံကာ မြွေကို အလမ္ဗာယ်ပြုလျက် ခုနစ်ရက်ပတ်လုံး ပွဲသဘင်၌ လှည့်လည်လေ၏၊ စပါးကုန်သည်လည်း ထိုမျောက်အားခဲဘွယ် ဘောဇဉ်ကိုပေးလေ၏။

အလမ္ဗာယ်သမားလည်း ခုနစ်ရက်မြောက်နေ့၌ ပြန်လာ၍ မျောက်ကို ဝါးခြမ်းစိတ်ဖြင့် သုံးကြိမ်ရိုက်နှက်၍ ယူပြီးလျှင် ဥယျာဉ်တခုသို့သွား၍ တနေရာ၌ ချည်နှောင်ကာ အိပ်ပျော်လေ၏၊ မျောက်လည်း ကြိုးကိုဖြေ၍ သရက်ပင်သို့ တက်ပြီးလျှင် သရက်သီးတို့ကို စားလျက်နေ၏။

ကြမ်းကြုတ်သူမှ ရှုံမှုန်းလှ

အလမ္ဗာယ်သည် နိုး၍ သရက်ပင်၌ မျောက်ကိုမြင်လျှင် ထိုမျောက်ကိုဖြား ယောင်းသွေးဆောင်၍ ယူသင့်သည်ဟု ကြံစည်၍—

“အို-ကောင်းသောမျက်နှာရှိသောမျောက်…. ငါသည် ကြွေအန်ကစားကြူး၍ ရှုံးခဲ့၏၊ သရက်သီးမှည့်တို့ကို ချပါလော့၊ သင်၏လုံ့လကြောင့် ဖြစ်သော သရက်သီးမှည့်တို့ကို ငါစားလို၏”—

ဟု မျောက်အား စကားပြောဆိုကာ သွေးဆောင် ဖြားယောင်းလေ၏၊ မျောက်သည် အလမ္ဗာယ်စကားကို ကြားလျှင်—

“အချင်း-အလမ္ဗာယ်….သင်ကားငါ့ကိုမဟုတ် မမှန်သောစကားဖြင့် ချီးကျူးဘိ၏၊ သင့်စကားသည် ချွတ်ယွင်းစွတကား၊ သင်ဘယ်အခါကောင်း

သော မျက်နှာရှိသော မျောက်ကို ကြားလည်း ကြားဘူး ပါသလော၊ မြင်လည်း မြင်ဘူးပါသလော”—

“သင်သည် စပါးဈေးသို့ဝင်ပြီးလျှင် ငါ့ကိုလွှတ်ခဲ့၍ မွတ်သိပ် ဆာလောင်နေသော ငါ့ကိုရိုက်နှက်ဘိ၏၊ ဤလိုရိုက်ခြင်းကိုသင်သည် ယခုလည်းအမှတ်ရ၏လော”—

“ငါသည် ဆင်းရဲစွာအိပ်ရခြင်းကိုအမှတ်ရ၏၊ သင်သည် ငါ့ကိုဘေးဖြင့် ခြိမ်းချောက်ဘိ၏၊ ထို့ကြောင့် သင်သည် ငါ့ကို မင်းဖြစ်အောင် ပြုလုပ်ပေးစေကာမူ ငါသည် တောင်းနေသောသင့်အား မပေးတော့သည်သာတည်း”—

“အမျိုးဇာတ်၌ဖြစ်သော, ရောင့်ရဲသောအထီးမကျန်သော, ဝန်မတိုသောသူကိုလည်း သိရာ၏၊ ပညာရှိသည် ထိုသူနှင့် အဆွေခင်ပွန်းအဖြစ် မိတ်သင်္ဂဟအဖြစ်ကို ပြုခြင်းငှါထိုက်၏”—

ဟု အလမ္ဗာယ်အား ပြောဆိုပြီးလျှင် တောသို့လျှင် မြန်စွာ ဝင်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ အလမ္ဗာယ်သမားသည်- ယခု အခါ ရဟန်းကြီး။

※ မျောက်သည်-သာမဏေ။
※ စပါးကုန်သည်သည်-ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ရောင့်ရဲမျိုးမှန်၊ ထိုးမကျန်၊ ပေါင်းရန်ဝန်မတို။
(၂) တကြိမ်ဖြင့်ပင်၊ အပြစ်မြင်၊ ရှောင်ကြဉ်အင်သည်ကို။
(၃) တောမျောက်ဉာဏ်ကျယ်၊ အလမ္ပာယ်၊ ရှောင်ဖယ်သွားသလို။

အဟိတုဏ္ဍိကဇာတ်ပြီး၏။

---

## ၃၆၆–ဂုမ္ဗိယဇာတ်

**ပဥ္စမ၊ ပဏ္ဏာသ။**

**အဆိပ်ပမာ ကိလေသာ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတပါးသည် တန်ဆာဆင်သောမိန်းမကိုမြင်၍ သာသနာတော်၌ ငြီးငွေ့ပျင်းရိလျက်နေ၏။

မြတ်စွာဘုရားသည် ထိုရဟန်းကိုခေါ်တော်မူ၍ "ချစ်သားရဟန်း.... သာသနာတော်၌ ငြီးငွေ့ပျင်းရိ၏ဟူသည် မှန်သလော"ဟု မေးမြန်းတော်မူရာ မှန်ကြောင်းလျှောက်ထားလေလျှင် "ချစ်သားရဟန်း.... ကာမဂုဏ်ငါးပါးတို့ကား ဂုမ္ဗိယဘီလူးသည် လတ်တလောသေစေတတ်သော အဆိပ်ကိုထည့်၍ ခရီးလမ်း၌ထားအပ်သော ပျားရည်နှင့်တူကုန်၏"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ဘီလူးအဆိပ်ပျား မသိသူစားး**

လွန်လေပြီးသောအခါ ဗာ ရာ ဏ သီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် လှည်းကုန်သည်မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ကုန်ရောင်းရန် လှည်းငါးရာတို့ဖြင့်သွား၍ တောအုပ်အဝင်ဝသို့ ရောက်လျှင် လူတို့ကိုစည်းဝေးစေ၍ "အချင်းတို့…. ဤလမ်းခရီး၌ အဆိပ်ရှိသော အရွက် အပွင့် အသီးတို့ရှိကုန်၏၊ လမ်းခရီး၌လည်းထားကုန်၏၊ သို့အတွက် ငါ့ကိုမပန်ကြားဘဲ မည်သည့်အရွက် အပွင့် အသီး အစာအာဟာရကိုမျှ မစားကြလင့်"ဟု ပြောဆိုဆုံးမလေ၏။

ထိုအခါဂုမ္ဘိယဘီလူးသည် တောအုပ်အလယ်၌သစ်ရွက်တို့ကိုခင်း၍ လတ်တလောသေစေတတ်သော အဆိပ်နှင့် ယှဉ်သော ပျားလပို့တို့ကိုထားလျက် မိမိမူကား လမ်းခရီးအနီး၌ ပျားရှာသကဲ့သို့ရင်း, သစ်ပင်တို့ကို ပေါက်သကဲ့သို့ရင်း လှည့်လည်လျက်နေ၏၊ မသိသူတို့သည် ကုသိုလ်ရရန်ထားသည်ဖြစ်လိမ့်မည်ဟု မှတ်ထင်ကာစားကြ၍ သေကြေပျက်စီးကြကုန်၏၊ ထိုအခါ ဘီလူးတို့သည်လာ၍ လူသေတို့ကိုစားကြကုန်၏။

**ဆုံးမလိုက်နာ ချမ်းသာစွာ**

လှည်းကုန်သည်တို့သည် ရောက်လာ၍ ထိုပျားလပို့တို့ကို မြင်ကြလျှင် ပညာမဲ့သူအချို့တို့သည် သည်းမခံနိုင်သဖြင့်စားနှင့်ကြကုန်၏၊ ပညာရှိသူအချို့တို့သည် လှည်းမှူးကိုမေး၍ စားကြမည်ဟု သည်းခံကာ စောင့်ဆိုင်းကြကုန်၏၊ လှည်း

မှူးရောက်လာလျှင် လက်၌ကိုင်ထားသော ပျားလပို့တို့ကို စွန့်စေကုန်၏၊ ရှေးဦးစွာ အဝစားနှင့်သူတို့သည် သေကြကုန်၏၊ ထက်ဝက်စားဆဲသူတို့အားအန်ဆေးကိုကျွေး၍အန်စေပြီးလျှင် စတုမဓုကိုကျွေးသဖြင့် အသက်ချမ်းသာကုန်၏၊ လှည်းမှူးသည် လှည်းငါးရာတို့ဖြင့် မိမိလိုရာအရပ်သို့သွားကာ ပါသောဘဏ္ဍာတို့ကို ရောင်းချပြီးလျှင် မိမိတို့အိမ်သို့ ချမ်းသာစွာရောက်လေ၏။

**ကာမဂုဏ်ဆိပ်များ ဘေးရန်များ**

မြတ်စွာဘုရားသည် အတိတ်ကိုဆောင်တော်မူ၍ဘုရားဖြစ်တော်မူသောအခါ—

"ရဟန်းတို့....ပျားရည်အဆင်း,ပျားရည်အနံ့, ပျားရည်အရသာရှိသော အဆိပ်မျိုး၌၏၊ အစာကိုရှာသော ဂုမ္ဗိယဘီလူးသည် ထိုအဆိပ်မျိုးကို တော၌ထားဘိ၏။

ထိုအဆိပ်ကို ပျားရည်ထင်မှတ်သဖြင့် စားကြသောသူတို့အား ထိုအဆိပ်တက်ခြင်းကြောင့် သေကြေပျက်စီးကြကုန်၏။

ဉာဏ်ပညာဖြင့်ဆင်ခြင်၍ ထိုအဆိပ်ကို ရှောင်ကြဉ်သောသူတို့ကား သေကြ နာကြသော သူတို့အထဲမှ ချမ်းသာကုန်၏၊ အဆိပ်သင့်သော သူတို့အထဲမှ ငြိမ်းအေးကုန်၏"။

"ဤအတူ လူတို့၌ကာမဂုဏ်ငါးပါးသည် အဆိပ်မည်၏၊ ထိုအဆိပ်သည် အာမိသလည်းဖြစ်၏၊ အနှောင်အဖွဲ့လည်းဖြစ်၏၊ခန္ဓာကိုယ်လိုဏ်ဂူ၌ကိန်းအောင်း၍နေသော သေမင်းနှင့်လည်းတူ၏။

ဤအတူလျှင် လုပ်ကျွေးတတ်သော ဤကာမ
ဂုဏ်ငါးပါးတို့ကို ကြောက်ရွံ့သည်ဖြစ်၍ ဘယ်အခါ
မဆို ရှောင်ကြဉ်သောသူတို့ကား လောက၌ ကိလေ
သာကိုလွန်မြောက်ကုန်၏”—

ဟု ရဟန်းတို့အား ကာမဂုဏ်ငါးပါးတို့၏ အပြစ်ကို ဟောကြားတော်မူ၏။

ဤဒေသနာကိုဆောင်တော်မူပြီးလျှင်သစ္စာကိုပြသည်၏ အဆုံး၌ သာသနာတော်၌ ငြီးငွေ့ပျင်းရိသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ လှည်း ကုန်သည် [မှူး] သည်-ယခုအခါ
ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ကာမဂုဏ်ငါး၊ အဆိပ်လား၊ လျင်လျားသေစေသည်။
(၂) အာမိသတူ၊ နှောင်ဖွဲ့တူ၊ ဂုအောင်းသေမင်းမည်။
(၃) ရှောင်သူချမ်းသာ၊ သုံးသူမှာ၊ ပူဆာပျက်စီးမည်။
(၄) ဂုမ္ဗဘီလူး၊ သားစားကြူး၊ ထားဘူးဆိပ်ပျားရည်။

ဂုမ္ဗိယဇာတ်ပြီး၏။

# ၃၆၇–သာလိယဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**ဒေဝဒတ်ကြောင်းပြု မိန့်ဆိုမှု**

နတ် လူ တို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ဆေးသမားလှည့်စား ကလေးများ**

လွန်လေ ပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ရွာငယ် တခုတွင် သူကြွယ်မျိုး၌ဖြစ်၍ ငယ်ရွယ်စဉ်အခါ မြေမှုန့် ကစားဘက်ဖြစ်သော သူတို့နှင့် ရွာတံခါးအနီးရှိ ပညောင် ပင်ရင်း၌ ကစားလျက်နေ၏။

ထိုအခါ ဆေးသမားတယောက်သည် ရွာတွင်း၌ တစုံ တယောက်သောသူကိုမျှ ဆေးမကုရသဖြင့် ဆေးဘိုးဝါးခ မရဘဲ ရွာမှထွက်သည်ရှိသော် ထိုသူငယ်တို့ ကစားရာအရပ် သို့ရောက်၍ သစ်ခွကြားတွင် ဦးခေါင်းထွက်ကာ အိပ်နေ သော မြွေကိုမြင်လျှင် ငါသည် ဤသူငယ်တို့ကိုလှည့်ပတ်ကာ မြွေကိုကိုက်စေ၍ ဆေးဝါးကု-မ-ရလျှင် ဆေးဘိုးဝါးခရပေ မည်ဟု ကြံစည်ကာ သူကြွယ်သားသူငယ်ကို "အမောင်.... ဆက်ရက်ငယ်ကို မြင်လျှင် ဘမ်းမည်လော" ဟု မေး၏၊ "ဆရာကြီး.... ဘမ်းမည်" ဟု ပြော၏၊ "အမောင်....

ကြည့်လော”ဟု ပြော၍ သစ်ခွကြားတွင် ဦးခေါင်းထွက်ကာ အိပ်နေသော မြွေကိုပြလေ၏။

**စိတ်ယုတ်ကျင့်ဖေါက်ကိုယ့်ကိုရောက်**

သူငယ်လည်း မြွေမှန်းမသိသည် ဖြစ်၍ သစ်ပင်ထက်သို့ လျင်မြန်စွာ တက်၍ မြွေ၏လည်ပင်းကို ဆုပ်ကိုင်မိလျှင် မြွေမှန်းသိသဖြင့် ကြောက်လန့်ရကား မလွတ်ရအောင် ကိုင်ပြီးလျှင် သစ်ပင်ထက်မှ လျင်မြန်သောအဟုန်ဖြင့် အောက်သို့ ပစ်ချလိုက်၏၊ ထိုမြွေသည် ဆေးသမား၏ လည်ပင်းပေါ်သို့ကျ၍ လည်ပင်းကို ရစ်ပတ်ကာ [ကရ-ကရ] ဟု မြည်လျက် ကိုက်၍ ဆေးသမားကို ထိုအရပ်၌ လဲစေပြီးလျှင် ပြေးလေ၏၊ အနီးရှိလူတို့လည်း ခြံရံကာ ကြည့်ရှုကြကုန်၏၊ ထိုအခါ သူကြွယ်သား သူငယ်သည်—

“အချင်းတို့…. မြွေဟောက်ကို ဆက်ရက်ငယ်ဟူ၍ လှည့်ပတ်ပြောဆိုကာ ဘမ်းယူစေ၏၊ လှည့်ပတ်ပြောဆိုသော ဤဆေးသမားသည်ပင် ထိုမြွေဟောက် ကိုက်၍သေရ၏။

မညှဉ်းဆဲ မသတ်ဖြတ်ထိုက်သူကို ညှဉ်းဆဲသတ်ဖြတ်ရန်အလိုရှိသော ဤဆေးသမားသည် သေ၍ အိပ်ရသကဲ့သို့ ထို့အတူ မညှဉ်းဆဲမသတ်ဖြတ်ထိုက်သူကို ညှဉ်းဆဲ သတ်ဖြတ်သူတို့လည်း သေ၍အိပ်ကြရမည်။

လေညာသို့ ပစ်လွှင့်သော မြူမှုန်သည် ပစ်လွှင့်သူကိုသာ ပြန်၍ညှဉ်းဆဲသကဲ့သို့၊ထို့အတူ ဤဆေး



P.210 အလမ္ပါယ်ဆရာ အကောက်ဥာဏ်ဖြင့် သူငယ်အားသစ်ခေါင်းတွင်းအနှိုက်ခိုင်းရာ မြွေမှန်းသိ၍ဖြင့် အောက်သို့ ပစ်လိုက်ပုံ။

သမားလည်း မိမိသည်ပင်လျှင် မိမိကိုယ်ကို သတ်ဘိ၏။

လေညာသို့ပစ်လွှင့်သော မြူမှုန်သည် ပစ်လွှင့်သူကိုသာ ပြန်၍ညှဉ်းဆဲသကဲ့သို့ ထို့အတူ အပြစ်မရှိ စင်ကြယ်၍ မပြစ်မှားထိုက်သူကို ပြစ်မှားသော မကောင်းမှုသည် ပြစ်မှားသူ လူမိုက်ကိုသာ ပြန်၍ ညှဉ်းဆဲဘိ၏"—

ဟု ရောက်လာသော ပရိသတ်အား အကျိုးအကြောင်း ပြကာ ဆုံးမဟောကြားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဆေးသမားသည်-ယခုအခါ ဒေဝဒတ်။

※ ပညာရှိ သူငယ်သည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

၁။ သူတပါးမှန်၊ မကောင်းဘန်၊ ကိုယ်ဒဏ်ထိမည်သာ။

၂။ လေညာသို့မှု၊ လွှင့်သည့်မြူ၊ လွှင့်သူညှဉ်းဆဲရာ။

၃။ မသတ်ထိုက်သူ၊ သတ်ခဲ့မူ၊ သတ်သူသေသည်သာ။

၄။ မညှဉ်းထိုက်သူ၊ ညှဉ်းဆဲမူ၊ ညှဉ်းသူဆင်းရဲရာ။

သာလိယဇာတ်ပြီး၏။

# ၃၆၇–တစသာရဇာတ်

### ပစ္စုပ္ပန်ဝတ္ထု။

ပညာပါရမီတော် ချီးကျူးဖော်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းတို့သည် မြတ်စွာဘုရား၏ ပညာပါရမီတော်ကို ချီးကျူး ပြောဆို၍ နေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့....ငါဘုရားသည် ယခုအခါ၌သာ ပညာရှိသည်၊ဥပါယ်၌လိမ္မာသည်မဟုတ်၊ရှေးအခါ၌လည်း ပညာရှိသည်၊ ဥပါယ်၌လိမ္မာသည်သာတည်း"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု။

ဖမ်းဆီးလာရေး မင်းကြီးမေး

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ရွာငယ် တခုတွင် သူကြွယ်မျိုး၌ဖြစ်၍ ငယ်ရွယ်စဉ်အခါ မြေမှုန့် ကစားဘက် ဖြစ်သော သူတို့နှင့်အတူ ရွာတံခါးအနီးရှိ ပညောင်ပင်ကြီးရင်း၌ ကစားလျက်နေ၏၊ [အလုံးစုံသော စကားအစဉ်သည် သာလိယဇာတ်နှင့်တူပြီ။]

ဤတစသာရဇာတ်၌ကား အထူးအားဖြင့် ဆေးသမား သေသည်ရှိသော် ရွာ၌နေကုန်သော လူတို့သည် သူငယ်တို့ ကို လူသတ်သော သူငယ်တို့ဟူ၍ ဝါးလုံး တောက်တို့ဖြင့် နှောင်ဖွဲ့ကာ မင်းကြီးထံသို့ ဆောင်ယူကြကုန်၏။

သူကြွယ်သား သူငယ်သည် ခရီးအကြား၌ ကစားဘက်ဖြစ်သောသူငယ်အား "အမောင်တို့····မကြောက်ကြကုန်လင့်၊မင်းကြီးကိုမြင်လျှင်လည်း မကြောက်ကြဘဲကြည်လင်သောမျက်နှာ ရှိကြကုန်လော့၊ မင်းကြီးသည် ငါတို့နှင့်ရှေးဦးစွာ စကား ပြောလိမ့်မည်၊ ထိုအခါ ငါပြောမည်" ဟု အဆုံးအမပေးလေ၏၊ သူငယ်တို့လည်း ပညာရှိသူငယ်ပြောတိုင်း နားထောင်ကြကုန်၏။

မင်းကြီးထံသို့ ရောက်သောအခါ မင်းကြီးသည် ကြည်လင်သောမျက်နှာရှိသော သူငယ်တို့ကိုမြင်လျှင်—

"အိုသူငယ်တို့···· သင်တို့ကား ရန်သူလက်သို့ရောက်ကာ ဝါးလုံးတောက်တို့ဖြင့် နှောင်ဖွဲ့ခြင်းကိုခံရပါလျက် ကြည်လင်သောမျက်နှာ ရှိကြကုန်၏၊ အဘယ်ကြောင့် မစိုးရိမ်ကြသနည်း"—

ဟု သူငယ်တို့အား ချီးမွမ်းအံ့ဩကာ မေးမြန်းလေ၏။

**သူငယ်ပညာရှိ လျှောက်ထား၏**

ပညာရှိသူငယ်သည် မင်းကြီးစကားကို ကြားလျှင်—

"မြတ်သောမင်းကြီး···· စိုးရိမ်ခြင်း ငိုကြွေးခြင်းဖြင့် စင်စစ် အနည်းငယ်မျှသော အကျိုးကို မရရှိပေ၊ စိုးရိမ်ငိုကြွေးလျက် ဆင်းရဲနေသည်ကို မြင်လျှင် ရန်သူတို့သည် ဝမ်းမြောက်ကြကုန်၏။

ဘေးရန် ဖြစ်လာသည်ရှိသော် အကျိုးစီးပွားအဆုံးအဖြတ်ကို သိမြင်သော ပညာရှိသည်

မတုန်လှုပ်ပါ၊ ရန်သူတို့သည် မဘောက်မပြန် ပကတိအတိုင်း တည်ရှိသော မျက်နှာကိုမြင်လျှင် ဆင်းရဲကြကုန်၏။

ဖြစ်လာသော အမှုကိစ္စတို့၌ အကျိုးစီးပွား ကို ရရာရကြောင်းဖြစ်သောမန္တန် မန်းမှုတ်ခြင်း, ပညာရှိတို့နှင့် တိုင်ပင်ခြင်း, ချစ်ဘွယ်သောစကား ကိုပြောဆိုခြင်း, တရားသူကြီးတို့အား တံစိုးလက် ဆောင်ပေးခြင်း, ဆွေမျိုးစဉ်ဆက်ကို ပြောဆိုခြင်း တို့ဖြင့် ရန်သူတို့ကို အောင်မြင်ရာ၏၊အကျိုးစီးပွား ရရာ ရကြောင်းကိုသာ လုံးလပြုရာ၏။

အကျွန်ုပ်သည်ငင်း, သူတပါးသည်ငင်း,အကျိုး စီးပွားကို မရတော့ပြီဟု သိမြင်သောအခါ၌ကား မစိုးရိမ်ကြဘဲကံသည်မြဲလှ၏၊ကံအတိုင်းဖြစ်ရသည် ကိုအဘယ်သို့ပြုလုပ်နိုင်မည်နည်း ဟုနှလုံးသွင်းကာ သည်းခံရာ၏''—

ဟု မင်းကြီးအား မစိုးရိမ်ခြင်း,မငိုကြွေးခြင်း အကြောင်း ကိုလျှောက်ထားလေ၏၊ မင်းကြီးလည်း ပညာရှိသူငယ်၏ တရားစကားကိုကြားရလျှင် အမှုကို စုံစမ်းစစ်ဆေးကာ သူငယ်တို့အား အပြစ်မရှိကြောင်းကိုသိ၍ ဝါးတောက်တို့ ကို ဖြုတ်ပယ်စေပြီးလျှင် ပညာရှိသူငယ်အား ကြီးစွာ သောစည်းစိမ်ကိုပေး၍ အကျိုးအကြောင်းပြ၍ ဆုံးမသော ပညာရှိအမတ်ရာထူးဖြင့် ချီးမြှောက်လေ၏၊ ကြွင်းသောသူ ငယ်တို့အားလည်း ထိုက်တန်သော စည်းစိမ်ကိုပေး၍ ရာထူးဖြင့် ချီးမြှောက်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ ဗာရာဏသီမင်းသည်-ယခုအခါ အာနန္ဒာ။

※ သူငယ်တို့သည်- ထေရ်ကြီးထေရ်ငယ်များ။

※ ပညာရှိ သူငယ်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဘေးရန်နှင့်ကြုံ၊ မစိုးရိမ်၊ တည်ငြိမ်ကြည်မျက်နှာ။
(၂) ဝမ်းသာရန်သူ၊ ဘောက်ပြန်မူ၊ တည်မူဆင်းရဲမှာ။
(၃) အမှုကြုံပြန်၊ ကျိုးများရန်၊ မနှန်မန်းမှတ်ပါ။
(၄) ဆွေစဉ်ပြောရေး၊ တံစိုးပေး၊ ဆွေးနွေးပညာဝါ။
(၅) ချစ်ဘွယ်စကား၊ ပြောဆိုငြား၊ မမှားအောင်နိုင်ရာ။
(၆) ကျိုးမပြီးက၊ ကံကိုချ၊ ဒုက္ခသည်းခံပါ။

တစသာရဇာတ် ပြီး၏။

---

# ၃၆၉- မိတ္တဝိန္ဒကဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ရဟန်းပေါ့ပျက် ဆုံးမခက်**

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌သီတင်းသုံးတော်မူစဉ် အဆုံးမ ခက်သော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ ။[မဟာမိတ္တဝိန္ဒကဇာတ်၌ ထင်စွာဖြစ်လတံ့။]

## အတိတ်ဝတ္ထု၊

**အလိုကြီးလှ ငရဲကျ**

ဤမိတ္တဝိန္ဒကဇာတ်၌ကား မိတ္တဝိန္ဒကသည် သမုဒ္ဒရာ၌ ပစ်ချအပ်သည်ရှိသော် အလွန် အလိုကြီးသည်ဖြစ်၍ ငရဲသူ သတ္တဝါတို့ဖြစ်ရာ ဥဿဒရက်ငရဲကို မြို့တမြို့ဟူသောအမှတ် သညာဖြင့် ဝင်၍သွားလျှင် သင်ခုန်းစက်ငရဲသို့ ရောက် လေ၏။

ထိုအခါ ဘုရားအလောင်းသည် နတ်သား ဖြစ်၍ ဥဿဒရက်ငရဲကိုကြည့်ရှုရန် လှည့်လည်၏၊မိတ္တဝိန္ဒကသည် နတ်သားကိုမြင်လျှင်—

"အရှင်နတ်သား.... အကျွန်ုပ်သည် နတ်တို့ အား အဘယ်အမှုကို ပြုမိသနည်း၊ သင်ခုန်းစက် သည် အကျွန်ုပ်၏ ဦးခေါင်းထက်၌နှိပ်၍ လည်ဘိ ၏၊ အကျွန်ုပ်သည် အဘယ်မည်သော မကောင်းမှု ကို ပြုမိသနည်း"-ဟု နတ်သားအား မေးလေ၏။

**တဏှာလိုလိုက် ဆင်းရဲဆိုက်**

နတ်သားသည် မိတ္တဝိန္ဒက စကားကို ကြားလျှင်—

"မိတ္တဝိန္ဒက.... သင်သည် ဖလ်ဖြင့်ပြီး သောပြာသာဒ်,ငွေဖြင့်ပြီးသောပြာသာဒ်,ပတ္တမြား ဖြင့်ပြီးသောပြာသာဒ်,ရွှေဖြင့်ပြီးသောပြာသာဒ်တို့ ကို ကျော်လွန်၍ အဘယ်ကြောင့် ဤငရဲသို့လာ သနည်း"—

ဟု မိတ္တဝိန္ဒကအား တဖန်ပြန်၍မေးလေ၏၊ ထိုအခါ မိတ္တဝိန္ဒကသည်—

"အရှင်နတ်သား....ဤပြာသာဒ် လေးခုတို့၌ စည်းစိမ်ချမ်းသာထက် ထိုအရပ်၌ အလွန်များသော စည်းစိမ်ချမ်းသာတို့သည် ရှိပေလိမ့်မည် ဟူသောအမှတ်သညာဖြင့် လာမိ၍ ပျက်စီးခြင်းသို့ ရောက်ရသော အကျွန်ုပ်ကို ရှုကြည့်ပါလော"—

ဟုနတ်သားအား ပြောဆိုပြန်၏၊ နတ်သားလည်း နောက်တဘန်—

"မိတ္တဝိန္ဒက....သင်ကား နတ်သမီးလေးယောက်, တဘန်ရှစ်ယောက်,တဘန် ဆယ့်ခြောက်ယောက်, တဘန် သုံးဆယ့်နှစ်ယောက်တို့ကိုရခဲ့၏၊ အလိုကြီးသည့်အတွက် သင်ဓုန်းစက်သို့ ရောက်ရ၏၊ အလိုရမ္မက်နှိပ်စက်သော သင်၏ထိပ်ထက်၌ သင်ဓုန်းစက်သည် လည်ဘိ၏"-

"မိတ္တဝိန္ဒက.... တဏှာကား အထက်၌ကျယ်သဖြင့် ပြည့်နိုင်ခဲ၏၊ပြန့်ပြူး၏၊ တဏှာဖြင့် အဘန်တလဲလဲတပ်စွန်း၍ ယူမိသော သူတို့သည် သင်ဓုန်းစက်ကိုဆောင်ရွက်ရကုန်၏"—

ဟု မိတ္တဝိန္ဒကအား ပြောဆိုနေစဉ်လျှင် ထိုသင်ဓုန်းစက်သည် လည်လျက်လှည့်ဘိ၏၊ တဘန်ပြန်၍ပြောဆိုခြင်းငှါ မတတ်နိုင်လေ၊ နတ်သားလည်း မိမိနေရာသို့ သွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မိတ္တဝိန္ဒကသည်—ယခုအခါ အဆုံးမခက်သောရဟန်း။

※ နတ်သားသည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

၁။ အထက်ကျယ်စွာ၊ ပြန့်ပြောစွာ၊ တဏှာပြည့်နိုင်ခဲ။

၂။ ရမ္မက်ကြီးလှ၊ ဝိန္ဒက၊ ရောက်ရ ရှံငရဲ။

၃။ ဦးခေါင်းအထက်၊ သင်ခုန်းစက်၊ လည်လျက်ခံရမြဲ။

မိတ္တဝိန္ဒကဇာတ် ပြီး၏။

---

## ၃၇၀—ပလာသဇာတ်

**ပဉ္စ။ပ္ပ။၀၄၂၊**

**လောဘအန္တရာယ် ရှိရာဘွယ်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကိလေသာနှိပ်စက်သော ရဟန်းတို့သည် ရှိကုန်သတတ်။

မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို ခေါ်တော်မူ၍ "ရဟန်းတို့.... ကိလေသာ မည်သည် သေးငယ်သော်လည်း ရှိရာအပ်၏၊ ကိလေသာမည်သည် ပညောင်ပင်ကဲ့သို့ ပျက်စီးခြင်းသို့ ရောက်စေတတ်၏၊ ရှေးပညာရှိတို့သည် ရှိရာအပ်သည်တို့ကို ရှိရာကုန်သည်သာတည်း"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ဟင်္သာသတိပေး ညောင်ပင်လေး** လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော်ဘုရားအလောင်းသည် ရွှေဟင်္သာ မျိုး၌ဖြစ်၍ စိတ္တကုဋ်တောင် ရွှေဂူ၌နေလျက် ဟိမဝန္တာဝယ် ဇာတသဿရအိုင်၌ အလိုလိုပေါက်သော သလေးစပါးတို့ကို စားလေ့ရှိ၏။

ရွှေဟင်္သာမင်း သွားလာသော ခရီးလမ်း၌ ပေါက်ပင် ကြီးတပင်ရှိသတတ်၊ ရွှေဟင်္သာမင်းသည် ထိုပေါက်ပင် ကြီး၌ အသွားအပြန် အပန်းဖြေနားလေ့ရှိ၏၊ နားဘန်များ သဖြင့် ပေါက်ပင်စောင့် ရုက္ခစိုးနှင့် အကျွမ်းတဝင် ဖြစ် လေ၏။

နောက်အခါ ငှက်မတကောင်သည် ညောင်သီးကို စား ပြီးလျှင် ပေါက်ပင်သို့လာ၍ နားလျက် သစ်ခွကြားတွင် ကျင်ကြီးစွန့်လေ၏၊ ထိုကျင်ကြီးမှ ညောင်ပင်ငယ်ပေါက်၍ လက်လေးသစ်မျှရှိသောအခါ နီမြန်းသောအရွက် အညွန့် တို့ဖြင့် တင့်တယ်လေ၏၊ ရွှေဟင်္သာမင်းသည် လာ၍ ထို ညောင်ပင်ငယ်ကိုမြင်လေလျှင်—

> “အဆွေပေါက်ပင်စောင့်နတ်….သင်၏ပေါက် ပင်ခွကြား၌ ပညောင်ပင်ပေါက်ခဲ့၏၊ ထိုပညောင် ပင်သည် ကြီးပွားလာသောအခါ သင့်ဗိမာန်ကို ဖျက်ဆီးလိမ့်မည်”—

ဟု ပေါက်ပင်စောင့်နတ်အား ပြောဆိုလေ၏။

ရုက္ခစိုးနေ၁င်ရေး ဆုံးမပေး

ထိုစကားကိုကြားလျှင် ပေါက်ပင်စောင့်နတ်သည် ရွှေဟသ်ာမင်းစကားကို မနာယူလိုသဖြင့်—

"ရွှေဟသ်ာမင်း····ပညောင်ပင်သည် ကြီးပွားလာပါစေ၊ အမိအဘတို့သည် သားသမီးတို့၏ တည်ရာဖြစ်သကဲ့သို့ ငါသည်ပညောင်ပင်၏တည်ရာ ဖြစ်လိမ့်မည်၊ ပညောင်ပင်သည်လည်း ငါ၏တည်ရာဖြစ်လိမ့်မည်"—

ဟု ရွှေဟသ်ာ မင်းအား ပြန်ကြား ပြောဆိုလေ၏၊ ထိုနောင်မှ ရွှေဟသ်ာမင်းသည်—

"အဆွေ ပေါက်ပင်စောင့်နတ်···· သင်သည် ကြောက်မက်ဘွယ် ကောင်းသော ပညောင်ပင်ကို ပေါက်ပင်ခွကြား၌ ကြီးပွားစေဘိ၏၊ ထို့ကြောင့် သင့်ကိုပြောဆို၍ ငါတို့သွားတော့အံ့၊ ပညောင်ပင် ကြီးပွားလာခြင်းကို ငါတို့မနှစ်သက်ပါ"—

ဟု ပြောဆိုကာ စိတ္တကူဋ်တောင်သို့ပြန်လေ၏၊နောက်ထပ်တဘန် မလာတော့ပြီ။

ဗိမာန်ပျက်ကျ ပူပန်လှ

နောက် အတို၌ ပညောင်ပင် သည် တဖြည်းဖြည်းကြီးပွား၍လာ၏၊ထိုအခါ ပညောင်ပင်၌ နေသော ရုက္ခစိုးနတ်သည် ဖြစ်၍လာပြန်၏၊ထိုပညောင်ပင် အလွန်ကြီးပွားလာလတ်သော် ပေါက်ပင်သည် ပျက်စီးလေ၏၊ အရွက်အခက်နှင့်တကွ ပေါက်ပင်စောင့်ရုက္ခစိုး၏ ဗိမာန်သည် အောက်သို့ကျလေ၏။

ထိုအခါ ပေါက်ပင်စောင့် ရုက္ခစိုးသည် ရွှေဟင်္သာမင်း စကားကို အမှတ်ရ၍ ဤလာမည့်ဘေးကို မြင်သော ရွှေဟင်္သာမင်းသည် ပြောဆိုဘိ၏၊ ငါသည် ရွှေဟင်္သာမင်း စကားကို နားမထောင်မိ၍ ဤသို့ဖြစ်ရသည်ဟု စဉ်းစားဆင်ခြင်ကာ—

"ယခုအခါ ငါ့ကို ပညောင်ပင်သည် ကြောက်စေဘိ၏၊ ရွှေဟင်္သာမင်း၏ မြင်းမိုရ်တောင်နှင့် တူသောစကားကို မသိ၍သာ ငါ့အား ကြီးစွာသော ဘေးသည် ဖြစ်လာခဲ့ပြီ"—

ဟု အဘန်ဘန် ငိုကြွေးမြည်တမ်းလေ၏။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသောအခါ—

"ရဟန်းတို့.... ကြီးပွားသည်ရှိသော် မိမိ၏ တည်ရာ မှီရာကို ဖျက်ဆီးတတ်သော တရားတို့၏ ကြီးပွားခြင်းကို ပညာရှိတို့သည် မချီးမွမ်းကြပေ၊ ထိုတရားတို့၏ ဖျက်ဆီးခြင်းကို ရှုံ့ရှာသောပညာရှိတို့သည် အမြစ်ကိုဖြတ်ရန်လုံ့လပြုကုန်၏"—

ဟု ရဟန်းတို့အား ကိလေသာတရားသည် ပညောင်ပင်နှင့်တူကြောင်းကို ဥပမာဖြင့်ဟောကြားတော်မူ၏။

ဤဒေသနာတော်ကိုဆောင်၍သစ္စာကိုပြသည်၏အဆုံး၌ ငါးရာသောရဟန်းသို့သည် အရဟတ္တဖိုလ်၌တည်ကုန်၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ ရွှေဟင်္သာမင်းသည်-ယခုအခါ ငါဘုရား ဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကိလေသာမှာ၊ကြီးပွားလာ၊မိုရာဖျက်တတ်သည်။
(၂) အနည်းငယ်ပင်၊ပညာရှင်၊ပြစ်မြင်ရှုံရှာသည်။
(၃) ပညောင်ပင်နှယ်၊ငယ်စဉ်ဝယ်၊နုတ်ပယ်အပ်လေသည်။
ပလာသဇာတ်ပြီး၏။

---

## ၃၇၁—ဒီဃီတိကောသလဇာတ်

ပဉ္စမပဏ္ဏာသ

ငါ့သားဖြစ်က လိုက်နာကြ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ခိုက်ရန်ဖြစ်သော ကောသမ္ဗီရဟန်းတို့သည် မြတ်စွာဘုရားကို ကန်တော့ကြရန် ဇေတဝန်ကျောင်းတော်သို့လာကြသောအခါ မြတ်စွာဘုရားသည် ထိုကောသမ္ဗီရဟန်းတို့ကို ခေါ်တော်မူ၍“ရဟန်းတို့....သင်တို့သည် ငါဘုရား၏ရင်မှဖြစ်သော သားတော်တို့တည်း၊သားတော်တို့မည်သည် အဘပေးအပ်သော အဆုံးအမကို မဖျက်ဆီးသင့်၊သင်တို့ကားငါဘုရား၏အဆုံးအမကို မလိုက်နာကြကုန်၊ ရှေးပညာရှိတို့သည် အမိအဘကိုသတ်၍ တိုင်းပြည်ကိုယူသော ရန်သူမင်းကို မိမိလက်သို့ ရောက်လာပါလျက် မိဘတို့ ပေးအပ်သော

အဆုံးအမကို လိုက်နာ၍ မသတ်ဘဲအသက်ကို ချမ်းသာ ပေးဘူးပြီ''ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**ဘေးရန်လွတ်ရေး တောရွာပြေး**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုလေ၏၊ ထိုမင်းကား တိုင်းနိုင်ငံ ကျယ်ဝန်း၏၊ စစ်သည်ဗိုလ်ပါ ဥစ္စာစည်းစိမ်ပေါများသဖြင့် ကြွယ်ဝ ချမ်းသာ၏၊ ဒီဃီတိကောသလမင်းကား တိုင်းနိုင်ငံ သေးငယ်၏၊ စစ်သည်ဗိုလ်ပါ ဥစ္စာ စည်းစိမ် နည်းပါးသဖြင့် ဆင်းရဲ၏၊ တနေ့သ၌ ဗြဟ္မဒတ်မင်းကြီးသည် ဒီဃီတိကော သလမင်းကို စစ်တိုက်ရန် စစ်အင်္ဂါလေးပါးဖြင့် တိုင်းပြည်မှထွက်လေ၏။

ဒီဃီတိကောသလ မင်းသည် ဗြဟ္မဒတ် မင်းကြီး စစ်တိုက်ရန် ထွက်လာကြောင်းကို ကြားလတ်သော် ငါ့မှာ တိုင်းနိုင်ငံ သေးငယ်လှ၏၊ စစ်သည်ဗိုလ်ပါ ဥစ္စာစည်းစိမ် နည်းပါးလှသဖြင့်ဆင်းရဲလှ၏၊ဗြဟ္မဒတ်မင်းကားတိုင်းနိုင်ငံ ကျယ်ဝန်းလှ၏၊ စစ်သည်ဗိုလ်ပါ ဥစ္စာစည်းစိမ် ပေါများ သဖြင့် ကြွယ်ဝချမ်းသာလှ၏၊ ငါဘယ်နည်းနှင့်မျှ ခုခံတိုက် ခိုက်နိုင်မည်မဟုတ်၊ ဗြဟ္မဒတ်မင်း မရောက်မီ တိုင်းပြည်မှ ထွက်၍ တနေရာတွင် ပုန်းအောင်းနေရမူ ကောင်းလိမ့် မည် ကြံပြီးလျှင် မိဖုရားကြီးကိုခေါ်ကာ တိုင်းပြည်မှထွက် ၍ ဗာရာဏသီ ပြည်သို့သွား၍ တိုင်းစွန်ပြည်နား မထင် ရှားသောအရပ်ဝယ် အိုးထိန်းသည်အိမ်၌ ပရိဗိုဇ်အသွင် ကိုယူလျက် မထင်မရှားနေလေ၏။

**စစ်အင်္ဂါလေးရပ် ချင်ချင်းတပ်**

ဗြဟ္မဒတ်မင်းကြီးလည်း တိုင်းပြည်သို့ ရောက်လျှင် ဒီဃီတိကောသလမင်းနှင့် မိဖုရားကြီးတို့ ထွက်ပြေးနှင့်သဖြင့် စစ်တိုက်ရန်ကိစ္စ မရှိတော့ဘဲ အောင်နိုင်သဖြင့် တိုင်းနိုင်ငံ စစ်သည် ဗိုလ်ပါ ဥစ္စာစည်းစိမ် အလုံးစုံကို သိမ်းပိုက်ပြီးလျှင် မင်းပြုကာနေလေ၏။

မကြာမြင့်မီ ဒီဃီတိကောသလမင်း မိဖုရားကြီး၌ ပဋိသန္ဓေကိုယ်ဝန်တည်သဖြင့် "နေထွက်သော အခါ မြေအပြင်ဝယ် ရပ်တည်နေသော စစ်အင်္ဂါလေးပါးရှိသည်ကို မြင်လိုသော ချင်ချင်းနှင့် သန်လျက်ဆေးရေကိုသောက်လိုသော ချင်ချင်းဖြစ်ပါသည်"ဟု မင်းကြီးအား ပြောကြားလေ၏။

ထိုအခါ ဒီဃီတိကောသလမင်းသည် သူငယ်ချင်းဖြစ်သော ဗြဟ္မဒတ်မင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားကိုပြောကြားသောအခါ ပုရောဟိတ်ပုဏ္ဏား၏ အကူအညီဖြင့် စစ်အင်္ဂါလေးပါးစစ်သည်ကိုမြင်ရ၍ သန်လျက်ဆေးရေကိုလည်း သောက်ရ၍ မိဖုရားကြီးသည် ချင်ချင်းပြေလေ၏၊ နေ့လစေ့သောအခါ သားတော်ဖွားမြင်၍ ဒီဃာဝုမင်းသားဟု အမည်မှည့်လေ၏။

**ဒီဃာဝုမင်းသား ပညာသင်ကြား**

ဒီဃာဝုမင်းသား သိကြားလိမ်မာခြင်းသို့ ရောက်သောအခါ ဒီဃီတိကောသလမင်းသည် ဗြဟ္မဒတ်မင်းကား ငါတို့အကျိုးမဲ့များစွာပြု၏၊ စစ်သည်ဗိုလ်ပါ ဥစ္စာစည်းစိမ်အလုံးစုံနှင့်တကွ တိုင်းပြည်တပြည်လုံးကို အနိုင်အထက်နှိပ်စက်

ယူငင်၍ထားဘိ၏၊အကယ်၍ငါတို့နေရာကိုသိလျှင်ငါတို့သုံးဦးလုံးကို သတ်ဖြတ်စေရာ၏၊ သို့အတွက် ဒီဃာဝုမင်းသားကို မြို့ပြင်၌ထား၍ အတတ်ပညာသင်စေရလျှင် ကောင်းမည်ဟုကြံစည်လျက် ဒီဃာဝုမင်းသားကို မြို့ပြင်သင့်လျော်ရာအရပ်၌ထားလေ၏၊ ဒီဃာဝုမင်းသားလည်း အတတ်ပညာသင်ကြားလတ်သော် မကြာမီ လိမ်မာတတ်မြောက်ခြင်းသို့ ရောက်လေ၏။

**မိဘဖမ်းသွား မင်းဖြစ်ထား**

ဒီဃီတိကောသလမင်း၏ ဆေတ္တာသည်သည် ပြဟ္မဒတ်မင်းကြီးအထံ၌ ခစားနေရာ တနေ့သ၌ ဒီဃီတိကောသလမင်းနှင့် မိဖုရားကြီးကိုတွေ့မြင်သဖြင့် ပြဟ္မဒတ်မင်းကြီးအား သံတော်ဦးတင်လေ၏၊ ပြဟ္မဒတ်မင်းကြီးလည်း မင်းနှင့်မိဖုရားကိုဆောင်ယူ၍ မြဲမြံတင်းကြပ်စွာ လက်ပြန်ကြိုးတုပ်ပြီးလျှင် ဦးပြီးခေါင်းတုံးရိတ်၍ အသံကြမ်းထန်းသည့်ထက်စည်ကိုတီးလျက် မြို့တော် တောင်တံခါးဖြင့် ထုတ်ပြီးလျှင် ကိုယ်ကိုလေးပိုင်းဖြတ်ကာ အသားတို့ကို လေးပုံပုံ၍ ထားကြကုန်ဟု အမိန့်ပေးလေ၏။

မင်းချင်းတို့လည်း ပြဟ္မဒတ်မင်းကြီးအမိန့်အတိုင်း မင်းနှင့်မိဖုရားတို့ကို ဖမ်းဆီးတုပ်နှောင်လျက် မြို့တွင်းလမ်းဖြင့် ဆောင်ယူကြ၏၊ ထိုအခါဒီဃာဝုမင်းသားသည် မိဘတို့ကို မဖူးမြင်ရသည်မှာကြာပြီဟု အဖူးအမြင်သွားရာ မရှုမလှ မင်းဒဏ်ကိုခံနေရသော မိဘတို့နှင့် လမ်းတွင်ဆုံမိ၍ မထင်ရှားသောအသွင်ဖြင့် မိဘတို့ထံသို့သွားလေ၏။

သားကိုမှာကြား ဆုံးမစကား

ဒီဃီတိကောသလမင်းသည် ဒီဃာဝုမင်းသား အဝေးမှ လာသည်ကိုမြင်လျှင်—

"ချစ်သားဒီဃာဝု….ရှည်သောရန်ကို မကြည့်လင့်၊ တိုသောမိတ်ကိုလည်း မကြည့်လင့်၊ ရန်တို့ မည်သည်မှာ ရန်တုံ့မူသဖြင့် မငြိမ်းအေးကုန်၊ ရန်တုံ့မမူသဖြင့်သာ ငြိမ်းအေးကုန်၏"—

ဟု ဆုံးမစကားပြောကြားလေ၏၊ ထိုအခါလူတို့သည် "ဤဒီဃီတိကောသလမင်းကား ရူးသဖြင့်ယောင်ယမ်းမြည်တမ်းခဲ့၏၊ ဤမင်းမှာ ဒီဃာဝုသတို့သား အဘယ်မှာရှိအံ့နည်း"ဟု ပြောဆိုကြ၏။

ထိုအခါ ဒီဃီတိကောသလမင်းသည် "အမောင်တို့….ငါကားရူးသဖြင့် ယောင်ယမ်းမြည်တမ်းခြင်းမဟုတ်၊ ငါ့စကားကို ပညာရှိတို့သိကြလိမ့်မည်"ဟု ပြောဆိုလေ၏။

မင်းချင်းတို့လည်း လမ်းစဉ်အတိုင်း ဆောင်ယူသွားရာ တောင်တံခါးသို့ရောက်လျှင် မြို့ပြင်သို့ထုတ်၍ တောင်အရပ်ဝယ် မင်းနှင့်မိဖုရားတို့၏ကိုယ်ကို လေးပိုင်းပိုင်း၍ လေးပုံပုံပြီးလျှင် အစောင့်အရှောက်ထား၍ ပြန်သွားကြ၏။

မိဘနှစ်ပါးကို မီးသင်္ဂြိုဟ်

ဒီဃာဝုမင်းသားသည် ဗာရာဏသီမြို့တွင်းသို့ဝင်၍ သေအရက်တို့ကိုဆောင်ယူပြီးလျှင် အစောင့်အရှောက်တို့ကိုတိုက်လေ၏၊ အစောင့်အရှောက်တို့လည်း မူးယစ်မေ့လျော့ကာ လဲ၍နေကြ၏၊ ဒီဃာဝုမင်းသားသည် ထင်းတို့ကိုရုံးစု၍

ပုံပြီးလျှင် အမိအဘတို့အလောင်းကိုတင်ကာမီးသဂြိုဟ်၍၊ လက်အုပ်ချီလျက် ထင်းပုံကို လက်ျာရစ် သုံးပတ်လှည့်လေ၏။

ပြာသာဒ်ထက်မှ ဗြဟ္မဒတ်မင်းကြီးမြင်လျှင် “လက်အုပ်ချီလျက် ထင်းပုံကို လက်ျာရစ်လှည့်နေသူကား အမှန်စင်စစ် ဒီဃီတိကောသလမင်း၏ဆွေမျိုးဉာတိ၊ သို့မဟုတ် သားချင်းဖြစ်ရမည် “ဩော်....ငါ့မှာ အကျိုးမဲ့စွတကား ငါ့ထံ တစုံတယောက်သောသူလာ၍ အဘယ့်ကြောင့် မပြောကြားဘိသနည်း” ဟု အကြံဖြစ်လေ၏။

**ရန်တုံ့ပြုရန် မင်းသားကြံ**

ဒီဃာဝုမင်းသားလည်း မိဘတို့ကို မီးသဂြိုဟ်ပြီးလျှင် အလိုရှိတိုင်းငိုကြွေးမြည်တမ်း၍ မျက်ရည်များကို သုတ်ပြီးလျှင် မြို့တွင်းသို့ဝင်လျက် ဆင်ဆရာထံသွား၍ ပညာသင်ကြားရန်နေလေ၏၊ နံနက် အိပ်ရာထ အခါ၌လည်း သာယာစွာ သီချင်းဆို၍ စောင်းကိုတီးလေ၏၊မင်းကြီးကြားလျှင် မိမိထံ ဖျော်ဖြေလုပ်ကျွေးရန်ခေါ်လေ၏၊ မင်းကြီးလည်း ဝတ်ကြီး ဝတ်ငယ်နှင့်ပြည့်စုံသော ဒီဃာဝုမင်းသားကို မကြာမြင့်မီ နန်းတွင်းဝယ် အကျွမ်းတဝင်ဆောင်ရွက်ရသော ရာထူး၌ ထားလေ၏။

တနေ့သ၌ မင်းကြီးသည် ဒီဃာဝုမင်းသားကို ရထားမောင်းစေလျက် စစ်သည်ဗိုလ်ပါနှင့် သမင်တောသို့သွားလေ၏၊ဒီဃာဝုသတို့သားလည်း အခွင့်ကောင်းကိုရရှိသဖြင့် ရထားကို စစ်သည်ဗိုလ်ပါနှင့် တလမ်းစီဖြစ်စေလျက် ဝေး

သည်ထက်ဝေးအောင် မောင်းနှင်လေ၏၊ အလွန်ဝေးလံသော တနေရာသို့ရောက်လျှင် မင်းကြီးသည် ပင်ပန်းသည့်အတွက် တရေးအိပ်မည်ဟု ရထားကိုအချွတ်ခိုင်းပြီးလျှင် မြေကြီးတွင် တင်ပလ္လင်ခွေ၍ထိုင်နေသော ဒီဃာဝုမင်းသား၏ ခါးပိုက်၌ ခေါင်းဆိုက်၍ စက်တော်ခေါ်ရာ မကြာမီအိပ်ပျော် သွားလေ၏။

**ရန်သူဖြစ်လင့်တုံ့မပြုနှင့်**

ထိုအခါ ဒီဃာဝုမင်းသားသည် ဗြဟ္မဒတ်မင်းကား ငါတို့အကျိုးမဲ့များစွာပြု၏၊စစ်သည်ဗိုလ်ပါ ဥစ္စာစည်းစိမ်အလုံးစုံနှင့်တကွ တိုင်းပြည်တပြည်လုံးကို အနိုင်အထက်နှိပ်စက်ယူငင်၍ ထားဘိ၏၊ ငါ၏အမိအဘတို့ကိုလည်း သတ်ဘိ၏၊ ယခုအခါ ရန်သူကိုသတ်ရန် အခါကောင်းတည်းဟု နှလုံးသွင်းကာ သန်လျက်အိမ်မှ သန်လျက်ကိုဆွဲ၍ထုတ်လေ၏၊ ထိုအခိုက် ဘခင်သေခါနီးပြောသွားသော ဆုံးမစကားကိုသတိရ၍ မသတ်ဘဲ သန်လျက်ကို သန်လျက်အိမ်၌ပြန်သွင်းလေ၏၊ ဤသို့လျှင် သုံးကြိမ်တိုင်အောင် သန်လျက်ကိုဆွဲထုတ်ချည် ပြန်သွင်းချည် ဖြစ်လေ၏။

ထိုအခါဗြဟ္မဒတ်မင်းသည် အိပ်ရာမှနိုး၍ ကြောက်လန့်တကြားထလေ၏၊ ဒီဃာဝုမင်းသားသည် မင်းကြီးကိုအဘယ့်ကြောင့် ကြောက်လန့်တကြားထရသနည်းဟုမေး၏။ "အချင်း....ဒီဃိတိကောသလမင်း၏သားတော် ဒီဃာဝုမင်းသားသည် ငါ့ကိုသန်လျက်ဖြင့်ခုတ်သတ်သည်ဟု အိပ်မက်မြင်မက်၍ ကြောက်လန့်တကြားထသည်"ဟု ပြောဆိုလေ၏။

ဘခင်မှကြား မင်းလျှောက်ထား

ထိုအခါဒီဃာဝုမင်းသားသည် ဗြဟ္မဒတ်မင်း ဦးချောင်ကို လက်ဝဲလက်ဖြင့် ကိုင်လျက် လက်ျာလက်ဖြင့် သန်လျက်ကိုင်က "မင်းကြီး....ငါကား ဒီဃီတိကောသလမင်း၏ သားတော်ဒီဃာဝုမင်းသားဖြစ်၏၊ သင်ကား- ငါတို့အကျိုးမဲ့ကိုများစွာပြုဘိ၏၊ စစ်သည်ဗိုလ်ပါ ဥစ္စာစည်းစိမ်အလုံးစုံနှင့်တကွ တိုင်းပြည်တပြည်လုံးကို အနိုင်အထက်နှိပ်စက်ယူငင်၍ ထားဘိ၏၊ ငါ၏အမိအဘတို့ကိုလည်း သတ်ဘိ၏၊ ရန်သူမင်းကို အပိုင်းအပိုင်းဖြတ်၍ သတ်တော့မည်-ဟု သန်လျက်ကို မိုးလတ်သော် ထိုခဏ၌ မိဘတို့ပေးအပ်သော အဆုံးအမကို အမှတ်ရ၍ ငါ့အသက်ကို စွန့်ရသော်လည်း မိဘတို့အဆုံးအမကို မဖျက်ဆီးတော့အံ့၊ စင်စစ်သော်ကား ရန်သူမင်းကို ခြိမ်းချောက်မည်"ဟု ကြံစည်က—

"အရှင်မင်းကြီး..ယခုအခါ အကျွန်ုပ်၏ လက်တွင်းသို့ရောက်နေသောသင်မင်းကြီးအား အသက်ဘေးမှ လွတ်မြောက်ဘို့အကြောင်း တစုံတရာရှိပါသေးသလော"—

ဟု ဗာရာဏသီမင်းအား ကြိမ်းဝါးကာပြောဆိုလေ၏၊ ထိုနောက်မှ ဗာရာဏသီမင်းကြီးသည်—

"အမောင်ဒီဃာဝု....ယခုအခါ သင်၏လက်တွင်းသို့ရောက်နေသော ငါ့အား အသက်ဘေးမှ လွတ်မြောက်ဘို့အကြောင်းတစုံတရာမရှိတော့ပါ"

ဟု ဒီဃာဝုမင်းသားအားတောင်းပန်စကားပြောကြားလေ၏၊ ထိုအခါ ဒီဃာဝုမင်းသားသည်—

"အရှင်မင်းကြီး....သေခါနီးကာလ၌ မိဘတို့ ပေးအပ်သော အဆုံးအမဟူသော ဥစ္စာကိုသာ စောင့်ရှောက်အပ်ပါ၏၊ မိဘတို့ ပေးအပ်သော အဆုံးအမ ဟူသော သုစရိုက်, ကောင်းသော စကားကိုထား၍ တပါးသောဥစ္စာကို အကျွန်ုပ် မမြင်ပါ"—

"အရှင်မင်းကြီး....ငါ့ကိုဆဲရေးပြီ, ငါ့ကိုညှဉ်း ဆဲပြီ, ငါ့ကို အောင်နိုင်ပြီ, ငါ့၏ဥစ္စာကိုယူပြီ ဟု ရန်ငြိုးဖွဲ့သော သူတို့အား ရန်သည်မငြိမ်းလေ"—

"ငါ့ကို ဆဲရေးပြီ, ညှဉ်းဆဲပြီ, အောင်နိုင်ပြီ, ငါ့၏ဥစ္စာကိုယူပြီ ဟု ရန်ငြိုး မဖွဲ့သောသူတို့အား ရန်သည် ငြိမ်းအေးလေ၏"—

"လောက၌ တရံတဆစ်မျှ ရန်တုံ့မူသဖြင့် ရန်တို့သည် မငြိမ်းအေးကုန်၊ ရန်တုံ့မမူသဖြင့်သာ ရန်တို့သည်ငြိမ်းအေးကုန်၏၊ ဤသို့ရန်တုံ့မမူသဖြင့် ရန်ငြိမ်းအေးခြင်းကား ရှေး၌ဖြစ်ခဲ့သော သဘော တည်း"—

ဟု မင်းကြီးအား ပြောဆို ပြီးလျှင် "မြတ်သော မင်းကြီး....''အကျွန်ုပ်သည် သင်မင်းကြီး၌ မပြစ်မှားပါ၊ သင်မင်းကြီးကား အကျွန်ုပ်ကို သတ်မည်လော ဟုမေး၍ သန်လျက်ကိုပေး၏၊မင်းကြီးလည်း"အမောင်....ငါလည်း သင်၌ မပြစ်မှားပါ" ဟုပြောဆိုကာ နှစ်ဦးလုံး ကျိန်စာ ရွက်ပြီးလျှင် မြို့သို့ ပြန်ကြကုန်၏။

ဒီဃာဝုမင်း တိုင်းပြည်နှင်း

"မင်းကြီးသည် အမတ်တို့ကို ခေါ်၍ အမတ်တို့.... "ဤသူကား သေလွန်လေပြီးသော ဒီဃိတိကောသလမင်း၏ သားတော် ဒီဃာဝုမင်းသားတည်း၊ ဤမင်းသားသည် ငါ့အား အသက်ကို ပေးအပ်ပေပြီ၊ ငါသည်လည်း ဤမင်းသားအား တစုံတခု ပြုခြင်းငှါ မရတော့ပြီ"ဟုပြောဆိုပြီးလျှင် မိမိ၏သမီးတော်နှင့်လက်ထပ်၍ အဘ၏ဥစ္စာဖြစ်သော ကောသလမင်းအဖြစ်ကို ပေးလေ၏။

ထိုအခါမှစ၍ နှစ်ပါးသော မင်းတို့သည် ညီညွတ်ကုန်လျက် မင်းပြုကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မယ်တော် ခမည်းတော်များသည်- ယခုအခါ မြတ်သောမင်းမျိုးများ။

※ ဒီဃာဝုမင်းသားသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အမိအဘ၊ ဆိုဆုံးမ၊ မခွလိုက်နာရာ။
(၂) ရန်စွန်းဟူက၊ တိုစေရ၊ ရှည်ကြမိတ်စွန်းမှာ။
(၃) ရန်လျှင်ရန်ချင်း၊ မတုံ့လျှင်း၊ ချက်ချင်းငြိမ်းသည်သာ။

ဒီဃီတိကောသလဇာတ် ပြီး၏။

# ၃၇၂–မိဂပေါတကဇာတ်

ပစ္စုပ္ပန်ဝတ္ထု။

**တပည့်အတွက် သောကပွက်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းကြီး တပါးသည် သူငယ်တယောက်ကို သာမဏေ ပြု၍ ထားလေ၏၊ ထိုသာမဏေငယ်သည် ရဟန်းကြီးအား ရိုသေစွာ လုပ်ကျွေး၏၊ နောက်အဘို့၌ သာမဏေငယ်သည် မကျန်းမာသဖြင့် သေလွန်လေ၏။

သာမဏေငယ် သေလွန်သည်ရှိသော် ရဟန်းကြီးသည် သောကနှိပ်စက်လျက် သည်းစွာသောအသံဖြင့် လှည့်လည်ကာ ငိုကြွေးမြည်တမ်းကာနေ၏၊ သီတင်းသုံးဘော်ရဟန်းတို့သည် ရဟန်းကြီးအား သောကငြိမ်းအောင် တရားဟောခြင်းငှါ မတတ်နိုင်ကုန်။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ထိုရဟန်းကြီးအကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့.... ဤရဟန်းကြီးသည် ယခုအခါ၌သာ ဤသာမဏေငယ် သေလွန်လတ်သော် ငိုကြွေးမြည်တမ်းသည်မဟုတ်၊ ရှေးအခါ၌လည်း ငိုကြွေး မြည်တမ်းဘူးပြီ" ဟု မိန့်တော် မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

**သမင်ငယ်သေရေး ရသေ့ပူဆွေး** လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ

သော် ဘုရားအလောင်းသည် သိကြားမင်း ဖြစ်လေ၏၊ ထိုအခါ ကာသိတိုင်း၌ နေသော ပုဏ္ဏားတယောက်သည် ဟိမဝန္တာသို့ဝင်လျက် ရသေ့ရဟန်းပြု၍ သစ်သီးကြီးငယ်ဖြင့် မျှတကာနေ၏။

တနေ့သ၌ ထိုရသေ့သည် တောမှအမိသေသော သမင်ငယ်တကောင်ကိုရသဖြင့် ကျောင်းသို့ဆောင်ယူကာ သားအမှတ်ဖြင့် မွေးမြူထား၏၊ ထိုသမင်သည် ကြီးပြင်းလတ်သော် အလွန်အဆင်းလှ၏၊ ရှုချင်စဖွယ်ရှိ၏၊ တနေ့သ၌ များစွာသော မြက်ကိုစားမိ၍ အစာမကြေသဖြင့် သေဆုံးလေ၏၊ ထိုအခါ ရသေ့သည် သားသေ၏ဟု ငိုကြွေးမြည်တမ်းကာ လှည့်လည်လေ၏။

**သံဝေဂရရေး သိကြားသတိပေး**

သိကြားမင်းသည် လူ့ပြည်ကို ကြည့်ရှုလတ်သော် စိုးရိမ်သောကဖြင့် နှိပ်စက်နေသော ရသေ့ကိုမြင်၍ ထိုရသေ့ကို ငါသည် သံဝေဂရစေမည်ဟု ကြံစည်ကာ လာလတ်၍ ရသေ့အနီး ကောင်းကင်၌ရပ်လျက်—

"ရှင်ရသေ့.... အရှင်သည် သေလေပြီးသူကို စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကိုပြုဘိ၏၊ထိုစိုးရိမ်ပူဆွေး ငိုကြွေးခြင်းကား အိမ်ရာမထောင် ရဟန်းဘောင်၌ နေသော ရှင်ရသေ့အား မကောင်းပါ"—

ဟု သတိပေးစကား ပြောကြားလေ၏၊ ရသေ့သည် သိကြားမင်းစကားကို ကြားလျှင်—

''သိကြားမင်း.... အတူတကွ ပေါင်းဘော်ခြင်းကြောင့်လူသည်၎င်း, သားတိရစ္ဆာန်သည်၎င်း,စိတ်

နှလုံး၌ချစ်ခြင်းသည် စင်စစ်ဖြစ်လတ်၏၊ ထိုချစ်အပ်သောသူကို မစိုးရိမ်မပူဆွေးမငိုကြွေးရန် မတတ်နိုင်ပါ''–

ဟု သိကြားမင်းအား ပြောကြားလေ၏၊ ထိုနောင်မှ သိကြားမင်းသည်–

''ရှင်ရသေ့.... သေလေပြီးသောသူ, သေလတ္တံ့သောသူတို့ကို မျက်ရည် ယိုစီးကာ ငိုကြွေးမြည်တမ်းနေသူတို့အား မျက်ရည်ပြတ်စဲသောနေ့ မည်သည် ရှိတော့မည်မဟုတ်၊ ထိုကြောင့် ရှင်ရသေ့သည် မငိုကြွေး မမြည်တမ်းပါလင့်၊ ငိုကြွေးမြည်တမ်းခြင်းကား အကျိုးမရှိဟု ပညာရှိတို့ ဆိုးမကုန်၏၊ ထို့ကြောင့် ရှင်ရသေ့သည် မငိုကြွေး မမြည်တမ်းပါလင့်''–

''ရှင်ရသေ့....ငိုကြွေး မြည်တမ်းသဖြင့် လက်ရှိဘဝမှ ကင်းပျောက်၍ သေလွန်ပြီးသော သူသည် အကယ်၍ ထလာပါမူ အလုံးစုံသော ငါတို့သည် စည်းဝေး၍ အချင်းချင်း၏ ဆွေမျိုး ဉာတိ တို့ကို ငိုကြွေးမြည်တမ်းပါကုန်အံ့''–

ဟု ရသေ့အား တရားဟောပြန်၏။

**သိကြားဟောပြ တရားရ**

ထိုအခါ ရသေ့သည် သိကြားမင်းတရားဟောစဉ်လျှင် ငိုကြွေး မြည်တမ်းခြင်းကား အကျိုးမရှိဟု သတိရကာ–

''သိကြားမင်း....ထောပတ်ဖြင့်သွန်းလောင်း၍ မွှေးအပ်သောမီးကို ရေဖြင့် သွန်းလောင်း ဘိသကဲ့

သို့၊ စင်စစ် သောကမီး တောက်လောင် နေသော ငါ့ကိုငြိမ်းအေးစေ၏၊ အလုံးစုံပူပန်ခြင်းကို ငြိမ်းအေးစေ၏”–

“သိကြားမင်း.... သင်ကား-သောကဖြင့် နှိပ်စက်နေသော ငါ၏ သား၌စိုးရိမ်ခြင်းကို နုတ်ပယ်ဘိ၏၊ ငါ့အား စိတ်နှလုံး၌ စူးဝင်နေသော သောကတည်းဟူသော ငြောင့်ကို သင်သည် နုတ်ပယ်အပ်စွတကား”–

“သိကြားမင်း....သင်၏တရားစကားကို ကြားနာရ၍ ငါသည် သောကတည်းဟူသော ငြောင့်ကို နုတ်ပြီးသည်ဖြစ်၍ စိုးရိမ်ခြင်းမရှိ၊ နောက်ကျုခြင်းမရှိ၊ မစိုးရိမ်တော့ပါ၊ မငိုကြွေးတော့ပါ”–

ဟု ပြောဆိုကာ သိကြားမင်းအား ချီးကျူးလေ၏၊ ထို့နောင် သိကြားမင်းလည်း ရသေ့အား တရားပြ၍ ဆုံးမပြီးလျှင် မိမိနေရာ တာဝတိံသာသို့ သွားလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့....
※ ထိုအခါ ရသေ့သည်–ယခုအခါ ရဟန်းကြီး။
※ သမင်ငယ်သည်–သာမဏေငယ်။
※ သိကြားမင်းသည်–ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

၁။ သေပြီး သေမည်၊ ငိုကြွေးသည်၊ မျက်ရည်မစဲရာ။
၂။ ဆွေသားမျိုးတူ၊ ငိုကြွေးဟူ၊ သေသူမထရာ။
၃။ ငိုကြွေးသော်ငြား၊ ကျိုးမများ၊ တရားသက်ဝင်ရာ။

မိဂပေါတကဇာတ် ပြီး၏။

---

## ၃၇၃-မူသိကဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**အဇာတသတ်မင်းမှ သရဏုံယူသည်ပြ** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အဇာတသတ်ကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ ။[ပစ္စုပ္ပန်ဝတ္ထုသည် အောက်ကုသဇာတ်၌ရှုခဲ့ပြီ။]

### အတိတ်ဝတ္ထု

**တပည့်နောင်ရေး ဆရာတွေး** လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် တက္ကသိုလ်ပြည်ဝယ် ပုဏ္ဏားအမျိုး၌ဖြစ်၍ ဒိသာပါမောက္ခဆရာဖြစ်၍ တပည့်များစွာတို့ကို အတတ်ပညာ သင်ကြားပေးကာနေ၏၊ ထိုတပည့်တို့တွင် ဗာရာဏသီမင်း၏သားတော်ဝယမည်သော မင်းသားလည်း အတတ်ပညာ သင်ကြားလျက်ရှိ၏။

ထိုဝယမည်သော မင်းသားသည် အတတ်ပညာ သင်ကြားပြီးလျှင် မိဘရပ်ထံသို့ပြန်ရန် ဆရာကို ပန်ကြား၏၊ ဆရာသည် အင်္ဂဝိဇ္ဇာအတတ်၏အစွမ်းဖြင့် ကြည့်ရှုလတ်သော် သားကိုမှီ၍အသက်အန္တရာယ် ဖြစ်မည်ကိုသိသဖြင့် ထိုအန္တရာယ်ကိုပယ်ရန် အကြောင်းဥပါယ်ကိုရှာရာ မိမိတွင်ရှိသော မြင်းတကောင်ကို မြင်လေ၏။

**ဥပါယ်တွေ့မြင် ဂါထာသင်**

ထိုမြင်း၏ခြေတွင် အနာပေါက်လျက်ရှိ၏၊ ထိုအနာကို စောင့်ရှောက် ရန်မြင်းကို နှောင်အိမ်၌သွင်း၍ ထားကုန်၏၊ ထိုအခါကြွက်တကောင်သည် လာ၍အနာကို ကိုက်၏၊ မြင်းသည် သည်းမခံနိုင်အောင် နာကျင်၏၊ တနေ့သော အခါ ကိုက်ရန်လာသောကြွက်ကို ခြေဖြင့်ခတ်၍ အနီးရှိ ရေတွင်းထဲသို့ ကျစေ၏။

မြင်းထိန်းတို့သည် ကြွက်ကို မမြင်ကုန် လတ်သော် "အချင်းတို့....တပါးသောနေ့၌ မြင်းအနာကို ကိုက်ရန် လာသောကြွက်ကို မြင်ရ၏၊ ယခုအခါမမြင် ကြွက်သည် အဘယ်သို့သွားသနည်း" ဟု ပြောဆိုကုန်၏၊ ဆရာသည် ကြွက်ကိုသတ်၍ ရေတွင်းထဲချသည်ကို ငါသာ သိသည်၊ တပါးသောသူတို့ မသိကုန်ဟု ကြံစည်ပြီးလျှင်ထိုအကြောင်း ကို ဥပမာပြု၍ ပဌမဂါထာကိုဖွဲ့စီကာ မင်းသားအား ပေးလေ၏။

**ရန်အောင်နိုင်ရေး ဂါထာပေး**

နောက်တဘန် တပါးသော ဥပမာကို ရှာပြန်သော် အနာသည် အသားနုတက်ကာ အပြင်သို့ထွက်၍ မုယော

ခင်းသို့ သွားပြီးလျှင် မုယောစပါးကိုစားမည်ဟု စောင်ရန်းပေါက်ဖြင့် နှုတ်သီးကို သွင်းထားသောမြင်းကို မြင်ပြန်၏၊ ထိုအခါ ဆရာသည် ထိုအကြောင်းကိုပင် ဥပမာပြု၍ ဒုတိယဂါထာကို ဖွဲ့စီကာမင်းသားအား ပေးပြန်၏၊ တတိယ ဂါထာကိုကား မိမိဉာဏ်၏အစွမ်းဖြင့် ဖွဲ့စီ၍ပေးပြန်၏။

ဤသို့သုံးဂါထာတို့ကို ဖွဲ့စီပေးပြီးလျှင် မင်းသားအား "အမောင်…. သင်သည် မင်းအဖြစ်၌တည်၍ ညအခါ ရေချိုးရန် ရေကန်သို့သွားလတ်သော် စောင်းတန်းဦးတိုင်အောင်"ပဌမဂါထာ" ကိုရွတ်၍သွားလော့၊ သင်၏နေရာပြာသာဒ်သို့ ဝင်သည်ရှိသော စောင်းတန်း ခြေရင်းတိုင်အောင် "ဒုတိယဂါထာ"ကိုရွတ်၍သွားလော့၊ ထို့နောင်မှ စောင်းတန်းထိပ်တိုင်အောင် "တတိယဂါထာ" ကိုရွတ်၍သွားလော့"ဟု မှာထားကာလွှတ်လိုက်၏။

ဖခင်စည်းစိမ် သားတော်ချိန်

မင်းသားလည်း ဆရာထံမှပြန်လာခဲ့၍ တိုင်းပြည်သို့ ရောက်လျှင် အိမ်ရှေ့မင်းအဖြစ်ကိုရလေ၏၊ နောင်အဘမင်းကြီးသေလွန်လျှင် မင်းအဖြစ်ကိုရလေ၏၊ ထိုယဝမင်းသားအား သားတယောက် ဘွားမြင်လေ၏၊ ထိုသားတော်သည် တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ ထီးနန်းစည်းစိမ်ကို တပ်စွန်းကာ အဘမင်းကို သတ်မည်ဟု ကြံစည်လျက် အလုပ်အကျွေး တို့အား "အမောင်တို့…. ငါ့အဘမင်းကား နုပျိုသေး၏၊ ငါသည်အဘသေလွန်သည်တိုင်အောင် စောင့်ခဲ့လျှင် အိုမင်းတော့မည်၊အိုမင်းသော

အခါမှ ရအပ်သော ထိုးနန်းစည်းစိမ်ဖြင့် အဘယ်အကျိုး ရှိအံ့နည်း''ဟု ပြော၏၊ ''အရှင်မင်းသား.... ပစ္စန္တရစ်သို့ သွားကာ သူပုန်ထနေရန်မဟုတ်၊ ခမည်းတော်ကိုဥပါယ် တမျဉ်ဖြင့် သတ်၍ ထီးနန်းစည်းစိမ်ကို ယူလော့'' ဟု အားပေးတိုက်တွန်းကြကုန်၏။

**ဘေးရန်ကင်းမှု ဥပါယ်ပြု**

မင်းသားလည်း ညအခါ မင်းကြီးရေချိုးရာရေကန်အနီးသို့သွား၍ ထိုအရပ်၌မင်းကိုသတ်မည်ဟု သန်လျက်ကိုကိုင်ကာ စောင့်၍နေလေ၏၊ ထိုအခိုက်မင်းကြီးလည်း ညချမ်းအခါ မူသိကာမည်သောကျွန်မကို သန်လျက်ကိုကိုင်စေ၍ ရေကန်ကို သုတ်သင်ပြီးလာခဲ့ဟု မှာ၍လွှတ်လိုက်၏၊ မူသိကာလည်း သွား၍ရေကန်ကို သုတ်သင်သည်ရှိသော် မင်းသားကိုမြင်လေ၏၊ မင်းသားလည်း မိမိအမှုပေါ်မည်ကို စိုးရိမ်၍ မူသိကာကို သန်လျက်ဖြင့် သတ်ဖြတ်ပြီးလျှင် ရေကန်၌ချလေ၏။

မင်းကြီးလည်း ရေချိုးရန်သွားလေ၏၊ လူတို့သည် မူသိကာကျွန်မပြန်မလာပြီ အဘယ်သို့သွားသနည်းဟု ပြောဆိုကြကုန်၏၊ထိုအခါမင်းကြီးသည်—

''မူသိကာသည် အဘယ်သို့ သွားသနည်းဟု
လူအများ ပြောဆိုမြည်တမ်းနေကြ၏၊ မူသိကာ
ကို ရေကန်၌ သတ်၍ချထားသည်ကို ငါတယောက်
ထည်းသာသိ၏''—

ဟု ပဌမဂါထာကို ရွတ်ဆိုလေ၏၊ မင်းသားသည် မင်းကြီးရွတ်ဆိုသော ဂါထာကိုကြားလျှင် ငါပြုအပ်သော

အမှုကို ငါ့ဘခင်သည် ကောင်း သိချေပြီဟု ပြေး၍ ထို အကြောင်းကို အလုပ်အကျွေးတို့အား ပြောကြားလေ၏၊ အလုပ်အကျွေးတို့လည်း ခုနစ်ရက်လွန်လတ်သော် တဘန် မင်းသားကို"အရှင်မင်းသား....မင်းကြီးသည် အကယ်၍ သိပါမူ ဆိတ်ဆိတ်နေမည်မဟုတ် ကြံစည်၍ ပြောဆိုသော စကားဖြစ်လိမ့်မည်၊ ခမည်းတော်ကို သတ်လော့"ဟု တိုက် တွန်းကြပြန်၏။

**ဂါထာရွတ်ခြင်း အကြောင်းရာယ်ကင်း**

မင်းသားလည်း တနေ့သ၌ သန်လျက် ကိုစွဲကိုင်၍ စောင်းတန်း ခြေရင်းတွင် ပုန်းလျှိုးကာ ရပ်လျက် မင်းကြီးလာ သောအခါ သတ်မည်ဟု ထိုထို၍၍ ကြည့်၍ နေပြန်၏၊ ထိုအခါ မင်းကြီးသည်—

> "သင်ကားမှယောခင်း၌မြည်းကဲ့သို့ ယဝမင်း၌ သတ်ခွင့်ကို ထိုထို၍၍ ကြည့်ရှုလျက် နေဘိ၏၊ ရေကန်၌ မူသိကာကိုသတ်၍ချပြီးလျှင် ယဝမင်းကို သတ်လိုပြန်၏"—

ဟု ဒုတိယဂါထာကို ရွတ်ဆိုပြန်၏၊ မင်းသားသည် ခမည်းတော်မြင်လေပြီဟု ထိတ်လန့်၍ပြေးလေ၏။

**သုံးကြိမ်ရွတ်မှ လက်နက်ချ**

လခွဲလွန်ပြန်လျှင် မင်းကြီးကိုယောက်မ ဖြင့် ရိုက်၍သတ်မည်ဟု ရှည်သော အ ရိုးရှိသော ယောက်မကိုကိုင်၍ စောင့် နေပြန်၏၊ ထိုအခါ မင်းကြီးသည်—

> "ပညာမရှိသောမင်းသား.... သင်ကားငယ်၍ ပဌမအရွယ်၌တည်လျက် နုပျိုလှ၏၊အရိုးရှည်သော

ယောက်မကိုကိုင်ကာ ကောက်လျက်ရပ်တည်ဘိ၏၊
သင်၏အသက်ကို ငါပေးတော့မည် မဟုတ်”

ဟု တတိယ ဂါထာကို ရွတ်ဆိုပြန်၏၊ မင်းသားသည် ပြေးရန် မတတ်နိုင်တော့သဖြင့် “အရှင်မင်းကြီး.... အကျွန်ုပ်အား အသက်ကို ပေးတော်မူပါ”ဟု ခြေရင်း၌ ဝပ်လျက် တောင်းပန်လေ၏။

ဆရာ့ကျေးဇူး
လွန်ချီးကျူး

မင်းကြီးသည် မသိသော်လည်း သိဟန်ပြုကာ မင်းသားကို ခြိမ်းချောက်လျက် သံခြေကျဉ်းခတ်၍ နှောင်အိမ်သို့ သွင်းစေပြီးလျှင် မင်း၏နေရာတွင် နေလျက် ငါတို့ ဒိသာပါမောက္ခဆရာကြီးသည် ငါ၏အန္တရာယ်ကို မြင်သဖြင့် ဂါထာသုံးခု စီကုံး၍ ပေးပေသည်၊ ထိုဂါထာတို့ကြောင့် အန္တရာယ်မှ လွတ်မြောက်ပေသည် ဟု နှစ်သက် ရွှင်လန်းလျက်—

“အချင်းတို့....သားမိုက်က သတ်ရန်တောင့်တနေသော ငါမင်းမြတ်သည် ကောင်းကင်ဘုံ၌ နေသဖြင့် သေဘေးမှ လွတ်မည်မဟုတ်၊ကိုယ်အင်္ဂါနှင့်တူသောသား၏ ချစ်နှစ်သက်ခြင်းဖြင့်လည်း လွတ်မည်မဟုတ်၊ ဆရာဖွဲ့စီ၍ပေးအပ်သော ဂါထာတို့ဖြင့်သာ လွတ်မြောက်ရပေ၏၊ အယုတ်, အလတ်, အမြတ်မရွေး အလုံးစုံသော အကြားအမြင်ကို သင်ကြားကြရာ၏၊ အကြားအမြင်၏ အကျိုးကိုလည်းသိကြရာ၏၊အယုတ်အလတ်ဖြစ်သော အလုံးစုံသောအကြားအမြင်ကိုမသင်ကြားကြရာ အကြား

အမြင်၏ အကျိုးစီးပွားကို ဆောင်ရာသော ကာ
လသည် ရောက်လာပေ၏”—

ဟု ဥဒါန်းကျူးလေ၏၊နောက်အခါ မင်းကြီးသေလွန်
လတ်သော် မင်းသားသည် မင်းအဖြစ်ကို ရလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်
တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဒိသာပါမောက္ခ ဆရာသည်-ယခု အခါ
ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ယုတ်, လတ်, မြတ်ဟူ၊ ကြားမြင်မူ၊ သင်ယူကျိုးသိရာ။
(၂) အမြတ်ကိုထား၊ယုတ်လတ်အား၊သင်ကြားမပြုရာ။
(၃) အကျိုးဆောင်ပြ၊ ချိန်ကာလ၊မှချရောက်တော့သာ။

မူသိကဇာတ် ပြီး၏။

## ၃၇၄- ရုက္ခဓမ္မဇာတ်

ပဉ္စုပ္ပန်ဝတ္ထု၊

ကိလေသတောင်းတ ရဟန်းဘာဝ

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်
စွာဘုရားသည် ဇေတဝန် ကျောင်း၌
သီတင်းသုံးတော်မူစဉ် မယားဟောင်း
သည် ဖြားယောင်းသွေးဆောင်အပ်သည်ဖြစ်၍ သာသနာ

တော်၌ ငြိုးငွေ့ပျင်းရိသော ရဟန်းတပါးကို အကြောင်း ပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

**ပညာသင်ပြီး တောခရီး**

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရား အလောင်းသည် သိကြားမင်း ဖြစ်လေ၏၊ ထိုအခါ ဗာရာဏသီပြည်သား ပုဏ္ဏားလုလင် တယောက်သည် တက္ကသိုလ်ပြည်၌ အတတ်ပညာအလုံးစုံ ကိုသင်ကြား၍ လေးအတတ်၌ အပြီးသို့ ရောက်၏၊ ထိုအခါ စူဠဓနုဂ္ဂဟပညာရှိဟု အမည်တွင်လေ၏။

တက္ကသိုလ်ဆရာကြီးသည် ထိုစူဠဓနုဂ္ဂဟပညာရှိအား ဤလုလင်ကား ငါကဲ့သို့အတတ်ပညာကို တတ်မြောက်ပေ၏ ဟု သမီးနှင့် ထိမ်းမြားလက်ထပ်လေ၏၊ စူဠဓနုဂ္ဂဟသည် သတို့သမီးကိုခေါ်၍ ဗာရာဏသီပြည်သို့ ပြန်ရာခရီးအကြား တွင် တောဆင်ကြီး တကောင်ထ၍ နေသဖြင့် မည်သူမျှ မသွားဝံ့သောအရပ်သို့ ရောက်လေ၏။

**ခိုးသားရန်ပြု တိုက်ခိုက်မှု**

ထိုအခါ စူဠဓနုဂ္ဂဟ ပညာရှိအား တောဆင်ကြီးသည် လိုက်လေ၏၊ စူဠဓနုဂ္ဂဟပညာရှိသည် မြှားဖြင့် ပစ်ရာ ဆင်ကြီးသည် သေလေ၏၊ နောက်တဘန် သွားပြန်ရာ သူခိုးငါးဆယ်တို့နေရာ တောအုပ်သို့ရောက်ပြန်၏။ သူခိုးတို့ သည် တန်ဆာဆင်အပ်သည်ဖြစ်၍ မယားနှင့်တကွလာ သော စူဠဓနုဂ္ဂဟပညာရှိကိုမြင်လျှင် ဘမ်းရန်အားထုတ် ကြကုန်၏၊ သူခိုးကြီးသည် ပုရိသလက္ခဏာ၌လိမ္မာသဖြင့်

၍ယောကျ်ားကား မွန်မြတ်သောသူတည်း ဟု သိ၍ ဘမဲ့းဆီးရန် အခွင့်မပြုလေ။

စူဠဓနုဂ္ဂဟပညာရှိသည် မယားအား သူခိုးတို့ထံအမဲသားကင်တခုကို အတောင်းခိုင်း၏၊ မယားလည်း သူခိုးတို့ထံသွား၍ တောင်းလေ၏၊ သူခိုးကြီးလည်း အနှ ဤယောကျ်ားဖြစ်ပေသည် ဟု ပေးစေ၏၊သူခိုးတို့လည်း ငါတို့ကျက်ပြီးသော အမဲသားကင်ကိုစားမည် ဟု မကျက်သေးသော အမဲသားကင်ကိုပေးလိုက်ကုန်၏၊စူဠဓနုဂ္ဂဟပညာရှိလည်း မိမိကိုယ်ကိုချီးကျူးကာ ငါ့အားမကျက်သေးသောအမဲသားကင်ကို ပေးရမည်လားဟု သူခိုးတို့အားအမျက်ထွက်လေ၏၊ သူခိုးတို့လည်း ဤသူကား တယောက်တည်းသာဖြစ်သည် အသို့ပြုနိုင်အံ့နည်း၊ ငါတို့လည်း မိန်းမမဟုတ်ကုန်ဟု ခြိမ်းချောက်ခါ ထကြကုန်၏။

**နိုးသားနှစ်ခြိုက် မယားမိုက်** စူဠဓနုဂ္ဂဟပညာရှိသည် မြှားအစင်းငါးဆယ်သာ ပါလာရာ တစင်းမှာ တောဆင်ကြီးကို ပစ်ခဲ့၍ လေးဆယ့်ကိုးစင်းသာကျန်တော့သဖြင့် သူခိုးတို့ကိုပစ်ရာ သူခိုးလေးဆယ့်ကိုးယောက်သေ၍ သူခိုးကြီးတယောက်သာ ကျန်လေ၏၊ ထိုအခါ သူခိုးကြီးကို လုံးထွေးကာလဲစေ၍ ရင်ပတ်ပေါ်တွင်စီးလျက် မယားအားသန်လျက်ကို တောင်း၏၊မယားလည်း ခဏခြင်းမြင်ရသော သူခိုးကြီး၌ တပ်စွန်းသဖြင့် သူခိုးကြီးလက်၌ သန်လျက်ရိုး၊လင်လက်၌ သန်လျက်သွားကို ထားကာပေးလေ၏၊ ထိုခဏတွင် သူခိုးကြီးသည် သန်လျက်ဖြင့် စူဠဓနုဂ္ဂဟပညာရှိကို ခုတ်၍သတ်လေ၏။



P.245 သူခိုးကို သန်လျက်ရိုးကမ်း၍ လင်ကိုသတ်စေပြီးလျှင် သူခိုးနောက်သို့လိုက်ရာ မိန်းမယုတ်မှန်းသိ၍ သူခိုးကစွန့်ပစ်ပြေးပုံ။

မိန်းမယုတ်ရှိရာ စွန့်ပစ်သွား

သူခိုးကြီးသည် သတို့သမီးကို ခေါ်၍ သွားရာ အကြောင်းစုံကို မေးမြန်း၍ သိရသဖြင့် ဤမိန်းမကား အဘပေးစားသောလင်ကိုပင် သတ်သေး၏၊ တပါးသော လင်ကို မြင်ပြန်လျှင် ငါ့ကိုလည်းသတ်ပြန်ရာ၏၊ ဤမိန်းမကိုစွန့်ပစ်၍ သွားမှသင့်မည် ဟု ကြံစည်လျက် ရေပြည့်သောမြစ်ငယ်တခုသို့ရောက်လျှင်"ရှင်မ....ဤမြစ်ငယ်၌မိကျောင်းရဲလှ၏၊ အဆင်တန်ဆာ အလုံးစုံကို အပေါ်ရုံဖြင့် ထုပ်၍ပေးလော့၊ရှေးဦးစွာအထုပ်ကိုပို့ပြီးမှသင့်ကိုလာခေါ်မည်"ဟု ပြောဆိုလေ၏၊မိန်းမလည်း အဟုတ်မှတ်၍ အဆင်တန်ဆာတို့ကိုပေးကာ ကမ်းနားမှ စောင့်၍နေနှင့်၏၊ သူခိုးကြီးလည်း အထုပ်ကိုယူ၍ကူးရာ တဘက်ကမ်းသို့ ရောက်လျှင် မိန်းမကို စွန့်ပစ်၍ သွားလေ၏။

ထိုအခါ မိန်းမသည် သူခိုးကြီးအား–

"အရှင်ပုဏ္ဏား....အရှင်ကားဘဏ္ဍာအလုံးစုံကို ယူ၍ မြစ်ကိုကူးသွားရာ ကမ်းတဘက်သို့ရောက်ပေပြီ၊ လျင်စွာပြန်လာခဲ့ပါ၊ ယခုအခါ ဤဘက်ကမ်းမှ ကျွန်ုပ်ကိုလည်းကူး၍ ဆောင်ယူပါ"–

ဟု ပြောဆိုတောင်းပန်လေ၏၊ သူခိုးကြီးသည် မိန်းမ၏ စကားကို ကြားလျှင် ကမ်းနားတွင်ရပ်လျက်–

"အို–ပုဏ္ဏေးမ.... သင်ကား ကြာမြင့်စွာ ပေါင်းဖော်သော လင်ဖြင့် မပေါင်းဖော်ဘူးသေးသော ငါ့ကို လဲလှယ်၍ယူဘိ၏၊ မြဲသောလင်ဖြင့် မမြဲသောငါ့ကို လဲလှယ်၍ ယူဘိ၏၊ ငါဖြင့်လည်း

တပါးသောလင်ကို လဲလှယ်၍ ယူပြန်ရာ၏၊ငါကား ဤအရပ်မှ အလွန်ဝေးသောအရပ်သို့ သွားတော့မည်”–

ဟုပြောဆို၍ ထိုမိန်းမငိုကြွေးနေစဉ်လျှင် သင်နေရစ်တော့ဟု ပြောဆိုလျက် ထမ်းပိုးထားသော ဘဏ္ဍာထုပ်ကို ယူ၍ ပြေးလေ၏။

**သိကြားသိအောင် ဥပါယ်ဆောင်**

ထိုအခါ မိုက်လှစွာသော မိန်းမသည် အလိုကြီးသောကြောင့် ပျက်စီးခြင်းသို့ ရောက်လျက် ကိုးကွယ်ရာ မရှိသဖြင့် သမန်းမြက်ခြုံတခုသို့ကပ်၍ ငိုကြွေးကာနေလေ၏။

ထိုခဏ၌ သိကြားမင်းသည် လူ့ပြည်ကို ကြည့်လတ်သော် ထိုမိန်းမကိုမြင်လျှင် အကြောင်းကိုသိ၍ အရှက်ခွဲမည်ဟုကြံစည်ကာ မာတလိနတ်သားနှင့် ပဉ္စသိခနတ်သားတို့ကိုခေါ်၍ “မာတလိ····သင်က မြစ်တွင်ငါးလုပ်လေ”၊ “ပဉ္စသိခ··သင်က ငှက်လုပ်လေ”၊ ငါကသားတစ်ကိုချီလာသော မြေခွေးလုပ်မည်၊ ငါ မိန်းမအနားရောက်လျှင် သင်ကရေထဲမှခုန်၍ ငါ့ရှေ့တွင်ကျလေ၊ထိုအခါငါက သားတစ်ကိုချ၍ ငါးကိုဘမ်းရန်ပြေးလာမည်၊ သင်ကရေထဲသို့ခုန်ချလေ၊ သင်ပဉ္စသိခက သားတစ်ကိုချီ၍ ပျံလေ”ဟု တိုင်ပင်ကာ သွားကြကုန်၏။

ရှေးဦးစွာသိကြားမင်းက သားတစ်ကိုချီလာသောခွေးအဟန်ဖြင့်သွားရာ ထိုမိန်းမအနီးရောက်လျှင် မာတလိက ငါးအဟန်ဖြင့် ရေထဲမှခုန်တက်ကာ ခွေးအရှေ့တွင်ကျ၏၊ မြေခွေးက အမဲတစ်ကိုချ၍ငါးကိုဖမ်းမည်အပြုတွင် ပဉ္စသိခ

ကင်္ဂက်အဟာန်ဖြင့် သားတစ်ချိုးရှ၍ပြန်လေ၏၊ ငါးကလည်း ရေထဲသို့ခုန်ချလေ၏၊ ထိုအခါမြေခွေးသည် အမဲသားတစ်နှင့်ငါး နှစ်မျိုးလုံးမှ ဆုံးရှုံးသဖြင့် သမန်းမြက်ခြုံကိုကြည့်ကာ မှိုင်၍နေလေ၏။

**ကိုယ်ကျင့်မမြင် အပြစ်တင်** မိန်းမသည် မြေခွေး၏အဖြစ်အပျက်ကိုမြင်လျှင် ဤမြေခွေးကား အလွန်အလိုရမ္မက်ကြီးလှ၏၊ အမဲသားတစ်ကိုလည်း မရ ငါးကိုလည်းမရလေဟု နှလုံးသွင်းလျက် အိုးကိုခွဲလိုက်သည့်အလား ကျယ်စွာသောအသံဖြင့် ရယ်လေ၏၊မြေခွေးသည် ရယ်သံကိုကြားလျှင်—

"သမန်းမြက်ခြုံ၌ ဤမိန်းမကား ကျယ်လောင်စွာသောအသံဖြင့် ရယ်ဘိ၏၊ အဘယ်မိန်းမနည်း၊ ဤအရပ်မှာ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းလည်း မရှိခဲ့၊ ခါးကောင်း၍ တင့်တယ်သောရှင်မ···· သင်သည် ငိုကြွေးသင့်သောအခါ၌ အဘယ့်ကြောင့်ကျယ်လောင်စွာရယ်ဘိသနည်း"—

ဟု မိန်းမအား မေးမြန်းပြောဆိုလေ၏၊ မိန်းမသည် မြေခွေးစကားကိုကြားလျှင်—

"ပညာမရှိ မိုက်မဲလှ၍အစားကြီးလှသောမြေခွေး···· သင်ကာ ပညာမရှိသည့်အတွက် အမဲသားနှင့်ငါး နှစ်မျိုးလုံးဆုံးရှုံးကာ ဥစ္စာတထောင်ရှုံးသူကဲ့သို့ ကြံမှိုင်ဘိ၏"—

ဟုမြေခွေးအား ပြစ်တင်ကဲ့ရဲ့ကာ ပြောဆိုလေ၏၊ ထိုအခါမြေခွေးသည်—

"ဟယ် - အကျင့်ယုတ်မာ၍ သီလ မရှိသော မိန်းမ··သူတပါးအပြစ်ကိုမြင်လွယ်၏၊ မိမိအပြစ်ကို ကား မြင်ခဲ၏၊ သင်ကား အဘပေးစားသောလင်မှ ၎င်း, သယောက်လင်မှ၎င်း ဆုံးရှုံးသည်ဖြစ်၍ ကြုံ မှိုင်နေရသည်မဟုတ်လော"—

ဟု မိန်းမအား နှိပ်၍ အရှက်ခွဲကာ ပြောဆိုလေ၏။

မိန်းမပြစ်ပြော တရားဟော

ထိုအခါမိန်းမသည် မြေခွေးစကားကို ကြားလျှင်—

"အို-သားတို့ဘုရင် မြေခွေးမင်း··ငါကား သင် ပြောဆိုသည့်အတိုင်း စင်စစ်မှန်ပါပေ၏၊ ငါသည် ဤအရပ်မှသွားသည်ရှိသော် နောက်ထပ် လင်ရ ခဲ့ပါလျှင် လင်၏အလိုသို့လိုက်ပါတော့အံ့"—

ဟု ဝန်ခံပြောဆိုပြန်၏၊ ထိုအခါ သိကြားမင်းသည် သီလမရှိသော မိန်းမစကားကို ကြားပြန်လျှင်—

"အကျင့်ယုတ်မာလှသောမိန်းမ···· သင်သည် အဘယ်သို့ဆိုသနည်း၊ မြေခွက်ကိုခိုးဝှံ့သူသည် ရွှေ ခွက်ကိုလည်းခိုးဝှံ့၏၊ သင်သည် မကောင်းမှုကိုပြု မည်သာတည်း၊ နောက်ထပ်တဖန် လင်ရပြန်လျှင် လည်း ဤကဲ့သို့ပြုလိမ့်ဦးမည်"—

ဟု ပြောဆိုကာ ထိုမိန်းမကိုရှက်စေပြီးလျှင် ဘောက် ပြန်သော အခြင်းအရာသို့ ရောက်စေ၍ မိမိနေရာတာဝတိံ သာသို့ သွားလေ၏။

ဤဒေသနာတော်၏ အဆုံး၌ သာသနာတော်၌ငြီးငွေ့ ပျင်းရိသောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ စူဠဓနုဂ္ဂဟပညာရှိသည်- ယခုအခါ ငြီး ငွေ့သောရဟန်း။

※ မိန်းမသည်- မယားဟောင်း။

※ သိကြားမင်းသည်- ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) အလိုရမ္မက်၊ လွန်နှိပ်စက်၊ ပျက်စီးဆုံးရှုံးရာ။
(၂) ငယ်ကချစ်လင်၊ သယောက်လင်၊ မကြင်လဲလှယ်ကာ။
(၃) သူခိုး၏လက်၊ ဓားရိုးဆက်၊ ဓားရွက်ချစ်လင်မှာ။
(၄) လင်နှစ်ဦးဆုံး၊ မှိုင်၍ချုံး၊ ဆုံးမနတ်မင်းလာ။

စူဠဓနုဂ္ဂဟဇာတ် ပြီး၏။

---

## ၃၇၅– ကပေါတဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

လျှပ်လော်လည်ပြ ဆုံးမမှု

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ် စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် လျှပ်ပေါ် လော်လည်သော ရဟန်းတပါးကိုအကြောင်းပြု၍ အောက် ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

ယောင်ဆောင်သူနိုး ကျီးမိုက်မျိုး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ခိုငှက်မျိုး၌ဖြစ်၍ ဗာရာဏသီသူဌေး၏ စဖိုအသိုက်တောင်း၌ နေလေ၏၊ ထိုအခါ လျှပ်ပေါ်လော်လည်သောကျီးတကောင်သည် ငါးအမဲ၌တပ်စွန်းသဖြင့် ခိုနှင့်မိတ်ဖွဲ့ကာ ခိုနေသောအသိုက်တောင်း၌ လာ၍နေ၏။

တနေ့သ၌ကျီးသည် ငါးအမဲများစွာကိုမြင်၍ငါးအမဲကိုစားမည်ဟု အလွန်ညီးညူကာ အသိုက်တောင်းတွင်အိပ်၏၊ ခိုသည် အစာရှာသွားချိန်၌ ကျီးကိုသွားရန်ခေါ်၏၊ ကျီးသည် အစာမကြေသောရောဂါရှိသည်ဟု ပြောဆိုကာ အစာရှာမသွားဘဲအိပ်၏၊ ခိုသွားသောအခါ–

"ငါကား ယခုအခါ၌ ချမ်းသာ၏၊ အနာရောဂါမရှိ၊ ဆူးငြောင့်မရှိ၊ ခိုထွက်သွားခဲ့ပြီ၊ ယခုအခါ စိတ်အလိုအတိုင်းငါပြုတော့မည်၊ ထို့ကြောင့် အမဲသားဟင်းစားရအောင် အားထုတ်တော့မည်"–

ဟု ဝမ်းမြောက်ဝမ်းသာ မြည်တွန်ကာနေ၏၊ စဖိုသည်သည် ငါးအမဲတို့ကို ချက်ပြုတ်ပြီးလျှင် စဖိုအိမ်မှထွက်၍ ကိုယ်ကို ချွေးသုတ်ကာနေ၏၊ အလစ်ကို ချောင်းနေသော ကျီးသည် စဖိုအိမ်သို့ဝင်ကာ အမဲဟင်းကို ဝမ်းပြည့်အောင် စားပြီးလျှင် အမဲထားသောတောင်း၌နားကာ(ကိရိ-ကိရိ) ဟု မြည်လေ၏။

စဉ်းငယ်ပြုလေ ဆင်းရဲတွေ

ကျီးသံကြား၍ စဖိုသည်သိလျှင် အမြန်လာ၍ကျီးကိုဖမ်းကာ အမွေးအတောင်အကုန်နုတ်၍ ချင်းစို မုန်ညင်းမှုန့်တို့ကို ရော၍ ရက်တက်ရည်တို့ဖြင့် ဖျော်လျက် တကိုယ်လုံးလိမ်းကာ အိုးခြမ်းကွဲကို လည်ပင်း၌ဆွဲပြီးလျှင် အသိုက်တောင်း၌ထားလေ၏၊ ခိုသည်လာလတ်၍ ကျီးကိုမြင်လျှင်—

"ဦးစွန်းရှိ၍ နေရာတောင်းကိုစိုးလျက် မိုဃ်းလျှင် အဖိုယောကျ်ားရှိသော ဤဗျိုင်းကား အဘယ်ဗျိုင်းနည်း၊ အိုဗျိုင်း.... အတွင်းသို့သွားပါလော့၊ ငါ့မိတ်ဆွေကျီးသည် ကြမ်းထမ်းလှ၏"—

ဟု ကျီးကို ပြက်ရယ်ပြုလေ၏၊ ကျီးသည် ခိုစကားကို ကြားလျှင်—

"အဆွေ.... စဖိုသည်သည် အမွေးအတောင်တို့ကိုနုတ်၍ ချင်းစို မုန်ညင်းမှုန့် ရက်တက်ပုပ်ဖြင့် ဖျော်၍လိမ်းအပ်သော ငါ့ကိုမြင်၍ သင်သည် ပြက်ရယ်ပြုရန်မသင့်ပါ"—

ဟု ခိုအား ပြန်၍ပြောဆိုလေ၏၊ ခိုသည် တဘန် ကျီးစကားကိုကြားပြန်လျှင်—

"အဆွေ....သင့်မှာကား ကောင်းစွာသုတ်သင်ရ၏၊ ကောင်းစွာလိမ်းကျံရ၏၊ ထမင်း အဖျော်တို့ဖြင့် ရောင့်ရဲရ၏၊ သင်၏လည်ပင်း၌ ဝေဠုရိယ ပတ္တမြားကို ဆွဲရ၏၊ သင် ဗာရာဏသီ မြို့တွင်းသို့ ရောက်ခဲ့သလော"—

ဟု ပြက်ရယ်ပြုပြန်၏၊ ထိုအခါ ကျီးသည်—

"အဆွေ…. သင်၏ အဆွေခင်ပွန်း ဖြစ်စေ၊ အဆွေခင်ပွန်းမဟုတ်သည်ဖြစ်စေ ဗာရာဏသီပြည် တွင်းသို့ မသွားစေလင့်၊ ထိုမြို့တွင်း၌ အမွေး အတောင်တို့ကိုနုတ်၍ လည်ပင်း၌ အိုးခြမ်းကွဲကိုဆွဲ ကြကုန်၏"—

ဟု ပြန်၍ပြောဆို၏၊ ထိုအခါ ခိုသည်—

"အဆွေ…. သင်ကား နောက်တဘန်လည်း ဤသို့သော ဆင်းရဲသို့ ရောက်ရလတံ့၊ အမှန်မှာ သင်၏အလေ့သည် လူတို့အသုံးအဆောင်ကို စား ခြင်းသဘောရှိ၏၊ လူတို့ အသုံးအဆောင်ကား ငှက် တို့အား သုံးဆောင်ရန် မလွယ်ကူပေ"—

ဟု ကျီးကိုဆုံးမပြီးလျှင် တဘန် ထိုအိမ်၌ မနေတော့ဘဲ အရပ်တပါးသို့ ဘဲသွားလေ၏၊ ကျီးလည်း ထိုအိမ်၌ပင် သေဆုံးရလေ၏။

ဤဒေသနာတော်ကို ဆောင်တော်မူ၍ သစ္စာကိုပြသည် ၏အဆုံး၌ လျှပ်ပေါ်လော်လည်သော ရဟန်းသည် အနာ ဂါမိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ ကျီးသည်— ယခုအခါ လျှပ်ပေါ်သော ရဟန်း။

※ ခိုသည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

၁။ လျှပ်ပေါ်လော်လည်၊ မတည်ကြည်၊ သေမည်နောက်ဆုံးမှတ်။
၂။ မွေးတောင်နှုတ်လျက်၊ လိမ်းရက်တက်၊ ကျီးပျက်သေသတတ်။

ကပေါတဇာတ် ပြီး၏။

ပဉ္စကနိပါတ်စကားပြေ ပြီး၏။

# ၃၇၆—အာဝါရိယဇာတ်

## ပစ္စုပ္ပန်ဝတ္ထု၊

ကြမ်းကြုတ်လှငြား
ကူးတို့သမား

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကူးတို့ဆိပ်တခုဝယ် ကူးတို့သမားတယောက်သည် မိုက်မဲ၏၊ ရုန့်ရင်းကြမ်းကြုတ်၏၊ နိုင်ထက်ကလူပြုမူတတ်၏၊ ထိုအခါ ဇနပုဒ်၌နေသော ရဟန်းတပါးသည် ဘုရားဖူးရန် ဇေတဝန်ကျောင်းတော်သို့လာခဲ့ရာ အစိရဝတီမြစ်ကူးတို့ဆိပ်တခုသို့ရောက်၍ တဘက်ကမ်းသို့ ကူးလိုသဖြင့် ကူးတို့သမားအား ကူး၍ ပို့စေ၏၊ ကူးတို့သမားသည် ရဟန်းကို လှေသို့ တင်ပြီးလျှင် ဖြောင့်စွာမသွားဘဲ အောက်သို့ ဆောင်ကာ မြစ်ထဲတွင် လှေကိုလှုပ်၍ ရဟန်း၏ သပိတ်သင်္ကန်းတို့ကို ရေစိုစေပြီးလျှင် မှောင်ကြီးမိုက်မှ လွှတ်လိုက်လေ၏။

ထိုရဟန်းသည် ဇေတဝန်ကျောင်းတော်သို့ရောက်၍ ညဉ့်နက်သဖြင့် နက်ဖြန်မှ မြတ်စွာဘုရားထံ ဆည်းကပ်၍ အကြောင်းစုံ လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းအား "ချစ်သားရဟန်း.... ဤကူးတို့သမားသည် ယခုအခါ၌သာ ရုန့်ရင်းကြမ်းထမ်းသည် နိုင်ထက်ကလူပြုမူတတ်သည်မဟုတ်၊ ရှေးအခါ၌လည်း ပညာရှိတို့ကို ပင်ပန်းစေပြီ" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**ချဉ်ဆားရှာသွား မင်းပင့်ထား**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏား မျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အလုံးစုံသောအတတ်ပညာတို့ကို သင်ကြားပြီးလျှင် ရသေ့ ရဟန်းပြုကာ ဟိမဝန္တာအရပ်ဝယ် ကြာမြင့်စွာ သစ်သီး ကြီးငယ်တို့ဖြင့် မျှတကာနေ၏။

တနေ့သ၌ ချဉ်ဆား မှီဝဲရန် လူတို့နေရာသို့ ဒေသစာရီ လှည့်လည်ခဲ့ရာ ဗာရာဏသီပြည်သို့ရောက်လျှင် ဥယျာဉ်၌ နေ၍ နက်ဖြန် ဆွမ်းခံဝင်သောအခါ မင်းရင်ပြင်သို့ ရောက် လျှင် မင်းကြီးမြင်၍ ကြည်ညိုသဖြင့် နန်းတော်သို့ပင့်လျက် ဆွမ်းဘောဇဉ် ကပ်လှူပြီးလျှင် ဥယျာဉ်တော်၌ပင် အမြဲ သီတင်းသုံးရန် လျှောက်ထားတောင်းပန်လေ၏၊ ရသေ့ လည်း ဝန်ခံကာ ဥယျာဉ်တော်၌ သီတင်းသုံးနေလေ၏၊

**ကြမ်းကြုတ်ဒေါသ ဆရာဆုံးမ**

တနေ့သ၌ မင်းကြီးသည် ရသေ့အား ခစားရန် ဥယျာဉ်တော်သို့လာ၏၊ ထို အခါ ရသေ့သည်—

"မြတ်သော မင်းကြီး.... သင်မင်းကြီးသည် အမျက်မထွက်ပါလင့်၊ ရေထားစီးခြင်း မင်းတကာ တို့ထက် မြတ်သောမင်းကြီး.... သင်မင်းကြီးသည် အမျက်မထွက်ပါလင့်၊အမျက်ထွက်သူကိုတုံ့ပြန်၍ အမျက်မထွက်သောမင်းကို တိုင်းသူ ပြည်သားတို့ သည် ပူဇော်ရာ၏"—

"မြတ်သောမင်းကြီး.... မြို့ရွာ အရပ်၌၎င်း, တောအရပ်၌၎င်း, ချိုင့်ဝှမ်းရာအရပ်၌၎င်း,ကြည်း ကုန်းအရပ်၌၎င်း အလုံးစုံသော အရပ်တို့၌ သင် မင်းကြီးသည် အမျက်မထွက်ပါလင့်"–

ဟု ဤသို့လျှင် လာတိုင်းလာတိုင်း အမြဲဆုံးမလေ့ရှိ၏၊ ထိုအခါ မင်းကြီးသည် အလွန်ကြည်ညိုသဖြင့် ရသေ့အား အခွန်တသိန်းထွက်သောရွာမြတ်ကိုလှူလေ၏၊ ရသေ့လည်း အလိုမရှိပယ်လေ၏၊ ဤသို့လျှင် ရသေ့သည် ဆယ့်နှစ်နှစ် တို့ပတ်လုံး မင်းကြီး၏ဥယျာဉ်၌ပင် နေလေ၏။

**လှည့်လည်လိုလှ ဥယျာဉ်မှထွ**

ဆယ့်နှစ်နှစ် လွန်သောအခါ ရသေ့သည် ငါကား ဤအရပ်၌နေသည်မှာ အလွန်ကြာမြင့်ပြီ၊ ဇနပုဒ်သို့လှည့်လည် ဦးမည် နောက်မှပြန်လာမည်ဟု မင်းကြီးအား မပြော ကြားဘဲ ဥယျာဉ်စောင့်ကိုခေါ်၍ "ဒါယကာ....ငါသည် ဤအရပ်၌နေခဲ့သည်မှာ အလွန်ကြာမြင့်ပြီ၊ ငြီးငွေ့ပျင်းရိ ပြီ၊ ဇနပုဒ်သို့လှည့်လည်၍ ပြန်လာမည် မင်းကြီးအား ပြောကြားချေ"ဟု စေလွှတ်ပြီးလျှင် သွားလေသော် ဂင်္ဂါ မြစ်ကူးတို့ဆိပ်တခုသို့ရောက်လေ၏။

ထိုကူးတို့ဆိပ်ဝယ် ကူးတို့သမားကား အဝါရိယအဘ မည်၏၊ အလွန်မိုက်မဲ၏၊ ရက်စက်ကြမ်းကြုတ်၏၊ နိုင်ထက် ကလူပြုမူတတ်၏၊ ကျေးဇူးကို မသိတတ်၊အကြောင်းဥပါယ် ကိုလည်း မသိတတ်၊ ဂင်္ဂါမြစ်ကို ကူးလိုသူတို့ကို ရှေးဦး စွာကူးစေပြီးလျှင် နောက်မှလှေခကို တောင်းလေ့ရှိ၏၊ အခမပေးသောသူတို့နှင့် ခိုက်ရန်ပြုလျက် ဆဲရေးသတ်ပုတ် ခြင်းသာ များ၏၊နည်းသောလာဘ်လာဘရှိ၏။

ကြီးပွားမှုရေး ကူးတို့ခပေး

ရသေ့သည် ကူးတို့သမားထံ သွား၍ "ဒါယကာ....ငါ့ကို ဟိုဘက်ကမ်းသို့ ပို့ပေးပါ"ဟု ပြော၏၊ "အခပေးမည်လော"ဟု မေး၏၊ "ဒါယကာ....ဥစ္စာစည်းစိမ် တိုးပွားကြောင်းဖြစ်သောစကားကို ပြောကြားမည်"ဟု ပြောလေ၏၊ ထိုအခါ ကူးတို့သမားသည် ဤရဟန်းကား ငါ့အား တစုံတခုကို မချွတ်ပေးလတ္တံ့ဟုမှတ်ထင်ကာ လှေသို့တင်၍ ဟိုဘက်ကမ်းသို့ ပို့လေ၏၊ရောက်သောအခါ "ရဟန်း.... လှေခပေးလော"ဟု တောင်းလေ၏၊ ထိုအခါ ရသေ့သည် "ဒါယကာ....ကောင်းပြီ ပေးမည်"ဟု ပြောဆို၍—

"အိုကူးတို့သူကြီး....တဘက်ကမ်းသို့ မကူးမီ လျှင် လှေခကိုတောင်းပါ၊ အမှန်မှာ ကူးပြီးသူ၏ စိတ်သည် တမျိုးတဖုံဖြစ်၍ ကူးလိုသူ၏ စိတ်သည် တမျိုးတဖုံ ဖြစ်တတ်၏"—

ဟု ဥစ္စာစည်းစိမ် တိုးပွားကြောင်းဖြစ်သော စကားကို ပြောဆိုဆုံးမလေ၏၊ထိုအခါ ကူးတို့သမားသည် ဤရသေ့ကား ငါ့အား ရှေးဦးစွာ အဆုံးအမပေးသည် ဖြစ်လိမ့်မည်၊ နောက်မှ လှေခပေးလိမ့်မည်ဟု ကြံစည်လျက်နေ၏။

တိုးပွားမှုတရား မလိုလား

ထို့နောင် ရသေ့သည် "ဒါယကာ.... သင့်အား ဥစ္စာ စည်းစိမ် တိုးပွားကြောင်းဖြစ်သော စကားကို ပြောဆိုအပ်ပေပြီ၊ ယခုအခါ အကျိုးအကြောင်း၏ ပွားများကြောင်းဖြစ်သောစကားကို နာယူဦးလော"ဟုတိုက်တွန်းကာ—

"ကူးတို့သူကြီး.... မြို့ရွာအရပ်၌၎င်း, တော
အရပ်၌၎င်း, ချိုင့်ဝှမ်းရာအရပ်၌၎င်း, ကြည်းကုန်း
အရပ်၌၎င်း, အလုံးစုံသောအရပ်တို့၌၎င်း သင်
ကူးတို့သူကြီးသည် အမျက်မထွက်ပါလင့်"—

ဟုဆိုးမပြန်၏၊ ထိုအခါ မိုက်မဲယုတ်မာသော ကူးတို့သမားသည် အဘိုးအနဂ္ဃထိုက်တန်၍ အရိုအသေပြုအပ်သော အဆုံးအမဟု မအောက်မေ့ဘဲ "ရဟန်း.... ဤအဆုံးအမကား ငါ့အားပေးအပ်သော လှေခလော" ဟု မေး၏၊ ရသေ့သည် "ဒါယကာ....မှန်ပေသည်"ဟုပြော၏၊ "ရဟန်း....ဤအဆုံးအမစကားကိုအလိုမရှိ၊ တပါးသောဝတ္ထုကိုပေးလော့" ဟု ပြော၏၊ "ဒါယကာ.... ငါ့အား ဤစကားကိုထား၍ ပေးစရာ တပါးသောဝတ္ထု မရှိ"ဟုပြောလေ၏။

**ကြမ်းကြုတ်ရက်စက် ရိုက်ပုတ်နှက်**

ထိုအခါ ကူးတို့သမားမိုက်သည် တစုံတရာဝတ္ထုမရှိဘဲလျက် အဘယ်ကြောင့်လှေကို စီးသနည်းဟု ပြောဆိုလျက် ရသေ့ကိုလဲစေပြီးလျှင် ရင်ပတ်ပေါ်တွင် တက်၍စီးကာ မျက်နှာကို ပုတ်ခတ်လေ၏၊ ထိုအခိုက် ကူးတို့သမား၏ မယားသည်ထမင်းပို့လာလတ်သော်မြင်၍ မိမိယောကျ်ားအား"အရှင်....ဤရသေ့ကား မင်းကြီး၏ဆရာဖြစ်သည်၊ မပုတ်ခတ်ပါလင့်"ဟု တားမြစ်လေ၏၊ ကူးတို့သမားမိုက်သည် ရသေ့စဉ်းလဲအား ပုတ်ခတ်သည်ကို ပြောရပါမည်လားဟု အမျက်ထွက်၍ မိမိမယားကို သတ်ပုတ်ကာလဲစေပြန်၏၊ ထိုအခါ ထမင်းခွက်လည်း ကျ၍ကွဲ၏၊ အရင့်အမာဖြစ်သော ကိုယ်ဝန်လည်း မြေ၌ကျလေ၏၊ ထိုအခါ

လူတို့သည် လာလတ်၍ ကူးတို့သမားမိုက်ကို လူသတ်သူခိုးဟု ဘမ်းဆီးချုပ်နှောင်လျက် မင်းကြီးထံပို့ကြကုန်၏၊ မင်းကြီးလည်း ထိုယောက်ျားအား မင်းဒဏ်ကို ပြုစေ၏။

**ဆုံးမသင့်မသင့်ချင့်ချိန်လင့်** မြတ်စွာ ဘုရားသည် ဘုရားဖြစ်တော်မူပြီး၍—

"ရဟန်းတို့····ထမင်းခွက်လည်းကွဲခဲ့၏၊မယားလည်းသေခဲ့၏၊ ကိုယ်ဝန်လည်းကျခဲ့၏၊ သားသမင်သည် ရွှေငွေဖြင့် မိမိအကျိုး စီးပွားကို ဖြစ်စေရန်မစွမ်းနိုင်သကဲ့သို့၊ ထို့အတူ သူမိုက်သည်လည်း အဆုံးအမစကားဖြင့် မိမိအကျိုးစီးပွားကို ဖြစ်စေရန်မစွမ်းနိုင်"—

"ရဟန်းတို့····ရသေ့အား အကြင်အဆုံးအမဖြင့်လျှင် မင်းကြီးသည် ရွာမြတ်ကိုလှူ၏၊ ထိုအဆုံးအမဖြင့်လျှင် ကူးတို့သမားမိုက်သည် မျက်နှာကို ပုတ်ခတ်ဘိ၏"—

ဟု ဆုံးမတော်မူ၏၊ထို့ကြောင့်ပညာရှိတို့သည်ရသေ့၏ ထုံးကို နှလုံးပြု၍ ဆုံးမသင့်သူကိုသာ ဆုံးမအပ်၏၊ မဆုံးမသင့်သူကို မဆုံးမအပ်၊ အဆုံးအမ တခုတည်းဖြင့်ပင် မင်းကြီးအား ဆုံးမရာ ရွာမြတ်ကိုရ၍၊ ကူးတို့သမား မိုက်ကို ဆုံးမရာ မျက်နှာ၌ပုတ်ခတ်ခြင်းကိုရခဲ့၏၊ ထို့ကြောင့် ဆုံးမသင့်သူကိုသာ ဆုံးမကြရာ၏။

ဤသို့လျှင် ဒေသနာတော်ကို ဆောင်ပြီးလျှင် သစ္စာကို ပြတော်မူသည်၏အဆုံး၌ ဇနပုဒ်နေရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကူးတို့သမား မိုက်သည်—ယခုအခါလည်း ကူးတို့သမားမိုက်။

※ မင်းကြီးသည်—အာနန္ဒာ။

※ ရသေ့သည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဆုံးမပေးသင့်၊မပေးသင့်၊ ထောက်ချင့်ပညာဝါ။

(၂) သင့်သူကျိုးရ၊ မသင့်က၊ ဖြစ်ရတတ်သည်သာ။

(၃) ဆုံးမစကား၊ သုံးတတ်ငြား၊ကျိုးများလှသည်သာ။

အဝါရိယဇာတ် ပြီး၏။

---

# ၃၇၇–သေတကေတုဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ထူးဆန်းအံ့ဘွယ် ပရိယာယ်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အံ့ဘွယ်သရဲကို ပြုလုပ်တတ်သော ရဟန်း တပါးကို အကြောင်း ပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ [ပစ္စုပ္ပန်ဝတ္ထုသည် ဥဒ္ဒါလဇာတ်၌ ထင်စွာ ဖြစ်လတ့်။]

## အတိတ်ဝတ္ထု။

မျိုးဇာတ်ဇာတ်ကြောင့် မာနရောက်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗာရာဏသီပြည်၌ပင် ဒိသာပါမောက္ခဆရာဖြစ်၍ တပည့်ငါးရာတို့အား အတတ်ပညာ သင်ကြားပေးကာနေ၏၊ ထိုတပည့်ငါးရာတို့ အကြီးအမှူးဖြစ်သော သေတကေတုလုလင်ကား ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ အမျိုးကိုမှီ၍ မာနကြီး၏။

တနေ့သ၌ ထိုသေတကေတုလုလင်သည် အခြားလုလင်တို့နှင့်အတူ သွားကြရာ မြို့သို့ဝင်လာသော စဏ္ဍာလကိုမြင်လျှင် မေးမြန်းသောအခါ စဏ္ဍာလမှန်းသိ၍ ထိုစဏ္ဍာလကိုယ်ကို တိုက်ခတ်၍လာသော လေသည် မိမိကိုယ်ကို တိုက်ခတ်မိမည်ကို ကြောက်သဖြင့် "သင်ကား....စဏ္ဍာလယုတ်ဖြစ်သည် လေညာ၌မနေလင့်"ဟု ဆို၍ ထိုသူ၏ လေညာသို့ လျင်စွာသွားလေ၏၊ စဏ္ဍာလလည်း သေတကေတု၏ လေညာသို့ လျင်စွာသွား၍နေပြန်၏၊ ထိုအခါ သေတကေတုသည် စဏ္ဍာလကို "သူယုတ်ပျက်စီးလော"ဟု လွန်စွာဆဲရေးလေ၏။

စဏ္ဍာလမေး အဖြေပေး

စဏ္ဍာလသည် "သင်ကား ဘယ်သူဖြစ်သနည်း"ဟု မေး၍ ပုဏ္ဏားဖြစ်ကြောင်းကို သိပြန်လျှင် သင်သည် ပုဏ္ဏားပင်ဖြစ်စေကာမူ "ငါမေးသောပြဿနာကို ဖြေနိုင်မည်လော" ဟုမေး၏၊ "ဖြေနိုင်၏"ဟု ပြော၏၊အကယ်၍မဖြေနိုင်လျှင်

ခြေမကြားဖြင့် ညှပ်၍လှည့်မည်ပြောသောအခါ "မဖြေနိုင်လျှင် လှည့်လော့"ဟု ပြောလေ၏၊ စဏ္ဍာလသည် သေတကေတု၏စကားကို ပရိသတ်အား သက်သေပြု၍ "ပုဏ္ဏားလုလင်....အရပ်မျက်နှာဟူသည်အဘယ်နည်း"ဟု မေး၏၊ "အချင်း....အရှေ့အရပ် စသော အရပ်လေးမျက်နှာတို့ဖြစ်သည်" ဟု ဖြေ၏၊ ထိုအခါစဏ္ဍာလသည်"ငါကား ဤအရပ်မျက်နှာကိုမမေး၊ သင် ဤမျှလောက်ကိုမျှ မသိဘဲလျက် ငါ့ကိုယ်၌ တိုက်ခတ်သောလေကို စက်ဆုပ်ဘိသည်" ဟု ပြောဆိုပြီးလျှင် သေတကေတု၏ လည်ကုပ်၌ကိုင်၍ ခြေမကြားဖြင့် ညှပ်ကာလှည့်လေ၏။

မာနထောင်ရေး ရှက်၍ပြေး

တပည့်လုလင်တို့သည် ဆရာကြီးအား ထိုအကြောင်းကို ပြောကြားကြကုန်၏၊ ထိုအခါဆရာကြီးသည် သေတကေတုလုလင်ကို "အမောင်သေတကေတု....စဏ္ဍာလကိုအမျက်မထွက်လင့် စဏ္ဍာလသည်ပညာရှိ၏၊ သင်ဖြေကြားသော အရပ်မျက်နှာကိုမမေး၊ တပါးသော အရပ်မျက်နှာကိုမေး၏၊ သင်ကား မြင်ဘူး ကြားဘူး သိဘူးသောတရားထက်ပိုလွန်၍မသိ၊ တရားသည်များပြားလှ၏"ဟု ပြောဆို၍—

"အမောင်သေတကေတု..အမျက်မထွက်လင့်၊ အမျက်ထွက်ခြင်းသည် မကောင်း၊ သင်မမြင်ဘူး မကြားဘူးသောတရားကား များပြားလှ၏၊ မိဘတို့ကိုအရှေ့အရပ်မျက်နှာ၊ ဆရာကိုတောင်အရပ်မျက်နှာမည်ကုန်၏ဟု ဘုရား ပစ္စေကဗုဒ္ဓါ အရိယာတို့ဟောကြားကုန်၏။

ထမင်း အဖျော် အဝတ်ကိုလှူကုန်သော အိမ်နေလူတို့သည် တရားစောင့်သော ရဟန်းပုဏ္ဏားတို့ကို ပင့်ဘိတ်ကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့ကို အထက်အရပ်မျက်နှာမည်၏ဟု ဟောကြားကုန်၏၊ ဆင်းရဲသူတို့ရောက်သွားလျှင် အလွန် ချမ်းသာလှသော နိဗ္ဗာန်ကို မွန်မြတ်သော အရပ်မျက်နှာမည်၏ဟု ဟောကြားကုန်၏"–

ဟု သေတကေတုလုလင်အား စဏ္ဍာလ၏ အမေးပြဿနာကို ဖြေဆိုကာ ဆုံးမလေ၏။

သေတကေတုလုလင်လည်း စဏ္ဍာလသည် မြေမကြားဖြင့် ညှပ်၍လှည့်ဘိ၏ဟု အလွန်ရှက်သဖြင့် ထိုအရပ်တွင် မနေတော့ဘဲ ဒိသာပါမောက္ခဆရာကြီးကို ခွင့်ပန်ပြီးလျှင် တက္ကသိုလ်ပြည်သို့သွား၍ အတတ်ပညာ အလုံးစုံတို့ကို သင်ကြားပြန်၏။

ဆရာရသေ့ကို မင်းကြည်ညို

တဘန် တက္ကသိုလ်ဆရာကြီးထံမှသွားပြန်ရာ ပစ္စန္တရစ် ရွာတခုကိုမှီ၍ နေသောရသေ့ငါးရာတို့ထံရောက်၍ ရသေ့ရဟန်းပြုပြီးလျှင် ထိုရသေ့တို့အား အတတ်ပညာသင်ပေးသဖြင့် ဂိုဏ်းဆရာကြီးဖြစ်၍ ရသေ့အပေါင်းခြံရံလျက် ဗာရာဏသီပြည်သို့သွားပြန်၏၊ နံနက်ဆွမ်းခံဝင်၍နန်းရင်ပြင်သို့ရောက်လျှင် မင်းကြီးသည်ကြည်ညိုသဖြင့် နန်းတော်ပေါ်သို့ပင့်စေ၍ ဆွမ်းဘောဇဉ်တို့ကိုကပ်လှူပြီးလျှင် ဥယျာဉ်တော်၌ အမြဲသီတင်းသုံးရန် တောင်းပန်သဖြင့် ခွင့်ပြုကာ ဥယျာဉ်တော်၌ပင် နေကြကုန်၏။

**မင်းကြည်ညိုအောင် အယောင်ဆောင်**

မင်းကြီးသည် တနေ့သ၌ "ဆွမ်းဘုဉ်းပေးနေစဉ်အရှင်ဘုရားတို့ထံလာ၍ ဖူးမြင်လိုသည်" ဟုလျှောက်ထားလေ၏၊ ထိုအခါ သေတကေတုရသေ့သည် ဥယျာဉ်တော်သို့ပြန်ပြီးလျှင် ရသေ့တို့ကိုစည်းဝေးစေ၍ "ငါ့ရှင်တို့.... ယနေ့မင်းကြီးလာလိမ့်မည်၊ မင်းမည်သည် တကြိမ်နှစ်သက်စေလျှင် တသက်လုံးချမ်းသာစေနိုင်၏၊ ထို့အတွက် အချို့ရသေ့တို့သည် လင်းနို့ကဲ့သို့ အထက်၌တွဲလျားဆွဲကာ ကျင့်ကြကုန်၊ အချို့ဆူးပေါ်မှာအိပ်ကြကုန်၊ အချို့ ပဥ္စာတပအကျင့်ကို ကျင့်ကြကုန်၊ အချို့ဆောင့်ကြောင့်သွား၍ကျင့်ကြကုန်၊ အချို့ရေချိုး၍ကျင့်ကြကုန်၊ အချို့ ဗေဒင်သရဇ္ဈာယ်ကြကုန်" ဟု အသင့်စီမံလျက် ကျင့်စေကုန်၏၊ မိမိမူကား ကျောင်းတံခါးဝယ်အမှီရှိသော အင်းပျဉ်၌နေပြီးလျှင် အဆင်းငါးပါးရှိ၍ အခေါက် တထောင်ရှိသော ပုရပိုက်ကြီးကို ဆန်းကြယ်သောအခင်းပေါ်မှာတင်လျက် ကောင်းစွာသင်ကြားအပ်ပြီးသောလုလင်လေးယောက်ကို ပြဿနာမေးစေ၍ မိမိကဖြေဆိုကာ နေလေ၏။

**ပုဏ္ဏားလျှောက်ချက် ကြည်ညိုပျက်**

ထိုခဏ၌မင်းကြီးလာလတ်၍ မိစ္ဆာအကျင့်ကိုကျင့်ကုန်သော ရသေ့တို့ကိုမြင်လျှင် နှစ်သက်ကြည်ညိုခြင်းဖြစ်၍ သေတကေတုရသေ့သို့ကပ်ပြီးလျှင် ရှိခိုး၍ သင့်တင့်သောအရပ်၌နေလျက်—

"အိုပုဏ္ဏား.... ခွါနှင့်တကွသော သစ်နက်ရေကိုဆောင်ကာ ဆံကျစ်ထုံးလျက် သွားချေးထူ၍ ညစ်နွမ်းသော အဆင်းရှိသော ဤရသေ့တို့ကား

ဗေဒင်ကို သရဇ္ဈာယ်ကြကုန်၏၊ လူတို့ပြုအပ်သော
ပယောဂ၌တည်ကုန်သော ရသေ့တို့သည် ဤလော
ကကိုသိကုန်လျက် အပါယ်မှလွတ်ကုန်သလော”—

ဟု ပုရောဟိတ်ပုဏ္ဏားအား မေးမြန်းလေ၏၊ ပုရောဟိတ်သည် မင်းကြီးစကားကိုကြားလျှင်—

“မင်းမြတ်…. မကောင်းမှုတို့ကိုပြုလုပ်ကာ အ
ကြားအမြင် များသောသူသည်လည်း တရားကို
မကျင့်မူ ဗေဒင်ကိုအစွဲပြုလျက် သီလ သမာပတ်သို့
မရောက်မူ၍ ဗေဒင်တထောင်တတ်သော သူသည်
လည်း ဆင်းရဲမှမလွတ်ရာ”—

ဟု မင်းကြီးအားဖြေကြားလေ၏၊ မင်းကြီးသည် ပုရောဟိတ်စကားကိုကြား၍ ရသေ့တို့၌ နှစ်သက်ကြည်ညိုခြင်းကို ပယ်ဖျောက်လေ၏။

**ဆရာရသေ့မေး အဖြေပေး**

ထို့နောင်မှ သေတကေတု ရသေ့သည် မင်းကြီး၏ နှစ်သက် ကြည်ညိုခြင်းကို ပုရောဟိတ်သည် ပဲခွပ်ဖြင့်ခုတ်၍ ဖြတ်သကဲ့သို့ဖြတ်ဘိ၏၊ ငါသည် ပုရောဟိတ်နှင့် စကားပြောရန် သင့်၏ဟု ကြံစည်ကာ—

“အိုပုဏ္ဏား…. ဗေဒင်တထောင်တတ်သောသူ
သည်လည်း ထိုဗေဒင်ကိုအစွဲပြုလျက် သီလသမာ
ပတ်သို့မရောက်မူ၍ ဆင်းရဲမှမလွတ်ခဲ့ပါမူ၊ သီလ
သမာပတ်သာ မှန်သည်ဖြစ်ပါမူ၊ ဗေဒင်တို့သည်
အကျိုးမရှိ ဟုငါအောက်မေ့မှတ်ထင်၏”

ဟု ပုရောဟိတ်အား ပြောကြားပြန်၏၊ပုရောဟိတ်သည် ရသေ့စကားကိုကြားလျှင်—

"ရှင်ရသေ့.... ဗေဒင်တို့သည် အကျိုးမရှိ မဟုတ်ကုန်၊ သို့သော်လည်း သီလသမာပတ်သာ မှန်ကန်၏၊ ဗေဒင်တို့ကိုစွဲ၍ ကျော်စောခြင်းသို့ ရောက်၏၊ သီလသမာပတ်ဖြင့် ဆုံးမအပ်သောသူ သည် နိဗ္ဗာန်သို့ရောက်၏"—

ဟု သေတကေတု ရသေ့၏ ဝါဒကိုဖျက်၍ ပြောဆိုကာ ရသေ့အလုံးစုံကိုလူထွက်စေပြီးလျှင် ထားလက်နက်တို့ကို ကိုင်စေလျက် မဟန္တတရကမည်သော မင်းစောအရာ၌ ထား၍ မင်းကြီးကို လုပ်ကျွေးစေ၏၊ ဤအနွယ်သည် မဟန္တတရကတို့၏ အနွယ်ဖြစ်သတတ်။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ သေတကေတု ရသေ့သည်- ယခုအခါ အံ့ဘွယ်သရဲကို ပြုလုပ်သောရဟန်း။
※ စဏ္ဍာလသည်-သာရိပုတ္တရာ။
※ မင်းကြီးသည်-အာနန္ဒာ။
※ ပုရောဟိတ်သည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိစ္ဆာကျင့်ကား၊ကျိုးမများ၊လားလိမ့်အပါယ်ကို။
(၂) ဗေဒင်တို့ကား၊လူတလွှား၊ကျော်ကြားလိမ့်မည်ဆို။
(၃) သီလ,သမာ၊ ကျင့်သိက္ခာ၊ရောက်ရာနိဗ္ဗာန်ကို။

သေတကေတုဇာတ် ပြီး၏။

# ၃၇၈-ဒရီမုခဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

နိက္ခမကြောင်းပြ
ဟောကြားမှု

နတ်လူတို့ ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မြတ်စွာဘုရား၏ တောထွက်တော်မူခြင်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

ဆရာပန်ကြား
ခရီးသွား

လွန်လေပြီး သောအခါ ရာဇဂြိုဟ် ပြည်ဝယ် မဂဓမင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုမဂဓမင်း၏ မိဖုရားကြီးဝမ်း၌ ဖြစ်၍ ဗြဟ္မဒတ်ဟူသော အမည်ကိုမှည့်ကုန်၏၊ တနေ့ထည်းဘွားမြင်သော ပုရောဟိတ်၏ သားကိုကား ရွှေအဆင်းကဲ့သို့ တင့်တယ်သော မျက်နှာရှိသဖြင့် ဒရီမုခ ဟူသောအမည်ကို မှည့်ကုန်၏၊ ထိုသတို့သား နှစ်ယောက်တို့သည် မင်းအိမ်၌သာ ကြီးပွားကုန်၏၊ အချင်းချင်း အလွန်ချစ်ခင်သော အဆွေခင်ပွန်းဖြစ်ကုန်၏။

ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်သောအခါ တက္ကသိုလ်ပြည်၌ပညာသင်ကြားပြီးလျှင်ဆရာကိုပန်ကြား၍ ဒေသန္တရ ဗဟုသုတ အလို့ငှာ မြို့ရွာနိဂုံးတို့၌ လှည့်လည်ကြရာ ဗာရာဏသီပြည်သို့ ရောက်၍ နတ်ကွန်းတခု၌ နေကုန်၏၊ နက်ဖြန် ပြည်တွင်းသို့ဝင်လတ်သော် ဆွမ်းကျွေး၍ မင်္ဂလာ ရွတ်ရန် စီမံထားသော အမျိုးတဦးပင့်ဘိတ်လာ၍ လိုက်သွားကြရာ အိမ်၌ ဗြဟ္မဒတ်မင်းသားနေထိုင်ရန် အဝတ်

မြှုကို, ဒရိမုခနေထိုင်ရန် အဝတ်နီကို ခင်းထားကြကုန်၏၊ ထိုအခါ ဒရိမုခသည် ခင်းထားသော အခင်းတို့ကိုမြင်လျှင် ယနေ့ ငါ့အဆွေခင်ပွန်းသည် မုချမင်းဖြစ်မည်၊ ငါသည် ပုရောဟိတ်ဖြစ်မည်ဟု သိနှင့်လေ၏။

**စည်းစိမ် ရှုံ့ရှာ ပုန်းအောင်းကာ**

ထိုမင်းသားနှင့် ပုရောဟိတ် သားတို့သည် မင်္ဂလာရွတ်ခြင်းကိုစွပြီး၍ အိမ်မှ အလှူဝတ်ကိုယူပြီးလျှင် ထွက်လာကြရာ ဥယျာဉ်တော်သို့ရောက်၍ မင်းသားသည် မင်္ဂလာကျောက်ဖျာ၌အိပ်၏၊ ပုရောဟိတ်သားသည် မင်းသား၏ ခြေတို့ကို ဆုပ်နယ်ကာနေ၏၊ ထိုအခါ ဗာရာဏသီပြည်၌ မင်းကြီးသေလွန်၍ ခုနစ်ရက်မြောက်သောနေ့ဖြစ်သတတ်၊ မင်းကြီး၏ ပုရောဟိတ်သည် မင်းကောင်းမင်းမြတ်ကိုရရှိရန် ဖုဿရထားကို လွှတ်လေ၏၊ ဖုဿရထားသည်စစ်အင်္ဂါလေးပါးဖြင့်ခြံရံကာ မြို့မှထွက်၍ ဥယျာဉ်တံခါးသို့ ရောက်လေ၏၊ ဒရိမုခလည်း တူရိယာသံကို ကြားလျှင် အဆွေယနေ့မင်းဖြစ်တော့မည် ငါ့ကိုစစ်သူကြီးရာထူးကို ပေးလိမ့်မည်၊ငါ့မှာအိမ်၌နေသဖြင့် အကျိုးမရှိ တောထွက်၍ရဟန်းပြုတော့မည် ကြံစည်လျက် အဆွေကို မတိုင်ပင်ဘဲ အမှတ်မဲ့သွားပြီးလျှင် တနေရာတွင် ပုန်းအောင်း၍နေ၏။

**ဗြဟ္မဒတ်မင်းသား မင်းမြောက်ပြား**

ပုရော ဟိတ်လည်း ဥယျာဉ် တံခါး၌ ဖုဿရထားကို ထားခဲ့၍ ဥယျာဉ်သို့ ဝင်ရာ မင်္ဂလာကျောက်ဖြာတွင် အိပ်နေသော ဗြဟ္မဒတ်မင်းသားကို မြင်လျှင် ခြေတို့ကိုဖွင့်၍ ကြည့်သောအခါ လက္ခဏာကိုမြင်ပြန်လျှင်''အချင်းတို့····

ဤသူကား ဘုန်းရှိသောသူဖြစ်သည်၊ ဤဗာရာဏသီပြည်ကို ထားဘိဦး ကျွန်းကြီး လေးကျွန်းကို အစိုးရသော စကြာမင်းပင်ဖြစ်နိုင်သည်၊ သို့သော်လည်း သမာဓိရှိသည် မရှိသည်ကို သိရအောင် တူရိယာအလုံးစုံကို တပြိုင်နက် တီးမှုတ်ကြလော''ဟု စီမံလေ၏။

မင်းသားလည်း တူရိယာသံကို ကြားသောအခါ နိုးလတ်၍ မျက်စိကိုဖွင့်၍ ကြည့်ပြီးလျှင် အတန်ငယ်အိပ်ပြန်၍ တဘန်ထကာ ကျောက်ဖျာ၌ ထက်ဝယ်ဖွဲ့လျက် နေ၏၊ ထိုအခါ ပုရောဟိတ်သည် ရှိခိုး၍''အရှင်မင်းကြီး····အရှင်မင်းကြီးအား မင်းအဖြစ်ရောက်လာပါပြီ၊ မင်းပြုတော်မူပါ''ဟုတောင်းပန်ကြ၏၊ ''အချင်း···· သင်တို့မင်းကြီးမှာ သားတော်မရှိသလော''ဟုမေး၏၊ ''အရှင်မင်းကြီး····မရှိပါ''ဟု လျှောက်ထားသောအခါ''အချင်း····ကောင်းပြီ'' ဟုဝန်ခံလေ၏၊ ထိုအခါ ပုရောဟိတ်သည် မင်းသားအား ဥယျာဉ်တော်၌ပင် အဘိသိက်သွန်းကာ မင်းမြှောက်ကြကုန်၏၊ မင်းသားလည်း အခြံအရံများလှ၍ ဒရီမုခအဆွေခင်ပွန်းကို အမှတ်မရတော့ပေ၊ ရထားကိုစီး၍ နန်းတော်သို့ ဝင်ပြီးလျှင် မင်းပြုလေ၏။

**မိတ်ဟောင်းသတိရ အောက်မေ့လှ**

ဒရီမုခလည်း လူတို့ တိတ်ဆိတ်သောအခါ ဥယျာဉ်တော်သို့ ဝင်ပြန်၍ ကျောက်ဖျာထက်၌ နေလျက် မိမိရှေ့တွင်ကြွေကျသော ဖက်ရွက်ဟောင်း၌ လက္ခဏာတင်ကာ ပစ္စေကဗောဓိဉာဏ်သို့ ရောက်လေ၏၊ ထိုခဏ၌လျှင် လူ၏အသွင် ကွယ်ပျောက်လျက် တန်ခိုးဖြင့်ပြီးသော သပိတ်

သင်္ကန်းဖြင့် ပစ္စေကဗုဒ္ဓါရဟန်းအဖြစ်ကိုရ၍ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာ နန္ဒမူလိုဏ်သို့ ကြွလေ၏။

မင်းကြီးသည် စည်းစိမ်ယစ်ကာ အလွန် ချစ်ခင်သော ဒရိမုခကို နှစ်ပေါင်း လေးဆယ်လွန်မှ သတိရသဖြင့် "အချင်းတို့....ငါ၏အဆွေဒရိမုခရှိပါသေးသည်၊ မြင်လိုတွေ့လိုလှသည်၊ ဒရိမုခနေရာအရပ်ကို ပြောဆိုနိုင်သူအား ကြီးစွာသော စည်းစိမ်ကို ပေးမည်"ဟု ပြောဆိုလေ၏၊ ဤသို့ဒရိမုခကို ရှာဖွေရင်းပင် မင်းကြီးအား နှစ်ပေါင်း ဆယ်နှစ် လွန်ပြန်လေ၏။

**မင်းကိုတရားပြ ဥယျာဉ်ကြွ**

ထိုအခါ ဒရိမုခပစ္စေကဗုဒ္ဓါသည် နှစ်ပေါင်း ငါးဆယ်လွန်မှ ဆင်ခြင်လတ်သော် အဆွေမင်းကြီးကို သတိရ၍ ငါ့အဆွေမင်းကြီးအိုခဲ့ပြီ၊ သားသမီးတို့လည်းရှိခဲ့ပြီ၊ ငါသည် တရားဟော၍ အဆွေမင်းကြီးကို ရဟန်းပြုစေမည်ဟု ကြံစည်ကာ ဗာရာဏသီဥယျာဉ်တော်သို့ကြွ၍ ကျောက်ဖျာထက်၌ ရွှေဆင်းတုကဲ့သို့ ထိုင်တော်မူ၏။

ဥယျာဉ်စောင့် မြင်လျှင် ပစ္စေကဗုဒ္ဓါအား "အရှင်ဘုရား.... ဘယ်အရပ်မှ လာသနည်း"ဟု လျှောက်၏၊ "ဒါယကာ.... နန္ဒမူလိုဏ်မှ လာသည်"ဟု ပြော၏၊ "အဘယ်အမည် ရှိပါသနည်း"ဟု လျှောက်ပြန်၏၊ "ဒရိမုခ အမည်ရှိသည်"ဟု ပြော၏၊ "မင်းကြီးကို သိပါသလော"ဟု လျှောက်ပြန်၏၊ "သိသည် လူဖြစ်စဉ် ငါ၏အဆွေခင်ပွန်းဖြစ်သည်"ဟု ပြော၏၊ "အရှင်ဘုရား.... ဆိုင်းငံ့တော်မူပါ မင်းကြီးထံ လျှောက်ထားပါဦးမည်"ဟု

ပြောဆိုပြီးလျှင် မင်းကြီးထံသွား၍အကြောင်းစုံ လျှောက်ထားလေ၏။

**ကာမတပ်စွန်း လွန်စွဲလမ်း**

မင်းကြီးသည် အလွန် ဝမ်းမြောက်လှသဖြင့် အခြံအရံဖြင့် ဥယျာဉ်တော်သို့သွား၍ ဒရီမုခပစ္စေကဗုဒ္ဓါကိုမြင်လျှင် ရှိခိုးလျက် ပဋိသန္ထာရစကား ပြောကြားကာနေ၏၊ ပစ္စေကဗုဒ္ဓါလည်း မင်းကြီးအား "မြတ်သောမင်းကြီး....သင်ကား အိုမင်းခဲ့ပြီ၊ ကာမတို့ကိုစွန့်၍ ရဟန်းပြုချိန်တန်ပြီ" ဟုမိန့်ဆိုပြီးလျှင်—

"မင်းမြတ်....ကာမဂုဏ် တို့သည် မြက်မှော်စသည်နှင့်တူကုန်၏၊ ကြီးစွာသောညွန်နှင့် တူကုန်၏၊ ဤကာမဂုဏ်တို့ကို အပြစ်သုံးပါးရှိသောဘေးဟုဆိုရမည်၊ မြူဟူ၍၎င်း, အခိုးဟူ၍၎င်း ဆိုရမည်၊ သင်သည် ကာမဂုဏ်တို့ကို စွန့်၍ ရဟန်းပြုပါလော့"—

ဟု မင်းကြီးအား ဆုံးမတိုက်တွန်းလေ၏၊ထိုစကားကို ကြားလျှင် မင်းကြီးသည် မိမိအားကိလေသာနှောင်ဖွဲ့အပ်သည်ကိုပြလို၍—

"အရှင်ဘုရား.... အကျွန်ုပ်သည် ကာမဂုဏ်တို့၌ ကပ်ငြိပါ၏၊တပ်စွန်းပါ၏၊ အလွန်မက်မောပါ၏၊ ကာမဂုဏ်တို့ဖြင့် အသက် မွေးလိုသော အကျွန်ုပ်သည် အလွန်အားရှိသော ကာမဂုဏ်တို့ကို စွန့်ပယ်ရန်မစွမ်းနိုင်ပါ၊ ကောင်းမှုများစွာကို ပြုပါမည်"—

ဟု ပစ္စေကဗုဒ္ဓါအား လျှောက်ထားပြန်၏။

သန္တေ့စွဲကြောင်း ဆင်းရဲပေါင်း

ထိုအခါ ပစ္စေကဗုဒ္ဓါသည် မင်းကြီး ရဟန်းပြုခြင်း၌ါ မတတ်နိုင်ဟုလျှောက်ထားသည် ရှိသော် အလွန် ဆုံးမလိုသဖြင့်—

"မင်းမြတ်····အကျိုး စီးပွားကို အလိုရှိသူ, စောင့်ရှောက်သူတို့ ဆုံးမအပ်သည်ရှိသော် ထို အဆုံးအမကို မလိုက်နာဘဲ ငါ့အယူသာ မြတ်၏ ဟု မှတ်ထင်တတ်၏၊ထိုပညာနည်းသူသည်အဘန် တလဲလဲ ပဋိသန္ဓေနေရ၏၊ ပဋိသန္ဓေနေရသောသူ သည် ကြမ်းကြုတ်၍ အသုဘဟု ရှုအပ်သော မကောင်းသော ကျင်ကြီး ကျင်ငယ်ပြည့်သော အမိ ဝမ်းဟူသော ငရဲသို့ရောက်ရ၏၊ မိမိကိုယ်၌ တပ် မက်မောခြင်းကို မစွန့်ကုန်သော သတ္တဝါတို့သည် ကာမဂုဏ်တို့၌ တပ်ခြင်းရာဂ မကင်းကုန်"—

ဟု အမိဝမ်းသို့ သက်ရခြင်းဆင်းရဲကိုဋ်း, အမိဝမ်းဖြင့် ဆောင်ရခြင်း အရင်းရှိသော ဆင်းရဲကိုဋ်း ပြဆိုပြီး၍ တဘန် ကိုယ်ဝန်မွေးဘွားခြင်း အရင်းရှိသော ဆင်းရဲကို ပြလိုပြန်သဖြင့်—

"မင်းမြတ်···· ဤသတ္တဝါ တို့ကား ကျင်ကြီး ကျင်ငယ် သွေးသလိပ်တို့ဖြင့်လိမ်းကျံကာ ဘွားမြင် ရကုန်၏၊ အမှန်မှာ ထိုဘွားမြင်ရသော ခဏ၌ ကျင်ကြီး ကျင်ငယ် သွေးသလိပ်တို့သည် ကိုယ်ဖြင့် ထိကုန်၏၊ ကျင်ကြီးကျင်ငယ် သွေးသလိပ် အလုံး စုံတို့မှာ မသာယာ အပ်သည်ဖြစ်၍ သက်သက် ဆင်းရဲသောသဘောတို့သာတည်း"—

"မင်းမြတ်…. ငါသည် ဤမျှလောက် သော
တရားစကားတို့ကို ကိုယ်တိုင်မြင်၍ ဟောကြား
ပေ၏၊ သူတပါး၏အထံမှကြား၍ ဟောကြားသည်
မဟုတ်ပါ၊ ငါကားရှေး၌ ဖြစ်ဘူးသော ဘဝများ
စွာကို အောက်မေ့နိုင်၏"–

ဟုကာမဂုဏ်တို့၏ အပြစ်ကိုပြကာ မိမိစကားကို နာယူ
စေ၍–

**ဆရာပြန်ကြွမှ တရားရ**

"မြတ်သော မင်းကြီး…. ယခု အခါ
ရဟန်းပြုသည်ဖြစ်စေ, မပြုသည်ဖြစ်စေ
ငါကား သင်မင်းကြီးအား ကာမဂုဏ်
တို့၌ အပြစ်ကိုရင်း, ရဟန်းပြုခြင်း၌ အကျိုးကိုရင်း ဟော
အပ်ပေပြီ၊ သင်မင်းကြီးသည် မမေ့မလျော့နေရစ်လော့"
ဟုပြောဆိုပြီးလျှင် နန္ဒမူလိုဏ်သို့ ပြန်လေ၏။

မင်းကြီးလည်း ပစ္စေကဗုဒ္ဓါကို ရှိခိုးလျက်ပင် မြင်
ကောင်းရာ အရပ်ကို လွန်သည်ရှိသော် သားတော်ကြီးကို
ခေါ်၍ တိုင်းပြည်ကို အပ်နှင်းပြီးလျှင် လူအများငိုကြွေးစဉ်
ကာမဂုဏ်ကို စွန့်ပယ်လျက် ဟိမဝန္တာသို့ဝင်၍ ရဟန်းပြု
ပြီးလျှင် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေလျက် အသက်၏
အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားရ၏။

ဤဒေသနာတော်ကို ဆောင်ပြီးလျှင် သစ္စာကိုပြသည်၏
အဆုံး၌ ရဟန်းများစွာတို့သည် သောတာပတ္တိဖိုလ် အစ
ရှိသည်တို့၌ တည်ကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မင်းကြီးသည်- ယခုအခါ ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မှော်ညွန်ဘေးတူ၊အခိုး,မြူ၊တူ၏ကာမဂုဏ်။

(၂) မစွန့်နိုင်က၊ဆင်းရဲလှ၊စွန့်ကချမ်းသာကုန်။

ဒရီမုခဇာတ် ပြီး၏။

---

# ၃၇၉—နေရုဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ကျေးဇူးရှိမရှိ အကျင့်မသိ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော် မူစဉ် မထင်ရှားသော ရဟန်းတပါးသည် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းယူပြီးလျှင် ပစ္စန္တရစ်ရွာတခုသို့ သွား၍ တောကျောင်း၌ နေ၏၊ ပစ္စန္တရစ် ရွာသားတို့သည် အလွန်ကြည်ညိုကုန်လျက် ထိုရဟန်းအား ပူဇော်သက္ကာရကို ပြုကြကုန်၏။

ထိုအခါ သဿတ အယူရှိသူတို့ လာလတ်သော် ထိုရဟန်းကိုစွန့်၍ သဿတအယူကို ယူကြလျက် သဿတ

အယူရှိသူတို့အား ပူဇော်သက္ကာရပြုကြပြန်၏၊ ဥစ္ဆေဒအယူရှိသူတို့လာပြန်သော် သဿတ အယူကို စွန့်၍ ဥစ္ဆေဒ အယူရှိသူတို့အား ပူဇော်သက္ကာရ ပြုကြပြန်၏၊ နောက်အစေလက အယူရှိသူတို့ လာပြန်သော် ဥစ္ဆေဒ အယူကို စွန့်၍ အစေလက အယူရှိသူတို့အား ပူဇော်သက္ကာရပြုကြပြန်၏။

ထိုရဟန်းသည် ကျေးဇူးရှိသည် မရှိသည်ကို မသိကုန်သော သူတို့အထံ၌ ဆင်းရဲစွာနေ၍ ဝါကျွတ်လတ်သော် ပဝါရဏာပြုပြီးလျှင် မြတ်စွာဘုရားထံသို့ ရောက်၍ ထိုအကြောင်းကို လျှောက်ထားရာ မြတ်စွာ ဘုရားသည် "ချစ်သားရဟန်း····ရှေးပညာရှိတို့သည် တိရစ္ဆာန်မျိုး၌ ဖြစ်သော်လည်း ကျေးဇူးရှိသည်မရှိသည်ကို မသိကုန်သော သူတို့နှင့် အတူတကွမနေကုန်၊ သင်သည် အဘယ်ကြောင့် အတူတကွ နေသနည်း"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ငှက်တို့ဂုဏ်ဆောင် နေရုတောင်** လွန်လေပြီးသော အခါ ဗာရာဏသီ ပြည် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ရွှေဟင်္သာမျိုး၌ဖြစ်၍ ညီဖြစ်သော ဟင်္သာတကောင်လည်း ရှိ၏၊ ထို ဟင်္သာညီနောင်တို့သည် စိတ္တကုဋ်တောင်၌ နေကြလျက် ဟိမဝန္တာဝယ် အလိုလိုပေါက်သော သလေးစပါးတို့ကို စားကုန်၏။

တနေ့သ၌ ဟင်္သာညီနောင်တို့သည် ကျက်စားရာ အရပ်မှ စိတ္တကုဋ်တောင်သို့ လာလတ်သော် လမ်းအကြား

ဝယ်နေရမည်သော ရွှေတောင်တခု၌ နားကြကုန်၏၊ ထို တောင်ကို မှီ၍နေကုန်သော သားငှက် အပေါင်းတို့သည် မိမိတို့ကျက်စားရာ အရပ်၌ အထူးထူးသော အဆင်းရှိကြ သော်လည်း ရွှေတောင်သို့ ရောက်သောအခါ တဦးနှင့်တဦး တူမျှလျက် ရွှေအဆင်းရှိကြကုန်၏၊ ထိုအဆင်းကိုမြင်လျှင် အကြောင်းကို မသိသော ညီဟင်္သာသည်—

"နောင်တော်....ဤတောင်သို့ ရောက်လာကြ သော တောကျိုး အိမ်ကျိုး အပေါင်းတို့သည်၎င်း, ငှက် မြတ်ဖြစ်သော ငါတို့သည်၎င်း,အလုံးစုံ တူမျှ သော အဆင်းရှိကြကုန်၏၊

ဤတောင်၌ ခြင်္သေ့ ကျားတို့သည်၎င်း, အယုတ် ဆုံးဖြစ်သော မြေခွေးတို့သည်၎င်း အလုံးစုံတူမျှ သော အဆင်းရှိကြကုန်၏၊ဤတောင်ကားအဘယ် တောင်နည်း"—

ဟု နောင်တော် ဟင်္သာမင်းအား မေးလေ၏။

သူတော်မနေအပ် ထိုအရပ်

နောင်တော် ဟင်္သာမင်းသည် ညီ တော်စကားကို ကြားလျှင်—

"ညီတော်.... ဤတောင်၌ အလုံးစုံ သော သတ္တဝါတို့သည် အဆင်းအားဖြင့် တူမျှကြ ကုန်လျက် နေကုန်၏၊ မွန်မြတ်သော ဤတောင်ကို နေရုရွှေတောင်ဟူ၍ လူတို့ခေါ်ဆိုကြကုန်၏"—

ဟု ညီတော်အား ဖြေကြားလေ၏၊ ထိုအခါ ညီတော် ဟင်္သာသည် နောင်တော်စကားကို ကြားလျှင်—



P. 276 ‘‘ဤဘောင်သည် အယုတ်,အလတ်,အမြတ်-မခွဲခြားတတ်၍ နေရန်မသင့်’’ဟု ပြောဆိုသော ရွှေဟင်္သာညီနောင်ပုံ

"နောင်တော်.... သူတော်ကောင်းတို့အား ရိုသေခြင်း,ပူဇော်မြတ်နိုးခြင်းမရှိသောအရပ်၊ မထီမဲ့မြင်ပြုသောအရပ်၊သူယုတ်မာတို့အား ရိုသေခြင်း, ပူဇော်မြတ်နိုးခြင်း ရှိသောအရပ်တို့၌ သူတော်ကောင်းတို့သည် မနေထိုင်ရာ။

ပျင်း၍ အတတ်ပညာ မရှိသောသူ, လိမ္မာသောသူ, ရဲရင့်သောသူ, ကြောက်သောသူတို့သည် တူမျှသော ရိုသေခြင်း,ပူဇော်မြတ်နိုးခြင်းကို ရရှိကုန်၏၊ လူကိုအထူး မပြုတတ်ကုန်၊ ထိုအရပ်၌ သူတော်ကောင်းတို့သည် မနေထိုင်ရာ။

ဤနေရုတောင်ကား အယုတ် အလတ် အမြတ်ဖြစ်ကုန်သော သူတို့ကို အထူးမပြုတတ်၊ အထူးပြုခြင်းမှကင်း၏၊ ဤနေရုတောင်ကို လွတ်လွတ်စွန့်၍ သွားကြကုန်အံ့"—

ဟု ပြောဆိုတိုင်ပင်ပြီးလျှင် ရွှေဟင်္သာ ညီနောင်တို့သည် ပျံ၍ မိမိနေရာ စိတ္တကုဋ်တောင်သို့ သွားကြကုန်၏။

ဤ ဒေသနာတော်ကို ဆောင်၍ သစ္စာကို ပြတော်မူသည်၏အဆုံး၌ ဇနပုဒ်၌နေသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ ညီဟသ်ာသည်- ယခုအခါ အာနန္ဒာ၊
※ အစ်ကိုဟသ်ာမင်းသည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကြောက်သူ,ရဲသူ၊ လိမ္မာသူ၊ မိုက်သူမထူးခြား။
(၂) သူယုတ်,သူမွန်၊ မထူးပြန်၊ အမြန်ရွှန်ရွှံသွား။
(၃) ဟသ်ာညီနောင်၊နေရာဘောင်၊ရှောင်၍သွားသည့်လား။

နေရုဇာတ် ပြီး၏။

---

## ၃၇၀–အာသင်္ကဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

ရဟန်း၊ဘဝ ပျင်း၊ရိလှ နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မယားဟောင်းသည် ဖြားယောင်း အပ်သည်ဖြစ်၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော် မူသတည်း။ ။[ပစ္စုပ္ပန် ဝတ္ထုသည် ဣန္ဒြိယဇာတ်၌ ထင်ရှားဖြစ်လတ္တံ့။]

အတိတ်ဝတ္ထု၊

ရသေ့ဘွဲ့မြင် ပဒုမရှင် လွန်လေ ပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရား အလောင်းသည် ကာသိကရွာ ဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော်

တက္ကသိုလ်ပြည်၌ အတတ်ပညာ သင်ကြားပြီးလျှင် ရသေ့ရဟန်းပြု၍ ဟိမဝန္တာအရပ်၌ အဘိညာဉ် သမာပတ်ကို ဖြစ်စေလျက် တောသစ်သီးသစ်မြစ်တို့ဖြင့် မျှတကာနေ၏။

ထိုအခါ ဘုန်းသမ္ဘာနှင့် ပြည့်စုံသောသူ တဦးသည် တာဝတိံသာမှ စုတေ၍ရေကန်တခုဝယ် ပဒုမာကြာတိုက်၌ သံသေဒဇ ပဋိသန္ဓေဖြင့် သူငယ်မဖြစ်လေ၏၊ ကြွင်းသော ကြာတို့သည် ညှိုးနွမ်းသော်လည်း ထိုကြာငုံမှာ ကြီးထွားလျက် တည်မြဲတိုင်း သာတည်လေ၏၊ ရသေ့ကြီးမြင်လျှင် ဤပဒုမာကြာငုံကား အကြောင်းအသို့ရှိသနည်းဟု ကြံစည်လျက် ရေသနုပ်ကိုဝတ်ကာ ကန်တွင်းသို့ ဆင်းသက်၍ ကြည့်ရှုလတ်သော် သူငယ်မကိုမြင်၍ ကျောင်းသို့ ယူဆောင်ပြီးလျှင် သမီးအမှတ်ဖြင့် မွေးမြူလေ၏။

**သိကြားပေးပြန်**
**ဖလ်မိမာန်**

ထိုသူငယ်မသည် ဆယ့်ခြောက် နှစ်အရွယ်သို့ ရောက်သောအခါ အလွန်အဆင်းလှ၏၊ မြတ်သော အဆင်းကိုဆောင်၏၊ လူတို့အဆင်းကိုလွန်၍ နတ်သမီးတမျှ ဖြစ်၏၊ တနေ့သ၌ သိကြားမင်းသည် ရသေ့ကြီးထံ အခစား လာသောအခါမြင်၍ "အရှင်ဘုရား....သတို့သမီးကိုအဘယ်မှ ရသနည်း"ဟု လျှောက်၏၊"သိကြားမင်း...ပဒုမာကြာအိုင်မှရသည်"ဟုပြော၏၊ "ငင်းအတွက် အဘယ်အရာကိုစီရင်ပေးရမည်နည်း"ဟုလျှောက်၏၊ အဝတ်တန်ဆာ ဘောဇဉ်နေရာတို့ကိုစီရင်၍ပေးလော့"ဟုမိန့်တော်မူ၏၊သိကြားမင်းသည် ရသေ့ကြီးကျောင်းအနီး၌ ဖလ်ပြာသာဒ်ကို ဘန်ဆင်း၍ နတ်၌ဖြစ်သော အဝတ်တန်ဆာ ထမင်းအဖျော် အိပ်ရာ

နေရာတို့ကို ဘန်ဆင်း၍ပေး၏၊ ဖလ်ပြာသာဒ်သည် သတို့သမီး ဆင်းသက်သောအခါ မြေ၌တည်၍ တက်သောအခါ ကောင်းကင်၌တည်၏၊ သတို့သမီးသည် အဘရသေ့ကြီးအား ဝတ်ကြီးဝတ်ငယ်ကိုပြုလျက် ဖလ်ပြာသာဒ်၌နေ၏။

မုဆိုး၊လမ်း၊ပြ
မင်း၊ကြီး၊ကြွ

တနေ့သ၌ မုဆိုးတယောက်သည် သတို့သမီးကိုမြင်၍ ရသေ့ကြီးကိုမေးမြန်းရာ သမီးမှန်းသိလျှင် ဗာရာဏသီမင်းကြီးအား ထိုအကြောင်းကို လျှောက်ထားလေ၏၊ မင်းကြီးလည်းကြားကာမျှ၌ပင် အလွန်မေတ္တာသက်ဝင်လျက် မုဆိုးကိုပင် ခရီးလမ်းညွှန်ပြုကာ စစ်သည် ဗိုလ်ပါ ခြံရံလျက် ရသေ့ကြီးထံသွားလေ၏၊ ရောက်လျှင် ရှိခိုးလျက် "အရှင်ဘုရား.... ရသေ့ ရဟန်းတို့ မည်သည်မှာ မိန်းမနှင့် မလျောက်ပတ်ပါ၊ထိုသတို့သမီးကို အကျွန်ုပ် လုပ်ကျွေးပါမည်"ဟု လျှောက်ထား၍ သတို့သမီးကိုတောင်းလေ၏။

အမည်သိမှ
သမီး၊ယူ

ရသေ့ကြီးသည် ဤပဒုမာ ကြာငုံကားအကြောင်းအသို့ရှိသနည်းဟုတွေးတောရသည့်အတွက် သမီးကို အာသင်္ကာဟု အမည်မှည့်၍ထားလေ၏၊ မင်းကြီးအား ဤသတို့သမီးကို ယူ၍သွားလောဟု ဖြောင့်မတ်စွာ မပြောဘဲ"အမည်ကိုသိလျှင် ယူ၍ သွားလော"ဟု ပြောလေ၏၊ မင်းကြီးလည်း "အရှင်ဘုရား....အရှင်ဘုရားတို့ ပြောလျှင်သိရပါမည်"ဟု လျှောက်ထားပြန်ရာ၊ "မင်းကြီး....ငါသည် မပြောနိုင်၊ သိလျှင်ယူ၍သွားလော့"ဟု ဆိုပြန်၏၊"မင်းကြီးလည်းကောင်းပြီ"ဟု ဝန်ခံကာ ထိုနေ့မှစ၍ အမတ်တို့နှင့် တိုင်ပင်ပြီးလျှင်

သတ္တိသမီး၏ အမည်ကိုသာ ရှာကြံလျက်နေ၏၊ အမည်အမျိုးမျိုးကိုကြံစည်၍ ရသော့ကြီးထံ ပြောကြားသော်လည်း မဟုတ်သဖြင့် သတ္တိသမီးကို မရလေ။

**နောက်ပါတပ်ပျက် အားလျှော့လျက်**

တနှစ်လွန်လျှင် ဆင် မြင်း လူ စစ်သည်ဗိုလ်ပါတို့ကိုလည်း ခြင်္သေ့ကျား စသောသတ္တဝါတို့ ဘမ်းကုန်၏၊ မြွေတို့လည်း နှိပ်စက်ကုန်၏၊ ဆင်,မြင်း လူများစွာတို့သည် သေကြေပျက်စီးကုန်၏၊ မင်းကြီးသည် ဤမိန်းမဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု စိတ်ပျက်၍သွားလေ၏၊ ထိုအခါ အာသင်္ကာသည် ဖလ်ပြာသာဒ် တံခါးကိုဖွင့်ကာ ရပ်လျက် ကိုယ်ကိုပြ၏၊ မင်းကြီးမြင်လျှင် "ငါတို့သည် သင့်အမည်ကို မသိနိုင်ကုန်၊ သင်သည် ဟိမဝန္တာ၌သာနေရစ်လော့၊ ငါတို့သွားကုန်အံ့"ဟုပြောလေ၏။

**အမည်ပေါ်ရေး မင်း အားပေး**

ထိုအခါ အာသင်္ကာသည် "မြတ်သောမင်းကြီး..သွားသည်ရှိသော် အကျွန်ုပ်လိုမိန်းမကို အဘယ်မှာ ရနိုင်အံ့နည်း၊ တာဝတိံသာနတ်ပြည် စိတ္တလတာဥယျာဉ်၌ အာသာဝတီနွယ်၏အသီးသည် နှစ်ပေါင်းတထောင်ကြာမှ တလုံးသာသီး၏၊ ထိုအသီးအတွင်း၌ရှိသော နတ်အဖျော်ကိုသောက်ရသော နတ်တို့သည် လေးလပတ်လုံး မူးယစ်လျက် အိပ်ရ၏၊ သူရာကြူးသောနတ်တို့သည် အမြဲမပြတ် သွားရောက်ကြည့်ရှုကာ စောင့်မျှော်၍ နေကြ၏၊ အရှင်မင်းကြီးကား တနှစ်သာရှိသေးသည် မငြီးငွေ့ပါလင့်၊ စောင့်တအပ်သောအကျိုး ပြီးခြင်းကား စိတ်ချမ်းသာ၏"ဟု ပြောဆိုပြီးလျှင်—

"မြတ်သောမင်းကြီး.... စိတ္တလတာ ဥယျာဉ်၌ အာသာဝတီနွယ်၏ အသီးသည် အနှစ်တထောင် ကြာမှ တလုံးသာသီးလေ့ရှိ၏၊ အချိန် အလွန်ကြာ မြင့်မှသီးပါလျက် ထိုအာသာဝတီနွယ်သီးကို နတ် တို့အမြဲမပြတ် သွားရောက်ကြည့်ရှုကြကုန်၏၊ သင် မင်းကြီးလည်း တောင့်တရမည်သာတည်း၊တောင့် တအပ်သောအကျိုးကိုရခြင်းသည် ချမ်းသာ၏"–

ဟု မင်းကြီးအား တနှစ်မျှ စောင့်ဆိုင်းရသဖြင့် မငြီး ငွေ့ရန် တိုက်တွန်းလေ၏၊ မင်းကြီးသည် အာသဏ်ာမင်း သမီးစကားကိုကြားလျှင် ဝွဲလမ်းကပ်ငြိပြန်၍ အမတ်တို့ကို စည်းဝေးစေပြီးလျှင် တဘန် နောက်တနှစ်ပတ်လုံး အမည် ကိုရှာကြံလျက်နေပြန်၏၊ ရသမျှအမည်တို့ကို ပြောပြတိုင်း ရသေ့ကြီးက ပယ်ချပြန်သဖြင့် စိတ်ပျက်ကာ ဤမိန်းမဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ပြောဆိုပြီးလျှင် သွားပြန်၏၊ အာသဏ်ာသည် လေသာ ပြူတင်းပေါက်၌ ရပ်လျက် ကိုယ်ကိုပြပြန်၏၊ မင်းကြီးသည် မြင်ပြန်လျှင် "သင်နေရစ် လော၊ ငါတို့သွားကုန်အံ့"ဟု ပြောပြန်၏၊

ယောကျ်ားလုံ့လ ဥပမာပြ

ထိုအခါ အာသဏ်ာသည် "မြတ်သော မင်းကြီး.... အဘယ်ကြောင့် သွားအံ့ နည်း၊ တောင့်တခြင်းကား မပြည့်စုံ သည်မရှိ၊ပြည့်စုံ[illegible]ဖြစ်၏၊ ဗျိုင်းသည်ပင် တောင့်တသည်ကို ရသေး၏၊ သင်မင်းကြီးသည် အဘယ်ကြောင့် မရဘဲရှိအံ့ နည်း"ဟုပြော၏၊"အရှင်မင်းကြီး.... ဗျိုင်းတကောင်သည် တခုနသ၌ တောင်ထိပ်၌နေလျက် နက်ဖြန်နေ့၌ငါသည် ဤ

တောင်ထိပ်မှာပင် အစာနှင့်ရေကိုရ၍ ချမ်းသာစွာနေရမှု ကောင်းလေစွ”ဟု တောင့်တ၏၊ထိုအခါ သိကြားမင်းသည် အသုရာတို့ကို စစ်နိုင်၍ နတ်စည်းစိမ်ကိုခံစားလျက်ငါကား နှလုံးအလိုပြည့်ပေပြီ၊ နှလုံးအလိုကိုမပြည့်သောသူ ရှိသေးသလောဟုကြည့်ရှုလတ်သော် ဗျိုင်းကိုမြင်လျှင် လာလတ်၍ ဗျိုင်း၏နှလုံးအလိုကို ပြည့်အောင်လုပ်မည်ဟု မနီးမဝေးရှိ မြစ်မှရေအယဉ်ကို တောင်ထိပ်သို့ တက်၍စီးစေ၏၊ ဗျိုင်းသည် တောင်ထိပ်တွင် စီးသောမြစ်၌ပင် ငါးတို့ကိုစားကာ ရေကို သောက်ရသဖြင့် နှလုံးအလိုသည် ပြည့်လေ၏ဟု ပြောဆိုပြီးလျှင်—

“မြတ်သောမင်းကြီး.... အလွန်ဝေးသော အကျိုးဖြစ်ပါလျက် ဗျိုင်းငှက်သည်တောင့်တသည်သာတည်း၊ ထိုဗျိုင်းငှက်အားလည်း တောင့်တသော အကျိုးသည် ပြည့်စုံ၏၊ သင်မင်းကြီးလည်း တောင့်တရမည်သာတည်း တောင့်တသော အကျိုးကိုရခြင်းသည် ချမ်းသာ၏”—

ဟု မင်းကြီးအား နှစ်နှစ်မျှစောင့်ဆိုင်းရရုံဖြင့် မငြီးငွေ့ရန်တိုက်တွန်းပြန်၏၊မင်းကြီးသည် အာသက်ာ၏စကားကို ကြားပြန်လျှင် အားတက်ကာ အခတ်တို့ကို စည်းဝေးစေပြန်၍ အမည်တရာကိုရှာစေလျက် နောက်တနှစ်နေပြန်၏၊ သုံးနှစ်လွန်သောအခါ အမည်ကိုမသိသဖြင့် သွားမည်ဟု ပြုပြန်၏၊ အာသက်ာသည် ပြူတင်းပေါက်မှ ကိုယ်ကိုပြပြန်၏၊မင်းကြီးမြင်ပြန်လျှင်“သင်နေရစ်ခဲ့၊ ငါသွားတော့မည်” ဟု ပြောပြန်၏။

တဏှာခွဲချက် အကျိုးပျက်

ထိုအခါအာသက်သည် "မြတ်သော မင်းကြီး.... အဘယ်ကြောင့် သွားအံ့နည်း"ဟု မေးလေ၏၊ "ရှင်မ.... သင်ကား ငါ့ကို စကားဖြင့်သာ ရောင့်ရဲစေဘိ၏၊ ကာမနှင့်ယှဉ်သော မွေ့လျော်ခြင်းဖြင့် မရောင့်ရဲစေ၊ သင်၏သာယာသော စကား၌ ကပ်ငြိနေသောငါမှာ သုံးနှစ်လွန်ခဲ့ပြီ၊ ယခုအခါ သွားတော့မည်"ဟု နှုတ်ဆက်လျက်–

"ရှင်မ.... သင်ကား အဆင်းသာရှိ၍ အနံ့မရှိသော လိပ်ဆူးရှေပန်းကဲ့သို့ ငါ့ကိုစကားဖြင့်သာ ရောင့်ရဲစေဘိ၏၊ ကာမဂုဏ်အမှုဖြင့်မရောင့်ရဲစေ"–

"ရှင်မ....အဆွေခင်ပွန်းတို့၌ စွန့်လွှတ်ပေးကမ်းရမည့် စည်းစိမ်ဥစ္စာကိုမပေးဘဲလျက် အကျိုးမရှိ သာယာသော စကားကိုသာ ပြောဆို၍နေသော အဆွေခင်ပွန်းနှင့်တကွ ပေါင်းဖွဲ့ခြင်းသည် ပျက်စီးတတ်၏"–

"ရှင်မ....သင်ပြုလုပ်သောအမှုကိုသာလျှင် ပြောဆိုရာ၏၊ မပြုလုပ်သောအမှုကို မပြောဆိုရာ၊ ပြောဆိုပါလျက် မပြုလုပ်သူကိုပညာရှိတို့သိကြကုန်၏"–

"ရှင်မ.... စင်စစ်ငါ့အား စစ်သည် ဗိုလ်ပါလည်းကုန်ခန်းခဲ့ပြီ၊စားနပ်ရိက္ခာလည်း မရှိတော့ပြီ၊ အသက်သေဆုံးခြင်း၌ ယုံမှားသက်သာရှိခဲ့၏၊ ယခုငါသည် သွားတော့အံ့"–

ဟု အာသက်အား အဖြစ်အပျက်အလုံးစုံကို ပြောကြားလေ၏။

အမည်ဖေါ်ပြ သိမ်းမြန်းရ

အာသင်္ကာသည် မင်းကြီး စကားကို ကြားပြန်လျှင်—

"မြတ်သောမင်းကြီး.... သင်မင်းကြီးသည် အကျွန်ုပ်အမည်ကို မသိဟုပြောသော်လည်း အကျွန်ုပ်အမည်ကိုပင် ပြောဆိုကာ နေဘိ၏တကား၊ ဆိုင်းပါဦး၊အကျွန်ုပ်အဘနှင့် တိုင်ပင်ပါဦးမည်"—

ဟု မင်းကြီးအားပြောဆိုပြန်၏၊ ထိုအခါမင်းကြီးသည် ရသေ့ကြီးထံသွား၍ "အရှင်ဘုရား .... အရှင်တို့သမီး အမည်ကား(အာသင်္ကာ)ဖြစ်ပါ၏"ဟု ပြောလေ၏၊"မြတ်သောမင်းကြီး....မှန်ပေ၏၊ သမီးကိုယူသွားလေတော့"ဟု ခွင့်ပြုလေ၏၊ ထိုအခါမင်းကြီးသည် ဖလ်ဗိမာန်သို့သွား၍ "ရှင်မ.... သင့်အဘသည်သင့်အား ငါ့ကိုပေးအပ်ပြီ လာပါသွားမည်"ဟု ခေါ်လေ၏၊ မင်းသမီးသည် "မြတ်သောမင်းကြီး....ခဏဆိုင်းပါဦး၊ အဘနှင့်တိုင်ပင်ပါဦးမည်"ဟု ပြော၍ ပြာသာဒ်မှဆင်းသက်လျက် အဘရသေ့ထံသွား၍ ရှိခိုးခွင့်ပန်ပြီးလျှင် မင်းကြီးထံလာလေ၏။

မင်းကြီးလည်း အာသင်္ကာမင်းသမီးကိုယူ၍ ဗာရာဏသီပြည်သို့ သွားပြီးလျှင် မိဖုရားကြီးအရာ၌ ထားလေ၏၊ ရသေ့လည်း မယုတ်သောဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာပြည်သို့ လားရ၏။

သတ္တာကို ပြတော်မူသည်၏အဆုံး၌ သာသနာတော်၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

### ဇာတ်ပေါင်း

ဤသို့သော် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....
- ထိုအခါအာသင်္ကသည်-ယခုအခါမယားဟောင်း။
- မင်းကြီးသည်- ငြီးငွေ့သောရဟန်း၊
- ရသေ့သည်- ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ဒိန်းမဘွိုညှာဥ်၊ ဂရိုးမဲ့ယှာဥ်၊ အစဥ်မပြတ်ကြမြဲ၊
(၂) သုံးနှစ်မည်ရှာ၊ ဟောဝန္တာ၊ ရာဇာကိုယ်တျွးနဲ့။

အာသင်္ကဇာတ် ပြီး၏။

---

## ၃၈၁–မိဂါလောပဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

ရဟန်းဖြစ်လျက် ဆိုနိုင်ခက်

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အဆုံးမခက်သော ရဟန်းတပါးကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း၊

### အတိတ်ဝတ္ထု

သားသက်ရှည်ရေး ဩဝါဒပေး

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် လင်းတမျိုး၌ဖြစ်

၍ အပနန္ဒအမည်ရှိ၏၊ ထိုလင်းတ၏သားကား မိဂါလော
ပအမည်ရှိ၏၊လင်းတတသောင်းခြံရံလျက် ဂိဇ္ဈကုဋ်တောင်
၌နေ၏၊ ထိုမိဂါလောပလင်းတသည် တပါးသောလင်းတ
တို့ အပိုင်းအခြားကိုလွန်၍ အလွန်မြင့်စွာ ပျံသန်းလေ၏။

ထိုအခါ လင်းတတို့သည် အဘလင်းတမင်းအား ထိုအ
ကြောင်းကို ပြောကြားကြကုန်၏၊ လင်းတမင်းသည် သား
ကိုခေါ်၍—

"ချစ်သားမိဂါလောပ....သင်သည် အလွန်မြင့်
စွာပျံသန်းဘိ၏၊ သင်သည် အရာမဟုတ်သည်ကို
မှီဝဲဘိ၏၊ သင်ထိုသို့ အလွန်မြင့်စွာပျံခြင်းသဘောကို
ငါမနှစ်သက်"—

"ချစ်သားမိဂါလောပ....ဤမြေကြီးသည် လေး
ထောင့်ရှိသောလယ်ကွက်ကဲ့သို့ ထင်မြင်လာဘိမူ
ထိုအရပ်မှပြန်ခဲ့လော၊ ထိုထက်အလွန် မပျံသန်း
လင့်"—

"ချစ်သားမိဂါလောပ....ကောင်းကင်သို့ သွား
ကုန်လျက် အတောင်လျှင် ယာဉ်ရှိကုန်သည်ဖြစ်၍
အမြဲတည်ရှိသည့် မြေတောင်စသည်တို့နှင့်တူ၏ ဟု
မိမိကိုယ်ကို မှတ်ထင်ကုန်သော အခြားလင်းတတို့
သည် လေအဟုန်ဖြင့် လွင့်အပ်ကုန်သည် ဖြစ်၍
အသက်တထောင် မပြည့်ဘဲ ပျက်စီး ကြရကုန်
၏"—

ဟု သားအား အဆုံးအမပေးလေ၏၊ သားလင်းတ
သည် အဆုံးအမကို မနာယူ အဘစကားကိုနားမထောင်

ဘဲ အလွန်မြင့်စွာ ပျံသန်းသဖြင့် ကာလလေသို့ရောက်လေ၏၊ ထိုမှဘဘန် ပျံတက်ပြန်သော် ဝေရမ္ဘလေဝသို့ ရောက်ပြန်လေ၏၊

ဆုံးမခက်လှ
သေဘောကျ

ထိုအခါ ဝေရမ္ဘလေတို့သည် တိုက်ခတ်သဖြင့် ဂိဇ္ဈလောဘလင်းတသည်ကောင်း ကင်၌ပင် အပိုင်းပိုင်းပြတ်ကာ ကွယ်ပျောက်လေ၏၊

သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍–

"ရဟန်းတို့.... ဂိဇ္ဈလောဘ လင်းတသည် ကြီးသော အဘအပနန္ဒ၏ အဆုံးအမကို မလိုက်နာသဖြင့် ပျံသန်းရာ ကာလလေကို ကျော်လွန်ကာ ဝေရမ္ဘလေသို့ရောက်ခဲ့၏၊

ဂိဇ္ဈလောဘ လင်းတ၊ ၎င်း၏သား မယား၊ ၎င်းကိုမှီ၍ အသက်မွေးကြကုန်သော အလုံးစုံသောလင်းတတို့သည် အဆုံးအမကိုနားမထောင်ကြသောကြောင့် ပျက်စီးခြင်းသို့ ရောက်ကုန်သကဲ့သို့ ထို့အတူ ငါဘုရားသာသနာတော်၌ ငါဘုရား၏စကားတော်ကို မသိမမြင် အပိုင်းအခြားကို လွန်၍ ကျင့်ကာ ကြမ်းထမ်းသောအလုံးစုံသော သူတို့သည် ငါဘုရား၏အဆုံးအမကို နားမထောင်ကြသောကြောင့်ပျက်စီးခြင်းသို့ရောက်ရကုန်၏"–

ဟု ဟောကြားဆုံးမတော်မူ၏၊

ဇာတ်ပေါင်း၊

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါ မိဂါလောပ လင်းတသည်- ယခုအခါ အဆုံးအမခက်သောရဟန်း။

※ အပနန္ဒလင်းတမင်းသည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ကောင်းသောဆုံးမ၊ဩဝါဒ၊မုချလိုက်နာပါ။

(၂) ဘုရားဆုံးမ၊မလိုက်က၊မုချပျက်စီးရော။

(၃) အဆုံးမခက်၊လင်းတပျက်၊ပုံလျက်သေရရှာ။

မိဂါလောပဇာတ် ပြီး၏။

---

## ၃၀၂-သိရိကာလကဏ္ဏိဇာတ်

**ပဉ္စနိပါတ်ဝဏ္ဏနာ**

**သီလစောင့်မှု ညီညွတ်ပြု**

နတ်လူတို့ ဆရာ ဖြစ်တော်မူသောမြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အနာထပိဏ် သူဌေးသည် သောတာပန် ဖြစ်သည်မှစ၍ ပဉ္စသီလကို အမြဲစောင့်၏၊ ထိုသူဌေး၏ မယား သားသမီး ကျွန်အမှုလုပ် အလုံးစုံတို့လည်း စောင့်ကြကုန်၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်···· ထိုအနာထပိဏ်သူဌေးသည် ကိုယ်တိုင်လည်း စင်ကြယ်၏၊ စင်ကြယ်သော အခြံအရံလည်း ရှိ၏"ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့···· ယခုအခါ၌သာ ပညာရှိ တို့သည်

ကိုယ်တိုင်စင်ကြယ်၍ စင်ကြယ်သော အခြံအရံ ရှိသည် မဟုတ်ကုန်၊ ရှေးအခါ၌လည်း ပညာရှိတို့သည် ကိုယ်တိုင် စင်ကြယ်၍ စင်ကြယ်သော အခြံအရံ ရှိကုန်သည်သာ တည်း''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

အကျင့်မြတ်သူ အလေးမူ

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် သူဌေး ဖြစ်၍ ကိုယ်တိုင်အလှူပေး၏၊ သီလ စောင့်ရှောက်၏၊ ဥပုသ်ဆောက်တည်၏၊ ထိုသူဌေး၏ မယား, သားသမီး, ကျွန်အမှုလုပ် အလုံးစုံတို့လည်း အလှူပေးကြကုန်၏၊သီလ စောင့်ရှောက်ကြ၏၊ ဥပုသ်ဆောက်တည်ကြ၏၊ ထိုကြောင့် သူဌေးကြီးသည် သုစိပရိဝါရသူဌေးဟု ထင်ရှား၏၊ ထိုသူ ဌေးသည်ငါ့ထက် သီလ စင်ကြယ်သူလာပါလျှင် ငါ၏ ပလ္လင်၌ အိပ်ရာပေးရန်မလျော် မသုံးဆောင်သေးသော နေရာကို ပေးခြင်းငှါ လျော်၏ဟု မိမိနေရာခုံဘေးတဘက် ၌ မသုံးဆောင်သေးသော ပလ္လင်အိပ်ရာနေရာကို အသင့် ခင်းထား၏။

ရေချိုး၊ဆိပ်သွား၊ ငြင်း၊ခုံပြော၊

ထိုအခါဝိရူပက္ခနတ်မင်းကြီးသမီး ကာ လကဏ္ဏိနှင့် ဓတရဋ္ဌနတ်မင်းကြီးသမီး သိရီတို့သည် ပန်းများစွာတို့ကို ယူကြ လျက် အနဝတတ်အိုင်သို့ ကစားရန်သွားကုန်၏၊ ထိုအန ဝတတ်အိုင်၌ များစွာသော ရေဆိပ်တို့သည် ရှိကုန်၏၊

ထိုရေဆိပ်တို့တွင် မြတ်စွာဘုရားတို့ဆိပ်၌ မြတ်စွာဘုရားတို့သာ ချိုးကုန်၏၊ ပစ္စေကဗုဒ္ဓါတို့ဆိပ်, ရဟန်းတို့ဆိပ်, ရသေ့တို့ဆိပ်, နတ်သားတို့ဆိပ်, နတ်သမီးတို့ ဆိပ်တို့၌လည်း သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့သာ ချိုးကုန်၏။

ထိုကာလကဏ္ဏိနတ်သမီးနှင့် သိရီ နတ်သမီးတို့လည်း မိမိတို့သက်ဆိုင်ရာဆိပ်သို့ ရောက်လျှင် သူအလျှင်ချိုးမည်, ငါအလျှင်ချိုးမည်ဟု ငြင်းခုံကြ၏၊ ကာလကဏ္ဏိနတ်သမီးသည် ငါကား လောကကိုစီရင်သောကြောင့် ငါအလျှင်ချိုးသင့်သည်ဟုဆို၏၊ သိရီနတ်သမီးသည်လည်း ငါကား လူအများအား အစိုးရစေတတ်သောအကျင့်၌တည်သောကြောင့် ငါအလျှင်ချိုးသင့်သည်ဟုဆို၏။

**ဆုံးဖြတ်မှုရေး သိကြားပေး**

ထိုနောက် နတ်သမီး နှစ်ယောက်တို့သည် အလျှင်ချိုးသင့်သူကို ဆုံးဖြတ်ရန် စာတုမဟာရာဇ် နတ်မင်းကြီး လေးယောက်ထံသွားကုန်၏၊ နတ်မင်းကြီးတို့သည် ဆုံးဖြတ်ရန်ဝိရူဠ္ဌကနတ်မင်း ကုဝေရနတ်မင်းတို့ကို အပ်နှင်းကုန်၏၊ ထိုနတ်မင်းကြီး နှစ်ပါးတို့လည်း မဆုံးဖြတ်နိုင်ကုန်သဖြင့် သိကြားမင်းထံလွှတ်ကုန်၏၊ သိကြားမင်းလည်း ငါမဆုံးဖြတ်သင့်၊ ဗာရာဏသီပြည်ဝယ် သုစိပရိဝါရ သူဌေးကြီးအိမ်၌ မသုံးဆောင်ရသေးသော အိပ်ရာနေရာကို ထိုင်ရအိပ်ရသော နတ်သမီးသည် အလျှင်ချိုးသင့်၏ဟု ဆုံးဖြတ်လေ၏။

**သူဌေးထံသွား နတ်သမီးများ**

သိကြားမင်း၏ အဆုံးအဖြတ်ကို ကြားလျှင် ကာလကဏ္ဏိ နတ်သမီး သည် ညိုမည်းသော အဝတ်တန်ဆာကို ဝတ်

ဆင်လျက် ညှိမည်းသော အရောင်ကို လွှတ်ကာ သူဌေးကြီးအိပ်ရာအနီး ကောင်းကင်၌ရပ်၏၊ သူဌေးကြီးမြင်လျှင် မနှစ်သက်သည်ဖြစ်၍—

"အရှင်မ…. အရှင်မသည် ညှိမည်းသော အဆင်းဖြင့်နှစ်သက်ဘွယ်မရှိပေ၊သင်ကားအဘယ် အမည်ရှိသနည်း၊ အဘယ်သူနည်း၊ အဘယ်သူ၏ သမီးနည်း၊ ငါတို့ဘယ်လို သိရမည်နည်း"—

ဟု ပြောဆိုမေးမြန်းလေ၏၊ ထိုစကားကို ကြားလျှင် ကာလကဏ္ဏီနတ်သမီးသည်—

"သူဌေးကြီး…. အကျွန်ုပ်ကား ဝိရူပက္ခနတ်မင်းကြီး၏ ကြမ်းသော ကာလီမည်သော နတ်သမီးဖြစ်ပါ၏၊ သီလပညာမရှိ၊ ကာလကဏ္ဏီဟု လူတိုင်းသိကုန်၏၊ သင့်ထံမှာ နေထိုင်လို၍ နေရာတောင်းပါ၏၊ နေထိုင်ခွင့်ပြုပါ—

ဟု ပြောကြားတောင်းပန်၏၊သူဌေးကြီးသည်—

"အို-ကာလီနတ်သမီး…. သင်သည် အဘယ်သီလရှိ၍ အဘယ်အကျင့်ရှိသူကို နှစ်သက်သနည်း၊ ငါမေးအပ်သည်ကို ပြောကြားပါ၊ ငါတို့ သင့်ကို အဘယ်သို့ သိနိုင်ကုန်အံ့နည်း"—

ဟု မေးမြန်းပြန်၏၊

ဒိဒိကျင့်သဘော သူဌေးပြော

ထို့နောင်မှ ကာလီ နတ်သမီးသည် "သူဌေးကြီး‥အကျွန်ုပ်သည် ကျေးဇူးကိုချေဖျက်သူ, အပြိုင်ပြုသူ,အလွန်ပြုသူ, ငြူစူသူ, ဝန်တိုသူ, စဉ်းလဲသူ, ရတိုင်းရတိုင်းသော စည်းစိမ်ကိုဖျက်ဆီးသူ, ဤသူတို့ကို နှစ်သက်ပါ၏"-

"သူဌေးကြီး···· အမျက်ထွက်သူ, ရန်ငြိုးဖွဲ့သူ, ကုန်းတိုက်သူ, အဆွေခင်ပွန်းကိုဖျက်ဆီးသူ, ဒေါသကြီးသူ, ကြမ်းကြုတ်သူ, ဤသူတို့ကို ဆိုအပ်ပြီးသော သူတို့ထက် အလွန်နှစ်သက်ပါ၏"—

"သူဌေးကြီး···· မိမိ အမှုကိစ္စကို ယနေ့ပြုရမည် နက်ဖြန်ပြုရမည်မသိသူ, ဆိုဆုံးမသောအခါ အမျက်ထွက်သူ, မြတ်သောသူကို မထီမဲ့မြင် ပြုသူ, ကာမဂုဏ်တို့၌ မက်မောသူ, အဆွေခင်ပွန်း အလုံးစုံမှယုတ်သူ, ဤသူတို့ကိုအလွန်နှစ်သက်ပါ၏၊ထိုသူတို့နှင့်အတူ အနာရောဂါကင်းလျက်နေပါ၏"—

ဟု မိမိ၏ အကျင့်စာရိတ္တ ဂုဏ်ကျေးဇူးကို ပြောကြားလေ၏။

**အကျင့်မရှိ မောင်းနှင့်ဘိ**

ထိုအခါ သူဌေးကြီးသည် နတ်သမီးအား ကဲ့ရဲ့ရှုတ်ချလျက်—

"အိုကာလိနတ်သမီး····သင်သည် ဤအရပ်မှ ဘဲ သွားလော့၊ငါတို့၌ ကျေးဇူးချေခြင်းစသောအမှု မရှိ၊ သင်ကား နိဂုံး,မင်းနေပြည် ဇနပုဒ် တပါးသို့ သွားလော့"—

ဟု နှင်ထုတ်လေ၏၊ ကာလိနတ်သမီးသည် သူဌေးကြီး စကားကိုကြားလျှင်—

"သူဌေးကြီး···· အကျွန်ုပ်လည်း သင်တို့၌ ကျေးဇူးချေခြင်းစသောအမှု မရှိကြောင်းကိုသိပါ၏၊ လောက၌ သီလ ပညာ မရှိသော သူတို့သည်လည်း

ဥစ္စာများစွာကို ပေါင်းစုနိုင်ကုန်၏၊ ထိုဥစ္စာကို ငါနှင့် ငါ့မောင် ဒေ၀မည်သော နတ်မောင်နှမ နှစ်ယောက်တို့သည် ဖျက်ဆီးကုန်၏”–

ဟု ပြောဆိုပြီးလျှင် ဘဲသွားလေ၏။

သူဌေး၊ ထံခညောင်း၊ နေရာတောင်း၊

ထိုခဏ၌ သိရီနတ်သမီးသည် ၀ါ-ရွှေသော အ၀တ်တန်ဆာကို၀တ်ဆင်လျက် ၀ါ-ရွှေသော ကိုယ်ရောင်ကို လွှတ်ကာ ထွက်ရာ တံခါး၌ ရှိသေစွာရှိုးလျက်ရပ်၏၊ သူဌေးကြီးသည် သိရီနတ်သမီးကိုမြင်လျှင်–

“ဒို-ရှင်မ…အရှင်မကား နတ်တို့အဆင်းဖြင့် မြေ၌ တည်ပေ၏၊ သင်သည် အဘယ် အမည်ရှိသနည်း၊ အဘယ်သူနည်း၊ ဘယ်သူ၏ သမီးနည်း၊ ငါတို့သင့်ကို အဘယ်သို့သိရကုန်အံ့နည်း”–

ဟု မေးမြန်းပြန်၏၊ သိရီနတ်သမီးသည် သူဌေးကြီး စကားကိုကြားလျှင်–

“ဒို-သူဌေးကြီး…အကျွန်ုပ်ကားပညာရှိသော ဓတရဋ္ဌ နတ်မင်းကြီး၏သမီးဖြစ်ပါ၏၊ အမည်ကား သိရီဟူ၍၎င်း, လက္ခီဟူ၍၎င်း, ခေါ်ကြကုန်၏၊ အကျွန်ုပ်ကို မြေကြီးနှင့်တူသော ပညာရှိသော နတ်သမီးဟူ၍လည်း နတ်တို့သိကြကုန်၏၊ သင့်ထံမှာ နေထိုင်လို၍ တောင်းပန်ပါ၏၊ နေထိုင်ခွင့်ပြုပါ”–

ဟု ပြောကြား၍ နေရာကိုတောင်း၏။

ကိုယ်ကျင့်ရှိရေး သူဌေးမေး

သူဌေးကြီးသည်—

“အို-လက္ခဏတ်သမီး…သင်သည် အဘယ်သီလ ရှိ၍ အဘယ်အကျင့်ရှိသူကို နှစ်သက်သနည်း၊ ငါ မေးအပ်သည်ကို ပြောကြားပါ၊ ငါတို့ သင့်ကို အဘယ်သို့ သိနိုင်ကုန်အံ့နည်း”—

ဟု မေးမြန်းပြန်၏။

ထို့နောင်မှ လက္ခဏတ်သမီးသည်—

“အို-သူဌေးကြီး…အချမ်း, အပူ, လေ, နေပူ, မှက်, ချင်, မြွေ,ကင်း,သန်းတို့ရှိသော်လည်း လုံ့လ ပြုသူ, အလုံးစုံဆာလောင် မွတ်သိပ်ခြင်းကို နှိပ်စက် ၍ နေ့ညဥ့်မပြတ် လုံ့လပြုသူ, အချိန်ကာလ ရှိခိုက် အကျိုး မယုတ် စေသူ, ဤသူတို့ကို အကျွန်ုပ်နှစ် သက်ပါ၏၊ထိုသူတို့၌ စိတ်ဝင်စားပါ၏။

အမျက်မထွက်သူ, အဆွေခင်ပွန်းကောင်းရှိသူ, စွန့်ကြဲခြင်းရှိသူ,သီလရှိသူ, မစဥ်းလဲသူ,ဖြောင့်မတ် သူ, သင်္ဂြိုဟ် ထောက်ပံ့သူ, ပြေပြစ်သူ,စကားသိမ် မွေ့သူ, ကြီးမြတ်သောအဖြစ်သို့ ရောက်သော်လည်း နှိမ့်ချသူ, ဤသူတို့ကို အလွန်နှစ်သက်ပါ၏၊သမုဒ္ဒရာ လှိုင်းတံပိုး အဆင့်ဆင့်ကဲ့သို့ ဤသူတို့၌ စိတ်ဝင်စား ပါ၏”—

ကိုယ်ကျင့်ရှိမှု လုံ့လပြု

အဆွေခင်ပွန်းဟုတ်သူ, မဟုတ်သူ,မြတ် သူ,တူမျှသူ,ယုတ်နိမ့်သူ, အကျိုးစီးပွား ကိုကျင့်သူ,အကျိုးမဲ့ကိုကျင့်သူ, ဤသူတို့ ၌ မျက်မှောက်မျက်ကွယ် သင်္ဂြိုဟ် ထောက်ပံ့ပါ၏၊

တရံတဆစ်မျှ ကြမ်းထမ်းသောစကားကို မဆိုသူ၊ သေအတူ ရှင်အတူ အဆွေခင်ပွန်း ဖြစ်သူ၊ ထိုသူတို့တွင် နှစ်သက်ဘွယ် အသရေကိုရ၍ တပါးပါးသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူ၏ အဆွေခင်ပွန်းဖြစ်ပါ၏၊ ပညာနည်းသူ၊ ကြမ်းကြုတ်သောသဘောရှိသဖြင့် မညီမညွတ် ကျင့်သော သူကို အကျွန်ုပ်သည် ကျင်ကြီးစွန့်ရာအရပ်ကဲ့သို့ ရှောင်ကြဉ်ပါ၏၊

သီလ ပညာရှိခြင်းကိုလည်း မိမိကိုယ်တိုင်ပင်ပြုလုပ်၏၊ သီလ ပညာ မရှိခြင်းကိုလည်း မိမိကိုယ်တိုင်ပင်ပြုလုပ်၏၊ အမှန်အားဖြင့် တယောက်သည် တယောက်၏ သီလ ပညာရှိခြင်း မရှိခြင်းကို မပြုလုပ်နိုင်ပါ''–

ဟု မိမိ၏အကျင့်စာရိတ္တ ဂုဏ်ကျေးဇူးကို ပြောကြားလေ၏၊

အကျင့်ဖြောင့်မတ်စည်၊ ၆၆ ဆစ်

သူဌေးကြီးသည် သိရိနတ်သမီး စကားကိုကြားလျှင် အကျင့် စာရိတ္တကို နှစ်သက်၍ “အရှင်မ···· မသုံးဆောင်အပ်သေးသော ဤအိပ်ရာနေရာသည် အရှင်မအားသာလျှောက်ပတ်၏ အလိုရှိတိုင်းနေလော့”ဟု ခွင့်ပြုလေ၏၊

သိရိနတ်သမီးသည် ထိုနေရာ၌ တည့်မျှ နေပြီးလျှင် မိုးသောက်သောအခါ စာတုမဟာရာဇ်နတ်ပြည်သို့သွား၍ အနဝတတ်အိုင်၌ ရေးဦးစွာရေချိုးရ၏၊ [ဤအိပ်ရာကား သိရိနတ်သမီး သုံးဆောင်သောကြောင့် (သိရိသယန)

ကြက်သရေရှိသော အိပ်ရာဟု တွင်လေ၏၊] ဤသို့သော အကြောင်းကြောင့် အိပ်ရာတိုက်ခန်းကိုလည်း ကြက်သရေတိုက် ကြက်သရေခန်းဟု ယခုတိုင်အောင် ခေါ်တွင်လျက်ကြရှိ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့….
※ ထိုအခါ သိရီနတ်သမီးသည်-ယခုအခါ ဥပ္ပလဝဏ်။
※ သုစိပရိဝါရသူဌေးသည်-ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

၁။ ပညာရှိပြီ၊ သီလမှီ၊ သိရီစောင့်သတတ်။
၂။ ပညာလည်းနဲ၊ သီလမဲ့၊ စောင့်မြဲကာလီမှတ်။
၃။ သိရီစောင့်ပေ၊ ကြက်သရေ၊ တက်နေထွန်းသို့မှတ်။
၄။ သိရီသာထိုက်၊ ကြက်သရေတိုက်၊ သမိုက်ခုတိုင်လတ်။

သိရီကာလကဏ္ဏိဇာတ် ပြီး၏။

---

## ၃၀၃–ကုဏ္ဍကုစ္ဆိဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**တဏှာစိတ်ဝင် လူထွက်ချင်**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တန်ဆာဆင်အပ်သောမိန်းမကိုမြင်၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်း

တပါးကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

ကြောင်မလှည့်စား တောကြက်များ၊

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကြက်မျိုး၌ဖြစ်၍ ကြက်များစွာခြံရံကာ တောင်တလုံးတွင်နေ၏၊ အနီးတွင် ကြောင်မတကောင်လည်းနေ၏၊ ထိုကြောင်မသည် ကြက်မင်းကိုထား၍ ကြွင်းသောကြက်တို့ကို ဥပါယ်ဖြင့်လှည့်ပတ်၍ စားလေ့ရှိ၏၊ကြက်မင်းသည် ထိုကြောင်မကို မလာစေလို၊

ထိုအခါကြောင်မသည် ဤကြက်ကား အလွန်လိမ်မာလှ၏၊ငါတို့ဥပါယ်၌ လိမ်မာသည်အဖြစ်ကိုကား မသိလေ၊ ငါသည်ဤကြက်ကို သင်၏မယားပြုမည်ဥပါယ်ဖြင့် သွေးဆောင်ဖြားယောင်း၍ မိမိအလိုသို့ပါလာသောအခါ စားရန်သင့်၏ဟုကြံစည်လျက် ကြက်မင်းနေသော သစ်ပင်ရင်းသို့သွား၍—

"အလွန်ဆန်းကြယ်သောအတောင်တို့ဖြင့် ဖုံးလွှမ်းအပ်သော ဦးစွန်းနီသောငှက်မြတ်....သစ်ပင်မှဆင်းသက်ပါလော၊ အချီးနှည်း မေတ္တာရှိ သင်၏မယားပြုလုပ်ပါမည်"—

ဟု ကြက်မင်းအား ရှေးဦးစွာ ချီးမွမ်းသောစကားဖြင့် တောင်းပန်လေ၏၊

တဏှာနှင့်ဖြား
ကြက်လှည့်စား

ကြက်မင်းသည် ကြောင်မ စကားကို ကြားလျှင် ဤကြောင်မကား ငါ၏ဆွေမျိုးအလုံးစုံကို စားခဲ့ပြီ၊ ယခုငါ့ကိုဖြားယောင်း၍ စားလိုပြန်၏၊ထိုကြောင်မကို လွှတ်လိုက်မည်ဟု ကြံစည်လျက်–

"ကောင်းမြတ်၍ စိတ်နှလုံးကိုပျော်မွေ့စေတတ်သောကြောင်မ····သင်ကား ခြေလေးချောင်းရှိ၏၊ ငါကား ခြေနှစ်ချောင်းရှိ၏၊ သင်သည် ငှက်တို့နှင့် လင်မယားဖြစ်ခြင်းငှါမလျော် တပါးသောလင်ကို ရှာဦးလော့"–

ဟု ပြောလိုက်၏၊ ကြောင်မသည် ကြက်မင်းစကားကို ကြားလျှင် ဤကြက်သည် အလွန်လိမ်မာ၏၊ အကြောင်းတစုံတခုဖြင့် ဖြားယောင်း၍ စားမည်ဟု ကြံစည်ပြန်၍–

"အို-ကြက်မင်း···· ငါသည် သင်၏ အပျိုစင်သူငယ်မဖြစ်၍ သာယာသောအသံရှိလျက် ချစ်ဘွယ်သောစကားကိုဆိုတတ်သော မယားအဖြစ်ပြုလုပ်ပါမည်၊သင်သည် အပြစ်ကင်းသောရခြင်းဖြင့်ငါ့ကိုယူပါ၊အကယ်၍ကျွန်ပြုစေလိုပါမူ ဆယ့်နှစ်ယူဇနာကျယ်သော ဗာရာဏသီပြည်၌ ကျွန်ဖြစ်ကြောင်းကိုပြောကြားပါ"–

ဟု တဘန် သွေးဆောင်ဖြားယောင်းပြန်၏။

တဏှာပရိယာယ်
ဖြိန်းချောက်ပယ်

ထိုနောင်မှကြက်မင်းသည် ဤကြောင်မကိုခြိမ်းချောက်၍ ပြေးစေမည်ဟု ကြံစည်လျက်–

"အကောင်ပုပ် စသည်ကိုစား၍ အသွေးကို သောက်ကာကြက်တို့ကိုသတ်သော ဟယ်ခိုးသူမ.... သင်သည် အပြစ်ကင်းသောရခြင်းဖြင့် ငါ့ကိုလင်ပြု လုပ်ရန် အလိုမရှိလင့်"—

ဟု ပြောဆိုလိုက်၍၊ ကြက်မင်းစကားကို ကြားလျှင် ကြောင်မသည် လျှင်မြန်စွာပြေးလေ၏၊ တဘန် ပြန်၍ မကြည့်ဝံ့တော့ချေ။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍—

"ရဟန်းတို့.... ကြောင်မသည် ကြက်မင်းကို သိမ်မွေ့နူးညံ့သောစကားတို့ဖြင့် ဖြားယောင်းသွေး ဆောင်သကဲ့သို့ ထို့အတူ တင့်တယ်သောမိန်းမ သည် မြတ်သောယောကျ်ားကိုမြင်လျှင် သိမ်မွေ့နူး ညံ့သောစကားဖြင့်ဖြားယောင်းသွေးဆောင်ဘိ၏"-

"ရဟန်းတို့....ဖြစ်လတ့ံသော အကျိုးကို လျှင်စွာ မသိသောသူသည် ရန်သူ၏အလိုသို့ လိုက်ရ၏၊ နောင်အခါပူပန်ရ၏၊ ဖြစ်လတ့ံသောအကျိုးကို လျှင် စွာသိသောသူသည် ကြောင်မမှလွတ်သော ကြက် မင်းကဲ့သို့ ရန်သူတို့ပြုလုပ်အပ်သော ကျဉ်းမြောင်း ရာအရပ်မှ လွတ်ရ၏"—

ဟု ဥပမာ ဥပမေယျဖြင့် ဆုံးမတော်မူ၏။

ဤဒေသနာတော်ကို ဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည် လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကြက်မင်းသည်- ယခုအခါ ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိန်းမတို့မူ၊ လိုပါမူ၊ ပြုမူပျက်စီးရန်။

(၂) ဖြစ်မည်အကျိုး၊ မသိနိုး၊ လိုက်ရိုးရန်သူထံ။

(၃) ဖြစ်မည်ကျိုးဆက်၊ သိမြင်လျက်၊ လွှတ်ထွက်ရန်သူထံ။

(၄) ကြက်မင်းပဂေး၊ ကြောင်မဘေး၊ လွတ်ရေးထုံးမှတ်ရန်။

ကုက္ကုဋဇာတ် ပြီး၏။

---

## ၃၇၄—ဓမ္မဓဇဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**အံ့ဘွယ်ထင်မှု ယောင်ဆောင်ပြု**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အံ့ဘွယ်သရဲကို ပြုတတ်သော ရဟန်းတပါးကိုအကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

**အံ့ဘွယ်ထူးလုပ် ကျီးကျင့်ယုတ်**

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ငှက်မျိုး၌

ဖြစ်၍ အရှယ်သို့ရောက်လတ်သော် ငှက်အပေါင်းခြံရံလျက် သမုဒ္ဒရာအလယ် ကျွန်းငယ်တခုတွင်နေ၏။

ထိုအခါ ကာသိတိုင်းသားကုန်သည်တို့သည် ဒိသာကာကကို ယူဆောင်ကြလျက် လှေဖြင့် သမုဒ္ဒရာသို့သွားကြရာ သမုဒ္ဒရာအလယ်တွင် လှေပျက်သည်ရှိသော် ထိုကျီးသည် ကျွန်းငယ်သို့ရောက်လျှင် ဤငှက်အပေါင်းကား များလှ၏၊ ငါသည် အံ့ဘွယ်သရဲကိုပြု၍ ငှက်ဥနှင့်ငှက်ငယ်တို့ကို စားမည်ဟုကြံစည်ပြီးလျှင် ခြေတချောင်းဖြင့်မြေမှာထောက်၍ ရဲကာ ခံတွင်းကိုဖွင့်လျက်နေ၏။

ယောင်ဆောင်တရား ကျင့်ယုတ်မှာ၊

ငှက်တို့မြင်လျှင် ကျီးထံသို့ ကပ်ကုန်၍ "အရှင်.... အဘယ်အမည်ရှိသနည်း" ဟုမေး၏၊ "အဆွေတို့....ဓမ္မိကအမည်ရှိ၏" ဟုပြော၏၊ "အဘယ်ကြောင့် ခြေတချောင်းဖြင့်ရပ်သနည်း" ဟုမေးကြ၏၊ "နှစ်ချောင်းဖြင့်ရပ်လျှင် ဤမြေကြီးသည် ဆောင်နိုင်မည်မဟုတ်" ဟု ပြော၏၊ "အဘယ်ကြောင့် ခံတွင်းကိုဖွင့်၍ နေသနည်း" ဟု မေးကြပြန်၏၊ "ငါသည် အခြားသောအစာကိုမစား လေကိုသာစား၏" ဟု ပြောဆိုပြီးလျှင် ငှက်တို့ကိုခေါ်၍ သင်တို့ကိုငါဆုံးမမည် နားထောင်ကုန်လော့" ဟု ပြောဆိုကာ—

"အို-ဆွေမျိုးဖြစ်သောငှက်တို့.... သင်တို့သည် ကာယသုစရိုက်စသောတရားကို ကျင့်ကြကုန်၊ အဘန်တလဲလဲကျင့်ကြကုန်၊ သင်တို့အား ကောင်းခြင်းမင်္ဂလာဖြစ်လိမ့်မည်၊ တရားကိုကျင့်သောသူသည်

ဤလောကနှင့် တမလွန်လောက၌ ချမ်းသာစွာနေ
ရ၏''—

ဟု တရားဟောကာ အဆုံးအမပေးလေ၏။

ကျီးကိုယုံကြ၍ ငှက်ငယ်စား

ထိုအခါငှက်တို့သည် ငှက်ဥနှင့် ငှက်ငယ်ကိုစားလိုသဖြင့် အံ့ဘွယ်သရဲ ပြုကာ ကျီး၏ ကောက်ကျစ်စဉ်းလဲသော အကြံကို မသိကြသဖြင့်—

"အချင်းတို့.... ဤကျီးငှက်ကား ကောင်းစွတကား၊ မြတ်သောသဘောရှိစွတကား၊ခြေတချောင်းဖြင့်ရပ်လျက် တရားကိုသာဟောပြောဆုံးမပေ၏''

ဟု ချီးမွမ်းကြကုန်၏။

ထိုအခါမှစ၍ ငှက်တို့သည် သီလမရှိသောကျီးကို ယုံကြည်ကြလျက် အစာရှာသွားသောအခါ ငှက်ဥနှင့်ငှက်ငယ်တို့ကို ကြည့်ရှုစောင့်ရှောက်ရန် အပ်နှင်း၍သွားကြကုန်၏၊ ကျီးယုတ်မာသည် ငှက်တို့သွားသောအခါ ငှက်ဥနှင့် ငှက်ငယ်တို့ကို ဝမ်းပြည့်အောင် စား၍ ငှက်တို့ပြန်လာသောအခါ ငြိမ်သက်တည်ကြည်လျက် ခြေတချောင်းဖြင့် ထောက်၍ ရပ်ကာ ခံတွင်းကိုဖွင့်လျက် နေပြန်၏၊ ငှက်တို့ပြန်လာကြသောအခါ ငှက်ဥနှင့် ငှက်ငယ်တို့ကို မမြင်ကြလျှင် ဘယ်သူစားသနည်းဟု ကျယ်လောင်စွာ မြည်တမ်းကြကုန်၏၊ ကျီးကိုကား တရားစောင့်သည်ဟူသော အမှတ်ဖြင့် တွေးတောခြင်းကိုမျှ မပြုကုန်။

ဘေးရန်စုံစမ်း ကျီးကိုဖမ်း

တနေ့သ၌ စားဘန် များလတ်သော် ငှက်မင်းသည် ဤအရပ်၌ ရှေးအခါ တစုံတရာ ဘေးရန်မရှိ၊ ဤကျီး ရောက်

လာသောအခါမှစ၍ဖြစ်၏၊ ဤကျီးကို စုံစမ်းမည်ဟု ကြံစည်လျက် ငှက်တို့ ျက်စားရာသို့သွားသည်ရှိသော် အဘုတကွ သွားပ ်နပြုလျက် ပြန်လည်ကာ ပုန်းကွယ်ရာ အရပ်တွင် နေလေ၏၊ ုံးယုတ်မာသည် ငှက်တို့မရှိကုန်ဟု ယုံမှား ကင်း ျက် ငှက်ဥနှင့်သားငယ်တို့ကိုစားပြီးလျှင် ရှေးနည်း ော့ နေပြန်နေပြန်၏၊

ငှက်မင်းသည် ကိုယ်တိုင်မြင်၍ ငှက်တို့ ပြန်လာသည်ရှိသော် ငှက်အလုံးစုံတို့ကို စည်းဝေးစေ၍ "အချင်းတို့.... ငါသည် ငှက်ဥနှင့် ငှက်ငယ်တို့ ရန်သူကို စုံစမ်းလတ်သော် ဤ ျီးယုတ်စားသည်ကို ငါကိုယ်တိုင်မြင်၏၊

သူတော်ယောင်လုပ် ခိုင်းသတ်ပုတ်

ဤကျီးယုတ်ကို မပြေးစေလင့်၊ ဘမ်းကြကုန်" ဟု ပြောဆိုကာ ငှက်အပေါင်းတို့ကို ခြံရံစေလျက်—

"ဒိ—ငှက်အပေါင်းတို့....သင်တို့ကား ထို ျီး၏သီလ မရှိသည် အဖြစ်ကို မသိကြသဖြင့် ချီးမွမ်းကြကုန်၏၊ဤကျီးသည် ငှက်ဥနှင့်ငှက်ငယ်တို့ကိုစား၍ ပါးစပ်က တရား တရားဟု ပြောဆိုဘိ၏။

 တ်ဖြင့် တမျိုးပြောဆို၏၊ ကိုယ်ဖြင့်တမျိုးပြုလုပ်၏၊ တ်ဖြင့် တရားကိုကျင့်၏၊ ကိုယ်ဖြင့် တရားကို မကျင့်၊ တရား၌လည်းမတည်၊

 တ်ဖြင့် ပြေပြစ်၏၊ စိတ်ဖြင့် သက်ဝင်ရန်ခက်၏၊ ဖုံးလွှမ်းသော တွင်းထဲမှာ တည်ရှိသော မြွေ ဟောက်ကဲ့သို့၊ တရားကိုတံခွန်ပြုသော ကျီးသည် မြို့ရွာနိ ုံးဇနပုဒ်တို့၌ သူတော်ကောင်းဟု ထင်ရှား၏၊ဤကျီးယုတ်ကို ပညာနည်းသူသည် သိနိုင်ခဲ၏"—

"အို-ငှက်အပေါင်းတို့....ဤရန်သူ ကျီးယုတ်ကို နှုတ်သီး,အတောင်, ခြေတို့ဖြင့် ညှဉ်းဆဲကြကုန်၊ သတ်ဖြတ် ဖျက်ဆီးကြကုန်၊ ဤကျီးယုတ်နှင့် ငါတို့ အတူတကွ မနေထိုက်ကုန်"–

ဟု ကြိမ်းမောင်းပြောဆိုကာ ကိုယ်တိုင် ခုန်လွှား၍ ကျီးယုတ် ဦးခေါင်းကို နှုတ်သီးဖြင့် ထိုးဆိတ်လေ၏၊ကြွင်းသော ငှက်တို့လည်း ဝိုင်းအုံကာ နှုတ်သီးတို့ဖြင့် ထိုးဆိတ်ကြကုန်၏၊ အတောင်တို့ဖြင့် ရိုက်ခတ်ကြကုန်၏၊ ခြေတို့ဖြင့် ကုပ်ဖဲ့ညှဉ်းဆဲ သတ်ဖြတ်ကြကုန်၏၊ကျီးယုတ်သည် ထိုအရပ်တွင် သေလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ ကျီးယုတ်သည်-ယခုအခါ အံ့ဘွယ်သရဲကို ပြုလုပ်သောရဟန်း။

※ ငှက်မင်းသည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အံ့ဘွယ်သရဲ၊ ပြုသူလဲ၊ မိုက်မဲယုတ်မာသည်။
(၂) နှုတ်ဖြင့်တမျိုး၊ ကိုယ်တမျိုး၊ မရိုးစိတ်ကောက်သည်။
(၃) နှုတ်ကားပြစ်ပြေ၊ တွင်းအောင်းမြွေ၊စိတ်နေသိခက်သည်။
(၄) တရားပြည္ဒန်၊ ထုတ်ခွန်၊ သူမွန်ပြုလုပ်သည်။
(၅) ငှက်ဥနှင့်သား၊ စောင့်နှယ်စား၊ ကျီးကားမာယာသည်။

ဓမ္မဓဇဇာတ် ပြီး၏။

# ၃၇၅—နန္ဒိယမိဂဇာတ်

ပစ္စုပ္ပန်ဝတ္ထု။

မိဘလုပ်ကျွေး၊ ချီးမွမ်းဆေး၊

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းတပါးသည် အမိအဘကို လုပ်ကျွေး၍နေသတတ်၊ ထိုအခါ ရဟန်းတို့သည် ထိုရဟန်းအား လူကိုလုပ်ကျွေးသော ရဟန်းဟု ကဲ့ရဲ့ကြကုန်၏။

မြတ်စွာဘုရားသိတော်မူလျှင် ခေါ်တော်မူ၍ "ချစ်သားရဟန်း.... သင်သည် လူကိုလုပ်ကျွေး၏ဟူသည် မှန်သလော"ဟု မေးတော်မူ၏၊"ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... မှန်ပါ၏"ဟု လျှောက်၏၊ "ရဟန်း....အဘယ်သူကိုလုပ်ကျွေးသနည်း"ဟု မေးပြန်၏၊"မြတ်စွာဘုရား.... အမိအဘတို့ကိုလုပ်ကျွေးပါ၏"ဟုလျှောက်၏၊"ရဟန်း.... ကောင်းပေစွ၊ ကောင်းပေစွ၊ ရှေးပညာရှိတို့ အနွယ်ကို စောင့်ရှောက်ပေ၏၊ ရှေးပညာရှိတို့သည် တိရစ္ဆာန်မျိုး၌ ဖြစ်သော်လည်း အမိအဘတို့အား အသက်ကို ပေးဘူးကုန်၏"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

မင်း၊ကြီး၊ပျော်မိုက် သမင်လိုက်

လွန်လေပြီးသောအခါ ကောသလတိုင်း သာကေတ ပြည်ဝယ် ကောသလမင်း မင်းပြုသည်ရှိသော် ဘုရားအလောင်း

သည် သမင်မျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် အမည်အားဖြင့် နန္ဒိယမည်၏၊ အကျင့်သီလနှင့် ပြည့်စုံ၏၊ အမိအဘတို့ကို လုပ်ကျွေး၏။

ထိုအခါ ကောသလမင်းသည် သမင်ကို နှစ်သက်၏၊ လူတို့ကိုခေါ်၍ တောသို့သွားကာ သမင်လိုက်လေ့ရှိ၏၊ လူတို့သည် ကုန်သွယ်ခြင်း လယ်လုပ်ခြင်း စသောအမှုတို့ကို မပြုလုပ်ရကုန်၊ လူတို့သည် စည်းဝေးကြကုန်လျက် သမင်လိုက်မခေါ်ရအောင် ပြုလုပ်မည်ဟု တိုင်ပင်ညှိနှိုင်းကြပြီးလျှင် ဖေါက်ကြီးတော ဥယျာဉ်ကို စည်းအလုံကာရံလျက် တံခါးတပ်၍ ဥယျာဉ်တွင်း၌ ရေကန်ကိုတူး၍ မြက်တို့ကို စိုက်ပျိုးကြကုန်၏၊ အလုံးစုံ စီမံ၍ပြီးလျှင် လှံကန် ဆောက်ပုတ် စသည်တို့ကို ကိုင်ဆောင်ကာ သမင်တောကို တယူဇနာတိုင်အောင် ခြံရံဝိုင်းဝန်းကုန်လျက် တောခြုံတို့ကို ပုတ်ခတ်ချောက်လှန့်ကာ သမင်တို့ကို မောင်းနှင် ရုံးစုကြကုန်၏။

**သမင်မင်းဥပါယ်မိဘကယ်**

ထိုခဏ၌ နန္ဒိယသမင်မင်းသည် အမိအဘအိုတို့ကို ယူဆောင်၍ ခြုံငယ်တခုတွင် ပုန်းအောင်းလျက်နေ၏၊ သမင်ချောက်သောလူတို့ အနီးသို့ရောက်လတ်သော် သမင်မင်းသည် လူတို့ကိုမြင်လျှင် ယနေ့ငါသည် မိဘတို့အားအသက်ကို ပေးလှူတော့မည်ဟု ကြံစည်ပြီးလျှင် အမိအဘတို့ကို ရှိခိုးလျက် "မိခင်ဘခင်တို့....လူတို့သည် အနီးသို့ရောက်ချေပြီ၊ သုံးကောင်လုံး ဤခြုံတွင်ဝပ်၍နေလျှင် လူတို့တွေ့၍ သုံးကောင်လုံး သေရပေမည်၊ မိခင်ဘခင်တို့ အသက်ရှင်အောင် အကျွန်ုပ်အသက်ကို လှူပါမည်၊ လူတို့လာသော

အခါ မြို့စွန်းတွင်ရပ်၍ပြလျက် ပုတ်ခတ်သောအခါ ထွက်၍ပြေးပါမည်၊ ထိုအခါ ဤခြံကားငယ်၏၊ သမင်တကောင်သာရှိသည်ဟု မှတ်ထင်ကာ ခြံတွင်းသို့မဝင်ကြလတ့်၊သတိနှင့်နေရစ်ပါ''ဟုမိဘတို့အား မှာထားပြီးလျှင် ကန်တော့၍ အသင့်ပြင်ဆင်လုက်နေ၏၊

ဥယျာဉ်မှောင်းထား သမင်များ၊

လူတို့သည် ခြံကို ပုတ်ခတ်လတ်သော် နန္ဒိယသမင် မင်းသည်ထွက်၍ လူတို့မြင်စဉ်လျှင် သမင်တို့နှင့်အတူ ပြေးလေ၏၊ လူတို့သည် နန္ဒိယသမင်မင်း ပြေးသည်ကို မြင်လျှင် ဤခြံငယ်၌ သမင်ကုန်ပြီဟု မှတ်ထင်၍ မကြည့်ရှုကြတော့ဘဲ ရွာသို့သာသွားကြကုန်၏၊ ဤသို့ သမင်တို့ကို တဖြည်းဖြည်းစုရုံးကာ နွားတို့ကို ခြံသို့သွင်းကုန်သကဲ့သို့ သမင်တို့ကို အသင့်စီမံထားသော ဥယျာဉ်ခြံသို့သွင်း၍ တံခါးပိတ်ပြီးလျှင် မင်းကြီးအား လျှောက်ထား၍ အိမ်သို့ ပြန်ကြကုန်၏၊ သမင်တို့သည် ဥယျာဉ်တွင်း၌သာ မြက်ကိုစား၍ ရေကိုသောက်လျက် နေရကုန်၏၊ မင်းကြီးသည် ထိုအခါမှစ၍ လူတို့ကို သမင်တောသို့ မခေါ်တော့ဘဲ အလိုရှိသောအခါ ဥယျာဉ်သို့ ကိုယ်တိုင်သွား၍ ပစ်သတ်ကာယူလေ၏၊ သမင်တို့လည်း တိုင်ပင်ညှိနှိုင်း၍ အလှည့်ကျအတိုင်း အသတ်ခံကြရကုန်၏၊

သား၊ကိုမြင်လို မိဘအို

နန္ဒိယ သမင်မင်း အလှည့်သို့ကား မရောက်သေးချေ၊ နေ့ရက်များစွာကုန်လွန်လတ်သော် အမိအဘ အိုတို့သည် သားဖြစ်သော နန္ဒိယသမင်မင်းကို လွမ်းဆွတ်ကာတွေ့မြင်

လိုကြကုန်သဖြင့် သားထံ သတင်းစကား မှာကြားမည်ဟု ကြံစည်ကာ လူတို့ခရီးအနီးတွင်ရပ်လျက် စောင့်ဆိုင်းနေရာ ခရီးသွား ပုဏ္ဏားတယောက်ကို မြင်လျှင်—

"အို-ပုဏ္ဏားကြီး····သာကေတမြို့သို့ အကယ်၍ သွားပါမူ ထိုမြို့၌ ဖေါက်ကြဲ့တော ဥယျာဉ်ဝယ် အကျွန်ုပ်တို့ သားရင်းဖြစ်သော နန္ဒိယ သမင်မင်း သည် ရှိသတတ်၊ ထိုသမင်မင်းကို သင့်မိဘတို့သည် အိုမင်းကုန်ပြီ၊ သင့်ကိုမြင်လိုကြကုန်၏ဟု ပြောဆို ပါလေ"—

ဟု သတင်းစကား မှာကြားလေ၏၊ ပုဏ္ဏားကြီးလည်း သမင်အိုတို့ စကားကို ကြားလျှင်"ကောင်းပြီ"ဟု ဝန်ခံ၍ သွားရာ သာကေတမြို့သို့ရောက်၍ နံနက်အခါ ဥယျာဉ်သို့ သွားပြီးလျှင် အတွင်းသို့ဝင်၍ နန္ဒိယသမင်မင်းကိုမေးမြန်း ကာ သိလျှင်အနီးသို့သွားလျက် မိအိုဘအိုတို့မှာထားလိုက် သော သတင်းစကားကို ပြောကြားလေ၏။

**မေတ္တာစိတ်သွင်း ဘေးရန်ကင်း**

နန္ဒိယ သမင်မင်းလည်း ပုဏ္ဏားကြီး စကားကိုကြားလျှင်—

"ပုဏ္ဏားကြီး····အကျွန်ုပ်သည် မင်းကြီး၏ရိက္ခာ ဖြစ်သော မြက်ရေတို့ကိုစားသောက်အပ်၏၊ထိုမြက် ရေတို့သည် ကြွေးမြီဖြစ်၍နေ၏၊ ထိုကြွေးမြီတို့ကို မဆပ်ဘဲမင်းကြီးကိုစွန့်သွားခြင်းငှါမစွမ်းနိုင်ပါ"-

"ပုဏ္ဏားကြီး···· ငါသည် ထိုမင်းကြီးပစ်အပ် သောမြှားတို့ကို လက်ျာနံပါးဖြင့်ခံဦးမည်၊ထိုအခါ

ငါသည် ဘေးမှလွှတ်၍ ချမ်းသာစွာ မိဘအိုတို့ကို မုချပူးမြင်ရမည်”–

ဟု ပုဏ္ဏားကြီးအား ပြန်ကြားပြောဆိုလေ၏၊ ထိုအခါ ပုဏ္ဏားကြီးလည်းသွားလေ၏၊ နောက်အဘို့၌ နန္ဒိယသမင် မင်းအလှည့်သည်ရောက်၍ သင့်တင့်ရာအရပ်၌နေ၏၊ မင်းကြီးသည်အခြံအရံများစွာဖြင့်ဥယျာဉ်သို့လာ၍သမင်ကိုပစ်ရန် စဉ်းသွားကို့ဘွဲ၏၊ သမင်မင်းသည် တပါးသောသမင်တို့ကဲ့သို့ မပြေးမူ၍ မကြောက်မရွံ့ မေတ္တာရှေ့ထားလျက် လက်ျာနံပါးဖြင့်ခံကာ မတုန်မလှုပ်နေ၏၊ မင်းကြီးသည် သမင်မင်း၏မေတ္တာအာနုဘော်ကြောင့် မြှားကိုလွှတ်ရန် ပင် မတတ်နိုင်လေ၊

**သမင်မင်းတရားပြ ဘေးလွတ်ကြ**

ထိုအခါ သမင်မင်းသည် “အရှင်မင်းကြီး···· အဘယ်ကြောင့်မြှားကိုမလွှတ် သနည်း၊လွှတ်ပါလော့”ဟု ပြောကြားလေ၏၊ “သမင်မင်း···· မြှားကိုလွှတ်ရန်မတတ်နိုင်ပါ”ဟု ပြော၏၊ “အရှင်မင်းကြီး···· ဂုဏ်ကျေးဇူးရှိသောသူတို့၏ ဂုဏ်ကျေးဇူးကို သိပါသလော”ဟု ပြောလေ၏၊ ထိုအခါ မင်းကြီးသည် သမင်မင်းကို ကြည်ညို၍ လေးကိုစွန့်လွှတ်ပြီး လျှင် စိတ်မရှိသောမြှားစဉ်လျက် သမင်မင်း၏ဂုဏ်ကျေး ဇူးကို သိပေ၏၊“အကျွန်ုပ်ကား စိတ်ရှိသောလူဖြစ်ပါလျက် ဂုဏ်ကျေးဇူးကိုမသိပေ၊သည်းခံပါ သမင်မင်းအား ဘေးမဲ့ ပေးပါ၏”ဟု ပြောဆိုလေ၏၊

သမင်မင်းသည် မင်းကြီးအား မိမိတကိုယ်တည်းပင် မဟုတ်ဘဲ ဥယျာဉ်တွင်းရှိသမင်ပေါင်းမှစ၍ အလုံးစုံသော သား,ငှက်,ငါး လိပ်တို့အား ဘေးမဲ့ပေးစေ၍ ငါးပါးသီလ၌

တည်စေလျက် အဂတိလိုက်စားခြင်းကို စွန့်ပယ်စေပြီးလျှင် မင်းကျင့်တရားဆယ်ပါးနှင့် ညီညွတ်စွာမင်းပြုရန် အဆုံးအမပေး၍ သတ္တဝါတို့အား ဘေးမဲ့ပေးကြောင်းကို တမြို့လုံးစည်လည်စေပြီးလျှင် ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ရန်သတိပေးခဲ့၍ နှစ်ရက်သုံးရက်နေပြီးလျှင် ခွင့်ပန်ကာ မိဘတို့ထံ ဖူးမြင်ရန်သွားလေ၏။

မေတ္တာကျေးဇူး ဘုရားထူး　　မြတ်စွာ ဘုရားသည် ဘုရားဖြစ်တော်မူပြီး၍—

"ရဟန်းတို့····ရှေးအခါ ငါဘုရားသည် ကောသလမင်း၏ နေပြည်တော်ဝယ် အလွန်အဆင်းလှသော နန္ဒိယမည်သော သမင်မင်း ဖြစ်ခဲ့ဘူးပြီ၊ ထိုကောသလမင်းသည် ဖေါက်ပြန်တော ဥယျာဉ်၌ သမင်မင်းကိုသတ်ရန် လေးညှို့နှင့်တကွ မြားကိုဘွဲ့လာခဲ့ပြီ၊ သမင်မင်းသည် ကောသလမင်း၏နံပါးတဘက်ဝယ် ပစ်အပ်သောမြားတို့ကို ခံခဲ့ပြီ၊ထိုအခါ သမင်မင်းသည် သေဘေးမှလွတ်၍ ချမ်းသာစွာမိဘအိုတို့ကို ဖူးမြင်ရန်လာခဲ့ပြီ"—

ဟု အတိတ်ကို ဆောင်တော်မူ၏၊ သစ္စာကို ပြသည်၏အဆုံး၌အမိအဘကိုလုပ်ကျွေးသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ၌ဘဘိုသည်-ယခုအခါမြတ်သောမင်းမျိုး၊
※ ပုဏ္ဏားကြီးသည်- သာရိပုတ္တရာ၊
※ မင်းကြီးသည်- အာနန္ဒာ၊
※ နန္ဒိယသမင်မင်းသည်-ငါဘုရား ဖြစ်လာပြီ-
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း၊

ဆောင်ပုဒ်

(၁) ကျေးဇူးကြီးလှ၊ မိနှင့်ဘ၊ နိစ္စလုပ်ကျွေးရာ၊
(၂) ပညာရှိနွယ်၊ သူတော်နွယ်၊ စောင့်ဘွယ်ကျွေးသူမှာ၊
(၃) တိရစ္ဆာန်လျက်၊ မိ,ဘဘက်၊ အသက်စွန့်ဘူးရှာ၊
နန္ဒိယမိဂဇာတ် ပြီး၏၊

---

## ၃၈၆—ခရပုတ္တဇာတ်

ပစ္စုပ္ပန်ဝတ္ထု

မယား၊ဖြား၊ယောင်၊ ငြီး၊ငွေ့၊ကြောင်၊ နတ်လူ့ဘို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မယားဟောင်းသည် ဖြားယောင်းအပ်သဖြင့် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတပါးကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း၊

အတိတ်ဝတ္ထု

နဂါ၊ဘေး၊ဖြစ် မင်၊တာ၊ဖြစ် လွန်လေပြီးသောအခါ ဗာ ရာ ဏ သီ ပြည်ဝယ် သေနကမင်း • မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် သိကြား

မင်းဖြစ်လေ၏၊ ထိုသေနကမင်းသည် နဂါးမင်းတဦးနှင့် အဆွေခင်ပွန်းဖြစ်လေ၏။

ထိုနဂါးမင်းသည် နဂါးပြည်မှထွက်၍ လူ့ပြည်၌ကျက်စား၏၊ ထိုအခါ ရွာသူသားငယ်တို့မြင်လျှင် မြွေကြီးမြွေကြီးဟု အော်ဟစ်ကာ ခဲတုတ်လှံကန်တို့ဖြင့် ပစ်ခတ်ကြကုန်၏၊ သေနကမင်း ဥယျာဉ်ကစားသွားခိုက်ကြုံသဖြင့် မေးမြန်းရာ ထိုအကြောင်းကိုသိလျှင် ပစ်ခတ်ခွင့်မပေးဘဲ ထိုအရပ်မှ သူငယ်တို့ကို ပြေးစေ၏။

**အသက်ကယ်မှု ကျေးဇူးပြု**

နဂါးမင်းသည် အသက်ချမ်းသာခွင့်ရ၍ နဂါးပြည်သို့ပြန်ပြီးလျှင် ငါ့မှာ မင်းကြီးကြောင့်အသက်ချမ်းသာရပေသည်ဟု ကျေးဇူးတင်၍ ရတနာများစွာကို ယူဆောင်လျက် သေနကမင်းကြီး၏တိုက်ခန်းသို့ဝင်၍ ရတနာတို့ကိုပြပြီးလျှင် "မြတ်သောမင်းကြီး.... အကျွန်ုပ်ကား သင်မင်းကြီးတို့ကြောင့် အသက်ချမ်းသာရပေသည်"ဟုပြောဆိုကာ ရတနာတို့ကို ဆက်သပြီးလျှင် မင်းကြီးနှင့်တကွ အဆွေခင်ပွန်းဖွဲ့၍ အဖန်ဖန် လာရောက် ဖူးမျှော်လေ၏၊ ကာမဂုဏ်၌ မရောင့်ရဲသော နဂါးလုလင်ငယ်မတဦးကိုလည်း မင်းကြီးကိုစောင့်ရှောက်ရန်ထား၏၊ ထိုနဂါးလုလင်ငယ်မကို မမြင်သောအခါ မန်းမှုတ်ရန် မန္တရားကိုလည်းပေးခဲ့၏။

**မင်းဆုံးမလိုက် ကုန်းချောတိုက်**

တနေ့သ၌ သေနကမင်းကြီးသည် နဂါးလုလင်ငယ်မနှင့်အတူ ဥယျာဉ်သို့သွား၍ ရေကန်၌ ရေကစားလေ၏၊ နဂါးလုလင်ငယ်မသည် ရေမြွေကိုမြင်လျှင် မိမိအတ္တဘောကို

စွန့်၍ ရေမြွေနှင့်မေထုန်မှီဝ၏၊မင်းကြီးသည်နဂါးမကိုမမြင် သဖြင့် မန္တရားကိုမန်းမှုတ်လေသော် ရေမြွေနှင့် မေထုန်မှီဝ နေသည်ကိုမြင်သဖြင့် ဝါးခြမ်းဇိတ်ဖြင့် ရိုက်နှက်လေ၏။

နဂါးမယ်သည် အမျက်ထွက်၍ နဂါးပြည်သို့ပြန်ပြီး လျှင် နဂါးမင်းကြီးအား သေနကမင်းကြီးက မိမိကျော ကို ဝါးခြမ်းစိတ်ဖြင့် ရိုက်နှက်၍ လွှတ်ကြောင်း လျှောက် ထားကာ ဒဏ်ရာကိုပြ၏၊ နဂါးမင်းကြီးလည်း မဆင်ခြင် ဘဲ အဆွေခင်ပွန်းကို အမျက်ထွက်၍ ယခုသွား၍သတ်ချေ ရမည်ဟု အမိန့်ပေးပြီးလျှင် သေနကမင်းကြီးထံ နဂါး လုလင်လေးဦးကို လွှတ်လိုက်၏။

**မင်း၏စကားကြား၊ ပြန်လျှောက်ထား၊** နဂါးလုလင်တို့လည်းသွား၍ သေနကမင်း ကြီး ကြက်သရေတိုက်သို့ အိပ်ရန် ဝင် သောကာလ ဝင်ကြကုန်၏၊ ထိုအခါ သေနကမင်းကြီးသည် မိဖုရားအား "နဂါးယ်မ သွားရာ အရပ်ကို သိသလော"ဟု မေးမြန်းရာ၊ "မသိပါ" ဟု လျှောက်ထားလျှင် ဤနဂါးယ်မသည် ဥယျာဉ် ရေကန်၌ ရေကစားစဉ် မိမိအတ္တဘောကိုစွန့်၍ ရေမြွေနှင့် မေထုန် မှီဝသဖြင့် နောက်အခါ ဤသို့မပြုရန် ဆုံးမသော အနေ နှင့် ဝါးခြမ်းစိတ်ဖြင့် ကျောကိုရိုက်နှက်လိုက်ရာ နဂါး ပြည်သို့ပြန်၍ အဆွေခင်ပွန်းအား ကုန်းတိုက်သဖြင့် အချစ် ပျက်ခဲ့သော် ငါ့အား တစုံတရာသောဘေးရန် ဖြစ်လိမ့် မည်ဟု မိဖုရားနှင့် တီးတိုးတိုင်ပင် ပြောဆိုလေ၏၊ နဂါး လုလင်တို့သည်သေနကမင်းကြီးစကားကိုကြားလျှင် မသတ် ဝံ့တော့ဘဲ နဂါးပြည်သို့ ပြန်ကာ နဂါး မင်းကြီးအား အကြောင်းမျိုးစုံ လျှောက်ထားကြကုန်၏။

**ဖြစ်မှားမိရေး ဂါထာပေး**

နဂါးမင်းကြီးလည်း အကြောင်းရင်းမှန်ကို သိရလျှင် အလွန် ထိတ်လန့်သဖြင့် ခဏခြင်းလျှင် သေနကမင်းကြီး အိပ်ရာတိုက်ခန်းသို့သွားကာ အကြောင်းကြား၍ ကန်တော့ပြီးလျှင် "အရှင်မင်းကြီး···· အကျွန်ုပ်လွန်ပါပြီ၊ အကျွန်ုပ်အပြစ်ဖြစ်ပါ၏၊သို့အတွက်(သဗ္ဗရုတညုဇာနန) မည်သောမန္တရားကို ယူတော်မူပါ၊ ဤမန္တရားကား ပိုး ရွ စသောတိရစ္ဆာန် အလုံးစုံတို့၏အသံကို သိပါသည်၊ အဘိုးမဖြတ်နိုင်ပါ၊သူတပါးကိုမပေးပါလင့်၊ပေးမိလျှင် မီးထဲသို့ဆင်း၍သေပါလော့"ဟု မှာခဲ့၍ မန္တရားကိုပေးခဲ့၏၊ သေနကမင်းကြီးလည်း ဝန်ခံ၍ယူလိုက်၏၊ ထိုအခါမှစ၍ တိရစ္ဆာန်အသံကိုသိ၏။

**သတ္တဝါစကားသိ ရယ်မြူးမိ**

တနေ့ သ၌ သေနက မင်းကြီး သည် ပြာသာဒ်ထက်ဝယ် မုံ့ကို ပျားတင်လဲနှင့်ထိုးကာစားလေ၏၊ ထိုအခါ ပျားရည်တစက်,တင်လဲတစက်နှင့် မုံ့ပဲ့တခုသည်မြေသို့ကျလေ၏၊ ပိုးရွတကောင်သည် ကျသောပျားရည်စက်, တင်လဲစက် မုံ့ပဲ့တို့ကိုမြင်လျှင် "အချင်းတို့···· ပြာသာဒ်ထက်၌ပျားရည်အိုး, တင်လဲအိုးတို့ ကွဲယောင်တကား မုံ့လှည်းမှောက်ယောင်တကား စားသောက်ရန် လာလှည့်ကြကုန်လော့" ဟု မြည်လျက် သွားလေ၏၊ မင်းကြီးသည် ပိုးရွအသံကိုကြားလျှင် ရယ်လေ၏၊ ထိုအခါ မိဖုရားသည် မင်းကြီးရယ်သံကိုကြားလျှင် မင်းကြီးဘာကိုမြင်၍ရယ်ပါလိမ့်မည်နည်းဟု စဉ်းစားလေ၏။

နောက်တဘန် ပလ္လင်ပေါ်၌ နေသည်ရှိသော် ယင်တကောင်သည် ယင်မအား“ရှင်မ····လာလော့ မွေ့လျော်ကြမည်”ဟုခေါ်ရာ ယင်မိုကိုယင်မသည်“အရှင်····သည်းခံပါဦးလော့ မင်းကြီး နံ့သာလိမ်းသောအခါ နံ့သာမှုန့်ကျလိမ့်မည် ထိုနံ့သာမှုန့်ကိုလူး၍ မင်းကြီးကျောပေါ်၌ မွေ့လျော်ကြမည်”ဟု ပြောလေ၏၊ ထိုအခါ မင်းကြီးသည် ယင်လင်မယားတို့ အသံကိုကြားလျှင် ရယ်ပြန်၏၊ မိဖုရားလည်း ဘာကိုရယ်ပါလိမ့်မည်နည်းဟု စဉ်းစားပြန်၏၊

နောက်တဘန် မင်းကြီးသည် ညစာ ထမင်းစားစဉ် ထမင်းတလုံးသည် မြေ၌ကျလေ၏၊ ထိုအခါပိုးရွတကောင်သည် “အချင်းတို့····မင်းအိမ်၌ ထမင်းလှည်းကျိုးဘိ၏၊ လာ၍ စားကြကုန်လော့”ဟု မြည်ကျက်သွားလေ၏၊ မင်းကြီးလည်း ထိုအသံကိုကြားလျှင် ရယ်ပြန်၏၊ မိဖုရားလည်း လုပ်ကျွေးပြုစုသော ငါ့ကိုပင် ရယ်လေသလောဟု တွေးတောပြန်၏၊

ဂါထာသင်ရေး မင်း၊ညှဉ်းမေး

မင်းကြီးနှင့်မိဖုရားတို့သည် ကြက်သရေတိုက်သို့ဝင်၍ အိပ်ကြသောအခါ မိဖုရားသည် “အရှင်မင်းကြီး ···· နေ့အခါ အဘယ်ကြောင့် ရယ်သနည်း”ဟုလျှောက်၏၊ “မိဖုရား···· ငါရယ်သောအကြောင်းဖြင့် သင်အဘယ်သို့ ပြုအံ့နည်း” ဟုပြောဆို၏၊ မိဖုရားလည်း အဘန်ဘန်နှိပ်စက်၍ မေးပြန်၏၊ ထိုအခါမင်းကြီးသည် ရယ်ခြင်းအကြောင်းကို ပြောရလေ၏၊ မိဖုရားသည် မန္တရားကိုတောင်း၏၊မင်းကြီးသည် အဘန်ဘန်ပယ်၏၊ မိဖုရားလည်း အဘန်ဘန် နှိပ်စက်၍

တောင်း၏၊ ထိုအခါ မင်းကြီးသည် "ငါသည် ဤမန္တရား ကို သင့်အား ပေးမိလျှင် မုချငါသေရမည်"ဟု ပြော၏၊ "အရှင်မင်းကြီး····သေရသော်လည်း အကျွန်ုပ်အားပေး ပါဟု နှိပ်စက်၍ တစာစာတောင်းနေသဖြင့် မိန်းမ၏ အလိုသို့လိုက်ကာ ပေးပါတော့မည်"ဟု ဝန်ခံရလေ၏၊ ထိုနောက် မန္တရားပေးရန်ရထားဖြင့် ဥယျာဉ်သို့ သွားကြ ကုန်၏။

**သိကြားလူ့ဘောင် ဥပါယ်ဆောင်**

ထိုခဏ၌သိကြားမင်းသည် လူ့ပြည်သို့ ကြည့်လတ်သော် ထိုအကြောင်းကိုမြင် ၍ ဤမင်းမိုက်ကား မိန်းမကိုမှီ၍မီးထဲ သို့ဝင်မည်ဟု သွားချေပြီ၊ ငါအသက်ကိုပေးမည်ဟု သုဇာ တာကိုခေါ်၍ ဆိတ်ဖိုနှင့်ဆိတ်မအဟန် ဘန်ဆင်းကာ မင်း ကြီးသာ မြင်စေသတည်းဟု အမိန့်ရှိ၍ ရထားရှေ့တွင် ရပ်လေ၏၊ မင်းကြီးနှင့် သိန္ဓောမြင်းတို့သာ မြင်ရကုန်၏၊ ဆိတ်ဖိုသည် စကားဖြစ်စေရန် ဆိတ်မ၌ မေထုန်မှီဝဲဟန် ပြု၏၊သိန္ဓောမြင်းမြင်လျှင်-

"အဆွေဆိတ်···· ရှေးပညာရှိတို့သည် ဆိတ် သည် မိုက်မဲ၏ဆိုသောစကားသည် မှန်ပေသတတ်၊ ကြည့်ရှုလော၊ ဆိတ်မိုက်သည် လူတို့မျက်မှောက်၌ မေထုန်အမှုကို ပြုဘိ၏၊ဆိတ်ကွယ်ရာ၌ ပြုရမည်ဟု မသိလေ"-

ဟုဆိတ်အား ကဲ့ရဲ့ရှုတ်ချလေ၏၊ဆိတ်ဖိုသည် သိန္ဓော မြင်းစကားကို ကြားလျှင်-

"မြည်း၏သားဖြစ်သောအဆွေသိန္ဓောမြင်း.. ထမ်းပိုး၌ ကြိုးတို့ဖြင့် လည်ပင်းကို ဖွဲ့အပ်သဖြင့် နှုတ်သီးကောက်၍ အောက်သို့ချသော မျက်နှာရှိသော သင်သာလျှင် ငါ့ထက် မိုက်မဲလှ၏ဟု သိပါလော၊ အဆွေသိန္ဓောမြင်း....သင်သည် ရထားမှ လွတ်သောအခါ၌လည်း မပြေးလေ၊ ထိုသို့ မပြေးခြင်းသည် သင်၏ မိုက်မဲခြင်းဖြစ်၏၊ သင်ရှုန်းဆွဲ၍ သွားရသော သေနကမင်းကြီးကား သင့်ထက်ပင် မိုက်မဲလှသေး၏"–

ဟု သိန္ဓောမြင်းအား ပြန်၍ပြောဆိုကာ ရှုတ်ချကဲ့ရဲ့ပြန်၏။

မင်းကြီးလည်း မြင်းနှင့် ဆိတ်တို့စကားကိုကြားလျှင် သိသည်ဖြစ်၍ နားထောင်လျက် ရထားကို ဖြည်းဖြည်း နှင်စေ၏၊

မင်း၊ကိုမြစ်မြ
ကဲ့ရဲ့ကြ

တဘန် သိန္ဓောမြင်းသည် ဆိတ်စကားကို ကြားပြန်လျှင်–

"အဆွေဆိတ်မင်း....အဆွေပြောဆိုသည့်အတိုင်း ငါကား တိရစ္ဆာန် ဖြစ်သောကြောင့် မိုက်မဲသည်ဟု သိနိုင်ပါ၏၊ သေနကမင်းကြီး မိုက်မဲသောအကြောင်းကို မေးလိုပါ၏၊ ငါ့အား ပြောကြားပါလော့"–

ဟု ဆိတ်အား ပြန်၍မေး၏၊ ဆိတ်လည်း–

"အဆွေသိန္ဓောမြင်း....သေနကမင်းကြီးကား မွန်မြတ်သောအကျိုးရှိသော(သဗ္ဗရုတဉ္စာနန) မန္တရားကိုရခြင်းကြောင့် မိမိအသက်ကိုစွန့်ရလတ့်၊

မိဖုရားသည်လည်း သေနကမင်း၏ မိဖုရား မဖြစ်
တော့ဘဲ စွန့်ရလတံ့''—

ဟု သိန္ဓောမြင်းအား မင်းကြီး မိုက်မဲခြင်းအကြောင်း
ကို ပြောကြားလေ၏။

**ဆိတ်ပြောပြမှု သတိရ**

မင်းကြီးသည် ဆိတ်စကားကို ကြား ပြန်လျှင် "ဆိတ်မင်း....ငါတို့ချမ်းသာကို သင်သည်ပင် ပြုရလတံ့၊ ငါတို့အား ရှေးဦးစွာပြုရမည့်အမှုကိစ္စကို ပြောကြားပါလော့" ဟု ဆို၏၊ ထိုအခါ ဆိတ်မင်းသည်—

"မြတ်သောမင်းကြီး....သင်တို့ကဲ့သို့သော သူ
သည် ဤဘဏ္ဍာကို မချစ်အပ်ဟု ကိုယ်နှင့်အသက်
ကို စွန့်၍ ချစ်အပ်သော ဘဏ္ဍာတို့ကို မမှီဝဲရာ၊ကိုယ်
အသက်သာ မွန်မြတ်၏၊ အလွန်မြတ်လှ၏၊ ဥစ္စာ
စည်းစိမ်နှင့် ပြည်စုံသော ယောကျ်ားမှာ နောက်
အခါ မယားကိုရနိုင်ပါ၏''—

ဟု မင်းကြီးအား အကျိုး အကြောင်းပြ၍ ဆုံးမပြန်၏။

**မင်းကယ်ဆယ်ရေး သိကြားနည်းပေး**

ထိုအခါ မင်းကြီးသည် အလွန်နှစ်သက်၍ ဆိတ်မင်းအား "ဆိတ်မင်း..ဘယ်အရပ်မှ လာသနည်း" ဟု မေး၏၊ "မြတ်သောမင်းကြီး....ငါကား ဆိတ်မဟုတ်၊ သိကြားမင်းတည်း၊ သင်မင်းကြီးကို သနား၍ သေဘေးမှ လွတ်ရန်လာခဲ့၏''ဟု ပြောလေ၏၊ "အရှင်သိကြားမင်း.. ထိုမိန်းမကို မန္တရားပေးမည်ဟု ကတိပေးခဲ့မိ၏၊အဘယ်သို့ ပြုရအံ့နည်း''ဟုမေး၏၊"မြတ်သောမင်းကြီး....မိဖုရားကို

ငါသေသော်လည်း သေပါစေ၊ သို့သော်လည်း မန္တရား၌ ပူဇော်ခြင်းကိုပြုရမည်ဟု ပြောဆို၍ တုတ်ဖြင့် နှစ်ချက်တန် သည်, သုံးချက်တန်သည် ရိုက်နှက်လော့၊ နာကျင်သော အခါ မယူဘဲနေလိမ့်မည်''ဟု အကြံပေးကာ တာဝတိံ သာ နတ်ရွာသို့သွားလေ၏။

ဂါထာဥာဏ်ကွန် မတောင်းဝံ့

မင်းကြီးလည်း ဥယျာဉ်သို့ ရောက်လျှင် မိဖုရားကို ခေါ်စေ၍ ''ရှင်မိဖုရား.... မန္တရားကို ယူမည်လော'' ဟု မေး၏၊ မိဖုရားလည်း ''ယူပါမည်''ဟု လျှောက်ထား၏၊ ''ရှင် မိဖုရား...သို့ဖြစ်လျှင် မန္တရားကို ပူဇော်လော့'' ဟုပြော၏။ ''အဘယ်သို့ ပူဇော်ရမည်နည်း''ဟု လျှောက်လေ၏၊ ''ကျော၌အချက်ပေါင်းတရာရိုက်သော်လည်းအသံမပြုရ'' ဟု ပြော၏၊ ''မိဖုရားသည် မန္တရား၌ တပ်စွန်းလှသဖြင့် ကောင်းပြီ''ဟုဝန်ခံလေ၏၊မင်းကြီးသည် သူသတ်ကိုခေါ်၍ မိဖုရားကို နံပါးနှစ်ဘက်၌ ကြိမ်ဖြင့်ရိုက်စေ၏၊မိဖုရားသည် နှစ်ချက် သုံးချက်လောက်သာ အသံမပြုဘဲ သည်းခံနိုင်၍ အလွန်ရိုက်လတ်သော် မန္တရားကို အလိုမရှိတော့ပါ'' ဟု လျှောက်ထားလေ၏၊ ထိုအခါ မင်းကြီးသည် မိဖုရားကို ''သင်ကား ငါ့ကိုသတ်၍ မန္တရားကို လိုချင်ဘိသည်''ဟု ငြိမ်းချောက်ကာ ကျော၌ အရေမရှိအောင်ပြုစေ၍ လွှတ် လိုက်၏၊ ထိုအခါမှစ၍ မိဖုရားလည်း တဘန်မန္တရားကို မတောင်းဝံ့တော့လေ။

ဤသို့လျှင် မြတ်စွာဘုရားသည် ဒေသနာတော်ကို ဆောင်၍ သစ္စာကိုပြသည်၏ အဆုံး၌ ငြီးငွေ့သောရဟန်း သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ သေနကမင်းသည်- ယခုအခါ ငြိးငွေ့သောရဟန်း။

※ မိဖုရားသည်- မယားဟောင်း။

※ သိန္ဓောမြင်းသည်-သာရိပုတ္တရာ။

※ သိကြားမင်းသည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိန်းမနှင့်ပေါင်း၊ သူတော်ကောင်း စိတ်ထောင်းကိုယ်ကြေမှာ။

(၂) မိန်းမနိုင်ငံ၊ လိုက်သူမှန်၊ ဘေန်ပျက်စီးရာ။

(၃) ကျိုးမဲ့ပြုရိုး၊ မိန်းမမျိုး၊ဆိုးဝါးဓမ္မတာ။

(၄) မင်းကိုမခင်၊ မန္တန်မင်၊ ကျော်ပြင်အရေကွာ။

ခရပုတ္တဇာတ် ပြီး၏။

---

# ၃၀၇-သုစိဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

ပညာတော်ကျေးဇူး လွန်ချီးကျူး — နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မြတ်စွာဘုရား၏ ပညာပါရမီကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

ပန်းပဲသည်အလု ချီးကျူးကြ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာသိကတိုင်းဝယ် ပန်းပဲအမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ပန်းပဲအတတ်၌ အပြီးတိုင် တတ်မြောက်၏၊ အမိအဘတို့ကား ဆင်းရဲနွမ်းပါးကုန်၏။

ထိုပန်းပဲရွာအနီး၌ အိမ်ခြေတထောင်ရှိသော ပန်းပဲရွာကြီးလည်းတည်ရှိ၏၊ အကြီးအကဲဖြစ်သော ပန်းပဲသူကြီးသည် မင်းနှင့် အကျွမ်းဝင်၏၊ ကြွယ်ဝ၏၊ များစွာသော ဥစ္စာရှိ၏၊ ထိုပန်းပဲသူကြီး၏ သမီးသည် အဆင်းလှ၏၊ နတ်သမီးနှင့်တူ၏၊ မိန်းမကောင်းတို့ လက္ခဏာနှင့် ပြည့်စုံ၏။

အနီးရှိရွာတို့၌ လူတို့သည် ဓား ပဲခွပ် ပုဆိန် ခက်ရင်း ထွန်သွားစသည်တို့ကို ပြုလုပ်လို၍ ထိုရွာသို့ သွားသည်ရှိသော် များသောအားဖြင့် ထိုသတို့သမီးကို မြင်ကြကုန်၏၊ ထိုလူတို့သည် မိမိတို့ရွာသို့ ပြန်လာလတ်သော် ထိုထိုအရပ်၌ ထိုသတို့သမီးကို ချီးမွမ်းကုန်၏။

သံကိုကောင်းစွာ ပန်းပဲလိမ္မာ

ပညာရှိ ပန်းပဲလုလင်သည် ချီးမွမ်းစကားကို ကြားကာမျှဖြင့်လျှင် တပ်စွန်းသော စိတ်ရှိသဖြင့် ထိုသတို့သမီးကို အလုပ်အကျွေးပြုမည်ဟု ကြံစည်လျက် မွန်မြတ်သောသံကို ယူ၍ သိမ်မွေ့လှသော အပ်တချောင်းကို ပြုလုပ်၏၊ နဖါးကိုထွင်း၍ ရေ၌ပေါ်အောင်ပြုလုပ်၏၊ အပ်နှင့်တူစွာ နဖါးကိုထွင်းလျက် ခုနစ်ထပ်သော အပ်အိမ်တို့ကို ပြုလုပ်၍

ထည့်၏၊ အဘယ်သို့ ပြုလုပ်နိုင်မည်နည်းဟု ပြောဆိုခြင်းငှါ မတတ်ကောင်း၊ အလောင်းတော်တို့အား ပညာဉာဏ် ကြီးသောကြောင့် အလိုရှိတိုင်း ပြည့်စုံလေ၏။

ထိုပညာရှိသည် အပ်ကိုယူ၍ ထိုရွာကြီးသို့ သွားကာ ပန်းပဲသူကြီးအိမ်ကို မေး၍ ဝင်ပြီးလျှင် အိမ်တံခါး၌ရပ် လျက်—

> "အချင်းတို့.... အကာမရှိ သိမ်မွေ့၍ သွေး ကျောက်ဖြင့် ပွတ်အပ်လျက် နဖါးထွင်းအပ်သည် ဖြစ်၍ အဖျား ချွန်ထက်သော အပ်ကို အဘယ်သူ ဝယ်လိုသနည်း"—

ဟု မိမိပြုအပ်သော အပ်၏အကြောင်းကိုသာ ပြောဆို ချီးမွမ်း၏၊ နောက်ထပ်တဘန်လည်း—

> "အချင်းတို့.... ကုရုဝိန္ဒကမည်သော ကျောက် မှုန့်ဖြင့် ကောင်းစွာ ပွတ်အပ်သည်ဖြစ်၍ နဖါး ကောင်းစွာထွင်းအပ်လျက် အစဉ်သဖြင့် ကောင်း စွာလုံး၍ တူဖြင့်ထုလျှင် ပေကို ထုတ်ချင်း ထွင်း ဖေါက်နိုင်အောင် မာကျော လှသော အပ်ကို အဘယ်သူ ဝယ်လိုသနည်း"—

ဟု တစာစာ ပြောဆိုကာ ချီးမွမ်းပြန်၏။

**ကိုယ့်ကိုထင်ကြီး ပန်းပဲသမီး**

ထိုခဏ၌ ထန်းရွက်ယပ်ကို ခပ်ကာ ဖျော်ဖြေ၍ နေသော သတို့သမီးကြား လတ်သော်စိုသောအသံးစိုင်ဖြင့် နှလုံး ကိုခတ်မိသကဲ့သို့ရင်း, ရေအိုးတထောင်ဖြင့် သွန်းလောင်း

သကဲ့သို့ရင်း, အေးချမ်းစေလျက် ဤသူကား သာယာစွာ သောအသံဖြင့် ရိုးကျူးကာ ပန်းပဲရွာသို့လာ၍ အပ်ကို ရောင်းအံ့၏၊ အဘယ်သူနည်း၊ အဘယ်ကိစ္စဖြင့် လာသနည်း၊ ထိုသူကိုမေးမည်ဟု ထန်းရွက်ယပ်ကိုချခဲ့၍ အိမ်ပသို့ ထွက်ကာ အိမ်ဦး၌ရပ်လျက်—

"ဒိုး-လုလင်···· သင်သည် တနေ့လုံး အပ်၏ ကျေးဇူးကို ပြောဆို နေသော်လည်း သင့်အပ်ကို မည်သူမျှ ဝယ်ကြလိမ့်မည်မဟုတ်၊ တပြည်လုံး ဤရွာသို့လာ၍ အပ်ဝယ်ကြရသည်၊ ပန်းပဲရွာသို့လာ၍ အပ်ရောင်းခြင်းမှာ မိုက်၍သာဖြစ်သည်"—

ဟု စကားစ၍ ပြောလေ၏။

ကဲ့ရဲ့ပြောဆို လုလင်ကို

ပန်းပဲ ပညာရှိလည်း ရည်ရွယ်၍ လာသောသတို့သမီးကိုယ်တိုင် စကားလာ၍ ပြောသဖြင့် လိုအင်ဆန္ဒ ပြည့်စုံလေ၏၊ သတို့သမီးလည်း နောက်တဘန် "ဒိုး-လုလင်····အဘိုးငွေကိုအလိုရှိလျှင် အခြားရွာသို့ သွား၍ ရောင်းလော" ဟု ပြောဆိုပြီးလျှင်—

"ဒိုး-လုလင်····ယခုအခါ ဤရွာမှအပ်တို့သည်ရင်း, သံကောက်တို့သည်ရင်း ထွက်ကုန်၏၊ ဤသို့သော ပန်းပဲရွာ၌ အပ်ကို ရောင်းလိုသူကား အဘယ်သူတဲ့နည်း"—

"ဒိုး-လုလင်····ဤရွာမှ တံစည်း-ဓူး-ဆောက်စသော ဘဏ္ဍာကို ရောင်းဝယ် ဖေါက်ကား ကုန်သော လှည်းကုန်သည်တို့သည်ရင်း, များစွာသော

အမှုလုပ်တို့သည်ငင်း ထွက်ကုန်၏၊ ဤသို့သော ပန်းပဲရွာ၌ အပ်ရောင်းလိုသူကား အဘယ်သူတဲ့ နည်း''—

ဟု ပြောဆိုကာ ကဲ့ရဲ့ရှုတ်ချပြန်လေ၏။

လုလင် ပြောရေး သူကြီး ခေါ်မေး — ပန်းပဲပညာရှိသည် သတို့သမီး ပြောဆိုသောစကားကို ကြားလျှင်—

''နှမ…. ပညာရှိ ယောကျ်ားသည် အပ်ကို ပန်းပဲရွာ၌ပင် ရောင်းရမည်၊ ပြုလုပ်စီမံပုံ ကောင်းသည် မကောင်းသည်ကို ပန်းပဲဆရာတို့သာ သိကုန်၏''—

''နှမ…. ငါသည် ပြုလုပ်စီမံအပ်သဖြင့် သတ္တိထူးရှိသော ဤအပ်ကို အကယ်၍ သင့်ဘခင်သိပါမူ သင်နှမဖြင့်လည်း ငါ့ကိုဘိတ်ရာ၏၊ ဤအိမ်၌ သင်နှမမှ တပါးသောဥစ္စာဖြင့်လည်း ဘိတ်ရာ၏''—

ဟု မိမိ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းကာ သတို့သမီးအား ပြန်ကြားပြောဆိုလေ၏၊ ထိုအခါ ပန်းပဲသူကြီးသည် သမီးနှင့် လုလင်တို့ ပြောဆိုနေသော စကား အလုံးစုံကို ကြားလျှင်''ချစ်သမီး….အဘယ်သူနှင့် စကားပြောသနည်း''ဟု မေး၏၊ ''ဘခင်…. အပ်ရောင်းလာသူ တယောက်နှင့် စကားပြောပါသည်'' ဟု ပြော၏၊ ''ချစ်သမီး ….အပ်ရောင်းလာသူကိုခေါ်ခဲ့ပါ'' ဟု စေခိုင်းလေ၏၊ သတို့သမီးလည်း သွား၍ခေါ်လေ၏၊ ပန်းပဲပညာရှိလည်း အိမ်သို့ဝင်၍ ပန်းပဲသူကြီးကို ရှိခိုးကာနေ၏။

အပ်ကိုကြည့်ရန် စည်းဝေးပြန်

ထိုအခါ ပန်းပဲသူကြီးသည် ပဋိသန္ဓာရ စကားကို ပြောဆိုပြီးလျှင်"အမောင်... ဘယ်အတွက်လာသနည်း" ဟု မေး၏၊ "အရှင်.... အပ်ရောင်းလို၍ လာပါသည်"ဟု ပြော၏၊ "အမောင်....သင့်အပ်ကိုကြည့်လိုသည် ပြပါ"ဟုပြော၏၊ ပန်းပဲပညာရှိသည် မိမိကျေးဇူးကို တရွာလုံး သိစေလိုသဖြင့်"အရှင်....တယောက်ထည်းကြည့်ခြင်းထက်၊ လူတို့ အလယ်မှာ ကြည့်ခြင်းသည် သင့်မြတ်ပါ၏" ဟု ပြောဆို လေ၏၊ ထိုအခါ ပန်းပဲသူကြီးသည် တရွာလုံး စည်းဝေး စေ၍ "အမောင်.... အပ်ကို ထုတ်၍ပြပါ၊ ကြည့်လိုကြ သည်"ဟု ပြော၏၊ "အရှင်....ပေတခုနှင့် ရေပြည့်သော ကြေးခွက်တခုကိုအလိုရှိပါ၏"ဟုပြောပြန်၏၊"အမောင်.... ကောင်းပြီ"ဟုဆို၍ ယူဆောင်စေ၏၊

အပ်ကိုကြည့်ရန် စည်းဝေးပြန်

ထိုအခါ ပန်းပဲ ပညာရှိသည် အပ် ကျည်ကို ထုတ်၍ပေး၏၊ ပန်းပဲသူကြီး သည် အပ်ကျည်မှ အပ်ကို ထုတ်၍ "အမောင်....ဤကား အပ်လော"ဟု မေး၏၊"အရှင်.... မဟုတ်ပါ၊ အပ်ကျည်ဖြစ်ပါ၏"ဟု ပြော၏၊ ပန်းပဲသူကြီး သည် စုံစမ်းသော်လည်း အစနှင့်အဆုံးကို မမြင်လေ၊ ထို အခါ ပန်းပဲပညာရှိသည်ယူ၍ အစဉ်သဖြင့် လက်သည်း ဖြင့် အပ်အိမ်ကိုပယ်၍ချလေ၏၊ အပ်လောဟုမေးပြန်၏၊ နောက် အိမ်တထပ်ကိုခွါ၍ချပြန်၏၊အပ်လောဟုမေးပြန်၏၊ ဤနည်းဖြင့် ခုနစ်ကြိမ်တိုင်အောင်ခွါ၍ချလေ၏၊နောက်အပ် ကိုယူ၍ ဤသည်လျှင် အပ်ဖြစ်ပါသည်ဟုပြောကာ ပန်းပဲသူ

ကြီးလက်၌ထားလေ၏၊ပန်းပဲတထောင်တို့သည် လက်ဖျားခါကြကုန်၏၊ ဦးရစ်ပုဆိုးတို့ကို ပစ်ကြကုန်၏။

**အပ်၏စွမ်းပြအံ့ဩရ**

ထိုအခါပန်းပဲသူကြီးသည်အပ်ကိုကြည့်၍ "အမောင်…. ဤအပ်ဖြင့် အဘယ်အကျိုးရှိသနည်း"ဟုမေး၏၊ "အရှင်.. ပေအောက်တွင်ရေခွက်ထား၍ ပေပေါ်တင်ကာ အားကောင်းသောယောကျ်ားကိုထုပါစေ"ဟု ဆို၏၊ ပန်းပဲသူကြီးလည်း ပြောဆိုသည့်အတိုင်းပြုလေ၏၊ အပ်သည် တူဖြင့်ထုသောအခါ ပေကိုဖေါက်၍ ရေ၌ကျပြီးလျှင် မနစ်ဘဲ ကန့်လန့်ပေါ်၍တည်၏၊ ပန်းပဲတို့မြင်ကြလျှင် ငါတို့သည် ဤမျှလောက်ကာလတိုင်အောင် ပန်းပဲတို့မည်သည် ဤသို့သဘောရှိကုန်၏ဟု ပြောသောစကားမျှကိုပင် မကြားစဘူးကုန်၊ အလွန်အံ့ဩချီးမွမ်းကြလျက်လက်ဖျားခါကြကုန်၏၊ ဦးရစ်ပုဆိုးတို့ကို ပစ်ကြပြန်ကုန်၏။

ထိုနောက် ပန်းပဲသူကြီးသည် သမီးကိုခေါ်၍ ပရိသတ်အလယ်မှာပင် ပန်းပဲပညာရှိနှင့် ထိမ်းမြားလက်ထပ်လေ၏၊ ထိုပန်းပဲပညာရှိသည် နောက်အဘို့၌ ပန်းပဲသူကြီးသေလွန်သောအခါ ပန်းပဲသူကြီးဖြစ်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ ပန်းပဲသူကြီးသမီးသည်- ရာဟုလာမယ်တော်။

※ ပန်းပဲပညာရှိသည်- ငါဘုရားဖြစ်လာပြီ- ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ပညာညာဏ်ဥမ်း၊ ဇဲဘနန်း၊ ဖြိုးမွမ်းမကုန်နိုင်။
(၂) ပညာပြည့်ကြွယ်၊ လူအလယ်၊ တင့်တယ်ကြီးပွားနိုင်။
(၃) ပန်းသဲငမိမာ၊ အပ်လုပ်ရာ၊ ကညာရှေ့မှိုင်မှိုင်။

သူ့ဇာတ် ပြီး၏။

---

## ၃၈၈-တုဏ္ဍိလဇာတ်

ပဥ္စမဝဂ္ဂ ။

သေဘေးအတွက် လွန်ကြောက်လျက် — နှုတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်သား ရဟန်းတပါးသည် သေဘေးမှ အလွန်ကြောက်သတတ်၊ အနည်းငယ် လှုပ်ရှားခြင်းကိုမြင်၍ရင်း အသံကြား၍ရင်း ဝမ်းတွင်းသို့ ဝင်၍သွားဘိသကဲ့သို့ အလွန်ကြောက်ရွံ့တုန်လှုပ်၏၊ သတ္တဝါတို့အား သေခြင်းသည်မြဲ၏၊ အသက်ရှည်ခြင်းသည်မမြဲဟု အသင့်အတင့် နှလုံးသွင်းခြင်းမရှိ။

ရဟန်းတို့သည် တရားသဘင်၌ ထိုရဟန်း၏ ကြောက်ရွံ့တုန်လှုပ်သောအကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ သိတော်မူလျှင် ''ရဟန်းတို့.... ဤရဟန်းသည် ယခုအခါ၌သာ သေဘေးမှကြောက်တတ်သည်မဟုတ်၊ ရှေးအခါ၌လည်း ကြောက်တတ်သည်သာတည်း''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အဋ္ဌတိတ်ဝဂ္ဂ၊

**သားမှတ်မွေးလျှောင် ဝက်ညီနောင်**

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဝက်မဝမ်း၌ ပဋိသန္ဓေနေ၍ ဝက်မသည် ကိုယ်ဝန်ရင့်လတ်သော် ဝက်ငယ်နှစ်ကောင်တို့ကို မွေးဘွားလေ၏။

တနေ့သ၌ ဝက်မသည် သားငယ်နှစ်ကောင်နှင့် တကွ ကျင်းတခုတွင်ဝပ်၍နေ၏၊ ထိုအခိုက် ဗာရာဏသီမြို့တံခါး၌ နေသော မိန်းမအိုတယောက်သည် တောင်ဝှေးကိုထောက်၍လာ၏၊ ဝက်မသည် တောင်ဝှေးသံကိုကြားလတ်သော် သေဘေးမှကြောက်သဖြင့် သားငယ်ကိုစွန့်၍ ပြေးလေ၏။

မိန်းမအိုသည် ဝက်ငယ်တို့ကိုမြင်လျှင် သားအမှတ်ဖြင့် တောင်း၌ထည့်၍ အိမ်သို့ယူဆောင်ကာမွေးမြူလျက် အကြီးကို မဟာတုဏ္ဍိလ အငယ်ကိုစူဠတုဏ္ဍိလဟု အမည်မှည့်၏၊ ထိုဝက်ငယ်တို့သည် နောက်အဘို့၌ ကြီးထွားသောကိုယ်ရှိကုန်၏၊ အဘိုးဖြင့်ဝယ်သော်လည်း သားဟူသောအမှတ်ဖြင့် တစုံတယောက်သောသူအား မရောင်းလေ။

**ဖွါးအိုရောင်းစား သေကြူးများ**

ဗာရာဏသီပြည်ဝယ် ပွဲသဘင်ကျင်းပသဖြင့် သေသောက်ကြူးတို့သည် သေရည်ကိုသောက်ကြရာအမဲသားကုန်လေ၏၊ ရွာဖွေစုံစမ်းလတ်သော် သူအိုမအိမ်၌ ဝက်နှစ်ကောင်ရှိသည်ကိုသိ၍ အိမ်သို့သွားကာ အဘိုးဖြင့် ဝယ်ကြကုန်၏၊ သူအိုမသည်မရောင်းလေ၊ ထိုအခါ သူအိုမအား သေရည်အနည်းငယ်ကို တိုက်ကြကုန်၏၊ မူးယစ်၍ သတိမေ့လတ်

သော် သေသောက်ကြီးတို့သည် သုဒိုမထံ ဝက်တကောင် အဘိုးပေး၍ဝယ်ကြကုန်၏၊ သုဒိုမသည် အသပြာကိုယူ၍ စူဠတုဏ္ဍိလကို ရောင်းလေ၏။

သေသောက်ကြီးတို့သည် စူဠတုဏ္ဍိလကို ဘမ်းရန် အိမ်ဝါးခါးရှိစားကျင်းတွင် အစာအပြည့်ထည့်၍ ကျော့ ကွင်း လက်နက်တို့ကိုကိုင်ကာ အသင့်ပြင်ဆင်ထားကုန်၏၊ သုဒိုမလည်း စားကျင်းအနီး၌ နေ၍ "ချစ်သား…. စူဠတုဏ္ဍိလ လာလော့၊ ထမင်းစား လှည့်လော့"ဟု ခေါ်လေ၏။

သေဘေး၊ ကြောက်လှ တုဏ္ဍိလ

မဟာတုဏ္ဍိလသည် အမိဒိုခေါ်သံကို ကြားလျှင် ငါတို့အမိသည် ဤမျှသော ကာလပတ်လုံး အစာကျွေးသောအခါ စူဠတုဏ္ဍိလကို ရှေးဦးစွာ ခေါ်လေ့မရှိ၊ ငါ့ကိုသာ ရှေးဦးစွာခေါ်လေ့ရှိ၏၊ ယနေ့ငါတို့အား မချွတ် သေဘေး ရောက်လတံ့" ဟုသိ၍ စူဠတုဏ္ဍိလကို ခေါ်ပြီးလျှင် "ညီ ထွေး….သင့်ကို အမိဒိုခေါ်နေသည်၊ သွား၍စုံစမ်းချေ" ဟု စေခိုင်း၏၊ စူဠတုဏ္ဍိလသည် ခြံမှထွက်၍ စုံစမ်းရာ ထမင်းစားကျင်းအနီး၌ သေသောက်ကြီးတို့ကို မြင်လျှင် ယနေ့ငါ့အား သေဘေးရောက်ပြီဟု အလွန်ကြောက်ရွံ့တုန် လှုပ်လျက် အစ်ကိုထံလာ၍ လည်လေ၏။

ညီငယ်ဆုံးမ တရားပြ

ထိုအခါ မဟာတုဏ္ဍိလသည် "ညီ ထွေး….ယခုအခါ သင်သည် လည်ဘိ ၏၊ပြေးဝင်ရာအရပ်ကို ကြည့်၍ အဘယ် ကြောင့် လည်သနည်း"ဟု မေးလေ၏၊စူဠတုဏ္ဍိလသည်—

"နောင်တော်…. ယခုအခါ စားကျင်းဝယ် အစာသစ်တို့ဖြင့် ပြည့်လျှံ၍နေ၏၊ ငါတို့အမိအို လည်း စားကျင်းအနီး၌နေ၏၊ကျွဲကွင်းလက်နက် ကိုင်တို့လည်း စားကျင်းအနီး၌ အများအပြားရှိ ကုန်၏၊ ဤအစာကို မနှစ်သက် မစားလိုပါ"—

ဟု မိမိမြင်ရသော အကြောင်းကို ပြောဆိုလေ၏၊ မဟာတုဏ္ဍိလသည် စူဠတုဏ္ဍိလ စကားကိုကြားလျှင်—

"ညီထွေး….သင်ကား ထိတ်လန့်ဘိ၏၊ လည် ဘိ၏၊ ပုန်းအောင်းရာကို ရှာလို၏၊ ကိုးကွယ်ရာမရှိ ပေ၊ အဘယ်သို့ သွားမည်နည်း၊ ကြောင့်ကြမရှိ စားပါ၊ငါတို့ကိုအသားအတွက်မွေးမြူအပ်ကုန်၏၊ ညီထွေး….ညွန်မရှိသော ရေကန်သို့ သက်ဆင်း လော့၊ အလုံးစုံသော ချွေး အညစ်အကြေးတို့ကို ဆေးကြောလော့၊ အမြဲမပြတ် မွှေးကြိုင်နေသော နံ့သာသစ်ကို လိမ့်ကျံလော့"—

ဟု အကျိုးအကြောင်းပြကာ တရားဟောလေ၏။

**ဝက်မင်းတရား ပြည်လုံးကြား**

ပါရမီဆယ်ပါးကိုဆင်ခြင်လျက်မေတ္တာ ပါရမီကို ရှေ့ထားကာ တရားဟော သော မဟာ တုဏ္ဍိလ အသံသည် တဆယ့်နှစ်ယူဇနာရှိ ဗာရာဏသီပြည်အလုံးကို လွှမ်း၍ သွားလေ၏၊ အိမ်ရှေ့မင်းစသော ကြားတိုင်း ကြားတိုင်း သော သူတို့သည် စည်းဝေးရောက်လာ၍ တရားနာကြကုန် ၏၊ မလာသော သူတို့လည်း အိမ်၌နေလျက် တရားနာကြ ကုန်၏၊မင်းပရိသတ်တို့သည် ခြုံကိုသုတ်သင်၍ မြေကိုညှိပြီး လျှင် သဲဖြူခင်းကြကုန်၏၊သေသောက်ကြူးတို့လည်း သေရည်

အမှုးပြေလျက် ကျော့ကွင်းလက်နက်တို့ကို စွန့်ပစ်ကာ တရားနာကြကုန်၏၊ သူတိုမလည်း သေရည်အမှုးပြေလေ၏၊

ပုဥ္စတုဏ္ဍိလသည် အစ်ကိုဟောသော တရားကို ကြားလျှင် ငါတို့အမျိုးအနွယ်၌ ရေကန်သို့ ဆင်း၍ ချေးအညစ်အကြေး ကို ဆေးကြောခြင်း, နှံ့သာသစ်ကို လိမ်းကျံခြင်း မည်သည် အဘယ်အခါကမျှ မရှိခဲ့စဘူး၊ ငါ့အစ်ကိုသည် အဘယ်ကို ရည်၍ ဟောသနည်း ဟုကြံစည်ကာ—

‘‘နောင်တော်…ညွန်မရှိသော ရေကန်ကား အဘယ်ပါနည်း၊ချေးအညစ်အကြေးကား အဘယ်ပါနည်း၊ အမြဲမပြတ် မွှေးကြိုင်သော နံ့သာသစ်ကား အဘယ်ပါနည်း’’—

ဟု နောင်တော်အား မေးလေ၏၊

ဝက်မင်းတရားပြ၍၊ မြောက်ကြ

ထိုအခါ မဟာတုဏ္ဍိလသည် ညီတော် ပုဥ္စတုဏ္ဍိလ စကားကို ကြားလျှင်—

‘‘ညီထွေး… နိဗ္ဗာန်တရားကို ညွန်မရှိသော ရေကန်ဟုဆိုပါ၏၊မကောင်းမှုကို ချေးအညစ်အကြေးဟု ဆိုပါ၏၊ သီလကိုနံ့သာသစ်ဟုဆိုပါ၏၊ ထိုသီလကား အမြဲမပြတ် မွှေးကြိုင်၍ နေပါ၏၊ သတ္တဝါကို သတ်သောသူတို့သည် နှစ်သက်ကြကုန်၏၊ အသတ်ခံရသော သတ္တဝါတို့သည် မနှစ်သက်ကြကုန်၊ လပြည့်နေ့၌ မွှေလျော်ကုန်လျက် သီလ အကျင့်နှင့် ပြည့်စုံသူတို့သည် အသက်ကို စွန့်ကုန်၏’’—

ဟု ပုဥ္စတုဏ္ဍိလအား သဗ္ဗညုဘုရားကဲ့သို့ သာယာစွာသောအသံဖြင့် တရားဟောလေ၏၊

လူတို့သည် လက်ဖျားခါကုန်၏၊ ဦးရစ်,ပုဆိုးတို့ကို ပစ်လွှင့်ကုန်၏၊ ကောင်းချီးသံစသည်ကောင်းကင်တခုလုံး ပြည့်၍နေ၏၊ ဗာရာဏသီမင်းသည် မဟာတုဏ္ဍိလအား မင်းအဖြစ်ဖြင့် ပူဇော်၍ သူ့အိုမအားလည်း စည်းစိမ်များစွာပေးပြီးလျှင် ဝက်နှစ်ကောင်တို့ကို နံ့သာရေချိုးစေ၍ နံ့သာလိမ်းကျံစေပြီးလျှင် သားအရာ၌ ထား၍ အခြံအရံများစွာဖြင့် လုပ်ကျွေး မွေးမြူလေ၏။

**ပြည်အလုံးဆုံးမတော်ဝင်ကြ**

မဟာတုဏ္ဍိလ ဝက်မင်းသည် မင်းကြီးနှင့်တကွ လူတို့ကို ပဉ္စသီကိုပေး၏၊ လူအများကိုလည်း တရားဟောလေ၏၊ အဂတိမလိုက်စားဘဲ တရားဆုံးဖြတ်၏၊ ထိုအခါ ကောက်ကျစ် စဉ်းလဲ၍ တရားပြုသောသူ မည်သည်မရှိ၊ နောက်အဘို့၌ မင်းကြီးသေလွန်လတ်သော် ဝက်မင်းသည်သဂြိုဟ်ခြင်းကိစ္စကို ပြုပြီးလျှင် တရားဆုံးဖြတ်နည်း ဖြတ်ထုံးတို့ကို ပေ၌ရေးစေ၍ “ဤစာကို ကြည့်ပြီးလျှင် တရားဆုံးဖြတ်ကြလော့”ဟု မှာထားဆုံးမခဲ့၍ တောသို့ဝင်လေ၏၊ ထိုမဟာတုဏ္ဍိလဝက်မင်း၏ အဆုံးအမသည် အနှစ်ခြောက်သောင်းတည်ရစ်လေ၏။

သစ္စာကို ပြသည်၏အဆုံး၌ သေဘေးမှကြောက်ရွံ့ထိတ်လန့်သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဗာရာဏသီမင်းသည်- ယခုအခါ အာနန္ဒာ၊

※ စုဠတုဏ္ဍိလသည်- သေဘေးကို ကြောက်သော ရဟန်း၊

※ မဟာတုဏ္ဍိလသည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အကု-ညစ်ကြေး၊ တရားဒေး၊ ညွှန်ပေးမဲ့ရေခေါ်။
(၂) သီလ နံ့သာ၊ လင်းကျုံပါ၊ ခါခါငြမ်းသနော်။
(၃) မဟာတုဏ္ဍိလ၊ဆုံးအမ၊ ဝဿခြောက်သောင်းငံပေါ်။

တုဏ္ဍိလဇာတ် ပြီး၏။

## ၃၈၉-သုဝဏ္ဏကက္ကဋဇာတ်

### ပစ္စုပ္ပန်ဝတ္ထု။

*အာနန္ဒာကျေးဇူး၊ လွန်ချီးကျူး၊*

နတ်လူ့ဘို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အာနန္ဒာမထေရ်သည် မြတ်စွာဘုရားအတွက် အသက် စွန့်ခြင်းကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**ပုဏ္ဏားရွှေဖုဇွန် ချစ်ကျွမ်းလွန်**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဗာရာဏသီပြည် အရှေ့မျက်နှာ၌ သာလိန္ဒိယမည်သောရွာဝယ် လယ်လုပ်သော ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ထိုရွာအရှေ့မြောက် အရပ်၌ ပယ်တထောင်မျှ ကျယ်ဝန်းသော လယ်တို့ကိုထွန်စေ၏။

ပုဏ္ဏားလုလင်သည် တနေ့သ၌ လယ်တောသို့ သွား၍ အမှုလုပ်တို့အား ထွန်စေပြီးလျှင် လယ်အနီးရှိ ထုံးအိုင်ကြီး၌ မျက်နှာသစ်လေ၏၊ ထိုထုံးအိုင်၌လည်း ရွှေဖုဇွန်တကောင်သည်နေ၏၊ အလွန်အဆင်းလှ၍ ကြည်ညိုဘွယ်ရှိ၏၊ ပုဏ္ဏားလုလင်သည် ဒန်ပူစားပြီး၍ မျက်နှာသစ်သောအခါ ရွှေဖုဇွန်ကိုမြင်လျှင် ဖမ်းယူကာ အပေါ်ရုံပုဆိုးအတွင်း၌ အိပ်စေ၍ အမှုကိစ္စပြီးလျှင် ရွှေဖုဇွန်ကို ထုံးအိုင်၌လွှတ်၍ အိမ်သို့ပြန်၏၊ ဤနည်းဖြင့် လယ်တောသို့လာတိုင်း လာတိုင်း ပြုလုပ်၏၊ သို့အတွက် ပုဏ္ဏားလုလင်နှင့် ရွှေဖုဇွန်တို့သည် အလွန်ချစ်ကျွမ်းဝင်ကြကုန်၏။

**ပုဏ္ဏားမျက်စိ ကျီးအလိုရှိ**

လယ်တောသို့ မပြတ်လာသော လုလင်၏ ကြည်လင်တောက်ပသော မျက်လုံးတို့ကို လယ်အစွန်းရှိ ထန်းပင်ဖျားဝယ် အသိုက်၌ နေသော ကျီးမတကောင် မြင်လျှင် စားလိုသော ချင်ခြင်းဖြစ်သဖြင့် ကျီးဖိုအား ပြောကြားပူဆာလေ၏၊ ကျီးဖိုသည် ငါမတတ်နိုင်ဟု ပြောကြားလေ၏၊

ကျိုးမသည် ထန်းပင်အနီးရှိ တောင်ပို့တွင် နေသော မြွေ ဟောက်နှင့် မိတ်ဖွဲ့၍ ကိုက်စေရလျှင် ပုဏ္ဏားလုလင်သေ လိမ့်မည်၊ ထိုအခါ မျက်လုံးကိုယူ၍ပေးပါဟု အကြံပေး လေ၏။

ထိုအခါ ကျိုးဖိုသည် မြွေဟောက်ထံသွား၍ ခစားကာ မိတ်ဖွဲ့လေ၏၊ မြွေဟောက်သည် ကျိုးဖိုအား ခစားမိတ်ဖွဲ့ ခြင်းအကြောင်းကိုမေးလေ၏၊ ကျိုးဖိုလည်း ကျိုးမချင်ခြင်း ဖြစ်ကြောင်းကို ပြောကြားပြီးလျှင် "အရှင့်အာနုဘော်ဖြင့် ပုဏ္ဏားမျက်စိတို့ကို ရလိုပါ၏၊ သို့အတွက် ပုဏ္ဏားလာ သောအခါ ကိုက်သတ်ပေးပါ"ဟု တောင်းပန်လေ၏၊ မြွေဟောက်သည် "ကောင်းပြီ"ဟု ဝန်ခံ၍နက်ဖြန်နေ့ဝယ် ပုဏ္ဏားလာရာ လမ်းခရီးဖြစ်သော လယ်ကန်သင်းရှိ မြက် ဖုတ်ဖြင့် ဖုံးလွှမ်းကာ ပုဏ္ဏားအလာကို စောင့်၍နေ၏။

**မြွေနှင့်ပေါင်းမှ ကျိုးလိုကျ**

နက်ဖြန်နေ့ဝယ် ပုဏ္ဏားလုလင် လယ် တောသို့ လာလတ်သော် ရှေးဦးစွာ သွားနေကျဖြစ်သော ထုံးအိုင်သို့ သွား၍ မျက်နှာသစ်ပြီးလျှင် ရွှေဗုဏ္ဏန်ကိုဖမ်း၍ အပေါ်ရုံကြား၌ အိပ်စေလျက် လယ်တောသို့သွားလေ၏၊ မြွေဟောက် သည် အနီးသို့ရောက်လျှင် လျင်မြန်စွာထ၍ပုဏ္ဏားလုလင် ၏ ခြေဖနောင့်သားကိုကိုက်၍ တောင်ပို့သို့ ပြေးလေ၏၊ ပုဏ္ဏားလုလင်သည် ထိုအရပ်တွင်လဲ၍ မေ့မြောလျက် နေ ၏၊ ရွှေဗုဏ္ဏန်လည်း အပေါ်ရုံကြားမှထွက်၍ ကျလေ၏၊ ကျိုးလည်းလာ၍ ပုဏ္ဏားလုလင်၏ ရင်ပတ်ပေါ်၌ နား၍ နှုတ်သီးဖြင့် မျက်စိတို့ကို ထိုးဆိတ်လေ၏။



P.337 ရွှေဗုဇွန်သည် အဆွေပုဏ္ဏားၡ ရန်သူဖြစ်သောမြွေနှင့်ကျီးတို့ကို လက်မဖြင့်ညှပ်ကာ ဘမ်းထားပုံ၊

မိတ်ဆွေရန်ပြု ကယ်ဆယ်မှု

ထိုအခါ ရွှေဗုဒ္ဓနံ့သည် အဆွေခင်ပွန်း အား ဘေးဖြစ်သည်ကိုသိ၍ ကျီး၏ လည်ပင်းကို တက်မဖြင့် မြဲစွာညှပ်၏၊ ကျီးသည် နာကျင်သဖြင့် အော်လေ၏၊ ဗုဒ္ဓနံ့သည် အနည်း ငယ်လျှော့ထား၏၊ ထိုအခါကျီးသည်—

"အို-အဆွေမြွေ··ရှည်သောမျက်လုံးရှိ၍ အရိုး ဟူသော·အရေဖုံးလျက် ရေ၌နေသော အမွေး မရှိသော ရွှေဗုဒ္ဓနံ့သည် ငါ့ကို တက်မဖြင့် ညှပ် သဖြင့် ဆင်းရဲစွာငိုကြွေးရ၏၊ သင်အဘယ်ကြောင့် ငါ့ကိုစွန့်ပစ်၍ သွားသနည်း"—

ဟု မြွေကိုပြောဆိုကာ ကူညီရန်ခေါ်လေ၏၊ မြွေလည်း ကျီးစကားကိုကြားလျှင် ပြန်လည်၍ ပါးပျဉ်းထောင်ကာ အဆွေကျီးကို ကူညီရန်လာ၏။

ထိုအခါ ရွှေဗုဒ္ဓနံ့သည် တက်မ တဘက်ဖြင့် မြွေ၏ လည်ပင်းကို ညှပ်ပြန်၏၊ မြွေသည် ဗုဒ္ဓနံ့တို့မည်သည်ကား ကျီးသားကိုလည်း မစားကုန်၊ မြွေသားကိုလည်း မစား ကုန်၊ သို့ဖြစ်ပါလျက် အဘယ်ကြောင့် ဖမ်းယူဘိသနည်းဟု ကြံစည်တွေးတောလျက်—

"အို-ရှည်သော မျက်လုံးရှိသောဗုဒ္ဓနံ့····သင် ကားစားလို၍ကျီးကိုလည်းမဖမ်းယူရာ၊မြွေကိုလည်း မဖမ်းယူရာ၊သို့ဖြစ်လျက် ငါတို့နှစ်ဦးလုံးကို အဘယ် ကြောင့် ဖမ်းယူဘိသနည်း"—

ဟု ရွှေဗုဒ္ဓနံ့အားမေးလေ၏၊ထိုအခါ ရွှေဗုဒ္ဓနံ့သည်—

"အို-မြွေဟောက်…. ဤယောက်ျားကား ငါ့ကို ယူ၍ ရေအိုင်သို့ပို့ဆောင်ပေ၏၊ ငါ၏ အကျိုးစီးပွါးကိုအလိုရှိပေ၏၊ ထိုယောက်ျား သေလတ်သော် ငါ့အား များစွာသောဆင်းရဲဖြစ်လိမ့်မည်၊ ငါနှင့် ဤယောက်ျား နှစ်ယောက်လုံး ရှိကြမည်မဟုတ်၊

ကိုယ်ကြီးသော ငါ့ကိုမြင်၍ လူအများသည် သတ်ဖြတ်ညှဥ်းဆဲလိုရာ၏၊ ကောင်းမြတ် ဆုဖြိုး၍ နူးညံ့သော အသားရှိသောငါ့ကို ကျီးတို့မြင်လတ်သော် ညှဥ်းဆဲကုန်ရာ၏"–

ဟု မြွေဟောက်အား ပြောကြားလေ၏။

မြွေဥပါယ်လှည့် ၄င်နံသိ

ထိုအခါ မြွေဟောက်သည် ဥပါယ်တမျဥ်ဖြင့် လှည့်စား၍ ငါနှင့်ကျီးကို လွှတ်စေမည်ဟု ကြံစည်လျက်–

"အဆွေဖုင္ဖန်…. ဤယောက်ျား၏အကြောင်းကြောင့် ငါတို့နှစ်ဦးကို အကယ်၍ဖမ်းပါမူ ထိုယောက်ျား၌ အဆိပ်မရှိအောင် ငါသည် အဆိပ်ကိုစုတ်ယူပါမည်၊ အဆိပ်ပြင်းထန်စွာမတက်မီ ငါ့ကိုရင်း, ကျီးကိုရင်း လွှတ်ပါ"–

ဟု ဖြားယောင်းပြောဆိုပြန်၏၊ ထိုအခါဖုင္ဖန်သည် မြွေကား တခုသောအကြောင်းဥပါယ်ဖြင့် သတ္တဝါနှစ်ဦးတို့ကို လွှတ်စေ၍ပြေးလို၏၊ အကြောင်းဥပါယ်၌ လိမ်မာသောငါ့ကို မသိလေယောင်တကား၊ ငါသည် မြွေဟောက်ကို အဆိပ်စုတ်နိုင်ရုံမျှသာ လျော့၍ပေးမည်၊ကျီးကိုကား လွှတ်မည်မဟုတ်ဟု ကြံစည်ပြန်လျက်–

"အဆွေမြွေဟောက်.... သင့်ကိုရှေးဦးစွာလွှတ်မည်၊ ကျီးကိုမလွှတ်သေး၊ ကျီးကား ရှေးဦးစွာဝန်ခံသူဖြစ်၏၊ ချမ်းသာ၍ အနာရောဂါ မရှိသောယောက်ျားကို မြင်ရသည်ရှိသော် မြွေကိုလွှတ်သကဲ့သို့ပင် ကျီးကိုလည်း လွှတ်ပါမည်"-

ဟုပြောဆိုပြီးလျှင် အဆိပ်ကိုစုတ်ယူရန်မြွေကိုညှပ်ထားသော တက်မကို အနည်းငယ်လျှော့လိုက်၏။

**မိတ်ဆွေရန်စွယ် သုတ်သင်ပါယ်**

ထိုအခါမြွေဟောက်သည် ကိုက်ရာအရပ်မှတဘန် အဆိပ်ကို စုတ်ယူလေ၏၊ ပုဏ္ဏားလုလင်သည် မြွေဆိပ်မရှိလျှင် အနာရောဂါမရှိ ပကတိအတိုင်းဖြစ်လေ၏၊ ထိုနောက် ဗုဏ်နံသည် ဤနှစ်ဦးသောသတ္တဝါတို့အား အကယ်၍အသက်ကိုချမ်းသာပေးအံ့၊ငါ့အဆွေအကျိုးစီးပွားဖြစ်လိမ့်မည်မဟုတ်၊ ထိုသတ္တဝါနှစ်ဦးလုံးကိုပင် သတ်ဖြတ်ဖျက်ဆီးမည်ဟု ကြံစည်ပြီးလျှင် ကပ်ကြေးဖြင့် ကြာရိုး ကြာစွယ်ကို ဖြတ်သည့်အလား သတ္တဝါနှစ်ဦးလုံးတို့၏ လည်ပင်းတို့ကို တိတိပါအောင်ဖြတ်လေ၏၊ ကျီးနှင့်မြွေဟောက်တို့လည်း ထိုအရပ်မှာပင် သေကြေပျက်စီးကြကုန်၏။

ကျီးမလည်း ထိုအရပ်မှ ပြေးလေ၏၊ ပုဏ္ဏားလုလင်လည်း မြွေသေကိုတုတ်ဖြင့်ကော်၍ တောင်ပို့တွင်း၌ချ၏၊ ရွှေဗုဏ်နံကိုလည်း ထုံးအိုင်၌လွှတ်၍ ညအခါချမ်းသာစွာ မိမိရွာသို့ပြန်လေ၏၊ ထိုအခါမှစ၍ ပုဏ္ဏားလုလင်နှင့် ရွှေဗုဏ်နံတို့သည် အတိုင်းထက်အလွန် ချစ်ကျွမ်းဝင်ကုန်၏။

အတိတ်ကို ဆောင်တော်မူပြီး၍ သစ္စာကိုပြသည်၏ အဆုံး၌ များစွာသောရဟန်းတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့၌ တည်ကုန်၏။

ဇာတ်ပေါင်း၊

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းဘို့....

※ ထိုအခါကျွဲးဖိုသည်- ယခုအခါဒေဝဒတ်၊

※ ကျွဲးမသည်- စိဉ္စမာနဝိကာ၊

※ မြွေဟောက်သည်- မာရနတ်၊

※ ရွှေဖုငှန်သည်- အာနန္ဒာ၊

※ ပုဏ္ဏားလုလင်သည်- ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း၊

ဆောင်ပုဒ်

(၁) ဖုငှန်စဉ်လျက်၊ လူ့အသက်၊ မပုက်ကယ်ဘူးသည်၊

(၂) ဖုငှန်တိရစ္ဆာန်၊ ဥပါယ်ဉာဏ်၊ ရင့်သန်ကြီးလှသည်၊

(၃) မြွေဟောက်နှင့်ကျွဲး၊ ဆွေရန်မီး၊ အငြိုးငြိမ်းစေသည်၊

သုဝဏ္ဏကက္ကဋဇာတ် ပြီး၏၊

---

## ၃၉၀–မယှကဇာတ်

ပဉ္စုပ္ပန်ဝတ္ထု၊

ဥစ္စာနှမြောသူ အာဂန္တုက

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌

အာဂန္တုကသူဌေးသည် စည်းစိမ်ဥစ္စာ အလွန်ကြွယ်ဝချမ်းသာ၏၊ စည်းစိမ်ဥစ္စာတို့ကို မိမိလည်း မသုံးဆောင်၊ သူတပါးတို့အားလည်း မပေးရက်၊ ကောင်းမြတ်သော ဘောဇဉ်, အဝတ်တန်ဆာ, ယာဉ်ရထား,ရွှေထီး စသည်တို့ကို မသုံးဆောင်၊ မကောင်းသော ဆန်ကွဲ ထမင်း, ပအုန်းရည်, ပုဆိုးကြမ်း, သစ်သားလှည်း, သစ်ရွက်ထီး စသည်တို့ကိုသာ သုံးဆောင်လေ့ရှိ၏၊ အသက်ထက်ဆုံး တစုံတခုသော ကောင်းမှုကိုမျှလည်း မပြုဘူးဘဲ သေလွန်သောအခါ ရောရုဝရဲ၌ ဖြစ်ရလေ၏။

**အခြံရံနည်းမှု လျှောက်ထားပြ**

ထိုအခါ ကောသလ မင်းကြီးသည် အာဂန္တုကသူဌေး သေလွန်လျှင် သားသမီး အမွေခံမရှိသဖြင့် ရှိသမျှ ပစ္စည်းဥစ္စာတို့ကို မင်းအိမ်သို့ ခုနစ်ရက်ပတ်လုံး ဆောင်ယူ သိမ်းစေပြီးလျှင် မြတ်စွာဘုရားထံ ချဉ်းကပ်၍၊ မြတ်စွာဘုရားအား အာဂန္တုကသူဌေးသည် ဝန်တို၍ ဘုန်းကံနည်းပါးပါလျက် ဥစ္စာရခြင်းအကြောင်း၊ဥစ္စာရှိပါလျက် မသုံးဆောင်ရခြင်းအကြောင်း၊ သားသမီး မရခြင်းအကြောင်းတို့ကို လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် "ကောသလမင်းကြီး…အာဂန္တုကသူဌေး၏ ဥစ္စာရခြင်း, မသုံးဆောင်ရခြင်း, သားသမီးမရခြင်းတို့ကား သူတပါးတို့ ပြုလုပ်အပ်သည်မဟုတ်၊ ယိုသူဌေးကိုယ်တိုင်ပင် ပြုလုပ်အပ်သည်"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်တို့ကို ဆောင်တော်မူသတည်း။

### ၁-တိတ်ဝတ္ထု၊
[ဥစ္စာရ၍ မသုံးဆောင်ရခြင်း။]

ပုဗ္ဗစေတနာ ကြည်ညိုဖွယ်

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဗာရာဏသီသူဌေးသည် သဒ္ဓါတရားမရှိ ဝန်တို၏၊ တစုံတခုသောဝတ္ထုကိုမျှ မပေးလှူဘူးလေ၊ မည်သူ့အလိုသို့မျှ မလိုက်လေ။

ထိုသူဌေးသည် မင်းကြီးထံ သွားသွားသည်ရှိသော် ဆွမ်းခံကြွလာသော တဂ္ဂရသိခိမည်သော ပစ္စေကဗုဒ္ဓါကို မြင်လျှင် ရှိခိုး၍ "အရှင်ဘုရား....ဆွမ်းရပါ၏လော"ဟု လျှောက်၏၊ "သူဌေးကြီး....ရလိမ့်မည်ဟူ၍လှည့်လည်၏" ဟုမိန့်တော်မူလျှင် အမှုလုပ်ယောကျ်ားအား "အမောင်.... ဤပစ္စေကဗုဒ္ဓါကို ငါတို့အိမ်သို့ပင့်၍ ငါ၏နေရာပလ္လင်၌ သိတင်းသုံးစေလျက် ငါ့အဖို့ စီရင်ထားသော ထမင်းဘောဇဉ်ကိုလှူချေလော့"ဟုစေခိုင်း၏၊ ထိုအခါ အမှုလုပ်ယောကျ်ားသည် ပစ္စေကဗုဒ္ဓါကိုပင့်၍ အိမ်သို့သွားကာ သူဌေးကတော်အား သူဌေးကြီးမှာလိုက်တိုင်း ပြောကြားလေ၏၊ သူဌေးကတော်လည်း ပစ္စေကဗုဒ္ဓါအား မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ကို လှူဒါန်းလေ၏။

ဆွမ်းကိုကြည့်လျက် စေတနာပျက်

ပစ္စေကဗုဒ္ဓါသည် သူဌေးအိမ်မှ ထွက်၍ လမ်းလယ်သို့ ရောက်လတ်သော် မင်းကြီးအိမ်မှ ပြန်လာသော သူဌေးကြီးနှင့် တွေ့ပြန်၍ ရှိခိုးကာ "အရှင်ဘုရား....ဆွမ်းရပါ၏လော"ဟု လျှောက်လေ၏၊ "သူဌေးကြီး....ရခဲ့ပါ၏"ဟု

မိန့်တော်မူလျှင် သူဌေးကြီးလည်း ဆွမ်းကိုကြည့်၍ စိတ်ကြည်ညိုခြင်းငှါ မတတ်နိုင်ဘဲ''ငါသည် ဤထမင်းကို ကျွန်အမှုလုပ်တို့အား စားစေရသော် ခက်ခဲသောအမှုကိုလည်း ပြုလုပ် ကြကုန်ရာ၏၊ ငါ့အား ရှုံးလေစွ တကား''ဟု အောက်မေ့ကာ ပရစေတနာ ပျက်လေ၏။

[အလှူတို့မည်သည်မှာ ပုဗ္ဗစေတနာ, မုဉ္စစေတနာ, ပရစေတနာ ဟု သုံးမျိုးရှိရာ မလှူမီ ရှေးအဘို့ခဏ၌ ဝမ်းမြောက် ဝမ်းသာခြင်းသည် ပုဗ္ဗစေတနာ၊ လှူဆဲခဏ၌ ဝမ်းမြောက် ဝမ်းသာခြင်းသည် မုဉ္စစေတနာ၊လှူပြီးသောခဏ၌ ဝမ်းမြောက် ဝမ်းသာခြင်းသည် ပရစေတနာဖြစ်သည်၊ လှူဒါန်းကြရာ၌ ဤစေတနာသုံးပါးလုံး ပြည့်စုံပါမှ အလှူပြည့်စုံ၍ အကျိုးကြီးသည်။]

ဤအာဂန္တုက သူဌေးကား တဂ္ဂရသိခိ ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခဲ့ဘူးသောကြောင့် စည်းစိမ်ဥစ္စာကိုများစွာ ရရှိသည်၊ ပရစေတနာ ပျက်သောကြောင့် စည်းစိမ်ဥစ္စာ ရရှိသော်လည်း မသုံးဆောင် မခံစားရလေ။

[သားသမီးမရခြင်း။]

**အစ်ကိုစွန့်သွား စည်းစိမ်များ**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် မိဘသေလွန်သဖြင့် ပစ္စည်း ဥစ္စာတို့ကို စီမံအုပ်ချုပ်ကာ ညီကိုလည်း သဂြိုဟ်ထောက်ပံ့၏၊ အိမ်

တံခါး၌ အလှူတင်းကုပ် ဆောက်လုပ်လျက် အမြဲမပြတ် လှူဒါန်း၏။

အစ်ကိုသူဌေးသည် သားတယောက်မွေးဘွား၍ ခြေဖြင့်သွားတတ်သောအခါ ကာမဂုဏ်အပြစ်ကိုမြင်၍ သားမယားနှင့် ပစ္စည်းဥစ္စာ အလုံးစုံကို ညီအား အပ်နှင်းပြီးလျှင် တောထွက်ကာ ရသေ့ရဟန်းပြု၍ အဘိညာဉ်သမာပတ်တို့ကိုဖြစ်စေလျက် ဟိမဝန္တာအရပ်၌ သစ်သီးကြီးငယ်ဖြင့်မှုတကာနေ၏။

**အမွေမပေးလိုလတ် ဘုကိုသတ်**

ထိုအခါ ညီ သူဌေးလည်း သားတယောက်ကို မွေးဘွား ပြန်၏၊ သူဌေးသည် မိမိသားကိုမြင်၍ ငါ၏အစ်ကို သားအသက်ရှည်သည်ရှိသော် ဥစ္စာကို နှစ်စုခွဲဝေရသည် ဖြစ်လတ္တံ့၊ သတ်မည်ဟု ကြံစည်၍ တနေ့သ၌ မြစ်သို့ရေချိုးခေါ်သွားကာ ရေတွင်နှစ်၍သတ်ခဲ့၏၊ အိမ်သို့ ပြန်လာရာ မရီးသည်''ငါ့သားဘယ်မှာနည်း''ဟု မေးလျှင် ''မြစ်ဆိပ်၌ရေကစား၏၊ ရှာ၍မတွေ့ပြီ'' ဟု ပြန်၍ပြောလျှင် မရီးလည်း ငိုကြွေးမြည်တမ်းကာ တစုံတရာ မပြောဝံ့တော့ဘဲ ဆိတ်ဆိတ်သာနေရရှာ၏။

ထိုအကြောင်းကို အစ်ကိုရသေ့သိလျှင် ငါသည်ၤအမှုကို ထင်ရှားအောင် ပြုမည်ဟု ကြံစည်ပြီးလျှင် ကောင်းကင်ခရီးဖြင့်လာ၍ ဗာရာဏသီပြည်သို့ရောက်လျှင် မြို့တွင်းသို့ ဆွမ်းခံဝင်ကာ ညီသူဌေး အိမ်တံခါး၌ရပ်၍ အလှူတင်းကုပ်ကိုမမြင်လျှင် ဤသူယုတ်မာကား အလှူ တင်းကုပ်ကိုလည်း ဖျက်ဆီးဘိ၏ဟု ကြံစည်မိလေ၏၊ညီသူဌေးသိလျှင်

ပြာသာဒ်ထက်သို့ပင့်၍ ကောင်းသော ခဲဘွယ်ဘောဇဉ်ဖြင့် လုပ်ကျွေးလေ၏။

**ညီကိုဆုံးမ ပမာပြ**

အစ်ကိုရသေ့သည် ဆွမ်းဘုဉ်းပေးပြီးလျှင် ညီသူဌေးအား "ညီထွေး....ငါ့သားကို မမြင်ပါတကား အဘယ်မှာနည်း"ဟု မေး၏၊ "အစ်ကို....သေပါပြီ"ဟု လျှောက်၏၊ "အဘယ်ကြောင့် သေသနည်း"ဟု မေး၏၊ "ရောဂါစားရာ၌ သေပါ၏"ဟု လျှောက်၏၊ "အဘယ်အကြောင်းကြောင့် သေသနည်း"ဟု မေးပြန်၏၊ "မသိပါ"ဟု ပြောသောအခါ "ဟယ်-သူယုတ်....သင်အဘယ်မှာသိမည်နည်း၊ သင်ပြုသောအမှုကို ငါသိ၏၊ သင်သည်ဥစ္စာကို နှစ်စုခွဲရမည်ကို စိုးရိမ်၍ သတ်သည်မဟုတ်လော၊ သင်သည် ရန်သူမျိုးငါးပါးဖျက်ဆီးခဲ့သော် ဥစ္စာကို စောင့်ရှောက်နိုင်မည်လော၊ သင်ကား မယ္ကငှက်နှင့် တူလှ၏တကား"ဟု ပြောဆိုပြီးလျှင် တဘန်ရသေ့သည် ဘုရား၏တင့်တယ်ခြင်းကဲ့သို့ တင့်တယ်ခြင်းဖြင့်—

"ညီထွေး....တောင်ချောက်ကြား၌ကျက်စားသော မယ္ကငှက်သည် အသီးမှည့်သော ညောင်ကြပ်ပင်၌ နားကာ ငါ့ဥစ္စာ ငါ့ဥစ္စာဟု မြည်တမ်းကာနေ၏။

ထိုငှက်မြည်တမ်းနေစဉ် ငှက်အပေါင်းတို့စည်းဝေးရောက်လာကြလျက် ညောင်ကြပ်သီး တွေကို စားသောက်၍ပျံကြကုန်၏၊ထိုငှက်ကား မြည်တမ်းကာသာနေ၏။

ပစ္စည်းစွဲလမ်းမှု ကဲ့ရဲ့ပြ

ဤအတုလောက၌ အချို့သောသူသည် ပစ္စည်းဥစ္စာတို့ကို စုရုံးကာ မိမိလည်း မစားရက်၊ ဆွေမျိုးဉာတိတို့အားလည်း မပေးရက်၊ ယိုက်သည်အားလျော်စွာလည်း မခွဲဝေရက်၊ အဝတ် အရုံကိုလည်း မသုံးဆောင်၊ ထမင်းအဖျော်ကိုလည်း မစားသောက်၊ ပန်းကိုလည်း မပန်ဆင်၊ နံ့သာကိုလည်း မလိမ်းကျံ၊ တကြိမ်မျှလည်း တစုံတခုကိုမသုံးဆောင်၊ ဆွေမျိုးတို့အားလည်း မထောက်ပံ့။

ငါ့ဥစ္စာ ငါ့ဥစ္စာ ဟု မြည်တမ်းကာ စောင့်ရှောက်နေသူ၏ပစ္စည်းဥစ္စာတို့ကို အမွေခံဆိုး ဖင်းသူခိုးစသည်တို့သာယူ၍သွားကုန်၏၊ ထိုသူမှာကား မြည်တမ်းကာသာ နေရ၏။

ပညာရှိတို့သဘောမှာ ပစ္စည်းဥစ္စာတို့ကို ရ၍ ဆွေမျိုးဉာတိတို့ကို ထောက်ပံ့၏၊ ထို့ကြောင့်ပညာရှိတို့ကား ကျော်စောခြင်းသို့ ရောက်ကုန်၏၊ တမလွန်ဘဝ၌လည်း နတ်ပြည်၌မွေ့လျော်ရကုန်၏''—

ဟု ဥ သူဌေးအားတရားဟော၏၊ပကတိအတိုင်း အလှူတင်းကုပ်ကို ဆောက်စေ၍ လှူဒါန်းစေ၏၊ ရသေ့သည် ညီသူဌေးကို အဆုံးအမပေးပြီးလျှင် ဟိမဝန္တာသို့ ကြွကာ မယုတ်လျော့သော ဈာန်ရှိသည့်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာပြည်သို့လားရ၏။

ဤအာဂန္တုကသူဌေးကား အစ်ကိုသားကိုသတ်မိသောကြောင့် ဤမျှလောက် ကာလပတ်လုံး သားသမီးကို မရလေ။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့····
※ ထိုအခါ ညီသူဌေးသည်- ယခုအခါ အာဂန္တုက သူဌေး။
※ အစ်ကိုရသေ့သည်-ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ငါ့ဟာ ငါ့ဟာ၊ပစ္စည်းမှာ၊မိုက်စွာစွဲလမ်းသူ။
(၂) မသုံးစားရက်၊မပေးရက်၊စွဲမက်မစွန့်ကူ။
(၃) အမွေခံဆိုး၊မင်းသူခိုး၊ယူမျိုးစောင့်ခဲဟူ။
(၄) ပေးချင်,လှူချင်၊ပညာရှင်၊ပေါ်ထင်နတ်ဖြစ်ဟူ။

မယှကဇာတ် ပြီး၏။

## ၃၉၁–ဝိဋ္ဋာဓရဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**လောကအကျိုးကို ကျင့်ကြံမှု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည် မြတ်စွာဘုရားသည် လောက၏အကျိုးငှါ ကျင့်တော်မူခြင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့···· ငါဘုရားသည် ယခုအခါ၌သာ လောက၏အကျိုးငှါ ကျင့်တော်မူသည်

မဟုတ်၊ရှေးအခါ၌လည်း လောက၏ အကျိုးငှါ ကျင့်တော်မူဘူးပြီ”ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

နန်းတွင်းကျော်သူ အမှတ်သားယူ

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်သိကြားမင်းဖြစ်လေ၏၊ထိုအခါ ဝိဇ္ဇာဓိုရ်တယောက်သည် ညဥ့်သန်းခေါင်ယာမ်ဝယ် မန္တရားကိုမန်းမှုတ်ကာ လာလတ်၍ ဗာရာဏသီမင်း၏ မိဖုရားကြီးနှင့်တကွ မွေ့လျော်၏၊မိဖုရားကြီးအလုပ်အကျွေးတို့သည် သိကုန်၏။

မိဖုရားကြီးသည် မိမိအလိုလိုသာ မင်းကြီးထံ ကပ်၍ “အရှင်မင်းကြီး.... ညဥ့်သန်းခေါင်ယာမ်၌ ကြက်သရေဝိုက်သို့ဝင်၍အကျွန်ုပ်ကို ဖျက်ဆီးပါသည်”ဟုလျှောက်၏၊ “အမှတ်အသား တစုံတခုကို ပြုနိုင်ပါမည်လော”ဟုမေး၏၊ “ပြုနိုင်ပါသည်”ဟု လျှောက်ထားပြီးလျှင် ဟင်းသပဒါးစစ်ကို ခွက်ဖြင့်ဆောင်စေ၍ ညဥ့်သန်းခေါင်ယာမ်၌လာ၍ မွေ့လျော်သော ယောကျ်ား၏ကျောကို အမှတ်မဲ့ ဟင်းသပဒါး လက်ငါးချောင်းရာ ရိုက်၍ လွှတ်လိုက်ပြီးလျှင် နံနက်လင်းသောအခါ မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားလေ၏။

မင်းကြီးထင်မှား ရှာဖန်းများ

မင်းကြီးလည်းမင်းချင်းတို့အား“ကျော၌ ဟင်းသပဒါး လက်ငါးချောင်းရာရှိသူကို ရှာဖွေ၍ ဖမ်းဆီးကြကုန်” ဟု အမိန့်ပေး၍ စေလွှတ်၏၊ မင်းချင်းတို့လည်း သုသာန်သို့

ရောက်လျှင် ခြေတဘက်ဖြင့် ရပ်လျက် နေကို ရှိခိုးနေသော ဝိဋ္ဋာဝရိုရ်ကို မြင်လျှင် ဖမ်းဆီးရန် ခြံရံကြ ကုန်၏၊ ဝိဋ္ဋာဝရိုရ်လည်း ငါ့အမှုပေါ်ချေပြီ ဟု သိ၍ မန္တရားကို မန်းမှုတ်ကာ ကောင်းကင်ဖြင့် ပျံသွားလေ၏၊ မင်းချင်းတို့လည်း ဖမ်း၍ မမိကြကုန်။

မင်းကြီးသည် မင်းချင်းတို့ကိုမြင်လျှင် "အမောင်တို့.... ဖျက်ဆီးသော သူကို တွေ့မြင်ကြကုန်၏လော" ဟု မေး၏၊ "အရှင်မင်းကြီး....တွေ့မြင်ပါကုန်၏၊ လူမဟုတ် ရဟန်းဖြစ်ပါသည်၊ ညစ်ညူးအခါလွန်ကျူးသော အကျင့်ကို ကျင့်၍ နေ့အခါ ရဟန်းအသွင်ဖြင့် နေပါသည်" ဟု လျှောက်ကုန်၏၊မင်းကြီးသည် ရဟန်းတို့အပေါ်၌ အမျက်ထွက်၍ မှားယွင်းသော အယူကို ယူလျက် နိုင်ငံတွင်းရှိရဟန်းတို့ကို နှင်ထုတ်စေ၏၊ ရဟန်းတို့ကို တွေ့မြင်ရာအရပ်၌ မင်းဒဏ် ပြုမည် ဟူ၍လည်း စည်လည်စေ၏။

**သိကြားသိမြင်**
**ဥပါယ်ဆင်**

ရဟန်းတို့သည် မင်းဒဏ်ကို ကြောက်သဖြင့် ကာသိတိုင်းတွင် မနေဝံ့ကြတော့ဘဲ တိုင်းတပါးသို့ ပြေးကြကုန်၏၊တရားစောင့်သော ရဟန်းပုဏ္ဏားတို့ အဆုံးအမကို မရကြသော တိုင်းသူပြည်သားတို့သည် ရုန့်ရင်း ကြမ်းကြုတ်ကုန်၏၊ အလှူဒါန သီလကို စွန့်ပစ်ကြကုန်၏၊ သေတိုင်း သေတိုင်းသော သူတို့သည် အပါယ်လားကြကုန်၏၊ နတ်ပြည်၌ နတ်သားသစ်တို့သည် မဖြစ်လာကြကုန်။

ထိုအခါ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍ ငါသည် မင်းကြီး၏ မှားသောအယူကို

ဖျက်ဆီးမည်၊ မင်းကြီးနှင့်တကွ တိုင်းသူပြည်သားတို့ ကိုးကွယ်ရာဖြစ်မည်ဟု ကြံစည်ကာ ဟိမဝန္တာ နန္ဒမူလိုဏ်သို့ သွား၍ ပစ္စေကဗုဒ္ဓါတပါးကို ပင့်ရာ သံဃထေရ်ကိုရ၍ ပင့်ဆောင်ပြီးလျှင် ပစ္စေကဗုဒ္ဓါကို ရှေ့မှကြွစေလျက် မိမိကား အလွန်အဆင်းလှသော လုလင်ယော်အသွင် ဘန်ဆင်းပြီးလျှင် လက်အုပ်ချီကာ နောက်မှလိုက်လျက် မြို့တွင်းသို့ သုံးပတ်လှည့်၍ မင်းအိမ်တံခါး ကောင်းကင်တွင် ရပ်လေ၏၊

လုလင်နှင့်ရဟန်း၊ မင်းမေးမြန်း၊

အမတ်တို့မြင်၍ လျှောက်ထားကြလျှင် မင်းကြီးလည်း လေသာပြူတင်းပေါက်တွင်ရပ်လျက် ကြည့်ရှုကာ–

"အို့-လုလင်....သင်ကား အလွန်အဆင်းလှပါလျက် အဆင်းမလှသော ရဟန်းကို ရှေ့ကထား လျက် လက်အုပ်ချီကာ ရှိခိုးဘိ၏၊ ထိုရဟန်းကား သင့်ထက် မြတ်သလော၊ သို့မဟုတ် တူမျှသလော၊ ရဟန်း၏ဥင်း သင်၏ဥင်း အမည်ကိုပြောဆိုပါ"–

ဟု လုလင်နှင့် စကားပြောဆို မေးမြန်းလေ၏၊ ထိုစကားကို ကြားလျှင် သိကြားမင်းသည်–

"မြတ်သော မင်းကြီး.... အရဟတ္တဖိုလ်သို့ ရောက်၍ မဂ္ဂင်ရှစ်ပါးဖြင့် နိဗ္ဗာန်သို့ ရောက်ပြီးသော ရဟန်းတို့၏ အမည် အနွယ်ကို မခေါ်ဝေါ်ကောင်းပေ၊ ငါ၏အမည်ကို ပြောမည်၊ ငါကား နတ်တို့ကို အစိုးရသော သိကြားမင်းဖြစ်၏"–

ဟု ရဟန်း၏ ဂုဏ်ကျေးဇူးကို ပြ၍ မိမိအမည်ကို ပြောဆိုလေ၏၊

**သံဃာ့ကျိုးသဘော မင်းကိုဟော**

ထိုအခါ မင်းကြီးသည်—

"သိကြားမင်း.... အကျင့် သီလနှင့် ပြည့်စုံသော ရဟန်းကို မြင်လျှင် ရှေ့သွားပြုကာ လက်အုပ်ချီလျက် ရှိခိုးသောသူသည် ဤဘဝမှ သေလွန်ခဲ့သော် အဘယ်ချမ်းသာကို ရပါသနည်း အကျွန်ုပ်မေးသော စကားကို ဖြေဆိုပါ"—

ဟု ပြောဆို မေးမြန်းပြန်၏၊ သိကြားမင်းသည်—

"မြတ်သောမင်းကြီး....အကျင့်သီလနှင့်ပြည့်စုံသော ရဟန်းကို မြင်လျှင် ရှေ့သွားပြု၍ လက်အုပ်ချီလျက် ရှိခိုးသောသူသည် ဤဘဝ၌ ချီးမွမ်းခြင်းကို ခံရ၍ သေလွန်သည်မှ နောက်ဘဝ၌ နတ်ပြည်သို့ ရောက်ရ၏"—

ဟု ဖြေကြား၏။

**သံဃာဆည်းကပ် မင်းမွန်မြတ်**

ထိုအခါ မင်းကြီးသည် မိမိမှားသော အယူကို ဖျက်ဆီး၍ အလွန်နှစ်သက်သော စိတ်ရှိရကား—

"သိကြားမင်း....အကျွန်ုပ်၏ ဘုန်းကြက်သရေသည် ထင်ရှားဖြစ်လာ၏၊ နတ်တို့ကို အစိုးရသော သိကြားမင်းကိုလည်း မြင်ရပေ၏၊ ရဟန်းမြတ်ကိုငင်း, သင်သိကြားမင်းကိုငင်း မြင်ရ၍ အကျွန်ုပ်သည် ကုသိုလ်ကောင်းမှုများစွာကို ပြုပါတော့အံ့"-

ဟု ပြောဆိုဝန်ခံလေ၏၊ ထိုအခါ သိကြားမင်းသည်—

"မြတ်သော မင်းကြီး....စင်စစ် သဒ္ဓါတရားရှိသူ အကြားအမြင် ပညာရှိ၍ အကြောင်း အားလျော်စွာ ကြံစည်နိုင်သူတို့ကို မှီဝဲဆည်းကပ်ရမည်၊ ရဟန်းမြတ်ကိုရင်း, အကျွန်ုပ်ကိုရင်း မြင်ရ၍ ကုသိုလ်ကောင်းမှုများစွာကို ပြုပါလော"–

ဟု ကုသိုလ်ပြုရန် တိုက်တွန်းပြန်၏၊ မင်းကြီးသည်–

"သိကြားမင်း....သင်၏ တရား စကားတို့ကို ကြားနာရ၍ အမျက်မထွက် အမြဲကြည်ညိုသော စိတ်ရှိလျက် ဧည့်သည်အာဂန္တု၊ ရဟန်းပုဏ္ဏားတို့အား ပေးကမ်းလှူဒါန်းကာ စိတ်ဖြင့် မပြစ်မှားဘဲ ရိုသေစွာ ရှိခိုးပါတော့အံ့"–

ဟု ပြောဆိုပြီးလျှင် ပြာသာဒ်ထက်မှ ဆင်းသက်၍ ပစ္စေကဗုဒ္ဓါကို ရိုသေစွာ ရှိခိုးလျက် လျောက်ပတ်သော အရပ်၌ နေ၏။

**သာသနာပွါးရေး ဆုံးမပေး**

ပစ္စေကဗုဒ္ဓါလည်း "မြတ်သောမင်းကြီး.... ညဥ့်အခါ သင့်နန်းတွင်း၌ ကျူးလွန်သောသူကား ရဟန်းမဟုတ်၊ ဝိဇ္ဇာမိုရ်ယောကျ်ားဖြစ်သည်၊ ဤနေ့မှစ၍ လောကသည် အချည်းနှီးမဟုတ်၊ တရားစောင့်သော ရဟန်းပုဏ္ဏားတို့လည်း ရှိသေး၏ဟု သိမြင်၍ အလှူပေးလော့၊ သီလကို စောင့်လော့၊ ဥပုသ်ကို ဆောက်တည်လော့" ဟု ဆုံးမတော်မူ၏၊ သိကြားမင်းလည်း မင်းကြီးနှင့်တကွ တိုင်းသူပြည်သားတို့အားဆုံးမ၍"ပြေးသောရဟန်းတို့သည် တိုင်းပြည်သို့ပြန်၍လာစေကုန်သတည်းဟုစည်လည်စေလော့"ဟု

ဆုံးမပြီးလျှင် မိမိနေရာသို့ သွားလေ၏၊ပစ္စေကဗုဒ္ဓါလည်း နန္ဒမူလိုဏ်သို့ ကြွလေ၏။

မင်းကြီးလည်း ပစ္စေကဗုဒ္ဓါနှင့် သိကြားမင်း အဆုံးအမ၌တည်၍ စည်လည်စေပြီးလျှင် များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုတော်မူ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မင်းကြီးသည်- ယခုအခါ အာနန္ဒာ။

※ သိကြားမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိမိစီးပွား၊ကျင့်သူကား၊ များပြားလှတော့သည်။
(၂) သူ၏စီးပွား၊ ကျင့်သူကား၊ ရှားပါးလှတော့သည်။
(၃) သက်စွန့်ကြိုးစား၊ သူ့စီးပွား၊ ကျင့်ငြားအာဇာနည်။

ဝိဇ္ဇာဝရဇာတ် ပြီး၏။

---

## ၃၉၂—သိင်္ဃပုပ္ဖဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ထိတ်လန့်မှုသဘော နတ်သမီးပြော** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရား သည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မထင်ရှားသော ရဟန်းတပါးသည် ကောသလတိုင်း တောတခုကို မှီ၍နေ

ရာ တနေ့သ၌ ပဒုမာကြာအိုင်၌ ဆင်းသက်၍ လေအောက် ၌နေကာ ကြာနံ့ကို ခံယူ၏၊ ထိုအခါ တောစောင့်နတ်သမီး သည် ထိုရဟန်းအား "အရှင်ရဟန်း.... အရှင်ပြုလုပ် သော အမှုကား အနံ့ကို ခိုးခြင်းပင် ဖြစ်သည်" ဟု ထိတ် လန့်စေ၏။

ရဟန်းသည် ထိုအကြောင်းကို မြတ်စွာဘုရားထံ လျှောက်ထားလတ်သော် "ချစ်သားရဟန်း...နတ်သမီးသည် ယခုအခါ၌သာ ထိတ်လန့်စေသည်မဟုတ်၊ ရှေးအခါ၌ လည်း ပညာရှိတို့ကို ထိတ်လန့်စေဘူးပြီ" ဟုမိန့်တော်မူ ကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု။

ကဲ့ရဲ့မှုရေး
နတ်သို့မေး

လွန်လေပြီးသောအခါဗာရာဏသီပြည် ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာသိက ရွာ ငယ်တခုဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ် သော် တက္ကသိုလ်ပြည်၌အတတ်ပညာသင်ကြား၍ နောက် အဘို့၌ ရသေ့ရဟန်းပြုပြီးလျှင် ပဒုမာကြာအိုင်တခုကို မှီ၍ နေလေ၏။

တနေ့သ၌ ရသေ့သည် ပဒုမာကြာအိုင်သို့ ဆင်းသက် ပြီးလျှင် အနံ့ကို ခံယူလျက်ရပ်၏၊ ထိုအခါ နတ်သမီး တယောက်သည် သစ်ပင်ပင်စည်တို့ကိုဘွင့်လှစ်၍ရပ်လျက်—

"ရှင်ရဟန်း....ရေ၌ပေါက်သော ကြာပန်း၏ အနံ့ကို အရှင်မပေးဘဲနမ်းဘိ၏၊ထိုသို့နမ်းခြင်းကား

ခိုးခြင်းတွင် တခုအပါအဝင် ဖြစ်၏၊ သင်ကား အနံ့သူခိုးဖြစ်သတည်း”–

ဟု ရသေ့အား ထိတ်လန့်စေ၏၊ ရသေ့လည်း နတ်သမီးစကားကို ကြားလျှင်–

“အို-နတ်သမီး....ငါကား ကြာပန်းကိုလည်း မယူ၊ ချိုးလည်းမချိုး၊ အဝေးမှနမ်းသူသာ ဖြစ်ပါလျက် အဘယ်ကြောင့် အနံ့သူခိုးဟု ဆိုဘိသနည်း”–

ဟု နတ်သမီးအား မေးလေ၏။

**ကြမ်းကြုတ်သူကို မဆိုလို**

ထိုခဏ၌ ယောကျ်ားတယောက်သည် ထိုအိုင်၌ပင် ကြာစွယ် ကြာရင်းတို့ကို လည်းတူး၏၊ ကြာပန်း တို့ကိုလည်း ချိုး၏၊ ထိုယောကျ်ားကို ရသေ့မြင်ပြန်လျှင် တဘန်–

“အို–နတ်သမီး....ကြာစွယ်ကြာရင်းတို့ကိုတူး၍ ကြာပန်းတို့ကို ချိုး၍ကြမ်းကြုတ်သောအမှုကိုပြုလုပ်သောယောကျ်ားကိုကား အဘယ်ကြောင့် သူခိုးဟု မဆိုပါသနည်း”–

ဟု ထပ်၍မေးပြန်၏၊ နတ်သမီးသည်–

“ရှင်ရသေ့.... ကြမ်းကြုတ်သောအမှုဖြင့် ရောပြွမ်းနေသော ထိုယောကျ်ားကား ကျင်ငယ် ကျင်ကြီး စသည်တို့ဖြင့် လိမ်းကျံနေသော နို့ထိန်းကျွန်မဝတ်သော အဝတ်ကဲ့သို့ မကောင်းမှုဖြင့် လိမ်းကျံဘိ၏၊ ထိုသူ၌ ဆိုဘွယ်မရှိ၊ သင့်ကိုကား ဆိုခြင်းငှါထိုက်၏”–

"အပြစ်မရှိ အမြစ်စင်ကြယ်မှုကိုရှာကြံနေသော
သူအား သားမြီးဖျားမျှဖြစ်သော မကောင်းမှု
သည်ပင် တိမ်တိုက်ကြီးပမာထာကဲ့သို့ ထင်၏"—

ဟု ယောကျ်ားအား မဆိုခြင်းအကြောင်းနှင့် ရသေ့အား ဆိုရခြင်းအကြောင်းကို ရှင်းလင်းစွာ ပြောကြားလေ၏၊

ကိုယ်ကျိုးရှိမှု ဒိဒြ

ဤသို့ နတ်သမီး ထိတ်လန့်စေသည်ရှိသော် ရသေ့သည် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍—

"အို-နတ်သမီး....သင်ကား ငါ့ကို အမှန် သိဘိ၏၊ သို့အတွက် ငါ့ကို စောင့်ရှောက် ပါလော့၊
အို-နတ်သမီး....သင်သည် ဤသို့ သဘောရှိသော
မကောင်းမှုကို မြင်သောအခါ နောက်တဘန်
လည်း ပြောဆိုပါဦးလော့"—

ဟု ပြောဆိုရန် ဘိတ်ကြားပြန်၏၊ ထိုအခါ နတ်သမီးသည်—

"အို-ရှင်ရသေ့.... အကျွန်ုပ်သည် သင့်ကိုမှီ၍
အသက်မမွေးပေ၊ သင်၏ကျွန် အမှုလုပ်လည်း
မဟုတ်ပေ၊ ရှင်ရသေ့ သုဂတိသို့ သွားရောက်ရာ
ဖြစ်သော ကောင်းမှုကို သင်ကိုယ်တိုင်ပင် သိပါ
လေ"—

ဟု ရသေ့အား ပြောကြား ဆုံးမပြီးလျှင် မိမိဗိမာန်သို့ ဝင်လေ၏၊ ရသေ့လည်း သတိရကာ ဈာန်ကို ဖြစ်စေ၍ သေလွန်သောအခါ ဗြဟ္မာပြည်သို့လားရ၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြတော်မူသည်အဆုံး၌ နတ်သမီး ထိတ်လန့်စေသော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ နတ်သမီးသည်-ယခုအခါ ဥပ္ပလဝဏ်။

※ ရသေ့သည်—ငါဘုရား ဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) စင်ကြယ်သူဝယ်၊ ဖြစ်နည်းငယ်၊မိုးလယ်တိမ်တိုက်သွင်။
(၂) အပြစ်ပွမ်းတီး၊ လူ့လက်နှီး၊ ကြီးလည်းမပေါ်လွင်။
(၃) ကြီး,ငယ်မဟူ၊ အပြစ်မူ၊ ဖူအောင်သတိဆင်။

သိင်္ဃပုဏ္ဏဇာတ် ပြီး၏။

---

# ၃၉၃—ဝိဃာသဒေါဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**ကစားပျော်ပါး ရဟန်းများ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ပုဗ္ဗာရုံ ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကစားလေ့ရှိသော ရဟန်းတို့ကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

တောလယ်ပျော်ပါး ရသေ့များ။ လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် သိကြားမင်းဖြစ်လေ၏၊ ထိုအခါ မထင်ရှားသော ကာသိကရွာဝယ် ညီနောင်ခုနစ်ယောက်တို့သည် ကာမဂုဏ်၌ အပြစ်ကိုမြင်၍ တောထွက်ကာ ရသေ့ရဟန်း ပြုကြကုန်လျက် တောအလယ်၌ ကမ္မဋ္ဌာန်းကို အားမထုတ်ကြဘဲ အများအားဖြင့် ကိုယ်လက်ကျန်းမာ ဆုဖြိုးအောင် အားထုတ်ကုန်လျက် ကစားနည်းအမျိုးမျိုးတို့ဖြင့် ကစားကာ နေကြကုန်၏။

ထိတ်လန့်စကား ကျေးပြောကြား။ ထိုအခါ သိကြားမင်းသည် ရသေ့ညီနောင်တို့ကို ထိတ်လန့်စေမည်ဟု ကြံစည်လျက် ကျေးသားအဟန် ဘန်ဆင်းပြီးလျှင် ထိုအရပ်သို့သွား၍ သစ်ပင်တခု၌ နားနေလျက်–

"အချင်းတို့···· စားကြွင်းစား ဖြစ်ကုန်သော သူတို့သည် ချမ်းသာစွာ အသက် မွေးရကုန်၏၊ ထိုသူတို့သည် ယခုဘဝ၌လည်း ချီးမွမ်းထိုက်ကုန်၏၊ တမလွန်ဘဝ၌လည်း နတ်ပြည်၌ ဖြစ်ရကုန်၏"–

ဟု ပြောဆိုကာ ရသေ့တို့ကို ထိတ်လန့်စေ၏။

ထိုအခါ ရသေ့တို့တွင် ရသေ့တပါးသည် ကျေးသား၏စကားကိုကြား၍ ကြွင်းသောရသေ့တို့ကိုခေါ်ကာ–

"တမိဝမ်းမှ ပေါက်ဖွားကုန်သော ပညာရှိတို့····လူတို့ဘာသာစကားဖြင့် ပြောဆိုသော ကျေးသား၏စကားကို မကြားကြ ကုန်သလော၊ နားထောင်ကြကုန်လော့၊ ဤကျေးသားကား ငါတို့ကို ချီးမွမ်းဘိ၏"–

ဟု ပြောဆိုလေ၏။

ရသေ့များကျင့်ကို ကဲ့ရဲ့ဆို ထိုအခါ ကျေးသားသည် ရသေ့တို့ကို ပယ်လိုသည်ဖြစ်၍–

"အို-ရသေ့တို့···· အကျွန်ုပ်သည် သင်တို့ကို မချီးမွမ်း၊ သားကောင်ပုပ်ကို စားသော သင်တို့သည် အကျွန်ုပ်စကားကို နားထောင်ကြကုန်၊ သင်တို့ကား တပါးသောသတ္တဝါတို့ စားကြွင်းကို စားကုန်၏၊ စားကြွင်းစား မဟုတ်ကုန်"–

ဟုပြောဆိုပြန်၏၊အလုံးစုံသောရသေ့တို့သည်ကျေးသားစကားကို ပြန်ကြားမေးမြန်းလို၍–

"ကျေးသား····ရဟန်းပြု၍ ခုနစ်နှစ်ရှိပြီ၊ဦးစွန်းရှိသောငါတို့ကား တောအလယ်၌ခြင်္သေ့စားကြွင်း, ကျားစားကြွင်းတို့ဖြင့်သာ မျှတကာနေကြပါလျက် အမောင်ကျေးသားသည် ငါတို့ကိုကဲ့ရဲ့ကုန်ငြားအံ့၊ အဘယ်သူတို့ကို ချီးမွမ်းသနည်း"–

ဟု ကျေးသားအား မေးကြကုန်၏။

ရသေ့များရှက်ဘွယ် ကျေးငြင်းပယ် ကျေးသားသည် ရသေ့တို့ကို ရှက်စေလိုသည်ဖြစ်၍–

"အို-ရသေ့တို့.... သင်တို့သည် ခြသေ့်, ကျား
သားရဲတို့၏ စားကြွင်းကိုစားကုန်လျက် သုံးအပ်
ပြီးသော အစာဖြင့် မျှတကာ နေကြကုန်သော်
လည်း စားကြွင်းစားဟု မမှတ်ကြကုန်လင့်"–

ဟု ရသေ့တို့အား ဖြေဆိုပြန်၏၊ထိုအခါ ရသေ့တို့သည် တဘန် ငါတို့စားကြွင်းစားမဟုတ်ကုန်သော် အဘယ်သူတို့သည် စားကြွင်းစားဖြစ်ကုန်သနည်းဟု မေးကြပြန်ကုန်၏၊ ထိုအခါကျေးသားသည်–

"အို-ရသေ့တို့.. ရဟန်းအားငှင်း,ပုဏ္ဏားအား
ငှင်း, တပါးသောသူတောင်းစားအားငှင်း, ပေး
လှူ၍ အကြွင်းကိုစားသောသူတို့သည်သာ စားကြွင်း
စားမည်ကုန်၏"–

ဟု အကြောင်းပြ၍ ဖြေဆိုလျက် ရသေ့တို့အား ရှက်စေပြီးလျှင် မိမိနေရာ တာဝတိံသာသို့ သွားလေ၏၊

ဇာတ်ပေါင်း၊

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ ရသေ့ညီနောင်ခုနစ်ယောက်သည်- ယခုအခါ ကစားတတ်သောရဟန်းများ၊

※ သိကြားမင်းသည်- ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရသေ့ရဟန်း၊ ကမ္မဋ္ဌာန်း၊ စီးဖြန်းပွားများရာ။
(၂) စား,သောက်,အိပ်လျက်၊မြူးထူးလျက်၊ နေ့ရက်မဖြုန်းရာ။

ဝိဃာသာဒဇာတ် ပြီး၏။

---

## ၃၉၄—ဝဋ္ဋကဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

ထူးဆန်းအံ့ဘွယ် ပရိယာယ်

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် လျှပ်ပေါ်သော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

အစားလောဘ သိမ်းမရ

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ငုံးမျိုး၌ ဖြစ်၍ တောအရပ်ဝယ် ခြောက်ကပ်သောမြက်သီးကိုစား လျက်နေ၏၊ ထိုအခါ ဗာရာဏသီပြည်၌ လျှပ်ပေါ်သော ကျီးတကောင်သည် ဆင်သေကောင်ပုပ်စသည်တို့ဖြင့် မရောင့်ရဲနိုင်ဘဲ ထို့ထက်အလွန်ရလိမ့်ဦးမည်ဟု နှလုံးသွင်းကာ တောသို့ဝင်ပြီးလျှင် သစ်သီးကြီးငယ်တို့ကို စားလျက်နေ၏။

တနေ့သ၌ ထိုကျီးသည်ငုံးကိုမြင်လျှင် ဤငုံးကားအလွန်ဆူဖြိုးလှ၏၊ ဤငုံးကိုမေးမြန်း၍ကောင်းသောအစာကိုစား

ကာ ဆုဖြိုးအောင်ပြမည်ဟု ကြံစည်လျက် ငုံး၏အထက်၌ ဖြစ်သော သစ်ခက်တွင်နားလေ၏၊ ငုံးသည်ကျိုးကိုမြင်လျှင်—

"ဒို-ဦးရှီး....သင်ကားမွန်မြတ်၍ လူတို့အစာ ဖြစ်သော ထမင်း ထောပတ် ဆီဥကိုစားရဘိ၏၊ သို့ ပါလျက် အဘယ်ကြောင့်ကြံ သနည်း"—

ဟု ရှေး ဦးစွာ ပဋိသန္ဓာရစကား ပြောဆိုမေးမြန်း လေ၏။

ငုံး၀ပြိုးရေး ကျိုးကမေး

ကျိုးသည် ငုံး၏စကားကိုကြားလျှင်—

"ဒို-ငုံး....ရန်သူတို့အလယ်မှာနေ၍ ရန်သူတို့ အစာကို ရှာမှီးစားသောက်လျက် အမြဲစိတ်မှာ ကြောက်ရွံ့ထိတ်လန့်နေသောငါကျိုးအား အဘယ် မှာ ဆုဖြိုးနိုင်ပါမည်နည်း"—

"ဒို-ငုံး....ကျိုးတို့ကား စိတ်မှာအမြဲကြောက် ရွံ့ထိတ်လန့်ကုန်၏၊ လူတို့အစာကို လုယက်ခြင်းဟူ သော ယုတ်မာသောအမှုဖြင့် ရအပ်သောအစာ သည် မနှစ်သက်စေနိုင်၊ သို့အတွက် ကြံ ပါ၏"-

"ဒို-ငုံး....သင်ကားခြောက်ကပ်၍ အဆီဩ ဇာနည်းသော မြက်သီးစေ့တို့ကို စားရဘိ၏၊ သို့ပါ လျက် အဘယ်ကြောင့်ဆုဖြိုးပါသနည်း"—

ဟု ငုံးအား ပြန်၍ ပြောဆိုမေးမြန်း၏။

ရောင့်ရဲအစာမျိုး လွန်၀ပြိုး

ငုံးသည် ကျိုး၏စကားကိုကြားလျှင်—

"အို-ဦးရိုး.... အလိုဆန္ဒနည်းပါးခြင်း, အဝေး သို့မသွားခြင်း, ရရသမျှသော အစာအာဟာရ ဖြင့် မျှတရောင့်ရဲခြင်းတို့ကြောင့် အကျွန်ုပ်ကား ဆူ ဖြိုးပါ၏။

အမှန်အားဖြင့် အလိုဆန္ဒနည်းပါး၍ အကြံအ စည်နည်းပါးသဖြင့် ချမ်းသာခြင်းရှိလျက် စိတ်ကို ကောင်းစွာ ချီးမြှောက်သူ၏ အသက်မွေးမှုကား ချမ်းသာခြင်းဖြစ်လွယ်၏"—

ဟု မိမိဆူဖြိုးခြင်းအကြောင်းကို ပြောကြားလေ၏။

မြတ်စွာဘုရားသည် ဒေသနာတော်ကိုဆောင်၍ သစ္စာ ကိုပြသည်၏အဆုံး၌ လျှပ်ပေါ်သောရဟန်းသည် သောတာ ပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ လျှပ်ပေါ်သောကျီးသည်-ယခုအခါ လျှပ် ပေါ်သောရဟန်း။

※ ငုံးသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) လို,ကြံ,နည်းပါး၊ ဝေးမသွား၊ စားငြား စာရရာ။
(၂) ချမ်းသာစိတ်,ကိုယ်၊ ချီးမြှောက်လို၊ နုပျို ဝဖြိုးလာ။

ဝဋ္ဋကဇာတ် ပြီး၏။

# ၃၉၅-ပါရာဂတဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

လျှပ်ပေါ်သမှု
ကဲ့ရဲ့ပြ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် လျှပ်ပေါ်သောရဟန်းတပါးကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

ယောင်ဆောင်အကျင့်
ဒုက္ခသင့်

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ခိုမျိုး၌ဖြစ်၍ ဗာရာဏသီသူဌေး၏ စဖိုအိမ် အသိုက်တောင်း၌ နေ၏၊ လျှပ်ပေါ်သော ကျီးတကောင်လည်း ခိုနှင့် အဆွေခင်ပွန်းဖွဲ့ပြီးလျှင် ၎င်းအိမ်မှာပင် အသိုက်တောင်းတခု၌ နေ၏။

တနေ့သ၌ ကျီးသည် ခိုအစာရှာသွားခိုက် စဖိုအိမ်၌ ငါးအမဲဟင်းတို့ကို ခိုး၍စားသဖြင့် စဖိုသည်သည် ဖမ်း၍ အမွေး အတောင်တို့ကို ပြောင်အောင်နုတ်လျက်မှုံညက်ဖြင့် လိမ်းကျံကာ လည်ပင်းတွင် အိုးခြမ်းကွဲကို ဘောက်၍ဆွဲပြီးလျှင် အသိုက်တောင်း၌ ထားလေ၏။

ရှက်ဘွယ်ထင်မှု
ပျက်ရယ်ပြ

အစာရှာသောအရပ်မှ ပြန်လာသော ခိုသည် ကျီးကိုမြင်လျှင်—

"အဆွေကျီး....သင့်မှာ လည်ရှဲတန်ဆာ ဆွဲထားသည်ကို ကြာမြင့်မှ မြင်ရပေ၏၊ အဆွေမှာ မုတ်ဆိတ်ကို ကောင်းစွာ ပြုပြင်ထားသည့်အတွက် အလွန်တင့်တယ်စွတကား"-

ဟု ပျက်ရယ် ပြုလေ၏၊ ကျီးသည် ခိုပျက်ရယ် ပြုသည်ကိုကြားလျှင်-

"အဆွေခို....ငါသည် အမှုကိစ္စတို့၌ အားထုတ်လုပ်ကိုင်လျက် အခွင့်မရသဖြင့် ခြိုက်ငဲ့သို့ ရှုတ်ထွေးသော အမွေးအတောင် ခြေသည်းတို့ရှိခဲ့၏၊ ကြာမြင့်မှ ဆေတ္တာသည်ကို ရသဖြင့် ယခု အမွေးအတောင်တို့ကို နုတ်ပယ်ရတော့၏"-

ဟုခိုအား ပြောဆို၏။

**ယောင်ဆောင်သူပေါင်းထိုအခါခိုသည် ကျီးစကားကို ကြား ရှက်ဘွယ်ကောင်း** ပြန်လျှင်-

"အဆွေကျီး.... သင့်မှာ အလွန် ရခဲသော ဆေတ္တာသည်ကို ရသဖြင့် အမွေးအတောင်တို့ကို နုတ်ပယ်ရပေ၏၊ထို့ပြင်သင်၏လည်ပင်း၌ ပတ္တာမြားသည် အဘယ်ကြောင့် (ကြိန်ကြိန်) မြည်ဘိသနည်း"-

ဟုပျက်ရယ်ပြုပြန်၏၊ ထို့နောင်မှ ကျီးသည်-

"အဆွေခို.... သိမ်မွေ့နူးညံ့သောလူတို့၏ လည်ပင်းတို့၌ ပတ္တာမြားကိုဆွဲဘိ၏၊ ငါကား ထိုလူတို့ကို အတုခိုး၍ ဆွဲသည်မမှတ်ပါလင့်၊ ရယ်မြူးလိုသော လူသရော်တို့ ပြုလုပ်ထားခြင်း ဖြစ်ပါ၏"-

"အဆွေနို.... ကောင်းစွာ ပြုပြင် အပ်သော ဤမုတ်သိတ်မွေး အတု အကယ်၍ ပြုပြင်လိုပါမူ သင့်အား ပြုပြင်ပေးပါစေအံ့၊ ပတ္တမြားကိုလည်း ပေးပါအံ့"–

ဟု အဆွေဖြစ်သောနိုအား ပြောပြန်၏၊

ကွင်း၊ စိတ်မရှိ၊ ထိုအခါ နိုသည် အဆွေကျိုးပြောသော သဘောဆို၊ စကားကိုကြားပြန်လျှင်–

"အဆွေကျိုး.... ပတ္တမြားသည် သင့်အားသာ လျောက်ပတ်၏၊ ကောင်းစွာ ပြုပြင် အပ်သော မုတ်သိတ်လည်းသင့်အားသာ လျောက်ပတ်၏၊ ငါ ကား သင့်ကိုသာကြည့်လို၏၊ ငါကားသင့်ကိုသိစေ ပြီးလျှင် ပန်ကြား၍သွားတော့အံ့"–

ဟုပြောဆိုပြီးလျှင် ပျံသန်း၍ အရပ်တပါးသို့သွားလေ ၏၊ လျှပ်ပေါ်သောကျိုးလည်း ထိုအရပ်၌ပင် သေလေ၏၊

ဤဒေသနာတော်ကိုဆောင်၍ သစ္စာကို ပြသည်၏ အဆုံး၌ လျှပ်ပေါ်သောရဟန်းသည် အနာဂါမိဖိုလ်၌ တည်လေ၏၊

ဆောင်ပုဒ်

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ လျှပ်ပေါ်သောကျိုးသည်- ယခုအခါ လျှပ်ပေါ်သောရဟန်း၊

※ နိုသည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း၊

ဆောင်ပုဒ်

(၁) လေဘ်လည်လျှပ်ပေါ်၊ သူပျက်ချော်၊ မလျော်ပျက်စီးရာ။
(၂) မွေးတောင်နှုတ်မြ၊ အိုးခြမ်းဆွဲ၊ လည်ဆွဲပြုလုပ်ကာ။
(၃) ငါးအမဲခိုး၊ ကျီးမိုက်မျိုး၊ ကျိုးနဲ သေရရှာ။

ပါရာဝတဇာတ် ပြီး၏။

ဆက္ကနိပါတ်စကားပြေပြီး၏။

# ၃၉၆-ကုဏ္ဍလဇာတ်

## ပစ္စုပ္ပန်ဝတ္ထု၊

ဥပါယ်ကြောင်းပြ မင်းဆုံးမ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မင်းအားဆုံးမခြင်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

အထွတ်တည်ရေး ပညာရှိပေး

လွန်လေပြီးသော အခါ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကိုပြု၍ ဆုံးမတတ်သော ပညာရှိအမတ် ဖြစ်လေ၏၊ ထို ဗြဟ္မဒတ်မင်းသည် အဂတိလိုက်စားကာ မတရားသဖြင့် မင်းပြု၏၊ တိုင်းပြည်ကိုနှိပ်စက်၍ ဥစ္စာကိုယူ၏၊ ပညာရှိအမတ်သည် မင်းကိုဆုံးမလို၍ ဥပမာတခုကို ခုံစမ်းရှာဖွေလျက်နေ၏။

ထိုအခါ ဥယျာဉ်ဝယ် အထွတ်တင်၍ အခြင်ကြိုကာမျှဖြစ်၍ မပြီးသေးသော ဒိမ်သည်ရှိ၏၊မင်းကြီးသည် ဥယျာဉ်ကစားသွားရာ ဆောက်လုပ်ဆဲ ဒိမ်ကိုမော်၍ ကြည့်လတ်သော် အထွတ်ဝန်းကိုမြင်လျှင် မိမိအပေါ်သို့ ကျလာမည်ဟု ကြောက်သဖြင့် အပြင်သို့ထွက်၍ တဘန်ကြည့်ရှုပြန်၏၊ အထွတ်ကား အဘယ်ကိုမှီ၍ တည်သနည်း၊ အခြင်တို့ကား အဘယ်ကိုမှီ၍ တည်ကုန်သနည်းဟု ကြံစည်လျက်—

"ပညာရှိ.... အိမ်၏အထွတ်ကား အစောက်အားဖြင့် တထောင့်ထွာ၊ အလုံးအားဖြင့် ရှစ်ထွာရှိခဲ့၏၊ အကာမရှိ ရင်းတိုက်နှစ်ဖြစ်ခဲ့၏၊ အဘယ်ကိုမှီ၍ တည်နေသဖြင့် အောက်သို့မကျသနည်း"—

ဟုပညာရှိအမတ်အား အထွတ်တည်ခြင်း အကြောင်းကို မေးလေ၏။

ဥပမာကိုထောက်
မင်းကိုလျှောက်

ပညာရှိ အမတ်လည်း မင်းကို ဆုံးမရန် ဥပမာကိုရှာနေရာ ရပေပြီဟု ဝမ်းမြောက်ဝမ်းသာ—

"မြတ်သောမင်းကြီး.... အကာမရှိ အနှစ်ဖြစ်သော အခြင်သုံးဆယ်တို့ ထက်ဝန်းကျင်မှ ကြိထားကုန်၏၊ ထိုအခြင်တို့သည် ဖိညှပ်ကာထောက်ပံ့၍ထားသဖြင့် အထွတ်သည် တည်နေနိုင်ပါ၏၊ အောက်သို့မကျပါ—

ထို့အတူ ပညာရှိသောမင်းသည် ခိုင်ခိုင် မြဲမြဲ မကွဲမပြားဘဲ စင်ကြယ်ကုန်လျက် အတိုင်အပင်၌ လိမ္မာကုန်သော အဆွေခင်ပွန်းတို့သည် ကောင်းစွာ ထောက်ပံ့ကြသဖြင့် အခြင်တို့ ထောက်ပံ့၍ထားသော အထွတ်ကဲ့သို့ ဘုန်း ကြက်သရေ မှ မလျော့ကျနိုင်ပါ"—

ဟု မင်းကြီးကို အထွတ်နှင့် အဆွေခင်ပွန်းတို့ကို အခြင်တို့နှင့် ဥပမာပြုကာ လျှောက်ထားလေ၏။

အမတ်လျှောက်သိ
ဆင်ခြင်မိ

မင်းကြီးသည် ပညာရှိ အမတ်ဆိုတိုင်း ဆိုတိုင်း မိမိ၏အမူအရာကို မှတ်သား၍ အခြင်မရှိသော် အထွတ်သည် မတည်

နိုင်၊ အထွတ်မရှိသော် အခြင်လည်း မတည်နိုင်၊ အချင်းချင်းမှီ၍ တည်နိုင်ကြကုန်၏၊ တခုပျက်သော် နှစ်ခုလုံးပျက်ရသည်၊ထို့အတူ တရားမစောင့်သောမင်းသည်မထောက်ပံ့သဖြင့် မှူးမတ်စသည်တို့ ပျက်စီးသည်ရှိသော်၊ ထိုသူတို့အထောက်အပံ့ကို မခံရပြန်သဖြင့် မင်းလည်း အစိုးရခြင်းမှဆုတ်ယုတ်ရာ၏၊ သို့အတွက် မင်းသည် တရားစောင့်ရာ၏ဟု ကြံစည်မိလေ၏၊

ရှောက်သီးစားနည်း ပမာဒို၊ ထိုခဏ၌ မင်းကြီးအား ရှောက်သီးကို လက်ဆောင် ဆက်သ ကြကုန်၏၊ မင်းကြီးသည် ပညာရှိ အမတ်အား ပေး၏၊ထိုအခါ ပညာရှိအမတ်သည် ရှောက်သီးကိုယူ၍—

"မြတ်သောမင်းကြီး....ကြမ်းထမ်းထူထဲသော အခွံရှိသော ရှောက်သီးကို ဓားဖြင့် အခွံကိုမခွါဘဲ စားသောသူသည် ရှောက်သီးကို ခါးအောင် ပြုသည်မည်၏၊ အခွံကို ပါးပါးခွါ၍ စားသောသူသည် မကောင်းအောင် ပြုသည်မည်၏၊ အခွံကို ကောင်းစွာ ခွါ၍ စားသောသူသည် ကောင်းအောင်ပြုသည်မည်၏၊

ထို့အတူ ပညာရှိသောမင်းသည် ရွာနိဂုံးတို့၌ အလိုရမ္မက်မကြီးဘဲ မင်းကျင့်တရား ဆယ်ပါးနှင့်လျော်စွာကျင့်၍ ပစ္စည်းဥစ္စာတို့ကို စုဆောင်းသည်ရှိသော် သူတပါးတို့ကို မညှဉ်းဆဲဘဲ ကြီးပွါးအောင်ပြုသည်မည်၏"—

ဟု ပစ္စည်းဥစ္စာစုဆောင်းခြင်း၌ ရှောက်သီးကို ဥပမာပြုကာ လျှောက်ထားပြန်၏၊

ကြာပွင့်ကိုပြ
မင်း၊ ဆုံးမ

ထိုနောက် မင်းကြီးသည် ပညာရှိအမတ်နှင့်ရေကန်နားသို့ သွား၍ ရေ, ညွန်, မြူ တို့ဖြင့် မလိမ်းကျံဘဲ လှပစွာ ပွင့်သော ကြာပန်းကိုမြင်လျှင် အကြောင်းကို မေးပြန်၏၊ ထိုအခါ ပညာရှိအမတ်သည်—

"မြတ်သောမင်းကြီး....ရေကန်၌ ပေါက်ပွါး ဖြစ်ထွန်းလျက် နေအရောင်ကြောင့် ပွင့်၍စင်ကြယ် သန့်ရှင်းသော ကြာပန်းသည် ရေ,ညွန်,မြူ တို့ဖြင့် မလိမ်းကျံ။

ထို့အတူ တရားစောင့်သော မင်းသည် ထား အပ်သော မင်းကျင့်တရား၌ တည်လျက် သူတပါး တို့အား နှိပ်ထက်မှု စင်ဖြူသောအမှုကို ပြုသည် ရှိသော် ကမ္ဘာကိလေသမည်သော အကုသိုလ်တရား တို့ဖြင့် မလိမ်းကျံပါ"—

ဟု တဘန် ဆုံးမပြန်၏၊မင်းကြီးသည် ပညာရှိအမတ်၏ တရားစကားကို ကြားရလျှင် ထိုအခါမှစ၍ အဂတိလေး ပါး မလိုက်စားဘဲ မင်းကျင့်တရားဆယ်ပါးနှင့်ညီညွတ်စွာ မင်းပြုလျက် ကုသိုလ် ကောင်းမှုတို့ကိုပြု၍ သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့လားရ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန် သော၀တ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ မင်းကြီးသည်–ယခုအခါ အာနန္ဒာ၊
※ ပညာရှိအမတ်သည်–ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အခြင်,အထွတ်၊ ထောက်ပံ့လတ်၊ မတ်မတ်တည်သလို၊
(၂) မှူးမတ်နှင့်မင်း၊ အချင်းချင်း၊ ရှိင်းပင်း တည်သလို၊
(၃) အခွံခွါပြြား၊ ရှောက်မခါး၊ စားရှိကောင်းသကို၊
(၄) ရမ္မက်ကင်းမှု၊ တရားမှု၊ စုကြည့်စွာကို၊
(၅) ကြာပန်းနှင့်မှု၊ ရေ,ညွန်,မြူ၊ စင်ဖြူမလိမ်းလို၊
(၆) တရားတည်ဘွယ်၊ မှုစင်ကြယ်၊ မတွယ် အကုသိုလ်။

ကုက္ကုဇာတ် ပြီး၏။

---

## ၃၉၇–မနောဇဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

ဆန့်ကျင်ဖိတ်ဆွေ ရှောင်ကြဉ်လေ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဆန့်ကျင်ဘက်ဖြစ်သော အဆွေခင်ပွန်းကို မှီဝဲသော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင် တော်မူသတည်း။

အတိတ်ဝတ္ထု၊

ဓိဘာလုပ်ကျွေး၊ အသက်ဆွေး၊

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ခြင်္သေ့

မျိုး၌ဖြစ်၍ သားနှင့်သမီးနှစ်ကောင်တို့ကို မွေးဘွားပြီးလျှင် သားကို မနောဇဟူသောအမည်ကို မှည့်လေ၏၊ထိုမနောဇ သည် အရွယ်သို့ ရောက်လတ်သော် ခြင်္သေ့မတကောင်ကို ယူ၏၊ ထိုအခါ အမိ,အဘ,နှမ,မယား, မနောဇအားဖြင့် ခြင်္သေ့ငါးကောင်တို့သည် အတူတကွနေကြကုန်၏၊မနောဇ သည် သားတို့ကိုသတ်၍ အမိ, အဘ, နှမ, မယား တို့ကို ကျွေးမွေး၏။

**မြေခွေးပေါင်းဖြေး ဖခင်တား**

တနေ့သ၌ မနောဇသည် ကျက်စားရာ အရပ်သို့သွားသည်ရှိသော် ဂိရိယမည် သော မြေခွေးသည် ခြင်္သေ့ကို မြင်လျှင် မပြေးဝံ့သဖြင့် ရင်ဖြင့်ဝပ်လေ၏၊ ထိုအခါ မနောဇသည် မြေခွေးအား "အဆွေ····အဘယ်ကြောင့်ဝပ်သနည်း" ဟု မေးလျှင် "အရှင်····ခစားလို၍ ဝပ်ပါသည်"ဟု ပြော ကြားရာ၊"ကောင်းပြီ"ဆို၍ မိမိနေရာလိုဏ်ဂူသို့ခေါ်သွား လေ၏၊ အဘခြင်္သေ့မင်းမြင်လျှင် "ချစ်သားမနောဇ···· မြေခွေးတို့မည်သည် သီလမရှိ၊ ယုတ်မာသော အကျင့်ရှိ၏၊ အရာဌာနမဟုတ်သည်၌ ယှဉ်စေ၏၊ အတူမနေလင့်"ဟု တားမြစ်သော်လည်း နားမထောင်လေ။

**ဖခင်ပြောရာ မလိုက်နာ**

တနေ့သ၌ မြေခွေးသည် မနောဇအား "အရှင်····မြင်းသားကိုထား၍ မစား ဘူးသောအသားမည်သည်မရှိ၊မြင်းကို ဖမ်းကြမည်"ဟု ပြော၏၊ "အဆွေ····မြင်းတို့အဘယ်မှာ ရှိသနည်း"ဟု မေး၏၊ "အရှင်···· ဗာရာဏသီမြစ်နားမှာ ရှိပါသည်" ဟု ပြောလေ၏၊ ထိုအခါ မနောဇသည် မဆင်ခြင်ဘဲ မြေခွေးစကားကိုနားထောင်ကာ မြေခွေးနှင့်

အတုမြစ်နားသို့သွား၍ ရေချိုးသောမြင်းတို့တွင် မြင်းတကောင်ကို ကိုက်ချီ၍လာကာ ၇၀တွင်ချ၏၊ ထိုအခါ အဘ ခြင်္သေ့မင်းသည် "ချစ်သား.... မြင်းတို့မည်သည် မင်း၏ယာဉ်ဖြစ်ကုန်၏၊ မင်းတို့လည်း မာယာများကုန်၏၊ လေးသမားတို့ကို လွှတ်၍ ပစ်စေလိမ့်မည်၊ ဤနေ့မှစ၍ မြင်းကို မဖမ်းလင့်"ဟု တားမြစ်ပြန်၏၊ မနောဇလည်း မနာယူဘဲ ဖမ်းမြဲတိုင်း ဖမ်း၍သာ နေ၏။

လေးသမားစောင့်နေ ပစ်ခတ်လေ

မင်းကြီးသည် မြင်းတို့ကို ခြင်္သေ့ဖမ်းသည်ဟု ကြားလျှင် မြို့တွင်း၌ ရေကန်တူးစေ၏၊ မြို့တွင်းသို့ဝင်၍ ဖမ်းပြန်၏၊ ထိုအခါ မြင်းတင်းကုပ် ဆောက်လုပ်စေ၍ မြင်းတင်းကုပ်မှာပင် မြက်ရေတို့ကို ထားစေပြန်၏၊ မြို့တံတိုင်းကို ကျော်လွှားကာ မြင်းတင်းကုပ်သို့ဝင်၍ဖမ်းပြန်၏၊ ထိုအခါ မင်းကြီးသည် အက္ခဏဝေဓိမည်သော လေးသမားတယောက်ကို ခေါ်၍ ခြင်္သေ့ကို အပစ်ခိုင်းလေ၏၊ လေးသမားလည်း ခြင်္သေ့လာရာ တံတိုင်းကိုမှီ၍ လင့်စင်ဆောက်လျက် အသင့် စောင့်၍နေ၏၊ ခြင်္သေ့လည်း လာမြဲတိုင်းလာ၍ မြင်းကို ဖမ်းကာ အပြန်တွင် ပစ်လေ၏၊ မြှားသည် ခြင်္သေ့ကိုယ်တွင် နောက်ပိုင်းမှဝင်၍ ရှေ့ပိုင်းသို့ ထွက်လေ၏၊ ခြင်္သေ့လည်း နာကျင်လှသဖြင့် အော်လေ၏၊ လေးသမားလည်း မိုးကြိုးသံကဲ့သို့ လေးညို့ကို ခတ်လေ၏။

မင်းဝက်သင့်လေ ခြင်္သေ့သေ

မြေခွေးသည် ခြင်္သေ့မင်း အော်သံနှင့် လေးညို့ခတ်သံကို ကြားလျှင် မြှားမှန်၍ ခြင်္သေ့သေသည်ဖြစ်လိမ့်မည်၊ သူသေ

နှင့် အဆွေခင်ပွန်းဖွဲ့ခြင်း မည်သည်မရှိ၊ မိမိနေရာတောသို့ သွားတော့အံ့ဟု ကြံစည်လျက်—

"လေးသည် ညွှတ်ဘိ၏၊ လေးညှို့လည်းမြည်ဘိ၏၊ ငါ၏အဆွေခင်ပွန်း မနောဇမည်သော ခြင်္သေ့မင်းကို သတ်ကြယောင်တကား။

ယခုငါသည်အလိုအလျောက်တောသို့သွားအံ့၊ ဤသို့သော သူသေနှင့် အဆွေခင်ပွန်း မဖြစ်နိုင်၊ ငါ့မှာ အသက်ရှည်သည်ရှိသော် အဆွေခင်ပွန်းတို့ကို ရရာ၏"—

ဟု မိမိကိုယ်ကို ပြောကြားလျက် နေရာတောသို့ သွားလေ၏။

ခြင်္သေ့လည်း မြားမှန်သော ဒဏ်ရာရှိလျက်ပင် မြင်းကို ယူကာ မိမိနေရာ ဂူဝတွင်ချ၍ လည်းလျက် သေခြင်းသို့ ရောက်လေ၏။

**ယုတ်မာသူပေါင်း သေရကြောင်း**

ထိုအခါ မနောဇ၏အမိအဘ ဆွေမျိုးတို့သည် ဂူမှထွက်၍ သွေးအလိမ်းအလိမ်း ကပ်လျက် သေ နေ သော မနောဇကိုမြင်လျှင်—

"အချင်းတို့.... အဆွေခင်ပွန်းယုတ်ကို ပေါင်းသင်းသောသူကား စင်စစ် ချမ်းသာသုခကို မရနိုင်၊ မြေခွေး၏စကားကိုနားထောင်မိသဖြင့် သေလျက် အိပ်ရသော မနောဇကို ရှုကြလော့၊ အဆွေခင်ပွန်းယုတ်ကို ပေါင်းသင်းခြင်းကြောင့် အမိသည် သားကို မချစ်နိုင်တော့ပြီ၊ မိမိသွေး၌ နစ်မွန်းကာ သေလျက် အိပ်ရသော မနောဇကို ရှုကြည့်ကြလော့။

စင်စစ် အကျိုးစီးပွါးကို မြော်မြင်၍ အကျိုးစီးပွါးကို အလိုရှိသော သူတို့၏စကားကို နားမထောင်သော သူသည် မနောဇကဲ့သို့ ယုတ်မာသော မကောင်းမှုကိုရရှိလျက် ဆင်းရဲခြင်းသို့ ရောက်ရ၏၊

ယုတ်မာသော အကျင့် ရှိသူကို ပေါင်းဘော်သော မြတ်သောသူသည်လည်း ဤသို့သောဆင်းရဲသို့ ရောက်ရ၏၊ ယုတ်မာသော အကျင့်ရှိသူကို ပေါင်းသင်းမိသဖြင့် မြွားမှန်၍ သေနေသော ခွန်အားကြီးသော မနောဇခြင်္သေ့ကို ရှုကြည့်ကြလော့''–

ဟု မနောဇခြင်္သေ့၏ အမိအဘ ဆွေမျိုးတို့သည် ပြောဆိုကြကုန်၏၊

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍–

''ရဟန်းတို့····မိမိအောက် ယုတ်သူကို ပေါင်းဘော်သောသူသည် ယုတ်မာ၍ လာ၏၊မိမိနှင့်တူမျှသူကို ပေါင်းဘော်သောသူသည် ဘယ်အခါမျှ မယုတ်မာ၊မိမိထက် မြင့်မြတ်သူကို ပေါင်းဘော်သောသူသည် လျင်စွာမြင့်မြတ်လာ၏၊ တိုးပွါးလာ၏၊ ထို့ကြောင့် မြင့်မြတ်သူကို ပေါင်းဘော်ကြကုန်လော့''–

ဟု ဟောကြားဆုံးမတော်မူ၏၊

ဤဒေသနာတော်ကို ဆောင်၍ သစ္စာကို ပြသည့်အဆုံး၌ ဆန့်ကျင်ဘက် ဖြစ်သော အဆွေခင်ပွန်းကို မှီဝဲသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—ရဟန်းတို့....

※ ထိုအခါ မနောဇသည်-ယခုအခါ ဆန့်ကျင်သော အဆွေခင်ပွန်းကို မှီဝဲသောရဟန်း။

※ နှမသည်-ဥပ္ပလဝဏ်။

※ မယားသည်-ခေမာ။

※ အမိသည်-ရာဟုလာ မယ်တော်။

※ အဘသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ကိုယ့်အောက်ယုတ်သူ၊ ပေါင်းသင်းမူ၊ ထိုသူယုတ်၍လာ။
(၂) ကိုယ်နှင့်တူတန်၊ ပေါင်းသင်းပြန်၊ တရံမယုတ်မာ။
(၃) ကိုယ့်ထက်မြင့်မြတ်၊ ပေါင်းသင်းလတ်၊ မြင့်မြတ်တိုးပွါးရာ။
(၄) ယုတ်သူပယ်ကြဉ်၊ မြတ်သူယှဉ်၊ အစဉ်ပေါင်းသင်းရာ။

မနောဇဇာတ် ပြီး၏။

---

# ၃၉၈—သုတနုဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**မိဘာလုပ်ကျွေး သတင်းမွှေး** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အမိကို လုပ်ကျွေးသော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

ကိုယ့်တာသူ့တာ တောလိုက်ရာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် သုဆင်းရဲမျိုး၌ဖြစ်၍ သုတနုဟူသောအမည်ကို မှည့်ကုန်၏၊ ထိုသုတနုလုလင်သည် အရွယ်သို့ရောက်လတ်သော် သူရင်းငှါးလုပ်၍ အမိအဘကို လုပ်ကျွေးနေစဉ် အဘသေဆုံးလတ်သော် အမိကိုသာ လုပ်ကျွေးလျက်နေ၏။

ထိုအခါ ဗာရာဏသီမင်းကြီးသည် သမင်ကို သတ်လေ့ရှိ၏၊ တနေ့သ၌ အခြံအရံများစွာဖြင့် တောသို့သမင်လိုက်သွားရာ ပတ်ပတ်လည် တာဝေ၍ အစောင့်ချထားလျက် သမင်ထွက်ရာ တာ၏တာစောင့်ကို မင်းဒဏ်ပေးမည် ဟုအမိန့်ပေးပြီးလျှင် အသီးအသီးစောင့်၍ နေကြ၏။

မင်းကြီးတာဘက် သမင်ထွက်

လူတို့သည် သားတို့နေရာအရပ်၌ တုတ်လှံကန်တို့ဖြင့် ရိုက်ပုတ်၍ ဟစ်အော်ကာ ချောက်လှန့်ကြကုန်၏၊ ဧကသား တကောင်သည် မင်းကြီး၏နေရာအရပ်သို့ ပြေးလေ၏၊ မင်းသည် မြှားဖြင့်ပစ်၏၊ ဧကသားသည် မိဂမာယာ၌ လိမ္မာသည်ဖြစ်၍ မြှားမှန်သကဲ့သို့ လည်းလေ၏၊မင်းသည် မြှားမှန်သည် ထင်၍ ဖမ်းမည်ဟု ပြေး၏၊ သားသည် ထ၍ လေကဲ့သို့လျင်သောအဟုန်ဖြင့် ပြေးလေ၏၊ အမတ်စသည်တို့သည် မင်းကို ပြက်ရယ်ပြုကုန်၏၊ မင်းကြီးသည် ရှက်လှ၍ သားကိုအတင်းလိုက်ရာ မိ၍ သားကိုသတ်ဖြတ်

ပြီးနောက် အပန်းဖြေရန် ပညောင်ပင်ရိပ်သို့ဝင်၍ လျောင်းစက်လတ်သော် အိပ်ပျော်ခြင်းသို့ရောက်လေ၏။

**သားလိုက်မေ့ပန်း ဘီလူးဘမ်း**

ထိုပညောင်ပင်ကို စောင့်သောမယဒေဝမည်သော ဘီလူးသည်ရှိ၏၊ ထိုဘီလူးသည် ပညောင်ပင် ရိပ်သို့ဝင်သောသူတို့ကို စားရန် ဝေဿဝဏ်နတ်မင်းကြီးထံမှ အခွင့်ရ၏၊ မင်းကြီးလည်း အိပ်ရာမှ နိုးလတ်သော် ထ၍သွားလေ၏၊ ထိုအခါဘီလူးသည် မင်းကြီးကို"အသင်လူသား ရပ်လော့၊ သင်ငါ့အစာဖြစ်ပြီ"ဟု လက်ကိုကိုင်၍ထား၏၊မင်းကြီးသည် "သင်အဘယ်သူနည်း" ဟုမေး၏၊ "ငါပညောင်ပင်စောင့် ဘီလူးဖြစ်သည်၊ ဤပညောင်ပင်ရိပ်သို့ ဝင်သောသူတို့ကို စားရန်အခွင့်ရသည်"ဟု ပြောလေ၏၊ ထိုအခါ မင်းကြီးသည် သတိထား၍ "သင်သည်ယနေ့သာ စားလိုသလော၊ နေ့တိုင်းစားလိုသလော"ဟု မေး၏၊ "ငါနေ့တိုင်းစားလိုသည်"ဟုပြော၏၊ယနေ့သမင်သားကိုစား၍ ငါ့ကိုလွှတ်ပါ၊ ငါသည် နက်ဖြန်မှစ၍ လူတယောက်ကို နေ့တိုင်းထမင်းပို့လွှတ်မည်"ဟုတောင်းပန်၏၊"ကောင်းပြီကတိတည်ပါစေ၊ မပို့လာသောနေ့၌ သင့်ကိုလာ၍စားမည်"ဟု ပြော၏၊ "ငါသည်ဗာရာဏသီမင်းတည်း၊ မရှိသောအရာမည်သည် မရှိ"ဟုပြောလေ၏၊ထိုအခါဘီလူးသည် ကတိထားပြီးလျှင် မင်းကြီးကို လွှတ်လိုက်၏။

**ဘီလူးထံပို့ရ တယောက်ကျ**

မင်းကြီးသည် မြို့သို့ရောက်လျှင် ထိုအကြောင်းကို ယုံကြည်ရသော အမတ်တယောက်ကို ပြောကြားလေ၏၊ အမတ်သည် မင်းကြီးအား"နေ့အပိုင်းအခြားကို ပြုခဲ့၏လော"ဟု

မေး၏၊ မင်းကြီးသည် "မပြုခဲ့"ဟု ပြော၏၊ သင်မင်းကြီးသည် မသင့်သည်ကိုပြုခဲ့၏၊ သို့သော်လည်း မစိုးရိမ်လင့် နှောင်အိမ်၌ လူများစွာရှိသည်၊ ကောင်းပြီ ထိုအမှုကိုသင်သည်ပင်ပြု၍ ငါ့အား အသက်ကိုပေးလော့ဟု ပြောဆိုကာ အပ်နှင်း၏၊ အမတ်လည်း နေ့တိုင်းနှောင်အိမ်မှ လူတို့ကို ထုတ်၍ ဘီလူးထံ ထမင်းပို့နိုင်း၏၊ ဘီလူးလည်း လာတိုင်း လာတိုင်းသော သူတို့ကို ထမင်းနှင့်တကွစား၏၊ နောက်အဘို့၌ နှောင်အိမ်၌ လူကုန်လတ်သော် ထမင်းပို့သူကိုမရသဖြင့် အသပြာတထောင်ကိုဆင်ကျောတွင်တင်၍ ဘီလူးထံ ထမင်းပို့သွားပွဲသူကို အသပြာတထောင်ပေးမည်ဟု ကြွေးကြော်လျက် ထမင်းပို့သူကို စည်လည်၍ရှာလေ၏။

မိခင်လုပ်ကျွေးဆင်းရဲသားလေး

ထိုအခါစည်လည်သောအသံကို သူတနလုလင်ကြားလတ်သော် ငါကား သူရင်းငှါးလုပ်၍ ပဲဝက် ပဲဝက်သောဥစ္စာကို စုဆောင်းကာ ငြိုငြင်သဖြင့် အမိကိုလုပ်ကျွေးရ၏၊အသပြာတထောင်ကို အမိအားပေး၍ ဘီလူးထံထမင်းပို့သွားမည်၊ ဘီလူးကိုဆုံးမနိုင်ပါမူ အပြစ်မရှိ၊ မဆုံးမနိုင်ပါမူ သေသော်လည်း ငါ့အမိချမ်းသာစွာ အသက်မွေးရမည်ဟု ကြံစည်ပြီးလျှင် အမိကိုခွင့်ပန်လေ၏၊ အမိလည်းခွင့်မပေးလေ၊ တကြိမ်နှစ်ကြိမ်မှာနေသေး၏၊ သုံးကြိမ်ဇော်သောအခါ အသပြာတထောင်ကိုယူ၍အမိအားပေးပြီးလျှင် "အမိ…. မစိုးရိမ်လင့်၊ အကျွန်ုပ်သည် ဘီလူးကိုဆုံးမပြီးလျှင် လူအများ ချမ်းသာအောင်ပြုမည်"ဟု မှာထား၍ 'မင်းကြီးထံ သွားလေ၏။

ပွဲတော်အုပ်ထိမ်း
လုလင်စွမ်း

မင်းကြီးသည် သုတနုလုလင်ကိုမြင်လျှင် ဘီလူးထံ ထမင်းပို့ သွားမည့်သူဟုသိ၍ "အမောင်...အလိုရှိရာကိုတောင်းပါ" ဟုပြော၏၊ သုတနုလုလင်လည်း ပရိယာယ်မာယာ၌ လိမ်မာသောပညာရှိဖြစ်သည့်အားလျော်စွာ မိမိပရိယာယ်ပြုနိုင်ရန်ကြံစည်၍ "ခြေနင်း, ထီး, သန်လျက်တို့ကိုပေးပါ၊ ထမင်းကိုလည်း ရွှေခွက်ဖြင့်ထည့်၍ပေးပါ"ဟု တောင်းလေ၏၊ မင်းကြီးလည်း တောင်းသမျှ အလုံးစုံပေးစေ၏။

သုတနုလုလင်သည် ခြေနင်းကိုစီး၍ ထီးကိုဆောင်းလျက် သန်လျက်ကိုလွယ်ပြီးလျှင် ထမင်းခွက်ကိုကိုင်ကာ "အရှင်မင်းကြီး....မကြောက်လင့် အကျွန်ုပ်သည် ဘီလူးကိုဆုံးမ၍ အရှင်မင်းကြီးနှင့်တကွ လူအပေါင်းကိုအသက်ချမ်းသာအောင်ပြုမည်"ဟု လျှောက်ထားပြီးလျှင် ထမင်းပို့သွားရန် အခြွေအရံနှင့်တကွ မြို့မှထွက်လေ၏၊ ပညောင်ပင် အနီးသို့ရောက်လျှင် အခြွေအရံ လူများကိုထားခဲ့၍ ထမင်းခွက်ကိုကိုင်လျက် ဘီလူးအထံသို့ သွားလေ၏။

ဘီလူးခေါ်ကြွေး
ပွဲတော်ပေး

ဘီလူးလည်း အချိန်တန်၍ထမင်းပို့လာရာ လမ်းခရီးကိုကြည့်လတ်သော် သုတနုလုလင်ကိုမြင်လျှင် ဤနေ့ လာသူကား တပါးသောနေ့တို့၌ လာသောသူကဲ့သို့မလာ၊ အကြောင်းအသို့ရှိသနည်းဟု ကြံစည်နှင့်လေ၏၊ သုတနုလုလင်လည်း ပညောင်ပင်သို့ရောက်လျှင် ထမင်းခွက်ကို အရိပ်တွင်း၌ချ၍ မိမိမူကား အရိပ်စွန်း၌ရပ်လျက်—

"အို- ပဉ္စောင်ပင်စောင့်ဘီလူး.... မင်းကြီးသည် သင့်အဘို့စင်ကြယ်သန့်ရှင်းသော သားပွဲမ်းထမင်းကို ပို့စေ၏၊လာပါ ထွက်ခဲ့ပါ စားပါ"–

ဟု ဘီလူးအား ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိ ပြောဆိုလေ၏၊ သုတနုလုလင်စကားကိုကြားလျှင် ဘီလူးလည်း လှည့်စား၍ အရိပ်တွင်းသို့ ဝင်သည်ရှိသော် စားမည်ဟု ကြံစည်လျက်–

"အို-လုလင်.... အမြဲပို့နေကျထမင်းကို ဟင်းနှင့်အပြည့်အစုံယူပြီး ဤဘက်သို့လာပါ၊ သင်လည်း ငါ့အစာဖြစ်ရမည်၊ ထမင်းနှင့်ဟင်းတို့လည်း ငါ့အစာဖြစ်ကြရမည်"–

ဟု သုတနုလုလင်အား ပြောဆိုလေ၏။

ရဲရင့်စွာဆို ဘီလူးကို

ထိုအခါ သုတနုလုလင်သည် သူ၏အစွမ်းကိုပြောလို၍ ပဉ္စောင်ပင်၏အရိပ်စွန်းတွင်ရပ်လျက်–

"အို-ဘီလူး.... သင်ကား အနည်းငယ်မျှသော အကြောင်းဖြင့် ကြီးစွာသောအကျိုးကို စွန့်လွှတ်ရလိမ့်မည်၊ လူတို့သည် သေရလိမ့်မည်ဟု မှတ်ထင်ကာ သင့်အား ထမင်းပို့ကြလိမ့်မည်မဟုတ်"

"အို-ဘီလူး.... ငါကား သင့်အဘို့ စင်ကြယ်မွန်မြတ်၍ အရသာနှင့်ပြည့်စုံသော အမြဲပို့နေကျထမင်းကို လာ၍ပို့ပါ၏၊ ငါ့ကိုစားသည်ရှိသော်



P.383 ''အို-ဘီလူး သင့်သစ်ပင်ရိပ်ကိုမခို-ငါ့ထီးရိပ်ကိုသာခိုသည်၊ ငါ့ခြေနင်းကိုသာနင်းသည်''ဟုသုတနုလုလင်ပြောဆိုနေပုံ။

သင့်ထံ ထမင်းပို့မည့်သူ ဤ ဗာရာဏသီပြည်ဝယ် ရတော့မည်မဟုတ်''—

ဟု ဘီလူးအားပြောဆိုပြီးလျှင် နောက်တဖန် "အို-ဘီလူး.... ဤဗာရာဏသီပြည်ဝယ် ငါကဲ့သို့ ပညာရှိသောသူ မည်သည်မရှိပေ၊ငါ့ကိုစားသည်ရှိသော် ဘီလူးသည် သုတနုလုလင်ကို စဉ်လျက်စားဝံ့သေးသည် အခြားသူကိုအဘယ်မှာ မစားဝံ့ဘဲရှိအံ့နည်းဟု ထမင်းပို့သူကို ရတော့မည်မဟုတ်၊ မရခဲ့သော် သင်ထမင်းငတ်လိမ့်မည်''ဟု ပြော၏။

**မိမိမာန်လျော့ဘီလူးမြိမ်းချောက်**

"အို-ဘီလူး.... ငါတို့မင်းကြီး ကိုလည်း သင့် သစ်ပင်ရိပ်တွင်း၌ နေသူမဟုတ်၍ မစားနိုင်၊ ငါ့အားအကယ်၍လွှတ်လိုက်ပါမူ ငါသည် မင်းကြီးအားလျှောက်ထား၍ နေ့တိုင်းထမင်းကိုပို့စေမည်၊ ငါကားသင့်ကို အကျိုးအကြောင်းပြ၍ ပြောဆိုတောင်းပန်ခြင်းသာဖြစ်သည်၊ စင်စစ်အမှန်မှာ ငါသည် သင့်မြေပေါ်မှာမနင်း၊ ခြေနင်းပေါ်မှာသာနင်းသည်၊ သင့်ပထောင်ပင်ရိပ်မှာမနေ၊ ထီးရိပ်အောက်မှာနေသည်၊ သို့အတွက် ငါ့ကိုလည်းသင်မစားနိုင်၊ သင်နှင့်စစ်ထိုးရလျှင်လည်း ငါမကြောက်၊ ငါသည်သင့်ကိုခုတ်သတ်ရန် သန်လျက်ကို အသင့်ဆောင်ယူလာသည်''ဟု ဘီလူးအားခြိမ်းချောက်လေ၏။

**ယောကျ်ားစွမ်းပြသဘောကျ**

ထိုအခါ ဘီလူးသည် ဤ လုလင်ကား အကျိုးအကြောင်းဆက်စပ်၍ သင့်မြတ်သောစကားကိုဆိုပေသည်ဟု အောက်မေ့လျက် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍—

"အို- သုတနုလုလင်.... သင်ပြောဆိုသော စကားတို့ကား ငါ၏အကျိုးငှါ ပြောဆိုသောစကား တို့ဖြစ်၏၊ ငါသည် သင့်ကိုမစားတော့ပါ၊ ခွင့်ပြုပါ မည်၊ပြန်၍ ချမ်းသာစွာ သင့်မိခင်ကိုဖူးမြင်ပါ"—

"အို- သုတနုလုလင်.... သန်လျက်, ထီး, ရွှေ ခွက်တို့ကိုယူ၍ ပြန်သာပြန်ပါလေ၊ သင့်မိခင်သည် သင့်ကို ချမ်းသာစွာ ရှုကြည့်ပါစေ၊သင်သည်လည်း သင့်မိခင်ကို ချမ်းသာစွာဖူးမြင်ပါလော"—

ဟု သုတနုလုလင်အား ချမ်းသာစေကြောင်းကို ဆု တောင်းလျက် အိမ်သို့ပြန်၍လွှတ်လေ၏၊ ဘီလူးစကားကို ကြားလျှင် သုတနုလုလင်သည်ငါ၏အမှုကိစ္စပြီးပေပြီ၊ဘီလူး ကိုလည်းဆုံးမအပ်ပေပြီ၊ ဥစ္စာများစွာကိုလည်း ရအပ်ပေ ပြီ၊ မင်းကြီးစေခိုင်းတိုင်းလည်း ပြုအပ်ပေပြီ-ဟု အလွန် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍—

"အို-ဘီလူး.... ငါကား ဥစ္စာကိုလည်း ရအပ် ပေပြီ၊မင်းကြီး၏ စကားကိုလည်း ပြုလုပ်အပ်ပေပြီ၊ ငါသည် ချမ်းသာသကဲ့သို့ သင်သည်ဆွေမျိုးအလုံး စုံနှင့်တကွ ချမ်းသာပါစေ"—

ဟု ဘီလူးအား ဆုတောင်း မေတ္တာပို့ကာ အနုမော ဒနာပြုလေ၏။

တရားဟောကာ ဘီလူးခေါ်လာ

ထိုနောက် သုတနုလုလင်သည် ဘီလူး ကိုခေါ်၍ "အဆွေ....သင်ကား ရှေး ရှေးဘဝတို့က အကုသိုလ်ကံတွေကို ပြုခဲ့ ၍ ရုန့်ရင်းကြမ်းကြုတ်ခဲ့သည်၊သူတပါးတို့ အသားအသွေး

ကိုစားသောက်ကာ အသက်မွေးခဲ့ရသည်၊ ဤနေ့မှစ၍ ပါဏာတိပါတစသည်ကို မပြုပါလင့်''ဟု သီလ၏ အကျိုး အပြစ်တို့ကို ဟောကြား၍ ပဉ္စသီတို့၌ တည်စေပြီးလျှင် ''အဆွေ....သင်အား တော၌နေသဖြင့် အကျိုးမရှိ၊ မြို့တံခါးအနီးတွင် သင့်ရာအရပ်၌နေစေ၍ ထမင်းဦး ဟင်းဦး တို့ကိုရစေမည်''ဟု ဆုံးမ၍ ဘီလူးကို သန်လျက်ထမ်းကာ နောက်လိုက် ပြုစေပြီးလျှင် ဗာရာဏသီမြို့တော်သို့ လာလေ၏။

**မိဘကျေးဇူး စည်းစိမ်ထူး** မင်းကြီးလည်း သုတနု လုလင်သည် ဘီလူးကိုခေါ်၍လာသည်ဟု ကြားလျှင် ဝမ်းမြောက်တော် မူလှ၍ အမတ်အပေါင်းခြံရံလျက် ခရီးဦးကြိုဆိုတော်မူ၏၊ ဘီလူးကိုလည်း မြို့တံခါး၌ နေစေပြီးလျှင် နေ့တိုင်းထမင်းဦး ဟင်းဦးတို့ကို ဆက်သ၍ ပူဇော်ကြရန် တမြို့လုံးစည်လည်စေ၏၊ သုတနု လုလင်အားလည်း ဂုဏ်ကျေးဇူးကို ပြောဆိုချီးကျူးကာ စစ်သူကြီးရာထူးကိုပေးလေ၏၊ မိမိကိုယ်တိုင်လည်း သုတနု ပညာရှိ၏ အဆုံးအမ၌တည်၍ ကုသိုလ် ကောင်းမှုတို့ကို ပြုလျက် သေသည့်အခြားမဲ့၌ နတ်ပြည်သို့လားလေ၏။

ဤဒေသနာတော်ကို ဆောင်၍ သစ္စာကို ပြသည်၏ အဆုံး၌ အမိကိုလုပ်ကျွေးသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော၀တ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ မာဃဒေဝ ဘီလူးသည်– ယခုအခါ အင်္ဂုလိမာလ၊

※ ဗာရာဏသီမင်းကြီးသည်–အာနန္ဒာ၊

※ သုတနုလုလင်သည်–ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကျေးဌားကြီးလှ၊ မိနှင့်ဘ၊ နိစ္စလုပ်ကျွေးရာ။

(၂) သူတော်အားလုံး၊ လုပ်ကျွေးထုံး၊ လက်သုံးမေ့တာ။

(၃) ဘေးရန်ကင်းရှိုး၊ ဩဇိန်ပိုး၊ ကျော်ဟိုးဂုဏ်တောင်း။

သုတနုဇာတ် ပြီး၏။

---

## ၃၉၉–ဂိဇ္ဈဇာတ်

ပစ္စုပ္ပန်ဝတ္ထု

မိဘကျွေး၊ ငွေး၊ ရဟန်း၊ ကလေး၊

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အမိကို လုပ်ကျွေးသော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

ကျော့ကွင်း၊ မိရေ၊ သောကဆွေး၊

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရား အလောင်းသည် လင်းတမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်လတ်သော် မျက်မမြင် အမိအဘ

အိုတို့ကို တောင်ဂူတခု၌ ထား၍ နွားသား စသည်တို့ကို ရှာဖွေလျက် လုပ်ကျွေး၏။

ထိုအခါ မူဆိုးတယောက်သည် သုသာန်ဝယ် လင်းတတို့ကျရာအရပ်၌ ကျော့ကွင်းတို့ကိုထောင်၍ထား၏၊ တနေ့သ၌ လင်းတမင်းသည် အစာရှာဖွေရန် သုသာန်သို့ ဝင်လတ်သော် ကျော့ကွင်း၌မိလေ၏၊ ထိုအခါ လင်းတမင်းသည် မိမိသေရမည်ကို အရေးမကြီးဘဲ မျက်မမြင် မိဘအိုတို့ ကိုးကွယ်ရာမဲ့ သေကြရမည်ကို အရေးတကြီး စိုးရိမ်လှသဖြင့်–

"အို-မိခင်ဘခင်တို့⋯⋯ အကျွန်ုပ်ကား ကျော့ကွင်း၌မိခဲ့၏၊ အကျွန်ုပ်သည် နိလီယမူဆိုး၏ အလိုသို့လိုက်ရ၏၊ အိုမင်းသဖြင့် တောင်လိုဏ်ဂူတွင် နေရစ်ကြသော မျက်မမြင် မိဘတို့သည် အသို့ပြုကြမည်နည်း"–

ဟု မိဘအိုတို့အကျိုးငှါ ငိုကြွေးမြည်တမ်းလေ၏။

**လင်းတငိုကြွေး မူဆိုးမေး**

ထိုအခါ မူဆိုးသည် လင်းတမင်း ငိုသံကိုကြားလျှင်–

"အို-လင်းတမင်း⋯⋯ သင်သည် အဘယ်သို့ ငိုကြွေးသနည်း၊ သင်၏ငိုကြွေးခြင်းကား အဘယ်ပါနည်း၊ လူတို့ဘာသာစကားကို ပြောဆိုတတ်သော လင်းတငှက်ကို ငါသည်ဘယ်အခါမျှ မမြင်ဘူးပါ၊ ကြားလည်း မကြားဘူးပါ"–

ဟု လင်းတမင်းနှင့် ပဋိသန္ဓာရစကား ပြောဆိုလေ၏၊ ထိုနောင်မှ လင်းတမင်းသည်–

"အို-မှုဆိုး....ငါသည် အိုမင်းသဖြင့် တောင်လိုက်ဂူ၌ နေရစ်ကြသော မျက်မမြင်မိဘတို့ကို လုပ်ကျွေး၍ နေပါ၏၊ သင်မှုဆိုး၏ အလိုသို့ လိုက်ရသည်ရှိသော် မျက်မမြင်မိဘအိုတို့သည် အဘယ်သို့ပြုကြမည်နည်း"–

ဟု မုဆိုးအား မိမိအကြောင်းနှင့် မျက်မမြင်မိအိုဘအိုတို့အကြောင်းကို ပြောကြားလေ၏။

အသက်ကုန်ဘိ ဘေးမသိ

မုဆိုးသည် လင်းတမင်း စကားကိုကြားလျှင်–

"အို-လင်းတမင်း...လင်းတတို့မည်သည် ယူဇနာတရာကိုလွန်၍ တည်ရှိသော အကောင်ပုတ်ကို မြင်နိုင်၏ဟု လူတို့ပြောဆိုကြ၏၊ သို့ပါလျက် သင်သည် ကွန်ကျော့ကွင်းတို့ကို အနီးသို့ ရောက်စေပါလျက် အဘယ်ကြောင့် မမြင်ပါသနည်း"–

ဟု မေးပြန်၏၊ ထိုအခါ လင်းတမင်းသည်–

"အို-မှုဆိုး..သင်ပြောသောစကားသည်မှန်ပါ၏၊ အသက်ကုန်၍ ပျက်စီးခြင်းသို့ ရောက်လိုသောသူသည် ကွန်ကျော့ကွင်းတို့ကို အနီးသို့ ရောက်နေပါလျက်လည်း မမြင်နိုင်ပါ"–

ဟု အကြောင်းပြကာ ပြောဆိုပြန်၏။

မုဆိုး၊စိတ်ညွတ် ကျော့ကွင်း၊လွတ်

မုဆိုးသည် လင်းတမင်း တရားစကားကို ကြားနာရသဖြင့် ဉာဏ်ပညာရှိသော လင်းတမင်းကား ငိုကြွေး သော်လည်း

မိမိအတွက်မငိုကြွေး၊ မျက်မမြင်မိဘတို့အတွက်သာငိုကြွေး ပေ၏၊ ဤလင်းတမင်းကို သတ်ရန်မသင့်ဟု ကြံလျက်အလွန် ကြည်ညိုနှစ်သက်လှ၍—

"အို-လင်းတမင်း····သင်သည် အိုမင်းသဖြင့် တောင်လိုဏ်ဂူ၌ နေရစ်ကြသော မျက်မမြင် မိဘ အိုတို့အား လုပ်ကျွေးမွေးမြူပါလော့၊ အကျွန်ုပ် သည် သင့်ကိုအခွင့်ပြုပါ၏၊ ဆွေမျိုးတို့ကို ချမ်းချမ်း သာသာ တွေ့မြင်ကြည့်ရှုပါလော့"—

ဟု ပြောဆိုခွင့်ပြုလျက် ချစ်ခင်နူးညံ့သော စိတ်ဖြင့် အသာအယာ ကျော့ကွင်းကိုဖြေ၏။

**ချီးကျူးထုတ်ဖော်သာဓုခေါ်**

သေမင်း ခံတွင်းမှ လွတ်မြောက်သဖြင့် ချမ်းသာရာရရှိသောလင်းတမင်းသည်-

"အို-မုဆိုး·· အကျွန်ုပ်သည် ဝမ်းမြောက်သကဲ့ သို့ သင်သည်လည်း ဆွေမျိုး ဉာတိ အလုံးစုံတို့နှင့် တကွ ဝမ်းမြောက်ပါလေ၊အကျွန်ုပ်လည်း အိုမင်း သဖြင့် တောင်လိုဏ်ဂူ၌ နေရစ်ကြသော မျက်မ မြင်မိဘတို့အား လုပ်ကျွေးမွေးမြူပါအံ့"—

ဟု မုဆိုးအား သာဓုအနုမောဒနာပြုပြီးလျှင် မိဘအို တို့အတွက် အသားတို့ကို ယူဆောင်၍ လုပ်ကျွေး မွေးမြူ လေ၏။

ဤဒေသနာတော်ကို ဆောင်၍ သစ္စာကို ပြသည်၏ အဆုံး၌ အမိကို လုပ်ကျွေးသောရဟန်းသည် သောတာ ပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ မှုဆိုးသည်-ယခုအခါ ဆန္နထေရ်၊

※ အမိအဘတို့သည်-မြတ်သောမင်းမျိုး၊

※ လင်းတမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကျေးဇူးကြီးလှ၊ မိနှင့်ဘ၊ နိစ္စလုပ်ကျွေးရာ။

(၂) ပျက်စီးဆိုင်းတန့်၊ သေခိုင်းတန်၊ ဘေးရန်မဖြစ်ပါ။

(၃) ယူငနာရာမြင်၊ လင်းတပင်၊ မမြင်ကျော့ကွင်းမှာ။

ဂိဇ္ဈဇာတ် ပြီး၏။

---

## ၄၀၀-ဒဗ္ဘပုပ္ဖဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

သက်နံ့ခွဲဝေ ဥပနံ့ထေရ် — နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာကီဝင် မင်းမျိုးဖြစ်သော ဥပနန္ဒမထေရ်သည် အလိုနည်းခြင်း အပြိစ္ဆတာစသော အရိယဝံသပဋိပတ်ကို ကျင့်ကြံ အားထုတ်ရမည်ဖြစ်သော သာသနာတော်၌ ရဟန်းပြုပါလျက် အလိုရမ္မက်ကြီး၏၊ ပစ္စည်းလေးပါး ပေါများအောင် နည်းပရိယာယ်အမျိုးမျိုးဖြင့် ရှာဖွေစုဆောင်းလေ့ရှိ၏။

ထိုဥပနန္ဒမထေရ်သည် ပဝါရဏာပြု၍ ပြီးလတ်သော် ရရသမျှသော သင်္ကန်းသပိတ်စသော ပရိက္ခရာပစ္စည်းတို့ကို ယာဉ်ဖြင့်တင်ဆောင်၍သွားရာ ခရီးအကြားတွင်သွားရင်း ခြေဦးနွယ်ငြိသဖြင့် နိမိတ်ကောင်းလှသည် ဤကျောင်းသို့ ဝင်လျှင် မုချလာဘ်ရမည်ဟု နှလုံးသွင်းလျက် အနီးရှိ ကျောင်းသို့ဝင်၏၊ ထိုကျောင်းတွင်လည်း ရဟန်းကြီးနှစ်ပါးတို့သည် ရုန့်ရင်းသော သင်္ကန်းလျှာနှစ်ထည်နှင့် သိမ်မွေ့သော ကမ္ဗလာတထည်ကို မဝေခွဲတတ်ဘဲရှိရာ ဥပနန္ဒမထေရ် လာခိုက်ကြုံသဖြင့် အညီအမျှခွဲဝေပေးရန်တောင်းပန်ကြကုန်၏။

**ကောင်းတာခွဲမှု ဆရာယူ**

ထိုအခါ ဥပနန္ဒမထေရ်သည် ရုန့်ရင်းသော သင်္ကန်းလျှာနှစ်ထည်ကို ရဟန်းကြီးတို့အား တထည်စီခွဲဝေပေးပြီးလျှင် ဤသိမ်မွေ့သော ကမ္ဗလာ တထည်ကား ခွဲဝေပေးသော ဝိနည်းမိုရ်တရားသူကြီးနှင့်သာ ထိုက်သည်ဆို၍ ကမ္ဗလာကို ယူကာ ဘဲသွားလေ၏၊ရဟန်းကြီးနှစ်ပါးတို့လည်း မကြေမနပ်ဖြစ်လျက် ကမ္ဗလာ၌ တပ်စွန်းသောစိတ် ရှိကြသဖြင့် ဇေတဝန်ကျောင်းတော်သို့ ရောက်အောင်လိုက်၍ ဥပနန္ဒမထေရ်သည် ကမ္ဗလာကို လုယက်၍ ယူသွားကြောင်း လျှောက်ထားကြကုန်၏။

ရဟန်းတို့သည် တရားသဘင်ဝယ် စကားစပ်မိ၍ ဥပနန္ဒမထေရ်အကြောင်း ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူလျှင် ထိုအကြောင်းကို သိတော်မူ၍ "ရဟန်းတို့ .... ဥပနန္ဒမထေရ်သည် ယခုအခါ၌သာ

လောဘကြီး၍လုယက်တတ်သည်မဟုတ်၊ရှေးအခါ၌လည်း လောဘကြီး၍ လုယက်ဘူးပြီဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

မြေခွေးမအတွက် ရှာဖွေထွက် လွန်လေပြီးသောအခါဗာရာဏသီပြည် ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ရုက္ခစိုးနတ်ဖြစ် လေ၏၊ ထိုအခါ မြေခွေးတကောင်သည် မာယာဝီမည် သော မယားမြေခွေးမနှင့်အတူ မြစ်ကမ်းနားဝယ်နေ၏။

တနေ့သ၌ မာယာဝီမည်သော မြေခွေးမသည် မြေခွေး ဖိုအား''အရှင်....အကျွန်ုပ်သည် ငါးကြင်းသားစိုကို စား လိုသောချင်ခြင်းဖြစ်ပါသည်၊ရှာပေးပါ''ဟု ပူဆာလေ၏၊ မြေခွေးဖိုသည် ''ရှင်မ.... စိတ်သာချပေတော့၊ ရအောင် ရှာပေးမည်'' ဟု ပြောဆို၍ မြစ်ကမ်း၌ လှည့်လည်လတ် သော် ခြေ၌နွယ်ငြိသဖြင့် ငါ့မှာ နိမိတ်ကောင်းလှသည်၊ မုချလာဘ်ကြီးရလိမ့်မည်ဟု နှလုံးသွင်းလျက် သွားလေ၏။

ငါးကြင်း၊ပမ်း၊ဆောင် ဖျံနှစ်ကောင် ထိုခဏ၌ ဖျံနှစ်ကောင်တို့သည် တိုင်ပင် ညီညွတ်လျက် တကောင်ကားမြစ်ကမ်း နားတွင်ငါးတို့ကိုရှာ၍ တကောင်ကား ရေနက်တွင် ငါးတို့ကိုရှာ၏၊ ထိုဖျံနှစ်ကောင်တို့တွင် ရေ နက်တွင်ရှာသောဖျံသည် ငါးကြင်းကြီးကိုမြင်လျှင် အတင်း လိုက်၍ အမြီးကို ကိုက်၏၊ အားကြီးသောငါးသည် လျင် စွာသွားလေ၏၊ ထိုအခါ ငါးကြင်းကြီးကို မလွှတ်ဘဲ အတင်းကိုက်ကာ မိမိတကောင်တည်း မဆွဲနိုင်သဖြင့်—

"အဆွေ….သင်အား ကောင်းခြင်း မင်္ဂလာ ဖြစ်ပါစေ၊ ငါ့မှာ ငါးကြင်းကြီးတကောင်ကို မိ၍ အမြီးကို ကိုက်ထားရာ ငါးကြီးသည် လျင်စွာ ငါ့ကို ဆွဲသွားပါ၏၊ အဆွေကူညီ၍ ငါ့အမြီးကို ဆွဲပါ"–

ဟု ကမ်းနားတွင် ငါးရှာသော ဖျံအားပြော၍ ခေါ်လေ၏၊ ထိုဖျံလည်း ခေါ်သံကိုကြားလျှင် လျင်စွာလာ၍–

"အဆွေ….သင်အား ကောင်းခြင်း မင်္ဂလာ ဖြစ်ပါစေ၊ သင်မိသော ငါးကြင်းကြီးကို မြဲမြဲကိုက် ထားပါ၊ ဂဠုန်သည် နဂါးကိုသုတ်ယူသကဲ့သို့ သင့်ကို ငါဆွဲယူပါမည်"–

ဟု ပြောဆိုကာ ရေနက်တွင် ငါးရှာသောဖျံ၏အမြီးကို ကိုက်၍ ကူညီလေ၏၊ ထိုအခါ ဖျံနှစ်ကောင်တို့သည် အတူတကွ ဆွဲငင်ပြီးလျှင် ငါးကြင်းကြီးကိုသတ်၍ ကမ်းနားတွင် ချကာ-"သင်ဝေလော့၊သင်ဝေလော့၊အမြီးပိုင်းရသင့်သည်၊ ခေါင်းပိုင်းရသင့်သည်"ဟု အဝေမညီဘဲ ငြင်းခုံ၍ နေကြကုန်၏။

**ငါးကြင်းဝေစု ငြင်းခုံပြု**

ထိုအခါ မြေခွေးသည် ငြင်းခုံရာ အရပ်သို့ ရောက်သည် ရှိသော် ဖျံတို့သည် မြင်၍ ခရီးဦး ကြိုဆိုပြီးလျှင် "အဆွေ မြေခွေး….အကျွန်ုပ်တို့ အတူတကွ ရှာဖွေကြရာ ဤငါးကြင်းကြီးကို ရကြ၏၊ အဝေမတဲ့ဘဲ ငြင်းခုံ၍ နေကြ၏၊ ညီမျှအောင် ဝေပေးပါ"ဟု ပြောဆိုကာ ဝေပေးရန် အပ်နှင်းလိုသည်ဖြစ်၍–

"သမန်းမြက်ပွင့် အဆင်းရှိသော အဆွေ မြွေငွေး.... ကျွန်ုပ်တို့ စကားကို နားထောင်ပါ၊ အကျွန်ုပ်တို့အား ငြင်းခုံ၍နေကြကုန်၏၊ ထိုငြင်းခုံခြင်းကို ငြိမ်းအေးစေပါလော"–

ဟု တရားဆုံးဖြတ်ရန် တောင်းပန်ကြကုန်၏။

အကောင်းဆုံးမှု မြေခွေးယူ

ထိုအခါ မြေခွေးလည်း ငါးကြင်းစိုရဘို့ အကြောင်း ပေါ်လာပြီ ဟု ဝမ်းမြောက်လှသဖြင့်–

"အဆွေဖျံတို့....ငါကား ရှေးအခါ တရားဆုံးဖြတ်သော အမတ်ကြီးဖြစ်ခဲ့ဘူးပြီ၊ တရားများစွာကို ဆုံးဖြတ်ခဲ့ဘူးပြီ၊ငြင်းခုံခြင်းများစွာကို ငြိမ်းအေးစေခဲ့ဘူးပြီ၊ သင်တို့၏ ငြင်းခုံခြင်းသည် ငြိမ်းစေသတည်း"–

ဟု မိမိ အစွမ်းသတ္တိကို ပြောဆိုပြသပြီးလျှင် ငါးကြင်းကြီးကို သုံးပိုင်း ကိုက်ဖြတ်၍–

"အဆွေဖျံတို့.... သင်တို့ နှစ်ကောင်တွင် သင်ကားကမ်းနားတွင် ရှာဖွေသောဖျံဖြစ်၍ အမြီးပိုင်းကိုယူလေ၊ သင်ကား ရေနက်တွင်ရှာဖွေသော ဖျံဖြစ်၍ ခေါင်းပိုင်းကို ယူလေ၊ အလယ်ပိုင်းကား တရားသူကြီးအဘို့ဖြစ်၏"–

ဟု ပြောဆို၍ ခွဲဝေပေးကာ "သင်တို့နှစ်ကောင်သည် ငြင်းခုံခြင်းကို မပြုကြလင့်၊ တကောင်က အမြီးပိုင်း ကကောင်ကခေါင်းပိုင်းကို စားရစ်ကြလော့"ဟု ပြောဆိုပြီးလျှင် အလယ်ပိုင်းကို ချီ၍ပြေးလေ၏။

**ချင်းချင်းငြင်းခုံ ဆုတ်ယုတ်ပုံ**

ထိုအခါ ဖျံနှစ်ကောင်တို့သည် အသပြာ တထောင် ဆုံးရှုံးသော ယောကျ်ား ကဲ့သို့ မျက်နှာမသာ ဖြစ်ကုန်လျက်—

"အဆွေ.... ငါတို့နှစ်ကောင်သည် အကယ်၍ မငြင်းခုံကြပါမူ ငါးကြင်းကြီးမှာ နှစ်ရက်သုံးရက် စားရပေရာ၏၊ ယခုတော့ ငြင်းခုံကြသည့်အတွက် အမြီးနှင့် ခေါင်းမှတပါး အကောင်းဆုံး အလယ် ပိုင်းကြီးကို မြေခွေးယူ၍သွားချေပြီ"—

ဟု ယူကျုံးမရ၊ တမ်းတပူဆွေး၍ နေကြရကုန်၏၊ မြေခွေးလည်း ယနေ့ ငါ့မယားအား ငါးကြင်းသားကို စားစေမည်ဟု ဝမ်းသာအားရ မြေခွေးမထံ သွားလေ၏။

**ငါးကြင်းရရေး မြေခွေးမမေး**

မြေခွေးမလည်း ပြန်လာသော မြေခွေး ဖိုကိုမြင်လျှင် ဝမ်းမြောက်လှသဖြင့်—

"အရှင်.... မင်းသည် မင်းအဖြစ်ကိုရ၍ နှစ်သက်ဝမ်းမြောက်သကဲ့သို့! ထို့အတူ အကျွန်ုပ်လည်း ယနေ့ခံတွင်းပြည့်မျှ ငါးကြင်းသားကို ကိုက်ချီလာသော လင်ကိုမြင်ရ၍ နှစ်သက် ဝမ်းမြောက်လှပါ၏"—

ဟု လင်မြေခွေးဖိုအား ချီးကျူးနှုတ်ဆက်ကာ တဖန်-

"အရှင်.... အရှင်ကား ကြည်းကုန်း၌ ကျက်စားသူ ဖြစ်လျက် ရေ၌ ကျက်စားသော ငါးကို အဘယ်သို့ရခဲ့သနည်း၊ အကျွန်ုပ်မေးသည်ကို ပြောကြားပါ"—

ဟု ငါးကြင်းသားစိုကို ရခဲ့ခြင်း အကြောင်းရင်းကို မေးမြန်းပြန်၏။

ငြင်းခုံသူများ အရှုံးများ

ထိုအခါ မြေခွေးမိုသည် မိမိရခဲ့သော ငါးကြင်းသား အကြောင်းစုံကို ပြောကြားလို၍—

''ဒို- မာယာဝီ···· ငြင်းခုံခြင်းကြောင့် မိန်းချုံး၏၊ငြင်းခုံခြင်းကြောင့် ဥစ္စာကုန်ခန်း၏၊ဖျံနှစ်ကောင်တို့ ငြင်းခုံနေစဉ် အမြီးပိုင်းနှင့် ခေါင်းပိုင်းကို တကောင်စီဝေပေးခဲ့၍ အလယ်ပိုင်းကို ငါတရားသူကြီးအဘို့ ဆိုပြီး ယူလာခဲ့၏၊ စားပါလော့''—

ဟု မြေခွေးမအား ငါးကြင်းသားစို အလယ်ပိုင်းကို ရခဲ့ခြင်းအကြောင်းကို ပြောကြားပြီးလျှင် စားရန် ပေးလေ၏၊ မြေခွေးမလည်း ငါးကြင်းသားစိုကို စားရသဖြင့် ချင်ခြင်းငြိမ်းအေးလေ၏။

မြတ်စွာ ဘုရားသည် ဘုရား ဖြစ်တော် မူသောအခါ—

''ရဟန်းတို့···· လောက၌ ငြင်းခုံခိုက်ရန်ဖြစ်လာလျှင် တရားသူကြီးယံသွားကြရကုန်၏၊ စင်စစ် ထိုတရားသူကြီးကား ငြင်းခုံခိုက်ရန်ဖြစ်ခြင်းကို ငြိမ်းအေးစေသောသူ ဆုံးဖြတ်သောသူဖြစ်၏၊ ငြင်းခုံ ခိုက်ရန်ပြုသောသူတို့သည် တရားသူကြီးထံ၌ ဥစ္စာကုန်ဆုံးကြကုန်၏၊ မင်း၏ဘဏ္ဍာတိုက်မူကား ဥစ္စာတိုးပွား၏''—

ဟု ဟောကြားဆုံးမတော်မူ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မြေခွေးသည်-ယခုအခါ ဥပနန္ဒမထေရ်။

※ ဖျံနှစ်ကောင်သည်-ရဟန်းကြီးနှစ်ပါး။

※ အကြောင်းကို မျက်မြင်သိသော ရုက္ခစိုးနတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ဝမ်းမြောက်ဝမ်းသာ၊ ညီညွတ်ရာ၊ ဥစ္စာလွန်တိုးတက်။

(၂) ခိုက်ရန်ငြင်းခုံ၊ ကိုယ်ပိန်ကြုံ၊ လုံးစုံဥစ္စာပျက်။

(၃) တရားဆင်ပြန်၊ ပျက်ကိုယ့်ထံ၊ မင်းထံဥစ္စာတက်။

ဒဗ္ဘပုပ္ဖဇာတ် ပြီး၏။

ပဥ္စမတွဲ ပြီး၏။